
ချက်ကော့ ဝတ္ထုတိုများ
ကျော်အောင်
THE GREATEST SHORT STORIES OF
ANTON CHEKHOV
WHISPER OF WORDS

ကျော်အောင်

ချက်ကော့ ဝတ္ထုတိုများ

Stories by

A.P. Chekhov

“.... ချက်ကော့ ဖော်ပြသည့် အဖြစ်အပျက်တို့မှာ ဒိဋ္ဌဓမ္မလောကနှင့် အလွန့်အလွန် နီးစပ်သည်။ သရုပ်ပေါ်သည်။ သူ့စာကို ဖတ်ရလျှင် ယုံကြည်စိတ်ချရသော၊ သစ္စာရှိသော သတင်းထောက် တယောက်၏ သတင်းကို ဖတ်နေရသကဲ့သို့ ရှင်းရှင်းလင်းလင်း မြင်နိုင်သည်။"

[ဝေဖန်ရေးဆရာများ]

".... ဇာတ်ဆောင်၏ ဒိဋ္ဌဓမ္မ သဘာဝကို ကွက်ကွက်ကွင်းကွင်း မြင်သာအောင် ရေးဖွဲ့တင်ပြခြင်းမှာ ချက်ကော့၏ ဝတ္ထုတို အတတ်ပညာ ဖြစ်လေသည်။"

[ကျော်အောင်]

About Us

ကျွန်တော်တို့အဖွဲ့သည် မြန်မာနိုင်ငံအတွင်းက e-Books Reader အသုံးပြုသူများနှင့် Digital Devices တွေမှာ စာဖတ်သူများ အတွက် မြန်မာစာအုပ်များကို ဖတ်ရှုနိုင်စေရန် ကူညီပေးဖို့ ရည်ရွယ် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။ တိုးတက်လာသော နည်းပညာများအရ e-books Reader အသုံးပြုသူများလည်း များပြားလာပြီ ဖြစ်သော်လည်း နိုင်ငံတွင်းမှတော့ e-books Reader အသုံးပြုသူများ အတွက် မြန်မာစာအုပ် ဖတ်ရှုနိုင်ရန် အလွန် ခက်ခဲလျက်ရှိသည်။ ထို့ပြင်လက်ရှိမှာလည်း မြန်မာစာအုပ်များကို Digital နည်းဖြင့် ဖြန့်ဝေမှု လုံးဝမရှိသလောက် ဖြစ်သည်။ ထိုအခက်ခဲများကို ကျနော်တို့ တတ်နိုင်သည့် ဘက်မှ ကူညီပေးနိုင်ရန် ရည်ရွယ်ပြီး ပြုလုပ်ထားခြင်း ဖြစ်ပါသည်။

မူပိုင်ခွင့်ချိုးဖေါက်ပြီး ကိုယ်ကျိုးအတွက် လုံး၀(လုံး၀)အသုံးမပြုပါ။

အကယ်၍ ဤစာအုပ်အတွက် အဖိုးအခ တစ်စုံတစ်ရာ ပေးခဲ့ပြီး ရခဲ့သည် ရှိသော် ဂျင်းထည့်ခံရပြီ မှတ်ပါ။

WHISPER of WORDS

Subscribe Telegram Channel

https://t.me/TheBookR

ကျော်အောင် [၁၉၂၇-၂၀၀၀]

ပခုက္ကူမြို့ ပေါင်းလောင်းရှင်ရပ် အဖ ဦးကြင်မောင်၊ အမိ ဒေါ်တင်မြင့်တို့က ၁၉၂၇ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်နေ့တွင် မွေးဖွားသည်။ ငယ်မည်မှာ အောင်ကြည်၊ အမည်ရင်း ဦးကျော်အောင် ဖြစ်သည်။

ငါးနှစ်အရွယ်မှ ရှစ်တန်းအောင်သည်အထိ ပခုက္ကူမြို့ ဝက်စလီကျောင်းတွင် ပညာ သင်ကြားသည်။ ရှစ်တန်းအောင်သည့်နှစ်တွင် စစ်ဖြစ်သည်။ ၁၉၄၆ တွင် တက္ကသိုလ်ဝင် စာမေးပွဲ အောင်မြင်ပြီး ဆေးတက္ကသိုလ်သို့ တက်ရောက်သည်။ သို့သော် နောက်ပိုင်းတွင် ဝိဇ္ဇာပညာရပ်သို့ ပြောင်းလဲ သင်ကြားသည်။ ၁၉၅၄ တွင် ရန်ကုန်တက္ကသိုလ်က ဝိဇ္ဇာဘွဲ့ ရရှိသည်။

၁၉၄၄ ခုတွင် ဗမာ့တပ်မတော်သို့ ဝင်သည်။ ပဉ္စမပတ် ဗိုလ်သင်တန်း တက်သည်။ ၁၉၄၅ ခု ဖက်ဆစ်တော်လှန်ရေးတွင် တိုင်း (၁) ၁၀၃ တပ်ရင်း၌ ပါဝင် တိုက်ခိုက်ခဲ့သည်။ ပခုက္ကူခရိုင် ပြည်သူ့ရဲဘော်အဖွဲ့ အတွင်းရေးမှူး (၁၉၄၆)၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ အမှုဆောင် (၁၉၄၇-၄၉)၊ စာပေသစ်မဂ္ဂဇင်း အယ်ဒီတာ အဖွဲ့ဝင် (၁၉၅၀)၊ မြန်မာ- ဆိုဗီယက် ယဉ်ကျေးမှုအသင်း၏ အတွင်းရေးမှူး (၁၉၅၂-၅၃)၊ တက္ကသိုလ် ဘာသာပြန်ဌာန (၁၉၅၅- ၅၆)၊ သမိုင်းကော်မရှင် (၁၉၅၆-၅၇)၊ တက္ကသိုလ် ဘာသာပြန်နှင့် စာအုပ် ထုတ်ဝေရေးဌာန (၁၉၅၇-၈၇) တို့တွင် တာဝန် ထမ်းဆောင်ခဲ့သည်။ မြန်မာစာအဖွဲ့ အဖွဲ့ဝင်၊ ပခုက္ကူ ဦးအုံးဖေ စာပေဆု ရွေးချယ်ရေးအဖွဲ့ဝင်၊ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေး ကော်မတီဝင်၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ (၂၂၊ ၆၊ ၉၈ မှ ၁၃၊ ၂၊ ၂၀၀၀ ထိ) ဆောင်ရွက်ခဲ့သည်။ ၁၉၄၇ တွင် ပြည်သူ့ရဲဘော်ဂျာနယ်၌ စာ စတင်ရေးသည်။ ပင်ကိုရေး ဝတ္ထုများတွင် နိဗ္ဗာန်ဘုံ ပျောက်ဆုံးခြင်း၊ အနီထဲက ကြယ်ဖြူပွင့်နှင့် သမဂ္ဂ အလံတော်အောက်ဝယ်တို့သည် လည်းကောင်း၊ ဘာသာပြန်ဝတ္ထုများတွင် ကူလီ၊ မြစ်ကမ်းပေါ်က စက်ရုံကလေး၊ အမှောင်ခေတ်က ချစ်သူများ၊ နှလုံးလှဆရာဝန်၊ ချုံကင်း၊ မာကိုပိုလို၊ အကောင်းမြင်သမားတို့သည်လည်းကောင်း၊ ခရီးသွားမှတ်တမ်းအဖြစ် ခေါးလွတ်ကိုင် ဆာမူရိုင်း၏ ကိုကာကိုလာ ယဉ်ကျေးမှုနှင့် ဟောင်ကောင်နွေဦးညများသည် လည်းကောင်း၊ ကျမ်းစာအုပ်များတွင် မတ်ဝါဒလမ်းညွှန်၊ လူ့သမိုင်း၊ ကမ္ဘာ့ဂန္ထဝင် တဆယ်နှင့် ကမ္ဘာကျော်စာအုပ် ၁၀၀ (ညွန့်ကြူး၊ မင်းကျော်တို့နှင့် ပူးတွဲရေး) တို့သည် လည်းကောင်း ထင်ရှားသည်။ တောရိုင်းမြေ [၁၉၆၇ အမျိုးသားစာပေဆု (ဘာသာပြန်)]၊ အရေးကြီးပြီ သွေးစည်းကြစို့ [၁၉၇၁ အမျိုးသား စာပေဆု (ဝတ္ထုရှည်)]၊ အို ဂျေရုဆလင် [၁၉၉၅ အမျိုးသားစာပေဆု (ဘာသာပြန်၊ သုတ)]၊

နေဝင်ဘုရင်များ [၁၉၉၈ အမျိုးသား စာပေဆု (ဘာသာပြန်၊ သုတ)] ရရှိခဲ့သည်။ ၁၉၈၆ တွင် နိုင်ငံဂုဏ်ရည် ဒုတိယအဆင့်၊ ၁၉၉၉ ခုနှစ် စက်တင်ဘာ ၂၄ ရက်တွင် အရှေ့တောင်အာရှ စာပေဆု (S. E. A Writers Award) ချီးမြှင့်ခံရသည်။

၂၀၀၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၃ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

■

မာတိကာ

- အင်တွန် ပါဗလိုဗစ် ချက်ကော့ (၁၈၆၀-၁၉၀၄)

၁။ ရှွေပင်လယ် ဆီးသည်သို့

Miss N.N.'s Story

၂။ ယိမ်းသမလေး

The Chorus Girl

၃။ ဆရာဝန်

The Doctor

၄။ စာရေးတော်ကြီးတယောက် သေဆုံးခြင်း

The Death of a Clerk

၅။ လူ့ငနွားမလေး

A Nincompoop

၆။ ထိုအနမ်း

The Kiss

၇။ ဆွေမျိုးစု ညီလာခံ

A Family Council

၈။ တောမြိုင်စွန်းက လွမ်းအောင်ဖန်

The House with the Mansard-An Artist's Story

၉။ မှော်ရုံ ဟောဝန် တောမြိုင်စွန်း

(The Lady With The Dog)

၁၀။ သတို့သမီး

The Bride

၁၁။ ကျေးတောသား

The Male Factor

၁၂။ ရာဇဝတ်ကောင် (မူကွဲ)

The Male Factor

၁၃။ ဥယျာဉ်မှူး၏ ပုံပြင်

Head Gardener's Tale

၁၄။ မဟာအမှား

A Blunder

၁၅။ လူသေအလောင်း

A Dead Body

၁၆။ တို့ ပျော်တယ်

Joy

၁၇။ သဘ္ဘာညောင်ဗွေ

After the Theater

၁၈။ အင်ညုတာ

Anyuta

၁၉။ ဗင်ကာ

Van Ka

၂၀။ စာတိုက်ဗိုလ်ရဲ့ပွဲ

At the Post Office

၂၁။ မုဆိုးကျော်

The Huntsman

၂၂။ ပန်းသီးလေးတွေ

The Little Apples

၂၃။ စာတိုပေစ

A Fragment

၂၄။ ချစ်ခွင့်ပန်လွှာ [မိန်းမပျိုလေးများအတွက် ပုံပြင်]

The Proposal

■

အင်တွန် ပါဗလိုဗစ်ချက်ကော့ (၁၈၆၀-၁၉၀၄)

Anton Pavlovich Chekhov [1860-1904]

အင်တွန် ပါဗလိုဗစ် ချက်ကော့ကို အာဇော့ပင်လယ်အော်ရှိ တာဂင်ရော့မြို့ကလေးတွင် ၁၈၆၀ ဇန်နဝါရီ ၁၇ ၌ မွေးသည်။ သူ၏ အဘိုးမှာ မြေကျွန်တယောက် ဖြစ်သည်။ သူနှင့် သူ့သား သုံးယောက်စလုံး မြေကျွန်ဘဝမှ လွတ်မြောက်ရန် ကျွန်ပိုင်ရှင်အား လျော်ကြေး ပေးရသည်။ မပြည့်စုံသဖြင့် ပိုက်ဆံစုကာ ရွေးယူရသည်။ သားသုံးယောက်အနက် တယောက်မှာ ပေဗယ် ဖြစ်သည်။ မြေကျွန်အဖြစ်မှ လွတ်မြောက်လျှင် ပေဗယ်သည် တာဂင်ရော့တွင် ကုန်စုံဆိုင်ကလေးတခု ဖွင့်လှစ်သည်။ သား ငါးယောက်၊ သမီး တယောက် ထွန်းကားသည်။ အင်တွန် ချက်ကော့သည် ပေဗယ်၏ တတိယသား ဖြစ်သည်။ ပေဗယ်သည် ဘာသာတရားကို အလွန် ရိုသေကိုင်းရှိုင်းသူ ဖြစ်သည်။ ချက်ကော့မှာ ငယ်စဉ်က ဘုရားကျောင်း မှန်မှန်တက်ရသည်။ ဘုရားကျောင်းတွင်

ဘုန်းကြီးများ၏လက်ကို နမ်းရသည်။ အိမ်ပြန်ရောက်လျှင် ဆာလံကျမ်းကို ကျက်ရသည်။ ရှစ်နှစ်အရွယ်တွင် အဖေ၏ ကုန်စုံဆိုင်၌ ကူညီ လုပ်ကိုင်ပေးရသည်။

ချက်ကော့ ဆယ့်ခြောက်နှစ်သား အရွယ်တွင် သူ့အဖေမှာ အကြွေး လည်ပင်း နစ်လာသည်။ ကြွေးမဆပ်နိုင်သဖြင့် ထောင်ကျမည် ကြောက်ကာ မော်စကိုမြို့သို့ ထွက်ပြေးသည်။ ချက်ကော့၏ အစ်ကိုနှစ်ယောက်ဖြစ်သည့် အလက်ဇန်းဒါးနှင့် နိကိုလတ်တို့မှာ မော်စကိုမြို့တွင် တက္ကသိုလ်ကျောင်း၌ တက်ရောက် သင်ကြားနေကြသည်။ အင်တွန်တယောက်သာ တာဂင်ရော့၌ ကျန်ရစ်ခဲ့ပြီး ဆက်လက် ပညာသင်ကြားသည်။ ပညာသင်စရိတ်၊ စားသောက်စရိတ်ကို ကိုယ့်ဘာသာကိုယ် ရှာကြံရသည်။ ကျောင်းတွင် စာညံ့သည့်ကျောင်းသားများကို စာသင်ပေးသဖြင့် စာသင်ခ ရသည်။ သုံးနှစ်ကြာလျှင် တက္ကသိုလ်ဝင်တန်း အောင်မြင်သည်။ ပညာသင်ဆု တလ နှစ်ဆယ့်ငါး ရူဗယ် ရသည်။ မော်စကိုမြို့သို့ သွားကာ မိဘများနှင့် အတူနေသည်။ ဆရာဝန်လုပ်ရန် ဆေးကျောင်းသို့ တက်သည်။

အင်တွန်ချက်ကော့မှာ အရုပ်အမောင်း ကောင်းသည်။ လူချောလူလှ တယောက် ဖြစ်သည်။ မိန်းမများက သူ့ကို ချစ်ခင်စွဲလမ်းကြသည်။ လူချောလူလှဟု နှစ်သက် မြတ်နိုးကြသည်။ သူ့မှာ အချစ်ဇာတ်လမ်းတွေ အများကြီး ရှိခဲ့သည်။ သို့သော် ယင်းတို့မှာ သူ့ဘဝတွင် အရေးကြီးသည့် မှတ်တိုင်များ မဟုတ်။ သူ့မိဘများမှာ ပြည့်တန်ဆာများ နေထိုင်သည့် လူဆင်းရဲ ရပ်ကွက်တွင် တိုက်အောက်ဆုံး မြေအောက်အထပ်၌ နေထိုင်သည်။ အင်တွန်က အိမ်သို့ သူငယ်ချင်းနှစ်ယောက် ခေါ်လာပြီး အတူနေစေသည်။ သူတို့နှစ်ယောက်က တလ ရူဗယ် လေးဆယ် ပေးသည်။ နောက်ထပ် ကျောင်းသားတယောက် လက်ခံသည်တွင် စုစုပေါင်း ရူဗယ် ခြောက်ဆယ် ဝင်ငွေရှိလာသည်။ အင်တွန်၏ ပညာသင်ဆုနှင့် ပေါင်းလျှင် တလ ရှစ်ဆယ့်ငါး ရူဗယ် ဝင်ငွေ ရှိသည်။ ယင်းငွေဖြင့် လူကိုးယောက် ထမင်းစားရသည်။

အင်တွန်ချက်ကော့သည် ပုံတိုပတ်စ အပြောကောင်းသူ ဖြစ်သည်။ သူငယ်ချင်းများက သူ့ပုံများကို နားထောင်ကာ အူတက်မတတ် ရယ်မောကြရသည်ဟု ဆိုသည်။ မိသားစု စားသောက်ရေးမှာ ဆင်းရဲသည်။ ပုံတိုပတ်စများ ရေးရလျှင် ဝင်ငွေရနိုင်သည်ဟု စိတ်ကူး ရလာပြီး ဝတ္ထုတပုဒ် ရေးကာ ပီတာစဗတ်မြို့တွင် တပတ် တကြိမ် ထုတ်ဝေသော စာစောင်တခုသို့ ပို့သည်။ ယင်းအတွက် စာတကြောင်း ငါးကိုပတ် စာမူခ ရသည်။ ထိုအခါမှစ၍ ထိုစာစောင်သို့ အပတ်တိုင်း ရေးသား ပေးပို့သည်။ ထိုအချိန်တွင် ပီတာစဗတ်မြို့မှ လေကင်အမည်ရှိ အယ်ဒီတာတယောက်နှင့် တွေ့ပြီး စာတိုပေစ ဂျာနယ်တွင် ချက်ကော့ ရေးခွင့်ရလာသည်။ ထို့နောက် ပီတာစဗတ်ဂေဇက်တွင် အပတ်စဉ်

ဝတ္ထုတိုများ ရေးသည်။ ဦးတည်ချက် လေးနက်သည့် ဝတ္ထုတိုများ ဖြစ်သည်။ သူ့ဝတ္ထုတိုများကို ကြိုက်သူ များလာသည်။ သူ့နာမည်သည်လည်း ထင်ရှား ကျော်ကြားစ ပြုလာသည်။ ၁၈၈၀ မှ ၁၈၈၅ အတွင်း ချက်ကော့သည် ဝတ္ထုတိုပေါင်း ၃၀၀ ကျော် ရေးသားခဲ့သည်။ စာ အလွန် ရေးနိုင်သည့် အချိန် ဖြစ်သည်။ တဖက်တွင်လည်း ဆေးကျောင်းတက်ရင်း ဆရာဝန်ဘွဲ့ကို ရအောင် ကြိုးစားသည်။ ၁၈၈၄ တွင် ဆရာဝန်ဘွဲ့ ရသည်။ ထိုအချိန်တွင် စာပေရေးသားခြင်းမှာ သူ၏ စိတ်ဝင်စားသည့် အချိန်ပြည့် အလုပ်တခု ဖြစ်လာသည်။ ၁၈၈၆ တွင် Motley Stories ကို ထုတ်ဝေရာ သူ၏ စာပေ ဂုဏ်သတင်းများ ကျော်ကြားလာသည်။ ၁၈၈၈ တွင် In The Twilight ဝတ္ထုတိုများအတွက် ပွတ်ရှကင်းဆုကို ချီးမြှင့်ခြင်း ခံရသည်။

ချက်ကော့သည် ဆရာဝန်လုပ်ရင်း ပြတ်တောင်း ပြတ်တောင်း ဆေးကုသည်။ ဆေးကုသရင်း လူမျိုးစုံနှင့် တွေ့ခွင့်ရသည်။ ဤသည်မှာ တန်ဖိုး မဖြတ်နိုင်သည့် အတွေ့အကြုံ ဖြစ်သည်။ လူ့သဘာဝကို အကောင်းဆုံး အခိုက်အတန့်တွင်လည်းကောင်း၊ အဆိုးဆုံး အခိုက်အတန့်တွင် လည်းကောင်း တွေ့မြင် သိနားလည်ခွင့် ရခဲ့သည်။ လူဆိုသည်မှာ နာဖျားမကျန်း ဖြစ်သည်။ ဝေဒနာ ခံစားရသည့်အခါ၊ ထိတ်လန့် ကြောက်ရွံ့လာသည့်အခါ ကျန်းမာလာစဉ်က စွပ်ထားသည့် မျက်နှာဖုံးတို့ ကွာကျလာတတ်သည်။ တကိုယ်ကောင်း ဆန်သော၊ ရက်စက် ကြမ်းကြုတ်သော၊ လောဘကြီးသော၊ သူရဲဘောနည်းသော လူ့စရိုက်ကို အရှိအတိုင်း ချက်ကော့ မြင်ခွင့်ရခဲ့သည်။ ထို့အတူ ကောင်းသည့် စရိုက်များဖြစ်သည့် ရဲရင့်ခြင်း၊ သတ္တိရှိခြင်း၊ ပေးကမ်းစွန့်ကြဲခြင်း၊ သနားကြင်နာတတ်ခြင်း၊ စိတ်ကောင်း စေတနာ ရှိခြင်းတို့ကိုလည်း ဆရာဝန်ဘဝဖြင့် မြင်ခွင့်၊ သိခွင့် ကြုံခဲ့ရသည်။ လူ့အပြစ် အနာအဆာကို သူ ခွင့်လွှတ်သည်။ လူ့သတ္တိကို သူ အံ့သြသည်။ လယ်သမားများ၊ စက်ရုံ အလုပ်သမားများ၊ စက်ရုံပိုင်ရှင်များ၊ ကုန်သည်များ၊ လူအများ၏ နေ့စဉ် လုပ်ငန်းဆောင်တာ ဘဝကို အမျိုးမျိုး ဒုက္ခပေးနေသော အရာရှိကြီးငယ်များ၊ မြေရှင်များ စသည့် လူ့အလွှာ အမျိုးမျိုးနှင့် ချက်ကော့ ဆက်ဆံရသည်။

မြေပိုင်ရှင်၊ လယ်ပိုင်ရှင်များ အသနား အကြင်နာမရှိ တာဝန်မဲ့စွာ စီမံခန့်ခွဲသဖြင့် သူတို့ လယ်မြေများ ပျက်စီးရပုံအကြောင်းကို ချက်ကော့သည် ပရိယာယ် ကင်းကင်း သရုပ်ပေါ်အောင် ဝတ္ထုရေးဖွဲ့တတ်သည်။ တနေ့ ဆယ့်နှစ်နာရီ အလုပ်လုပ်ရပြီး မဝတ်ရုံတမည် စားသောက်နေကြရသည့် စက်ရုံအလုပ်သမားများ၏ ကပ်ကျန်မွဲတေ ဖွတ်ဘိုးအေ ဘဝ၊ စက်ရုံပိုင်ရှင်တို့မှာမူ အမြတ်တွေ တိုးသည်ထက် တိုးကာ တိုက် တလုံးပြီး တလုံး ဝယ်ကြပုံ၊ ခြံ တခြံပြီး တခြံ ဝယ်ကြပုံတို့ကိုလည်း သူ ဝတ္ထုရေးဖွဲ့တတ်သည်။ ကုန်သည်လူတန်းစား ညစ်ပတ် စုတ်ပွဲပြီး လောဘကြီးပုံကိုလည်း သူ ဝတ္ထုရေးဖွဲ့သည်။ လယ်သမားတို့ ငတ်ပြတ်နေကြပုံ၊ အခကြေးငွေ အနည်းငယ်သာ ရပုံ၊ ထိုလယ်သမားတို့

အရက်၏ကျေးကျွန် ဖြစ်နေပုံ၊ အသိဉာဏ်ကင်းမဲ့ပုံ၊ ကြမ်းကြုတ်ပုံ၊ အပျင်းထူပုံတို့ကို ဖော်ပြသည့် ရုရှား လယ်သမားဘဝကိုလည်း ချက်ကော့ ရေးပြတတ်သည်။

ချက်ကော့ ဖော်ပြသည့် အဖြစ်အပျက်တို့မှာ ဒိဋ္ဌဓမ္မ လောကနှင့် အလွန့် အလွန် နီးစပ်သည်။ သရုပ်ပေါ်သည်။ သူ့စာကို ဖတ်ရလျှင် ယုံကြည်စိတ်ချရသော၊ သစ္စာရှိသော သတင်းထောက် တယောက်၏ သတင်းကို ဖတ်နေရသကဲ့သို့ ရှင်းရှင်းလင်းလင်း မြင်နိုင်သည်။

ချက်ကော့၏အမြင်သည် အံ့သြစရာ ကောင်းလောက်အောင် ဓမ္မဒိဋ္ဌာန် ကျသည်။ တဦးတယောက် ဝမ်းနည်း ပူဆွေးတာ၊ တစုံတယောက် ကြည်နူး ပျော်ရွှင်တာတွေထက် ကျော်ပြီး အများနှင့်ဆိုင်သည့် ဝမ်းနည်းစရာ၊ ပျော်ရွှင်စရာတို့ကို မြင်တတ်သည်။ ချက်ကော့သည် အရာရာကို သိသည်။ မြင်သည်။ မချစ်ဘဲနှင့် ကြင်နာတတ်သည့် သတ္တိ၊ မချစ်ဘဲနှင့် ပေးကမ်း စွန့်ကြဲနိုင်သည့်သတ္တိ သူ့မှာ ရှိသည်။ အတုံ့အလှည့်ကို မမျှော်ကိုးဘဲ တဖက်သားကို ကျေးဇူးပြုတတ်သည့် စိတ်ဓာတ် သူ့မှာ ရှိသည်ဟု ဝေဖန်ရေးဆရာတို့က ဆိုသည်။

ချက်ကော့၏ ယင်းစိတ်ထားကို ရုရှား စာရေးဆရာ များစွာက မကျေနပ်။ သူ့စိတ်ထားမှာ အရာရာကို မတုန်လှုပ်သည့် စိတ်ထားမျိုး ဖြစ်သည်။ ချစ်ခြင်း၊ မုန်းခြင်း၊ ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်း စသည်တို့ ကင်းသည့် စိတ်ထားမျိုး ဖြစ်သည်။ လောကဓံတရား ရှစ်ပါးကို ကြံ့ကြံ့ခံနိုင်သည့် စိတ်ထားမျိုး ဖြစ်သည်။ သို့ဖြစ်ရာ ရုရှား စာရေးဆရာများက သူ့ကို ပြင်းပြင်းထန်ထန် ဝေဖန်သည်။ စွဲချက်မှာ သူ့ခေတ်တွင် ဖြစ်ပေါ်နေသည့် အဖြစ်သနစ်များမှ လည်းကောင်း၊ လူမှုဒုက္ခတို့မှ လည်းကောင်း ချက်ကော့တယောက် လွတ်လွတ်ကင်းကင်း နေနိုင်သည်မှာ သိသာသည် ဟူ၍ပင် ဖြစ်သည်။ ချက်ကော့က သူ့သဘောထားကို ဤသို့ ပြန်ကြားသည်။ စာရေးဆရာ၏ကိစ္စမှာ အဖြစ်အပျက်များကို စီကာပတ်ကုံး တင်ပြရန် ဖြစ်သည်။ ဤ လူမှုဒုက္ခ အထွေထွေမှ လွတ်မြောက်အောင် မည်သို့ ဆောင်ရွက်ရမည် ဆိုသည်ကို စာဖတ်သူများက ဆုံးဖြတ်ကြလိမ့်မည်။ ကျဉ်းမြောင်းသည့် သီးခြားပြဿနာ များကို ဖြေရှင်းပေးရန် အနုပညာရှင်၌ တာဝန် မရှိဟု ချက်ကော့က ဆိုသည်။

ချက်ကော့သည် ၁၈၈၅ မှ ၁၈၈၇ အတွင်း ဝတ္ထုတိုနှင့် ရုပ်ပုံကြမ်း များစွာ ရေးခဲ့သည်။ ယင်းကာလမှာ စာရေးအသွက်ဆုံးကာလ ဖြစ်သည်။ စုစုပေါင်း သုံးရာကျော် ရှိသည်။ အကောင်းဆုံး လက်ရာများကို ၁၈၈၉ နှင့် ၁၈၉၈ အတွင်း ရေးခဲ့သည်။ တချိန်ကမူ သူ့ခေတ်က များစွာသော စာရေးဆရာများ နည်းတူ တော်လစတွိုင်း၏ စာပေဩဇာနှင့် မကင်း။ ယင်းမှာ ခေတ္တမျှသာ။ နောက်ပိုင်းတွင် တော်လစတွိုင်း၏ အယူအဆများကို တော်လှန်ခဲ့သည်။ တော်လစတွိုင်း၏ စာပေဩဇာမှ ကင်းလွတ်အောင် ရေးသားခဲ့သည်။ ယင်းတို့မှာ လူနာဆောင် အမှတ် ၆ (ဖေမြင့် ပြန်ဆိုပြီး)၊ ဘဝဟူသည် (နတ်နွယ် ပြန်ဆိုပြီး)၊ လယ်သမားများ

(Peasants) နှင့် In The Ravine တို့ ဖြစ်သည်။

ဆေးကျောင်းမှ ဆရာဝန်ဘွဲ့ ရပြီးနောက် ၁၈၈၄ နောက်ပိုင်းတွင် အဆုတ်နာရောဂါ စွဲကပ်လာသည်။ သွေးအန်သည်။ သူ့ကိုယ်သူ လှည့်ဖြားကာ ဆရာဝန်ထံ မပြ။ အဆုတ်နာဟု ဆရာဝန်က ရောဂါအမည် မှည့်လိုက်မည်ကို သူ ကြောက်သည်။ ၁၈၈၉ ဆောင်းရာသီတွင် ရောဂါဆိုးရွားလာသည်။ နောက်တနှစ်တွင် ဆိုက်ဗေးရီးယားကို ဖြတ်ကာ ဆာခါလင်ကျွန်းသို့ ခရီးကြမ်းသွားရန် ဆုံးဖြတ်သည်။ ထိုဒေသရှိ အကျဉ်းစခန်းများကို သွားရောက်လေ့လာရန် ဖြစ်သည်။ ထိုသို့ ခရီးသွားမည်ဆိုသည်ကို ဆွေမျိုး မိတ်ဆွေများက မယုံကြည်နိုင်လောက်အောင်ကိုပင် အံ့အားသင့်မိကြသည်။ သူ့ကျန်းမာရေးက ခွင့်ပြုလိမ့်မည် မဟုတ်ဟု ယူဆကြသည်။ ထိုအချိန်က ဆိုက်ဗေးရီးယားဒေသကို ဖြတ်သည့် မီးရထားလမ်း မပေါက်သေး။ ထိုခရီးမှာ ကြာသည်။ ရရာယာဉ်ကို အသုံးပြုပြီး ခရီးကြမ်း သွားရသည်။ အကျဉ်းစခန်းတွင် သုံးလကြာ နေထိုင်သည်။ အကျဉ်းသားများ၏ဘဝကို လေ့လာသည်။ ဟောင်ကောင်၊ သီရိလင်္ကာနှင့် ပင်လယ်နီမှ တဆင့် ရုရှားသို့ သူ ပြန်လာခဲ့သည်။ ယင်းအတွေ့အကြုံကို In Exile နှင့် Gusev ဝတ္ထုတိုများတွင် ဖော်ပြခဲ့သည်။ ထို့ပြင် အကျဉ်းသားများဘဝကို ဖော်ပြသည့် မှတ်တမ်းတစောင် တခု ပြုစုခဲ့သည်။ ယင်းမှာ ချက်ကော့၏ တခုတည်းသော သုတပဒေသာ စာအုပ် ဖြစ်သည်။

၁၈၈၆ တွင် ချက်ကော့မှာ နောက်တကြိမ် သွေးအန်သည်။ ၁၈၈၉ တွင် သူ့အစ်ကို နီကိုလတ် တယောက် အဆုတ်ရောဂါဖြင့် ကွယ်လွန်သည်။ သူ့အစ်ကို သေလျှင် သူ ချောက်ချောက်ချားချား ဖြစ်သည်။ ၁၈၉၂ တွင် သူ၏ ကျန်းမာရေးမှာ အတော်လေး ချည့်နဲ့လာသည်။ မော်စကိုမြို့တွင် နောက် တဆောင်း မခိုချင်။ ငွေကြေး ချေးငှားကာ မော်စကိုမြို့နှင့် မိုင်ငါးဆယ်ခန့် ဝေးသည့် မယ်လီခိုဗို ရွာကလေးအနီးတွင် ခြံလေးတခြံ ဝယ်သည်။ အဖေ၊ အမေ၊ နှမလေးနှင့် ညီငယ် မစ်ခေးတို့ကို ခေါ်ဆောင်ကာ မယ်လီခိုဗိုသို့ သွားရောက် နေထိုင်သည်။ မော်စကိုမြို့နှင့် မယ်လီခိုဗို ရွာအကြား ကူးချည်သန်းချည် လုပ်ကာ ငါးနှစ်တာမျှ အချိန်ကုန်လွန်ခဲ့သည်။ ၁၈၉၇ တွင်မူ အပြင်းအထန် သွေးအန်သည်။ ရက်အတန်ကြာ သေမင်းတံခါးဝတွင် ခေါက်တုံ့ခေါက်ပြန် သူ လျှောက်နေသည်။ သူ့မှာ အဆုတ်နာရောဂါ ရှိသည်ဟု မယုံကြည်ချင်။

သို့ဖြစ်ရာ မော်စကိုမြို့မှ မယ်လီခိုဗိုသို့ ပြန်လာသည်။ ထို့နောက် ပြင်သစ်ပြည် ဗီယာရစ် အပန်းဖြေစခန်းသို့ လည်းကောင်း၊ အီတလီပြည် နိမြို့သို့လည်းကောင်း သွားရောက် အနားယူသည်။ နောက်ဆုံးတွင် ကရိုင်မီယာ ပင်လယ်ကမ်းခြေ ယော်လတာတွင် နေထိုင်ရသည်မှာ ပျင်းစရာကောင်းသည်။ သို့သော် ကျန်းမာရေးမှာ အနည်းငယ် တိုးတက် ကောင်းမွန်လာသည်။ ထိုအချိန်တွင်

ချက်ကော့သည် ပြင်သစ်ပြဇာတ်များ ရေးသားသည်။ နှစ်ပုဒ်၊ သုံးပုဒ် ရေးပြီးနေပြီ။ အောင်မြင်မှုကား မရှိသေး။ ပြဇာတ်ရေးရာမှ အဆက်အသွယ် ရပြီး အော်လဂါ နစ်ပါး ဆိုသော ကချေသည်မလေး တယောက်နှင့် တွေ့ဆုံသည်။ သူတို့ ချစ်ကြိုက်ကြသည်။ ၁၉၀၁ တွင် ချက်ကော့သည် အော်လဂါကို လက်ထပ်လိုက်သည်။ သူ့မိသားစု အသိုင်းအဝိုင်းက မကျေနပ်။ ခါးခါးသီးသီးဖြစ်ကာ လက်မထပ်ရန် တားမြစ်သည်။ လက်ထပ်ငြားလည်း သူတို့နှစ်ယောက် အတူမနေနိုင်။ အော်လဂါမှာ ပြဇာတ်မင်းသမီး အလုပ်ကို မစွန့်နိုင်။ အော်လဂါက ယော်လတာသို့ လာသည့်အခါ လာသည်။ ချက်ကော့က မော်စကိုမြို့သို့ သွားသည့်အခါ သွားသည်။ အော်လဂါက ခပ်ပေါ့ပေါ့ အသော ဇာတ်တပုဒ် ရေးရန် တိုက်တွန်းသည်။ အော်လဂါ အလိုကို လိုက်ကာ ချယ်ရီသီးခြံ (The Cherry Orchard) ကို ရေးသည်။ ၁၉၀၄ နှစ်ဦးပိုင်းတွင် စင်တင်ကပြသည်။ ပထမဆုံး မော်စကိုမြို့ အနုပညာဇာတ်ရုံတွင် ကပြသည်။ စင်တင်သည့်ညမှစ၍ အကြိမ်ပေါင်း ၁၂၀၀ ဆက်တိုက် ကပြရသည်။ ပွဲတိုင်း ရုံလျှံသည်။ ကမ္ဘာတဝန်း ကပြရာ လူကြိုက် များသည်။ ရုံလျှံအောင် အားပေးကြည့်ရှုကြသည်။ ပြဇာတ်ဆရာအဖြစ် ချက်ကော့၏ ဂုဏ်သတင်းသည် ရုရှားပြည် နယ်နိမိတ် အပြင်ဘက်တွင် ပို၍ အောင်မြင် ကျော်ကြားလာသည်။ ပြဇာတ်များမှာ The Sea Gull (1896), Uncle Vanya (1897) နှင့် ညီအစ်မသုံးယောက် (၁၉၀၂) တို့ ဖြစ်သည်။

၁၉၀၄ ဇွန်လတွင် ဆရာဝန်၏ အကြံပေးချက်အရ ဂျာမနီပြည် ဗာဒင် ဝီလာ ရေပူစခန်းသို့ သွားရောက် အနားယူသည်။ ရောက်စတွင် အနည်းငယ် ရောဂါသက်သာသည်။ သို့သော် နောက်ပိုင်းတွင် ရောဂါဆိုးလာပြီး တစ်ညနေခင်းတွင် သေဆုံးသွားခဲ့သည်။ ၁၉၀၄ ဇူလိုင် ၂ ရက်နေ့ ဖြစ်သည်။ အသက်ထွက်ခါနီးတွင် ချက်ကော့သည် ဂျာမန်လို “အစ်ချစတာဗေ” “ငါ သေတော့မယ်” ဟု နောက်ဆုံး ပြောသွားသည်။ သူ သေတော့ အသက် လေးဆယ့်တစ်နှစ်သာ ရှိသေးသည်။

ယခု ဝတ္ထုတိုများတွင် ရှေ့ဆုံး သုံးပုဒ်ကလွဲလျှင် ကျန်ဝတ္ထုတိုများမှာ ၁၈၈၀ ကျော်မှရေးသည့် ဝတ္ထုတိုများ ဖြစ်သည်။ ထိုကာလအတွင်း အကောင်းဆုံး ဝတ္ထုတိုများ ရေးသားနိုင်ခဲ့သည်ဟု ပညာရှင်တို့ အဆိုပြုကြသည်။ ရုရှား လူနေမှုဘဝကို ပီပီပြင်ပြင် ဖော်ပြသည့် ဝတ္ထုများဟု စာပေပညာရှင်များက အဆိုပြုကြလေသည်။ စောစောပိုင်း ဝတ္ထုတိုများမှာ အများအားဖြင့် ရယ်မောဖွယ် ဝတ္ထုများသာ ဖြစ်ကြသည်။ ထိုဝတ္ထုများကို ခပ်လွယ်လွယ်ပင် သူ ရေးသည်။ အားထုတ်စရာ မလို။ သူ့ဝတ္ထုများကို စိတ်ထဲမှာ စွဲစွဲလမ်းလမ်း မရှိလှ။ ပီတာစဗတ်မြို့သို့ ပထမဆုံးအကြိမ် ရောက်သွားပြီး နောက်ပိုင်းတွင် ရုရှားစာပေလောကက သူ့အား အစွမ်းအစ ရှိသော စာရေးဆရာတယောက်၊ နောင်အခါ ကြီးပွားထွန်းကားလာမည့် စာရေးဆရာ တယောက်အဖြစ်

မျှော်လင့်အားထားကြောင်း သူ သိလာရသည်။ ထိုအခါတွင်မှ ဝတ္ထုရေးခြင်းနှင့် စာရေးဆရာအဖြစ်တို့ကို အလေးအနက် ခံယူလာသည်။ စာရေးဆရာကောင်းတယောက် ဖြစ်အောင် သူ ကြိုးစားသည်။ စာရေးဆရာပညာကို သူ ဖြည့်ဆည်းသည်။

ဝတ္ထုတိုရေးနည်း အတတ်ပညာကို ချက်ကော့ အလွန် စိတ်ဝင်စားသည်။ ထိုအကြောင်းကို သူများနှင့်မတူအောင် သူ ပြောပြတတ်သည်။ ဝတ္ထုတိုတပုဒ်တွင် အပိုစကားလုံးများ မပါသင့်ဟု သူက ဆိုသည်။ "ဝတ္ထုနှင့် မသက်ဆိုင်သည့်၊ အဆက်အစပ် မရှိသည့် စကားများကို မညှာမတာ ဖြတ်တောက်ပစ်ရမည်။ ဝတ္ထုတွင် အခန်းတစ်၌ နံရံပေါ်တွင် သေနတ်တလက် ချိတ်ဆွဲထားသည်ဟု ဖော်ပြခဲ့လျှင် အခန်းနှစ် သို့မဟုတ် အခန်းသုံး၌ ထိုသေနတ်ကို ပစ်ရမည်။ မပစ်ဘဲ မနေရ" ဟု သူက ပြောသည်။

ချက်ကော့သည် ဝတ္ထုတို အရာတွင် ပြင်သစ် ဝတ္ထုရေးဆရာ မိုပါဆွန်းကို ဆရာတင်သည်။ အတုယူသည်။ A Woman's Kingdom (1894) တွင် ဇာတ်ဆောင်တယောက်၏ ပါးစပ်က မိုပါဆွန်းအား "အလွန်တော်သည့် စာရေးဆရာ၊ အံ့ဩစရာ အနုပညာရှင် ဖြစ်သည်။ မိုပါဆွန်း စာများကို ဖတ်ပါ" ဟု အချင်းချင်း စာပေအကြောင်း ဆွေးနွေးရာတွင် ထည့်သွင်း ဖော်ပြခဲ့သည်။

ယခု ဝတ္ထုတိုများတွင် ဝတ္ထုတို အတတ်ပညာအကြောင်း ပြောစရာတခုတော့ ရှိသည်။ ယင်းမှာ မော်ရုံဟောဝန်တောမြိုင်စွန်း ဝတ္ထုနှင့် ပတ်သက်၍ ဖြစ်သည်။ ဝတ္ထုတွင် အချစ်စစ် ဖြစ်ပေါ်လာရပုံကို ဖြစ်ရပ်များ သိုင်းဝိုင်းဖန်တီးပြီး တင်ပြထားသည်။ အပန်းဖြေစခန်း တခုတွင် လင်ရှိ မိန်းမတယောက်နှင့် အိမ်ထောင်သည် ယောကျ်ားတယောက်တို့ အခြေအနေ ပေးသဖြင့် ဆိတ်ကွယ်ရာ၌ ကျူးလွန်မိကြသည်။ (ပတ်ဝန်းကျင်က သူတို့ကို သတိမမူမိ။) ကျူးလွန်ပြီးမှ အမျိုးသမီးက သူ့ကိုယ်သူ မထိန်းသိမ်းနိုင်ဘဲ မှားယွင်းခဲ့သည်ကို နောင်တရသည်။ သူ့ကို အထင်မသေးဘူးလားဟု အိမ်ထောင်သည် ယောကျ်ားကို မေးသည်။ သို့သော်လည်း အမျိုးသမီးကို သူ့ယောကျ်ားက ပြန်ခေါ်သည့်အခါ နှစ်ယောက် ကွဲသွားကြသည်။ ဤတွင် တမြို့စီ နေရာမှ ပြန်တွေ့ရန် ကြိုးစားကြသည်။

မော်စကိုမြို့တွင် ပြန်တွေ့ကြသည်။ သူတို့ တွေ့ကြသည်ကို သက်ဆိုင်ရာ လင်သားနှင့် ဇနီး သားသမီးတို့က မသိ။ လူမသိအောင် ဆိတ်ကွယ်ရာတွင် တွေ့ကြခြင်း ဖြစ်သည်။ နောက်ဆုံးတွင် မိမိတို့ မှားယွင်းနေပြီ၊ မည်သို့ အစသိမ်းရမလဲဟု နှစ်ယောက်စလုံး အဖြေရှာကြသည်။

စာရေးသူ ချက်ကော့က "အချစ်" ကို လှပစွာ ဖွဲ့နွဲ့ထားသည်။ သို့သော်

စာဖတ်သူဘက်က စောဒက တက်စရာ ရှိသည်။ မှားယွင်းသည့် ဖြစ်ရပ်ကို ဖွဲ့နွဲ့စွာ တင်ပြရမည်လား။ ချက်ကော့ကမူ သူတို့ ကျူးလွန်သည့် အမှုကို မှားသည်၊ မှန်သည် ဝတ္ထုတွင် မည်သို့မျှ မပြော။ ချက်ကော့၏ စာရေးဆရာစရိုက်တခုမှာ သူ ဖန်တီးသည့် ဇာတ်ဆောင်များ၏ ယုတ်ညံ့ခြင်းနှင့် ထူအ ထုံထိုင်းခြင်း (အထူးသဖြင့် ရုရှား ကျေးတောသား လယ်သမားများ) ကို သိသည်။ သို့သော် သူတို့အပေါ် သနားစိတ်၊ ဒေါသစိတ် (စာရေးဆရာ) ချက်ကော့တွင် မရှိ။ မဖြစ်ပေါ်။ သူကိုယ်တိုင်လည်း သူတို့တတွေနှင့် ပတ်သက်၍ (စာရေးဆရာဘက်က) ဘာလုပ်ရမည်ကို ချက်ကော့ မသိ။ သူ့ဘက်က ဘာမျှ မတတ်နိုင်။ သူသည် ဇာတ်ဆောင်၏ ဒိဋ္ဌဓမ္မ သဘာဝကို ကွက်ကွက်ကွင်းကွင်း မြင်သာအောင် ရေးဖွဲ့ တင်ပြခြင်း ဖြစ်သည်။ ဤသည်မှာ ချက်ကော့၏ ဝတ္ထုတို အတတ်ပညာ ဖြစ်လေသည်။

ဤသည်မှာ ချက်ကော့ မိတ်ဆက် ဖြစ်သည်။ သူ့ဝတ္ထုတိုများကို ဖတ်ကြည့်ကြပါဟု တိုက်တွန်းပါရစေ။

ကျော်အောင်

■

ရွှေပင်လယ် ဆီးသည်သို့

Miss N. N.'s Story

လွန်ခဲ့သည့် ကိုးနှစ်ခန့် နွေတညက ဖြစ်သည်။ ထိုအချိန်တွင် နွားစာမြက်များ ရိတ်သိမ်းစ ပြုနေပြီ။ ကျွန်မနှင့်အတူ လက်ထောက်တရားသူကြီး ပီတာဆာဂီတို့သည် ဘူတာရုံခန့်စာများ ယူရန် မြင်းကိုယ်စီဖြင့် အတူသွားကြသည်။

ရာသီဥတုများ ကြည်လင်နေသည်။ သို့သော် အပြန်တွင်မူ အဝေးဆီက မိုးချုန်းသံ ကြားရသည်။ တိမ်မည်းညိုတအုပ်သည် ဒေါသတကြီး ကျွန်မတို့ဆီသို့ ပြေးလာနေသည်။

တိမ်မည်းညို နောက်ခံတွင် ကျွန်မတို့အိမ်နှင့် ဘုရားကျောင်းမှာ ဖြူဖွေးနေသည်။ ပေါ့ပလာ ပင်ရှည်ကြီးများသည်လည်း ငွေရောင်လက်နေသည်။ လေထဲတွင် မိုးနံ့ရသည်။ မိုးနံ့နှင့်အတူ ရိတ်သိမ်းပြီးစ မြက်နံ့များ ပါလာသည်။ ကျွန်မအဖော်မှာ ပျော်ရွှင် မြူးထူးနေသည်။ ရယ်မောကာ စကားတွေ ဖောင်လောက်အောင် ပြောသည်။ အပြန်လမ်းတွင် အလယ်ခေတ်က ရဲတိုက်ကြီးတခု တွေ့နိုင်သည်။ မိုးခိုရန် ကောင်းသည့် နေရာမျိုး ဖြစ်လျှင် ဝင်၍ ခိုကြမည်။ ပြီးတော့မှ လျှပ်စီးလက်ကာ မိုးကြိုးပစ်ခံရပြီး ကျွန်မတို့ သေသွားနိုင်သည်။ ထိုသို့ဖြစ်လျှင် ဝမ်းသာစွာ အသေခံနိုင်မည် ဖြစ်သည်ဟု ပီတာဆာဂီက ပြောသည်။

ရုတ်တရက် ချက်ချင်းပင် လေပြင်းတချက်သည် ရိုင်းဂျုံခင်းများနှင့် အုတ်ဂျုံခင်းများအပေါ် လှိုင်းထ ဖြတ်ပြေးသည်။ လမ်းပေါ်တွင် ဖုန်များ လုံးတက်လာသည်။ ပီတာဆာဂီသည် ရယ်မောကာ မြင်းကို အမြန်စီးသည်။ 'တို့စိတ်ကူး မကောင်းဘူးလား' ဟု အော်ကာ မေးသည်။

သူ၏ပျော်ရွှင်မှုက ကျွန်မကို ကူးစက်သည်။ မကြာခင် မိုးရေတွေရွှဲကာ တကိုယ်လုံး စိုစွတ်တော့မည်။ ပြီးတော့ မိုးကြိုးပစ်ခံရလျှင် သေနိုင်သည် ဟူသော အတွေးကြောင့် ကျွန်မလည်း ရယ်မိသည်။ လေပွေသည် အဆက်မပြတ် တိုက်ခတ်သည်။ မြင်းလှည်းမှာလည်း အမြန် ပြေးသွားနေသည်။ ကျွန်မမှာ အသက်ရှူ ပို၍ မြန်လာသည်။ လေထဲတွင် ပျံဝဲနေသော ငှက်မလေးနှင့် တူသည်ဟု ထင်မိသည်။ ရင်မှာ တဒိန်းဒိန်း ခုန်လာသည်။ ကျွန်မတို့ ခြံဝင်းထဲရောက်လျှင် လေငြိမ်သွားပြီး မိုးပေါက်များ မြက်ခင်းပေါ်နှင့် အိမ်ခေါင်မိုးပေါ်သို့ ရွာချသည်။ မိုးသံဖြင့် ဆူညံနေသည်။ မြင်းဇောင်းနားတွင် တယောက်မျှ မရှိ။

ပီတာဆာဂီသည် မြင်းများကို ဇက်ကြိုးဖြုတ်ကာ ဇောင်းဆီသို့ ခေါ်သွားသည်။ သူ့ကို စောင့်ရင်း ကျွန်မလည်း အိမ်တံခါးဝမှာ ရပ်ကာ စွေစောင်းစောင်း မိုးပေါက်များကို ကြည့်နေမိသည်။ နွားစာမြက်နံ့များကို ကွင်းပြင်မှာထက် ကျွန်မတို့ ခြံဝင်းမှာ ပို၍ ရှုရှိုက်နေရသည်။ မိုးတိမ်များနှင့် ရွာသွန်းနေသော မိုးတို့ကြောင့် မှောင်ရီပျိုးလာသည်။

'မိုးချုန်းတာ ကြောက်စရာပဲဟေ့' ဟု ပီတာက ဆိုသည်။ မိုးချုန်းသံကို ဆက်တိုက် ကြားရသည်။ ကောင်းကင်တခုလုံး အစိတ်စိတ်အမြွှာမြွှာ ကွဲသွားသလား ထင်ရလောက်အောင် မိုးချုန်းသံမှာ ကျယ်လောင်သည်။ "အဲဒါ မိုးချုန်းတာနော်"

တံခါးဝတွင် ကျွန်မဘေးမှာ သူ လာ၍ ရပ်သည်။ မြင်းကို ဒုန်းစိုင်းစီးခဲ့သဖြင့် မောပန်းသည့် အရှိန် မပြေသေး။ အသက်ပြင်းပြင်း ရှူနေသည်။ ပြီးတော့ ကျွန်မကို သူ ကြည့်သည်။ သူ ချစ်နေမှန်း ကျွန်မ သိသည်။ သူ့မျက်နှာမှာ ပီတိတွေ ဖြာဝေလျက် ရှိသည်။

"နာတာလီယာ ဗလာဒီမီ ရော့ဗနာရယ်၊ မင်းကို အခုလို တသက်လုံး ကြည့်နေရမယ်ဆိုရင် တို့မှာ ပိုင်ဆိုင်သမျှကို တကယ် ပေးပါရဲ့။ ဒီနေ့ မင်းက ပိုပြီး လှနေတယ်" သူက ဆိုသည်။

ကျွန်မကို စိုက်ကြည့်ရင်း ကြည်နူးကာ ပီတိသောမနဿတွေ ဖြစ်နေသည်။ သူ့မျက်လုံးများထဲတွင် တိုးလျှိုးတောင်းပန်ရိပ် ပေါ်လွင်နေသည်။ မျက်နှာကား ညှိုးနွမ်းနေသည်။ မုတ်ဆိတ်နှင့် နှုတ်ခမ်းမွေးတို့ပေါ်တွင် မိုးစက်များ ကျပြီး အရောင်လက်နေသည်။ ယင်းတို့ အားလုံးသည်ပင် ကျွန်မကို ချစ်မြတ်နိုးစွာ ကြည့်နေသည်ဟု ထင်ပါသည်။

သူက ပြောသည်။ "မင်းကို တို့ ချစ်တယ်၊ မင်းကို မြင်နေရရင် တို့ ဝမ်းသာတယ်။ မင်းဟာ တို့ဇနီး မဖြစ်နိုင်ဘူးဆိုတာ တို့ သိပါတယ်။ တို့ ဘာမှ မလိုချင်ဘူး၊ ဘာမှ မပိုင်ဆိုင်ချင်ဘူး။ ဒါပေမဲ့ မင်းကို တို့ ချစ်တယ်ဆိုတာကိုတော့ သိထားစေချင်တယ်။ တို့ကို ဘာမှ ပြန်ပြောဖို့ မလိုဘူး၊ အဖြေပေးစရာ မလိုဘူး။ ငြိမ်ငြိမ်လေးပဲနေပြီး တို့ ပြောတာ နားထောင်ပါ။ မင်းဟာ တို့အချစ်၊ တို့အသည်း ဆိုတာကို သိထားပါ။ ပြီးတော့ အခုလို ကြည့်နေခွင့် ပေးပါ"

သူ့အချစ်စိတ်သည် ကျွန်မကို ကူးစက်လာသည်။ အချစ်ရည် လူးနေသော သူ့မျက်နှာကို ကျွန်မ ကြည့်မိသည်။ မိုးသံနှင့် ရောထွေးနေသော သူ့အသံကို ကျွန်မ ကြားရသည်။ ထိုအခါ သူ့မျက်နှာနှင့် သူ့အသံတို့က ကျွန်မကို ညှို့ယူ ဖမ်းစားထားသလို ခံစားရသည်။ ကျွန်မမှာ သူ့ကွန်ရက်ထဲတွင် မလှုပ်နိုင် မရှားနိုင် ဖြစ်နေလေသည်။

သူ၏ တောက်ပသော မျက်လုံးများကို ကျွန်မ ကြည့်ချင်နေသည်။ သူ့စကားကို မငြီးငွေ့တမ်း နားထောင်ချင်နေသည်။

"မင်း ဘာမှ မပြောဘူးနော်။ ကောင်းတယ်၊ အေး ငြိမ်ငြိမ်လေးသာနေ"

ပီတာက ဆက်ပြောသည်။

ကျွန်မ ပျော်လာသည်။ နှစ်ခြိုက်စွာ ရယ်မောရင်း မိုးရေစက်များအကြားမှ အိမ်ဆီသို့ ပြေးဝင်သွားသည်။ သူလည်း ရယ်မောကာ ပြေးလွှားပြီး ကျွန်မ နောက်က လိုက်လာသည်။

ကျွန်မတို့နှစ်ယောက် အသံမှာ ဆူညံနေသည်။ ကလေးများလို မိုးရေထဲ ပြေးလွှားပြီး အသက်ပင် မရှူနိုင်ဘဲ မောဟိုက်ကာ လှေကားကို ပြေးတက်သည်။ ပြီးတော့ ဧည့်ခန်းထဲသို့ ပြေးဝင်ခဲ့ကြသည်။ ယခုလို ရယ်မော မြူးထူးသည်ကို မမြင်ခဲ့ဖူးသည့် အဖေနှင့် အမေသည် ကျွန်မကို တအံ့တသြ ကြည့်ပြီး သူတို့ပါ ဝိုင်း၍ ရယ်ကြသည်။

မိုးသက်လေလည်း ငြိမ်သွားသည်။ မိုးတိမ်တို့လည်း ထွက်ပြေးကြသည်။ မိုးချုန်းသံကို မကြားရတော့။ သို့သော်လည်း ပီတာ၏မုတ်ဆိတ်မွေးတွင် ရေစက်တို့ တောက်ပြောင် နေသည်ကို မြင်ရသည်။ ထိုညနေက တချိန်လုံး ပီတာ သီချင်းဆိုသည်။ လေချွန်သည်။ ခွေးနှင့် ဆော့ကစားသည်။ အခန်းများ ပတ်ကာ ခွေးနောက် လိုက်သည်။ အခန်းချိုး တခုတွင် ဆန်ဗာ လက်ဖက်ရည်ချို ယူလာသော အစေခံနှင့် တိုက်မိလုနီးပါး ဖြစ်သွားသည်။ ညစာ စားချိန်ထိ သူ ပျော်မြူးနေသည်။ ထိုညက ထမင်းစားသည့်အခါ အများကြီး စားသည်။ စကား ကျယ်ကျယ် ပြောသည်။ ပြီးတော့ ဆောင်းရာသီတွင် လတ်ဆတ်သော သခွားသီးများကို စားရသည့်အခါ ပါးစပ်ထဲတွင် နွေဦးပေါက် အရသာကို ခံစားရသည်ဟု အခိုင်အမာ သူ ဆိုသည်။

ညအိပ်ရာ ဝင်သည့်အခါ အခန်းထဲတွင် ဖယောင်းတိုင်ကို ထွန်းထားပြီး ပြတင်းတံခါးကို ဖွင့်ထားသည်။ ရင်ထဲမှာ သိမ်းဆည်းထားသော အတွေးတို့ဖြင့် ကြည်ကြည်နူးနူး ဖြစ်ကာ မဖော်ပြနိုင်သော ဝေဒနာတို့ ဖြစ်ပေါ်လာသည်။ ကျွန်မသည် လွတ်လပ်သူ ဖြစ်သည်။ ကျန်းမာသည်။ ထင်ရှားသည်။ ချမ်းသာသည်။ ထို့ကြောင့် ချစ်သူ ရှိလာသည်။ ကျွန်မမှာ ထင်ရှားထူးခြားပြီး ချမ်းသာသည်။ ဘယ်လောက် ကောင်းသလဲ။ ဘုရားသခင် သိပါသည်။ ပြတင်း ဖွင့်ထားသဖြင့် လေအေးဝင်ကာ အေးလာသည်။ ပန်းခြံထဲက နှင်းငွေ့များ ပက်ဖျန်းသည်။ အိပ်ရာထဲတွင် ခေါင်းအုံးကို ပွေ့ဖက်ရင်း ပီတာဆာဂီကို ကျွန်မ ချစ်နေသလား၊ မချစ်ဘူးလား စဉ်းစားကြည့်သည်။ သို့သော်လည်း ဝေခွဲမရနိုင်ဘဲ အိပ်ပျော်သွားသည်။

နောက်တနေ့မနက် အိပ်ရာမှနိုးလျှင် ကိုင်းပင်၏ အကိုင်းအရွက်များကို နေထိုးသဖြင့် ကျွန်မ အိပ်ရာပေါ် လာ၍ အရိပ်ထင်နေကြသည်ကို တွေ့သည်။ မနေ့က ဖြစ်ပျက်ခဲ့သမျှ ကျွန်မ စိတ်ထဲမှာ ကွက်ကွက်ကွင်းကွင်း ပြန်ပေါ်လာသည်။ ကျွန်မဘဝသည် အေးချမ်းသည်။ ပြည့်စုံသည်။ အစစ အဆင်ပြေသည့် ဘဝဝန်းကျင် ဖြစ်သည်။ သို့နှင့် အဝတ်လဲကာ သီချင်းဆိုရင်း ပန်းခြံထဲ ဆင်းပြေးလာခဲ့သည်။

ပြီးတော့ ဘာတွေ ဆက်ဖြစ်သလဲ။ ပြီးတော့လည်း ဘာမှ ဆက်၍ မဖြစ်ပါ။ ဆောင်းအခါ မြို့သို့ ကျွန်မတို့ ပြောင်းရွှေ့ နေထိုင်ကြသည်။ တခါတရံ ပီတာဆာဂီ လာရောက် လည်ပတ်သည်။ ကျေးလက်တောရပ်တွင် တွေ့ခဲ့ရသည့် အသိအကျွမ်းတို့ နေရာသည် ထိုနေရာ ဒေသတွင်သာ ချစ်ခင် နှစ်သက်စရာ ကောင်းသည်။ ပြီးတော့ ဆောင်းတွင်း ရောက်လာပြီး မြို့သို့ ရောက်လာသည့်အခါ တောတုန်းကလောက် ချစ်ခင်နှစ်သက်စရာ မကောင်းတော့ပေ။ တဝက်လောက် ပျက်ပြယ်သွားသည်။

မြို့တွင် သူတို့ ရောက်လာသည့်အခါ လက်ဖက်ရည်ဖြင့် ဧည့်ခံသည်။ သူတို့သည် သူတစိမ်းတွေလို ဖြစ်နေတတ်သည်။ လက်ဖက်ရည်ကို ဇွန်းဖြင့် အကြာကြီး မွှေသည်။ တခါတရံ ပီတာဆာဂီသည် ကျွန်မကို ချစ်သည့်အကြောင်း ပြောတတ်သည်။ သို့သော်လည်း တောမှာတုန်းက ပြောသည်နှင့် မတူ၊ ခြားနားနေသည်ဟု ကျွန်မ ထင်သည်။ မြို့တွင်မူ ကျွန်မတို့ နှစ်ယောက် အကြား နံရံကြီးတခု ခြားနေသည်ဟု ထင်မိသည်။ ကျွန်မမှာ ထင်ရှားချမ်းသာသူ ဖြစ်သည်။ ပီတာကား ဆင်းရဲသည်။ ဆွေကြီးမျိုးကြီးထဲမှ မဟုတ်၊ သင်းထောက်တယောက်၏ သားသာ ဖြစ်သည်။ ပြီးတော့ သူ့ရာထူးမှာ လက်ထောက် တရားသူကြီးမျှသာ ဖြစ်သည်။ ကျွန်မတို့အကြား ကာဆီးထားသည့် နံရံကြီးမှာ တံတိုင်းကြီး တမျှ မြင့်သည်ဟု နှစ်ယောက်စလုံး နားလည်သည်။ ကျွန်မအဖို့မူ ငယ်ငယ်ကတည်းကပင် ထိုခြားနားမှုကို သိသည်။ သူ့ဘက်ကမူ ဘယ်တုန်းက သိနားလည်နေသည် ကျွန်မ မသိ။

သူသည် မြို့သို့ ရောက်လာသည့်အခါ ဟန်ဆောင်ပြုံး ပြုံးသည်။ ထို့နောက် လူကုံထံ လောကကို ဝေဖန်သည်။ သို့မဟုတ် ဧည့်ခန်းထဲတွင် ညှိုးငယ်စွာ ထိုင်နေတတ်သည်။ ဘယ်သူနှင့်မျှ စကားမပြော။ တကယ်တော့ ဖြိုချရန် မရသည့် နံရံဟူ၍ မရှိ။ သို့ပေမဲ့ ယနေ့ကာလ ဝတ္ထုထဲက ဇာတ်လိုက်များသည် အလွန် သူရဲဘော နည်းကြသည်။ မသွက်လက်၊ ပျင်းရိသည်။ ကြောက်တတ်သည်။ ပြီးတော့ သူတို့ဘဝမှာ မအောင်မြင်သောဘဝ ဖြစ်သည်။ ဘဝ၏ အလှည့်စား ခံရသူများ ဖြစ်သည်ဟု သူတို့ကိုယ်သူတို့ ခံယူတတ်ကြသည်။ သူတို့သည် ဘဝကို ရုန်းကန်ဖို့ မကြိုးစားကြ။ လူကုံထံ လောကကိုသာ ဝေဖန်တတ်ကြသည်။ ပြီးတော့ လောကကြီးသည် သေးသိမ်သည် ဟူ၍လည်း ဆိုတတ်ကြသည်။ တကယ်တော့

လောကကြီးအပေါ် သူတို့၏ သဘောတရားသည်ပင် သူတို့အား သေးသိမ်သည့် အဖြစ်သို့ တဖြည်းဖြည်း ရောက်သွားစေသည်ကို သူတို့ မေ့လျော့နေကြသည်။

ကျွန်မ ချစ်ခင်နှစ်သက်သူ ရှိသည်။ ပျော်ရွှင် ချမ်းသာသည့် ဘဝသည် အနီးလေးမှာပင် ရှိသည်။ ကျွန်မနှင့် လက်တကမ်းသာဟု ထင်ရသည်။ ဤသို့ဖြင့် ကျွန်မသည် အေးချမ်းသာယာသော ဘဝမှာ နေထိုင်ရင်း သီချင်းတအေးအေးဖြင့် ကုန်လွန်ခဲ့သည်။ ကျွန်မကိုယ်ကျွန်မ နားမလည်။ ဘဝမှာ ဘာလိုချင်သည်ကို ကျွန်မ မသိ။ ဘာကို စောင့်မျှော်နေသည်ကိုလည်း ကျွန်မ မသိ။ အချိန်သည် တဖြည်းဖြည်း ကုန်လွန်လာသည်။ လူတွေက ကျွန်မကို ချစ်ကြသည်။ ပျော်စရာ နေ့များ၊ နွေးထွေးသော ညများ ရွေ့လျားသွားကြသည်။ နိုက်တင်ဂေး ငှက်များ တေးသီသံ ကြားရသည်။ ရိတ်သိမ်းပြီးစ မြက်နံ့များ ရသည်။ ဤသို့ဖြင့် အတိတ်က ပျော်ရွှင်စရာများသည် ဘာမျှ အရာမထင်ခဲ့ဘဲ ကျွန်မကို စွန့်ခဲ့ကာ ဖြတ်သန်းသွားကြသည်။ ထိုအတိတ်သည် မြူနှင်းလို ပျက်ပြယ် ပျောက်ကွယ်သွားလေသည်။ ဘယ်ရောက်ကုန်ကြလေပြီလဲ။

ကျွန်မအဖေ ကွယ်လွန်ခဲ့ပြီ။ ကျွန်မလည်း အသက်အရွယ် ကြီးလာသည်။ ကျွန်မ ကြည်နူးခဲ့ရသည့်၊ မျှော်လင့်ချက်ကြီး များစွာ ထားခဲ့ရသည့် ဘဝဝန်းကျင်သည် မှတ်ဉာဏ်တွင်သာ ပြန်လည် ဆန်းသစ်နိုင်တော့သည်။ အမိုးပေါ် မိုးပေါက်ကျသံများ၊ ပျော်စရာ ဝန်းကျင်များ အားလုံးပါပဲလေ။ ထွက်ပြေးသွားကြပြီ။ ကျွန်မရှေ့မှာ ဘာမျှမရှိသော လွင်တီးခေါင်ကိုသာ မြင်တွေ့ရသည်။ ထိုလွင်တီးခေါင်တွင် သက်ရှိ တစုံတယောက်မျှ မရှိ။ ဟိုးအဝေး မိုးကုပ်စက်ဝိုင်းဆီတွင် စိုးထိတ်ဖွယ်ရာ မှောင်မိုက်နေသည်။

ခေါင်းလောင်းသံ ကြားရသည်။ ပီတာဆာဂီ ကျွန်မကို လာတွေ့သည်။ ဆောင်းအခါ ကျေးလက်ကို ကျွန်မ ရောက်သွားလျှင် ထိုကျေးလက်သည် နွေအခါ ကျွန်မအတွက် စိမ်းလန်း စိုပြည်နေသည်ကို သတိရလာသည်။ ကျွန်မ တီးတိုး ညည်းဆိုမိသည်။

"အိုး ချစ်စရာလေးတွေပါလား"

ပြီးတော့ နွေဦးပေါက်တုန်းက ကျွန်မနှင့်အတူ နေထိုင်ခဲ့သူများကို တွေ့လျှင် ဝမ်းနည်းလာပြီး ရင်ထဲမှာ ပူနွေးလာသည်။ ချစ်စရာလေးတွေ ဟူသော စကားကိုပင် ကျွန်မ ဆိုမိသည်။ ကျွန်မအဖေ၏သြဇာကြောင့် ပီတာ မြို့သို့ ပြောင်းရွှေ့လာသည်မှာ ကြာခဲ့ပြီ။ သူလည်း နည်းနည်း ကြီးလာပြီ။ ပြီးတော့ အနည်းငယ် ပိန်သွားသည်။ ကျွန်မကို ချစ်သည့်အကြောင်း မပြောသည်မှာ ကြာပြီ။ အဓိပ္ပာယ်မရှိ စကားတွေလည်း မပြောတော့။ သူ့အလုပ်ကိုလည်း သူ မပျော်ပိုက်။ နေမကောင်းနေဟန် တူသည်။ တစုံတခုကြောင့် စိတ်ညစ်နေဟန် တူသည်။ ဘဝမှာ

ဘာတခုမျှ သူ မျှော်လင့်ဟန် မတူ။ စွန့်လွှတ်လိုက်ပြီ ထင်သည်။ ပြီးတော့ အသက်ရှင်နေရသည့်အဖြစ်သည်လည်း သူ့ထံမှ ထွက်ပြေးကုန်ပြီ ထင်သည်။ ထက်ထက်သန်သန် အသက်ရှင်နေသူ မဟုတ်တော့ပြီ။ မီးဖိုနားမှာ သူ ထိုင်သည်။ ပြီးတော့ မီးတောက်များကို ကြည့်သည်။ တိတ်ဆိတ်နေသည်။ ကျွန်မလည်း ဘာပြောရမှန်း မသိဘဲ သူ့ကို သည်လို မေးမိသည်။

"ကဲ ဘာပြောမလို့လဲ"

"ဘာမှ မဟုတ်ပါဘူး"

သူက ပြောသည်။

ထို့နောက် ငြိမ်သက်နေသည်။ မီးဖိုဆီမှ မီးတောက်သည် သူ့မျက်နှာသို့ ကွက်တိကွက်ကျား လာ၍ အရောင်ဟပ်သည်။

အတိတ်ကို ကျွန်မ အမှတ်ရလာသည်။ ပခုံးမှာ တဆတ်ဆတ် တုန်လာသည်။ ပြီးတော့ နာကြည်းပူဆွေးသော မျက်ရည်များ ဖြိုင်ဖြိုင်ကျလာသည်။ ကျွန်မကိုယ်ကျွန်မ သနားသည်။ သည်လူတယောက်ကိုလည်း ကျွန်မ သနားလာမိသည်။ ကုန်လွန်ခဲ့သည့် အချိန်တို့ကို ကျွန်မ မျှော်ခေါ်ကြည့်သည်။ ပြီးတော့ ကျွန်မတို့အား ငြင်းပယ်ခဲ့သည့်ဘဝကိုလည်း ဆင်ခြင်မိသည်။ ယခုမူ ကျွန်မမှာ ထင်ရှားသူ၊ ချမ်းသာသူ မဟုတ်တော့ပြီ။

ရှိုက်ကာ ရှိုက်ကာ ကျွန်မ ငိုသည်။ နားထင်ကို လက်နှစ်ဖက်ဖြင့် အုပ်ရင်း ငိုသည်။ ပြီးတော့ "ဘုရားသခင်၊ ကျွန်မတို့ ဘဝဟာ ပျက်စီးခဲ့ပါပြီ" ဟု တီးတိုး ဆိုမိသည်။

ဧည့်ခန်းမှာ သူ ထိုင်နေသည်။ စကားတလုံးမျှ မပြော။ ငြိမ်ချက်သား ကောင်းလှသည်။ "မငိုနဲ့လေ" ဟူ၍ပင် မဆို။ ငိုဖို့ လိုသည်။ ငိုဖို့အချိန် ရောက်လာပြီဟု သူ နားလည်သည်။ ကျွန်မအတွက် ဝမ်းနည်းရိပ်ကို သူ့မျက်လုံးများတွင် မြင်ရသည်။ ထို့အတူ ကျွန်မလည်း သူ့အတွက် ဝမ်းနည်းမိသည်။ ပြီးတော့ အလွန် သတ္တိနည်းသည့် သနားစရာ ထိုသတ္တဝါကို ကျွန်မ ဒေါသဖြစ်လာသည်။ သူသည် ကျွန်မဘဝကိုရော သူ့ဘဝကိုပါ စိုပြည်လာအောင် မဖန်တီးနိုင်။

သူ့ကို တံခါးအထိ ကျွန်မ လိုက်၍ ပို့သည်။ ဆင်ဝင်ခန်းထဲတွင် သားမွေး ကုတ်အင်္ကျီကို အကြာကြီး ဝတ်နေသည်။ တမင်သက်သက် အချိန်ဆွဲနေမှန်း ကျွန်မ သိသည်။ ကျွန်မလက်ကို ကြိမ်ဖန်များစွာ နမ်းသည်။ ပြီးတော့ မျက်ရည်ဝေ့နေသော ကျွန်မကို စူးစိုက်၍ကြည့်သည်။ ထိုအချိန်တွင် မိုးကြိုးမုန်တိုင်းကိုလည်းကောင်း၊

မိုးပေါက်များ ပက်ဖျန်းသံကို လည်းကောင်း၊ ကျွန်မတို့ ရယ်မောသံကိုလည်းကောင်း၊ ပြီးတော့ ထိုအချိန်တုန်းက ကျွန်မမျက်နှာကို လည်းကောင်း သူ အမှတ်ရကာ ကြားယောင်၊ မြင်ယောင် ဖြစ်လာသည်ဟု ကျွန်မ ထင်သည်။ ကျွန်မကို တစုံတခု သူ ပြောချင်သည်။ ပြောလိုက်ရလျှင် ကျေနပ်ဝမ်းသာမည် ဖြစ်သည်။ သို့သော် ဘာစကားမျှ မပြော။ ခေါင်းညိတ်ပြီး ကျွန်မလက်ကို ဖျစ်ညှစ် ဆုပ်ကိုင်၍သာ ထားသည်။ သူ့ကို ဘုရားသခင် စောင်မပါစေ။

သူ ထွက်သွားလျှင် ကျွန်မလည်း သီးသန့်ဧည့်ခန်းထဲသို့ ပြန်လာကာ မီးဖိုရှေ့က ကော်ဇောပေါ်တွင် ထိုင်သည်။ နီရဲနေသော ကျောက်မီးသွေးတို့သည် ပြာများအဖြစ် ပြောင်းလဲ ပျက်ပြယ်သွားသည်။ ပြတင်းများကို ဆီးနှင်းခဲများ လာ၍ ရိုက်ခတ်သည်။ အသံမှာ ပြင်းထန်သည်။ ခေါင်းတိုင်ဆီတွင် လေသည် သီချင်းတပုဒ်ကို ဆိုညည်းနေသည်။

ကျွန်မ အိမ်ဖော်မလေး အခန်းထဲသို့ ဝင်လာသည်။ ကျွန်မ အိပ်ပျော်နေသည် ထင်သဖြင့် ရောက်လာခြင်း ဖြစ်ဟန်တူလေသည်။

■

ယိမ်းသမလေး

The Chorus Girl

ကာလအတန်ကြာက ဖြစ်သည်။ ထိုစဉ်ကမူ သူသည် ငယ်ရွယ်သူဖြစ်ရာ လှပ နုပျိုသည်။ သူ့ချစ်သူ နီကိုလေပီထရိုဗစ်ကိုလပါကောင်းသည် သူရှိနေသည့် တောအရပ်က အိမ်သို့ လာရောက် လည်ပတ်သည်။ ထိုနေ့တွင်မူ ရာသီဥတုမှာ ပူပြင်းပြီး ထိုင်းမှိုင်းကာ အသက်ရှူရ ကျပ်သည်။ ကိုလပါကောင်းသည် နေ့လယ်စာ စားပြီးပြီ။ ပေါ့တဝိုင် ခပ်ညံ့ညံ့ တပုလင်းလုံး ကုန်အောင် သောက်ပြီးပြီ။ ကိုယ်လက်မအီမသာဖြစ်ကာ စိတ်တိုင်းမကျ ဖြစ်နေသည်။ နှစ်ယောက်စလုံး ပင်ပန်းနွမ်းနယ်နေသည်။ နေအေးချိန် ညနေစောင်းတွင် လမ်းလျှောက် ထွက်ကြမည်။

ရုတ်တရက်ပင် တံခါးခေါင်းလောင်း မြည်သံ ကြားရသည်။ ကိုလပါကောင်းမှာ ရှပ်အင်္ကျီ လက်ရှည် ဝတ်ထားသည်။ ထိုင်ရာမှ ထကာ ပါရှာအား ဘယ်သူလဲဟု မေးသော အကြည့်ဖြင့် ကြည့်သည်။

“စာပို့သမား ဖြစ်မှာပါ၊ ဒါမှမဟုတ်လည်း သူငယ်ချင်း တယောက်ယောက် ဖြစ်မှာပေါ့”

ယိမ်းသမလေးက ပြောသည်။

ပါရှာ၏ မိန်းကလေး သူငယ်ချင်း သို့မဟုတ် စာပို့သမားတို့ကိုမူ သူ ဂရုမစိုက်။ သို့သော် စိတ်ချရအောင် ကုတ်အင်္ကျီကို ကောက်ဝတ်ကာ တဖက်ခန်းထဲသို့ ဝင်သွားသည်။ ပါရှာ တံခါးဆီသို့ သွားသည်။

ပါရှာ အံ့အားသင့်သွားသည်။ စာပို့သမားလည်း မဟုတ်၊ သူငယ်ချင်းမတယောက်လည်း မဟုတ်။ သူ့ရှေ့တွင် ရပ်နေသူမှာ ငယ်ရွယ်လှပသည့် အမျိုးသမီးတယောက် ဖြစ်နေသည်။ အကျအန ဝတ်စားထားသည်။ သူသည် မိန်းမကောင်းတယောက် ဖြစ်ဟန်တူသည်။

အမျိုးသမီး၏ မျက်နှာမှာ ညှိုးညှိုးနွမ်းနွမ်း ဖြစ်သည်။ လှေကား အမြင့်ကြီး တက်လာရသူလို မောပန်းကာ အသက်ပြင်းပြင်း ရှူနေသည်။

“ဘာကိစ္စပါလဲ” ပါရှာက မေးသည်။ အမျိုးသမီးက ချက်ချင်း အဖြေ မပေး။ အခန်းထဲသို့ ဝင်လာပြီး အိမ်ထောင်ပရိဘောဂများကို အထူးအဆန်းသဖွယ် ကြည့်သည်။ တစုံတရာ နာကျင်နေဟန် တူသည်။ သူ့ကိုယ်သူ ပုံမှန်ရောက်အောင်

မနည်း ထိန်းချုပ်ပြီးမှ စကားပြောနိုင်သည်။ ဦးစွာပထမ ကုလားထိုင်တွင် ထိုင်သည်။

"ငါ့ယောက်ျား ရှိသလား"

မျက်ခုံးချီကာ မေးသည်။ မျက်လုံးများမှာ ငိုထားသဖြင့် နီရဲနေသည်။

"ဘယ်သူ့ယောက်ျားလဲ"

ပါရှာက ပြန်မေးသည်။ ထို့နောက် ချက်ချင်းပင် ထိတ်လန့်စိုးရွံ့ကာ ခြေဖျားလက်ဖျားများ အေးစက်လာသည်။ "ဘယ်သူ့ ယောက်ျားလဲ" ထပ်၍ မေးသည်။ သူ့တကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်နေသည်။

"ငါ့ယောက်ျား နီကိုလေပီထရိုဗစ်ကိုလပါကောင်း ပြောတာပေါ့"

"ဟင့်အင်း....မရှိပါဘူး မဒမ်၊ ကျွန်မ... ကျွန်မ... ဘယ်ယောက်ျားမှ မသိပါဘူး"

ခဏကြာမျှ ငြိမ်သက်နေသည်။ အမျိုးသမီးသည် မျက်ရည်စများကို ဇာနားတပ် လက်ကိုင်ပဝါဖြင့် သုတ်သည်။ ပါရှာမှာ မထိုင်ဝံ့ဘဲ ရပ်လျက် ကြည့်နေသည်။ ဧည့်သည်ကို ကြည့်ကာ ကြောက်ကြောက်ရွံ့ရွံ့နှင့် ကိုးကွယ်ရာမဲ့ ဖြစ်လာသည်။

"သူ ဒီမှာ မရှိဘူးလို့ ညည်း ဆိုချင်တာလား"

အမျိုးသမီးအသံမှာ မာသည်။ မျက်နှာပေါ်က အပြုံးမှာလည်း တမျိုးပင်။

"ရှင်ပြောတာ ကျွန်မ ...ကျွန်မ နားမလည်ဘူး"

"ညည်း .... သိပ်အောက်တန်းကျတဲ့ မိန်းမပဲ"

ပါရှာကို မုန်းတီးရွံရှာသည့် မျက်နှာထားဖြင့် ကြည့်ရင်း အမျိုးသမီး တိုးတိုးပြောသည်။

"အေး... ဟုတ်တယ်၊ ညည်းဟာ အောက်တန်းကျတဲ့ ယုတ်ညံ့တဲ့ မိန်းမပဲ၊ အေး ညည်းမျက်နှာကို ကြည့်ပြီး ခုလို ပြောခွင့်ရတာ ငါ ဝမ်းသာတယ်"

သူ့ကို အောက်တန်းစားဟု အဝတ်နက် ဝတ်ဆင်ထားသော အမျိုးသမီးက ထင်မှတ်သွားပြီဟု ပါရှာ ယုံကြည်သည်။ ထိုအခါ ပါးနီဆိုးထားပြီး နှာခေါင်းထက်တွင် ယင်ချေးဥများပေါ်ကာ ဆံလျှော်တိုတို ချထားမိသည့် မိမိသွင်ပြင်ကို စဉ်းစားမိပြီး ရှက်သွေးဖြန်းလာသည်။ ပါးနီမဆိုးဘဲ၊ ယင်ချေးဥ မရှိဘဲ၊ ဆံပင်တိုတို ဖြတ်မထားဘဲ နေခဲ့လျှင် မကောင်းသည့်မိန်းမ ဟူသော သွင်ပြင်ကို

ဖုံးကွယ်နိုင်လိမ့်မည်ဟု ပါရှာ ထင်မိသည်။ ထိုအခါ တန်းတူထားပြီး တဖက်ကုလားထိုင်ပေါ်တွင် ယှဉ်၍ ထိုင်နိုင်မည် မဟုတ်လား။

"ငါ့ယောက်ျား ဘယ်မှာလဲ"

အမျိုးသမီးက ထပ်မေးသည်။

"ဒါပေမဲ့ သူ ဒီမှာ ရှိတာ မရှိတာက အကြောင်းမဟုတ်ပါဘူး၊ ညည်းကို အခုပြောချင်တာက သူ့မှာ အလွဲသုံးစားမှု ဖြစ်နေပြီ။ သူတို့က နီကိုလေပီထရိုဗစ်ကို ရှာနေတယ်။ တွေ့ရင် ဖမ်းမယ်၊ အဲဒါ ညည်းကြောင့်ပဲ"

အမျိုးသမီးသည် ထိုင်ရာမှ ထကာ အခန်းထဲတွင် လျှောက်နေသည်။ စိတ်လှုပ်ရှားနေသည်။ ပါရှာက သူ့ ကို တအံ့တဩ ကြည့်မိသည်။ ဘာတွေ ဖြစ်ကုန်ပြီလဲ မမှန်းဆတတ်။

"အေး... ဒီနေ့ပဲ သူ့ကို ရှာတွေ့ပြီး ဖမ်းကြလိမ့်မယ်"

အမျိုးသမီးက ငိုရှိုက်ရင်း ပြောသည်။

"အဲဒီအဖြစ်ဆိုးရောက်အောင် လုပ်တာ ညည်းပဲ၊ ညည်းလို မကောင်းတဲ့ မိန်းမ၊ အရုပ်ဆိုးတဲ့ မိန်းမကြောင့် ဖြစ်ရတာပဲ"

မျက်နှာမှာ ပါရှာအား စက်ဆုပ်ရွံရှာဟန် မဲ့ရွဲ့နေသည်။ ချက်ချင်းပင် သူ့မျက်နှာကို တံတွေးဖြင့် ထွေးတော့မည့်ပုံမျိုး ဖြစ်နေသည်။

"ငါ ဘာမှ မတတ်နိုင်ဘူး၊ ငါပြောတာ ကြားရဲ့လားဟဲ့ အယုတ်တမာ ကောင်မ၊ ငါ့မှာ အားကိုးရာမဲ့ ဖြစ်နေတယ်။ ဒါပေမဲ့ ငါနဲ့ ငါ့သားသမီးတွေကို ဂရုစိုက်မယ့်သူ တယောက်တော့ ရှိပါတယ်၊ အဲဒါ ဘုရားသခင်ပဲ။ ဘုရားသခင်က အားလုံးကို သိတယ်၊ တရားမျှတတယ်။ အေး ဘုရားသခင်က ငါ့ကိုယ်စား ငါ မျက်ရည်ကျရတာတွေ၊ အိပ်မရတဲ့ ညတွေအတွက် ညည်းကို ပြစ်ဒဏ်ခတ်လိမ့်မယ်။ အဲဒီတော့မှ ညည်း ငါ့ကို သတိရလာမယ်"

ခဏကြာမျှ ငြိမ်သက်သွားသည်။ အခန်းထဲတွင် အမျိုးသမီး ခေါက်တုံ့ ခေါက်ပြန် လျှောက်စဉ် ပါရှာက သူ့ကို စိန်းစိန်းကြည့်သည်။ ပါရှာ နားမလည်။ တစုံတခု ဆိုးဆိုးဝါးဝါးတော့ ဖြစ်လာလိမ့်မည်ဟု မျှော်လင့်သည်။

"ကျွန်မ ဒါတွေအားလုံး ဘာမှ မသိပါဘူး မဒမ်"

ထိုသို့ ပြောကာ ပါရှာသည် နာကြည်း ဝမ်းနည်းစွာဖြင့် ငိုသည်။

"နင် ညာတာ"

အမျိုးသမီးက အော်သည်။

"ငါ အကုန်သိတယ်၊ နင့်ကို ငါ သိနေတာ ကြာပြီ။ ပြီးခဲ့တဲ့ လေးလအတွင်း တရက်မှ ညည်းဆီက မခွာဘူးဆိုတာ ငါ သိတယ်"

"ဟုတ်တယ်၊ အဲဒါ ဘာဖြစ်သလဲ၊ ဘာများ မှားယွင်းနေလို့လဲ။ ကျွန်မဆီ ယောက်ျားတွေ အများကြီး လာပြီး လည်ကြတာပဲ။ သူတို့ကို လာပါလို့ ကျွန်မ မခေါ်ဘူး၊ သူတို့ဘာသာ သူတို့ လာကြတာပေါ့"

"ငါ ပြောပြီးပြီပဲ၊ အလွဲသုံးစား လုပ်ထားတာ သူတို့ တွေ့သွားပြီ။ ရုံးက ငွေတွေကို သူ ခိုးတယ်။ ညည်းလို မိန်းမယုတ်အတွက် သူ ကျူးလွန်တဲ့ ပြစ်မှုပဲ။ ငါပြောတာ နားထောင်"

အမျိုးသမီးသည် ပါရှာ၏ ရှေ့တည့်တည့်တွင် ရပ်ပြီး ဆက်၍ပြောသည်။

"သူများတွေကို လှည့်စားတဲ့ ညည်းတို့လို မိန်းမဆိုတာ ခံယူချက် ဘာမှ ရှိတာ မဟုတ်ဘူး။ လှည့်စားဖို့၊ လှည့်ဖြားဖို့ပဲ သိတယ်။ ဒါပေမဲ့ လူစိတ်ကင်းအောင်တော့ ညည်းဟာ အခုလို အောက်တန်းကျလိမ့်မယ်လို့ ငါ မထင်မိခဲ့ဘူး။ သူ့မှာ ဇနီး မိန်းမ ရှိတယ်၊ သားသမီးတွေ ရှိတယ်။ သူ့ကို အပြစ်ပေးပြီး ဆိုက်ဗေးရီးယား ပို့လိုက်ရင် ငါနဲ့ ကလေးတွေ ငတ်တော့မှာပဲ။ အဲဒါကိုတော့ ညည်း နားလည်ဖို့ ကောင်းတယ်။ ဒါပေမဲ့ တို့မိသားစု ဒုက္ခမရောက်အောင် ကယ်နိုင်မယ့် နည်းလမ်းတခုတော့ ရှိတယ်။ သူ သုံးထားတဲ့ ရူဗယ် ကိုးရာကို ငါက စိုက်လျော်နိုင်မယ်ဆိုရင် သူ တရားအစွဲ မခံရဘူး၊ ရူဗယ် ကိုးရာတည်းပါ"

"ရူဗယ် ကိုးရာ… ဟုတ်လား"

ပါရှာက တိုးတိုး မေးသည်။

"အဲဒီ ရူဗယ် ကိုးရာအကြောင်း ကျွန်မ ဘာမှ မသိဘူး၊ အဲဒီငွေကိုလည်း ကျွန်မ မရဘူး"

"ညည်းဆီက ရူဗယ်ကိုးရာ ငါ တောင်းနေတာ မဟုတ်ဘူး။ ညည်းမှာ မရှိမှန်း ငါ သိပါတယ်။ ညည်းပိုက်ဆံလည်း မလိုချင်ပါဘူး။ ငါ တောင်းဆိုနေတာက တခြားပစ္စည်းပါ။ ညည်းတို့လို ကောင်မလေးတွေကို ယောက်ျားတွေက ရွှေငွေ လက်ဝတ်ရတနာတွေ ပေးတတ်တယ်။ ငါ့ယောက်ျား ပေးတာ ရှိခဲ့ရင် ပြန်ပေးပါ"

"ကျွန်မကို လက်ဝတ်ပစ္စည်း ဘာတခုမှ မပေးခဲ့ပါဘူး မဒမ်"

အခိပ္ပာယ်ကို နားလည်လာပြီး ပါရှာ ငိုသည်။

"ဒါဖြင့် ပိုက်ဆံတွေ ဘယ်ရောက်ကုန်သလဲ။ သူ့ပိုက်ဆံ သူ ဖြုန်းတယ်၊ ငါ့ပိုက်ဆံလည်း ဖြုန်းတယ်၊ သူများတွေ ပိုက်ဆံလည်း သူ ဖြုန်းတယ်။ ငါပြောတာ နားထောင်ပါကွယ်။ ငါ တောင်းပန်ပါတယ်၊ ငါ့မှာ အဲဒီငွေတွေကြောင့် စိတ်ဒုက္ခ ရောက်ပြီး ညည်းကို အမျိုးမျိုး ပြောခဲ့တယ်။ အဲဒါ ညည်းကို ငါ တောင်းပန်ပါတယ်။ ညည်းမှာ တဖက်သားကို သနားတဲ့စိတ် ရှိရင်၊ ကိုယ်ချင်းစာတဲ့စိတ်ရှိရင် ငါ တောင်းပန်ပါတယ်ကွယ်၊ ပစ္စည်းတွေကို ငါ့ကို ပြန်ပေးပါ"

"ဟင်း"

ပခုံးနှစ်ဖက်တွန့်ကာ ပါရှာ ပြောသည်။

"သူက ကျွန်မကို လက်ဆောင်ပစ္စည်းတွေ ပေးခဲ့တယ်ဆိုရင် ဘုရားသခင်က ကျွန်မကို ပေးချင်တဲ့အပြစ် ပေးနိုင်ပါတယ်၊ ခံဖို့ အသင့်ပါပဲ။ ကျွန်မပြောတာ ယုံပါ။ ဒါပေမဲ့ ရှင် ပြောတာ မှန်တယ်၊ တခါတုန်းကတော့ နှစ်ခု ယူလာပြီး ပေးဖူးတယ်။ ရှင် လိုချင်ရင် ပေးပါ့မယ်"

ပါရှာသည် အမူအရာတမျိုး ပြောင်းသွားသည်။

ပါရှာသည် မှန်တင်ခုံ အံဆွဲမှ ထုတ်ယူလာပြီး ဩ့သည် အမျိုးသမီးအား ရွှေလက်ကောက် သေးသေး တခုနှင့် ရွှေလက်စွပ် တခုကို ပေးသည်။ အမျိုးသမီး မျက်နှာမှာ နီရဲလာပြီး ပါးများ တဆတ်ဆတ် တုန်လာသည်။ သူ့ကို စိတ်ဆိုးအောင် လုပ်နေပြီ။

"ဘာတွေ ငါ့ကို လာပေးနေတာလဲ" သူ မေးသည်။

"ငါက ပေးကမ်း စွန့်ကြဲဖို့ တောင်းဆိုနေတာ မဟုတ်ဘူးဟေ့။ ညည်းပိုင် မဟုတ်တဲ့၊ ငါ့ယောကျ်ားဆီက ခြူယူထားတဲ့၊ ငါ့ယောကျ်ား သဘောကောင်းကြီးက နင့်အပေါ် ကျထားတဲ့ ပစ္စည်းတွေကို ပြန်တောင်းနေတာဟဲ့၊ သိရဲ့လား။ ညည်းတို့က အခွင့်အရေး သိပ်ယူတတ်တာ။ ကြာသပတေးနေ့က ငါ့ယောကျ်ားနဲ့ တွဲသွားတာ မြင်လိုက်တယ်။ ညည်းမှာ ရွှေတွဲလဲ ငွေတွဲလဲနဲ့။ အဖိုးတန်တွေချည်းပဲ။ ငါ့ရှေ့မှာ အပြစ် မရှိတဲ့ သိုးငယ်ဟန်ဆောင်မနေပါနဲ့။ အခု နောက်ဆုံး တောင်းနေတာပဲ။ အဲဒီပစ္စည်းတွေ ငါ့ကို ပေးပါ"

"ရယ်စရာ ကောင်းလိုက်တာရှင်"

ပါရှာမှာ မခံမရပ်နိုင် ဖြစ်သွားပြီး ပြန်ပြောသည်။

"ရှင့်ယောကျ်ား နီကိုလေပီထရိုဗစ်က အဲဒီလက်ကောက်နဲ့ လက်စွပ်က

လွဲပြီး ကျွန်မကို ဘာမှ မပေးပါဘူး။ တခါတုန်းက ကိတ်မုန့်တော့ ယူလာဖူးပါတယ်”

“ကိတ်မုန့် .... ဟုတ်လား”

စူးစူးရှရှ အသံဖြင့် အမျိုးသမီး ရယ်သည်။

“အိမ်မှာဖြင့် ကလေးတွေမှာ စားစရာ မရှိဘူး။ ဒီမှာ ညည်းက ကိတ်တွေ ဘာတွေနဲ့ပေါ့။ အေး....ပစ္စည်းတွေ ပြန်မပေးဘူးလို့ ငြင်းနေတယ်ပေါ့၊ ဟုတ်လား”

အဖြေ မရ။ အမျိုးသမီးသည် လှုပ်ကုလားထိုင်တွင် အကျအန ထိုင်ကာ တစုံတရာကို တွေးနေသည်။

ငါ ဘာလုပ်မလဲ၊ သူ ဖြုန်းသွားတဲ့ ရူဗယ်ကိုးရာ မရရင် ငါနဲ့ ကလေးတွေ ဘာလုပ်ရမလဲ။ ထို့နောက် ဤသို့ တွေးမိပြန်သည်။ ဒီယောက်ျားကို သတ်ရမလား၊ ဒါမှမဟုတ် ဒီကောင်မလေးကိုပဲ ဒူးထောက်ပြီး တောင်းပန်ရမလား။ အမျိုးသမီးသည် လက်ကိုင်ပဝါဖြင့် မျက်နှာကို သုတ်သည်။ ပြီးတော့ ငိုသည်။

“ငါ တောင်းပန်ပါတယ်ကွယ်”

သူ ငိုရှိုက်စ ပြုသည်။

“ငါ့ယောက်ျားကို ပျက်စီးအောင် ညည်းလုပ်ခဲ့တယ်။ သူ့ကို ဘဝပျက်အောင် လုပ်ခဲ့တယ်။ အခု သူ့ကို ကယ်ပါ။ သူ့ကို မသနားတောင် ကလေးတွေကိုတော့ ညည်း သနားဖို့ ကောင်းပါတယ်။ အပြစ်မရှိတဲ့ ကလေးတွေ ဘာဖြစ်လို့ ဒုက္ခရောက်ရမှာလဲ”

ပါရှာသည် ကလေးများကို မြင်ယောင်လာသည်။ လမ်းထောင့်တွင် ရပ်ကာ အစား မစားရသဖြင့် ငိုနေသည့် ကလေးများကို မြင်ယောင်လာသည်။ သို့နှင့် သူ ငိုရှိုက်စ ပြုသည်။

“ကျွန်မ ဘာလုပ်ပေးရမလဲ မဒမ်”

ဘာမှ မတတ်နိုင်သည့်အသွင်ဖြင့် ပါရှာ မေးသည်။

“ရှင်က ကျွန်မကို တိရစ္ဆာန်လို့ ပြောတယ်။ ရှင့်ယောက်ျား နီကိုလေပီထရိုဗစ်ကို ကျွန်မ ဖျက်ဆီးတယ်လို့ ဆိုတယ်။ ဘုရားသခင်ဆီမှာ ကျွန်မ ကျိန်ပြောရဲပါတယ်။ သူ့ဆီက ငွေကြေး တပြားတချပ်မှ မရခဲ့ပါဘူးရှင်။ ကျွန်မတို့ ယိမ်းအဖွဲ့မှာ မော့တဂျာ တယောက်သာ လူချမ်းသာ ချစ်သူ ရှိခဲ့ပါတယ်။ ကျွန်မနဲ့ အခြား ယိမ်းသမလေးတွေဟာ ငတ်တလှည့်၊ ပြတ်တလှည့်ပါ။ နီကိုလေပီထရိုဗစ်က လူကောင်းတယောက်၊ ကျကျနန ဝတ်စားတတ်တဲ့ လူကြီးလူကောင်းတယောက်

ဖြစ်လို့ ကျွန်မ လက်ခံတာပါ။ ကျွန်မတို့အဖို့ ချစ်သူရွေးရာမှာ ဓိဇာကြောင်နေလို့ မဖြစ်ပါဘူး”

“ပစ္စည်းတွေ ငါ့ကို ပေးပါ။ ဒါပဲ ငါ တောင်းဆိုတယ်။ ငါ့မှာ မျက်ရည်နဲ့ မျက်ခွက်ပါကွယ်။ အောက်ကျခံပြီး တောင်းနေတာပါ။ ညည်းခြေသလုံးဖက်ဆိုရင် ငါ ဖက်ပါမယ်ကွယ်။ ကျေးဇူးပြုပြီး...."

ပါရှာ အလန့်တကြား အော်မိသည်။ ယဉ်ကြေးလုပသည့် ဤအမျိုးသမီးသည် ပြဇာတ်ထဲက ခေါင်းဆောင်မင်းသမီးနှင့် တူနေသည်။ မင်းသမီးလို ပြောဆို ကပြနေသည်။ သူ့မာန၊ သူ့မျိုးရိုးဂုဏ်ရှိန်ကို ဂရုမပြုတော့ဘဲ သူ့ကိုယ်သူ နှိမ့်ချပြီး ပြောဆိုနေသည်။ ယိမ်းသမလေး ကိုလည်း အသရေဖျက်ရန် ကြံစည်အားထုတ်နေသည်။ ဤသို့ ပါရှာ ထင်မိသည်။

“ကောင်းပြီလေ၊ ရှင့်ပစ္စည်းတွေ ကျွန်မ ပေးမယ်”

အသံ ခြောက်ကပ်ကပ်နှင့် ပါရှာ ပြောသည်။ မျက်ရည်စများကိုလည်း သုတ်သည်။

“ဟောဒီမှာ ပစ္စည်းတွေ။ အဲဒါတွေဟာ နီကိုလေပီထရိုဗစ်ဆီက ရတာ မဟုတ်ဘူး၊ အခြား ပုဂ္ဂိုလ်တွေဆီက ရတာတွေ။ ဒါပေမဲ့ ရှင် ကျေနပ်အောင် ကျွန်မ...”

ပါရှာသည် မှန်တင်ခုံ အဆွဲကို ဖွင့်ကာ စိန်ရင်ထိုး တခု၊ လက်စွပ်များနှင့် လည်ဆွဲ အများအပြားကို ထုတ်ပေးသည်။

“ယူ... ဒါတွေအားလုံး ယူပေတော့။ ရှင့်ယောကျ်ားဆီက ဘာတခုမှ မရပေမယ့် ရှင်ယူသွားပါ။ အဲဒီတော့ ရှင် စိတ်ချမ်းသာရော မဟုတ်လား”

သူ့ခြေသလုံးဖက်ကာ တောင်းပန်မည် ဆိုသဖြင့် ပါရှာ စိတ်တိုကာ ပြောသည်။

“ဒါပေမဲ့ ရှင်ဟာ စိတ်သဘောထား မွန်မြတ်တဲ့ အမျိုးသမီး ဖြစ်တယ်ဆိုရင်... သူ့မိန်းမ ဖြစ်တယ်ဆိုရင်... သူ့ကို ရှင်နဲ့ အတူနေအောင် ထိန်းသိမ်းထားပါလား။ တကယ်ပါ၊ သူ့ကို လာဖို့ ကျွန်မ မမြူဆွယ်ပါဘူး။ သူ့ဘာသာ သူ လာတာပါ”

အမျိုးသမီးသည် စားပွဲပေါ်တွင် ပြန့်ကြဲနေသော လက်ဝတ်ရတနာများကို မျက်ရည် ဝေ့နေသော မျက်လုံးများအကြားမှ ကြည့်ကာ “ဒါ အကုန် မဟုတ်သေးဘူး။ ဒါတွေအားလုံး ရူဗယ်ငါးရာတောင် မတန်ဘူး” ဟု ဆိုသည်။

ပါရှာသည် မှန်တင်ခုံ အံဆွဲဆီသို့ ထပ်သွားပြီး ပစ္စည်းများ ယူလာသည်။ ရွှေလက်ပတ်နာရီ တလုံး၊ စီးကရက်ထည့်သည့် ဘူးတခု၊ လက်ကြယ်သီး တစုံနှင့် အခြား ပစ္စည်းများကို ထုတ်ပေးသည်။

"ကျွန်မမှာ ဘာမှ မရှိတော့ဘူး၊ ဒါအကုန်ပဲ၊ ရှင် လိုက်ပြီး ကြည့်နိုင်တယ်"

ပါရှာက ယတိပြတ် ပြောသည်။

အမျိုးသမီးသည် သက်ပြင်း တချက်ချပြီး ပစ္စည်းများကို လက်ကိုင်ပဝါထဲ သိမ်းကျုံးထည့်သည်။ လက်နှစ်ဖက်မှာ တဆတ်ဆတ် တုန်နေသည်။ ထို့နောက် ခေါင်းကလေး တချက်ပင် မညိတ်ဘဲ အိမ်ထဲမှ ထွက်သွားသည်။

ထိုအခါ တဖက်ခန်း တံခါးပွင့်လာပြီး ကိုလပါကောင်း ထွက်လာသည်။ မျက်နှာမှာ သွေးမရှိ။ သွေးလေ ချောက်ချားကာ ခေါင်းမှာ တုန်တုန်ယင်ယင် ဖြစ်နေပြီး အရက်ပြင်းပြင်းတခွက် သောက်လာသူနှင့် တူနေသည်။ မျက်လုံးထဲမှာ မျက်ရည်များ ပြည့်လျှမ်းနေသည်။

"ရှင် ကျွန်မကို ပေးတဲ့ ပစ္စည်းတွေက ဘာတွေလဲ"

ပါရှာက သူ့ကို မေးသည်။

"အဲဒီပစ္စည်းတွေ ဘယ်တုန်းက ပေးလို့လဲ၊ မေးစမ်းပါရစေဦး"

"ပစ္စည်းတွေ.... အလကား မဟုတ်တရုတ်"

ကိုလပါကောင်းသည် ခေါင်းကို တွင်တွင်ယမ်းသည်။

"ဘုရားသခင် ကယ်တော်မူပါ။ မင်းရှေ့မှာ သူ ငိုတယ်၊ မျက်ရည်ခံထိုးတယ်၊ ဟုတ်လား။ သူ အောက်ကျို့တယ်ပေါ့"

"ကျွန်မ မေးနေတယ်လေ... ကျွန်မကို ဘာပစ္စည်းတွေများ ပေးဖို့ ရည်ရွယ်သလဲ"

ပါရှာ အော်၍ ပြောသည်။

"ဘုရားသခင် ကယ်တော်မူပါ။ သူ့လို အမျိုးကောင်းသမီး တယောက်က နင်လိုမိန်းမရဲ့ ခြေထောက်ကိုဖက်ပြီး တောင်းပန်သွားတယ်ပေါ့လေ။ အဲဒါကို ငါ ခွင့်ပြုသလို ဖြစ်နေပြီ"

ကိုလပါကောင်းသည် ခေါင်းကို လက်နှစ်ဖက်ဖြင့် အုပ်ပြီး တဖျစ်တောက်တောက် ပြောနေသည်။

“ငါ့ကိုယ်ငါ ဘယ်တော့မှ ခွင့်လွှတ်နိုင်မှာ မဟုတ်တော့ဘူး။ ဟဲ့ တိရစ္ဆာန်မ၊ နင် ထွက်သွားစမ်း”

ပါရှာကို ရွံရှာစက်ဆုပ်ဟန်ဖြင့် သူ ကြည့်သည်။ ထို့နောက် တုန်ယင်နေသော လက်များဖြင့် တွန်းထုတ်သည်။

“သူက ဒူးထောက်ပြီး တောင်းပန်တယ်၊ နင့်ရှေ့မှာ ဒူးထောက်တယ်။ အိုး... ဘုရားသခင်”

ထို့နောက် အဝတ်အစား မြန်မြန်လဲကာ အိမ်ထဲမှ ထွက်သွားသည်။ ပါရှာကို လက်နှင့် မထိမိအောင် ရှောင်သည်။

ပါရှာသည် ကုလားထိုင်တခုတွင် ပြေးထိုင်ကာ ကျယ်လောင်စွာ ငိုသည်။ သူ့လက်ဝတ်လက်စားတွေကို ပေးလိုက်မိသဖြင့် ဝမ်းနည်းလာသည်။ ဖြစ်ပျက်သမျှ အားလုံးမှာ ပိုင်စိုးပိုင်နင်း နိုင်လှသည်။ လွန်ခဲ့သည့် သုံးနှစ်က ကုန်သည်တယောက်က သူ့ကို ရိုက်နှက်သည်ကို အမှတ်ရမိသည်။ အကြောင်း မရှိဘဲ ရိုက်ခြင်း ဖြစ်သည်။ ယခုမူ ပါရှာသည် ထိုစဉ်ကထက် ပို၍ ကျယ်ကျယ်လောင်လောင် ငိုလေသည်။

■

ချက်ကော့ (ငယ်ရွယ်နုစဉ်က ၁၈၈၈)

ဆရာဝန်
The Doctor

ဧည့်ခန်းတခုလုံး တိတ်ဆိတ်နေသည်။ အပြင်ဘက်မှ အသံကို ကြားရလောက်အောင်ပင် တခန်းလုံး ငြိမ်သက်နေစဉ် ဝင်လာသော ယင်တကောင် မျက်နှာကြက်တွင် နားသည်။ အိမ်ရှင်မ ဖြစ်သည့် အော်လဂါအီဗန်နော့ဗနာသည် အတင်း အတောင်ခတ်ကာ တိုးနေသည့်အသံကို နားထောင်ရင်း ပြတင်းပေါက်တွင် ရပ်လျက် ပန်းခြံဆီသို့ ကြည့်ပြီး တွေးတောနေသည်။ ထို့အတူ သူ၏ ဆရာဝန်၊ သူ၏ မိတ်ဆွေဟောင်း ဖြစ်သည့် ဒေါက်တာ ဆဗီယက်ကော့သည်လည်း ပက်လက်ကုလားထိုင်တွင် ထိုင်ကာ ဦးထုပ်ကို ဆော့ကစားရင်း အတွေးခေါင်နေသည်။ ဆရာဝန်သည် အော်လဂါ၏သား မစ်ရှာကို ကြည့်ရှုရန် ရောက်နေခြင်း ဖြစ်သည်။ သူတို့နှစ်ယောက်မှတပါး ဧည့်ခန်းထဲတွင် သက်ရှိဆို၍ တဦးတယောက်မျှ မရှိ။ နေကား ဝင်သွားပြီ။ ညနေခင်း၏ အမှောင်ရိပ်သည် ဧည့်ခန်းထဲသို့ ဝင်ရောက် ကြီးစိုးလာပြီ။

ငြိမ်သက်နေရာမှ အော်လဂါ စတင် စကားပြောသည်။

"ခုထက် ကံဆိုးမိုးမှောင်ကျတဲ့ အဖြစ်တော့ မရှိနိုင်တော့ပါဘူး။ ဒီကလေးက လွဲလို့ရှိရင် လူ့ဘဝဆိုတာ ကျွန်မအဖို့ ဘာမှ တန်ဖိုးမရှိဘူးဆိုတာ ရှင်လည်း အသိပဲ"

သူသည် ပြတင်းပေါက်မှ မခွာသေးဘဲ၊ အထဲသို့ မျက်နှာမလှည့်ဘဲ ပြောနေသည်။

"အင်းပါ၊ အဲဒါ သိသားပဲ"

ဆရာဝန်က ပြန်ပြောသည်။

"ဘာမှ တန်ဖိုးမရှိပါဘူး"

အော်လဂါ၏ အသံသည် တုန်ယင်နေသည်။

"မစ်ရှာဟာ ကျွန်မအဖို့ အသက်ဘူးလေးပဲ၊ ကျွန်မတို့အိမ်ရဲ့ခလောက်ဆွဲလေးပဲ။ ကျွန်မရဲ့ လည်ဆွဲရတနာလေးပဲ။ ရှင်ပြောသလို ဆုံးပါးသွားမယ်၊ ကျွန်မဟာလည်း သားတယောက် မိခင်ဘဝက ဆုံးရှုံးရတော့မယ်ဆိုရင် ကျွန်မဘဝမှာ ဘာကျန်ရစ်တော့မှာလဲ။ သူ့အရိပ်ပဲ ကျန်ရစ်ခဲ့တော့မှာပေါ့။ ဒီလိုဆိုရင် ကျွန်မလည်း သက်ဆိုးရှည်မှာ မဟုတ်ဘူး"

အော်လင်္ဂါအီဗန်နော့ဗနာသည် ခေါင်းလည်း တခါခါနှင့် ပြတင်းတခုမှ တခုသို့ ကူးသွားရင်း ဆက်၍ ပြောသည်။

"သူ့ကို မွေးတော့ မိဘမဲ့ဆေးရုံကို ပို့လိုက်မလို့ပဲ၊ ရှင် မှတ်မိတယ်နော်၊ ဒါပေမဲ့ အဲဒီတုန်းကနဲ့ အခု မတူတော့ဘူးရှင့်။ အဲဒီတုန်းက ကျွန်မ ဆိုတာက အောက်တန်းစားထဲက မဟုတ်လား။ မိုက်တယ်၊ လေးလေးနက်နက် မရှိဘူး။ ဒါပေမဲ့ အခုတော့ ကျွန်မဟာ မိခင်တယောက် ဖြစ်လာပြီ။ ရှင် နားလည်တယ် နော်၊ ကျွန်မဟာ မိခင်တယောက်။ အဲဒါကို ကျွန်မ ကောင်းကောင်း သိလာပြီ။ အတိတ်နဲ့ ပစ္စုပ္ပန်အကြား တံတားထိုးလို့ မရတဲ့ ပင်လယ်တခု ခြားနေပြီ"

ထိုနောက် တိတ်ဆိတ်သွားပြန်သည်။ ဆရာဝန်သည် ကုလားထိုင်မှ ဆိုဖာပေါ်သို့ ပြောင်းထိုင်လိုက်သည်။ သူ့မျက်လုံးများသည် အော်လင်္ဂါကို အပျောက်မခံ။ စိတ်ကလည်း အတည်အငြိမ် မရှိဘဲ လက်ထဲမှ ဦးထုပ်ကို ဆော့ကစားနေသည်။ သူသည် တစုံတခုကို ပြောချင်နေသည်။ ထို့ကြောင့် အခါအခွင့်ကို စောင့်နေဟန် တူသည်။

"ရှင်လည်း ဘာမှ မပြောတော့ဘူးလား။ ဒါပေမဲ့ ကျွန်မကတော့ အားမရသေးပါဘူး။ နေပါဦး၊ ဘာလို့ စကားမပြောတာလဲ"

အော်လင်္ဂါသည် သူ့ဘက်သို့ လှည့်လိုက်သည်။

"ငါလည်း မင်းလိုပဲ မျှော်လင့်ချက်နဲ့ ဝမ်းသာချင်တာပါပဲ။ ဒါပေမဲ့ အလကားပဲ၊ ဘာမှ မျှော်လင့်စရာ မရှိဘူး။ အဖြစ်မှန်ကို သူ့မျက်နှာမှာ ကြည့်ပေါ့။ ကလေးဦးနှောက်မှာ မြင်း ရှိနေတယ်။ အဲဒီရောဂါမျိုးဟာ ကုလို့ရရိုးထုံးစံ မရှိသေးဘူး၊ သေဖို့ပဲ ရှိတာပဲ"

"ရှင့်စကား မမှားနိုင်ဘူးနော်၊ သေချာတယ်နော်၊ ဘယ်လိုလဲ နီကိုလေရဲ့"

"အလကားပါကွယ်၊ မင်းလိုမေးခွန်းမျိုး ဖြေခဲ့ရပေါင်း များလှပြီ။ ဘာမှ မျှော်လင့်ချက် မရှိနိုင်ပါဘူး"

အော်လင်္ဂါသည် မျက်နှာကို ပြတင်းခန်းဆီသို့ အပ်လိုက်ပြီး အားရပါးရ ငိုနေသည်။ ဆရာဝန်သည် ထိုင်ရာမှထကာ အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်သည်။ ထို့နောက် အော်လင်္ဂါထံသို့ သွားကာ လက်မောင်းကို အသာအယာ ဆုပ်ကိုင်ရင်း နှစ်သိမ့်အားပေးသည်။ သူသည် ထိုင်ရမလို ထရမလို၊ အော်လင်္ဂါအား ဖက်ရကိုင်ရမလို လွှတ်ရမလို မတည်မငြိမ် ဖြစ်နေသည်။ မှောင်ရီ ပျိုးချိန်တွင် သူ့မျက်နှာသည် ညိုမှိုင်းနေသည်။ ယင်းအမူအရာကို ကြည့်ခြင်းအားဖြင့် သူသည် တစုံတရာ ပြောချင်နေကြောင်း သိသာသည်။

“ငါပြောတာ နားထောင်ပါ အော်လဂါ၊ ခဏလေး နားထောင်စမ်းပါ။ မင်းကို မေးချင်တာတစ်ခု ရှိလို့ပါ။ ဒါပေမဲ့ အခုတော့ ငါပြောတာ နားဝင်မှာ မဟုတ်ဘူး။ ဒီတော့ နောက်မှပဲ လာခဲ့တော့မယ်”

ထို့နောက် ဆဗီယက်ကော့သည် ပြန်ထိုင်ကာ အတွေးနက်နေပြန်သည်။ မိန်းကလေးငယ်လေး တယောက်လိုပင် အော်လဂါသည် တရှုပ်ရှုပ် ငိုနေသည်။ တိတ်ပင် မတိတ်နိုင်တော့။ ထို့ကြောင့် ဆဗီယက်ကော့သည် ဆုံးအောင် မစောင့်တော့ဘဲ သက်ပြင်းတချက် ချကာ အခန်းထဲမှ ထွက်လာခဲ့ပြီး မစ်ရှာ၏အခန်းသို့ သွားသည်။ ကလေးငယ်သည် ခါတိုင်းလိုပင် ပက်လက်ကလေး အိပ်ကာ စကား ပြောသံဆိုသံ စူးစိုက်နားထောင်နေသူလို တနေရာတည်း ကိုသာ စိုက်ကြည့် နေသည်။ ဆရာဝန်သည် သူ့အိပ်ရာပေါ်တွင် ထိုင်ကာ လက်ကိုကိုင်၍ သွေးစမ်းသည်။

“မစ်ရှာ ခေါင်းကိုက်သေးသလား”

မစ်ရှာသည် ခဏလေးကြာမှ ဤသို့ ဖြေသည်။

“ဟုတ်တယ်၊ ကျွန်တော် အိပ်မက် မက်နေတယ်”

“ဘာတွေ မက်သလဲ”

“မျိုးစုံပေါ့”

ဆရာဝန် ဆဗီယက်ကော့သည် အငိုမတိတ်သော မိန်းမနှင့် စကားမပြောတတ်။ ထို့အတူ ကလေးနှင့်လည်း စကားမပြောတတ်။ ထို့ကြောင့် စိတ်ပျက်လက်ပျက်နှင့် သူ့ခေါင်းကို ထုကာ ဤသို့ မပွင့်တပွင့် ပြောလိုက်သည်။

“ကိစ္စမရှိပါဘူး ကလေးရယ်၊ လူဆိုတာ နာဖျားမကျန်းတော့ ရှိမှာပေါ့။ ဒီမှာ မစ်ရှာ၊ ငါ ဘယ်သူလဲဆိုတာ သိလား”

မစ်ရှာထံမှ အဖြေမရ။

“မင်း... ခေါင်းသိပ်ကိုက်သလား”

“သိပ်ပြီး ကျွန်တော် အိပ်မက် မက်နေတယ်လေ”

ထို့နောက် သူသည် မစ်ရှာကို ကြည့်ရှုစမ်းသပ်ကာ ပြုစုသူ မိန်းကလေးအား မေးမြန်း ပြောဆိုပြီးနောက် ဧည့်ခန်းထဲသို့ ခပ်ဖြည်းဖြည်းဝင်လာခဲ့သည်။ ယခုဆိုလျှင် အမှောင်ထုသည် ပို၍ နက်ရှိုင်းလာသည်။ ပြတင်း၌ ရပ်နေသော အော်လဂါအား အရိပ်မည်းမည်းသာ မြင်ရတော့သည်။

"မီးထွန်းလိုက်ရမလား"

ဆဗီယက်ကော့က မေးလိုက်သည်။ အဖြေ မရ။ ယင်ကောင်သည် မျက်နှာကြက်တွင် တဝီဝီ အော်မြည်နေသည်။ အပြင်ဘက်မှ အသံဗလံတို့ အခန်းထဲသို့ ဝင်မလာ။ ကမ္ဘာလောကကြီး တခုလုံးသည် ဆရာဝန်ကဲ့သို့ပင် အတွေးတိမ်တိုက်ကို စီးကာ လွင့်ပါးနေဟန် တူသည်။ စကားပြောရန်ပင် သတိရတော့ဟန် မတူ။ ယခုမူ အော်လဂါသည် အငိုတိတ်သွားပြီ။ သို့သော်လည်း ပန်းခင်းကို စိုက်ကြည့်ကာ ငြိမ်ချက်သား ကောင်းနေသည်။ အခန်းထဲသို့ ဆဗီယက်ကော့ ရောက်သွားသည့်အခါ အော်လဂါ၏မျက်နှာမှာ ပူဆွေးစိတ်ကြောင့် ညှိုးနွမ်းနေသည်ကို တွေ့ရသည်။ နေမကောင်းကာ အပြင်းအထန် ခေါင်းကိုက်စဉ်က ထုံထိုင်းတွေဝေနေသည့် အမူအရာမျိုးကို တဖန် ပြန်၍ တွေ့ရသည်။

"ဒီမှာ နီကိုလေ ထရိုဖီမစ်ရယ်၊ ဆရာဝန်ကြီးတွေနဲ့ တွေ့ပြီး ပြကြည့်ရင် မကောင်းဘူးလား"

"ကောင်းသားပဲ၊ မနက်ကျတော့ စီစဉ်ပေးရမှာပေါ့လေ"

ဆရာဝန်၏လေသံမှာ အလေးအနက် မရှိ။ အကျိုးထူးလာမည် မဟုတ်ဟု ယုံကြည်နေဟန် တူသည်။ အော်လဂါသည် နောက်ထပ် ဆက်၍ ပြောချင်သေးသည်။ သို့သော်လည်း ရှိုက်သံအောက်တွင် ပျောက်သွားသည်။ သို့နှင့် သူသည် မျက်နှာကို ပြတင်းခန်းဆီးတွင် အပ်လိုက်ပြန်သည်။ ထိုအချိန်တွင် ခပ်လှမ်းလှမ်းရှိ ကလပ်မှ တီးဝိုင်းတခု တီးမှုတ်နေသည့် အသံသည် လေထဲတွင် ပျံ့လွင့်လာသည်။ ပလွေသံသာမက တယောသံကိုပါ ကြားရသည်။

"နာကျင်နေတယ်ဆိုရင် ဘာလို့ ငြိမ်နေရတာလဲ။ တနေ့လုံး ဘာသံမှ မကြားရဘူး၊ ဘာမှ မပြောဘူး။ နာတယ်လည်း မပြောဘူး၊ ငိုလည်း မငိုဘူး။ ဘုရားသခင်က ကျွန်မတို့ သားလေးကို ခေါ်သွားတော့မှာပါပဲ။ ကျွန်မတို့က ဒီလို ရတနာလေးကို ဘယ်လို တန်ဖိုးထားရမှန်းမှ မသိတာ"

တီးဝိုင်းသည် စစ်ချီတေးသံကို တီးမှုတ်ပြီး၍ ကပွဲပဏာမတေးသံအဖြစ် ဝေါ့တေးသွားကို တီးမှုတ်ပြန်သည်။

"ဘုရားသခင်ကလည်း ဘာမှ တတ်နိုင်မှာ မဟုတ်ဘူးနဲ့ တူပါရဲ့၊ မကယ်နိုင်တော့ဘူးတဲ့လား"

အော်လဂါသည် ငိုကြွေးမြည်တမ်းနေသည်။

"နီကိုလေ၊ ရှင် ဆရာဝန် မဟုတ်လား၊ ဘာလုပ်ရမယ်ဆိုတာ သိမှာပေါ့။ သားလေး အဆုံးမခံနိုင်ဘူးဆိုတာ ရှင် နားလည်မှာပေါ့။ ကျွန်မပါ သေရလိမ့်မယ်၊

အမယ်လေး”

ငိုကြွေး မြည်တမ်းနေသော မိန်းမသား တယောက်အား ဘယ်လို နှစ်သိမ့်ရမည်ကို မသိသည့် ဆရာဝန်သည် သက်ပြင်းချကာ ဧည့်ခန်းထဲတွင် ခေါက်တုံ့ ခေါက်ပြန် လျှောက်နေသည်။ ထိုနောက် ငိုသံတိတ်သွားကာ မေးခွန်းများ ပေါ်လာသည်။ ထိုမေးခွန်းကား အဖြေမရနိုင်သော အချည်းနှီး မေးခွန်းများသာ ဖြစ်သည်။ တဖန် ငိုကြွေးခြင်း ပြန်စသည်။ တီးဝိုင်းသည် လေးပွင့်ဆိုင် ကကွက်တေးသွားကို တီးမှုတ်သည်။ ထို့နောက် စုံတွဲ ဝိုင်းကြီးပတ်တေးသွား၊ ထိုမှတဖန် လေးပွင့်ဆိုင် ကကွက်တေးသွား နောက်တမျိုးတို့ကို ဆက်လက်တီးမှုတ်နေသည်။ ယခုမူ လုံးလုံးလျားလျား မှောင်သွားပြီ။ တဖက်ခန်းတွင် သူငယ်မလေးသည် မီးအိမ်ကို ထွန်းညှိလိုက်သည်။ တချိန်လုံးတွင် ဆရာဝန်သည် ဦးထုပ်ကို ကိုင်ကာ တစုံတခုကို ပြောရန် ပါးစပ်ပြင်နေသည်။ အော်လဂါသည် သားထံသို့ သွားကာ အိပ်ရာဘေးတွင် နာရီဝက်ခန့် ထိုင်ပြီး ဧည့်ခန်းသို့ ပြန်လာသည်။ ခဏကြာလျှင် သားဆီသို့ သွားပြန်သည်။ ပြီးတော့ ပြန်လာသည်။ သူသည် အဆက်မပြတ်ပင် ငိုကြွေး မြည်တမ်းနေသည်။ မျက်ရည်နှင့် မျက်ခွက် ဖြစ်သည်။ အချိန်ကား ကုန်ခဲလှသည်။ ညသည်ပင် ကုန်လွန်နိုင်ဟန် မတူ။

သန်းခေါင်ရောက်လျှင်ကား တီးဝိုင်းသည် ကော့တီလျန် တေးသွားတမျိုးကို တီးမှုတ်ကာ ရပ်သွားသည်။ ဆရာဝန်လည်း ပြန်ရန် ဟန်ပြင်သည်။

“နက်ဖြန်ကျတော့ လာခဲ့ဦးမယ်၊ မင်းလည်း အိပ်တော့”

ဆရာဝန်သည် အော်လဂါ၏ အေးစက်နေသော လက်ကို ဖျစ်ညှစ် ဆုပ်ကိုင်ကာ ပြောသည်။

သူသည် ကုတ်အင်္ကျီကြီးကို ရုံလိုက်သည်။ တုတ်ကောက်ကို ကောက်ကိုင်လိုက်သည်။ ထိုနောက်တွင်မှ အတွေးတမျိုး ဝင်လာကာ ဧည့်ခန်းထဲသို့ ပြန်ဝင်လာသည်။

“နက်ဖြန်မှ လာခဲ့ဦးမယ် အော်လဂါ၊ ငါပြောတာ ကြားရဲ့လား”

သူ့အသံသည် တုန်နေသည်။

အော်လဂါသည် ဘာမျှပြန်မပြော။ ပူဆွေးဒုက္ခ ရောက်နေသဖြင့် စကား မပြောနိုင်လောက်အောင် ဖြစ်နေဟန် တူသည်။ ဆရာဝန်သည် ဝတ်ရုံကြီး ရုံလျက် တုတ်ကောက်ကို ကိုင်ရင်း အော်လဂါ၏ဘေးတွင် ဝင်၍ ထိုင်ကာ တိုးတိုးသက်သာ ပြောနေသည်။ သူ့အသံသည် လေသံလေးမျှသာ ဖြစ်ရာ ခံ့ညားကြီးမားသည့် သူ့ခန္ဓာကိုယ်ကြီးနှင့် မလိုက် ဖြစ်နေသည်။

"အော်လဂါ၊ မင်း ပူဆွေးဒုက္ခ ရောက်နေတာကို ငါလည်း ခွဲဝေယူမှာပေါ့။ ကဲ အခုတော့ မုသားစကားဟာ မကောင်းပါဘူးကွာ။ ဒီတော့ အမှန်ပြောဖို့၊ မှန်တာပဲဆိုဖို့ ငါ မင်းကို တောင်းပန်ပါတယ်။ ဒီကလေးဟာ ငါ့သားလို့ မင်းက အမြဲ ပြောလေ့ရှိတယ်။ အဲဒါ အမှန်ပဲလား ဟင်"

အော်လဂါသည် ငြိမ်နေသည်။

"မင်းဟာ ငါ့ဘဝမှာ တွယ်တာစရာ တခုပါကွာ။ မမှန်စကား၊ မုသားစကားဟာ ငါ့ကို ဘယ်လောက် နာကြည်းစေတယ်ဆိုတာ မင်းသိမှာ မဟုတ်ပါဘူး။ ကဲပါ... မင်းကို တောင်းပန်တာပါ၊ အသနားခံတာပါ။ တသက်မှာ တခါတော့ မှန်တဲ့စကား ပြောပါကွာ။ ခုလို အချိန်မျိုးမှာ မလိမ်ချင်ပါနဲ့။ မစ်ရှာဟာ ငါ့သား မဟုတ်ဘူးနော်။ ဘယ်လိုလဲ၊ ပြောလေကွယ်"

"ဟုတ်တယ်... ရှင့်သား"

အော်လဂါ၏မျက်နှာကိုမူ မမြင်ရ။ သို့သော်လည်း သူ့အသံတွင် ဆုတ်ဆိုင်း ဆုတ်ဆိုင်းဖြစ်ကာ စိတ်မပါ့တပါ့အသံကို ကြားလိုက်ရသလို ရှိသည်ဟု ဆရာဝန် ထင်သည်။ ထို့ကြောင့် သက်ပြင်းချလိုက်သည်။

"ခုလိုအခါမျိုးမှာတောင် လိမ်နိုင်သေးတယ်ကွယ်"

ဆရာဝန်သည် အသံမှန်နှင့် ပြောသည်။

"မင်းအဖို့ အမြတ်တနိုးဆိုတာ ဘာမှ မရှိနိုင်ပါဘူး။ ငါပြောတာ နားထောင်စမ်းပါ၊ မင်းဟာ ငါ့ဘဝမှာ တွယ်တာစရာတယောက်ပါ။ ဟုတ်တယ်၊ မင်းဟာ အကျင့်မကောင်းဘူး၊ ရုန့်ကြမ်းတယ်။ ဒါပေမဲ့ ငါ့တသက် မင်းကိုပဲ ချစ်ခဲ့ပါတယ်။ အဲဒီအချစ်ဟာ အသေးအဖွဲ ဆိုပေမယ့် ခုလို အသက်ကြီးလာတဲ့ အခါမှာတော့ ငါ့ဘဝမှာ ရွှင်လန်းစရာ တကွက်ပါပဲလို့ ငါ အမှတ်ရနေပါတယ်။ အဲဒါကို လှည့်စားမှုနဲ့ ဘာလို့ ဖျက်ဆီးချင်ရတာလဲကွယ်။ ဘာအကြောင်းများ ရှိလို့လဲ"

"ရှင် ပြောနေတာ ကျွန်မ နားမလည်ဘူး"

"ဘုရားသခင် ကယ်တော်မူပါ"

ဆဗီယက်ကော့က အော်လိုက်သည်။

"မင်း လိမ်နေတာ၊ မင်း ကောင်းကောင်း နားလည်တယ်"

သူ့အသံသည် ပို၍ ကျယ်လာသည်။ သူသည် တုတ်ကောက်ကို ယမ်းရင်း

ညှော်ခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။

“မင်း မေ့နေလို့ရင်လည်း ဖြစ်ရမယ်။ ဒါဖြင့် ငါ အစဖော်ပေးမယ်။ ဒီကလေးရဲ့အဖေအဖြစ် ငါနဲ့အတူ ပီထရော့ရယ်၊ ရှေ့နေ ဆူရော့စကီရယ်၊ သုံးယောက်စလုံး ခံယူကြတာ မဟုတ်လား။ သူတို့သားအတွက် ကျောင်းစရိတ် ထောက်ဖို့ဆိုတော့ ငါ့လိုပဲ သူတို့လည်း စရိတ် ထောက်ကြတယ် မဟုတ်လား။ ဟုတ်တယ်၊ အားလုံးကို ငါ ကောင်းကောင်း မှတ်မိတယ်။ အေး ဟိုတုန်းကတော့ မင်းလိမ်ပြောတာကို ငါ ခွင့်လွှတ်နိုင်တယ်။ လိမ်ပြောလို့ ဘာအရေးကြီးလဲ။ ဒါပေမဲ့ အခုတော့ မင်းလည်း အသက်ကြီးလာပြီ၊ ကလေးကလည်း သေတော့မယ်။ မင်းက လိမ်ပြောနေတဲ့အတွက် ငါ့မှာလည်း အသက်ရှူရ ခက်လှပြီ။ အေးကွယ်၊ စကားမပြောချင်လောက်အောင် ငါဖြင့် ဝမ်းနည်းနေတယ်”

ဆရာဝန်သည် အင်္ကျီကြယ်သီးကို ဖြုတ်ကာ အခန်းထဲတွင် လျှောက်ရင်း ဆက်၍ ပြောပြန်သည်။

“ပရိဒေဝမီး လောင်ကျွမ်းနေတဲ့ မိန်းမ၊ အဲဒီလိုအချိန်မျိုးမှာတောင် သူ စိတ်မပြောင်းသေးဘူး။ အခုလည်း ဟိုအရင် ကိုးနှစ်က ဟာမစ်တိတ် စားပွဲရုံထဲမှာတုန်းကလိုပဲ လိမ်ပြောနေသေးတာ ပဲ။ တကယ်လို့ အမှန်ကို ပြောလိုက်ရင် သူ့ကို ဆက်လက် ထောက်ပံ့တော့မှာ မဟုတ်ဘူး။ ဒါကို စိုးရိမ်နေတယ်။ မလိမ်ရင် သူ့သားကို ငါက ချစ်တော့မှာ မဟုတ်ဘူးလို့ ထင်နေတယ်။ ဟေး မင်းလိမ်နေတာက စက်ဆုပ်စရာ ကောင်းလှတယ်ကွ၊ ရွံစရာ ကောင်းလှတယ်ကွ”

ဆရာဝန်သည် ကြမ်းကို တုတ်ကောက်နှင့် ခေါက်ကာ အော်ဟစ်လေသည်။

“ဒီလိုလုပ်တာ အော့နှလုံး နာစရာပါကွာ။ မင်းဟာ အလွန် ဖောက်ပြန်တဲ့ မိန်းမ၊ မဟုတ်မမှန်တာတွေကို လုပ်ကြံပြောတဲ့ မိန်းမ။ မင်းကို ငါ အထင်သေးသွားပြီ။ ငါ့စိတ်ထဲမှာ ကိုးနှစ်လုံးလုံး တမျိုး ခံစားနေခဲ့ရတယ်၊ ရှက်စရာပဲ။ နင် လိမ်ပြောတာကို ယုံပြီး ငါ့မှာ ရင်နင့်နေအောင် ခံစားခဲ့ရတယ်။ ကိုးနှစ်လုံးလုံး ဒဏ်ခံခဲ့ရတယ်။ အခုတော့ တော်ပြီ၊ တော်လောက်ပြီ”

အော်လဂါ ထိုင်နေသည့် မှောင်မည်းနေသော အခန်းထောင့်ဆီမှ ငိုကြွေးသံသည် ပျံ့လွင့်လာသည်။ ဆရာဝန်သည် ပြောလက်စ စကားကို ရပ်လိုက်ပြီး လည်ချောင်းမှ သလိပ်များကိုရှင်းလိုက်သည်။ ထို့နောက် ငြိမ်သက်နေကြသည်။ ခဏကြာလျှင် ဆရာဝန်သည် ကုတ်အင်္ကျီကို ကြယ်သီးပြန်တပ်သည်။ ကြမ်းပေါ် ကျနေသည့် ဦးထုပ်ကို ရှာသည်။

သူသည် ကုန်းကွနေရာမှ “ငါ စိတ်မရှည်တော့ဘူး၊ စိတ်ဆိုးသွားတယ်” ဟု

တီးတိုး ရေရွတ်နေသည်။

"ငါ ပြောနေတာတွေကို မင်း မကြားနိုင်ဘူး၊ မစဉ်းစားအားဘူးဆိုတာ ငါ မတွေးမိဘူး။ ငါ ဘာတွေပြောတယ်ဆိုတာ ဘုရားသခင် သိပါတယ်ကွာ။ အဲဒါတွေ ဗွေယူမနေနဲ့နော် အော်လဂါ"

ဦးထုပ်ကို တွေ့ပြီးနောက် သူသည် မှောင်မည်းနေသော အခန်းထောင့်ဆီသို့ သွားသည်။

"မင်းကို နာကြည်းအောင် ငါ လုပ်ခဲ့တယ်"

သူ့အသံသည် ပျော့ပျောင်းသည်။ ညင်သာသည်။ လေသံလေးမျှသာ ဖြစ်သည်။ ကြင်နာမှု ပါသည်။

"ဒါပေမဲ့ မင်းကို ငါ တောင်းပန်တာပါကွာ၊ မှန်တာကိုသာ ပြောပါ။ တို့အချင်းချင်းကြားမှာ ဘာမှ ဖုံးကွယ်စရာ မရှိပါဘူး။ ငါ ပြောပေါ့ပဲ၊ ပြီးတော့ ပီထရော့နဲ့ ဆူရော့စကီ ဆိုတာ ငါနဲ့ ဘာမှ လျှို့ဝှက်စရာ မရှိဘူးဆိုတာ မင်းလည်း သိသားပဲ။ ကဲ... အခုနေဆိုရင် မင်းလည်း မှန်တာကို ပြောနိုင်လောက်ပြီပေါ့"

အော်လဂါ အီဗန်နော့ဗနာသည် ခဏတာမျှ တွေးတောနေသည်။ ထိုနောက် သိသိသာသာချည်းပင် ဆုတ်ဆိုင်းဆိုင်းနှင့် -

"နီကိုလေ... ကျွန်မ မလိမ်ပါဘူး၊ မစ်ရှာက ရှင့်သားပါပဲ" ဟု ဆိုသည်။

"ဘုရား ......ဘုရား"

ဆရာဝန်သည် ဘုရား တ နေသည်။

"ဒါဖြင့် မင်းကို ငါ ထပ်ပြောလိုက်ဦးမယ်။ ပီထရော့ဆီကို မင်းပေးတဲ့စာထဲမှာ ပီထရော့ကို မစ်ရှာရဲ့အဖေလို့ မင်း ရေးထားတယ်။ အဲဒီစာ ငါ့ဆီမှာ ရှိတယ်။ ဒီမှာ အော်လဂါ၊ အမှန်ကို ငါ သိပါတယ်ကွာ။ ဒါပေမဲ့ မင်းပါးစပ်က ပြောတာကို ငါ ကြားချင်လို့ပါ။ ငါပြောတာ ကြားရဲ့လားဟင်"

အော်လဂါထံမှ စကားပြန် မရ။ ငို၍သာ နေသည်။ ခဏကြာမျှ အဖြေကို စောင့်စားနေပြီးနောက် ဆရာဝန်သည် ပခုံးကို တွန့်ကာ ထွက်လာခဲ့သည်။

"နက်ဖြန် ငါ လာခဲ့ဦးမယ်ဟေ့" ဟု လှမ်းပြောလိုက်သည်။

သူသည် အိမ်အပြန်တလမ်းလုံး မြင်းလှည်းပေါ်တွင် ပခုံးတွန့်လိုက်၊ ပါးစပ်မှ တတွတ်တွတ် ပြောလိုက်နှင့် အလုပ်ရှုပ်လာသည်။

အင်း ဘယ်လို နားဝင်အောင် ပြောရမယ်ဆိုတာ ငါ မသိဘူး။ သနားစရာပဲ၊ ငါ့မှာ တဖက်သားကို သဘောပေါက်အောင် ပြောနိုင်တဲ့ အစွမ်းအစ မရှိဘူး။ သူ့အဖို့ကတော့ မုသားစကား ပြောပြီးကတည်းက ငါ့ကို သူ နားမလည်နိုင်ဘူးဆိုတာ ထင်ရှားတယ်၊ ဒါ အရှင်းကြီးပဲ။ အေး... သူ အမှန်မြင်အောင် ဘယ်လို ပြောရမလဲ၊ ဘယ်လို လုပ်ရမလဲ။

■

စာရေးတော်ကြီးတယောက် သေဆုံးခြင်း

The Death of a Clerk

ညသည် ကောင်းမွန်လှပသည်။ ထိုညတွင် လူကောင်းတယောက် ဖြစ်သည့် စာရေးတော်ကြီး အိုင်ဗင်ဒီမီထရစ် ချာဗီယာကော့သည် ဇာတ်ရုံထဲတွင် ပထမတန်းမှ ပွဲကြည့်နေသည်။ သူ ထိုင်နေသည်မှာ ဒုတိယတန်း ခုံတန်းလျားတွင် ဖြစ်သည်။ သူ့တွင် အော်ပရာ မှန်ပြောင်း ရှိသည်။ ပွဲကြည့်ရင်း သူသည် လောကတွင် အပျော်ဆုံး လူတယောက် ဖြစ်သည်ဟု ထင်မိလေသည်။ ထိုခဏတွင် ရုတ်တရက် ချက်ချင်း...၊ ရုတ်တရက် ချက်ချင်း ဆိုသော စကားလုံးသည် အငှား စကားလုံး ဖြစ်သည်။ သို့သော် စာရေးသူသည် သည်စကားလုံးကိုပဲ သုံးရမည်။ ဘဝဆိုသည် အံ့သြစရာတွေနှင့် ပြည့်လျှံနေသည် မဟုတ်လား။ ရုတ်တရက် ချက်ချင်းပင် သူ့မျက်နှာ ရှုံ့တွလာသည်။ လက်ထဲက အော်ပရာ မှန်ပြောင်းကိုမူ ဘေးသို့ ဖယ်ရှားလိုက်သည်။ မျက်လုံးများ ရစ်ဝိုင်းလာပြီး ခေါင်းကို အပေါ်သို့ မော့ကြည့်လိုက်သည်။ အသက်ရှူ ခဏရပ်သွားပြီး သူ့ခန္ဓာကိုယ်မှာ ထိုင်ခုံတွင် ထိုင်နေရင်း နှစ်ဆ ကြီးလာသည်။ ပြီးတော့ ဟတ်ချိုး...။ သူ နှာချေလိုက်ခြင်းပင် ဖြစ်သည်။ လူတိုင်းပင် နှာချေချင်သည့် အချိန်တွင် နှာချေခွင့်ရှိသည် မဟုတ်လား။ လယ်သမားများ၊ ပုလိပ် အင်စပက်တော်များ၊ ပရီဗီကောင်စီလာများ၊ အားလုံး နှာချေကြသည်ချည်း ဖြစ်သည် မဟုတ်လား။ ဟုတ်သည်။ လူတိုင်း နှာချေကြသည်။ ချာဗီယာကော့သည် မည်သို့မျှ စိတ်အနှောင့်အယှက် မဖြစ်မိ။ လက်ကိုင်ပဝါဖြင့် နှာခေါင်းကို သုတ်သည်။ ထို့နောက် အမျိုးကောင်းသားပီပီ ဘေးဆီကို ကြည့်သည်။ သူ နှာချေလိုက်သဖြင့် တစုံတယောက် ထိခိုက်သွားသလား။ ထိုခဏမှာပင် စိတ်မကောင်း ဖြစ်မိသည်။ သူ့ရှေ့တန်းတွင် ထိုင်နေသော ခေါင်းပြောင်ပြောင်နှင့် အဘိုးကြီး တယောက်သည် လက်အိတ်ဖြင့် ခေါင်းပြောင်ပြောင်ကိုလည်းကောင်း၊ ကုပ်ဆက်ကို လည်းကောင်း အသေအချာ သုတ်နေသည်ကို တွေ့ရသည်။ ပါးစပ်ကလည်း တစုံတရာ ရေရွတ်နေသည်။ သူ့ကို ချာဗီယာကော့ မှတ်မိသည်။ သူကား လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာနမှ အရပ်သား ညွှန်ကြားရေးမှူးချုပ်ကြီး ဗရီဇာလော့ ဖြစ်သည်။

ငါ သူ့ခေါင်းပေါ် နှာချေမိလေပြီ။ သူဟာ ငါ့အကြီးအကဲ မဟုတ်တာ မှန်တယ်။ ဒါပေမဲ့ မကောင်းဘူးပေါ့။ ငါ တောင်းပန်မှပဲ။ ဤသို့ တွေးမိသည်။

ချာဗီယာကော့ ချောင်းတချက်ဟန့်ကာ ရှေ့သို့ ကိုယ်ကို ကိုင်းသွားပြီး ညွှန်ကြားရေးမှူးချုပ်ကြီး ၏ နားဆီသို့ ကပ်ကာ တီးတိုးစကားဆိုသည်။

“ကျွန်တော် တောင်းပန်ပါတယ် ညွှန်ကြားရေးမှူးချုပ်ကြီး ခင်ဗျား၊ ကျွန်တော် နှာချေမိပါတယ်။ မထီမဲ့မြင်လုပ်တာ မဟုတ်ပါဘူး”

“ပြောနေစရာ မလိုပါဘူး”

“ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ ကျွန်တော် တမင်သက်သက် လုပ်တာ မဟုတ်ပါဘူး ခင်ဗျား”

“မင်း ငြိမ်ငြိမ်မနေနိုင်ဘူးလား။ ငါ ပြောတာ နားထောင်မှပေါ့၊ ငြိမ်ငြိမ်နေ”

ချာဗီယာကော့မှာ မသက်မသာ ဖြစ်မိပြီး ရှက်ပြုံးပြုံးကာ ဇာတ်ခုံဆီသို့ ကြည့်မိသည်။ ဇာတ်ဆောင်များကို သူ ကြည့်သည်။ သို့သော် ယခုနေအခါတွင် လောကကြီး၌ အပျော်ဆုံး လူတယောက် ဖြစ်သည်ဟူသော စိတ်ကူး ခေါင်းထဲတွင် ပေါ်မလာတော့ပေ။ သူ့မှာ အပြစ်တခု ကျူးလွန်မိသူလို နောင်တရလာသည်။ ခေတ္တ အားလပ်ချိန်တွင် ဗရီဇာလော့ဆီသို့ သူ သွားသည်။ ခဏမျှ ငုံ့လင့်နေသည်။ ထို့နောက် ကြောက်စိတ် ပြေလာသည့်အခါ ဤသို့ ပြောသည်။

“ညွှန်ကြားရေးမှူးချုပ်ကြီး ခင်ဗျား၊ ကျွန်တော် နှာချေမိပါတယ်၊ ခွင့်လွှတ်တော်မူပါ။ ဝန်မင်း သိတဲ့အတိုင်း ကျွန်တော် မရည်ရွယ်ရိုး အမှန်ပါ”

“ဩော်… ဟုတ်လား၊ ငါ မေ့သွားတယ်။ အေးပေါ့လေ… နှာချေတာ ချေပေါ့”

ညွှန်ချုပ်ကြီးသည် အောက်နှုတ်ခမ်းကို ရွဲ့ကာ ပြန်ပြောသည်။ သူ မေ့သွားပြီ ဆိုပါလား။ ဒါပေမဲ့ သူ့မျက်စိထဲက ကြည့်တဲ့အကြည့်ကို ငါ မကြိုက်ဘူး။ ညွှန်ချုပ်ဆီသို့ကြည့်ကာ မယုံမရဲနှင့် ချာဗီယာကော့ တွေးမိသည်။ ငါ့ကို သူ စကားပြောချင်ဟန် မတူဘူး။ သူ့ကို ရည်ရွယ်ပြီး နှာချေမိတာ မဟုတ်ဘူးဆိုတာ ငါ ရှင်းပြမှပဲ။ ဒါမှ မဟုတ်ရင် သူ့ကို တံတွေးနဲ့ ထွေးတယ်လို့ ထင်ချင် ထင်နေမှာ။ အခု မထင်ပေမယ့် နောင်အခါ ထင်ချင် ထင်နေမှာ။

အိမ်ပြန်ရောက်လျှင် သူ၏ လူကြီးလူကောင်း မပီသသော အပြုအမူကို သူ့မိန်းမအား ပြောပြမိသည်။ သူ့မိန်းမကတော့ အရေးကြီးလှတဲ့ကိစ္စ မဟုတ်ဟု ထင်ချင် ထင်မည်ဟု သူ စဉ်းစားမိသည်။ ဟုတ်သည်။ ခဏတွင် တုန်လှုပ်သွားသည်။ သို့သော်လည်း ဗရီဇာလော့သည် သူတို့၏ အကြီးအကဲ မဟုတ်သည်ကို သိသည့်အခါ ပြေပျောက်သွားသည်။

“ဒါပေမဲ့ ရှင် သွားပြီး တောင်းပန်ဖို့တော့ လိုတယ်။ မဟုတ်ရင် ရှင့်ကို လူထဲသူထဲ နေတတ် ထိုင်တတ်တဲ့လူ မဟုတ်ဘူးလို့ သူ ထင်သွားနိုင်တယ်” ဟု ဆိုသည်။

"အေး... ဒါတော့ ဟုတ်တယ်၊ ငါ တောင်းပန်ပါတယ်။ ဒါပေမဲ့ သူက နားမထောင်ဘူး။ စိမ်းစိမ်းကားကားကြီးပဲ။ ဘာတခွန်းမှလည်း ပြန်မပြောဘူး။ ပြီးတော့ စကားပြောဖို့လည်း အချိန်မရပါဘူး"

နောက်တနေ့တွင် ချာဗီယာကော့သည် ရုံးဝတ်စုံအသစ်ကို ဝတ်ကာ ဆံပင်ညှပ်ပြီး ဗရီဇာလေ့ထံသို့ သူ့ကိစ္စ ရှင်းပြရန် သွားသည်။ ညွှန်ချုပ် ရုံးခန်းတွင် အယူခံလာကြသူများဖြင့် ပြည့်နေသည်။ ညွှန်ချုပ်က လာသမျှကို လက်ခံ ဖြေရှင်းပေးသည်။ ကျန်အချို့ကို ဖြေရှင်းပေးပြီးနောက် ညွှန်ချုပ်သည် ချာဗီယာကော့ဆီသို့ ကြည့်လိုက်သည်။

"မနေ့ညက အာကာဒီယာ ဇာတ်ရုံထဲမှာ ဝန်မင်း မှတ်မိမှာပေါ့။ ကျွန်တော်လေ... နှာချေ... နှာချေမိပါတယ်။ အဲဒါ တောင်းပန်ရအောင်လို့..." စာရေးတော်ကြီးက ပြောသည်။

"ဟား... အဓိပ္ပာယ် မရှိတာတွေ၊ ကဲ- ငါ ဘာလုပ်ပေးနိုင်သလဲဟေ့" ဟု နောက်တယောက်ကို မေးသည်။

ငါပြောတဲ့ စကားကိုတောင် နားမထောင်ဘူးဟု တွေးမိကာ ချာဗီယာကော့မှာ မျက်စိမျက်နှာ ပျက်လာသည်။ ဒီလိုဆိုတော့ သူ စိတ်ဆိုးတာပေါ့။ ဒီလိုနဲ့ မဖြစ်ဘူး။ ရှင်းပြမှ ကောင်းမယ်။

ညွှန်ချုပ်သည် နောက်ဆုံးလူကို လက်ခံစကား ပြောပြီးနောက် သူ၏ရုံးခန်းသို့ ပြန်ရန် လှည့်ထွက်လာသည်။ ချာဗီယာကော့လည်း သူ့နောက်က လိုက်ကာ ပြောစရာ ရှိသည်တို့ကို တိုးတိုးပြောသည်။

"ကျွန်တော့်ကို ခွင့်လွှတ်ပါ ဝန်မင်း ခင်ဗျား၊ ကျွန်တော် အခုလို လာပြီး နှောင့်ယှက်မိတာ စိတ်မကောင်းပါဘူး"

ညွှန်ချုပ်သည် ရှုံ့မဲ့သွားသည်။ အော်ပြီး မောင်းထုတ်တော့မည်ဟန် ပြင်နေသည်ဟု သူ ထင်မိသည်။

"မင်း ငါ့ကို လိုက်ပြီး လှောင်နေတာလား"

ပြောပြောဆိုဆိုပင် ညွှန်ချုပ်သည် တံခါးနှစ်ဖက်ကို ပိတ်လိုက်သည်။

လှောင်တယ်တဲ့....။ ပြောင်စရာ လှောင်စရာ ဘာအကြောင်းမှ မရှိပါဘူး။ အဲဒါ သူ နားမလည်ဘူးတဲ့လား။ သူက ညွှန်ချုပ်တယောက်ပဲ။ ကောင်းပြီလေ။ လူကြီးလူကောင်း တယောက်ကို နောက်ထပ် တောင်းပန်နေဖို့ မလိုတော့ဘူး။ ထင်ချင်သလို ထင်ပေါ့။ သူ့ဆီ နောက်ထပ် မသွားတော့ဘူး။ စာတစောင်

ရေးလိုက်တော့မယ်။

အိမ်သို့အပြန် ချာဗီယာကော့ ဤသို့ စဉ်းစားမိသည်။ သို့သော် သူ စာမရေး။ စာရေးဖို့ စဉ်းစားသည်။ သို့သော်လည်း စကားလုံးများ ရှာ၍ မရ။ သို့ဖြစ်ရာ နောက်တနေ့တွင် ညွှန်ချုပ်ဆီသို့ ထပ်၍ သွားသည်။ ကိစ္စပြေလည်အောင် ရှင်းမှ ဖြစ်မည် မဟုတ်လား။

"မနေ့က ကျွန်တော် ဝန်မင်းကို နှောင့်ယှက်မိပါတယ်"

ညွှန်ချုပ်က သူ့ကို ဘာဖြစ်လို့လာပြန်သလဲဟူ၍ မေးသောအားဖြင့် လှမ်း၍ အကြည့်လိုက်တွင် သူက စ၍ ပြောသည်။

"ဝန်မင်းကို ကျွန်တော် လှောင်တာ မဟုတ်ပါဘူး။ နှာချေမိတဲ့အတွက် တောင်းပန်ရအောင် လာတာပါ။ လှောင်ဖို့ဆိုတာ စိတ်ကူးထဲမှာ နည်းနည်းလေးမှ မထည့်မိပါဘူး ခင်ဗျား။ ဘယ်မှာ လှောင်ဝံ့ပါ့မလဲ ခင်ဗျာ။ လူတွေကို လှောင်ဖို့ဆိုတာ ဘယ်ဖြစ်ပါမလဲ၊ မလေးစားရာ ရောက်မှာပေါ့။ အကြီးအကဲတွေကို မလေးစားရာ ရောက်မှာပေါ့"

"အခန်းထဲက ထွက်သွားဟေ့"

ညွှန်ချုပ်မှာ ဒေါသဖြင့် တုန်လှုပ်နေပြီး အော်ထုတ်သည်။

"ကျွန်တော် တောင်းပန်ပါတယ် ခင်ဗျား"

ချာဗီယာကော့က ကြောက်ကြောက်လန့်လန့်နှင့် တိုးတိုး ဆိုသည်။

"ထွက်သွားဟေ့..."

ညွှန်ချုပ်သည် ခြေကို ဆောင့်နင်းကာ အော်ထုတ်သည်။

ချာဗီယာကော့မှာ ရင်ထဲ၊ ဝမ်းထဲတွင် တမျိုး ဖြစ်သွားသည်ဟု ထင်မိသည်။ တံခါးဆီသို့ လှည့်ပြန်အလာတွင် ဘာကိုမျှ မကြား၊ မမြင်မိတော့ပေ။ လမ်းထဲသို့ ထွက်လာခဲ့ပြီး သွားမိသွားရာ လျှောက်သွားသည်။ သို့နှင့် အိမ်သို့ ပြန်ရောက်လာသည်။ ဆိုဖာပေါ်တွင် လဲလျောင်းလိုက်သည်။ ကိုယ်ပေါ်တွင် ရုံးဝတ်စုံနှင့် ဖြစ်သည်။ ပြီးတော့ စာရေးတော်ကြီး သေဆုံးသွားလေသည်။

စာပြီးနှစ် ၁၈၈၃။

■

ချက်ကော့နှင့် ဇနီး (၁၉၀၁)

လူ့ငနွားမလေး

A Nincompoop

တနေ့တွင် ကလေးများ၏ ဆရာမ ဂျူလီယာဗက်ဆီလျက်ဗနာကို အခန်းထဲသို့ ကျွန်တော် ခေါ်လိုက်သည်။

"ထိုင်လေ ဂျူလီယာဗက်ဆီလျက်ဗနာ၊ တို့ စာရင်းရှင်းကြမယ်။ မင်းမှာ ငွေလိုမှာပဲ။ ဒါပေမဲ့ တို့က မပြောတော့ မင်းကလည်း မတောင်းရဲဘူးပေါ့။ ကဲ... အခု မင်းလခက တလ ရူဗယ် သုံးဆယ်နော်။ တို့ သဘောတူခဲ့ကြတယ် မဟုတ်လား"

ကျွန်တော်က ဆိုသည်။

"လေးဆယ်ရှင့်..."

"မဟုတ်ဘူး သုံးဆယ်၊ ငါ သေသေချာချာ မှတ်ထားတယ်။ ကလေးတွေရဲ့ဆရာမကို အမြဲတမ်း သုံးဆယ် ပေးတယ်။ အခု မင်းရောက်တာ နှစ်လရှိပြီဆိုတော့..."

"နှစ်လနဲ့ ငါးရက်ရှင့်"

"နှစ်လတိတိပါကွယ်၊ အဲဒါ အသေအချာ မှတ်ထားတာ။ ဒီတော့ မင်း ရစရာ ရူဗယ် ခြောက်ဆယ်၊ အဲဒီအထဲက တနင်္ဂနွေ ကိုးရက်နုတ်။ တနင်္ဂနွေနေ့တွေမှာ မင်း စာမှ မသင်တာ။ ကိုလျာနဲ့ လမ်းလျှောက်ရုံသက်သက်ပဲ မဟုတ်လား။ ပြီးတော့ တခြား ရုံးပိတ်ရက် သုံးရက်"

ဂျူလီယာဗက်ဆီလျက်ဗနာ၏ မျက်နှာတခုလုံး နီရဲလာသည်။ စကား တခွန်းမျှ မပြောဘဲ ဂါဝန်စကို ရုတ်တရက် ဖမ်းကိုင်လိုက်သည်။

"ရုံးပိတ်ရက် သုံးရက်နဲ့ ပေါင်းလိုက်တော့ ဆယ့်နှစ်ရူဗယ် နုတ်လိုက်ဦး။ ပြီးတော့ ကိုလျာ နေမကောင်းလို့ စာမသင်ရတာက လေးရက်၊ ဒီရက်တွေမှာ ဗင်ညာနဲ့ပဲ နေရတယ် မဟုတ်လား။ ပြီးတော့ မင်း သွားကိုက်တော့ နေ့လယ်စာ စားပြီး စာမသင်ပါနဲ့လို့ တို့မိန်းမက ခွင့်ပေးတယ် မဟုတ်လား။ ဒီတော့ ဆယ့်နှစ်ရက်ရယ်၊ ခုနစ်ရက်ရယ် ပေါင်းလိုက်ရင် ဆယ့်ကိုးရက်၊ အဲဒါ နုတ်၊ ဘယ်လောက် ကျန်မလဲ။ အင်း... လေးဆယ့်တစ်ရူဗယ် ကျန်တယ်၊ မှန်တယ်နော်"

ဂျူလီယာ၏ ဘယ်ဘက်မျက်လုံး တခုလုံး နီရဲလာပြီး မျက်ရည်တွေ

ဝိုင်းလာသည်။ မေးတဆတ်ဆတ် တုန်လာသည်။ ပြီးတော့ ကယောင်ချောက်ချား ဖြစ်ကာ ချောင်းတချက် ဆိုးပြီး နှာရည်တချက် ညှစ်ထုတ်လိုက်သည်။ သို့သော် စကားတခွန်းမျှ မပြော။

"နှစ်သစ်ကူးချိန်လောက်တုန်းက လက်ဖက်ရည် ပန်းကန်လုံး တခုနဲ့ ပန်းကန်ပြားတခု မင်းကြောင့် ကွဲတယ်၊ ဒီတော့ နှစ်ရူဗယ် နုတ်လိုက်၊ ပန်းကန်က ပိုပြီး တန်ဖိုးရှိတယ်၊ မိဘအမွေ။ အေးလေ ထားလိုက်ပါတော့။ နောက်ပြီးတော့ မင်း ဂရုမစိုက်လို့ ကိုလျာ သစ်ပင်ပေါ် တက်တဲ့အခါ အပေါ်အင်္ကျီ စုတ်သွားတယ်၊ အဲဒါအတွက် ဆယ်ရူဗယ် နုတ်လိုက်။ တခါ မင်း သတိလစ်သွားလို့ ဗင်ညာရဲ့ဖိနပ်ကို အိမ်စေလေး ခိုးသွားတယ်။ ကလေးတွေကိစ္စ အားလုံးကို မင်း ဂရုစိုက်ရမှာပေါ့။ အဲဒါအတွက် မင်းကို အခကြေးငွေပေးပြီး ငှားထားတာပဲ။ ဒီတော့ ဖိနပ်အတွက် ငါးရူဗယ် ထပ်နုတ်။ အဲ... ဇန်နဝါရီလ ဆယ်ရက်က မင်းကို ဆယ်ရူဗယ် ငါ ပေးခဲ့သေးတယ်နော်"

"မပေးခဲ့ပါဘူး ရှင့်"

ဂျူလီယာက တိုးတိုး ပြန်ပြောသည်။

"မဟုတ်ဘူး၊ ပေးခဲ့တယ်။ ငါ သေသေချာချာ မှတ်ထားတယ်"

"ဒါဖြင့်လည်း ဟုတ်ပါပြီလေ"

"ဒီတော့ လေးဆယ့်တစ်ထဲက နှစ်ဆယ့်ခုနစ် နုတ်၊ ဆယ့်လေးပဲ ကျန်မယ်"

ဂျူလီယာ၏ မျက်လုံးအိမ် နှစ်ဖက်စလုံးတွင် မျက်ရည်များ ပြည့်လျှမ်းနေသည်။ ချစ်စရာ့ နှာတံသွယ်သွယ်ပေါ်တွင် ချွေးသီးကလေးများ စို့တက်လာသည်။ သနားစရာ့ ကလေးမလေးပေပဲ။

"ကျွန်မကို တခါပဲ ပိုက်ဆံ ပေးဖူးပါတယ်၊ ဒါက လူကြီးမင်းရဲ့ဇနီးက ပေးတာပါ။ သုံးရူဗယ်ပါပဲ၊ ဒါ့ထက် မပိုပါဘူးရှင့်"

ဂျူလီယာ၏ အသံမှာ တုန်နေသည်။

"ဟုတ်လား... တကယ်ပဲနော်၊ အေး... အဲဒါ ငါ မသိလိုက်ဘူး။ ဒါဖြင့် ဆယ့်လေးထဲက သုံးနုတ်၊ ဆယ့်တစ်ပဲ ကျန်တယ်။ ကဲ... ချစ်လှစွာသော ဆရာမလေး၊ မင်း ရမယ့် ဆယ့်တစ်ရူဗယ်ကို ပေးမယ်။ ရော့... သုံးရူဗယ်၊ သုံးရူဗယ်၊ သုံးရူဗယ်၊ တစ်ရူဗယ်၊ ပြီးတော့ တစ်ရူဗယ်၊ ကဲ.... ဆယ့်တစ်ရူဗယ် ပြည့်သွားပြီ။ ယူပေတော့"

ဆရာမလေး လက်ထဲသို့ ဆယ့်တစ်ရူဗယ် ပေးလိုက်သည်။ ဂျူလီယာသည်

လက်ချောင်းလေးများ တဆတ်ဆတ်တုန်ကာ ပိုက်ဆံကို လက်ခံယူပြီး အိတ်ထဲ ထည့်လိုက်သည်။

"ကြင်နာလှပါပြီ ရှင်"

သူ တိုးတိုး ဆိုသည်။

ကျွန်တော်သည် ထိုင်ရာမှ ထကာ အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်သည်။ ဒေါသလည်း ထွက်လာသည်။

"ကြင်နာလှပါပြီ ဆိုတာက ဘာအတွက်လဲ"

သူ့ကို မေးလိုက်သည်။

"အခုပေးတဲ့ ပိုက်ဆံအတွက်ပါ"

"နေပါဦး၊ မင်းကို ငါ အခု လိမ်နေတာပဲ။ မင်း သိတယ် မဟုတ်လား။ မင်းကို ငါ ခေါးပြတိုက်နေတာ၊ မင်းဆီက ငါ ခိုးယူတာ။ ဒါနဲ့တောင် ဘာဖြစ်လို့ ကြင်နာလှပါပြီရှင်လို့ ပြောရတာလဲ"

"တခြားအိမ်တွေမှာ ကျွန်မကို တပြားမှ မပေးပါဘူး။ လုံးလုံးကို ဘာမှ မပေးပါဘူး ရှင်"

"ဟုတ်လား၊ သူတို့က ဘာမှ မပေးဘူးနော်။ အေး... မဆန်းပါဘူးကွယ်၊ မင်းကို စောစောက ငါ ကျီစားတာပါ၊ ရက်ရက်စက်စက် အနိုင်ကျင့်ပြလိုက်တာပါ။ မင်း သင်ခန်းစာ ရအောင်လို့ကွဲ့။ ကဲ... မင်းကို အခု ရူဗယ်ရှစ်ဆယ် ပေးမယ်။ ဟောဒီ စာအိတ်ထဲမှာ ရူဗယ်ရှစ်ဆယ် ရှိတယ်။ မင်း ဘာမှ မပြောတော့ဘူးလား။ မင်းမှာ ကျောရိုးမရှိတဲ့အတိုင်းပဲ။ ဘာဖြစ်လို့ ငါ့ကို ပြန်မပြောတာလဲ၊ မဟုတ်ဘူးလို့ မကန့်ကွက်တာလဲ၊ ဘာဖြစ်လို့ ငြိမ်နေတာလဲ။ လောကမှာ သွားမရှိလို့ မဖြစ်ဘူး။ လက်သည်း ခြေသည်း မရှိလို့ မဖြစ်ဘူးကွဲ့။ မင်းဟာက တကယ့်ကို လူ့ငနွားမလေးပဲ"

ဂျူလီယာသည် ပြုံးပုံက မလှ။ မဲ့ရွဲ့နေသည်။ သူ့မျက်နှာတွင် သူလိုလူမျိုး ရှိနိုင်တယ်ဟု ပြောနေသယောင်။

ကျွန်တော့်ကို ခွင့်လွှတ်ရန် တောင်းပန်ရသည်။ ပြီးတော့... သူ အံ့အား သင့်သွားသည်။ ရူဗယ်ရှစ်ဆယ်ပါ စာအိတ်ကို သူ့လက်ဝယ် အပ်လိုက်သည်။ အကြင်နာကြီးပါတယ်ရှင်၊ ကြင်နာတရား ရှိပါတယ်ရှင်ဟု အကြိမ်ကြိမ် ရွတ်ဆိုကာ ထွက်သွားသည်။ သူ ထွက်သွားသည်ကို ကြည့်နေရင်း ဒီကမ္ဘာလောကကြီးမှာ အားနွဲ့တဲ့သူတွေကို နှိပ်စက်ဖို့ အလွန်လွယ်ပါလားဟု စဉ်းစားနေမိလေသည်။

စာပြီးနှစ် ၁၈၈၃။

■

ထိုအနမ်း

The kiss

မေလ ၂၀ ရက်နေ့၊ ညနေ ရှစ်နာရီတွင် အမြောက်တပ်မဟာမှ တပ်ဖွဲ့ ခြောက်ခုသည် မေစတက်ကီရွာသို့ ညအိပ်စခန်းချရန် ရောက်လာကြသည်။ ပြီးလျှင် သူတို့ တပ်စခန်းသို့ သွားကြမည် ဖြစ်သည်။

သူတို့သည် အလုပ်ရှုပ်နေကြသည်။ အရာရှိအချို့မှာ အမြောက်များကို စစ်ဆေး ကြည့်ရှုနေကြသည်။ အချို့ကား ဘုရားကျောင်း ရင်ပြင်တွင် ထောက်ပံ့ရေး အရာရှိနှင့်အတူ ရှိနေကြသည်။ ထိုအချိန်တွင် အရပ်သားတယောက် ဘုရားကျောင်း နောက်ဘက်မှ မြင်းတကောင်စီးပြီး အပြေးရောက်လာသည်။ မြင်းငယ်လေးသည် ကိုယ်ဟန်ကြော့ရှင်းသည်။ လည်ပင်းသည် အမြဲ လှုပ်ယမ်းနေသည်။ ခြေထောက်များမှာ တယောက်ယောက်က ကြာပွတ်ဖြင့် ရိုက်ထားသည့်အလား ခုန်ဆွ ခုန်ဆွ ဖြစ်နေသည်။

အရာရှိများ ရှေ့မှောက်သို့ရောက်လျှင် မြင်းစီး အရပ်သားသည် ဦးထုပ်ကို ချွတ်ပြီး အရိုအသေပြုကာ ဤသို့ ပြောသွားသည်။

"ဒီအနားမှာ ရှိနေတဲ့ သူ့အိမ်ကို ဒီနေ့ ညဦးပိုင်းမှာ လက်ဖက်ရည်သောက် လာကြဖို့ ဗိုလ်ချုပ် ဗွန်ရက်ဗက်က အရာရှိများကို ဖိတ်ကြားခိုင်းလိုက်ပါတယ် ခင်ဗျာ"

မြင်းကလေးသည် ခေါင်းကို ယမ်းပြီး ခြေကို လှုပ်ယမ်း ကခုန်နေသည်။ နောက်သို့လည်း ဆုတ်ကန် ဆုတ်ကန် လုပ်သည်။ ထိုနောက် မြင်းစီးသမားသည် ဦးထုပ်ကို ချွတ်ပြီး အရိုအသေပြုကာ နောက်ဘက်သို့ ပြန်လှည့်ပြီး မြင်းစီးထွက်သွားသည်။ ထို့နောက် ဘုရားကျောင်း နောက်ဘက်တွင် ပျောက်ကွယ်သွားသည်။

"သေစမ်းပါကွာ…"

ဗိုလ်ချုပ်က ကျိန်ဆဲသည်။ အရာရှိများမှာ အနားယူရန် သူတို့ ရိပ်သာများသို့ ဝင်သွားကြပြီ ဖြစ်သည်။

"တို့အားလုံး အိပ်ကြတော့မယ်၊ အဲဒီအချိန်ကျမှ ဟောဒီ ဗွန်ရက်ဗက်က လက်ဖက်ရည် သောက်ဖို့ သူ့အိမ်ကို ဖိတ်တယ်။ အဲဒီ လက်ဖက်ရည်ပွဲမျိုးပေါ့ကွာ၊ ငါ အမှတ်ရမိသေးတယ်" ဟု ဗိုလ်ချုပ်က ဆိုသည်။

တပ်ဖွဲ့ခြောက်ခုမှ အရာရှိများသည် ယခင်က ဖိတ်ကြားခံခဲ့ရသည့် လက်ဖက်ရည်ပွဲ တခုကို မမေ့နိုင်သေးဘဲ ရှိနေကြသည်။ လွန်ခဲ့သည့် တိုက်ပွဲကာလအတွင်းက ကော့ဆက် ရဲဘော်များနှင့်အတူ သူတို့အား ဒေသခံ လူကြီးလူကောင်း တယောက်က လက်ဖက်ရည် သောက်လာရန် ဖိတ်ကြားသည်။ ဒေသခံ ပုဂ္ဂိုလ်မှာ စစ်ဘက်မှ အငြိမ်းစားယူထားသော မှူးမတ်မျိုးတဦး ဖြစ်သည်။ အဘိုးကြီးသည် အစားကောင်း ကြိုက်သူပီပီ သူတို့ကို များစွာ ဂရုစိုက်ပြီး ကျွေးမွေးပြုစုသည်။ ဖော့ဒဂါ အရက်များကို အလျှံပယ် တိုက်သည်။ ပြီးတော့ ထိုည သူ့အိမ်မှာ အိပ်စေသည်။

သည်အထိတော့ အားလုံး အဆင်ပြေ ချောမောသည်။ အနေရ အထိုင်ရ ခက်လာသည်မှာ စစ်သား အဘိုးကြီးက ဧည့်သည်များ အားနာယူရလောက်အောင် ပြုစုကျွေးမွေးခြင်းပင် ဖြစ်သည်။ ပြီးတော့ မနက် မိုးစင်စင်လင်းသည်အထိ သူ၏ အတိတ်က စွန့်စားခန်းများကို မနားတမ်း ပြောပြသည်။ ထို့နောက် အဖိုးတန် ပန်းချီကားများကို လည်းကောင်း၊ ပန်းပုလက်ရာများကို လည်းကောင်း၊ သေနတ် လက်နက်များကို လည်းကောင်း၊ ကျော်ကြားသော ပုဂ္ဂိုလ်များထံမှ ချီးကျူးစာများကို လည်းကောင်း သူတို့အား ပြသကာ ရှင်းလင်း ပြောဆိုသည်။ သို့နှင့် မောပန်းနေသော အရာရှိများမှာ သူ့ဘက်က ပြောစရာ ကုန်သည်အထိနားထောင်ကြရသည်။ ထို့နောက် မနည်းပင် အချိန်လုကာ အိပ်စက်ကြရသည်။

ယခုလည်း လက်ဖက်ရည်သောက် ဖိတ်ကြားသည့် ဗွန်ရက်ဗက်မှာ ယခင်က ကြုံဖူးသည့် ကောင့်အဘိုးကြီးမျိုးလား။ စဉ်းစားစရာပင်။ အရင်ကလို အဘိုးကြီးမျိုး ဖြစ်နိုင်သည်။ သို့သော်လည်း ဖိတ်ကြားချက်ကို ငြင်းပယ်ရိုး ထုံးစံ မရှိ။ အရာရှိများသည် ရေမိုးချိုး၊ အဝတ်များလဲကာ ဗွန်ရက်ဗက်အိမ်သို့ ထွက်လာခဲ့ကြသည်။ ဘုရားကျောင်း ရင်ပြင် ရောက်လျှင် တောင်ကုန်းကလေးမှ မြစ်ဘက်သို့ ဆင်းပြီး ယင်းကမှ ကမ်းပါးအတိုင်း လျှောက်သွားကြရမည် ဖြစ်သည်။ လမ်းကလေးတခုသည် ထိုနေရာမှ ဗိုလ်ချုပ်၏ ဥယျာဉ်ပန်းခြံအတိုင်း တည်ရှိသည်။ ယင်းကမှ အိမ်ဆီသို့ တိုက်ရိုက် တဖြောင့်တည်း သွားနိုင်သည်။ သို့မဟုတ်ဘဲ သူတို့သည် တောင်ကုန်းလမ်းကို ရွေးမည်ဆိုလျှင် ရွေးနိုင်သည်။ ယင်းလမ်းသည် ဗိုလ်ချုပ်၏စပါးကျီသို့ တိုက်ရိုက်ရောက်သည်။ ထိုခရီးမှာ မေစတက်ကီ ရွာနှင့် မိုင်ဝက်ခန့်သာ ဝေးသည်။ သူတို့သည် တောင်ကုန်းလမ်းကို ရွေးသည်။

"ဒါပေမဲ့ အဲဒီ ဗွန်ရက်ဗက် ဆိုတာ ဘယ်သူလဲ"

တယောက်က မေးသည်။

"ပလက်ဗနာမှာ မြင်းတပ်ကို အုပ်ချုပ်တဲ့ ဗိုလ်ချုပ်လား"

"မဟုတ်ဘူး၊ အဲဒီလူက ဗွန်ရက်ဗက် မဟုတ်ဘူး။ သူ့နာမည်က ရိုးရိုး

ရက်ဗီပဲ၊ ဗွန် မပါဘူး”

“ရာသီဥတုက သိပ်ကောင်းတာပဲ”

ပထမဆုံး စပါးကျီသို့ ရောက်သည့်အခါ လမ်းနှစ်ခု ခွဲထွက်သွားသည်ကို တွေ့ရသည်။ ရှေ့တည့်တည့်သို့ သွားသောလမ်းသည် ညနေခင်း ဆည်းဆာထဲတွင် ပျောက်ကွယ်သွားသည်။ လက်ယာဘက်သို့ ကွေ့သော လမ်းအတိုင်း လိုက်လျှင် ဗိုလ်ချုပ်အိမ်သို့ ရောက်သွားသည်။ အိမ်နား နီးလာလျှင် သူတို့တတွေ စကားကို တိုးတိုးပြောကြသည်။ လမ်း၏ လက်ဝဲနှင့် လက်ယာဘက်တို့တွင် ခေါင်မိုးနီနီနှင့် စပါးကျီ အုတ်တိုက်ကလေးများ ရှိနေသည်။ မှိုင်းမှိုင်းညို့ညို့ အဆင်းကို ဆောင်သည်။ လမ်းနှင့် ဦးတိုက်သည့် နေရောင်တွင် ဗွန်ရက်ဗက်၏ အိမ်ကို တွေ့ရသည်။ ပြတင်းများတွင် မီးရောင်များကို မြင်ရသည်။

“တိတ်နိမိတ်ကောင်းပဲ ကိုယ့်လူတို့ရေ”

အရာရှိငယ် တယောက်က အော်ပြောသည်။

“အနံ့ခံကောင်းတဲ့ တို့ အမဲလိုက်ခွေးတော့ ရှေ့ဆုံးက ရောက်သွားပြီး အထဲမှာ အမဲတော့ တွေ့ကောင်းပါရဲ့”

‘အမဲလိုက်ခွေး’ ဟု နာမည်ပေးခံရသူမှာ ဗိုလ်လိုဗျူကို ဖြစ်သည်။ သူ့မျက်နှာတွင် အမွေးအမှင် တပင်မျှ မရှိ။ သူကား အသက် နှစ်ဆယ့်ငါးနှစ် ရှိသေးသည်။ အနီးဝန်းကျင်တွင် ဘယ်နေရာ ဘယ်ဌာနၟ အပျိုချောချော ရှိသည်ကို သူ သိထားသည်။ ထို့ကြောင့် ရဲဘော်များက ‘အမဲလိုက်ခွေး’ ဟု သူ့ကို အမည်ပေးထားခြင်း ဖြစ်သည်။ သူ့ရဲဘော်၏ စကားကို ကြားလျှင် နောက်သို့ လှည့်ကာ -

“ဟုတ်တယ်၊ အထဲမှာ မိန်းမတွေ ရှိတယ်၊ ငါ့စိတ်ထဲက အလိုလို သိနေတယ်” ဟု ဆိုသည်။

အိမ်တံခါးဝတွင် အသက်ခြောက်ဆယ် အရွယ်ရှိ အရပ်ဝတ်နှင့် လူ တယောက်ကို တွေ့ရသည်။ ယဉ်ကျေးသိမ်မွေ့သည်။ သူကား အိမ်ရှင် ဗွန်ရက်ဗက် ဖြစ်လေသည်။ ဧည့်သည်များကို လက်ဆွဲနှုတ်ဆက်ရင်း တွေ့ရတာ ဝမ်းသာကြောင်း၊ သို့သော် တခုတော့ တောင်းပန်ချင်တာ ရှိကြောင်း၊ ယင်းမှာ တညလုံး ဧည့်မခံနိုင်ကြောင်း၊ သူ့အိမ်မှာ ဧည့်သည်တွေ များနေပြီ ဖြစ်ကြောင်း၊ ညီအစ်မ နှစ်ယောက်နှင့် ကလေးများ၊ ပြီးတော့ ညီတယောက်နှင့် အိမ်နီးနားချင်းများဖြင့် တအိမ်လုံး ပြည့်နေပြီ ဖြစ်ကြောင်း၊ အခန်းပို မရှိတော့ကြောင်း ပြောဆို ရှင်းပြသည်။ လက်ဆွဲနှုတ်ဆက်ပြီး အပြုံးမျက်နှာနှင့် တောင်းပန်စကား ဆိုပြားလည်း အရင်တခါ

လက်ဖက်ရည်သောက် ဖိတ်ခေါ်သည့် အိမ်ရှင်လောက် ဝမ်းသာဟန် မပြ။ ယခုလို ဖိတ်ကြားသည်မှာပင် လူယဉ်ကျေးဖြစ်၍ ဧည့်သည်များကို ပြုစုရမည့် ဝတ္တရား ရှိခြင်းကြောင့် ဆိုသည်မှာ ထင်ရှားသည်။ အရာရှိများသည် ကော်ဖော ခင်းထားသော လှေကားထစ်များကို တက်ကြသည်။ အိမ်ရှင် တောင်းပန်သည်ကို ကောင်းစွာ နားလည် လက်ခံသည်။ သူတို့ အိမ်ထဲ ရောက်သွားလျှင် မဖိတ်မခေါ်ဘဲ ရောက်လာကြသူများကို လက်ခံရသလို အံ့သြထိတ်လန့်သည့် အမူအရာများကို အကဲခတ်မိကြသည်။ ညီမနှစ်ယောက်၊ ပြီးတော့ သူ့ကလေးများနှင့် ညီတယောက်၊ အိမ်နီးနားချင်းများဖြင့် ပြည့်ကျပ်နေသည့် ဘယ်အိမ်ရှင်က အရာရှိ ဆယ့်ကိုးယောက်ကို မိသားစု ပျော်ပွဲစား ဆင်နွဲသည့်နေရာသို့ ဖိတ်ခေါ်ပါမည်လဲ။ ပြီးတော့ တခါဖူးမျှ သိဖူးကျွမ်းဖူးသည့် သူများလည်း မဟုတ်။ ဤသို့ ဆင်ခြင်မိကြသည်။

ဧည့်ခန်း၏ တံခါးဝတွင် သူတို့ကို နှုတ်ဆက်သည့် အမျိုးသမီးကြီးမှာ အသက် အတန်ငယ် ကြီးပြီး အရပ်ရှည်သည်။ မျက်နှာသွယ်ပြီး မျက်ခုံးများ နက်မှောင်သည်။ ဧကရီဟောင်း ယူဂျင်းနှင့် သူ့မျက်နှာမှာ တူသလို ရှိသည်။ သူကလည်း အပြုံးအပြည့်ဖြင့် နှုတ်ဆက်သည်။ တွေ့ရတာ ဝမ်းသာကြောင်း၊ သို့သော် တညလုံး ဆင်နွဲဖို့ မဖိတ်ခေါ်နိုင်သဖြင့် ဝမ်းနည်းမိကြောင်း ပြောဆိုသည်။ ထို့နောက် တဖက်သို့ လှည့်ထွက်သွားလျှင် စောစောက ဝမ်းပန်းတသာ ကြိုဆိုသည့် အပြုံးမျက်နှာသည် ပျောက်သွားလေသည်။ ဤသည်မှာ ရှင်းသည်။ သူ့ခေတ် သူ့အခါတွင် အမျိုးသမီးကြီး အရာရှိများစွာကို တွေ့ခဲ့၊ ဆက်ဆံခဲ့ဖူးသူ ဖြစ်သည်။ သို့သော် သူတို့ကို နည်းနည်းလေးမျှ စိတ်မဝင်စား။ ယခုလို ဖိတ်ကြားရသည်မှာ လူယဉ်ကျေးတို့၏ သိမ်မွေ့မှုကြောင့်ပင် ဖြစ်သည်။ ပြီးတော့ သူတို့သည် အိမ်၏ ကျက်သရေဆောင် မိသားစု မဟုတ်လား။

ထမင်းစားခန်းကြီးထဲတွင် ထမင်းစား စားပွဲကြီးတခု၌ ယောက်ျား၊ မိန်းမ ဆယ်ယောက် ထိုင်နေကြပြီး လက်ဖက်ရည် သောက်နေကြသည်။ သူတို့ နောက်နားတွင် ဆေးလိပ်မီးခိုးများ အလယ်၌ လူငယ်လူရွယ်လေးများကို တွေ့ရသည်။ သူတို့အထဲတွင် နှုတ်ခမ်းမွေး နီကြင်ကြင်နှင့် ပိန်ပိန်ပါးပါး လူငယ်တယောက်သည် အသံခပ်ကျယ်ကျယ်ဖြင့် အင်္ဂလိပ်စကား ပြောနေသည်။ သူ့အသံထွက်မှာ စ သံနှင့် ဇ သံတွင် မပီဘဲ တ သံ ထွက်နေသည်။ တံခါးဖွင့်ထားသော အခန်းတခုကို သူတို့ လှမ်း၍ မြင်ရသည်။ နံရံကပ်စက္ကူ အပြာများ ကပ်ထားသည့် ထိုအခန်းမှာ မီးထိန်ထိန် လင်းနေသည်။

“လူကြီးမင်းတွေက များတော့ တယောက်စီ မိတ်ဆက်ပေးဖို့ မလွယ်ဘူး ခင်ဗျ။ ဒီတော့ ကိုယ့်အချင်းချင်းသာ မိတ်ဖွဲ့ပြီး ပြောကြ ဆိုကြပါ။ အခမ်းအနားတွေ ဘာတွေ မရှိပါဘူး။ စကားလက်ဆုံ ကျကြဖို့ပါပဲ” ဟု ဗိုလ်ချုပ်က ပြုံးရွှင်သော

မျက်နှာဖြင့် ဆိုသည်။

ဧည့်သည်များ၏ မျက်နှာများမှာ မချိုသာလှ။ မပြုံးချင် ပြုံးချင် ပြုံးရပြီး ခေါင်းကိုညွတ်၍ နှုတ်ဆက်ကာ စားပွဲတွင် နေရာယူကြသည်။ သူတို့အထဲတွင် စစ်ဦးစီးမိုလ်ကြီး ရီယာဗိုဗစ်မှာ ခပ်ကြောင်ကြောင် ဖြစ်နေသည်။

သူကား အရပ်ပုသည်။ မျက်မှန် တပ်ထားသည်။ တောကြောင်တကောင်၏ နှုတ်ခမ်းမွေးမျိုး လည်း ရှိသည်။ သူ့မျက်နှာ၊ သူ့နှုတ်ခမ်းမွေးနှင့် သူ့မျက်မှန် တစုံကြောင့် တပ်မဟာ တခုလုံးမှာဖြင့် ကျွန်တော်ဟာ သူရဲဘော အနည်းဆုံး၊ အသိမ်မွေ့ဆုံး၊ မထင်ရှားဆုံး အရာရှိ တယောက်ပါ ခင်ဗျာဟု ပြောနေသယောင် ထင်ရသည်။ စားပွဲတွင် ဝင်ထိုင်ပြီးနောက် ခဏမျှ ကြာသည့်အထိ သူ့မှာ နေသား ထိုင်သား မကျသေး။ ဘာတခုကိုမျှ စူးစူးစိုက်စိုက် ကြည့်ရ မြင်ရကောင်းမှန်း မသိသေး။ မျက်နှာများ၊ အဝတ်အစားများ၊ ကွန်းညက်ပုလင်းများ၊ အငွေ့ တထောင်းထောင်း ထနေသော ပန်းကန်ကြီးများ၊ အခန်း၏ အဆင်တန်ဆာများ အားလုံးမှာ သူ့မျက်စိတွင် တခုတည်းလိုလို ဖြစ်နေသည်ဟု စိတ်ထဲတွင် ဖြစ်မိပြီး လူမမြင်ရအောင် ခေါင်းကို ဝှက်ထားချင်စိတ် ဖြစ်ပေါ်လာမိသည်။ အတွေ့အကြုံ မရှိသေးသော ကထိကတယောက် သူ့ရှေ့တွင် ရှိနေသော ကျောင်းသားများကို မြင်သလို ယခုလည်း လူများကို သူ မြင်သည်။ သို့သော် ဘယ်သူဘယ်ဝါ စသဖြင့် သဲသဲကွဲကွဲ မသိနိုင်။ အမြင်မဲ့သူ တယောက်ဟု သူလိုလူမျိုးကို သိပ္ပံပညာရှင်တို့က ကင်ပွန်းတပ်ကြသည်။

သို့သော် ခဏကြာလျှင် နေသာထိုင်သာ ရှိလာပြီး သူ့ကိုယ်သူ အားတင်းကာ သတ္တိမွေးလို့ ရလာသည်။ ဘေးဘီကိုလည်း စူးစမ်း၍ သူ ကြည့်သည်။ သူကား အရှက်အကြောက် ကြီးသူ၊ အပေါင်းအသင်း မရှိသူ ဖြစ်ရာ ယခု တွေ့ရသည့် မိတ်ဆွေသစ်များမှာ ပြောဆိုဆက်ဆံရာတွင် ရဲတင်းလွန်းသည်ဟု သူ ထင်သည်။ စားပွဲတွင် အိမ်ရှင်များ စုဝေးထိုင်နေကြသည်။ ဗွန်ရက်ဗက်၊ သူ့ဇနီး၊ အသက်ကြီးကြီး အမျိုးသမီးကြီး နှစ်ယောက်၊ လိလက်ပန်း ပန်ထားသော မိန်းမပျိုလေး တယောက်၊ ဗွန်ရက်ဗက်၏ သားငယ် ဖြစ်ဟန်တူသော နှုတ်ခမ်းမွေး နီကြင်ကြင်နှင့် လူငယ်လေးတို့ ဝိုင်းဖွဲ့ကာ စကားပြောနေကြသည်။ သူတို့သည် ဘာကိုမျှ အရေးမထား။ ဇာတ်ပွဲတခု ကပြရန် လေ့ကျင့်နေကြသည့် ဇာတ်အဖွဲ့သားများနှင့် တူသည်။ ချက်ချင်းပင် ဧည့်သည်များနှင့် အိမ်ရှင်များ စကားလက်ဆုံ ကျသွားကြသည်။ လိလက်ပန်း ပန်ထားသော မိန်းကလေးက အမြောက်တပ်သားများသည် မြင်းတပ်သားများ၊ ခြေလျင်တပ်သားများထက် အားလပ်ချိန် ပိုရသည် ထင်ကြောင်း ပြောဆိုသည်။ ယင်းကို ဗွန်ရက်ဗက်နှင့် အမျိုးသမီးကြီး နှစ်ယောက်က ထောက်ခံသည်။ စကားဝိုင်းသည် အဆက်အစပ် မရှိ၊ ရောက်တတ်ရာရာ ပြောဆိုနေကြခြင်း ဖြစ်သည်။ လိလက်ပန်း ပန်ထားသည့်

မိန်းကလေးသည် သူ တကယ်မသိသော အကြောင်းအရာများကို ဝင်၍ ပြောကာ ဇွတ်အတင်း ငြင်းသည်။ သူ့မျက်နှာမှ အပြုံးသည် လျှော့ရဲရဲအပြုံး ဖြစ်ပြီး မကြာခဏ ကွယ်ပျောက်သွားသည့် အပြုံးမျိုး ဖြစ်သည်ဟု ရီယာဗိုဗစ် ထင်သည်။ သူ ပြောသမျှကို နားထောင်၍ နေရသော်လည်း စိတ်ဝင်စားစရာ မကောင်းလှပေ။

ဗွန်ရက်ဗက် မိသားစုမှာ စကား ရောက်တတ်ရာရာ ပြောရင်း လမ်းကြောင်း ပြောင်းကာ အခြေအတင် ပြောစရာ အကွက်များဆီသို့ လမ်းကြောင်း ပေးနေသည်။ သို့သော်လည်း သူတို့ မျက်လုံးများသည် ဖန်ခွက်များနှင့် ပါးစပ်များကိုသာ ဂရုစိုက် ကြည့်ရှုနေလေသည်။ လူတိုင်း လက်ဖက်ရည် သောက်ရရဲ့လား၊ ချိုလွန်းသလား၊ ဟိုတယောက်က ဘာဖြစ်လို့ ဘီစကွတ် မစားတာလဲ၊ နောက် တယောက်ကတော့ ကွန်းညက် သိပ်ကြိုက်တာပဲဟု ကြည့်ရှုမှတ်သား နေကြသည်။ ထိုရှုခင်းကို ကြာကြာမြင်ရသည့်အခါ ရီယာဗိုဗစ်သည် စည်းကမ်းစနစ်ရှိပြီး ပရိယာယ် ဝေဝုစ်များသော အိမ်ရှင်မိသားစုကို ကြည့်ကာ သဘောကျစ ပြုလာသည်။

လက်ဖက်ရည် သောက်ပြီးလျှင် ဧည့်သည်များသည် ဧည့်ခန်းထဲသို့ ပြောင်းရွှေ့ နေရာယူကြ သည်။ လိုဗျူကို ဇာတိပြလေပြီ။ အခန်းထဲတွင် ငယ်ရွယ်သူ မိန်းမပျိုများမှာ ဆယ်ကျော်သက် အရွယ် မိန်းကလေးများ ဖြစ်သည်။ တစ်မိနစ်မျှပင် မပြည့်ချင်သေး၊ အမဲလိုက်ခွေး ဗိုလ်လိုဗျူကိုသည် ဆံပင်နက်နက် မိန်းကလေးတယောက်ဘေးသို့ ရောက်သွားပြီး ကိုယ်ကို ကိုင်းကာ ဓားကို ဆုပ်ကိုင်ထားသည့် ဟန်မျိုးဖြင့် ပခုံးနှစ်ဖက်ကို ဆတ်ခနဲ တွန့်လိုက်သည်။ မျက်နှာထားကို ပြုံးပြုံးရွှင်ရွှင် အလိုက်သင့် မျက်နှာပေးအဖြစ် ပြင်၍ ထားလိုက်သည်။ သူက အဓိပ္ပာယ်မရှိသည့် စကားများကို တတွတ်တွတ် ပြောနေသည်။ မိန်းကလေးမှာ...

"ဟုတ်ပါပြီ၊ တကယ်ပဲလား"

ဟူ၍ သူ့စကားကို အလိုက်သင့် ပြန်၍ မေးသည်။ တကယ်ပဲလား ဟူသော အသံကြားလျှင် အမဲလိုက်ဗိုလ်သည် အနံ့ခံ မှားလေပြီဟု ချက်ချင်းပင် သတိရလေသည်။

တေးဂီတ စ၍ တီးသည်။ တေးသွားမှာ ငြိမ့်ညောင်းစွာ ကရသည့် တေးသွား ဖြစ်သည်။ ဖွင့်ထားသော ပြတင်းဆီမှ တေးသံထွက်လာခြင်း ဖြစ်သည်။ ဂီတသံ ကြားရသူအားလုံး နိုးနိုးကြားကြား ဖြစ်လာကြသည်။ ပြင်ဘက်တွင် မေလ၏ နွေဦးညချမ်းသည် သာသာယာယာ ရှိသည်။ ပေါ့ပလာရွက်အနံ့၊ နှင်းဆီပန်းရနံ့နှင့် လီယက်ပန်းရနံ့တို့ ကြိုင်သင်းနေသည်။ ဝေါ့အကတေးသွားနှင့် နွေဦးအခါသမယတို့သည် လိုက်ဖက်လှသည်။ တေးသွားသည် သာယာသည်။ နွေဦးသည်လည်း လန်းဆန်းလှပသည်။ ရီယာဗိုဗစ်ခေါင်းထဲတွင် ကွန်းညက်နှင့်

ဝေါ့တေးသွားတို့ ရောထွေးကာ ယစ်မူးလာသည်။ ပြတင်းဆီသို့ အပြုံးမျက်နှာနှင့် ကြည့်မိသည်။ ထို့နောက် မိန်းကလေးများ လှုပ်ရှားသွားလာ နေသည်ကို မျက်ခြည်မပြတ် ကြည့်ရှုသည်။ နှင်းဆီပန်းနံ့၊ ပေါ့ပလာရွက်နံ့နှင့် လိုင်ယက်ပန်းနံ့တို့သည် ပြင်ဘက် ပန်းခြံထဲမှ လာခြင်း မဟုတ်။ အမျိုးသမီးများ၏ မျက်နှာများနှင့် အဝတ်အစားများဆီမှ လာခြင်း ဖြစ်သည်ဟု သူ ထင်မိသည်။

သူတို့ စ၍ ကကြသည်။ ခပ်ပိန်ပိန် အမျိုးသမီးလေး တယောက်သည် ဗွန်ရက်ဗက် အငယ်နှင့် တွဲကာ ဝေါ့တေးသွားအတိုင်း အခန်းကို နှစ်ပတ်မျှ လှည့်ကာ ကသည်။ လိုဗျူကိုသည် ပါကေးခင်းထားသော ကြမ်းပြင်အတိုင်း ဖြည်းညင်းစွာ လျှောက်သွားပြီး လိုလက်ပန်း ပန်ထားသော မိန်းကလေးအား တွဲကရန် ဖိတ်ခေါ်သည်။ မိန်းကလေးက လက်ခံသဖြင့် သူတို့နှစ်ယောက် တွဲ၍ ကကြသည်။ သို့သော် ရီယာဗိုဗစ်သာ တိုက်ပန်းများရှိသော တံခါးဝတွင် ရပ်နေပြီး သူတို့ က နေကြသည်ကို ငြိမ်သက်စွာပင် ကြည့်နေသည်။ ပရိသတ်ထဲတွင် ကိုယ်နှင့်မသိသည့် မိန်းကလေးများကို ခါးမှကိုင်ကာ တွဲကဖို့ ဝန်မလေးသည့် ယောကျ်ားသားများကို သူ အံ့သြနေမိသည်။ သူတို့လို က ရဲပါ့မလားဟု သူ့ကိုယ် သူ မေးကြည့်ရာ မဝံ့ဟူသည့် အဖြေကို ရသည်။ တချိန်ကမူ သူ့ရဲဘော်များကို မနာလိုဝန်တို ဖြစ်မိသည်။ သူတို့သည် သတ္တိရှိကြသူများ ဖြစ်သည်။ ရဲတင်း ဖျတ်လတ်ကြသည်။ သူတို့နှင့် ယှဉ်ကြည့်ကာ နှလုံး မသာမယာ ဖြစ်ရသည်။ နာကျင်သည်။ သူကား ကြောက်ရွံ့သည်။ သည် မိန်းမနှင့် ဆက်ဆံရသည့် ကိစ္စမျိုးမှာ မရဲတင်း။ သူ့ဟန်ပန်ကလည်း မခံ့ညား။ ပခုံးနှစ်ဖက် ကျနေပြီး လူပုံမှာ မထင်ရှား။ တောကြောင်နှုတ်ခမ်းမွေးလည်း ရှိသေးသည်။ ပြီးတော့ သူ့ခါးလျားမှာ အလွန်ရှည်သည်။ ကာလအတန်ကြာသော် သူ၏ ကိုယ်ဟန် မကြော့ရှင်းမှုကို စိတ်ထဲမှာ ဖြေသာလာသည်။ ယခုအခါ စကားကျယ်ကျယ် ပြောကာ က နေကြသူများကို မနာလိုဝန်တိုစိတ် မထားတော့။ သို့သော် ဝမ်းနည်း ညှိုးငယ်ခြင်းတော့ ဖြစ်မိသည်။

ပထမအချီ က စဉ်က ဗွန်ရက်ဗက် အငယ်သည် မ က သော အရာရှိ နှစ်ယောက်အား ဘိလိယက်ကစားရန် ဖိတ်ခေါ်သည်။ သူတို့သုံးယောက် အခန်းထဲမှ ထွက်သွားကြသည်။ ရီယာဗိုဗစ်လည်း တယောက်တည်း နေခဲ့ရ၍ ပျင်းသည်နှင့် သူတို့နောက်သို့ လိုက်သွားသည်။ သူတို့သည် ထမင်းစားခန်းကို ဖြတ်သွားကြပြီး ပြောင်လက်နေသော စကြံလမ်းတခုကို ဖြတ်သွားကြသည်။ ထို့နောက် အခန်းတခုကို ထပ်၍ ဖြတ်သည်တွင် အစေခံ သုံးယောက်သည် ဆိုဖာပေါ်မှ ရုတ်တရက် ထ၍ ရပ်ကြသည်။ ထို့နောက် အခန်းပေါင်း များစွာကို ဖြတ်ပြီး ဘိလိယ၏ အခန်းငယ်ကလေးတခုသို့ ရောက်သွားသည်။

ဗွန်ရက်ဗက်နှင့် အရာရှိ နှစ်ယောက်တို့သည် ဘိလိယက် စ၍

ကစားကြသည်။ ရီယာဗိုဇစ်သည် ဖဲသာ ကစားတတ်သူဖြစ်ရာ၊ သူတို့ ဘိလိယက် ထိုးနေသည့်အနားတွင် ရပ်ပြီး ကြည့်သည်။ ကျူတံကိုင်ပြီး ဘိလိယက် ဘာသာစကားဖြင့် ပြောနေကြသည်ကို သူ ကြားနေရသည်။ သို့သော် အဓိပ္ပာယ်ကိုမူ သူ နားမလည်။ ရယ်မောကြသည်။ အပြောင်အနောက် ပြောကြသည်။ ရီယာဗိုဇစ် အနားတွင် ရှိနေသည်ကို သူတို့ လုံးလုံး သတိမထားမိကြ။ တယောက်၏ကျူတံဖြင့် သူ့ခေါင်းကို မတော်တဆ ခိုက်မိသေးသည်။ ထိုအခါ ခွင့်လွှတ်ပါဟု ဆိုသည်။ သို့ဖြစ်ရာ သူတို့ ပွဲမပြီးမီမှာပင် ရီယာဗိုဇစ်သည် ငြီးငွေ့လာသည်။ သူရှိနေလို့ အပိုပင်ဖြစ်သည် ဟူ၍လည်း အောက်မေ့ကာ ဧည့်ခန်းသို့ ပြန်ရန် စိတ်ကူးမိပြီး လှည့်ထွက်လာခဲ့သည်။

ဧည့်ခန်းသို့ အပြန်ခရီးမှာပင် စွန့်စားခန်းနှင့် တွေ့ရခြင်း ဖြစ်သည်။ ခရီးအတန်ငယ် မပေါက်မီ သူ လမ်းမှားလာပြီ ဖြစ်ကြောင်း သိရသည်။ အစေခံ သုံးယောက် ဆိုဖာပေါ်တွင် ထိုင်နေရာမှ ရုတ်တရက် ထ၍ ရပ်သည့် အခန်းကို သူ ကောင်းကောင်းမှတ်မိသည်။ ထို့နောက် လူသူ လုံးဝမရှိသည့် အခန်း လေးငါး ခြောက်ခန်းကို ဖြတ်ခဲ့ပြီးနောက် လမ်းမှားလာပြီကို သူ သိရသည်။ သို့ဖြစ်ရာ ပြန်လှည့်ကာ လက်ဝဲဘက်သို့ ချိုးဝင်သည်။ ဤတွင် အလျင်က မဖြတ်ခဲ့ဖူးသည့် မှောင်နေသော အခန်းတခုထဲသို့ သူ ရောက်သွားသည်။ ခဏမျှ ငံ့လင့်နေပြီး နောက် ပထမဆုံး တွေ့ရသည့် တံခါးကို ရဲရဲပင် ဆွဲ၍ဖွင့်သည်။ ထိုအခါတွင်မှ လုံးလုံးမှောင်မိုက်သော အခန်းထဲသို့ သူ ရောက်သွားသည်။ ရှေ့ဆီတွင် တံခါးတခု ဖွင့်သံ ကြားရပြီး အလင်းရောင်တခု ဝင်လာသည်။ အဝေးတွင်မူ ပိုလန် အကတခု ဆင်နွှဲနေသည့် ဂီတသံကို ကြားရသည်။ ပျင်းစရာကောင်းသည့် တေးသံ ဖြစ်သည်။ အခန်း၏ပြတင်းမှာ ကျယ်သည်။ ဧည့်ခန်းထဲနှင့် တပုံစံတည်း ဖြစ်သည်။ ပေါ့ပလာနံ့၊ လိယက်ပန်းနံ့နှင့် နှင်းဆီပန်းနံ့တို့ သင်းထုံနေသည်။

ရီယာဗိုဇစ်မှာ ဘာဆက်လုပ်ရမှန်း မသိသဖြင့် ခဏ ရပ်နေမိသည်။ ထို တခဏတာတွင် အရာရာသည် ငြိမ်သက်နေသည်။ ထို့နောက် ခပ်မြန်မြန် လာနေသည့် ခြေသံကို ကြားရသည်။ ဘယ်သူဘယ်ဝါ လာနေသည် မသိလိုက်ရဘဲ အဝတ်စချင်း ပွတ်တိုက်သည့် မြည်သံကို ကြားသည်။ ပြီးတော့ “အဲ… ခုမှ လာတော့တယ်” ဆိုသော မိန်းမတယောက်၏ တီးတိုးသံတခုကို ကြားလိုက်ရပြီး သိမ်မွေ့နူးညံ့သော လက်မောင်းနှစ်ဖက်ဖြင့် သူ့လည်ပင်းကို ရစ်သိုင်း၍ ဖက်ထားသည့် အတွေ့ကို ခံစားလိုက်ရသည်။ အမွှေးအကြိုင် ရနံ့များလည်း ရသည်။ ထို့နောက် နွေးထွေးသော ပါးတဖက် သူ့မျက်နှာသို့ လာ၍ အပ်ပြီးလျှင် သိပ်သည်း လေးနက်သော အနမ်းတခုဖြင့် နမ်းသည်ကို သူ ခံလိုက်ရသည်။ သို့သော် တိတ်ဆိတ်ခြင်းကို ရုတ်တရက် ချက်ချင်းပင် စူးရှသောအသံက ဖောက်ထွင်းလိုက်သည်။ အနမ်း၏ ပွဲတင်ထပ်သံပင် ဖြစ်သည်။ ထိုနောက် ထွက်ပြေးသွားသည့် ခြေသံကို သူ ကြားလိုက်ရသည်။ စက်ဆုပ်ရွံရှာသည့်

စိတ်ထားဖြင့် သူ့ကို စွန့်ပစ်ထွက်ပြေးသွားသည်ဟု ရီယာဗိုဗစ် ခံစားရသည်။ သူ သတိရလာသည်။ စူးစူးဝါးဝါး အော်ဟစ်လိုက်ချင်သည်။ သို့သော် ထိန်းထားပြီး အလင်းရောင် လက်ခနဲ မြင်လိုက်ရသည့် တံခါးဆီသို့ အမြန် ပြေးသွားသည်။

ညှော်ခန်းထဲသို့ ရောက်လျှင် သူ့နှလုံးမှာ တဒိန်းဒိန်း ခုန်လာသည်။ လက်နှစ်ဖက်မှာလည်း တဆတ်ဆတ် တုန်နေရာ နောက်သို့ပစ်ပြီး မတုန်အောင် လက်ဝါးချင်း ဆုပ်ထားရသည်။ ပထမဆုံး အသိတရားမှာ ရှက်ကြောက်ခြင်းပင် ဖြစ်သည်။

ညှော်ခန်းထဲရှိ လူအားလုံးသည် သူ့အဖြစ်ကို သိနေကြပြီး ဖြစ်သည်ဟု သူ ထင်သည်။ ယခုပင် တစုံတယောက်က သူ့လည်ပင်းကို သိုင်းဖက်ကာ အနမ်းတချက် လေးလေးနက်နက် ပေးသွားသည်ကို သူတို့ သိချင်နေကြပြီ ထင်သည်။ သို့ဖြစ်ရာ ခပ်ကုပ်ကုပ် ထိုင်နေပြီး ဘေးပတ်လည်ကို ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ကြည့်မိသည်။ သို့သော် အိမ်ရှင်များနှင့် ညှော်သည်များမှာ ကသူက က၊ စကားပြောသူက ပြောနေကြသည်ကို မြင်ရလျှင် အနည်းငယ် နေသာထိုင်သာ ရှိလာပြီး သတ္တိမွေးလို့ ရလာသည်။ ထို့နောက် တသက်တွင် တကြိမ်သာ ကြုံတွေ့ရသည့်အဖြစ်ကို ပြန်လည် စားမြုံ့ပြန်ရင်း ကြည်နူးနေမိသည်။ မန္တိုင်းယှဉ်နိုင်သော၊ မကြုံဖူးသော အဖြစ်အပျက်တခုသည် ဖြစ်ပျက်ခဲ့ပြီ။ သူ့လည်ပင်း ကို သိုင်းဖက်သွားသည်မှာ ယခုချက်ချင်းပင် ဖြစ်သည်။ လက်မောင်းနှစ်ဖက်မှာ မွှေးကြိုင်လှသည်။ ရေမွှေးတွေ ဆွတ်လာသည်ဟု ထင်မိသည်။ သူ့ဘက်ဘယ် နှုတ်ခမ်းမွှေးနားတွင် အသားများ ဆတ်ဆတ်တုန်၍ ကျန်ရစ်ခဲ့သည်။ ကြည်နူးစရာ အတွေ့ပင် ဖြစ်သည်။ ချိုမြိန် မွှေးပျံ့သည်။ သူ့တကိုယ်လုံးလည်း ခြေဆုံး ခေါင်းဖျား အထိအတွေ့သစ်တွင် နစ်မွန်းခြုံသိုင်းနေသည်။ အတွေ့သစ်သည် မည်သည့် အတွေ့အကြုံနှင့်မျှ မတူ။ တဖြည်းဖြည်း ယစ်မူးကာ အသစ်အသစ်သော ကြည်နူးစရာများ ပွားများသည်ထက် ပွားများလာသည်။

ယခုပင် ကပွဲတခု သူ ဆင်နွှဲလိုက်ချင်သည်။ ပြီးတော့ လူတွေနှင့် စကားပြောချင်သည်။ ပန်းခြံထဲသို့ ပြေးသွားကာ အချုပ်အတည်း မရှိ ရယ်မောချင်သည်။ ယခုမူ သူ့သွင်ပြင် သဏ္ဍာန်ကို သူ မေ့လျော့သွားသည်။ ပခုံးကျတာတွေ၊ မထင်ရှားတာတွေ၊ တောကြောင်တွေလို နှုတ်ခမ်းမွှေး ရှည်တာတွေ၊ အားလုံး သူ မေ့သွားပြီ။ ယင်းတို့မှာ သူ့ကိုမြင်ရသူ မိန်းမတယောက်၏ မှတ်ချက်စကားကို အမှတ်မထင် သူ ကြားရခြင်းမျိုးသာ ဖြစ်လေသည်။

ထိုခဏတွင် အိမ်ရှင် မဒမ်ဗွန်ရက်ဗက် သူ့ရှေ့က ဖြတ်လျှောက်သွားသည်။ သူက ပါးစပ်ဖြဲကာ ပြုံးပြလိုက်သည်။ သူ့အပြုံးမှာ ဖော်ရွေမှု အပြည့် ပါသည်။ ထိုအခါ မဒမ်ဗွန်ရက်ဗက်သည် သူ့ဆီသို့ လှည့်လာပြီး ဘာများ ပြောချင်သလဲ ဟူသော အမေးဖြင့် ကြည့်သည်။

သူသည် မျက်မှန်ကို ပြင်၍တပ်ရင်း "မဒမ်တို့အိမ်က သိပ်ကောင်းတာပဲ" ဟူ၍ ပြောသည်။

မဒမ် ဗွန်ရက်ဗက်က သူ့ကို ပြန်၍ ပြုံးပြသည်။ ပြီးတော့ သူက ဤအိမ်မှာ သူ၏အဖေ ပိုင်သောအိမ် ဖြစ်ကြောင်း ပြန်လည်ပြောသည်။ ထိုနောက် မဒမ်က ရီယာဗိုဗစ်အား သူ့မိဘများ အသက်ရှင်လျက် ရှိနေသေးသလား၊ စစ်တပ်ထဲမှာ ဘယ်လောက် ကြာပြီလဲ၊ ဘာဖြစ်လို့ မဖွံ့ဖြိုးဘဲ ပိန်နေရတာလဲဟု မေးသည်။ သူက သင့်တင့်သလို အဖြေပေးလိုက်ပြီး နောက် မဒမ် ဗွန်ရက်ဗက် သူ့ထံမှ ခွာသည်။ စကားကုန်ပြီ ဖြစ်သော်လည်း သူ့အပြုံးမှာကား မပျက်။ ယခု တွေ့ရသည့် အိမ်ရှင်များမှာ စိတ်နှလုံးကောင်း ရှိသူများ ဖြစ်သည်ဟု သူ ထင်သည်။

ညစာတွင် ရီယာဗိုဗစ်သည် သူ့ရှေ့ လာချပေးသမျှကို စားသည်။ အရက်ကို သောက်သည်။ စကားပြောရင်း စားသောက်နေကြသော်လည်း သူတို့ ဘာပြောနေကြသည်ကို သူ မသိ။ သူ့စိတ်သည် ဖြေရှင်းမရနိုင်သည့် အနမ်းဆီသို့သာရောက်နေသည်။ ဘာတွေဖြစ်ကုန်ကြပြီလဲ။ ယခု အိမ်မှာရှိနေသည့် မိန်းကလေး တယောက်ယောက်သည် မှောင်ခန်းထဲတွင် သူ့ချစ်သူနှင့် အချိန်းအချက်လုပ်ကာ တွေ့ရန် ကြံစည်ခြင်း ဖြစ်ရမည်။ အတန်ကြာမျှ အခန်းထဲတွင် စောင့်နေသော်လည်း ချစ်သူက မပေါ်လာ။ ထိုစဉ် ရီယာဗိုဗစ် ရုတ်တရက် အခန်းထဲ ရောက်သွားရာ သူ့ချစ်သူထင်ပြီး လူမှားကာ တအားနမ်းလိုက်ခြင်းပင် ဖြစ်ရမည်ဟု ထင်သည်။ အခန်းထဲသို့ ရီယာဗိုဗစ် ဝင်သွားပြီးနောက် ဘာဆက်လုပ်ရမှန်း မသိဘဲ ကြောင်တက်တက်ဖြစ်ကာ ခဏ ရပ်နေမိသည်။ တစုံတယောက်ကို စောင့်နေသည်နှင့် တူသွားသည်။ ဤအတိုင်းပင် ဖြစ်ရမည်ဟု သူ ထင်သည်။

"ဒါပေမဲ့ ဘယ်သူလဲ၊ သူတို့ထဲက ဘယ်သူလဲ"

အဖြေရှာကြည့်ရင်း မိန်းမပျိုလေးများ၏ မျက်နှာများကို သူ စူးစမ်းကြည့်ရှုသည်။ အနမ်းရှင်သည် ငယ်ရွယ်သူ ဖြစ်ရမည်။ မိန်းမကြီးများသည် ယခုလို ချစ်တမ်း ကြိုက်တမ်း ကစားကြသူများ မဟုတ်။ နောက်ပြီးတော့ အနမ်းရှင်သည် အခိုင်းအစေထဲက မဟုတ်နိုင်။ အဲ ခုမှ လာတော့တယ်ဆိုသော အသံ၊ အဝတ် ပွတ်တိုက်သံနှင့် ရေမွှေးနံ့တို့က သက်သေ ခံနေသည် မဟုတ်လား။

လီလက်ပန်း ပန်ထားသည့် မိန်းမပျိုကို သူ ပထမဆုံး စူးစမ်းကြည့်ရှုသည်။ ချစ်စရာ ကောင်းသည်။ ပခုံးကလေးနှစ်ဖက်မှာ လှသည်။ လက်မောင်းများကလည်း သွယ်လျသည်။ အသံလည်း သာယာသည်။ သွက်လက်ချက်ချာသည့် မျက်နှာမျိုး ဖြစ်သည်။ အနမ်းရှင်မှာ သူကလေးပဲ ဖြစ်ပါစေဟု ရီယာဗိုဗစ် ကျိတ်၍ ဆုတောင်းမိသည်။ သို့သော် တချက် ပြုံးလိုက်သည်တွင် ရှည်လျားသည့် နှာတံသည်

ရှုံ့တက်သွားပြီး မိန်းမကြီးတယောက်နှင့် တူလာသည်။ သို့ဖြစ်ရာ အင်္ကျီ အနက် ဝတ်ဆင်ထားသော ရွှေရောင်ဆံပင်ပိုင်ရှင်ဆီသို့ ရီယာမိုဇစ်၏ မျက်လုံးများ ရောက်သွားသည်။ သူကလေးမှာ ငယ်သည်။ ရိုးသည်။ နားရွက်နှစ်ဖက် အထက်ဆီတွင်လည်း ဆံခွေလိပ်ကလေးများ တွဲလဲကျနေသည်။ ခွက်ကို ကိုင်၍ သောက်နေပုံမှာ ကျက်သရေရှိသည်။ သူကလေးပဲ အနမ်းရှင် ဖြစ်ပါစေတော့ဟု ရီယာမိုဇစ် ဆုတောင်းမိသည်။ သို့သော် ချက်ချင်းပင် သူ့မျက်နှာ ပြားချပ်ချပ်ကို သတိထားမိလိုက်သည်။ သို့ဖြစ်ရာ ရွှေရောင်ဆံပင် ပိုင်ရှင်လေးဘေးက မိန်းကလေးကို သူ ကြည့်၍ စူးစမ်းပြန်သည်။

"အတော်နက်နဲတဲ့ ပြဿနာပါပဲ"

သူ စိတ်ရှုပ်စပြုလာသည်။ လီလက်ပန်း ပန်ထားတဲ့ မိန်းကလေးရဲ့ သွယ်လျလျ လက်မောင်းတွေရယ်၊ ရွှေရောင်ဆံပင် ပိုင်ရှင်လေးရဲ့ ဆံလိပ်ခွေလေးရယ်၊ ပြီးတော့ လိုဗျူကိုဘေးက မိန်းကလေးရဲ့ကြည်လင်တဲ့ မျက်လုံးလေးတွေရယ် ပေါင်းစပ်လိုက်ရင်တော့ ...။

လှပသော၊ ကျက်သရေရှိသော ချစ်စရာ အကွက်ကလေးများကို ပေါင်းရုံးကာ အနမ်းရှင်၏ ပုံပန်းကို သူ ဖော်ကြည့်မိသည်။ သို့ငြားလည်း အနမ်းရှင်ကို ဘယ်မှာမှ ရှာ၍မတွေ့။

ညစာ စားပြီးကြပြီး ဧည့်သည်များမှာ ဝမ်းဝကာ ရီဝေဝေ ဖြစ်လာသည်။ မျက်တောင်များ စင်းလာကြသည်။ ထို့ကြောင့် အိမ်ရှင်များကို နှုတ်ဆက်သည်။ အိမ်ရှင်များက တညလုံး ဧည့်မခံနိုင်သည့်အတွက် ခွင့်လွှတ်ပါရန် တောင်းပန်ကြသည်။

"ကျွန်တော်တော့ သိပ်ပျော်တာပဲ ခင်ဗျ" ဟု ဗိုလ်ချုပ်က ဆိုသည်။ ယခုတကြိမ်တွင်ကား ကျေနပ်သဖြင့် အမှန်စကားဆိုခြင်း ဖြစ်သည်။ ခွဲခွာရတော့မည့် ဧည့်သည်ကို မြန်မြန် နှုတ်ဆက်ရခြင်းသည် အလွန်ကောင်းမြတ်သည့် အလေ့အထပင် ဖြစ်သည်။

"ကျွန်တော်တို့လည်း ပျော်ပါတယ်၊ ဝမ်းလည်း သာပါတယ်။ နောက်တခါ တပ်စခန်း ချရင်လည်း လာပြီး လည်နိုင်ပါတယ်။ အခမ်းအနားတွေ ဘာတွေ မလိုပါဘူး။ ဘယ်လမ်းက သွားကြမှာလဲ၊ တောင်ကုန်းလမ်းကလား၊ မဟုတ်ဘူး၊ တောင်ကုန်းအောက်ဘက်လမ်းက ဆင်းပြီး ပန်းခြံထဲ ဖြတ်တဲ့လမ်းက ပိုပြီး နီးတယ်" ဟု အိမ်ရှင်က လမ်းညွှန်သည်။

အရာရှိများသည် သူပြောသည့်အတိုင်း အောက်လမ်းဘက်က လှည့်၍ ပြန်လာကြသည်။ အခန်းထဲတွင် မီးရောင်များဖြင့် လင်းကျင်းသလောက်

ပြင်ဘက်တွင် မလင်းကျင်း။ မှောင်နှင့်မည်းမည်း ဖြစ်နေပြီး တိတ်ဆိတ်နေသည်။ ခြံတံခါးလေး ရောက်သည်အထိ သူတို့ စကားမပြောကြ။ သူတို့၏စိတ်ထဲမှာ ပျော်ရွှင်မြူးကြွနေသည်။ ဗွန်ရက်ဗက် အိမ်ထဲက အရိုန်မပြေသေး၊ အရက်ရှိန်ကလည်း ခေါင်းထဲတွင် ရီဝေဝေ ကျန်နေသေးသည်။ ညသည် တိတ်ဆိတ်ပြီး မှောင်မိုက်နေသဖြင့် သူတို့မှာ အတွေးနယ်ချဲ့လာကြသည်။ ရီယာဗိုဗစ်သည် ခေါင်းထဲမှာ ဤမေးခွန်းတွေကို ထပ်ခါတလဲလဲ မေးနေသည်။ ဗွန်ရက်ဗက်လို အိမ်ကြီးကြီး တလုံး၊ မိသားစုတခု၊ ပန်းခြံတခု ပိုင်ဆိုင်တဲ့အခါမျိုး ဘယ်တော့ ဖြစ်မှာလဲ။ ဗွန်ရက်ဗက်လို အကျွေးအမွေးမှာ ရက်ရောတဲ့သူ ဖြစ်ချင်လိုက်တာ။ ဧည့်သည်တွေ ကျေနပ်တဲ့အထိ ကျွေးမွေးနိုင်ရင် ကောင်းမှာပဲ။ သူ့လိုပင် လူတိုင်းသည်လည်း ထိုအတွေးမျိုး ဝင်လာသည်။

သို့သော် ပန်းခြံလွန်လာလျှင် အားလုံး စကားကျယ်ကျယ် ပြောကြသည်။ ရယ်မောပြောဆိုသံ ဆူညံလာသည်။ လမ်းသည် မြစ်ဆီသို့ ဦးတိုက်သွားသည်။ ထို့နောက် မြစ်ကမ်းဘေးအတိုင်း ချုံနွယ်ပိတ်ပေါင်းများ၊ ချောင်းရိုးလေးများကို ကွေ့ကာ သွားသည်။ မိုးမခကိုင်းများ မြစ်ကမ်းစပ်သို့ တွဲလဲခိုကျနေကြသည်။ လမ်းမှာ မြင်သာသည်။ တဖက်ကမ်းကိုမူ အမှောင်ရိပ်တွင် လုံးဝ မမြင်ရ။ တခါတရံ ကြယ်ပြောက်ကလေးများ တလက်လက် တောက်ပနေပြီး မြစ်ပြင်ထက်သို့လာ၍ အရိပ်ထင်သည်ကို မြင်ရသည်။ ထိုအခါတွင်မှ မြစ်သည် ရေစီးသန်ပါကလား ဆိုသည်ကို သိရသည်။ အဝေးတနေရာဆီမှ စနိုက်ငှက် တကောင် အော်မြည်သက်ပြင်းချသံ ကြားရသည်။ လမ်းဘေး ချုံထဲမှ နိုက်တင်ဂေးငှက်သည် လူသွားလူလာများကို အမှုမထားဘဲ တေးဆိုနေသည်။

"အဘိုးကြီးက ရဲတင်းဖော်ရွေတယ်၊ အဲဒီ စိတ်ထားကို တို့ သိပ်ကြိုက်တာပဲ၊ ပြီးတော့ အနှမြောမရှိဘူး"

သူတို့အချင်းချင်း အိမ်ရှင် အဘိုးကြီးအကြောင်း ပြောကြသည်။

ခရီးဆုံးခါနီးလျှင် လမ်းသည် တောင်ကုန်းလေးပေါ်သို့ တက်သွားပြီး ဘုရားရှိခိုးကျောင်း ရှိသည့် လမ်းမနှင့် သွား၍ဆုံသည်။ ကျောင်းဝိုင်းအတွင်း အနားယူ အပန်းဖြေကြရင်း မြက်ခင်းပြင်ပေါ်တွင် ထိုင်ကာ ဆေးလိပ်သောက်ကြသည်။ မြစ်တဖက်ကမ်းဆီမှ မီးနီရောင် တခုကို မြင်ရသည်။ ဘယ်ကမီး ဖြစ်မည်ကို သူတို့အချင်းချင်း အငြင်းအခုံ ဖြစ်ပွားကြသည်။ တယောက်က မီးပုံပွဲမှ မီးရောင်ဖြစ်သည်ဟု ဆိုသည်။

နောက်တယောက်ကမူ အိမ်ပြတင်းတွင် မြင်ရသည့် မီးရောင်သာ ဖြစ်သည်။ အခြား ဘာမျှ အဓိပ္ပာယ်ထူးခြားချက် မရှိဟု ဆိုသည်။ ရီယာဗိုဗစ်လည်း မီးရောင်ကို မြင်ရသည်။ မီးရောင်က သူ့အနမ်းဇာတ်လမ်းကို သိသည့်အလား ပြုံးရယ်ကာ

မျက်စိမှိတ်ပြသည်ဟု သူ ခံစားရသည်။

အိမ်ပြန်ရောက်လျှင် အဝတ်အစားများ လဲကာ အိပ်ရာပေါ် လှဲချလိုက်သည်။ သူသည် လိုဗျူကို၊ လက်ဖတင်နှင့် မတ်ဇလီယာကော့တို့နှင့် တခန်းတည်း နေသည်။ မတ်ဇလီယာကော့မှာ လူအေးတယောက် ဖြစ်သည်။ စကားနည်းသည်။ ယဉ်ကျေးသိမ်မွေ့သူ တယောက် ဖြစ်ပြီး စာဖတ်ဝါသနာပါသည်။ သွားလေရာအရပ်သို့ ဥရောပ၏တမန်တော် စာအုပ်ကို ယူဆောင်သွားကာ ထပ်ပြန်တလဲလဲ ဖတ်သည်။ လိုဗျူကိုသည် အဝတ်များလဲကာ ခန်းလုံးပြည့် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။ စိတ်တိုနေဟန် တူသည်။ သူ့တပည့်ကို ဘီယာအရှာ လွှတ်လိုက်သည်။ မတ်ဇလီယာကော့သည် ဖယောင်းတိုင် ထွန်းကာ ဥရောပ၏ တမန်တော်ကို စိတ်ပါလက်ပါ ဖတ်နေသည်။

ရီယာဗိုဗစ်သည် ကျပ်ခိုးဖြင့် ပေကျံနေသော မျက်နှာကြက်ကို ကြည့်ကာ အခု ဘယ်ရောက်နေပြီလဲကွယ်ဟု တကိုယ်တည်း ရေရွတ်နေသည်။

သူ့လည်ပင်းတွင် ယခုတိုင် အမွှေးဆီအနံ့ ရနေသေးသည်။ ပါးစပ်တွင်လည်း ပက်ပါးမင့် အကွက်ကလေးတခု ကျန်ရစ်ခဲ့သည်ဟု ခံစားရကာ တုန်တုန်ယင်ယင် ဖြစ်လာသည်။ သူ့ခေါင်းထဲတွင် အတွေးများ ချာချာလည်နေသည်။ လိလက်ပန်း ပန်ထားသော အမျိုးသမီးလေး၏ ပန်းနှင့် လက်မောင်းများ၊ အဝတ်နက် ဆင်မြန်းထားသော အမျိုးသမီးလေး၏ တည်ငြိမ်သော မျက်လုံးတစုံနှင့် ဆံပင်တွန့်ခွေ၊ ကျဉ်သောခါးနှင့် အဝတ်အစားများ၊ ဆံညှပ်များ...။ ယင်းတို့ အားလုံး သူ မြင်ယောင်လာသည်။ မြင်ကွင်းတွင် ဤပုံရိပ်များ ပေါင်းရုံး ထင်ဟပ်လာအောင် ကြိုးစား၍ ပုံဖော်သော်လည်း မှုန်ဝါးလာပြီး မှိတ်တုတ်လက်ကာ ပျောက်ကွယ်သွားကြသည်။ ပုံရိပ်များ အားလုံးသည် ကန့်လန့်ကာ အနက်ကြီးထဲဝင်သွားကာ ပျောက်ကွယ်သွားကြသည် ဟူ၍လည်း သူ ထင်သည်။ ယောကျ်ားတွေ အားလုံး မျက်စိမှိတ်ထားကြသည့်ရှေ့တွင် ကန်လန့်ကာ အနက်ကြီး ရှိနေသည်ဟု သူ ထင်သည်။ ထိုခဏတွင် ခြေသံများ သူ ကြားရသည်။ အကျီချင်း ပွတ်တိုက်သံကို ကြားရသည်။ ပြီးတော့ ပြွတ်ခနဲ နမ်းလိုက်သည့် နမ်းရှုပ်သံ။ သူ ဝမ်းသာသွားပြီး တကိုယ်လုံး ကြက်သီးဖြန်းဖြန်း ထသွားသည်။ ထိုသို့ ဝမ်းသာပီတိ ဖြစ်နေစဉ် လိုဗျူကို၏တပည့် ပြန်လာပြီး ဘီယာ ရှာမရခဲ့ ဟူသော သတင်းကို ကြားရသည်။ လိုဗျူကိုသည် စိတ်မရှည်နိုင် ဖြစ်လာပြီး ခန်းလုံးပြည့် ခေါက်တုံ့ခေါက်ပြန် လျှောက်နေလေသည်။ ဒီကောင် အသုံးမကျဘူး ဟူ၍လည်း ရေရွတ်သည်။ ထိုနောက် ရီယာဗိုဗစ်အနား လာ၍ရပ်သည်။ တဖန် မတ်ဇလီယာကော့နား သွားပြန်သည်။ ခပ်တုံးတုံး အကောင်တွေသာ ဘီယာရှာလို့ မရတာ ဟူ၍လည်း ပြောသည်။

"ဒီမှာ ဘီယာ မရနိုင်ဘူး ဆိုတာ လူတိုင်း သိတယ်"

မတ်ဇလီယာကော့က ဥရောပ၏ တမန်တော်မှ မျက်လုံးကို မခွာဘဲ ပြောသည်။

"အဲဒီလို ခင်ဗျား ယုံတယ်ပေါ့" လိုဗျူကိုက ပြန်ပြောသည်။

"ကောင်းကင်ဘုံမှာရှိတဲ့ အဖဘုရားသခင်၊ ကျွန်တော်မျိုးကို ငါးမိနစ်အတွင်း လပေါ်အရောက် ပို့ပေးပါ။ ငါးမိနစ်အတွင်း ဘီယာနှင့် မိန်းမ ရပါစေ့မယ်။ ကျွန်တော်ကိုယ်တိုင် ရှာပါမယ်၊ မရရင် ကျွန်တော့်ကို လူမိုက်လို့ ခေါ်ပါ"

ထိုနောက် အဝတ်ကို ဖြည်းဖြည်းဝတ်ကာ စကားမပြောဘဲ စီးကရက်တလိပ် မီးညှိသောက်ပြီး အပြင်ဘက်သို့ ထွက်သွားသည်။ ခန်းမထဲတွင် ခဏရပ်ကာ ရက်ဗက်၊ ဂရက်ဗက်၊ လက်ဗက် ဟူ၍ ရေရွတ်သည်။

"ငါတယောက်တည်း မသွားဘူး၊ သရဲ အဖမ်းခံရလိမ့်မယ်။ ရီယာဗိုဗစ်ရေ... တို့နဲ့ ခဏလောက် လမ်းလျှောက်လိုက်ခဲ့ပါလား၊ ဘယ်လိုလဲ"

အဖြေမရသဖြင့် ပြန်လှည့်လာပြီး အဝတ်လဲကာ အိပ်ရာပေါ် လှဲချလိုက်သည်။ မတ်ဇလီယာကော့လည်း သက်ပြင်း တချက်ချကာ ဖတ်နေသောစာအုပ်ကို ဘေးသို့ချလိုက်ပြီး မီးငြိမ်းလိုက်သည်။ ကောင်းပြီလေဟု လိုဗျူကိုက ဆိုကာ စီးကရက်ကို ဖြည်းဖြည်းချင်း ဖွာထုတ်နေလေသည်။ ရီယာဗိုဗစ်သည် စောင်ကို မေးစေ့အထိ ဆွဲယူလိုက်ပြီး ခွေခွေကလေး ဖြစ်အောင် ကွေးကာ မှိတ်တုတ် မှိတ်တုတ် လက်နေသော ပုံရိပ်များကို ပုံပန်းတခုတည်း ဆက်စပ်ပေါ်လာအောင် အာရုံစူးစိုက်ကာ စိတ်ကူးကြည့်သည်။ သို့သော်လည်း အားလုံး စိတ်အာရုံထဲမှ လွင့်စဉ်ထွက်ပြေးသွားကြသည်။ နောက်ဆုံးတွင် သူ အိပ်ပျော်သွားသည်။ နောက်ဆုံး စိတ်အာရုံတွင် ထင်ကျန်ရစ်ခဲ့သည်တို့မှာ သူ့ကို တစုံတယောက်က ဝမ်းသာအောင် ယုယသည်။ သူ့ဘဝထဲသို့ ထူးဆန်းသော တစုံတရာ ဝင်ရောက်လာသည်။ ရယ်စရာတော့ ကောင်းသည်။ သို့ငြားလည်း ကောင်းချီးမင်္ဂလာနှင့် ပြည့်စုံပြီး တောက်တောက်ပပ ရှိသည်ဟု သူ ထင်သည်။ ထိုစိတ်ကူးသည် အိပ်မက်ထဲမှာပင် မပျောက်ပြယ်ပါ။

အိပ်ရာမှ နိုးလာသည့်အခါ လည်ပင်းထက်၍ အမွေးနံ့နှင့် ပက်ပါးနံ့တို့မှာ မရှိတော့။ အားလုံး လွင့်ပါး ထွက်ပြေးလေပြီ။ သို့သော်လည်း မနေ့ညကလိုပင် သူ ပျော်ရွှင်လျက် ရှိနေလေသည်။ ပြတင်းများတွင် နေရောင်ခြည် ထိုးလာသည်ကို သူ မြင်ရသည်။ အပြင်ဘက်က အသံများကို သူ နားစွင့်သည်။ ပြတင်းပေါက်တိုင်းအနားတွင် တစုံတယောက်၏ ခပ်ကျယ်ကျယ် စကားပြောသံကို ကြားရသည်။ စကားပြောသူမှာ သူ့တပ်ဖွဲ့၏ တပ်မှူး လေဗေဒိုင်ယက်စကီ ဖြစ်သည်။ ယခုလေးမှာပင် တပ်မဟာကို တာဝန်ယူ အုပ်ချုပ်သူ ဖြစ်သည်။ သူသည် တပ်ကြပ်ကြီးနှင့် စကားပြောနေသည်။ တိုးတိုး မပြောတတ်သဖြင့် ကျယ်ကျယ်

ပြောနေခြင်း ဖြစ်သည်။

"ပြီးတော့ ဘာဖြစ်သလဲ"

သူ့အသံအောကြီး ထွက်လာသည်။

"မနေ့က မြင်းတွေ သံခွာရိုက်တော့ ဂိုလုချစ် သံခွာစူးသွားတယ် ခင်ဗျာ။ ရွှံ့နဲ့ ချဉ်စော်ကားနဲ့ သိပ်လိုက်ရတယ်။ ပြီးတော့ မနေ့ညက မက္ကင်းနစ် အာတီ မီယက် မူးလာတယ် ခင်ဗျ။ ဒါနဲ့ ဗိုလ်လေးက သူ့ကို အမြောက်ဆွဲတဲ့ လှည်းပေါ်မှာ တင်ပြီး သိပ်လိုက်တယ်"

ထို့နောက် တပ်ကြပ်ကြီးက ကားပေါ့တယောက် တဲထိုးပစ္စည်းများ မေ့ကျန်ရစ်ခဲ့ကြောင်း၊ မနေ့ညက အရာရှိများ ဗိုလ်ချုပ် ဗွန်ရက်ဇက် အိမ်သို့ သွားရောက်လည်ပတ်ကာ စားသောက်ကြကြောင်း၊ ယခု ပြတင်းပေါက်တွင် လေဗေဒိုင်ယက်စကီ၏ မုတ်ဆိတ်နီနီနှင့် မျက်နှာကြီးကို မြင်နေရပြန်ကြောင်း ပြောပြသည်။ တပ်မှူးသည် မျက်တောင်ခတ်ကာ အိပ်ရာထဲမှ အိပ်ချင်မူးတူးနှင့် အရာရှိများကို ကြည့်ပြီး နှုတ်ဆက်သည်။

"အားလုံး ချောချောမောမောပဲ မဟုတ်လား"

"အမြောက်လှည်းဆွဲ မြင်းကြီး သိပ်မရှုန်းနိုင်တော့ဘူး ခင်ဗျ" လို့ဗျူကိုက ပြောသည်။

တပ်မှူး သက်ပြင်းချသည်။ ခဏမျှ စဉ်းစားနေပြီး ဤသို့ အော်ပြောသည်။

"ငါ အလက်ဇင်းဒရား ယီဂိုရေ့ဗနားဆီ သွားမလို့ဟေ့။ ညမရောက်ခင် မင်းတို့ဆီ အမီ လိုက်လာခဲ့မယ်"

ဆယ့်ငါးမိနစ်ရှိလျှင် တပ်မဟာသည် စတင် ချီတက်သည်။ ဗွန်ရက်ဇက် အိမ်နားသို့ ရောက်လျှင် ရိယာဗိုဗစ်သည် အိမ်ဘက်သို့ လှည့်ကာ ကြည့်မိသည်။ ခန်းဆီးများ ချထားသည်ကို တွေ့ရခြင်းအားဖြင့် အိမ်သားအားလုံး အိပ်ပျော်နေကြပြီ ဖြစ်သည်မှာ သေချာသည်။ ထိုအထဲတွင် "သူ" တယောက်လည်း အပါအဝင် ဖြစ်သည်။ မကြာသေးမီက သူ့ကို နမ်းခဲ့သည့် "သူ" ပင် ဖြစ်သည်။ "သူ" အိပ်ပျော်နေပုံကို မျက်စိထဲတွင် မြင်ယောင်လာအောင် စိတ်ကူး ပုံဖော်ကြည့်မိသည်။ အိမ်ခန်းပြတင်းမှာ ပွင့်နေပြီး သစ်ကိုင်းစိမ်းများ အိမ်ခန်းထဲသို့ တိုးဝင်နေသည်။ မနက်ခင်း၏ လေပြည်ကလည်း သန့်စင်လန်းဆတ်သည်။ ပေါ့ပလာနံ့၊ လိလက်ပန်းနံ့၊ နှင်းဆီပန်းနံ့တို့ဖြင့် မွှေးထုံနေသည်။ ပြီးတော့ အိပ်ရာကို မြင်ယောင်သည်။ အိပ်ရာဘေးတွင် ကုလားထိုင်တလုံး ရှိနေသည်။ ပြီးတော့ မနေ့ညက ပွတ်တိုက်သံ ဖြစ်ပေါ်စေသည့် အဝတ်အစားများ၊ ဖိနပ် သေးသေးလေး

တရန်၊ စားပွဲပေါ်တွင် ချက်... ချက်... မြည်နေသော နာရီတလုံး၊ ယင်းတို့အားလုံးကို သူ အသေးစိတ် မြင်လာသည်။ သို့သော်လည်း အိပ်ပျော်နေစဉ် အပြုံးရိပ်သန်းနေပုံ၊ ခန္ဓာကိုယ် အချိုးအစားတို့ကိုမူ ပုံဖော်၍ မရ။ လက်ထဲမှာ ငြိမ်ငြိမ်မနေသည့် ပြဒါးလို အဖမ်းရ၊ ဆုပ်ကိုင်ရ ခက်လှသည်။ ပုံပန်း ရုပ်ရည်သွင်ပြင် ပေါ်လွင်ဖို့လိုသည်။ ယင်းမှာ အရေးကြီးသည် မဟုတ်ပါလား။ ချီတက်၍ မိုင်ဝက်ခန့်ရှိလျှင် နောက်ကြောင်းသို့ ပြန်၍လာသည်။ အဝါရောင် ဘုရားကျောင်း၊ ရက်ဗက်၏အိမ်၊ ပန်းခြံနှင့် မြစ်တို့မှာ နေရောင်ခြည်အောက်တွင် လင်းလက်နေသည်။ ကောင်းကင်ပြာပြာအောက်ရှိ မြစ်ကမ်းစိမ်းစိမ်းနှင့်အတူ မြစ်ပြင်ကြီး တခုလုံးမှာ နေခြည်တွင် ဝင်းပနေသည်။ အလွန် လှသည့်ရှုခင်း ဖြစ်သည်။ မေစတက်ကီ ရွာကလေးကို နောက်ဆုံးကြည့်ခြင်းဖြင့် သူ ကြည့်ပြီး ဝမ်းနည်းလာမိသည်။ သူ ချစ်မြတ်နိုးသည့်၊ သူ့အသည်းနှလုံးနားမှာ ရှိသည့် တစုံတခုနှင့် တခါတည်း ခွဲခွာရတော့မည်လားဟု စိတ်ထင့်ကာ ဝမ်းနည်းလာသည်။

သူ့ရှေ့က ကမ်းပေါ်တွင် မြင်နေကျ စိတ်ဝင်စားစရာ မကောင်းသည့် ရှုခင်းများကို မြင်နေရသည်။ လက်ယာဘက်နှင့် လက်ဝဲဘက်တို့တွင် ရိုင်းဂျုံခင်းသည် ရင့်မှည့်နေပြီ။ သူ့ရှေ့တွင်မူ တပ်သားများ၏ လည်ပင်းကုပ်ဆက်များကို မြင်နေရသည်။ နောက်ဘက်တွင် ဖုန်လုံးများနှင့် တပ်သားများ၏ မျက်နှာများကို မြင်နေရသည်။ တပ်ရှေ့ပိုင်းတွင် ဓားလွတ်ကိုင် စစ်သားလေးယောက် ချီတက်နေသည်။ ယင်းမှာ တပ်ဦးကင်း ဖြစ်သည်။ သူတို့ နောက်တွင် တီးဝိုင်းအဖွဲ့ ချီတက်သည်။ တပ်ဦးကင်းနှင့် တီးဝိုင်းအဖွဲ့သည် အသုဘ အခမ်းအနားတွင် စီတန်း လမ်းလျှောက်သလို စကားတခွန်းမျှ မပြောဘဲ လျှောက်နေကြသည်။ သတ်မှတ်ထားသည့် အကွာအဝေးအတိုင်း မဟုတ်ဘဲ အလှမ်း အလွန်ကွာဝေးစွာ ရှေ့သို့ ရောက်နေကြသည်။ ရီယာဗိုဗစ်သည် နံပါတ် ၅ တပ်ဖွဲ့နှင့်အတူ ချီတက် နေသည်။ သူ့ရှေ့တွင် ရှိနေသော တပ်ဖွဲ့လေးခုကို ကောင်းကောင်း မြင်နေရသည်။

လူစိမ်းတယောက်အဖို့ကား အမြောက်တပ်ကြီးတခု ပင်ပင်ပန်းပန်း ချီတက်နေသည်ကို မြင်ရသည်မှာ စိတ်ဝင်စားစရာ မြင်ကွင်း ဖြစ်သည်။ အမြောက်တလက်အတွက် ဘာကြောင့် လူအများကြီး လိုသည်မှာ နားလည်ရခက်သည့်ကိစ္စ ဖြစ်သည်။ ပြီးတော့ ဘာကြောင့် မြင်းတွေ အများကြီးက အမြောက်လှည်းကို ဆွဲရသလဲ။ စဉ်းစားရခက်သည့်ကိစ္စ ဖြစ်သည်။ ရီယာဗိုဗစ်အဖို့ကား ယင်းကိစ္စ အားလုံးကို သိကျွမ်းနေပြီ ဖြစ်သဖြင့် ငြီးငွေ့သည်။ တပ်ဖွဲ့တခု၏ရှေ့တွင် အရာရှိဘေး၌ တပ်ကြပ်ကြီးတယောက် ဘာကြောင့် အမြဲလိုက်ပါရသည် ဆိုသည်ကို နှစ်ပေါင်းများစွာကတည်းက လေ့လာခဲ့ပြီး ဖြစ်သည်။ တပ်ကြပ်ကြီးကို ဘာကြောင့် ဆရာကြီး ခေါ်ရသည်ကိုလည်း သူ နားလည်သည်။ ပြီးတော့ ဆရာကြီးနောက်က ရှေ့ဆောင် မြင်းမောင်းသမားနှင့်

အမြောက်တင်လှည်း ဆွဲသည့် မြင်းတို့ လိုက်ပါရသည့် အကြောင်းကိုလည်း သူ သိသည်။ ရှေ့နားက မြင်းများကို "စီးရန် ကျင့်ပြီး မြင်းများ" ဟု ခေါ်ပြီး၊ ခပ်လှမ်းလှမ်းက မြင်းများကို "ရှေ့ဆောင်မြင်းများ" ဟု ခေါ်သည်ကိုလည်း သူ သိသည်။ ယင်းတို့မှာ စိတ်ဝင်စားစရာ မကောင်းသည့် ဝေါဟာရများ ဖြစ်လေသည်။ လူစိမ်းများနှင့်ကား အလှမ်းဝေးလှသည်။

အမြောက်လှည်းဆွဲ မြင်းပေါ်တွင် တပ်သားတယောက်စီ တက်၍ စီးရသည်။ မြင်းမှာ ဖုန်များ ပေကျံနေသည်။ ညာဘက် ခြေထောက်တွင် အဖုံးများ ဖုံးအုပ်ထားသည်။ ယင်းမှာ ခြေထောက်ကို မထိခိုက်အောင် အကာအကွယ် ပေးသည့်ပစ္စည်း ဖြစ်သည်။ ရီယာဗိုဗစ်အဖို့မူ ယင်းသည် ထူးဆန်းသည့်ပစ္စည်း မဟုတ်တော့ပြီ။ မြင်းစီးတပ်သားများသည် ကြာပွတ်များကို ဝှေ့ယမ်းကာ မကြာခဏ မြင်းများကို ကြိမ်းမောင်းကြသည်။

အမြောက်များမှာ အရေးမပါလှဟု ထင်ရသည်။ အမြောက်ဘေးတွင် လက်ဖက်ရည်ကရားများ၊ အိတ်ငယ်လေးများ ချိတ်ဆွဲထားသည်။ သို့ဖြစ်ရာ အမြောက်များသည် အန္တရာယ်မပြုနိုင်သည့် တိရစ္ဆာန်များနှင့် တူနေသည်။ အကြောင်းတခုခုကြောင့် ထိုပစ္စည်းများ ချိတ်ဆွဲထားသလား ထင်မှတ်စရာပင်။ အမြောက်နောက်ဘက်တွင် အမြောက်တပ်သား ခြောက်ယောက် လိုက်ပါနေသည်။ သူတို့သည် လက်များကို လွှဲကာ ချီတက်နေကြသည်။ သူတို့နောက်တွင် တပ်ကြပ်ကြီးများ၊ ခေါင်းဆောင်မြင်းများ၊ ယာဉ်ဆွဲမြင်းများ လိုက်ပါလာကြသည်။

ထိုနောက် အမြောက်များ တခုပြီးတခု ဆက်လက် လိုက်ပါလာသည်။ အမြောက်များမှာ အရုပ်ဆိုးသည်။ အမြောက် တပ်မဟာ တခုတွင် တပ်ဖွဲ့ ခြောက်ခု ရှိပြီး၊ တပ်ဖွဲ့ တခု၌ အမြောက်လေးလက် ရှိသည်။ စတင် ချီတက် သွားကြပြီဆိုလျှင် တပ်ဖွဲ့တခုလုံး မိုင်ဝက်မျှ ရှည်လျားသည်။ နောက်ဆုံးတွင် မြင်းလှည်းများ စီတန်း လိုက်ပါလာသည်။ ယင်းနှင့်အတူ တပ်ဖွဲ့မှူး တူရကီမှ ဝယ်လာသည့် မြည်းကလေး "မာဂါ" သည် ခေါင်းငိုက်စိုက်ချကာ တလှမ်းချင်း ချီတက် လိုက်ပါလာသည်။

ရီယာဗိုဗစ်၏ ပတ်ဝန်းကျင်မှာ တိတ်ဆိတ်နေသည်။ ချီတက်နေစဉ် ရှေ့က ခေါင်းများ၊ လည်ကုပ်များကို မြင်နေပြီး နောက်လှည့်ကြည့်လိုက်သည့်အခါ မျက်နှာများစွာကို မြင်နေရသည်။ မနေ့ညက ဖြစ်ရပ်နှင့် မကြုံခဲ့လျှင် သူသည် အိပ်တဝက် ငိုက်မျဉ်းကာ လိုက်ပါလာမည် ဖြစ်သည်။ သို့သော် သူသည် မျက်လုံးကျယ်ကာ စိတ်ကူးယဉ်ပြီး လိုက်ပါလာသည်။ အတွေးနယ် ချဲ့ချင်တိုင်း ချဲ့နေမိသည်။ မနက်ပိုင်း တပ်ထွက်စကမူ ညက အနမ်းသည် ဘာမျှ ထူးခြားမှုမရှိသည့် အနမ်းဟု သူ ခံယူပြီး ဖြစ်သည်။ သို့သော် သေးမွှားသည့် လျှို့ဝှက်သည်းဖို စွန့်စားခန်းတခု အဖြစ်ကား သူ လက်ခံသည်။ သည်အကြောင်း ရေးကြီးခွင့်ကျယ် စဉ်းစားစရာပင် မလိုဟု သူ ထင်သည်။ သို့သော်

ဆင်ခြင်တုံတရားသည် ချက်ချင်း သူ့ထံမှ ထွက်ပြေးသွားသည်။ ယခုမူ သူသည် စိတ်ကူး နယ်ချဲ့ချင်တိုင်း ချဲ့နေမိသည်။ မကြာခဏပင် သူသည် ဗွန်ရက်ဗက် ထမင်းစားခန်းထဲ ရောက်နေပြီး လူပုဂ္ဂိုလ်တယောက်နှင့် အာလာပသလ္လာပ ပြောနေသည်ဟု ထင်မိသည်။ လူပုဂ္ဂိုလ်တယောက် ဆိုသည်မှာ လိလက်ပန်း ပန်ထားပြီး အင်္ကျီနက် ဆင်မြန်းထားသည့် ရွှေရောင် ဆံပင်ပိုင်ရှင် အမျိုးသမီးလေးတယောက် ဖြစ်သည်။ မကြာခဏပင် သူသည် မျက်လုံးစုံမှိတ်ကာ ပတ်ဝန်းကျင် အသစ်တခုအကြား သူ့ကိုယ်သူ နေရာချကြည့်သည်။ သည်တခါတွင်မူ သူသည် နားဝေတိမ်တောင် ဖြစ်နေသော အမျိုးသမီးလေး တယောက်နှင့် အတူနေသည်။ အမျိုးသမီးလေးကို သူ စကားပြောသည်။ သူ့ပခုံးပေါ် ကိုယ်ကို ကိုင်းကာ ယုယသည်။ ထိုနောက် စစ်ပွဲတခု ဖြစ်ပွားကာ သူတို့ ခွဲခွာကြရသည်။ ထိုနောက် ပြန်လည် ဆုံစည်းမိကြသည်။ ပထမဆုံးအကြိမ် ညစာ အတူစားကြသည်။ ကလေးတွေလည်း ပါသည်။

တောင်ကုန်းစောင်းတခုသို့ အတက်တွင် သွားကြမယ်ဟေ့ ဟူသော အမိန့်ပေးသံကို ကြားရသည်။ ရီယာဗိုဗစ်က နားကြမယ်ဟေ့ဟု ထပ်ဆင့်အမိန့်ပေးမိသည်။ ထိုအမိန့်ပေးသံက သူ့ကို တကယ့်အရှိဘဝသို့ ပြန်ပို့ပေးလိမ့်မည်ဟု သူ ထင်မိသည်။

သူတို့သည် ကြီးမားသော တောအိမ်ကြီးတခုကို ဖြတ်သွားကြသည်။ ရီယာဗိုဗစ်သည် ဝင်းထရံကိုကျော်ကာ ပန်းခြံထဲသို့ ကြည့်မိသည်။ ရှည်လျားသော လမ်းကြောင်းလေးတခု ထင်းခနဲ မြင်ရသည်။ ယင်းမှာ ပေတံလို ဖြောင့်သည်။ ပန်းခြံထဲတွင် သဲဝါများ ခင်းထားပြီး ဗတ်ပင်ပျိုလေးများဖြင့် အရိပ် အာဝါသ ကောင်းသည်။ သာယာကြည်နူးစရာ ကောင်းသည့် ထိုပတ်ဝန်းကျင် သဲဝါခင်းပေါ်တွင် လျှောက်သွားသော အမျိုးသမီးလေးတယောက်၏ ပုံရိပ်ကို စိတ်ကူးတွင် ဖော်ကြည့်သည်။ ထိုနောက် ရုတ်တရက် ချက်ချင်းပင် စိတ်ကူးထဲ၌ သူ့ကို နမ်းသွားသည့် အမျိုးသမီး၊ ထိုညက ထမင်းစားပြီးနောက် စိတ်ကူးထဲတွင် ရုပ်လုံးဖော်ကြည့်သည့် အမျိုးသမီးပုံပန်းကို သူ ပြန်လည် စဉ်းစားယူသည်။ ထိုပုံရိပ်သည် သူ့ဦးနှောက်ထဲတွင် စွဲမြဲနေပြီး ဘယ်တော့မှ ထွက်ပြေးလိမ့်မည် မဟုတ်။

သူ၏ စိတ်ကူးထဲက ရုပ်ပုံလွှာသည် နေ့လယ်ခင်းအထိ ကြီးစိုးနေသည်။ ထိုနောက် တပ်ဖွဲ့နောက်ပိုင်းဆီမှ အမိန့်သံတခုကို ကြားလိုက်ရသည်။

“သတိ၊ အရာရှိများ ညာကြည့်”

မြင်းဖြူနှစ်ကောင် ကသည့် မြင်းလှည်းပေါ်တွင် လိုက်ပါလာသော တပ်မဟာ၏ ဗိုလ်ချုပ်ကို သူတို့ တွေ့ရသည်။ ဗိုလ်ချုပ်သည် ဒုတိယတပ်ဖွဲ့တွင်

ရပ်ကာ တစုံတရာ အော်ဟစ် ပြောဆိုသည်။ ဘာပြောမှန်း ဘယ်သူမျှ နားမလည်။ အရာရှိ အများအပြား သူ့ဆီသို့ မြင်းကိုယ်စီဖြင့် ရောက်သွားကြသည်။ ထိုအထဲတွင် ရီယာဗိုဗစ်လည်း ပါသည်။

"ဘယ်လိုလဲပေ့ါ အဆင်ပြေကြရဲ့လား"

ဗိုလ်ချုပ်သည် မျက်လုံးနီတစုံဖြင့် တချက်ဝေ့ကြည့်ပြီး "နေမကောင်းတဲ့လူများ ရှိကြသလား" ဟု မေးသည်။

"မရှိပါ။ အားလုံး နေကောင်းကြပါသည်" အဖြေကြားရလျှင် ခပ်ပိန်ပိန် ဗိုလ်ချုပ်သည် ခဏ ငံ့လင့်ကာ အရာရှိတယောက်ဘက်သို့ လှည့်ပြီး -

"မင်းတပ်ဖွဲ့က မြင်းစီးတဲ့ တပ်သားဟာ မြင်းခြေထောက်က အကာအကွယ်ကို ဖြုတ်ပြီး လက်ရန်းမှာ ချိတ်ထားတယ်။ သူ့ကို အပြစ်ပေးလိုက်" ဟု အမိန့်ပေးသည်။

ထို့နောက် ရီယာဗိုဗစ်ဘက်သို့ လှည့်ကာ မျက်လုံးပင့်ကြည့်ပြီး ဤသို့ ထပ်မံ ဖြည့်စွက်သည်။

"မင်းတပ်ဖွဲ့မှာရော ကကြိုးတန်ဆာတွေက သိပ်ပြီး လျော့ရဲတယ် ငါ ထင်တယ်"

ဤသို့ မှတ်ချက်များ ပေးပြီးနောက် လိုဗျူကိုအား ကြည့်ကာ ရယ်သည်။

"မင်းက ဘာဖြစ်လို့ မှိုင်တွေချနေရတာလဲ။ မဒမ်လိုပူကော့အတွက် သက်ပြင်းတွေ ချနေရသလားဟင်...။ ဒီမှာ လူကြီးမင်းများ... သူဟာ မဒမ်လိုပူကော့အတွက် ဆွေးနေလေရဲ့" ဟု ပြောသည်။

မဒမ်လိုပူကော့သည် အရပ်ရှည်ပြီး တောင့်တင်းသော အမျိုးသမီးတယောက် ဖြစ်သည်။ အသက် လေးဆယ်ကျော်သည်မှာ ကြာပြီ။ အမျိုးသမီးကြီးများဘက်က လိုက်ပါလေ့ရှိသော ဗိုလ်ချုပ်သည် သူ့လက်အောက် အရာရှိများအား ယခုလို အမြဲ ပြောဆို စွပ်စွဲတတ်သည်။ အရာရှိများက လေးလေးစားစား ပြုံးကြသည်။ ဗိုလ်ချုပ်သည် ရယ်စရာ၊ မောစရာ၊ ခပ်ဆတ်ဆတ်ကလေး စွပ်စွဲစရာများ ပြောကြားပြီးနောက် ကျေနပ်အားရ ဖြစ်သွားပြီး မြင်းလှည်းသမား ကျောကို လက်ဖြင့်တို့ကာ အရာရှိများအား အလေးပြုပြီး ထွက်ခွာသွားသည်။

ဒါမျိုးတွေဟာ ဖြစ်တတ်တာတွေချည်းပဲ။ မထူးဆန်းပါဘူး။ ဗိုလ်ချုပ်၏ လှည်းနောက်က ဖုန်လုံးများကို ကြည့်ရင်း ရီယာဗိုဗစ် စဉ်းစားမိသည်။ ဒါမျိုးတွေဟာ

နေ့စဉ် ဖြစ်ပျက်နေတာပဲ၊ လူတိုင်း တွေ့ရ ကြုံရတတ်တာပဲ။ ဗိုလ်ချုပ်ဆိုတဲ့ အဘိုးကြီးဟာ ငယ်ငယ်တုန်းက ချစ်ဖူး ကြိုက်ဖူးမှာပဲ။ အခုတော့ လက်ထပ်ပြီးလို့ သားသမီးတွေ ရနေရော့မယ်။ ဗိုလ်ကြီး ဝပ်ချာဆိုရင် လက်ထပ်ပြီးပြီ။ သူ့မိန်းမက သူ့ကို ချစ်တယ်။ ဒါပေမဲ့ သူကတော့ အရုပ်ဆိုးတယ်။ လည်ကုပ်နီနီနဲ့၊ ခါးတုတ်တုတ်နဲ့။ ဆယ်လမာနေ့ဆိုရင် သိပ်ကြမ်းတာပဲ။ တကယ့် တာတာ ပီသတယ်။ ဒါပေမဲ့ နောက်ဆုံးမှာတော့ ချစ်သူတွေ့ပြီး ပျော်ရွှင်စွာ လက်ထပ်ကြတယ်။ ငါအဖို့လည်း အများသူငါနည်းတူ သူတို့လိုပဲ ချစ်ကြိုက်သူ တွေ့ပြီး ပျော်ရွှင်စွာ ပေါင်းသင်းကြရမယ့် တနေ့ ရောက်လာမှာပဲ။

သူသည် လူသာမန်တယောက်သာ ဖြစ်သည်။ သူ့ဘဝသည် လူသာမန်တို့၏ဘဝသာ ဖြစ်သည်ဟူသော အတွေး ဝင်လာသည့်အခါ သူ ပျော်လာသည်။ ထိုအတွေးက သူ့ကို နှစ်သိမ့်သည်။ ယခု ခဏတွင် ညက တွေ့ခဲ့သည့် အနမ်းရှင် “သူ့” ကို ရဲရဲတွေးကာ စိတ်ကူးပုံဖော်ကြည့်သည်။ ပျော်ရွှင်ခဲ့ရပုံတို့ကို ပြန်လည် တသမိသည်။ စိတ်ကူးကို လွတ်ပေးလိုက်သည့်အခါ လွတ်လပ်ချင်တိုင်း လွတ်လပ်စွာ တွေးတောနေမိလေသည်။

ညနေပိုင်းတွင် တပ်မဟာသည် ချီတက်ရာမှ ရပ်တန့်ပြီး စခန်းချသည်။ အခြားအရာရှိများ သူတို့တဲထဲတွင် ကိုယ်စီကိုယ်င ဝင်၍ တွေးကြစဉ် ရီယာဗိုဗစ်၊ မတ်ဇလီယာကော့နှင့် လိုဗျူကိုတို့သည် အထုပ်တခုကို ဖြေကာ ညစာ စားကြသည်။ မတ်ဇလီယာကော့သည် ဖြည်းဖြည်း စားသည်။ သူ့ဒူးပေါ်တွင် ဥရောပ၏ တမန်တော် စာအုပ်ကို တင်ထားသည်။ စားရင်း စာအုပ်ကို မှန်မှန် ဖတ်နေသည်။ လိုဗျူကိုကား စကားတွေ မရပ်မနား ပြောနေသည်။ ဖန်ခွက်ထဲ ဘီယာ လောင်းထည့်သည်။ ရီယာဗိုဗစ်မှာ ခေါင်းထဲတွင် ရီဝေနေသည်။ နေ့လယ် အိပ်မက်တွေ ဆက်တိုက်မက်နေရသည် မဟုတ်လား။ သူကား စကားမပြောဘဲ စားနေသည်။ ဘီယာသုံးခွက် ဝင်လျှင် အနည်းငယ် ရီဝေလာပြီး ပျော့ခွေလာသည်။ သူ့ကို တစုံတခုက ထိုညက စွန့်စားခန်းကို ရဲဘော်များအား ပြန်လည်ပြောပြရန် တိုက်တွန်းနေသည်။

“ဗွန်ရက်ဗက် အိမ်မှာတုန်းက ထူးထူးဆန်းဆန်းတခု ဖြစ်ပျက်တယ်” ဟု အစချီကာ ဘာမျှ မထူးခြားသည့် ပုံမျိုးဖြင့် ဖြစ်ပျက်သမျှကို ခပ်ထွေထွေ ပြောပြသည်။

“ကျွန်တော်က ဘိလိယက်ခန်းကနေ ပြန်အလာ… ခင်ဗျားတို့ သိတယ်နော်”

ထိုနောက် သူ ဘယ်သို့ အနမ်းခံရပုံကို သမိုင်းနှင့်ချီ၍ စေ့စေ့စပ်စပ် ပြောပြသည်။ သို့သော် ထူးခြားသည်မှာ တစ်မိနစ်အတွင်း ဇာတ်ကြောင်းအားလုံး

ပြန်ပြီးနေခြင်း ဖြစ်လေသည်။ တစ်မိနစ်အတွင်း အသေးစိတ် ပြောပြရသဖြင့် သူ့မှာ အားအင်ကုန်ခန်းသွားသည်။ ပြီးတော့ တခဏလေးအတွင်း ဇာတ်လမ်းက ပြီးဆုံးသွားသဖြင့် ချောက်ချောက်ချားချားလည်း ဖြစ်နေသည်။ တကယ်တော့ တညလုံး ပြောရမည့်ဇာတ်လမ်း ဖြစ်ဖို့ကောင်းသည် မဟုတ်လား။ နားထောင်ပြီးသည့်အဆုံး၌ လိုဗျူကိုသည် တဟားဟား ရယ်လေသည်။ သူကိုယ်တိုင်ကလည်း မဟုတ်တာ လုပ်ကြံပြောတတ်သူ ဖြစ်လေရာ သူ့ရဲဘော် ပြောသည်ကို သူ မယုံကြည်။ မတ်ဇလီယာကော့သည် မျက်မှောင်ကြုတ်နေသည်။ သူ့မျက်လုံးများမှာ ယခုတိုင် ဥရောပ၏ တမန်တော်မှ မခွာ။ သူက ဤသို့ ပြောသည်။

"ဘယ်သူ နမ်းသလဲဆိုတာ ဘုရားသခင် သိမှာပဲ။ ခင်ဗျားလည်ပင်းကို သူက သိုင်းပြီး ဖက်တယ်လို့ ခင်ဗျား ပြောတယ် မဟုတ်လား။ ခင်ဗျားက ဘာမှ မပြောဘူး။ သူကလည်း ဘာမှ မပြောဘူး။ ခင်ဗျားတို့ဟာ ရူးများနေသလားမှ မသိတာ။ ကျွန်တော်တော့ ကောင်မလေး ရူးနေပြီ ထင်တယ်"

"ဟုတ်တယ်၊ ရူးတာလည်း ဖြစ်နိုင်တယ်"

ရီယာဗိုဗစ် ထောက်ခံသည်။

"ကျွန်တော်လည်း အဲဒီ စွန့်စားခန်းမျိုး ကြုံဖူးပါတယ်ဗျာ"

လိုဗျူကိုက စ၍ ပြောသည်။ သူ့မျက်နှာမှာ ကြောက်စရာသွင်ပြင် ပေါ်လာသည်။

"ကျွန်တော်က ကော့ဗနိုကို သွားစရာရှိတယ်။ ဒုတိယတန်းက စီးပြီးသွားတယ်။ ရထားတွဲ တခုလုံး လူတွေ ပြည့်ကျပ်နေတယ်။ အိပ်လို့ မရဘူး။ ဒါနဲ့ ကျွန်တော်လည်း တွဲစောင့်ကို ရူဗယ် တပြားပေးပြီး အကြံအဖန် လုပ်ရတယ်။ သူက ကျွန်တော့်အိတ်ကို ယူသွားပြီး သူ့အခန်းထဲမှာ နေရာချထားပေးတယ်။ သူ့အိပ်ရာမှာ အိပ်ပြီး စောင်ကို ဆွဲခြုံလိုက်တယ်။ ဘာမှ မမြင်ရဘူး။

တခန်းလုံး ပိန်းပိတ်အောင် မှောင်နေတယ်။ ခဏကြာတော့ အခန်းထဲ တယောက် ဝင်လာတယ်။ ကျွန်တော့်ပခုံးကို တို့တယ်။ ကျွန်တော့်မျက်နှာရှေ့မှာ သူ့အသက်ရှူသံ ကြားရတယ်။ ကျွန်တော်က လက်နှစ်ဖက်ကို ဆန့်လိုက်တော့ သူ့တံတောင်ဆစ်ကို ဆုပ်ကိုင်မိတယ်။ ဒါနဲ့ ကျွန်တော်လည်း မျက်လုံး ဖွင့်ကြည့်လိုက်တယ်။ ကြည့်စမ်းဗျာ၊ အမျိုးသမီးတယောက် ကျွန်တော့်ရှေ့မှာ ရောက်နေတယ်။ သူ့မျက်လုံးက သူငယ်အိမ်တွေက ကျောက်မီးသွေးလို နက်မှောင်နေတယ်။ နှုတ်ခမ်းတွေက သန္တာလို နီရဲနေတယ်။ နှာခေါင်းတွေကလည်း အသက်ရှူ လှုပ်ရှားနေတယ်။ စိတ်လှုပ်ရှားနေတယ် ဆိုတာ သိသာတယ်။ ပြီးတော့

ရင်သားဗျာ၊ အိညက်နေတာပဲ”

“နည်းနည်းလေးတော့ လျှော့ပါဦး”

မတ်ဇလီယာကော့က လေအေးအေးဖြင့် ကြားဖြတ်ပြောသည်။

“ရင်သားက အိစက်နေတာတော့ ယုံနိုင်ပါတယ်။ ဒါပေမဲ့ ပိန်းပိတ်အောင် မှောင်နေတဲ့ အခန်းထဲမှာ သူ့နှုတ်ခမ်းတွေကို ခင်ဗျား ဘယ်လို မြင်နိုင်မှာလဲ”

မတ်ဇလီယာကော့ နားလည်မှု မရှိသည်ကို ရယ်မောကာ လိုဗျူကိုသည် သူ့ဇာတ်လမ်းကို ဇာတ်ရည်လည်အောင် အစသိမ်းသည်။ ထိုဇာတ်လမ်းကို ကြားရသဖြင့် ရီယာဗိုဗစ် စိတ်ရှုပ်သည်။ လဲလျောင်းနေရာမှ ထကာ နောင်အခါ ဘယ်သူ့ကိုမျှ ယုံကြည်တော့မည် မဟုတ်ကြောင်း ကျိန်တွယ် ပြောဆိုသည်။

စခန်းတွင် ဘာမျှ ထူးထူးခြားခြား မဖြစ်ဘဲ ရက်တွေ ကုန်လွန်သွားသည်။ ယနေ့သည် မနေ့ကနှင့် ဘာမျှ မထူးခြား။ သို့နှင့် ရက်တွေ ကုန်လွန်ခဲ့သည်။ သို့သော်လည်း ထိုရက်များအတွင်း ရီယာဗိုဗစ်သည် နေ့စဉ်လိုလိုပင် အချစ်တွင် ယစ်မူးနေသူ တယောက်လို ခံစားနေရသည်။ စိတ်ကူးယဉ်နေသည်။ မိုးလင်း၍ သူ့တပည့်က မျက်နှာသစ်ရန် ရေအေးယူလာပြီး ခေါင်းက လောင်းပေးလျှင် သူ့မှာ တဝက်တပျက် နိုးနိုးကြားကြား ဖြစ်လာသည်။ သူ့ဘဝထဲသို့ နွေးထွေးသော အဖြစ်အပျက် တခုသည် ဝင်ရောက်နေရာယူသည် ထင်မိသည်။

ညအခါ သူ့ရဲဘော်များ စုဝေးကာ အချစ်အကြောင်း၊ မိန်းမအကြောင်း စကားဝိုင်းဖွဲ့ကြသည်။ သူလည်း ကုလားထိုင်တွင် ထိုင်ကာ နားထောင်နေမိသည်။ သူ့မျက်နှာမှာ မိမိ ပါဝင်တိုက်ခိုက်ခဲ့သော တိုက်ပွဲများအကြောင်း ပြောပြသည့်စစ်သားအိုကြီး၏ မျက်နှာနှင့် တူလေသည်။ တခါတရံ လိုဗျူကို ခေါင်းဆောင်ကာ အနီးဝန်းကျင်ရှိ ရွာကလေးသို့ အရာရှိများ လူပျိုလှည့် သွားကြသည်။ သူလည်း ရောယောင်ကာ ပါသွားသည်။ သူ့စိတ်သူ မလုံ။ မျက်နှာမှာလည်း မသာယာ။ စိတ်ထဲကမူ သူ့ကို ခွင့်လွှတ်ပါရန် “သူကလေး” အား ကျိတ်၍ တောင်းပန်ရလေသည်။ အားလပ်သည့် အချိန်များ၊ အိပ်မပျော်သည့် ညများတွင် သူ့စိတ်အစဉ်သည် ငယ်စဉ် ကလေးဘဝကို ရောက်သွားတတ်သည်။ အဖေ၊ အမေနှင့် သူ ချစ်ခင်သူများအကြောင်း တွေးမိသည်။ ထိုအခါ မေစတက်ကီရွာကလေးလည်း စိတ်ကူးထဲတွင် ပေါ်လာသည်။ တဆက်တည်းပင် ခုန်ဆွ ခုန်ဆွ ဖြစ်နေသော မြင်းကလေး၊ ဗွန်ရက်ဗက်၊ ဘုရင်မယူဂျင်း မျက်နှာနှင့် တူသည့် ဗွန်ရက်ဗက်၏ဇနီး၊ ပြီးတော့ ပိန်းပိတ်အောင် မှောင်နေသည့် အခန်းတခု၊ တံခါးပွင့်သံတို့သည် စိတ်ထဲတွင် အစီအရီ ပေါ်လာကြသည်။

ဩဂုတ် သုံးဆယ့်တစ်ရက်တွင် စခန်းချရာမှ သူ ထွက်ခွာလာသည်။

သည့်တကြိမ်တွင်မူ တပ်မဟာကြီး တခုလုံး မဟုတ်ဘဲ သူနှင့်အတူ တပ်ဖွဲ့ နှစ်ခုသာ ပါလာသည်။ ထိုအခါ နယ်နှင်ဒဏ် ခံရသူတယောက် ဇာတိသို့ ပြန်လာသည့် အဖြစ်မျိုး သူ ခံစားရသည်။ နေ့လယ်အိပ်မက်တွေ မက်သည်။ ခုန်ဆွ ခုန်ဆွ လှုပ်ယမ်းနေသည့် မြင်းကလေး၊ ဘုရားရှိခိုးကျောင်း၊ မရိုးသားသည့် ဇွန်ရက်ဇက် မိသားစု၊ ပိန်းပိတ်အောင် မှောင်နေသည့် အခန်းတို့ကို မြင်ယောင်လာသည်။ နောက်တကြိမ် ထပ်မံ တွေ့ဆုံရဦးမည်ဟု မျှော်လင့်ချက်ကြီး တခုဖြင့် ဖုံးလွှမ်းနေသည့် ချစ်ရည်လူးနေသော စိတ်အစဉ်သည် သူ့ကို စိုးမိုးထားသည်။ သို့ပေမဲ့ သံသယတွေက သူ့ကို နှိပ်စက်သည်။ ဘယ်လိုဘယ်ပုံ သူကလေးနှင့် ထပ်မံ တွေ့ဆုံနိုင်မည်လဲ။ ထိုအခါ သူ ဘာပြောရမည်လဲ။ အနမ်းကို သူ မေ့သွားပြီလား။ မတွေ့ရတော့ဘူး ဆိုကြပါစို့။ ယင်းမှာ အဆိုးဆုံး အခြေအနေကို သူ တွက်ဆပြီး စိတ်ကူးထားခြင်းသာ ဖြစ်သည်။ ထိုအခါ အမှောင်ခန်းထဲသို့ သူ လျှောက်သွားမည်။ ပြီးတော့ ဖြစ်ပျက်ခဲ့သမျှကို ပြန်လည်စဉ်းစားကာ စားမြုံ့ပြန်မည်။

သို့နှင့် ညနေခင်း ရောက်လျှင် ခရီးအတန်ပေါက်လာပြီး ရွာနားသို့ ရောက်လာသည်။ စပါးကျီများနှင့် ဘုရားရှိခိုးကျောင်းတို့ မိုးကုပ်စက်ဝိုင်း အထက်တွင် ပေါ်လာသည်။ ရီယာဗိုဗစ်၏နှလုံးသည် ခပ်မြန်မြန် ခုန်လာသည်။ ဘေးနားတွင် အရာရှိတယောက် တစုံတရာ ပြောသည်ကိုပင် သူ မကြားလိုက်မိ။ လောကတခုလုံးကို သူ မေ့လျော့နေသည်။ အဝေးတွင် စီးဆင်းနေသော မြစ်သည် နေရောင်ခြည်အောက်တွင် အရောင်တလက်လက် ဝင်းပနေသည်။ အိမ်ခေါင်မိုးအစိမ်းများကို သူ မြင်သည်။ ထို့နောက် ခိုနန်းချိုးများ အထက်တွင် နေရောင်ခြည်၌ ပျံသန်းနေကြသော ငှက်များ ရွှေရောင်ဝင်းလက်နေသည်ကို မြင်ရသည်။

ဘုရားရှိခိုးကျောင်းနားရောက်လျှင် စစ်ထောက်မိုလ်ကြီး၏ အသံအောကြီးကို ကြားရသည်။ ထိုခဏတွင် မြင်းစီးပုဂ္ဂိုလ်တယောက် ပေါ်လာပြီး လက်ဖက်ရည်သောက် ဖိတ်လေမည်လား ဟု သူ စိတ်ကူးယဉ်မိသည်။ သို့သော် စစ်ထောက် မိုလ်ကြီး၏အသံ တိတ်သွားသည်။ အရာရှိများလည်း ရွာဆီသို့ သွားကြသည်။ မြင်းစီးပုဂ္ဂိုလ် ဘယ်တယောက်မျှ မပေါ်လာ။

တို့ ပြန်ရောက်ပြီဆိုတာ လယ်သမားတွေကတဆင့် ရက်ဗက် သိမယ်။ တို့ကို ဖိတ်ခေါ်မယ်။ ရီယာဗိုဗစ် စိတ်ကူးကြည့်သည်။ သည်စိတ်ကူး သူ့ကို ကြီးစိုးနေလေသည်။ တဲထဲအဝင်တွင် သူ့ရဲဘော်များ ဖယောင်းတိုင် မီးထွန်းသည်ကို ဘာ့ကြောင့် ထွန်းရသလဲဟု နားမလည်နိုင်အောင် ဖြစ်မိသည်။ ပြီးတော့ မီးဖိုတွင် ထမင်းချက်များ လက်ဖက်ရည်အိုး တည်နေသည်ကိုလည်း နားမလည်နိုင် ဖြစ်မိသည်။

သူ့ရင်ထဲမှာ နာကျင်လာသည်။ နောက်တခဏတွင် လဲလျောင်းနေရာမှ

ထကာ မြင်းစီးပုဂ္ဂိုလ် တယောက်ကို သူ မျှော်မိသည်။ သို့သော် တယောက်မျှ မတွေ့ရ။ ထိုအခါ အိပ်ရာပေါ် လှဲချသည်။ မကြာပါ။ သူ ပြန်ထသည်။ သည်တကြိမ်တွင်မူ ဆောက်တည်ရာ မရသဖြင့် လမ်းထဲသို့ ထွက်လျှောက်သည်။ ထိုနောက် ဘုရားရှိခိုးကျောင်းဆီသို့ သူ သွားသည်။ ဘုရားကျောင်းရင်ပြင်တွင် အမှောင်ရိပ် လွှမ်းနေသည်။ လူသူဟူ၍ကား မရှိ။ တောင်ကုန်းထက်တွင် စစ်သား သုံးယောက် ငြိမ်ငြိမ်သက်သက် ရပ်နေသည်ကို မြင်ရသည်။ ရီယာဗိုဗစ်ကို မြင်လျှင် အလေးပြုကြသည်။ သူက ပြန်လည်အလေးပြုပြီး ကျွမ်းဝင်နေသည့် လမ်းကလေးအတိုင်း ဆင်းလာခဲ့သည်။

မြစ်တဖက်တွင် ပြာနှမ်းနှမ်း ကောင်းကင်ကြီးကို သူ မြင်ရသည်။ လသည် တဖြည်းဖြည်း မြင့်တက်လာသည်။ လယ်သူမ နှစ်ယောက်သည် အိမ်နောက်ဖေး စိုက်ခင်းတွင်း လူးလာလျှောက်ရင်း စကားစမြည် ပြောနေသံကို သူ ကြားရသည်။ ဂေါ်ဖီပန်းများ သူတို့ ခူးကြသည်။ စိုက်ခင်းနောက်ဘက်တွင် သူတို့၏ တလုံးအိမ်များ ရှိသည်။ မိုးကုပ်စက်ဝိုင်း နောက်ခံတွင် ထိုအိမ်များကို မည်းမည်းရိပ်ရိပ်သာ မြင်ရသည်။ မြစ်ကမ်းပါးသည် မပြောင်းလဲ။ မေလကအတိုင်းပင် ရှိနေသည်။ ချုံနွယ်ပိတ်ပေါင်းများမှာ မူလအတိုင်းပင်။ ပြောင်းလဲသည်မှာ နိုက်တင်ဂေးငှက် တေးမဆိုတော့ခြင်းပင် ဖြစ်သည်။ ပြီးတော့ ပေါ့ပလာ ပင်များ၏ ရနံ့နှင့် မြက်ခင်းသစ်များ၏ရနံ့များကို မရှူလိုက်ရခြင်းသည်လည်း အပြောင်းအလဲ တမျိုးပင်။

ဗွန်ရက်ဗက် ပန်းခြံရောက်လျှင် လူဝင်တံခါးလေးမှ အထဲသို့ လှမ်း၍ကြည့်သည်။ တိတ်ဆိတ်ခြင်းနှင့် အမှောင်ထုသာ ကြီးစိုးနေသည်။ ဗတ်ပင်၏ သစ်ကိုင်းဖြူဖြူများ ဟိုတကွက် သည်တကွက် တွေ့ရသည်။ လမ်းဖုန်ဖုန်ကိုလည်း ရေးရေးမြင်ရသည်။ ယင်းမှအပ ပန်းခြံတခုလုံး မှောင်မည်းနေသည်။ အရိပ်မည်းကြီး အုပ်ဆိုင်းထားသလိုပင်တည်း။ အာရုံစိုက်ကာ နားထောင်သည်။ စူးစိုက်၍ ကြည့်သည်။ ဆယ့်ငါးမိနစ်ခန့် သည်အတိုင်း ရပ်ကြည့်နေသည်။ ထိုနောက် အသံမကြား၊ ဘာအလင်းရောင်မှ မမြင်ရသည်တွင် လှည့်ပြန်လာခဲ့သည်။

သူသည် မြစ်ကမ်းဆီသို့ လာခဲ့သည်။ ရှေ့တွင် ဗိုလ်ချုပ်၏ ရေချိုးအိမ်ကလေးကို တွေ့ရသည်။ တံတားလက်ရန်းပေါ်တွင် မျက်နှာသုတ်ပဝါဖြူများ လှန်းထားသည်။ တံတားပေါ် တက်ကာ ခဏမျှ ရပ်နေမိသည်။ ထိုနောက် အကြောင်းတစုံတရာ မရှိဘဲနှင့် မျက်နှာသုတ်ပဝါကို လက်ဖြင့်ကိုင်ကာ စမ်းသပ်ကြည့်သည်။ အေးစက်နေသည့် အတွေ့ကို ရသည်။ စိုထိုင်းထိုင်း ဖြစ်နေသည်။ မြစ်ယံကို သူ ကြည့်သည်။ ရေအလျဉ်သည် တသွင်သွင် စီးဆင်းနေသည်။ ရေချိုးခြံ၏ တိုင်များကို ရေတိုးသည့် အသံသဲ့သဲ့ ကြားရသည်။ လက်ဝဲဘက် ကမ်းခြေတွင် လရောင်အရိပ် လာထင်ပြီး အလင်းရောင် တလက်လက်

တောက်ပ နေသည်။ ဂယက်များ ထသည့်အခါ ပို၍ လက်လာသည်။ ထိုအခါ လမင်း၏ အရိပ်သည် နှစ်ခြမ်းကွဲသွားသည်။ ထိုနောက် ရေစီးနှင့်အတူ လမင်း၏ အရိပ်သည် မျောပါသွားသည်။

"သိပ်ဆိုးတယ်၊ သိပ်ဆိုးတယ်"

ရီယာဗိုဇစ် ရေရွတ်မိသည်။ ရေဝဲဂယက်သည် မြစ်ယံတွင် အရိပ်ထင်လာသော လမင်းကို ကွယ်ပျောက်စေသဖြင့် သူ စိတ်မကောင်း။ လောကကြီးတခုလုံး နည်းနည်းလေးမှ မကောင်းဘူး။ သူ စိတ်လှုပ်ရှားနေသည်။

ယခုမူ မျှော်လင့်ချက်အားလုံး ဆိတ်သုဉ်းသွားပြီ။ အနမ်းသည်လည်း အရာမထင်တော့ပြီ။ သူ စိတ်မခိုင် ဖြစ်မိသည်။ စိတ်ရှုပ်သည်။ မျှော်လင့်ချက်တွေ ပျက်ပြယ်သွားပြီ။ ဘာမျှ အရာမထင်တော့ပြီ။ ဗိုလ်ချုပ်က စေလွှတ်လိုက်သည့် မြင်းစီးပုဂ္ဂိုလ်ကလေး မရောက်လာသည်မှာ သေချာသည်။ ဤသို့ဖြစ်လျှင် သူ့ကို နမ်းလိုက်သည့် အနမ်းရှင်မလေးကို သူ တွေ့ရန် ဝေးသွားပြီ။ ဖော်ကွာဝေး ဖြစ်ရလေပြီ။ လူမှားပြီး နမ်းတာပဲဖြစ်ဖြစ်၊ သူ့မှာတော့ တသသ စွဲလမ်းရသည် မဟုတ်လား။ ပြီးတော့ စိတ်ကူးတမျိုး သူ့မှာ ဝင်လာသည်။ သူ့ကို နမ်းသည့် အမျိုးသမီးကလေးနှင့် နောက်ထပ် ဆုံတွေ့ဖို့ မရှိတော့ဘူး ဆိုလျှင် ထူးဆန်း မနေဘူးလား။ ဆုံတွေ့ခွင့် မရှိတော့ဘူးလား။

သူရှေ့တွင် မြစ်ရေသည် တသွင်သွင် စီးဆင်းနေသည်။ ဘာကြောင့် စီးဆင်းနေရသလဲ၊ ဘယ်ဆီသို့ စီးဆင်းနေမည်လဲ။ မည်သူမျှ မသိ။ ယင်းမှာ မေလကတည်းက စီးဆင်းခဲ့သည့် ရေအလျဉ် ဖြစ်သည်။ စမ်းချောင်းကလေးမှ ချောင်းကလေး ဖြစ်လာပြီး ထိုကမှ မြစ်ကြီး ဖြစ်လာကာ ပင်လယ်ထဲသို့ စီးဝင်သည်။ ပင်လယ်ထဲ ရောက်လျှင် ထိုရေအလျဉ်သည် မြူနှင်းများ၊ မြူခိုးများ၊ ရေခိုးရေငွေ့များအဖြစ် ကောင်းကင်ထက်သို့ ပျံတက်သည်။ ထိုနောက် မိုးရေအဖြစ် ရွာသွန်းကာ ကမ္ဘာမြေပြင်သို့ သွန်းလောင်းသည်။ ထိုမိုးရေသည် မေလက စီးဆင်းသည့် မြစ်ပြင်ကရေ ဖြစ်ချင်ဖြစ်မည်။ ထိုရေကို ရီယာဗိုဇစ် မျက်မှောက် ပြုခဲ့ရသည်။ ဘာကြောင့် ရေတွေ စီးဆင်းသလဲ၊ ဘယ်သူ့အတွက်လဲ။

ထိုနည်းအတူ ကမ္ဘာလောက တခုလုံး ဖြစ်ပျက်လှုပ်ရှားနေသည်မှာ ရီယာဗိုဇစ်အဖို့ အဓိပ္ပာယ် မရှိ။ ရည်ရွယ်ချက် ဘာမျှ မရှိဟု သူ ထင်သည်။ မြစ်ယံကို ကြည့်နေရာမှ သူ့အမြင်ကို တနေရာသို့ ပြောင်းရွှေ့သည်။ မိုးယံထက်ကို သူ ကြည့်သည်။ ကံကြမ္မာသည် အမည်မရှိသည့် မိန်းမတယောက်နှင့် တူသည်။ ထိုမိန်းမသည် သူ့ကို တကြိမ်က လူသူမသိ နမ်းရှုပ်ခဲ့သည် မဟုတ်လား။ နွေတစ်ရာသီက စိတ်ကူးယဉ် အိပ်မက်များကို သူ အမှတ်ရလာသည်။ ယခုမူ သူ့ဘဝသည် ဘာမျှ အဓိပ္ပာယ်မရှိ။ အရောင်အသွေး မတောက်ပ။

စိတ်ပျက်စရာပေတည်း။

သူခိုလှုံရာ တဲအိမ်သို့ရောက်လျှင် ရဲဘော်များအားလုံး အစအနမျှ မရှိတော့သည်ကို တွေ့ရသည်။ အားလုံး ပျောက်ကွယ်သွားကြပြီ ဖြစ်သည်။ တပည့်ကလေးက ရဲဘော်များ အားလုံး ဗိုလ်ချုပ် ဗွန်ရက်ဗက်ဆီသို့ သွားကြပြီ။ ထိုဗိုလ်ချုပ်က မြင်းသည်တော် တယောက်ကို စေလွှတ်ကာ ဖိတ်ခေါ်သည်ဟု သူ သိရသည်။ ထိုခဏတွင် ရီယာဗိုဇစ်မှာ ပျော်ရွှင်ကြည်နူးစိတ် ဖြစ်ပေါ်မိသည်။ သို့သော် ပျော်ရွှင်ကြည်နူးစိတ်သည် ချက်ချင်းပင် ပျောက်ကွယ်သွားသည်။ ထိုနောက် အိပ်ရာထက်တွင် လဲလျောင်းရင်း သူ ကံဆိုးပုံကို ဒေါသဖြစ်မိသည်။ သူ့ကံ သူ ရွံမုန်းလာသည်။ သူ့ကံက ဖိတ်ခေါ်ခြင်းကို သူနှင့်လွဲအောင် ဖန်တီးလေသည် မဟုတ်လား။

စာပြီးနှစ် ၁၈၈၇။

■

ဆွေမျိုးစု ညီလာခံ

A Family Council

အတ်စကော့ အိမ်ထောင်စုမှ အိမ်သားများကို အပြင်သို့ မောင်းထုတ်ရန် အတော်လေး လူစုခွဲရသည်။ အစေခံ တဝက်ကို ပွဲကြည့်ဇာတ်ရုံသို့ လွှတ်ရသည်။ အချို့ကို ဆပ်ကပ်ပွဲ အကြည့်ခိုင်းလိုက်သည်။ ကျန်အချို့ကို မီးဖိုထဲမှာ နေစေသည်။ အိမ်ထဲသို့ ဘယ်သူမှ မဝင်ရန် တင်းတင်းကျပ်ကျပ် အမိန့်ထုတ်ထားသည်။ တရားခံ၏ ဦးလေး၏ဇနီး၊ သူ၏ ညီမ၊ ပြီးတော့ ဆရာမတို့မှာ ဖြစ်ပျက်သမျှ ကိစ္စအားလုံးကို သိသော်လည်း မသိဟန် ဆောင်နေကြရသည်။ သူတို့သည် ထမင်းစားခန်းတွင် စုဝေးနေကြပြီး ဘယ်ကိုမျှ မရွေ့ကြပေ။

တရားခံ ဆာရှာအတ်စကော့သည် အတန်ကြာက ရောက်လာပြီး ဖြစ်သည်။ သူကား နှစ်ဆယ့်ငါးနှစ် ရှိနေပြီ။ အမေ့ဘက်က ဦးလေးဖြစ်သည့် အိုင်ဗင်မာကိုဗစ်က ပြောထားသဖြင့် သူသည် စာကြည့်ခန်း အပြင်ဘက်က စကြံ့တွင် ထိုင်စောင့်နေသည်။ ဦးလေးကား စိတ်နှလုံးကောင်းရှိသူ ဖြစ်သည်။ သူ ပြောထားသဖြင့် ဆာရှာမှာ အားလုံးကို ဝန်ခံရန် အသင့် ဖြစ်နေသည်။

တံခါးတဖက်က အခန်းထဲတွင် ဆွေမျိုးစု အတိုင်ပင်ခံအဖွဲ့ အစုံအညီ ရောက်နေပြီး ပြောဆို ဆွေးနွေးနေကြသည်။ သူတို့မှာ အသေးအဖွဲ ကိစ္စလေးတခုကို ပြောဆို ဆွေးနွေးရသည်။ မည်သူမျှ စိတ်ဝင်စားခြင်း မရှိလှပေ။ ဖြစ်သမျှ အကြောင်းစုံမှာ ဤသို့တည်း။ ဆာရှာအတ်စကော့သည် ရက်လွန်နေပြီဖြစ်သော ချက်လက်မှတ် တစောင်ကို ဘဏ်တွင် လျှော့ငွေဖြင့် လွှန်ခဲ့သည့် သုံးရက်က ထုတ်ယူသွားခြင်း ဖြစ်သည်။ ယခု သူ့အဖေဘက်က ဦးလေးနှစ်ယောက်နှင့် အမေ့ဘက်က ဦးလေး အိုင်ဗင်မာကိုဗစ်တို့သည် ခေါင်းချင်းရိုက်ကာ ထိုကိစ္စကို ဆွေးနွေး အဖြေရှာနေကြခြင်း ဖြစ်သည်။ ငွေကိုပြန်ပေးပြီး ဆွေမျိုးစု သိက္ခာကို ဆယ်မည်လား၊ သို့မဟုတ် ဘာမှ ပါဝင်စွက်ဖက်ခြင်း မရှိဘဲ သည်အတိုင်း ကြည့်နေလိုက်ကာ တရားဥပဒေအတိုင်း အရေးယူသည်ကို စောင့်ကြည့်ကြမည်လား။

မသက်ဆိုင်သူ၊ စိတ်မဝင်စားသူတို့အဖို့ကား ဤကိစ္စမှာ အသေးအဖွဲသာ ဖြစ်သည်။ သို့သော် သက်ဆိုင်သူ မိသားစုနှင့် ဆွေမျိုးစုတို့မှာမူ ခေါင်းရှုပ်ကြရသည်။ ဦးလေး သုံးယောက်သည် သူတို့ ထင်မြင်ချက် အသီးသီးကို ဖွင့်ဟကြပြီး ဖြစ်သည်။ သို့သော် အဖြေရှာမရနိုင်ဘဲ ဖြစ်နေသည်။

“ဘုရား ကယ်တော်မူပါ”

အဖေ့ဘက်က ဦးလေးတော်သူ ကာနယ်ကြီးက စိတ်ပျက်၊ စိတ်ရှုပ်သဖြင့် ဘုရား တ သည်။

“နေပါဦး၊ ဆွေမျိုးသိက္ခာ အဖတ်ဆယ်ရမယ်လို့ ပြောတာကို တဖက်သတ်ကျတယ်လို့ ပြောတာ ဘယ်သူလဲ။ အဲသည်လို စကားမျိုး တို့များ မပြောခဲ့ဘူး။ လွဲမှားတဲ့ ရှုထောင့်က ကြည့်နေကြတာကို အမြင်မှန်ရဖို့ ပြောတာ လွယ်လွယ်လေးပါ။ အဲဒါကို ပြင်မရတဲ့ အမှားတခု ဖြစ်အောင် လုပ်နေကြတယ်။ တို့ ပြောနေတာဟာ ရိုးရိုးစကားနဲ့ ပြောနေတာပါ။ တရုတ်စကားနဲ့ ပြောနေတာမဟုတ်ပါဘူး”

“ချစ်စွာသော ညီအစ်ကိုတော်ကြီး ခင်ဗျား၊ ကျွန်တော်တို့အားလုံး ကာနယ် ပြောတာကို နားလည်ကြပါတယ်”

အိုင်ဗင်မာကိုဗစ်က ကြားဝင်၍ ချွေးသိပ်သည်။

“ဒါဖြင့် ကျွန်တော်က ဆွေမျိုး ဂုဏ်သိက္ခာကို မျက်ကွယ်ပြုတယ်လို့ ခင်ဗျားတို့ ဘာဖြစ်လို့ ပြောသလဲ။ ကျွန်တော် ပြောတာကို ပြန်ပြောပြမယ်။ ဆွေမျိုး... ဂုဏ်... သိက္ခာ ဆိုတာကို လွဲမှားပြီး နားလည်နေကြတယ်၊ လွဲမှားပြီး နားလည်နေကြတယ်။ ဒါဟာ ကျွန်တော့်အမြင်ပဲ။ ဘယ်ပြစ်မှုကိုဖြစ်ဖြစ် ဖုံးကွယ်ထားမယ်၊ တရားခံကို အပြစ်မပေးဘဲ ထားမယ်ဆိုရင် တရားခံဟာ ဘယ်သူပဲဖြစ်ဖြစ် တရားဥပဒေနဲ့ ဆန့်ကျင်နေတယ်။ အဲဒီလို လျစ်လျူရှုတာ ဟာလည်း ဂုဏ်သရေရှိ လူကြီးတွေရဲ့အလုပ် မဟုတ်ဘူး။ ဒါဟာ ဆွေမျိုးသိက္ခာကို အဖတ်ဆယ်တာ မဟုတ်ဘူး။ သတ္တိမရှိတာ၊ သူရဲဘောကြောင်တာ။ တပ်မတော်ကို ဥပမာ ပြမယ်။ တပ်မတော်ရဲ့ဂုဏ်သိက္ခာဟာ စစ်သားတယောက်အဖို့ တခြား ဂုဏ်သိက္ခာတွေထက် ပိုပြီး အရေးကြီးတယ်။ တို့တော့ စစ်တပ်ထဲက အပြစ်ရှိတဲ့ လူတွေကို ဖုံးကွယ်မထားဘူး။ တရားဥပဒေအတိုင်း စီရင်တာပဲ။ အဲဒီလို ဥပဒေအတိုင်း စီရင်လိုက်တာနဲ့ တပ်မတော် သိက္ခာကျသွားရောတဲ့လား။ သိက္ခာတောင် တက်လာသေးတယ်”

အဖေ့ဘက်က တခြားဦးလေး တယောက်မှာ ဘုရင့်အတိုင်ပင်ခံ ကောင်စီဝင် ဖြစ်သည်။ သူသည် အဆစ်အမြစ် ကိုက်ခဲသည့် ရောဂါသည်ဖြစ်ပြီး စကား အလွန်နည်းသည်။ ဉာဏ်ပညာလည်း မကြွယ်ဝလှပေ။ တချိန်လုံး စကားမပြောဘဲ ထိုင်နေသည်။ အကယ်၍ ထိုအဖြစ်အပျက် သတင်းစာထဲ ပါလာမည်ဆိုလျှင် အတ်စကော့ မိသားစု နာမည်များပါ သတင်းစာထဲ ပါလာမည် ဖြစ်သည် ဟူ၍ကား ပြောသည်။ သို့ဖြစ်ရာ သူ့သဘောထားမှာ သတင်းစာထဲ မပါမီ အဖြစ်အပျက်ကို အုပ်ထားပြီး ပြေလည်အောင် ဖြေရှင်းပေးရန်ပင် ဖြစ်လေသည်။

သတင်းစာကိစ္စက လွဲ၍ အခြားအကြောင်းပြချက် တစုံတခုကိုမျှ မတင်ပြနိုင်။

သို့သော် စိတ်သဘောထားကောင်းသည့် အမေ့ဘက်က ဦးလေးဖြစ်သူ အိုင်ဗင်မာကိုဗစ်သည် အေးအေးသက်သာ ပြောဆိုဆွေးနွေးသည်။ သွက်လက်သည်။ အသံ အနည်းငယ် တုန်သည်။ သူက လူငယ်ဆိုသည်မှာ သူတို့သာ တွင်ကျယ်လိုသူများ ဖြစ်ပြီး ထင်မိထင်ရာ အကောင်းထင်တတ်ကြောင်းဖြင့် စ၍ ပြောသည်။

ယခု လူကြီးဖြစ်နေသူများ ငယ်ငယ်က ထင်မိထင်ရာ လျှောက်လုပ်ခဲ့ဖူးကြောင်း၊ ရိုရိုးလူသာမန် မဆိုထားနှင့်၊ သမိုင်းဝင် ပုဂ္ဂိုလ်ကြီးများပင် ငယ်ငယ်က မလုပ်သင့်သည်တို့ကို လုပ်ခဲ့ကြကြောင်း၊ စာရေးဆရာကြီးများ၏ အတ္ထုပ္ပတ္တိကို ဖတ်ကြည့်လျှင် တွေ့နိုင်မည် ဖြစ်ကြောင်း၊ စာရေးဆရာထဲတွင် ငယ်ငယ်က အရက်မသောက်ဖူးသူ၊ လောင်းကစား ဝါသနာ မထုံသူ မရှိကြောင်း၊ ယခုလည်း ဆာရှာသည် ရာဇဝတ်မှု ကျူးလွန်အံ့ဆဲဆဲ အခြေအနေတွင် ရောက်နေကြောင်း၊ တခု စဉ်းစားရမည်မှာ ဆာရှာသည် ပညာသင်ကြားရေးတွင် ချို့တဲ့ခဲ့သူ ဖြစ်ကြောင်း၊ စတုတ္ထတန်းတွင် ကျောင်းထုတ်ခံခဲ့ရသူ ဖြစ်ကြောင်း၊ ငယ်စဉ်ကပင် မိဘများ ကွယ်လွန်ခဲ့ရာ အထိန်းအသိမ်း မရှိခဲ့ကြောင်း၊ ယခုလို အရွယ်ရောက်လာသည့်အခါ ထိန်းမနိုင် သိမ်းမရဖြစ်ပြီး မည်သူ့သြဇာမှ မနာခံတော့ကြောင်း၊ သူသည် စိတ်တုန်လှုပ် ချောက်ချားလွယ်သူဖြစ်ပြီး အကျင့်စာရိတ္တ ကောင်းမွန်အောင် ထိန်းသိမ်းရမည်ဟု ခံယူချက် မရှိကြောင်း၊ အပျော်အပါး များသဖြင့် ပျက်စီးရကြောင်း ပြောပြသည်။

ထိုနောက် ဆက်လက်၍ ဆာရှာမှာ အပြစ်ရှိသူ ဖြစ်သော်လည်း သူ့ကို သနားကြင်နာ သက်ဝင်သူများ ရှိသည်။ သို့သော် ပြစ်ဒဏ်ကား ပေးရမည် ဖြစ်သည်။ သူ့အသိစိတ်ဓာတ်က ယခု သူ့ကို လူကောင်းဖြစ်လာအောင် ပြစ်ဒဏ် မခတ်သေး။ သို့သော် လူကြီးများ ဘယ်လိုစီရင်မည်လဲ ဆိုသည်ကိုမူ စိတ်တထင့်ထင့်ဖြင့် စောင့်မျှော်နေလိမ့်မည်ဟု အိုင်ဗင်က ဆက်လက် ပြောကြားသည်။ ကာနယ်က တပ်မတော်၏ ဂုဏ်သိက္ခာနှင့် နှိုင်းခိုင်းပြောသည်ကို သူ သဘောကျသည်။ သူ့စကားသည် တန်ဖိုးရှိသောစကား ဖြစ်သည်ဟု သူ ထင်သည်။ သူ့မှာ စိတ်ထားနူးညံ့သည်ဟု အိုင်ဗင် ယုံကြည်သည်။ သို့သော် လူ့အဖွဲ့အစည်းတခုတွင် ခရစ်ယာန် ဘာသာရေးသည်လည်း နှောင်ဖွဲ့နေသည်ကို သတိမူသင့်သည် ဟု သူက ထောက်ပြသည်။

"အပြစ်ရှိတဲ့ လူငယ်တယောက် သနားပြီး မဆုံးမဘဲထားရင် လူမှုဝတ္တရား ပျက်ကွက်ရာ ရောက်မှာပဲ" ဟု အိုင်ဗင်က ဆိုသည်။

ထိုနောက် ဆွေမျိုးစုသိက္ခာ ဆိုသောအကြောင်းကို သူ ဆက်၍ပြောသည်။

သူကိုယ်တိုင်မှာ အတ်စကော့ မိသားစုနှင့် မဆိုင်သော်လည်း အတ်စကော့မျိုးနွယ်သည် ဆွေကြီးမျိုးကြီး ဖြစ်သည်။ ဆယ့်သုံးရာစုမှ ဆင်းသက်လာကြသူများ ဖြစ်သည်။ ထို့ပြင် သူ့နှမသည် အတ်စကော့ မျိုးနွယ်ဝင် တယောက်နှင့် လက်ထပ်သည်ကိုလည်း သူ မမေ့ပါဟု ဆိုသည်။ တခွန်းတည်းသောစကားဖြင့် ဆိုရလျှင် သူသည် အတ်စကော့ ဆွေမျိုးစုကို ချစ်ခင်တွယ်တာသည်။ ငွေတသောင်း ငါးထောင်ကြောင့်တော့ဖြင့် အတ်စကော့ ဆွေမျိုးစုမှာ အစွန်းအထင်း မရှိသင့်ဟု သူ ယူဆသည်။ ယခု သူ တင်ပြသည့် အကြောင်းအချက်တို့ကို နားမလည်ဟု ဆိုလျှင် ရာဇဝတ်မှုဆိုတာ ဘာလဲဟု ညီအစ်ကိုတော်များက ရှင်းပြပါဟု တောင်းဆိုသည်။ သူကမူ ရာဇဝတ်မှုဟူသည် လူ့ကျင့်ဝတ်နှင့် မညီသော ပြုမူချက်တခုပင် ဖြစ်သည်။ မကောင်းသည့် စိတ်ထားက စတင် ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ ဤသို့ လူတိုင်းက လက်ခံကြသည်။ သို့သော်လည်း လူ့စိတ်သည် လွတ်လပ်စွာ ဆုံးဖြတ်နိုင်ခွင့် ရှိသည်ကို ကျွန်တော်တို့ နားလည်လက်ခံရမည်ဟု သူက ဆိုသည်။ ဤကိစ္စနှင့် ပတ်သက်၍ သိပ္ပံပညာက အဖြေ တိတိကျကျ မပေးနိုင်။ တက္ကဗေဒ ပညာရှင်များက မညီညွတ်သော အယူအဆ များစွာကို တင်ပြကြသည်။ ဥပမာ လွှမ်ဗရိုဆိုဂိုဏ်းသစ်က လွတ်လပ်သော အလိုဆန္ဒ ဆိုသည်ကို လက်မခံ။ ရာဇဝတ်မှုတိုင်းသည် ပုဂ္ဂိုလ်တဦးချင်း၏ ထူးဆန်းသော ခန္ဓာဗေဒ ဖွဲ့စည်းမှု၏ ရလဒ်သာ ဖြစ်သည်ဟု ဆိုကြောင်း တင်ပြသည်။

"အိုင်ဗင်မာကိုဗစ်"

ကာနယ်က ကြားဖြတ်၍ ခပ်မြန်မြန် ပြောသည်။

"ဘုရားသခင် အလိုတော်ကျအတိုင်း အဓိပ္ပာယ်ရှိတဲ့ စကားကို ပြောပါ။ ကျွန်တော်တို့ အခု အရေးကြီးတဲ့ကိစ္စကို လေးလေးနက်နက် ဆွေးနွေးနေကြတာ။ အခုတော့ ခင်ဗျားက လွှမ်ဗရိုဆို ဂိုဏ်းအကြောင်း ပြောနေတယ်။ ခင်ဗျားဟာ ပညာရှိတဲ့ လူတယောက်ပါ။ ဒါပေမဲ့ နည်းနည်းတော့ စဉ်းစဉ်းစားစား ပြောမှပေါ့။ အခုလို တောရောက် တောင်ရောက်အောင် အကျယ်ချဲ့ပြီး ပြောနေလို့ ဘယ်မှာ ပြဿနာ ပြေလည်ပါ့မလဲ"

ဆာရှာအတ်စကော့သည် စကြံတွင်ထိုင်ကာ ပြောသမျှ စကားအားလုံးကို နားထောင်နေသည်။ သူ့တွင် ကြောက်စိတ်၊ ရှက်စိတ်ဟူ၍ လုံးဝမရှိ။ ငြီးငွေ့ခြင်းလည်း မဖြစ်မိ။ သို့သော် စိတ်ပင်ပန်းလာသည်။ သူ့စိတ်ထဲတွင် ဘယ်သို့မျှ မဖြစ်ပေါ်။ သူ့ကို ခွင့်လွှတ်သည် ဖြစ်စေ၊ ခွင့်မလွှတ်သည် ဖြစ်စေ တပြားဖိုးမျှ အရေးမစိုက်။ ယခု သူ ရောက်လာခြင်းမှာ ဆုံးဖြတ်ချက်ကို နားထောင်ရန်နှင့် သူ့ဘက်က ပွင့်လင်းစွာ ဝန်ခံရန်ပင် ဖြစ်သည်။ ဤသည်မှာလည်း သူချစ်သော ဦးလေးအိုင်ဗင်က တောင်းပန်သဖြင့် ရောက်လာခြင်း ဖြစ်သည်။

အနာဂတ်ကို သူ ရင်ဆိုင်မည်။ ကြောက်ရွံ့ခြင်း မဖြစ်မိ။ သူ့အဖို့ ဘဝဆိုသည် ယခု စကြိုမှာ ရှိနေခြင်း၊ အကျဉ်းထောင်ထဲ ရောက်ခြင်း၊ ဆိုက်ဗေးရီးယားသို့ အပို့ခံရခြင်းတို့ ဖြစ်လျှင် အားလုံး အတူတူပင်ဟု သူ သဘောထားသည်။

"ဆိုက်ဗေးရီးယား ဆိုလည်း ဆိုက်ဗေးရီးယားပေါ့၊ ဘာအရေးစိုက်စရာ ရှိသလဲ"

ဘဝသည် ငြီးငွေ့စရာ ကောင်းသည်ဟု ဆာရှာ ယုံကြည်သည်။ ပြီးတော့ ဝဋ်ဒုက္ခ ခံရသည်မှာ များစွာ ရှည်လျားသည်။ ယခု သူ့မှာ ကြွေးတင်နေသည်။ အိတ်ထဲတွင် ပိုက်ဆံတပြားမျှ မရှိ။ သူ့ဆွေမျိုးများက သူ့ကို မုန်းတီးရွံရှာနေကြပြီ ဖြစ်သည်။ သူ့အပေါင်းအသင်းများ၊ သူ့အမျိုးသမီးများနှင့် ချက်ချင်း ဆိုသလိုပင် ခွဲခွာရတော့မည်။ သူတို့က သူ့ကို ကပ်ပါးတကောင်လို သဘောထားနေကြပြီ။ သူ့အနာဂတ်သည် မည်းမှောင်နေသည်။

တကယ်တော့ ဆာရှာသည် ဘာမျှ ဂရုစိုက်မနေချင်တော့ပေ။ သို့သော် တခုတော့ သူ စိတ်ထိခိုက်မိသည်။ ယခု တံခါးနားတွင် နားစွင့်နေစဉ် သူ့ကို ရာဇဝတ်ကောင် တယောက်လို သဘောထားကာ ပြောဆိုနေကြသည်ကို သူ နားခါးသည်။ တချိန်လုံး သူ့စိတ်မှာ မတည်ငြိမ်။ ခုန်ဆွ ခုန်ဆွ ဖြစ်နေသည်။ အခန်းထဲသို့ ပြေးဝင်သွားပြီး အသံမာမာဖြင့် ပြောဆိုနေသော ကာနယ်ကြီးအား -

"ခင်ဗျား လူလိမ်ကြီးပဲ" ဟု အော်၍ ပြောလိုက်ချင်သည်။

ရာဇဝတ်ကောင်တဲ့။ ဤသည်မှာ အင်မတန် ရင့်သီးသည့် စကား ဖြစ်သည်။ လူသတ်သမား၊ သူခိုး၊ ဓားပြ၊ ပြုပြင်မရသော လူဆိုးများ၊ အကျင့်စာရိတ္တ ပျက်ပြားသူများကို သုံးစွဲ ခေါ်ဝေါ်သည့် စကား ဖြစ်သည်။ သို့သော် ဆာရှာမှာ သူတို့နှင့် လားလားမျှ မပတ်သက်။ သူ့တွင် လည်ပင်းအထိ ကြွေးတင်နေသည်မှာ မှန်သည်။ ကြွေးဆပ်ရန်လည်း စိတ်ကူးမရှိ။ သို့သော် ကြွေးတင်ခြင်းမှာ ရာဇဝတ်မှု မဟုတ်။ လောကတွင် ကြွေးကင်းသူ အလွန်နည်းသည် မဟုတ်လား။ ကာနယ်နှင့် အိုင်ဗင်မာကိုဗစ်တို့ ကိုယ်တိုင် ကြွေးကင်းသူများ မဟုတ်။

"ဘာဖြစ်လို့ ငါဟာ ရာဇဝတ်ကောင် ဖြစ်ရမှာလဲ"

ဆာရှာ သူ့ကိုယ်သူ မေးမိသည်။ လိုသည့်ငွေ ရအောင် လက်မှတ်လိမ်ထိုးပြီး သူ ယူသည်။ သည်နည်းကို လူတိုင်း သိနေကြပြီး ဖြစ်သည်။ ခန်ဒရီကော့နှင့် ဗွန်ဗတ်တို့လည်း သည်နည်းအတိုင်းပင် ငွေရှာကြသည်။ ငွေလိုလျှင် သူတို့မိဘများ၊ မိတ်ဆွေများ၏ လက်မှတ်တုများ ထိုးကာ ဘဏ်မှ ငွေထုတ်ယူသည်။ ဆာရှာလည်း ထိုနည်းအတိုင်း လုပ်ခြင်း ဖြစ်သည်။ ခန်ဒရီကော့က ငွေချေးမည်ဟု ကတိပေးထားသော်လည်း မချေးသဖြင့် ယခုလို ကြုံမိခြင်း ဖြစ်သည်။ သူ့အပြစ်

မဟုတ်။ ဘဝ ပတ်ဝန်းကျင် အခြေအနေကြောင့် ယခုလို ကြုံရခြင်း ဖြစ်သည်။ တခြားလူ၏လက်မှတ် လိမ်ထိုးခြင်းမှာ မှားယွင်းသည့် အပြုအမူ ဖြစ်သည် မှန်သည်။ သို့သော် ရာဇဝတ်မှု မဟုတ်။ အရုပ်ဆိုးသည့် လုပ်ရပ်တခုသာ ဖြစ်သည်။ သည်အလုပ်သည် မည်သူ့ကိုမျှ ထိခိုက်ဒဏ်ရာ ရစေသည် မဟုတ်။ သို့ဖြစ်ရာ ဆာရှာသည် ကာနယ်၏အမည်နှင့် လက်မှတ်ကို အလွဲသုံးစား လုပ်ခဲ့သည်။ မည်သူ့ကိုမျှ ဆုံးရှုံး နစ်နာစေလိုစိတ် သူတွင် မရှိ။

"ရာဇဝတ်မှု ကျူးလွန်တယ်လို့ ပြောလို့ မဖြစ်ဘူး" ဟု ဆာရှာ တွေးထင်သည်။

"ရာဇဝတ်မှု ကျူးလွန်သူတွေရဲ့စရိုက်မျိုး ငါ့မှာ မရှိဘူး။ ပြီးတော့ ငါဟာ ပေါ့ပေါ့နေ ပေါ့ပေါ့စားတာ ဟုတ်တယ်။ ဒါပေမဲ့ စိတ်ထိခိုက်လွယ်တယ်။ လူဆင်းရဲ တွေ့လျှင် ငါ့မှာ ကူညီချင်တဲ့စိတ် ရှိတယ်"

ဆာရှာ ဤသို့ တွေးတောနေစဉ် တံခါးတဖက်၏ အခန်းထဲတွင် ဆွေးနွေးပွဲသည် အရှိန်တက်နေသည်။

"ဒါပေမဲ့ လူကြီးမင်းများ သတိထားဖို့က အခုဟာ အစပဲ ရှိသေးတယ်"

ကာနယ်က အော်ပြောသည်။

"ဆိုကြပါစို့၊ သူ့ကို အပြစ်မပေးဘဲ ခွင့်လွှတ်လိုက်ပြီး ငွေကို လျော်လိုက်မယ် ဆိုကြပါစို့၊ သူဟာ သည်အတိုင်း ဆက်ပြီး မိုက်မဲနေမှာပဲ။ အဓိပ္ပာယ်မရှိ ဘဝမှာ ဆက်လက် လေလွင့်နေမှာပဲ။ အသုံးအဖြုန်း ကြီးမယ်၊ ကြွေးတင်မယ်။ စက်ဆိုင်တွေသွားပြီး ကျွန်တော်တို့နာမည်တွေနဲ့ ဝတ်စုံတွေ ချုပ်မယ်။ သူ့ကို ဘယ်သူ အာမခံနိုင်မှာလဲ။ ကျွန်တော့်အနေနဲ့တော့ ပြုပြင်ဖို့ဆိုတာ မဖြစ်နိုင်ဘူးလို့ ထင်တာပဲ"

ဘုရင့်ကောင်စီ အဖွဲ့ဝင်က တစုံတရာ ပြောသည်။ ထိုနောက် အိုင်ဗင် မာကိုဗစ်က အေးဆေးသက်သာစွာပင် ဆက်၍ ပြောသည်။ ကာနယ်သည် ကုလားထိုင်ကို ဟိုရွှေ့သည်ရွှေ့ လုပ်ကာ အိုင်ဗင်မာကိုဗစ်၏ စကားများကို ချေပသည်။ နောက်ဆုံးတွင် အခန်းတံခါး ပွင့်လာပြီး အခန်းထဲမှ အိုင်ဗင်မာကိုဗစ် ထွက်လာသည်။ သူ့မျက်နှာ နီရဲနေသည်။

"လာ... လာ မင်းကိုယ်တိုင် လာပြီး ဖွင့်ဟ ဝန်ခံလိုက်" ဟု ဆာရှာအား လက်ကိုဆွဲကာ ခေါ်သည်။

"မာနကြီးနေစရာ မလိုဘူးကွာ၊ ကောင်းတဲ့ လူငယ်လေးတယောက် နှလုံးသားထဲက နောင်တ ရလာသလို ဖွင့်ဟ ဝန်ခံလိုက်ကွာ"

စာကြည့်ခန်းထဲသို့ ဆာရှာ ဝင်သွားသည်။ ဘုရင့်ကောင်စီ အဖွဲ့ဝင် ဦးလေးသည် ကုလားထိုင် တလုံးတွင် ထိုင်နေသည်။ ကာနယ်ကမူ အိတ်နှစ်ဖက်ထဲ လက်နှိုက်ကာ ဒူးတဖက်ကို ကုလားထိုင်ပေါ် တင်ထားပြီး စားပွဲရှေ့တွင် ရပ်နေသည်။ အခန်းထဲတွင် မီးခိုးများ ဝေနေပြီး မွှန်းကျပ် ပူအိုက်သည်။ ဆာရှာသည် ကာနယ်ကိုလည်းကောင်း၊ ကာနယ်၏ ညီကို လည်းကောင်း မကြည့်။ သို့သော် စိတ်ထဲတွင်မူ ရှက်သည်။ အိုင်ဗင်မာကိုဗစ်ကို စိုက်ကြည့်ကာ -

"ငွေကို ကျွန်တော် ပြန်ပေးပါ့မယ်" ဟု ပြောသည်။

"အဲဒီငွေယူတုန်းက ဘယ်လို ပြန်ပေးမယ်ဆိုတဲ့ စိတ်ကူးရှိလို့ ယူတာလဲ"

ကာနယ်က မေးသည်။

"ကျွန်တော်လား... ခန်ဒရီကော့က အချိန်မီ ကျွန်တော့်ကို ပိုက်ဆံချေးပါ့မယ်လို့ ကတိပေးထားပါတယ်"

သည့်ထက်ပို၍ ဆာရှာ မပြောတတ်တော့ပြီ။ ပြီးလျှင် အခန်းထဲမှ ထွက်လာပြီး စင်္ကြံရှိ ကုလားထိုင်ပေါ်တွင် ထိုင်ချလိုက်သည်။ တခါတည်း ထွက်သွားရန် ဖြစ်သည်။ သူ့စိတ်ထဲက ကာနယ်ကို မုန်းတီးကာ တစစီ ဆွဲဆုတ်ပစ်ချင်စိတ် ပေါ်လာသဖြင့် မသွားသေးဘဲနေခြင်း ဖြစ်သည်။ မျက်နှာကို လက်သီးနှင့် ထိုးချင်စိတ်လည်း ဖြစ်ပေါ်မိသည်။ ထိုအချိန်မှာပင် ထမင်းစားခန်းဆီမှ ထွက်လာသော အမျိုးသမီးတယောက်၏ သဏ္ဍာန် ဘွားခနဲ ပေါ်လာသည်။ ယင်းမှာ ကာနယ်၏ဇနီး ဖြစ်သည်။ ဆာရှာဆီသို့ လက်နှစ်ဖက် ဆန့်တန်းကာ ပြေးလာပြီး မျက်ရည်စက်လက်နှင့် ဤသို့ ပြောသည်။

"အလက်ဇင်းဒါးရေ၊ မင်း ငါ့ကို မချစ်ဘူးဆိုတာ သိပါတယ်။ ဒါပေမဲ့ ငါပြောမယ့်စကားကို ခဏလေးတော့ နားထောင်ပါကွယ် ကလေးရယ်။ ဘယ်လိုဖြစ်ပြီး ဒီလို ကြံစည်ရတာလဲ၊ မကောင်းဘူးကွယ့်၊ အံ့ပါလေရော။ ဘုရားသခင်ကို တိုင်တည်ပြီး ခွင့်လွှတ်ဖို့ တောင်းပန်လိုက်နော်။ ကိုယ့်ကိုယ်ကိုလည်း ပြုပြင်မှပေါ့ကွယ်..."

ဆာရှာသည် အမျိုးသမီးကြီးကို စိုက်ကြည့်သည်။ ပခုံးနှစ်ဖက် မြင့်ချည် နိမ့်ချည် ဖြစ်နေပြီး ပါးပြင်နှစ်ခုပေါ်သို့ မျက်ရည်ပေါက်ကြီးများ စီးကျလာသည်ကို တွေ့ရသည်။ သူ့နောက်ဘက် ဆီတွင် စိတ်ရှုပ်နေသော ဦးလေးများ၏ ညည်းညူသံများကို ကြားရသည်။ ထိုအခါ သူ ပခုံးတွန့်မိသည်။ ငွေလေး တသောင်း ငါးထောင်အတွက် သူ့ဆွေကြီးမျိုးကြီး ဂုဏ်ကြီးရှင်ကြီးများ ယခုလောက် ဆူဆူပူပူ ဖြစ်လိမ့်မည်ဟု သူ မမျှော်လင့်ခဲ့မိပေ။ မျက်ရည်ပေါက်ကြီးယယ် ကျရသည်ကို လည်းကောင်း၊ အသံများ တုန်ယင်နေသည်ကို လည်းကောင်း သူ ဘယ်လိုမှ

နားမလည်။

နောက်တစ်နာရီလောက်ရှိလျှင် ကာနယ်၏စကား အောင်မြင်သွားသည်ဟု သူ သိလိုက်ရသည်။ တရားဥပဒေအတိုင်း ဖြစ်စေရမည် ဟူသော စကားကို ဦးလေးနှစ်ယောက် အလျှော့ပေးလိုက်ကြသည်။

"အေး... အဲဒီလို ဆုံးဖြတ်လိုက်ဖို့ပဲ"

ကာနယ်က ခပ်တင်းတင်း ဆိုသည်။

သို့ပြောလည်း ဦးလေး သုံးယောက်စလုံး စိတ်နှလုံး မသာမယာ ဖြစ်မိကြသည်။ ကာနယ်ကိုယ်တိုင် စိတ်မကောင်း။

"ဘုရားသခင် ကယ်တော်မူပါ၊ ငါ့နှမလေး စိတ်ဆင်းရဲရှာမှာပဲ"

အိုင်ဗင်မာကိုဗစ် သက်ပြင်းချမိသည်။

ထို့နောက် ကွယ်လွန်သူ သူ့နှမ အခန်းထဲ ရောက်လာပြီး ကိုယ်ထင်ပြလာသည်ဟု သူ ထင်မိသည်။ သူ့နှမ ငိုနေသည်ဟူ၍လည်း ထင်မိသည်။ နောက် ဘဝတွင် အေးချမ်းသာယာစွာ နားခိုနေသော သူ့နှမ စိတ်ချမ်းသာအောင် သူတို့တတွေ ဆာရှာကို ခွင့်လွှတ်သင့်သည်ဟု သူ ထင်မြင်လာသည်။

တစုံတယောက်၏ ငိုသံကို ဆာရှာ ကြားရသည်။ ငိုနေသူမှာ အိုင်ဗင် မာကိုဗစ် ဖြစ်သည်။ ငိုရင်း တစုံတရာ ပြောသည်ကို တံခါးကြားမှ ဆာရှာ ကြားရသည်။ ကာနယ်သည် ထိုင်ရာမှ ထကာ ခန်းလုံးပြည့် လျှောက်သည်။ ဆွေးနွေးပွဲ အသစ်တခု ပြန်၍ စကြသည်။

ညေ့ခန်းထဲမှ နာရီသည် နှစ်ချက်ထိုးပြီ။ ဆွေးနွေးပွဲလည်း ပြီးဆုံးသွားပြီ။ ကာနယ်သည် သူ့ကို အရှက်ခွဲသည့် မျက်နှာကို မကြည့်လိုသဖြင့် တခြားတံခါးမှ ဖွင့်ထွက်ကာ ရှောင်ပြေးသွားသည်။ စကြံဘက်သို့ အိုင်ဗင်မာကိုဗစ် ရောက်လာသည်။ လက်နှစ်ဖက်ကို ပွတ်ကာ စိတ်အား ထက်ထက်သန်သန် ဖြစ်နေသည်။ မျက်ရည်စ ရှိနေသေးသော မျက်လုံးအစုံမှာ ဝင်းပလာသည်။ ပြီးတော့ ပြုံးရယ်ကာ စကားဆိုသည်။

"အဆင်ပြေသွားပြီ လူကလေး"

ဆာရှာကို ပြောသည်။

"ဘုရားသခင်ကို ကျေးဇူးတင်ရမှာပဲ၊ အိမ်ပြန်ပြီး အေးအေးသက်သာ အိပ်နေပေတော့။ ငွေကို တို့ စိုက်ပြီး လျော်ကြဖို့ ဆုံးဖြတ်လိုက်တယ်။ ဒါပေမဲ့

မင်းဘက်က တကယ့်ကို နောင်တ ရရမယ်။ ပြီးတော့ နက်ဖြန် ငါနဲ့အတူ တောကို သွားမယ်။ ဟိုမှာ အလုပ်လုပ်ကြမယ်”

ခဏကြာလျှင် အိုင်ဗင်မာကိုဗစ်နှင့် ဆာရှာတို့သည် ကုတ်အင်္ကျီများ ကိုယ်စီဝတ်ကာ အောက်ထပ်သို့ ဆင်းလာကြသည်။ ဦးလေး အိုင်ဗင်က ဖျောင်းဖျစကား ဆိုသည်။ သို့သော်လည်း ဆာရှာက နားမထောင်။ သူ့စိတ်ထဲတွင် အလေးအလံတခု ပေါ့သွားသည်ဟု ခံစားရမိသည်။ ပခုံးပေါ်မှ ဝန်ထုပ်တခု လျှော့ကျသွားသည်။ သူ့ကို ခွင့်လွှတ်လိုက်ကြပြီ။ သူ လွတ်ကျွတ်သွားပြီ။ ရင်ထဲမှာလည်း အေးသွားသည်။ အသက်ဝဝ ရှူသည်။ သွားလာ လှုပ်ရှားချင်လာသည်။ ယခုမှ စိတ်ထဲမှာ လန်းဆန်းသွားသည်။ ပြီးတော့ လမ်းမီးများနှင့် ကောင်းကင် မည်းမည်းကြီးကို ကြည့်ကာ ယနေ့ညတွင် ဗွန်ဗက်က သူငယ်ချင်းများအား ကျွေးမွေးဧည့်ခံမည်ကို သတိရလာသည်။ ထိုအခါ ဝမ်းသာစရာ အသစ်တခု ကြုံရပြန်သည်။

ငါ သွားမယ်။ သူ ဆုံးဖြတ်သည်။

သို့သော် သူ့အိတ်ထဲတွင် ပိုက်ဆံတပြားမှ မရှိသည်ကို သတိရလာသည်။ သူငယ်ချင်းများက သူ့မှာ ပိုက်ဆံမရှိသဖြင့် မကြည်ဖြူကြသည်ကိုလည်း သတိရသည်။ ဘယ်လိုပဲဖြစ်ဖြစ် ငွေရအောင် ရှာမည်။

“ဦးလေး၊ ကျွန်တော့်ကို ငွေတရာလောက် ချေးပါ”

အိုင်ဗင်မာကိုဗစ်ထံ သူ တောင်းဆိုသည်။

အိုင်ဗင်မာကိုဗစ် အံ့အားသင့်ကာ သူ့ကိုကြည့်ရင်း မီးတိုင်ဆီသို့ နောက်ဆုတ်သွားသည်။

“ကျွန်တော့်ကို ငွေတရာလောက် ချေးပါ”

ဆာရှာ အော်သည်။ ခြေထောက်နှစ်ဖက် လှုပ်ရှားလာပြီး စိတ်မရှည်နိုင် ဖြစ်လာသည်။

“ဦးလေး အိုင်ဗင်... ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော့်ကို ငွေ တရာလောက် ချေးပါ ခင်ဗျား”

သူ့မျက်နှာမှာ တုန်တုန်ယင်ယင် ဖြစ်လာပြီး သူ့ဦးလေးဆီသို့ ပြေးသွားမလို ဖြစ်လာသည်။

သူ့စကားကို နားမလည်နိုင်ဖြစ်ပြီး သူ့ဦးလေး နှုတ်ဆိတ်နေသည်ကို မြင်ရလျှင် သူ ထပ်၍ ပြောသည်။

“မပေးဘူး ဟုတ်လား ဦးလေး၊ ဒီလိုဆိုရင် မနက်ဖြန် ကျွန်တော့်ကိုယ် ကျွန်တော် သွားပြီး အပ်လိုက်မယ်။ ဦးလေးတို့ ကျွန်တော် ယူတဲ့ ပိုက်ဆံကို စိုက်ပြီး မလျော်ရဘူး။ ပြီးတော့ နောက်ထပ် လက်မှတ်တုနဲ့ ထပ်ပြီး ကျွန်တော် လိမ်မယ်၊ ငွေထုတ်မယ်”

မိုးကြိုးပစ်လိုက်သလားဟု အိုင်ဗင်မာကိုဗစ် အောက်မေ့မိသည်။ တုန်တုန်လှုပ်လှုပ်လည်း ဖြစ်သွားမိသည်။ ပါးစပ်က တစုံတရာ ရေရွတ်ရင်း အိတ်ထဲမှ ငွေတရာတန် တရွက်ကို ထုတ်ကာ စကားတခွန်းမှ မပြောတော့ဘဲ ဆာရှာအား ပေးလိုက်သည်။ ငွေကို ဆာရှာ ယူပြီး ခပ်မြန်မြန် ပြေးထွက်သွားသည်။

ထို့နောက် မြင်းလှည်းပေါ်တွင် ထိုင်၍ လိုက်ပါသွားသည်။ ဆာရှာ၏ စိတ်ထဲမှာ နွေးထွေးလာသည်။ သူ့နှလုံးသားသည် စိတ်ဓာတ်အသစ်ဖြင့် တက်ကြွ ရွှင်မြူးလာသည်။ ဆွေးနွေးပွဲတွင် ဦးလေး အိုင်ဗင်မာကိုဗစ် ပြောသည်မှာ လူငယ်ဆိုသည်မှာ တွင်ကျယ်လိုသူများ ဖြစ်သည် ဟူသော စကားကို ပြန်လည် ကြားယောင်လာကာ တက်ကြွလာသည်။ အားတက်လာသည်။ စိတ်ကူးထဲတွင် ညစာ စားသောက်ပွဲကို လည်းကောင်း၊ အရက်ပုလင်းများကို လည်းကောင်း၊ မိန်းမများကို လည်းကောင်း၊ မြူးထူးနေသော အပေါင်းအသင်းများကို လည်းကောင်း မြင်ယောင်လာသည်။ ထို့နောက် စိတ်ထဲသို့ အတွေးတခု ချက်ချင်း ဝင်လာသည်။

“အင်း… ငါ လမ်းမှား ရောက်နေပါပေါ့လား”

ယခုမှ သူ သိမြင်စ ပြုလာသည်။

စာပြီးနှစ် ၁၈၈၇။

■

တောမြိုင်စွန်းက လွမ်းအောင်ဖန်
The House with the Mansard-An Artist's Story

[၁]

လွန်ခဲ့သည့် ခြောက်နှစ် သို့မဟုတ် ခုနစ်နှစ်က ဖြစ်ပျက်ခဲ့ခြင်း ဖြစ်သည်။ ထိုစဉ်က ကျွန်တော်သည် တီပြည်နယ်ရှိ မြေပိုင်ရှင် ဗယ်လိုကူရော့၏ ခြံမြေတွင် နေထိုင်လျက် ရှိသည်။ ဗယ်လိုကူရော့မှာ လူငယ်တယောက် ဖြစ်သည်။ မနက်တိုင်း အိပ်ရာမှ စောစောထသည်။ လယ်သမား ဝတ်သည့် ကုတ်အင်္ကျီအရှည်ကြီးကို ဝတ်ကာ ဟို သည် လျှောက်သွားသည်။ ညနေခင်းတွင် ဘီယာသောက်သည်။ ဘယ်နေရာ သွားသွား သူ့အပေါ် ကြင်နာသက်ဝင်မှု မတွေ့ရဟု အမြဲတမ်း ညည်းညူပြောဆိုသည်။ သူသည် ပန်းခြံထဲရှိ အဆောင်ကလေး တခုတွင် နေသည်။ ကျွန်တော်ကမူ အိမ်အိုကြီးထဲတွင် နေသည်။ တိုင်လုံးကြီးများရှိသော ကပွဲခန်းမထဲတွင် အိမ်ထောင်ပရိဘောဂ ဆို၍ ဘာတခုမျှ မရှိ။ ထိုအခန်းထဲက ဆိုဖာကြီးတခုပေါ်တွင် ကျွန်တော် အိပ်သည်။ စားပွဲတခုတွင် ရသေ့စိတ်ဖြေ ကျွန်တော် ကစားသည်။ ထိုအချိန်က ရာသီဥတုကောင်းသည့် နေ့များတွင်ပင် မီးဖိုဟောင်းကြီးများသည် အသံမြည်သည်။ မိုးသက်မုန်တိုင်းကျပြီး ထစ်ချုန်း မြည်ဟည်းပြီးလျှင် အိမ်ကြီးတခုလုံး ပြိုကျသွားလေမည်လား ထင်ရအောင် သွက်သွက်ခါ လှုပ်ယမ်းသည်။ အထူးသဖြင့် မိုးသက်မုန်တိုင်း ထန်သော ထိုညများတွင် ပြတင်းပေါက် ဆယ်ခု၌ လျှပ်ရောင်များ ပြိုးပြိုးပြက်ပြက် လက်သည့်အခါ ကြောက်စရာ ကောင်းသည်။

ကျွန်တော့်ဘဝမှာ ပျင်းရိငြီးငွေ့စရာ ကောင်းသည်။ ဘာတခုမျှ မည်မည်ရရ ကျွန်တော် မလုပ်။ ပြတင်းမှနေ၍ မိုးကောင်းကင်ကို ကြည့်သည်။ ပြီးတော့ ငှက်များကို ကြည့်သည်။ ပန်းခြံထဲက လမ်းကလေးများကို ကြည့်သည်။ စာတိုက်က ရောက်လာသည့် စာများကို ဖတ်သည်။ ပြီးတော့ အိပ်သည်။ တခါတရံ အိမ်မှထွက်ပြီး ဟိုဟိုသည်သည် လျှောက်သွားသည်မှာ ညဉ့်နက်သန်းခေါင်အထိ ဖြစ်သည်။

တနေ့ အိမ်အပြန်လမ်းတွင် တခါမျှ မမြင်ဖူးသည့် ခြံမြေတခုကို ကျွန်တော် တွေ့ရသည်။ နေဝင်နေပြီ။ ညနေခင်း၏ အရိပ်များသည် ဂျုံခင်းပေါ်သို့ ကျနေသည်။ ခေါင်းပေါ်တွင် မိုးနေသည့် အိုမင်းသော ဖားထင်းရှူးပင်တန်း နှစ်ခုကို တွေ့ရသည်။ တတန်းနှင့် တတန်း ကပ်နေရာ ထူထဲသော နံရံကြီး တခု ကာဆီးနေသည်နှင့် တူသည်။ ထိုသစ်ပင်တန်း နှစ်ခုအကြားတွင် မှုန်မှိုင်း လှပသော လမ်းကလေးတခု ရှိသည်။ ခြံစည်းရိုးကို အလွယ်တကူ ကျော်ဖြတ်ကာ ထိုလမ်းကလေးအတိုင်း ကျွန်တော် လျှောက်သွားသည်။ မြေပေါ်သို့ ကြွေကျနေသော ထင်းရှူးခြောက်

အချောင်းကလေးများပေါ် ခြေချလျှင် ချော်သွားသည်။ ထင်းရှူးခြောက်ချောင်းလေးများမှာ ထူထပ်သည်။ တိတ်ဆိတ်ပြီး မှောင်လာသည်။ သို့သော် ရွှေရောင်နေခြည်များ ပက်ဖျန်းသဖြင့် ပင့်ကူအိမ်များတွင် သက်တံရောင်များ တောက်ပနေသည်။ ထင်းရှူးပင်၏ သင်းပျံ့သည့်အနံ့ကို ရှူရှိုက်ရသည်။ မကြာမီပင် လိုင်းပင်တန်း ရိပ်သာဘက်သို့ ကျွန်တော် ချိုးဝင်ခဲ့သည်။ ထိုနေရာတွင်လည်း အရာရာသည် ဂရုစိုက်သူ မရှိသဖြင့် အိုမင်းရင့်ရော်နေကြသည်။ လွန်ခဲ့သည့်နှစ်က သစ်ရွက်ခြောက် များသည် ခြေထောက်အောက်တွင် ငိုကြွေး မြည့်တမ်းနေကြသည်။ ပင်စည်များအကြား ညရီဆည်းဆာတွင် အရိပ်များ ထိုးကျနေသည်။ ကျွန်တော့်ညာဘက်က သစ်သီးခြံအိုကြီး ထဲတွင် ငှက်ဝါတကောင်သည် တီးတိုးညင်သာ တေးဆိုနေသည်။ ငှက်ဝါကလေးသည် နွမ်းလျနေဟန် တူသည်။ ယင်းသည်လည်း ထိုပတ်ဝန်းကျင်က အရာရာလိုပင် အိုမင်းနေသော ငှက်အိုတကောင် ဖြစ်ဟန်တူသည်။ ထိုနောက် လိုင်းပင်တန်းသည် အိမ်အိုကြီးတခုရှေ့တွင် အဆုံးသတ်သည်။ အိမ်အိုကြီးမှာ ဝရန်တာနှင့် ခေါင်မိုးနှစ်ဆင့်ရှိ အိမ်ကြီး ဖြစ်သည်။ ထိုခဏမှာပင် ကျယ်ပြန့်သော အိမ်ဝင်းကို သတိထားမိသည်။ ရေကန်ကြီးတခု ရှိပြီး ကမ်းစပ်တွင် ရေချိုးရုံတခု ရှိသည်။ နီးကပ်စွာ ပေါက်နေသည့် မိုးမခပင် စိမ်းစိမ်းများကို တွေ့ရသည်။ ရေကန်ဟိုဘက်တွင် ရွာကလေး တခုရှိပြီး ရွာလယ်၌ မြင့်မားကျဉ်းမြောင်းသည့် ခေါင်းလောင်းစင်တခုကို တွေ့ရသည်။ ထိပ်တွင် လက်ဝါးကပ်တိုင်ကို ဝင်လုဆဲ နေခြည်က နောက်ဆုံး ရောင်ခြည်တန်းဖြင့် ပက်ဖျန်းပေးနေသည်။

သည်လို ကျယ်ပြန့်သည့် မြင်ကွင်းမျိုးကို ငယ်စဉ် ကလေးဘဝက မြင်ဖူးသည် ထင်မိသည်။ ကြာမြင့်စွာကပင် ရင်းနှီးခဲ့သည့် မြင်ကွင်းမျိုး ဖြစ်သည်။ ထိုခဏတွင် ကျွန်တော်မှာ မှင်တက်မိနေမိသည်။

ကျွန်တော့်ရှေ့တွင် ခိုင်ခံ့သော ကျောက်တုံးတံခါးတိုင် ဖြူဖြူနှစ်ခုကို မြင်ရသည်။ တိုင်ထိပ်များတွင် ခြင်္သေ့ရုပ်များ တပ်ဆင်ထားသည်။ ယင်းမှာ အိမ်ဝင်းထဲမှ အပြင်ဘက် ကွင်းပြင်ကျယ်များဆီသို့ ထွက်သည့် လမ်းပေါက် ဖြစ်သည်။ တံခါးဝတွင် မိန်းကလေး နှစ်ယောက် ရပ်နေသည်။ အကြီးမမှာ သေးသွယ်ဖျော့တော့သည်။ အလွန် လှသည်။ ခေါင်းထက်တွင် နီဝါရောင်ဆံပင်ကို ဆံထုံးကြီးတခု ဖြစ်အောင် ထုံးထားသည်။ ပါးစပ်ပေါက် ကျဉ်းပြီး ခေါင်းမာသည့် အမူအရာ ပေါ်လွင်သည်။ ခက်ထန်သည်။ ကျွန်တော် ရောက်နေသည်ကို သတိထားမိဟန် မတူ။ နောက်တယောက်မှာ အလွန်ငယ်သေးဟန် တူသည်။ ဆယ့်ခုနစ်နှစ်၊ ဆယ့်ရှစ်နှစ်ထက် ကြီးဟန်မတူ။ သူလည်း ဖျော့တော့ပြီး သေးသွယ်သည်။ ပါးစပ်မှာ ကြီးသည်။ ကျွန်တော့်ကို မြင်သဖြင့် ရှက်ရွံ့နေဟန် တူသည်။ အံ့သြနေသော မျက်လုံးကြီးများဖြင့် ကျွန်တော့်ကို စူးစိုက်၍ကြည့်သည်။ ကျွန်တော် ဖြတ်လျှောက်သွားလျှင် အင်္ဂလိပ်လို တခွန်း၊ နှစ်ခွန်း ပြောသည်။

ကျွန်တော့် စိတ်ထဲတွင်ကား ကွာလှမ်းသော တချိန်ချိန်က ချစ်စရာကောင်းသည့် ထိုမျက်နှာများကို သိခဲ့ဖူးသည် ထင်မိသည်။ သို့နှင့် အိမ်သို့ ပြန်လာခဲ့သည်။ ကြည်နူးစရာ အိပ်မက်တခု မြင်မက်နေသည် ထင်မိလေသည်။

ထို့နောက် ရက်များမကြာမီ တညနေခင်းတွင် ဗယ်လိုကူရော့နှင့် ကျွန်တော်သည် ထိုအိမ်ရှေ့သို့ လမ်းလျှောက်လာခဲ့ကြသည်။ ထိုစဉ် မြင်းလှည်းတစီး၏ ဘီးများ ဖြုတ်သွားသဖြင့် မြက်ပင်ရှည်များ၏ ရှဲရှဲမြည်သံ ကြားရသည်။ မြင်းလှည်းသည် အိမ်ဝင်းထဲသို့ ဝင်ရန် ကွေ့သည်။ တနေ့က တွေ့ခဲ့သည့် မိန်းကလေး နှစ်ယောက်ထဲမှ အကြီးမကို မြင်းလှည်းပေါ်တွင် တွေ့ရသည်။ သူ့တွင် မီးဘေးဒုက္ခသည်များအား လှူဒါန်းရန် ကုသိုလ်ရှင် စာရင်းတခု ပါလာသည်။ ကျွန်တော်တို့ကို မကြည့်ဘဲ ဆီယာနိုပိုရွာတွင် မီးလောင်သည့် အိမ်ခြေစာရင်း၊ သူ့အဖွဲ့ဝင် ဖြစ်သည့် ကော်မတီက ဆောင်ရွက်ခဲ့သည့် ယာယီ ကယ်ဆယ်ရေး လုပ်ငန်းများကို ပြောပြနေသည်။ သူ့အသံမှာ မာပြီး မျက်နှာထားမှာ တည်သည်။ ကျွန်တော်တို့အား လက်မှတ်ထိုးရန် စာရင်းများ ပေးပြီးနောက် ပြန်ယူပြီး ချက်ချင်း မြင်းလှည်းကို မောင်းထွက်ရန် ဟန်ပြင်နေသည်။

"ကျွန်မတို့ကို ရှင် မေ့နေပြီ ထင်တယ်၊ ပျိုတာပီထရိုဗစ်" ဟု ဗယ်လိုကူရော့ဆီသို့ လက်ကို ဆန့်တန်းကာ ပြောသည်။

"ကျွန်မတို့ကို လာပြီး တွေ့လှည့်ပါဦး။ ပြီးတော့ မွန်ဆီယာအင် (ကျွန်တော့်ကို ဆိုလိုခြင်း ဖြစ်သည်) တယောက် သူ့လက်ရာကို နှစ်သက်ကြတဲ့သူတွေနဲ့ မိတ်ဆွေဖြစ်ချင်တယ်ဆိုရင် ကျွန်မနဲ့ ကျွန်မ မေမေတို့က ဝမ်းမြောက်ဝမ်းသာ တွေ့ဖို့ အသင့်ပါပဲ"

ကျွန်တော် ခေါင်းညိတ်ကာ အသိအမှတ် ပြုလိုက်သည်။

သူ ထွက်သွားပြီးလျှင် ပျိုတာပီထရိုဗစ်က သူ့အကြောင်း ပြောပြသည်။ သူ့နာမည်မှာ လစ်ဒီယာဗော်လချာနီနိုဗာ ဖြစ်ပြီး ဆွေကောင်းမျိုးကောင်းမှ မွေးဖွားလာသူ ဖြစ်သည်။ အဖေ၊ ညီမလေး တယောက်နှင့်အတူ ခြံမြေတွင် နေထိုင်သည်။ သူတို့ခြံမြေနှင့် ရေကန် ဟိုဘက်ကရွာကို ရှယ်လကော့ကာ ခြံမြေ၊ ရှယ်လကော့ကာရွာဟု ခေါ်သည်။ သူ့အဖေမှာ မော်စကိုတွင် ပရီဗီကောင်စီလာ ရာထူးဖြင့် ကွယ်လွန်ခဲ့သည်။ ချမ်းသာသော်လည်း တနှစ်ပတ်လုံး ဗော်လချာ နီနိုဗာ မိသားစုသည် တောတွင်သာ နေသည်။ လစ်ဒီယာသည် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့က ဖွင့်လှစ်သည့် ရှယ်လကော့ကာကျောင်းတွင် ကျောင်းဆရာမ လုပ်သည်။ တလ နှစ်ဆယ့်ငါးရူဗယ် ရသည်။ သူ့ကိုယ်ပိုင် အသုံးစရိတ်အတွက် လောက်သေးသည်။ ယခုလို ဝင်ငွေရအောင် ရှာနိုင်သဖြင့် ဂုဏ်ယူသည်။

"အင်မတန် စိတ်ဝင်စားစရာကောင်းတဲ့ မိသားစုပဲ။ ကျွန်တော်တို့ သူတို့ဆီ

အလည် သွားကြမယ်။ ခင်ဗျား ပါလာတယ်ဆိုရင် သူတို့ သိပ်ဝမ်းသာမှာပဲ”

ဗယ်လိုကူရော့က ဆိုသည်။

တနေ့တွင် ညနေစာအပြီး ဖော်လချာနီနိုဗာတို့ကို သတိရလာသည်နှင့် ရှယ်လကော့ကာသို့ ကျွန်တော်တို့ ထွက်လာခဲ့ကြသည်။ ထိုနေ့မှာ သူတော်စင်တယောက်၏ နေ့ထူးနေ့မြတ် ဖြစ်သည်။ အိမ်တွင် အမေရော သမီးနှစ်ယောက်စလုံးကိုပါ တွေ့ရသည်။ အမေဖြစ်သူ ယယ်ကေတာရီနာပက်ဗလော့နာသည် တချိန်က လှပချောမွေ့သူ ဖြစ်ဟန်တူသည်။ ယခုမူ အရွယ်နှင့် မလိုက်အောင် တုတ်ခိုင်ဝဖီးနေသည်။ မောနေသဖြင့် အသက်ကို မနည်းရှူနေရသည်။ သတိလည်း မေ့လွယ်သည်။ ကျွန်တော့်ကို ဧည့်ခံစကားပြောသည့်အခါ ပန်းချီကားများအကြောင်းကိုပြောသည်။ ရှယ်လကော့ကာသို့ ကျွန်တော် လာချင် လာလိမ့်မည် ဖြစ်ကြောင်း သမီးက ပြောထားသည်။ မော်စကိုပြပွဲတွင် တွေ့ခဲ့သည့် ကျွန်တော် ရေးဆွဲသော ရှုမျှော်ခင်း ပန်းချီကား နှစ်ခု၊ သုံးခု အကြောင်းကို ပြောသည်။ ထို့နောက် ပန်းချီကားများတွင် ကျွန်တော် ဘာကို ဖွင့်ဆိုချင်သလဲဟု မေးသည်။ လစ်ဒီယာကို အိမ်တွင် လီဒါဟု ခေါ်ကြသည်။ လီဒါသည် ကျွန်တော်နှင့် စကား မပြောဘဲ ဗယ်လိုကူရော့နှင့်သာ ပြောဆိုနေသည်။ သူ့မျက်နှာမှာ တင်းမာနေပြီး အပြုံးတချက် မသမ်း။ ဗယ်လိုကူရော့ကိုမူ ဘာကြောင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့တွင် အလုပ်ဝင်၍ မလုပ်သလဲ၊ အစည်းအဝေးတက်သည်ကိုလည်း တခါမျှ မတွေ့ရဟူ၍ ပြောဆို မေးမြန်းသည်။

“ဒါ မကောင်းဘူး ပျိုတာပီထရိုဗစ်”

သူ့အသံမှာ ပြစ်တင်ရှုတ်ချသံ ပါသည်။

“ဟုတ်တယ် မဟုတ်လား၊ ရှင့်ကိုရှင် ရှက်ဖို့ ကောင်းတယ်”

“မှန်တယ် လီဒါ၊ သမီး ပြောတာ သိပ်မှန်တယ်၊ အဲဒါ မကောင်းဘူး”

အမေက သမီးကို ထောက်ခံသည်။

“ကျွန်မတို့ ခရိုင်တခုလုံးဟာ ဘာလာဂျင်လက်ထဲ ရောက်နေတယ်”

ကျွန်တော့်ဘက်သို့ လှည့်ကာ လီဒါက ဆက်၍ ပြောသည်။

“သူက ဒေသ ဘုတ်အဖွဲ့ရဲ့ဥက္ကဋ္ဌရှင့်၊ ခရိုင်မှာရှိတဲ့ ရာထူးမှန်သမျှ သူ့တူတွေ၊ သူ့သမက်တွေကို ပေးတယ်။ ပြီးတော့ သူ စိတ်ကြိုက် ခြယ်လှယ်တော့တာပဲ။ အဲဒါကို ကျွန်မတို့ ခုခံကာကွယ် ရမယ်။ ကျွန်မတို့ လူငယ်တွေ စုပေါင်းပြီး အားရှိတဲ့ အဖွဲ့တခု ဖွဲ့ရမယ်။ ဒါပေမဲ့ ကျွန်မတို့ လူငယ်တွေ အခြေအနေကတော့ ရှင်မြင်တဲ့

အတိုင်းပဲ။ အဲဒါ မကောင်းဘူး ပျိုတာပီထရိုဗစ်”

ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့အကြောင်း ပြောသည့်အခါ ညီမငယ် ဇင်ညာသည် ဝင်ရောက် ဆွေးနွေးခြင်း မရှိ။ အလေးအနက် ပြောဆိုကြသည့်အထဲတွင် သူ မပါ။ သူသည် မိသားစုတွင် လူလားမြောက်သည့်အထဲ မပါဟု ထင်မြင်ကြသည်။ သူကား ချစ်စနိုး၍ ခေါ်သည့် “မစ်ဆီ” ဟူသော အမည်အရ အေးဆေးစွာပင် နေသည်။ ထိုနာမည်မှာ ငယ်စဉ်က သူ့ဆရာမကို သူ ခေါ်ခဲ့သည့်နာမည် ဖြစ်သည်။ ကျွန်တော့်ကို အထူးအဆန်းသဖွယ် ကြည့်နေသည်။ ပြီးတော့ ကျွန်တော် ကြည့်နေသည့် ဓာတ်ပုံစာအုပ်ထဲက ဓာတ်ပုံများကို လက်ညှိုးဖြင့် ထောက်ပြကာ -

“ဒါက ကျွန်မတို့ ဦးလေး၊ ဒါက ကျွန်မ မွေးစားအဖေ” ဟု ပြောသည်။ ကျွန်တော့်အနား ထိုင်ကာ ပွတ်သီးပွတ်သပ် လုပ်နေသည်။ ကျွန်တော့်ပခုံးကို သူ့ပခုံးနှင့် တိုက်သည်။ ထိုအခါ မဖွံ့ဖြိုးသေးသည့် ခန္ဓာကိုယ်ကို ကောင်းကောင်း မြင်ရသည်။ ပခုံးများမှာ သေးသွယ်သည်။ ကျစ်ဆံမြီး တွဲလောင်းကျနေသည်။ ခါးသိမ်သိမ်ကို ခါးပတ်ဖြင့် ပတ်ထားသည်။

ကျွန်တော်တို့ ကရိုကက် ကစားကြသည်။ တင်းနစ် ကစားကြသည်။ ပန်းခြံထဲ လမ်းလျှောက်ကြပြီး လက်ဖက်ရည်သောက်ကြသည်။ ထိုနောက် ညစာ စားပွဲတွင် အကြာကြီး ထိုင်ကြသည်။ ကျွန်တော်နေသည့် တိုင်အိုကြီးများရှိသော ကပ္ပဲခန်းမတွင်ထက် ဤအိမ်ကလေးတွင် ပို၍ နေသာထိုင်သာ ရှိသည်။ ဤအိမ် နံရံတွင် ဆီဆေးရုပ်ပုံများ မရှိ။ ပြီးတော့ သူတို့သည် အစေခံတို့အား “ရှင်” ဟု ခေါ်ဝေါ်ပြောဆိုကြသည်။ ကြားနေကျ “မင်း” ဆိုသော အသုံးအနှုန်း မကြားရ။ လီဒါနှင့် မစ်ဆီတို့ကြောင့် အိမ်ကလေးသည် စင်ကြယ်ကာ နုပျိုနေသည် ထင်ရသည်။ ညစာစားပွဲတွင် လီဒါက ကျေးရွာအုပ်ချုပ်ရေး အဖွဲ့အကြောင်း၊ ဘာလာဂျင် အကြောင်းတို့ကို ထပ်မံ ပြောဆိုသည်။ ကျောင်းစာကြည့်တိုက်များ အကြောင်းလည်း ပြောကြသည်။ လီဒါသည် စကားအများကြီး ပြောသည်။ အသံကျယ်သည်။ စာသင်ခန်းထဲတွင် ပြောနေကျဖြစ်၍ အကျင့်ရနေဟန် တူသည်။ စကား ပြောကောင်းသူ တယောက် ဖြစ်သည်။ ကျွန်တော့်သူငယ်ချင်း ပျိုတာပီထရိုဗစ်မှာ ကျောင်းသားဘဝက အကျင့်အတိုင်း ပြောဆိုသည်။ အကြောင်းအရာတိုင်းကို သူက ဝင်၍ ထောက်ကာ ဆင်ခြေ တက်တက်ပြီး မေးခွန်းများ ထုတ်သည်။ ကြာရှည်ကြာမျော ထိုအကြောင်း တခုတည်းကိုပဲ ပြောသည်။ ငြီးငွေ့စရာ ကောင်းသည်။ ကြာတော့ ပန်းလျလာသည်။ သူ့မှာ ရှိနေသည့် တိုးတက်သော အယူအဆများကို လည်းကောင်း၊ တတ်သိနားလည်မှုကို လည်းကောင်း ထုတ်ပြချင်သည့်ဆန္ဒ ပေါ်လွင်လာသည်။ ပြောရင်း ကိုယ်ဟန် အမူအရာများ၊ လက်ဟန် များ ပါလာသည့်အခါ စားပွဲပေါ်က တို့စရာပန်းကန်ကို

လက်ဖြင့် တိုက်မိပြီး အရည်တို့ စားပွဲပေါ် ဖိတ်ကျသွားသည်။ ယင်းကို ကျွန်တော် တယောက်သာ မြင်ဟန်တူသည်။

အိမ်ပြန်သည့်အခါ မှောင်နေပြီ။ ပတ်ဝန်းကျင်မှာ တိတ်ဆိတ်နေသည်။

"ယဉ်ကျေးတဲ့ အမူအရာတွေထဲမှာ စားပွဲပေါ်က ချဉ်ရည်ခွက်ကို တိုက်ချတာ မပါဘူး။ ဒါပေမဲ့ သူများ တိုက်ချရင် သတိမထားမိတာတော့ ပါတယ်" ဟု ပြောကာ ဗယ်လိုကူရော့ သက်ပြင်းချသည်။

"ဟုတ်တယ်၊ သူတို့မိသားစုဟာ နှစ်သက်စရာ ကောင်းတယ်၊ ယဉ်ကျေး သိမ်မွေ့ကြတယ်။ လူကောင်းတွေနဲ့ ကျွန်တော် အဆက်အသွယ် ပြတ်နေတယ်။ ကျွန်တော် ပျက်စီးယိုယွင်း နေပြီ။ လုပ်စရာတွေ အများကြီးရှိတယ်၊ အများကြီးပဲ"

စံပြ မြေပိုင်ရှင် ဖြစ်လိုလျှင် ဘာတွေ လုပ်ရမည်ကို သူ ပြောသည်။ ကျွန်တော့်စိတ်ထဲတွင်မူ ဗယ်လိုကူရော့ကို အပျင်းထူသော၊ အထိန်းသိမ်းရခက်သော လူတယောက်အဖြစ် မြင်နေသည်။ လေးနက်သည့် အကြောင်းအရာများကို ပြောသည့်အခါ ကြားထဲတွင် "အား… အား" နှင့် အသံထွက်ကာ အလေးအနက်ထား ပြောတတ်သည်။ အလုပ် လုပ်သည့်အခါတွင်လည်း ပြောသည့်အတိုင်း လုပ်သည်။ ဖြည်းဆေးသည်။ လေးတွဲသည်။ နောက်ကျ ကျန်ရစ်ခဲ့သည်။ ဘယ်အလုပ်ကိုမျှ အချိန်မီ ပြီးအောင် မလုပ်။ ကိုယ်ထိလက်ရောက်လည်း မလုပ်ဟု ကျွန်တော် ထင်သည်။ စာများ စာတိုက်တွင် ထည့်ရန် သူ့ကို ပေးလိုက်လျှင် အိတ်ထဲ၌ သုံးလေးပတ်လောက် ကြာအောင် ထည့်ထားသည်။

"ပြီးတော့ အဆိုးဆုံးကတော့ အလုပ်လုပ်ပါရဲ့၊ ဘယ်သူ့ဆီကမှ ကြင်နာတဲ့ တုံ့ပြန်မှု မရှိဘူး။ ဘာပဲလုပ်လုပ် ဘယ်သူမှ မထောက်ခံဘူး"

ကျွန်တော်နှင့် ဘေးယှဉ်၍ လျှောက်လာစဉ် သူ ပြောသည်။

ဖော်လချာနီနိုဗာတို့အိမ်သို့ ကျွန်တော် သွားရောက်လည်ပတ်သည့်အကျင့် ရလာသည်။ အိမ်ရောက်လျှင် ဝရန်တာသို့တက်သည့် လှေကား အောက်ဆုံးထစ်တွင် ထိုင်လေ့ရှိသည်။ ကျွန်တော့်ဘဝကို ကျွန်တော် ပြန်လည်သုံးသပ်မိသည်။ အချိန်တွေ ကုန်လွန်သွားသော်လည်း ဘာတခုမျှ မည်မည်ရရ ကျွန်တော် မလုပ်ရသေး။ လတ်လျားလတ်လျားနှင့် အသေးအဖွဲလေး တွေ လုပ်ကိုင်ကာ အချိန်ကုန်ခဲ့သည်။ ကျွန်တော် နောင်တ ရမိသည်။ ယခုမူ တချိန်လုံး ရင်ထဲမှာ လေးလံနေသည်တို့ကို ဖွင့်ထုတ်လိုက်ချင်သည်။ ဝရန်တာပေါ်တွင်မူ စကားပြောသံ များ၊ ဂါဝန်စ ပွတ်တိုက်သံများ၊ စာအုပ်လှန်သံများကို ကြားနေရသည်။ ကြာတော့ လီဒါအကြောင်း ကျွန်တော် သိလာသည်။ လီဒါသည် လူနာများကို လက်ခံတွေ့ဆုံသည်။ တဖန် သူ့ဆီ ရောက်လာသူများအား စာအုပ်များ ပေးဖတ်သည်။ နေ့ခင်းတွင် ခေါင်းပေါ် ပဝါလေး တင်ကာ ရွာသို့သွားသည်။ ညနေဘက်တွင် ကျေးရွာ အုပ်ချုပ်ရေး အဖွဲ့အကြောင်း၊ စာသင်ကျောင်းများ အကြောင်းကို ပြောသည်။ သည်ကလေးမလေးမှာ သေးသွယ်သည်။ ချစ်စရာ ကောင်းသည်။ မကြာခဏ နှုတ်ခမ်းကော့လေးနှင့် ပါးစပ်ကလေးကို မဲ့ကာရွဲ့ကာ သူ လုပ်ကိုင်ခဲ့သည်တို့ကို ပြောတတ်သည်။ ထိုအခါတိုင်း ကျွန်တော့်ဘက်သို့ လှည့်ကာ ခပ်အေးအေး စကားအခံနှင့် ဤသို့ ပြောတတ်သည်။

"ဒီအကြောင်းတွေ ရှင် စိတ်ဝင်စားမှာ မဟုတ်ပါဘူး"

ကျွန်တော့်ကို သူ မနှစ်သက်။ ကျွန်တော့်ကို ရှုမျှော်ခင်း ရေးဆွဲသည့် ပန်းချီဆရာတယောက် အဖြစ် သူ မနှစ်သက်။ ကျွန်တော့်ပန်းချီကားများတွင် လူတွေ၏ လက်တွေ့လိုအပ်ချက်များ ဖော်ပြရန် မကြိုးစားသဖြင့် သူ မကျေနပ်။ ထို့ပြင် သူ ယုံကြည်သည်တို့ကို ကျွန်တော် စိတ်မဝင်စားသဖြင့်လည်း ကျေနပ်ဟန် မတူ။ အဖြစ်အပျက်တခုကို အမှတ်ရမိသည်။ ဗေကယ် ရေအိုင်ကြီး၏ ကမ်းခြေအတိုင်း ကျွန်တော် မြင်းစီးသွားသည့်အခါ ဘာယတ် အမျိုးသမီးငယ် ကလေးတယောက်ကို တွေ့သည်။ ရှပ်အင်္ကျီ ဝတ်ထားပြီး ချည်ကြမ်း တီစ ဘောင်းဘီကို ဝတ်ကာ မြင်းကို ခွစီးလာသူ ဖြစ်သည်။ သူ့ဆေးတံကို ကျွန်တော့်အား ရောင်းပါလားဟု ပြောသည့်အခါ ကျွန်တော်၏ ဥရောပတိုက်သား သွင်ပြင်ကို ကြည့်ကာ မနှစ်သက်ဟန် ပြသည်။ ကျွန်တော်လို လူမျိုးနှင့် စကားလက်ဆုံ ကျဖို့ကို အသာထား၊ မိနစ်ပိုင်းလောက် ယခုလို ပြောရသည်ကိုပင် မနှစ်မြို့ဟန်ဖြင့် မြင်းကို ကြာပွတ်သံပေး၍ တဟုန်ထိုးစီးကာ ထွက်ပြေးသွားသည်။ ယခုလည်း လီဒါမှာ ကျွန်တော်နှင့် မပြေလည်။ ကျွန်တော့်တွင် တစုံတခု ခြားနားချက် ရှိနေသည့်အလား နှစ်သက်ဟန်မတူ။ မနှစ်သက်သည်ကို ကိုယ်အမူအရာ၊ နှုတ် အမူအရာဖြင့်ကား မပြ။ သို့သော် ကျွန်တော် သိသည်။ ဝရန်တာ အောက်ဆုံးအထပ်တွင် ထိုင်နေရင်း

ကျွန်တော် စိတ်ချဉ်ပေါက်လာသည်။ သို့နှင့် ဆရာဝန် မဟုတ်ဘဲနှင့် လယ်သမားများကို ဆေးကုနေသည်မှာ လိမ်လည်ရာ ရောက်ကြောင်း၊ လယ်ကေမျာ းစွာ ပိုင်ဆိုင်နေသူတို့အဖို့ စွန့်ကြဲပေးကမ်းရန် လွယ်ကူကြောင်း ပြောမိသည်။

သို့သော်လည်း သူ၏ညီမ မစ်ဆီမှာ သူနှင့် တစ်ဘာသာ ဖြစ်သည်။ လောကကြီးတွင် ဘာကိုမျှ ဂရုမစိုက်။ ကျွန်တော့်လိုပင် ဘာမျှမလုပ်ဘဲ အချိန်ကို ကုန်လွန်စေသည်။ မနက်ပိုင်း အိပ်ရာမှ ထလာကတည်းက ဝရန်တာသို့ ထွက်လာပြီး ပက်လက်ကုလားထိုင်ပေါ် ထိုင်ကာ စာအုပ်တအုပ်ကို ဖတ်သည်။ သူ့ခြေထောက်မှာ ကြမ်းပြင်ကို မထိ။ တခါတရံ စာအုပ်တအုပ်နှင့် လိုင်းပင်များ အကြား လျှောက်နေတတ်သည်။ သို့မဟုတ် ခြံဝင်းပေါက်မှ ထွက်ကာ လယ်ထဲသို့ သွားသည်။ တနေ့လုံး သူ စာဖတ်သည်။ တမျက်နှာပြီး တမျက်နှာ ဝါးစားမတတ် ဖတ်သည်။ တခါတရံ နွမ်းလျကာ ငေးမောနေတတ်သည်။ စာဖတ်သဖြင့် စိတ်အာရုံ စူးစိုက်ရသည်။ မျက်နှာမှာ ဖျော့တော့လာသည်။ စိတ် အလုပ် ပေးရသဖြင့် ပင်ပန်းလာသည်။ ထိုအရိပ်အယောင်ကို သူ့မျက်နှာတွင် တွေ့ရသည်။ ကျွန်တော် ရောက်သွားလျှင် ကျွန်တော့်ကိုကြည့်ပြီး ရှက်သွေး အနည်းငယ် ဖြန်းလာတတ်သည်။ စာအုပ်မှ မျက်နှာကိုခွာပြီး ကျွန်တော့်ကို စူးစူးစိုက်စိုက်ကြည့်သည်။ သူ့မျက်လုံးအိမ်များတွင် အရည်များ လဲ့နေသည်။ ထို့နောက် ကျွန်တော်နှင့် နောက်ဆုံးတွေ့ပြီး နောက်ပိုင်း ဘာတွေဖြစ်သည်ကို စီကာစဉ်ကာ ပြောပြလေသည်။ အစေခံများ တန်းလျား၌ ခေါင်းတိုင်ကို မီးစွဲသည်။ ကန်ထဲတွင် ငါးကြီးတကောင်ကို အလုပ်သမားတယောက် ဖမ်းမိသည် စသည်တို့ကို ပြောပြသည်။ ကြားရက်များတွင် အရောင်လွင်လွင် ဘလောက်အင်္ကျီကို အပြာနက်ရောင် စကတ်နှင့် ဝတ်လေ့ရှိသည်။ သူနှင့် ကျွန်တော်တို့ နှစ်ယောက် နေရာအနှံ့ လျှောက်သွားကြသည်။ ယိုထိုးရန် ချယ်ရီသီးများ ခူးသည်။ လှေလှော်ကြသည်။ ချယ်ရီကိုင်းကို ခုန်၍ ခူးသည့်အခါ သို့မဟုတ် လှေလှော်ရန် တက်ကို ကုန်း၍ ယူလိုက်သည့်အခါ ကျယ်သော အင်္ကျီလက်တွင်းမှတဆင့် သေးသွယ်နုနယ်သော လက်မောင်းများကို မြင်ရသည်။ ကျွန်တော် ပုံကြမ်းဆွဲနေသည့်အခါ ဘေးတွင် ရပ်နေပြီး ဝမ်းသာအားရ ချီးမွမ်းပြောဆိုတတ်သည်။

ဇူလိုင်လ ကုန်ခါနီး တနင်္ဂနွေ တနေ့တွင် မနက် ကိုးနာရီထိုးသည်နှင့် ဗော်လချာနီနော့တို့ အိမ်သို့ ကျွန်တော် ထွက်လာခဲ့သည်။ ခြံထဲတွင် အိမ်နှင့် ဝေးဝေး နေရာများ၌ လျှောက်ကာ မှိုများ ရှာသည်။ တွေ့လျှင် တုတ်လေးများ စိုက်ကာ အသိအမှတ် ပြုထားသည်။ ပြီးမှ ဇင်ညာနှင့်အတူ နုတ်ရန် ဖြစ်သည်။ ထိုနေ့က မှိုတွေ အတော်များများ ပေါက်သည်။ လေပူနွေး တချက်တိုက်သည်။ ဇင်ညာနှင့် သူ့အမေတို့ နှစ်ယောက် ဘုရားရှိခိုးကျောင်းမှ ပြန်လာသည် ကို ကျွန်တော်

တွေ့သည်။ သူတို့နှစ်ယောက်စလုံး အရောင်ဖျော့ဖျော့ တနင်္ဂနွေနေ့ ဝတ်စုံများကို ဝတ်ထားကြသည်။ ဇင်ညာသည် လေပူနွေးကို ဦးထုပ်ဖြင့် အကာအကွယ် ယူထားသည်။ ထို့နောက် ဝရန်တာတွင် လက်ဖက်ရည်သောက်ရန် စီစဉ်နေသည့် စကားသံ များကို ကြားရသည်။

ကျွန်တော့်လို အပူအပင်မရှိသူ တယောက်၊ အမြဲပင် ဘာမျှ မလုပ်သည်ကို အကြောင်းပြချက် ကောင်းကောင်း ရှာနေတတ်သူ တယောက်အဖို့ ထိုနေ့လို တနင်္ဂနွေနေ့ မနက်ခင်းများတွင် တောနယ် ခြံမြေများ၌ လည်ပတ်ရသည်မှာ များစွာ ကြည်နူးစရာ ကောင်းလေသည်။ ပန်းခြံတွင်းမှာ နှင်းပွင့်များ အရောင် လက်ကာ စိမ်းစိုနေသည်။ နေရောင်ခြည်ကလည်း တောက်ပသည်။ အိမ်နားက ပန်းခင်းတွင် အိုလီယင်ဒါပန်းများ၊ မစ်ဂနိုနက်ပန်းများ ဖူးပွင့်နေကြပြီး ပန်းရနံ့ သင်းကြိုင်နေသည်။ ဘုရားကျောင်းမှ ပြန်လာစ လူငယ်များသည် ပန်းခြံထဲတွင် လက်ဖက်ရည် သောက်ကြသည်။ လူတိုင်း ပျော်ရွှင်နေကြသည်။ ချစ်စရာ့ ဝတ်စုံ များကို ဝတ်ဆင်ကြသည်။ ယခုလို ကျန်းမာဖွံ့ဖြိုးပြီး အစားအသောက်ကောင်း များများစားရသည့် ချစ်စရာ မူရာသွင်ပြင်ရှိသော သူတို့သည် တနေကုန် ဘာအလုပ်မျှ မလုပ်ဘဲ အသက်ရှင်နေကြသည်ကို တွေ့ရလျှင် လူ့ဘဝသည် ယခုလိုပဲ အမြဲတည်ရှိ နေစေချင်သည့်ဆန္ဒ ကျွန်တော်တွင် ဖြစ်ပေါ်လာသည်။ ထိုနေ့မနက်က ပန်းခြံထဲတွင် လမ်းလျှောက်ရင်း တချိန်လုံး သည်အတွေးများဖြင့် ကုန်လွန်ခဲ့သည်။ တနေ့လုံး တနေ့လုံး ဘာမျှမလုပ်ဘဲ၊ ရည်ရွယ်ချက် မရှိဘဲ ပန်းခြံထဲမှာ ယခုလို လမ်းလျှောက်နေချင်သည်။

ထိုခဏတွင် ဇင်ညာသည် လက်မောင်းတွင် ခြင်းတခုကို ချိတ်လျက် ရောက်လာသည်။ ပန်းခြံထဲတွင် ကျွန်တော် ရှိနေသည်ကို သူ သိကြောင်း သူ့မျက်နှာတွင် ကျွန်တော် တွေ့ရသည်။ ကျွန်တော်တို့နှစ်ယောက် မှိုများ နုတ်ကြသည်။ စကားတွေ ပြောကြသည်။ ကျွန်တော့်ကို တစုံတခု မေးလိုသည့်အခါ ကျွန်တော့်ရှေ့သို့ သူ ရောက်လာသည်။ ကျွန်တော့်မျက်နှာကို ကြည့်ရန်ပင် ဖြစ်သည်။

"မနေ့က ရွာထဲမှာ အံ့သြစရာတခု ကြုံရတယ်။ ခြေထောက်မသန်တဲ့ ပယ်လာဂေယာဟာ တနှစ်လုံး နေမကောင်း ဖြစ်နေတယ်။ ဘယ်ဆရာဝန်မှ၊ ဘယ်ဆေးမှ မတတ်နိုင်ဘူး။ မနေ့ကတော့ မှော်ဝိဇ္ဇာ အမျိုးသမီးကြီးတယောက်က သူ့ကို မန်းမှုတ်ပေးတယ်။ သူ့ရောဂါ ပျောက်သွားတယ်"

"အဲဒါ ဘာမှ ထူးဆန်းတာ မဟုတ်ဘူး။ လူတွေ မကျန်းမာတဲ့အခါ၊ အသက်ကြီးလာတဲ့အခါ ဒီလို မှော်ဝိဇ္ဇာတွေကို မဆည်းကပ်ဖို့ လိုတယ်။ ကျန်းမာတယ် ဆိုတာကိုက အထူးအဆန်းတခု မဟုတ်လား။ ဘဝဆိုတာရော အထူးအဆန်းတခု မဟုတ်လား။ တို့ နားမလည်တာ မှန်သမျှ

အထူးအဆန်းတွေချည်းပဲ”

ကျွန်တော် ပြောမိသည်။

“အစ်ကို နားမလည်တဲ့ ကိစ္စတွေနဲ့ ကြုံရင် မကြောက်ဘူးလား”

“မကြောက်ပါဘူး၊ မသိနားမလည်တဲ့ ကိစ္စတခုကို တို့က ရဲရဲရင်ဆိုင်တယ်။ တို့ဟာ သူတို့ရဲ့ အထက်က နေတယ်။ လူသားတယောက်ဟာ ခြင်္သေ့၊ ကျား၊ ကြယ်တာရာတွေရဲ့အထက်က၊ ပြီးတော့ သဘာဝတရားကြီးတခုလုံးရဲ့အထက်က၊ တို့ နားမလည်နိုင်တဲ့ ကိစ္စတွေ၊ အံ့ဖွယ်သရဲလို့ ထင်နေရတဲ့ အရာတွေရဲ့အထက်က နေတယ်။ ဒါမှမဟုတ်ရင် သူဟာ လူ မဟုတ်တော့ဘူး။ အရာရာကို ကြောက်တဲ့ ကြွက်ကလေး ဖြစ်သွားရော”

ကျွန်တော်သည် အနုပညာသည်တယောက် ဖြစ်နေခြင်း၊ ပန်းချီဆရာတယောက် ဖြစ်နေခြင်း တို့ကြောင့် အများကြီး သိသည်။ မသိသေးသည့် အရာများကိုလည်း မှန်မှန်ကန်ကန် မှန်းဆနိုင်သည်ဟု ဇင်ညာ ယုံကြည်နေသည်။ သူ့ကို သိုက်မြိုက်ခမ်းနားသော၊ လှပသော ထာဝရကမ္ဘာတခုသို့ ကျွန်တော်က ခေါ်ဆောင်သွားစေချင်သည်။ လူသားတွေ အထက်တွင် ရှိနေသော ထိုထာဝရ ကမ္ဘာတွင် ကျွန်တော်သည် ကိုယ့်အိမ်လို နေသားကျနေပြီး ထိုကမ္ဘာသို့ ရောက်လျှင် သူက ကျွန်တော့်အား ဘုရားသခင်အကြောင်း ပြောလိမ့်မည်။ ထာဝရ တည်နေသည့် အရာများအကြောင်း ပြောလိမ့်မည်။ အံ့ဖွယ်သရဲ အရာများအကြောင်း ပြောလိမ့်မည်ဟု စိတ်ကူးနေသည်။ ကျွန်တော်ကမူ ကျွန်တော်ကိုယ်တိုင်နှင့် ကျွန်တော့် စိတ်ကူးစိတ်သန်းများသည် သေပြီး အခြားမဲ့၌ အားလုံး ပျောက်ကွယ်သွားမည် ဖြစ်သည်ကို သူ့အား ဝန်မခံချင်။ ထို့ကြောင့် ဤသို့ ပြောရသည်။

“ဟုတ်တယ်၊ လူသားတွေဟာ မသေနိုင်သူတွေပဲ။ ဟုတ်တယ်၊ ထာဝရတည်နေမယ့် ဘဝတခုဟာ တို့ကို စောင့်နေမယ်”

ထိုအခါ ကျွန်တော် ပြောသည်ကို ငြင်းချက်မထုတ်ဘဲ သူ ယုံသည်။

အိမ်သို့ ပြန်လာစဉ် ဇင်ညာသည် ခဏရပ်ပြီး ကျွန်တော့်ကို မေးသည်။

“လီဒါဟာ ချီးကျူးစရာ မကောင်းဘူးလား။ ကျွန်မတော့ သူ့ကို ချစ်တယ်။ သူ့အတွက်ဆိုရင် အချိန်မရွေး အသက်ကိုတောင်စွန့်ဖို့ ဝန်မလေးဘူး၊ ဒါပေမဲ့…”

ကျွန်တော့်ကုတ်အင်္ကျီလက်ကို လက်ဖြင့်တို့ကာ…

“ဘာဖြစ်လို့ အစ်ကို သူနဲ့ အငြင်းအခုံ ဖြစ်နေတာလဲ၊ ဘာဖြစ်လို့ အမြဲ

စိတ်တိုနေတာလဲ"

"သူက မှားနေလို့ပေါ့"

ဇင်ညာသည် သဘောမတူနိုင်အောင်ဘဲ ခေါင်းကို ယမ်းသည်။ မျက်ရည်များ ကျလာသည်။

"ကျွန်မတော့ နားမလည်နိုင်အောင်ပဲ အစ်ကို"

သူ ပြောသည်။ ထိုအချိန်တွင် တနေရာရာမှ ပြန်လာသော လီဒါသည် မြင်းစီးကြာပွတ်ကို ကိုင်လျက် ဆင်ဝင်ဝတွင် ရပ်နေသည်။ နေရောင်ခြည်အောက်တွင် လီဒါသည် လှပကြော့ရှင်း သည်။ သူသည် အလုပ်သမားတယောက်အား အမိန့်ပေးသည်။ ထို့နောက် လူနာ သုံးယောက်ကို လက်ခံ စကားပြောသည်။ သူ့မှာ အလျင်လိုနေဟန် တူသည်။ စကားကို ခပ်ကျယ်ကျယ် ပြောသည်။ အခန်းတခုမှ တခုသို့ ကူးသွားသည်။ တခုခု သူ ရှာနေဟန် တူသည်။ အမူအရာမှာ အလုပ်သဘော ပေါ်လွင်နေသည်။ အခန်းထဲရောက်လျှင် ဗီရို တခုပြီးတခု ဖွင့်သည်။ ထို့နောက် ခေါင်းခန်းသို့ သွားသည်။ အိမ်သားများက ထမင်းစားပွဲမှ သူ့ကို စောင့်နေကြသည်။ သူ ရောက်လာလျှင် ကျွန်တော်တို့မှာ စွပ်ပြုတ်သောက်၍ ပြီးနေကြပြီ။ ထိုစဉ်က လှုပ်ရှားမှုများကို အသေးစိတ် ကျွန်တော် သတိရနေသည်။ ဘာတခုမျှ မဖြစ်သော်လည်း ထိုနေ့ကို ကောင်းစွာ မှတ်မိနေသည်။ ထမင်းစားပြီးလျှင် ဇင်ညာသည် ပက်လက်ကုလားထိုင်တွင် ထိုင်ကာ စာဖတ်သည်။ ကျွန်တော်ကား ဝရန်တာသို့ ထွက်သည့် လှေကားထစ် အောက်အဆုံးတွင် ထိုင်လျက်ရှိသည်။ ကောင်းကင်တခုလုံး တိမ်တွေ အုံ့ဆိုင်းနေသည်။ မိုးဖွဲဖွဲ ရွာချသည်။ အနည်းငယ် နွေးထွေးလာသည်။ လေတိုက် ရပ်သွားသည်။ သည်ရာသီဥတုအတိုင်း ဆက်၍ သာယာသွားမည်ဟု ခန့်မှန်းရသည်။ ယယ်ကေတာရီနာ ပက်ဗလော့နာသည် အိပ်ချင်မပြေသေးသည့် မျက်နှာဖြင့် ဝရန်တာသို့ ထွက်လာသည်။ လက်ထဲတွင် ယပ်တောင် တချောင်းကို ကိုင်ထားသည်။

"အိုး... မေမေကလဲ နေ့ခင်း မအိပ်ပါနဲ့ဆို"

ဇင်ညာက သူ့အမေလက်ကို နမ်းရင်း ပြောသည်။

သားအမိနှစ်ယောက် အလွန်ချစ်ကြသည်။ တယောက်က ပန်းခြံထဲ ဆင်းသွားလျှင် တယောက်သည် ဝရန်တာသို့ ထွက်လာပြီး အော်ခေါ်သည်။ သစ်ပင်တွေအကြား စူးစမ်းရှာဖွေသည်။

"ဟေး... ဇင်ညာ" သို့မဟုတ် "မေမေ ဘယ်ရောက်နေသလဲ" ဟု

လိုက်၍ရှာသည်။ ဘုရားရှိခိုးသည့်အခါတွင်လည်း နှစ်ယောက်အတူ ရှိခိုးသည်။ နှစ်ယောက်စလုံး ဘုရားတရား ကြည်ညိုကြသည်။ တယောက်ကို တယောက် နားလည်သည်။ သို့ပြောလည်း တခွန်းတပါဒမျှ ဖွင့်ဟခြင်း မရှိ။ တခြား တယောက်အပေါ် ထင်မြင်ယူဆသည့် နေရာတွင်လည်း တသဘောတည်း အကြိုက်ညီကြသည်။ မကြာမီမှာပင် ယယ်ကေတာရီနာ ပက်ဗလော့နာသည့် ကျွန်တော့်ကို နှစ်သက်သဘောကျလာသည်။ နှစ်ရက်၊ သုံးရက်လောက် သူတို့အိမ်ရောက်လျှင် ကျွန်တော့်ဆီသို့ တယောက်ယောက် စေလွှတ်ကာ နေထိုင် ကောင်း မကောင်း မေးမြန်းသည်။ ကျွန်တော်၏ ပုံကြမ်းများကို သူ ကြည့်သည်။ လေ့လာသည်။ ကြိုက်နှစ်သက်သည်။ ပြီးတော့ မစ်ဆီလိုပင် ပွင့်ပွင့်လင်းလင်း ဝေဖန်ဆွေးနွေးသည်။ ထို့ပြင် သူတို့ အိမ်တွင်းရေးကိုလည်း မကြာခဏ ဖွင့်ဟ ဆွေးနွေးသည်။

သမီးအကြီးနှင့် ပတ်သက်၍မူ သူ စိတ်မချနိုင်ဘဲ ရှိနေသည်။ လီဒါမှာ အသိမ်အမွေ့ အယုအယ မရှိ။ သူ့ဘာသာသူ တသီးတခြား နေထိုင်သည်။ အမေနှင့် ညီမတို့က သူ့ကို တလေးတစား ဆက်ဆံကြသည်။ သူတို့သမီး၊ သူတို့အစ်မသည် နားလည်ရခက်သည့် ပုဂ္ဂိုလ်တယောက် ဖြစ်သည်ဟု နားလည်ထားကြသည်။ သူ့အခန်းထဲတွင် သီးသီးသန့်သန့် နေသည့် ရေတပ်ဗိုလ်ချုပ်ကို သူ၏ ရေတပ်သားများက နားလည်ရခက်သည့် နည်းတူပင် ဖြစ်လေသည်။

"တို့ လီဒါဟာ မတော်ဘူးလား"

သူ့အမေက မကြာခဏ မေးတတ်သည်။

ယခုလည်း မိုးဖွဲဖွဲကျနေစဉ် ကျွန်တော်တို့နှစ်ယောက် လီဒါအကြောင်း ပြောကြသည်။ သူ့အမေက အသံတိုးတိုးဖြင့် သမီးအကြောင်း ပြောသည်။ ပြောရင်း ဘေးဘီကို စိုးရိမ်တကြီး ကြည့်သည်။

"သူနဲ့ တူတဲ့လူ မရှိဘူးကွယ့်။ ဒါပေမဲ့ မင်းသိတဲ့အတိုင်းပဲ၊ တို့တော့ နည်းနည်းစိုးရိမ်စ ပြုလာပြီ။ စာသင်ကျောင်းတွေ၊ ဆေးပေးခန်းတွေ၊ စာအုပ်တွေနဲ့ နေတာက ကောင်းပါတယ်။ ဒါပေမဲ့ ဘာဖြစ်လို့ အလွန်အကျွံ လုပ်ရမှာလဲ။ အခု သူ နှစ်ဆယ့်လေးနှစ် ရှိလာပြီ။ သူ့ရှေ့ရေးအတွက် စဉ်းစားဖို့ အချိန်တော်ပြီ။ အဲဒီ စာအုပ်တွေ၊ ဆေးပေးခန်းတွေနဲ့ နေရင်တော့ ဘာမှ မြင်တော့မှာ မဟုတ်ဘူး။ အချိန်ကုန်သွားတာကို သတိပြုမိမှာ မဟုတ်ဘူး။ အခုအချိန်ဟာ သူ့အဖို့ လက်ထပ်ဖို့ ကောင်းတဲ့အချိန်ပဲ"

ဇင်ညာသည် စာဖတ်နေရာမှ ဖျော့တော့သည့်မျက်နှာ၊ ရှုပ်ပွနေသည့် ဆံပင်တို့ဖြင့် ခေါင်းမော့လာပြီး သူ့အမေကို ကြည့်ကာ တကိုယ်တည်း ဤသို့ ပြောသည်။

"မေမေရယ်၊ ကျွန်မတို့အားလုံးဟာ ဘုရားသခင် လက်ထဲမှာ ရှိပါတယ်"

ထိုနောက် စာအုပ်ကို ဆက်၍ ဖတ်နေလေသည်။

ထိုစဉ် ဗယ်လိုကူရော့သည် လယ်သမားအင်္ကျီ ဝတ်ပြီး ရောက်လာသည်။ ရှပ်အင်္ကျီမှာ ဇာပန်းခက်များ ထိုးထားသည်။ ကျွန်တော်တို့ ကရိုကက် ကစားကြသည်။ တင်းနစ် ကစားကြသည်။ မှောင်ရီပျိုးလျှင် ထိုင်ကြသည်။ လီဒါက ကျောင်းအကြောင်းနှင့် ဘာလဂျင် အကြောင်း ပြောသည်။ ဘာလဂျင်သည် တခရိုင်လုံးကို သူ့လက်ထဲတွင် ထည့်ထားသည်ဟု ဆိုသည်။ ထိုညနေက ဗော်လချာနီနော့တို့အိမ်မှ ပြန်လာသည့်အခါ တနေကုန် အလဟဿ အချိန်ကုန်ခဲ့သည်တို့ကို ပြန်လည်စဉ်းစားမိသည်။ ပြီးတော့ အချိန်သည် မည်မျှပင် ကြာသည် ဖြစ်စေ ဤလောကကြီးတွင် အရာရာသည် သည်လိုနှင့် ကုန်လွန်ခဲ့လေသည်ဟု ဝမ်းပန်းတနည်း တယောက်တည်း ပြောမိသည်။ ဇင်ညာက ကျွန်တော့်ကို ခြံတံခါးဝအထိ လိုက်ပို့သည်။ သူနှင့်အတူ မနက်မှ ညနေအထိ တနေကုန် နေခဲ့ရာ သူ မရှိလျှင် ကျွန်တော့်မှာ အထီးကျန် ဖြစ်လာသည်ဟု ထင်မိသည်။ ချစ်စရာကောင်းသော ဤမိသားစုသည် ကျွန်တော်နှင့် များစွာ ရင်းနှီးလာသည်ကိုလည်း သတိထားမိသည်။ ထိုနေ့က ပန်းချီကားတခု ရေးဆွဲချင်စိတ် ပထမဆုံးအကြိမ် ကျွန်တော့်တွင် ဖြစ်ပေါ်လာသည်။

ကျွန်တော်တို့ နှစ်ယောက်အတူ လျှောက်လာကြစဉ် ဗယ်လိုကူရော့အား ဤသို့ ပြောမိသည်။

"ဘာဖြစ်လို့ ခင်ဗျားဘဝဟာ ငြီးငွေ့စရာ ကောင်းနေရသလဲ။ အရောင်အသွေး မတောက်ပြောင်ဘဲ ဖြစ်နေရသလဲ။ ကျွန်တော့်ဘဝဟာ ငြီးငွေ့စရာ ကောင်းတယ်၊ ထုံထိုင်းတယ်၊ ထပ်တလဲလဲ ဖြစ်ပျက်နေတယ်။ ကျွန်တော်က အနုပညာသည်ကိုး။ ပန်းချီဆရာ ဖြစ်နေတာကိုး။ လူထူးလူဆန်းတယောက်ပေါ့။ ငယ်ရွယ်စဉ်ကတည်းက ကိုယ့်အလုပ်ထဲမှာ ကိုယ် မယုံကြည်ဘဲ နောင်တ သံဝေဂတွေ ရရင်း၊ သူများကို မနာလိုဖြစ်ရင်း တရွေ့ရွေ့ တိုက်စားခံခဲ့ရတယ်။ ကျွန်တော်ဟာ အမြဲဆင်းရဲနေမှာပဲ။ ခြေသလုံးအိမ်တိုင် ဖြစ်နေမှာပဲ။ ဒါပေမဲ့ ခင်ဗျားက တမျိုး။ ခင်ဗျားက ကျန်းမာတယ်၊ မြေပိုင်ရှင်တယောက်၊ လူကြီးလူကောင်း တယောက်။ ဘာဖြစ်လို့ ခင်ဗျားဘဝဟာ ငြီးငွေ့စရာ ကောင်းနေရသလဲ။ ဘာဖြစ်လို့ ဘဝက နည်းနည်းပဲ ရယူနေသလဲ။ ဥပမာ လီဒါနဲ့ဖြစ်ဖြစ်၊ ဇင်ညာနဲ့ဖြစ်ဖြစ် ဘာဖြစ်လို့ မချစ်ကြိုက်နိုင်ရမှာလဲ။ ဘာ အတားအဆီးတွေ ရှိနေလို့လဲ"

"ကျွန်တော် တခြား မိန်းမတယောက်ကို ချစ်နေတယ်ဆိုတာ ခင်ဗျား မေ့နေတယ်"

ဗယ်လိုကူရော့က ပြန်ပြောသည်။

လျူဗော့အိုင်ဗာနော့ဗနာကို ဆိုလိုမှန်း ကျွန်တော် သိသည်။ ထိုအမျိုးသမီးသည် သူနှင့်အတူ တိုးချဲ့ဆောင်၌ နေသည်။ နေ့တိုင်းပင် သူ့ကို တွေ့နေရသည်။ ခန္ဓာကိုယ် တောင့်တင်းသည်။ မျက်နှာမှာ ပြည့်ဖောင်းနေသည်။ သွေးကြီး ဘဝင် မြင့်သည်။ ပန်းခြံထဲတွင် ငန်းကြီးတကောင်လို လမ်းလျှောက်နေတတ်သည်။ ရုရှား အမျိုးသားဝတ်စုံ ဝတ်ပြီး လည်ပင်းတွင် ပုတီးဆွဲကြိုးတခု ဆွဲထားသည်။ အမြဲပင် ဖွင့်ထားသော ထီးတချောင်း ကိုင်ထားသည်။ ထမင်းစားရန်၊ လက်ဖက်ရည် သောက်ရန် အစေခံများက လာခေါ်ရသည်။ လွန်ခဲ့သည့် သုံးနှစ်ခန့်က အခန်းတခန်းကို နွေရာသီအတွက် လာ၍ ငှားသည်။ ထိုနောက် ထိုအခန်းမှာပင် ဗယ်လိုကူရော့နှင့် အတူနေသည်။ တသက်လုံး နေသွားတော့မည့် ပုံအတိုင်းပင် ဖြစ်သည်။ ဗယ်လိုကူရော့ထက် ဆယ်နှစ်ခန့် ကြီးသည်။ သူ့ကို အပိုင်ကိုင်ထား သည်။ တနေရာ သွားမည်ဆိုလျှင် ဗယ်လိုကူရော့မှာ သူ့ထံ ခွင့်ပန်ရသည်။ မကြာခဏ ယောကျ်ားသံဖြင့် ရှိုက်ကြီးတငင် ငိုလေ့ရှိသည်။ အငိုမတိတ်လျှင် ယခုအခန်းမှာ ကျွန်တော် နေတော့မည် မဟုတ်ကြောင်း သူ့ထံ လူလွှတ်၍ ပြောရသည်။ ထိုအခါမှ အငိုတိတ်သည်။

အိမ်ပြန်ရောက်လျှင် ဗယ်လိုကူရော့သည် ကျွန်တော့်ဆိုဖာပေါ်တွင် ထိုင်ကာ မျက်လုံးများ ရှုံ့တွပြီး စဉ်းစားနေသည်။ ကျွန်တော်ကား အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း လောကကြီးတွင် ကျွန်တော် တယောက်မှာသာ ချစ်သူရှိနေဟန် ပြုမူနေသည်။ ဗော်လချာနီနော့တို့အကြောင်း ကျွန်တော် ပြောချင်လာသည်။

လီဒါဟာ ကျေးရွာအုပ်ချုပ်ရေး အဖွဲ့ထဲက သူ့လို ဆေးရုံကိစ္စ၊ ကျောင်းကိစ္စ စိတ်ဝင်စားတဲ့ တယောက်ယောက်ကိုမှ ချစ်နိုင်မယ်နဲ့ တူတယ်။ ဒါပေမဲ့ သူ့လို မိန်းကလေးတယောက် အတွက် ဒဏ္ဍာရီထဲက ချစ်သူလို ယောကျ်ားတယောက်ဟာ သံဖိနပ်ကြီး စီးပြီး လမ်းလျှောက် နေဖို့ပဲ ရှိတယ်။ ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့ဝင်ဖြစ်ဖို့ ဆိုတာကတော့ ထည့်မပြောနဲ့တော့။ ပြီးတော့ မစ်ဆီ၊ မစ်ဆီကတော့ တကယ့်ကို ချစ်ဖို့ ကောင်းတာပါဗျာ”

ကျွန်တော် ပြောမိသည်။

“အား ...” ပေါင်း များစွာနှင့် ဗယ်လိုကူရော့သည် အဆိုးမြင်ဝါဒအပေါ် ထင်မြင်ချက်များကို အချိန်ကြာမြင့်စွာ ဆွေးနွေးစပြုသည်။ ဤသည်မှာ ကျွန်တော်တို့ခေတ်၏ ရောဂါတခုလို ဖြစ်နေသည်။ ကျွန်တော်က သူ့ကို အချေအတင် ဆွေးနွေးနေသည့်အလား ယုံယုံကြည်ကြည် ပြောဆိုနေသည်။ တစုံတယောက်၏ အခန်းထဲတွင် ထိုင်ကာ အတောမသတ်နိုင်ဘဲ စကားတွေ

ဖောင်လောက်အောင် ပြောနေသူတယောက်မှာ နေပူရှိန်ကြောင့် ခြောက်သွေ့နေသည့် စတက်မြက်ခင်းထက် ပို၍ ငြီးငွေ့စရာ ကောင်းလေသည်။

ကျွန်တော် ဒေါသ ထွက်လာသည်။

“ကိစ္စက အဆိုးမြင်ဝါဒ၊ ဒါမှမဟုတ် အကောင်းမြင်ဝါဒနဲ့ ဘာမှ မဆိုင်ပါဘူး။ လူ ကိုးဆယ် ရာခိုင်နှုန်းမှာ ဦးနှောက်မရှိဘူး ဆိုတဲ့အချက်ကို သိထားဖို့ လိုတယ်”

ကျွန်တော့်မှတ်ချက်ကို သူ တမျိုးထင်သည်။ သူ့ကို ထိုးနှက်သည်ဟု ထင်ဟန်ရှိပြီး မကျေမနပ်နှင့် ထွက်သွားသည်။

[၃]

"မင်းသားကြီးက မာလိုဇင်မိုဗိုမှာ နေတယ်၊ မေမေ့ကို နှုတ်ဆက်လိုက်ပါတယ်တဲ့"

လီဒါက သူ့အမေအား ပြောသည်။ သူသည် တနေရာသို့ သွားရောက်လည်ပတ်ရာမှ ပြန်လာပြီး လက်အိတ်များကို ချွတ်နေသည်။

"မင်းသားကြီးက သိပ်စိတ်ဝင်စားနေတယ် မေမေ၊ မာလိုဇင်မိုဗိုမှာ ဆေးဝန်ထမ်း ရာထူး တနေရာ ဖန်တီးဖို့ လာမယ့် ကောင်စီအစည်းအဝေးမှာ သူ အဆိုပြုမယ်လို့ ကတိပေးတယ်။ ဒါပေမဲ့ မျှော်လင့်ချက် မရှိဘူးလို့ ဆိုတာပဲ၊ ခွင့်လွှတ်ပါနော်"

ကျွန်တော့်ဘက်သို့ လှည့်ကာ ပြောသည်။

"ဒီလို ကိစ္စမျိုးတွေ ရှင် စိတ်ဝင်စားမှာ မဟုတ်ဘူးဆိုတာ ကျွန်မ မေ့သွားလို့ပါ"

ကျွန်တော့် ရင်ထဲ ဆူပွက်လာသည်။

"ဘာဖြစ်လို့ စိတ်ဝင်စားရမှာလဲ"

ကျွန်တော် ပခုံးကိုတွန့်ရင်း ပြန်မေးမိသည်။

"တို့ ထင်မြင်ချက်ကို မင်း ဂရုစိုက်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ ထပ်ပြီး ပြောမယ်၊ ဒီကိစ္စမှာ အများကြီး စိတ်ဝင်စားတယ်"

"ဟုတ်လား"

"ဟုတ်တယ်၊ တို့သဘောက မာလိုဇင်မိုဗိုမှာ ဆေးဝန်ထမ်း မလိုဘူး"

ကျွန်တော့်စိတ်ထဲမှာ ဆူပွက်နေသည်တို့ သူ့ကို ကူးစက်သွားသည်။

မျက်လုံးများ ရှုံ့တွပြီး ကြည့်ရင်း ဤသို့ သူ ပြောသည်။

"ဒါဖြင့် ဘာလိုသလဲ၊ ရှုမျှော်ခင်း ပန်းချီကားလား"

"ရှုမျှော်ခင်း ပန်းချီကားလည်း မလိုဘူး၊ ဘာမှ မလိုဘူး"

လီဒါသည် လက်အိတ်များ ချွတ်ပြီးနောက် စာတိုက်မှ သူ ယူလာသော သတင်းစာကို ဖတ်သည်။ ခဏကြာလျှင် ဖြည်းညင်းသက်သာ ပြောသည်။ သူ့စိတ်ကို

ထိန်းချုပ်ထားဟန် တူသည်။

"လွန်ခဲ့တဲ့အပတ်က ကလေးမွေးတုန်း အင်နာ သေသွားတယ်။ အဲဒီမှာ ဆေးဝန်ထမ်းရှိရင် သူ မသေဘူး။ ဒီနေရာမှာ ရှုမျှော်ခင်း ပန်းချီဆရာတွေ ကိုယ့်ကိုယ်ကိုယ် နှိမ့်ချပြီး ဆေးဝန်ထမ်း လိုတယ်လို့ ယုံကြည်ယူဆဖို့ ကောင်းတယ်လို့ ကျွန်မ တွေးမိတယ်"

"တို့မှာ တိကျပြတ်သားတဲ့ ယုံကြည်ချက်တခု ရှိပါတယ်၊ စိတ်ချပါ"

ကျွန်တော်၏ ပြန်ကြားချက်ကို နားမထောင်လိုဟန်ဖြင့် သတင်းစာနှင့် မျက်နှာကို ကွယ်ထားသည်။

"အခု တည်ရှိနေတဲ့ အခြေအနေမှာ ဆေးပေးခန်းတို့၊ စာသင်ကျောင်းတို့၊ စာကြည့်တိုက်တို့၊ ဆေးဝန်ထမ်းတို့ ဆိုတာတွေက လူတွေကို ကျွန်ဘဝ ရောက်အောင်လုပ်ဖို့ ပံ့ပိုးနေကြမှာပဲ။ လူတွေဟာ ကြီးလေးတဲ့ ဝန်ထုပ်ဝန်ပိုးကြီးတွေကို ထမ်းနေကြရတယ်။ ဝန်ထုပ်ဝန်ပိုးက လွတ်အောင်တော့ မင်းတို့က မလုပ်ဘူး။ ဝန်ထုပ်ဝန်ပိုး အသစ်တွေနဲ့ ပိအောင် ထပ်ပြီး ဖိနေတယ်။ အဲဒါ တို့ ယုံကြည်ချက်ပဲ"

ကျွန်တော့်မျက်နှာကို မော်၍ ကြည့်ကာ သူ မထီမဲ့မြင် ရယ်သည်။ သို့ပေမဲ့ ကျွန်တော်၏ အခြေခံ အယူအဆကို သူ နားလည်လာအောင် ကြိုးစားကာ ဆက်၍ ပြောသည်။

"အရေးကြီးတာက အင်နာ ကလေးမွေးတုန်း သေတာ မဟုတ်ဘူး။ အင်နာ၊ မာသာနဲ့ ပယ်လာဂေယာတို့ မိုးလင်းက မိုးချုပ် တနေကုန် ကုန်းနေအောင် အလုပ်လုပ်ကြရတယ်။ ကုန်းရုန်း လုပ်ရလို့ နေမကောင်း ဖြစ်ကြရတယ်။ သူတို့ သားသမီးတွေ ငတ်သေမှာလား၊ ဖျားနာသေမှာလား တသက်လုံး စိုးရိမ်နေကြရတယ်။ မလုပ်ချင်တာကို တသက်လုံး လုပ်နေကြရတယ်။ ငယ်ငယ်နဲ့ ပင်ပန်းပြီး အသက်တိုလာတယ်။ ခွေးလိုဝက်လို သေကြရတယ်။ ကလေးတွေ ကြီးပြင်းလာတော့လည်း သူတို့အမေတွေ ကြုံရတဲ့ဘဝမျိုး ကြုံရတယ်။ နှစ်ပေါင်း ရာပေါင်းများစွာ ဒီအတိုင်း ကုန်လွန်ခဲ့ကြရတယ်။ တိရစ္ဆာန်ထက် ဆိုးရွားတဲ့ဘဝမှာ သန်းပေါင်းများစွာသော လူတွေ နေကြရတယ်။ ပေါင်မုန့်လေးတဖွဲ့ စားရဖို့၊ အမြဲ ကြောက်ရွံ့နေရတဲ့ဘဝမှာ အသက်ရှင် နေထိုင်ကြရဖို့ ကြိုးစားနေခဲ့ကြရတယ်။ ပိုပြီး ဆိုးတာက သူတို့ဘဝကို သူတို့ မစဉ်းစားရဲကြတဲ့ အဖြစ်ပဲ။ သူတို့ဟာ ဘုရားသခင်ရဲ့ ပုံရိပ်တွေဆိုတာ စဉ်းစားချိန် မရကြဘူး။ ငတ်ပြတ်တယ်၊ အေးအေးဒဏ်ခံရတယ်၊ နှိပ်စက်ခံ ရတယ်၊ အမြဲ ရုန်းကန်လှုပ်ရှားနေရတယ်။ ဒါတွေအားလုံးဟာ လူနဲ့ မတူအောင် ခံစားရတဲ့ ဒဏ်တွေပဲ။ လူ့ဘဝဆိုတာ နေစရာ မကောင်းတော့ဘူး။ မင်းက ဆေးရုံတွေ၊ စာသင်ကျောင်း တွေနဲ့ သူတို့ကို ကူညီမယ်။ ဒါပေမဲ့ ဒါတွေက

သူတို့ကို နှောင်ကြိုးတည်းထားရာက လွတ်အောင် လုပ်မပေးဘဲ ပိုပြီး ကျွန်ခံရအောင် လုပ်ပေးနေတာပဲ။ သူတို့ဘဝမှာ စွဲလမ်းစရာ အသစ်တွေ ထပ်တိုးလာပြီ။ သူတို့ လိုအပ်ချက်တွေဟာ မင်းတို့ကြောင့် ထပ်ပြီး တိုးလာတယ်။ ကျေးရွာအုပ်ချုပ်ရေးကို ပေးရတဲ့ သွေးစုပ်ခတွေ ထားလိုက်ဦး။ ပြီးတော့ သူတို့မှာ ပိုပြီး အလုပ်လုပ်ရဖို့ ဖြစ်လာတာပဲ”

လီဒါသည် သတင်းစာကို ချထားလိုက်ပြီး ကျွန်တော့်ကို ပြန်လည်ချေပသည်။

“ရှင်နဲ့ကျွန်မ သဘောမတူနိုင်ဘူး။ ဒီစကားမျိုးတွေကို အရင်ကတည်းကလည်း ကြားဖူးတယ်။ တခုပဲ ကျွန်မပြောမယ်၊ လူတယောက်ဟာ အလုပ်မလုပ်ဘဲ ထိုင်နေလို့ မရဘူး။ လူ့လောကကို ကျွန်မတို့ ကယ်တင်နေတာ မဟုတ်ဘူးဆိုတာ မှန်တယ်။ ကျွန်မတို့ လုပ်နိုင်တာ လုပ်တာပဲ။ ပြီးတော့ ကျွန်မတို့ မှန်တယ်။ ယဉ်ကျေးတဲ့လူတယောက်ဟာ သူ့အိမ်နီးချင်းကို ကူညီဖို့ မဟုတ်လား။ ကျွန်မတို့လည်း အဲဒီလို ကူညီဖို့ တတ်နိုင်သမျှ ကြိုးစားတာပဲ။ ကျွန်မတို့ လုပ်တာ ရှင် မကြိုက်ဘူး။ ဒါပေမဲ့ လူတိုင်း ကျေနပ်အောင် ကျွန်မတို့ မလုပ်နိုင်ဘူး”

“မှန်တယ်၊ လီဒါ ပြောတာ မှန်တယ်”

သူ့အမေက ထောက်ခံသည်။

သူ့အမေသည် လီဒါရှေ့တွင် ကြောက်ရွံ့နေသည်။ သမီး စကားပြောသည်ကို အမြဲကြည့်နေပြီး သမီး သဘောမတူတာ တခုခု မပြောမိအောင် ချုပ်တည်းသည်။ ဘယ်တော့မှ သမီးနှင့် ဆန့်ကျင်ဘက် မပြော။ အမြဲ သဘောတူသည်။ “မှန်တယ်၊ လီဒါ ပြောတာ မှန်တယ်” ဟု အမြဲ ထောက်ခံသည်။

“မင်းရဲ့အိပ်ခန်းပြတင်းတွေက အလင်းရောင်ဟာ ပန်းခြံကြီးကို မထွန်းလင်း မတောက်ပ စေနိုင်သလိုပဲ၊ လယ်သမားတွေ စာတတ်ဖို့၊ လူ့ကျင့်ဝတ်တွေ ရေးထားတဲ့ လူကြိုက်များတဲ့ မှန်ကန်တဲ့ ဆိုရိုးစကားတွေ ရေးထားတဲ့ စာအုပ်တွေ၊ ပြီးတော့ ဆေးဝန်ထမ်း ရာထူးတွေက လည်း လူတွေရဲ့ မသိ နားမလည်မှုနဲ့ သေကျေပျက်စီးနှုန်းကို လျော့ပါးအောင် လုပ်ပေးနိုင်မှာ မဟုတ်ဘူး။ မင်းက သူတို့ကို ဘာမှ မပေးဘူး၊ မင်းတို့ ဝင်ရှုပ်လို့ သူတို့မှာ လိုအပ်ချက်တွေ ပိုများလာတယ်။ အလုပ်လုပ်ဖို့ စေ့ဆော်ချက်တွေ ပိုများလာတယ်”

“ဒါပေမဲ့ ဘုရားသခင်က သိပါတယ်ရှင်၊ တခုခုတော့ လုပ်ပေးရမှာပဲ”

လီဒါသည် ဒေါသဖြင့် ပြောသည်။ သူ့အသံကို နားထောင်ရခြင်းအားဖြင့် ကျွန်တော် ပြောဆိုသည်တို့မှာ သူ့အဖို့ အရေးမကြီး၊ စက်ဆုပ်စရာ ကောင်းသည်မှာ

သိသာသည်။

ကျွန်တော် ဆက်၍ ပြောသည်။

"လူတွေဟာ အလုပ်ဒဏ် မပိစေရဘူး။ ဝန်ထုပ်ဝန်ပိုးကို လျှော့ပေးရမယ်။ သူတို့ကို အသက်ရှူပေါက် ပေးရမယ်။ တချိန်လုံး မီးဖိုမှာ အလုပ်ရှုပ်နေရတာမျိုး၊ ရေစည်ပိုင်းမှာ အဝတ်လျှော်နေရတာမျိုး၊ လယ်ထဲမှာ အလုပ်လုပ်နေရတာမျိုး မဖြစ်စေရဘူး။ သူတို့ ဝိညာဉ်ကို သူတို့ သိရမယ်။ ဘုရားသခင်ကို အမှတ်ရရမယ်။ ဘယ်လို စိတ်ထားကောင်း ရှိသလဲ ဆိုတာ ပြခွင့်ပေးရမယ်။ လူတိုင်းကို အမှန်တရားကိုရှာဖို့၊ ဘဝရဲ့ အရေးပါပုံကိုရှာဖို့ အချိန်ပေးရမယ်။ အလုပ်ကြမ်းဒဏ်က လွတ်ရင် လူတွေဟာ လွတ်လပ်ခွင့် ရတာကို သိလာမယ်။ အဲဒီအခါမှာ စာအုပ်တွေ၊ ဆေးပေးခန်းတွေဆိုတာ ရယ်စရာပဲလို့ နားလည်လာမယ်။ လူတယောက်အဖို့ သူ့ရဲ့အသက်မွေးဝမ်းကျောင်း ကိစ္စဟာ ဘာလဲဆိုတာ ခံစားနားလည်လာတဲ့အခါ သူ့ကို ကျေနပ်မှု ပေးနိုင်တာဟာ ဘာသာတရားရယ်၊ သိပ္ပံပညာရယ်၊ အနုပညာရယ်ဆိုတာ နားလည်လာမယ်။ ပြီးတော့ မင်းတို့ လုပ်နေတဲ့ အသေးအဖွဲတွေဟာ အရေးမကြီးဘူး ဆိုတာ သိလာမယ်"

“ရုန်းကန်လှုပ်ရှားရတဲ့ ဘဝက လွတ်အောင် ဟုတ်လား”

လီဒါ ပြောင်လှောင်နေသည်။

“အဲဒီလွတ်မြောက်ရေးဟာ တကယ်ဖြစ်လာနိုင်တဲ့ အတိုင်းပဲ”

“ဟုတ်တယ်၊ တချို့အလုပ်ကို မင်းကိုယ်တိုင် လုပ်ကြည့်၊ တို့မြို့သားတွေ အားလုံး၊ တောမှာ နေတဲ့သူတွေ အားလုံး တယောက်မကျန် လူတွေစားသုံးဖို့ ကောက်ပဲသီးနှံတွေ ထွက်အောင် အလုပ်လုပ်ကြတဲ့ လုပ်ငန်းတွေမှာ ပါဝင်လုပ်ကိုင်ဖို့ သဘောတူကြဖို့ ကောင်းတယ်။ တို့တတွေ တယောက်မှ တနေ့ နှစ်နာရီ၊ သုံးနာရီပဲ အလုပ်လုပ်မှာပါ။ အဲဒီလို ဆင်းရဲချမ်းသာမရွေး တနေ့ သုံးနာရီ အလုပ်လုပ်ရင် ကျန်တဲ့အချိန်ဟာ တို့ကိုယ်ပိုင်အချိန် ဖြစ်လာမယ်ဆိုတာ စဉ်းစားကြည့်စမ်း။ ကာယအား စိုက်ထုတ်ရတာ နည်းလာမယ်။ အလုပ်ကလည်း နည်းလာမယ်။ ကျွဲလို၊ နွားလို အလုပ်လုပ်ရမယ့်နေရာမှာ စက်ကို အစားထိုးမယ်။ ပြီးတော့ လိုအပ်ချက်တွေကို အနည်းဆုံး အဆင့်ထိ လျှော့မယ်၊ အပင်ပန်းခံမယ်။ တို့သားသမီးတွေ လည်း အပင်ပန်းခံမယ်။ အဲဒီအခါ ငတ်မှာ မပူရဘူး။ အေးတာကို ခံနိုင်ရည် ရှိလာမယ်။ အင်နာမာလာနဲ့ ပယ်လာဂေဟာတို့ ကျန်းမာရေးအတွက် အမြဲ စိုးရိမ်မနေရတော့ဘူး။ စဉ်းစားကြည့်စမ်း၊ ဆေးပေးခန်းတွေလည်း ထားစရာ မလိုတော့ဘူး။ ဆေးလိပ်စက်ရုံတွေ၊ အရက်ချက်စက်ရုံတွေလည်း မရှိတော့ဘူးဆိုရင် တို့မှာ အချိန်ပိုတွေ ဘယ်လောက်ရလာမလဲ။ အဲဒီ အချိန်ပိုတွေကို သိပ္ပံပညာမှာ၊ အနုပညာမှာ အသုံးပြုမယ်။ လယ်သမားတွေ

စုပေါင်းပြီး လမ်းပြင်ကြသလိုပဲ တို့လည်း အများစုပေါင်းပြီး အမှန်တရားကို ရှာကြမယ်။ ဘဝအဓိပ္ပာယ် ကို ရှာကြမယ်။ အဲဒီအခါမှာ တို့ ယုံတယ်၊ အမှန်တရားဟာ မကြာခင် ရှာလို့ တွေ့လာမှာပဲ။ လူတွေဟာလည်း အမြဲရုန်းကန်လှုပ်ရှားရတဲ့ ဘဝက လွတ်မြောက်လာမှာပဲ။ သေခြင်းတရား ကိုတောင် ကျော်လွှားနိုင်လိမ့်မယ်လို့ တို့ ထင်တယ်”

“ဒါပေမဲ့ ရှင်ဟာ ကိုယ့်စကားကို ကိုယ်ပြန်ပြီး ချေဖျက်နေတယ်။ သိပ္ပံပညာ လိုက်စားရမယ် လို့ ဆိုပြီး စာတတ်မြောက်ရေးကို ရှင် ပယ်တယ်”

လီဒါက ဆိုသည်။

“တို့တိုင်းပြည်မှာ နားမလည်တဲ့ စာအုပ်ကို မကြာခဏ ဖတ်ရတဲ့အကျင့်ဟာ “ရုရစ်” လက်ထက်ကတည်းက တည်ရှိခဲ့တယ်။ အရက်ဆိုင်၊ ထမင်းဆိုင် ဆိုင်းဘုတ်ကို ဖတ်တတ်တဲ့ စာတတ်မြောက်မှုမျိုးလည်း ထွန်းကားလာခဲ့တယ်။ ဂိုဂယ်ရဲ့ပီတာရုရှကာဟာ စာဖတ်တတ် တာ ကြာပြီ။ ဒါပေမဲ့ တောရွာတွေ အခြေအနေဟာ “ရုရစ်” လက်ထက်တုန်းက အတိုင်းပဲ၊ ဘာမှ မတိုးတက်ဘူး။ အဲဒီ စာတတ်မှုမျိုးကို မလိုချင်ဘူး။ ဒါပေမဲ့ တို့အစွမ်းအစတွေ ထုတ်ပြနိုင်မယ့် အပန်းဖြေချိန်၊ အနားယူချိန်မျိုးတော့ တို့ လိုချင်တယ်။ စာသင်ကျောင်းတွေ တို့ မလိုချင်ဘူး။ တက္ကသိုလ်တွေ တို့ လိုချင်တယ်”

“ရှင် ဆေးပညာကို မလိုချင်ဘူးလား”

“ဟုတ်တယ်၊ ရောဂါအကြောင်းကို လေ့လာတာအတွက်ပဲ လိုအပ်တယ်။ ရောဂါပျောက်အောင် ကုသဖို့အတွက် မဟုတ်ဘူး။ ဆေးကုဖို့ လိုမယ်ဆိုရင် ကုတာပေါ့။ ဒါပေမဲ့ ရောဂါကို ကုဖို့ မဟုတ်ဘူး၊ ရောဂါဖြစ်တဲ့ အကြောင်းရင်းကို ကုဖို့လိုတယ်။ ရုန်းကန်လုပ်ရှားရတဲ့ ကာယအလုပ်ကို ဖယ်လိုက်ရင် ရောဂါတွေ ရှိတော့မှာ မဟုတ်ဘူး။ ဒါဟာ အကြောင်းအရင်းပဲ။ အနာကျက်အောင် လုပ်တဲ့ သိပ္ပံပညာကို တို့ အသိအမှတ် မပြုဘူး”

ကျွန်တော်မှာ ပြောရင်း ပိုတက်ကြွလာသည်။ ပို၍ စိတ်ပါလာသည်။

“စစ်မှန်တဲ့ သိပ္ပံပညာနဲ့ အနုပညာတို့ဟာ ယာယီကုထုံးအတွက် ရည်ရွယ်တာ မဟုတ်ဘူး။ ထာဝရကုထုံး၊ ယေဘုယျ ကုထုံးကို ရည်ရွယ်တာ။ သိပ္ပံပညာနဲ့ အနုပညာက အမှန်တရားနဲ့ ဘဝအဓိပ္ပာယ်ကို ရှာတယ်၊ ဘုရားသခင်ကို ရှာတယ်၊ ဝိညာဉ်ကို ရှာတယ်။ ဒါပေမဲ့ လောလောဆယ် လိုအပ်ချက်တွေဖြစ်တဲ့ ဆေးပေးခန်းတို့၊ စာကြည့်တိုက်တို့နဲ့ ရောယှက်လာတဲ့အခါ ရှုပ်ထွေးလာတယ်။ လူ့ဘဝကို ပိုပြီး တာဝန်ပိလာစေတယ်။ တို့မှာ ဆရာဝန်တွေ၊ ဓာတုဗေဒ ပညာရှင်တွေ၊ ရှေ့နေတွေ အများကြီး ရှိပါတယ်။ ဒါပေမဲ့ ဇီဝဗေဒ ပညာရှင်တွေ၊

သင်္ချာပါရဂူတွေ၊ ဒဿန ပညာရှင်တွေ၊ ကဗျာဆရာတွေ နည်းသေးတယ်။ တို့ဦးနှောက်တွေက လောလောဆယ် လိုအပ်ချက်တွေကို ဖြည့်ဆည်းဖို့ ဖြုန်းတီးနေရတယ်။ သိပ္ပံပညာရှင်၊ စာရေးဆရာနဲ့ ပန်းချီဆရာတွေဆိုတာ စေတနာတခုနဲ့ အလုပ် လုပ်ကြတယ်။ သူတို့ကျေးဇူးကြောင့် ဘဝဟာ နေ့စဉ်နဲ့အမျှ လိုအင်ဆန္ဒတွေ ပြည့်ဝလာတယ်။ အဲဒီအခါ လိုအင်ဆန္ဒတွေလည်း ပိုပြီး များလာတယ်။ ဒါနဲ့တောင် တို့အဖို့ အမှန်တရားနဲ့ အဝေးကြီး ရှိသေးတယ်။ ကမ္ဘာမှာ လူတွေဟာ လုယက်တတ်တဲ့သူတွေ ဖြစ်နေတယ်။ အရာရာဟာ လူ့လောက ဆိတ်သုဉ်းရေးဆီ ရှေးရှုနေတယ်။ လူဟာ သက်ရှိတွေထဲမှာ အညစ်ပတ်ဆုံး တိရစ္ဆာန် ဖြစ်လာတယ်။ ပြုပြင်လို့မရတဲ့ ဆုံးရှုံးခြင်းတွေနဲ့ ကြုံတွေ့လာရတယ်။ အဲဒီ အခြေအနေမျိုးမှာ အနုပညာရှင်ရဲ့ဘဝဟာ အဓိပ္ပာယ် ဘာမှမရှိတော့ဘူး။ အနုပညာသည်ဟာ ပင်ကို အစွမ်းအစရှိလေ သူ့လုပ်ငန်းဟာ အဓိပ္ပာယ်ရှာလို့ မရလေ ဖြစ်ရတယ်။ အပေါ်ယံအားဖြင့်တော့ အနုပညာရှင်ဟာ ညစ်ပတ်တဲ့၊ မသန့်ရှင်းတဲ့ တိရစ္ဆာန်ကို ဖြေဖျော်ဖို့ လုပ်ကိုင်နေသလို ထင်ရတယ်။ သူက တည်တံ့နေတဲ့ အဆောက်အအုံရဲ့ လုပ်ငန်းတွေကို ထောက်ခံနေတာကိုး။ ဒီတော့ တို့ အလုပ်မလုပ်ချင်ဘူး၊ လုပ်လည်း မလုပ်ဘူး။ ဘာမှ တို့ မလိုချင်ဘူး။ ကမ္ဘာကြီးတခုလုံး အပိုင်းပိုင်း အစစ ကျေပျက်သွားပါစေ၊ တို့ မမှုဘူး”

“သွားစမ်း မစ်ဆီ”

လီဒါက သူ့ညီမကို နှင်ထုတ်သည်။ ကျွန်တော်၏ အယူအဆများသည် ငယ်ရွယ်သော မိန်းကလေးတယောက် နားထောင်ဖို့ မသင့်လျော်ဟု ယူဆသည်မှာ သိသာသည်။

ဇင်ညာသည် သူ့အစ်မကို မကြည်မသာ ကြည့်နေရာမှ အမေဆီသို့ လှမ်း၍ ကြည့်သည်။ ထို့နောက် ထွက်ခွာသွားလေသည်။

“လူတွေဟာ ဒီလိုပဲ၊ သူတို့နဲ့ သဘောထားမတူတဲ့အခါ နှစ်သက်စရာ ကောင်းတဲ့ စကားတွေကို ပြောတတ်ကြတာပဲ။ ရောဂါပျောက်အောင် ကုဖို့နဲ့ စာတတ်အောင် သင်ကြားပေးဖို့ထက် ဆေးရုံနဲ့ စာသင်ကျောင်းတွေရဲ့ အသုံးမတည့်ပုံကို ပြောဖို့ကတော့ သိပ်လွယ်တယ်”

လီဒါက ပြောသည်။

“မှန်တယ်၊ လီဒါ ပြောတာ မှန်တယ်”

သူ့အမေက ထောက်ခံသည်။

လီဒါ ဆက်၍ ပြောသည်။

“ရှင်က ရှင့်ပန်းချီပညာကို လွှတ်ပစ်ဖို့ ပြောတယ်၊ ဟုတ်လား။ တကယ်တော့ ရှင့်ပညာကို ရှင် တန်ဖိုးထားတယ်။ ဒီတော့ အချေအတင် ပြောနေကြတာကို ရပ်ကြမယ်။ ကျွန်မအဖို့ ရှင် ရှုတ်ချပြောဆိုနေတဲ့ ခြောက်ပြစ်ကင်း သဲလဲစင် မဟုတ်တဲ့ စာကြည့်တိုက်တွေနဲ့ ဆေးပေးခန်း တွေကို ကမ္ဘာပေါ်မှာရှိတဲ့ ရှုမျှော်ခင်း ပန်းချီကားတွေထက် ပိုပြီး တန်ဖိုးထားနေလို့ပဲ”

ထို့နောက် သူ့အမေဘက်သို့ ဖျတ်ခနဲလှည့်ပြီး လေသံ တမျိုးပြောင်းကာ ပြောသည်။

“မင်းသားကြီး အများကြီး ပိန်သွားတယ်။ ဒီမှာ နေတုန်းကနဲ့ မတူဘူး၊ ပြောင်းလဲသွားတယ်။ သူတို့က မင်းသားကြီးကို ဗစ်ကီဆီ ပို့ကြမလို့တဲ့”

ကျွန်တော်နှင့် စကား မပြောလိုတော့သဖြင့် သူ့အမေနှင့် ပြောနေသည်။ သူ့မျက်နှာတွင် သွေးရောင် သမ်းနေသည်။ မျက်နှာ အမူအရာကို ဖုံးကွယ်ရန် စားပွဲပေါ်သို့ ကုန်းပြီး အနီးကြည့် မှုန်သူလို သတင်းစာကို မျက်နှာနှင့် ကပ်၍ ဖတ်နေသည်။ ကျွန်တော် ရှိနေသည်ကို မနှစ်မြို့သည်မှာ ထင်ရှားသည်။ ထို့ကြောင့် အိမ်သို့ ပြန်လာခဲ့သည်။

ခြံဝင်းထဲတွင် ငြိမ်သက်နေသည်။ ရေကန်တဖက်က ရွာကလေးသည် အိပ်မောကျနေပြီ။ အလင်းရောင် တခုမျှ မမြင်ရ။ ရေပြင်ပေါ်တွင် ကောင်းကင်မှ ကြယ်ရောင်များ မှိတ်တုတ်လက်နေသည်။ ခြံသေ့ အပေါက်ဝတွင် ဇင်ညာသည် ကျွန်တော့်ကို နှုတ်ဆက်ရန် ရပ်၍ စောင့်နေသည်။ မှောင်ထဲတွင် သူ့သွင်ပြင်ကို မြင်ရလို မြင်ရငြား စူးစိုက်ကြည့်သည်။ သို့သော် ကျွန်တော့်ကို ကြည့်နေသည့် ဝမ်းနည်းပူဆွေးသော သူငယ်အိမ်နက်နက် မျက်လုံးတစုံကိုသာ မြင်ရသည်။ သူ့ကို ကြည့်ရင်း ကျွန်တော်က ပြောသည်။

"ရွာသားတွေလည်း အိပ်နေကြပြီ။ ထမင်းဆိုင်ရှင်နဲ့ မြင်းသူခိုးတွေလည်း အေးအေးချမ်းချမ်း အိပ်နေကြပြီ။ ဒါပေမဲ့ အလေးစားခံထိုက်တဲ့ တို့တတွေကတော့ တယောက်ကိုတယောက် မခံချင်အောင် ငြင်းခုံနေကြတာပဲ"

ထိုညသည် ထိုင်းမှိုင်းသည့် ဩဂုတ်လ ညချမ်းတခု ဖြစ်သည်။ လေထဲတွင် ဆောင်းဦးရာသီ၏ အငွေ့အသက်များ ပါစပြုလာသဖြင့် ပို၍ ထိုင်းမှိုင်းစရာ ကောင်းသည်။ ကြက်သွေးရောင် တိမ်တိုက်တခု၏နောက်မှ လ ထွက်လာသည်။ လရောင်သည် လမ်းဖုန်ဖုန်ကို ရေးရေးသာ မြင်ရအောင် ပက်ဖျန်းသည်။ လမ်းတဖက်တချက်တွင် ဆောင်းဦး စိုက်ခင်းများ ရှိသည်။ မိုးကောင်းကင်ထက်တွင် ကြယ်များ အဆက်မပြတ် ကြွေကျနေကြသည်။ ဇင်ညာသည် ကျွန်တော့်ဘေးမှ လျှောက်ရင်း လိုက်ပါလာသည်။ မိုးပေါ်သို့ သူ မကြည့်။ ကြယ်ကြွေသည်ကို သူ ကြောက်သည်။

"အစ်ကို ပြောတာ မှန်တယ်"

ဇင်ညာသည်ည၏ အအေးဓာတ်ကြောင့် တုန်တုန်ခိုက်ခိုက်နှင့် ပြောသည်။

"ကျွန်မတို့အားလုံး ပေါင်းပေါင်းစည်းစည်းနဲ့ ဘုရား တရားဘက် အာရုံစိုက်ကြမယ်ဆိုရင် အရာရာကို ရှာဖွေဖော်ထုတ်နိုင်လာမှာပဲ"

"ဟုတ်တယ်၊ အမှန်ပဲ။ အစ်ကိုတို့ဟာ အဆင့်မြင့်တဲ့ သက်ရှိတွေ၊ ပြီးတော့ အစ်ကိုတို့ဟာ ဉာဏ်ကြီးရှင်တွေပဲဆိုတာ သိနားလည်ပြီး ရည်ရွယ်ချက်ကြီးကြီးနဲ့ အသက်ရှင်နေဖို့ ကောင်းတယ်။ အစ်ကိုတို့ဟာ အနည်းဆုံး ဘုရားတွေနဲ့တူတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်နိုင်တယ်။ ဒါပေမဲ့ အဲဒီလို ဘယ်တော့မှ ဖြစ်မှာ မဟုတ်ဘူး။ လူ့လောကက ဆုတ်ယုတ်နေတယ်။ မကြာခင် ဉာဏ်ကြီးရှင် တယောက်မှ မကျန်တော့တဲ့ အခြေအနေ ရောက်သွားနိုင်တယ်"

ကျွန်တော်တို့သည် ခြံဝနှင့် ဝေးရာသို့ ရောက်လာကြသည်။ ဇင်ညာသည်

ငြိမ်ငြိမ်ရပ်နေပြီး ကျွန်တော့်လက်ကို အလျင်စလို ဖမ်း၍ ဆုပ်ကိုင်သည်။

"ဂွတ်နိုက်"

သူ တုန်ယင်နေသည်။ ကိုယ်ပေါ်တွင် ဘလောက်အင်္ကျီ ခပ်ပါးပါး တထည်သာ ရှိသည်။ အေးလာသဖြင့် ခပ်ကုပ်ကုပ် တွန့်ဆုတ်နေသည်။

"နက်ဖြန်လည်း လာဦးနော်"

ကိုယ့်ကိုယ်ကိုယ်လည်း မကျေနပ်၊ သူများကိုလည်း မကျေနပ်သည့်စိတ်ဖြင့် ကျွန်တော်မှာ စိတ်တိုနေသည်။ ပြီးတော့ တယောက်တည်း ဖြစ်နေပြီလား ဟူသော အသိက ကျွန်တော့်ကို ခြောက်လှန့်လျက် ရှိသည်။ ကျွန်တော်လည်း ကြယ်များ ကြွေသည်ကို မကြည့်မိရန် ကြိုးစားသည်။

"အစ်ကိုနဲ့ အတူ ခပ်ကြာကြာ နေပါလား"

ကျွန်တော် ပြောမိသည်။ ကျွန်တော် ဇင်ညာကို ချစ်နေမိပြီ။ ကျွန်တော် လာလျှင် လက်ခံ စကားပြောသည်။ ပြန်လျှင် လိုက်၍ ပို့သည်။ ကျွန်တော့်ကို ကြင်နာသည့် မျက်လုံးများ၊ ချစ်မြတ်နိုးသည့် မျက်လုံးများဖြင့် ကြည့်သည်။ သည်အကြောင်းများကြောင့် သူ့ကို ချစ်မိခြင်း ဖြစ်သည်။ သူ့မျက်နှာမှာ ညှိုးငယ်နေသည်။ လည်တိုင်မှာ သေးသွယ်သည်။ လက်မောင်းလေး များမှာ နုနယ်သေးကွေးသည်။ ပျင်းရိနေပြီး စာအုပ်များနှင့်သာ ပျော်မွေ့နေတတ်သည်။ ယင်းတို့ကြောင့် သူ့ကို မျှော်လင့် တောင့်တမိသည်။ သူ့စိတ်ထားက ဘယ်လိုလဲ၊ သူများနှင့် မတူသည့် စဉ်းစားဉာဏ်ရှိသည့် ဦးနှောက် ရှိသည်ဟု ထင်သည်။ သဘောထားကြီးသဖြင့် လည်း ချစ်မြတ်နိုးရသည်။ တကယ်တော့ သူသည် သူ့အစ်မ အလှပိုင်ရှင် ပြင်းထန်သူ လီဒါနှင့် စိတ်ချင်းမတူ။ လီဒါက ကျွန်တော့်ကို မနှစ်သက်။ ဇင်ညာက ကျွန်တော် အနုပညာရှင် ဖြစ်သဖြင့် နှစ်သက်မြတ်နိုးသည်။ ကျွန်တော့်အစွမ်းအစကြောင့် သူ့အချစ်ကို ပိုင်ဆိုင်ရခြင်း ဖြစ်သည်။ သူ့တယောက်တည်းကို ပုံတူ ပန်းချီကားတခု ဆွဲပေးချင်သည့်ဆန္ဒ ပြင်းပြင်းပြပြ ဖြစ်ပေါ်လာသည်။ သူသည် ကျွန်တော်၏ အလှဘုရင်မလေး ဖြစ်သည်ဟု စိတ်ကူးယဉ်မိသည်။ သူနှင့်အတူ ရွာများကို လျှောက်လည်ကြမည်။ လယ်ကွင်းတွေဆီကို သွားမည်။ နှင်းတောကို တိုးမည်။ နေဝင်ချိန် တိမ်တောက်လျှင် တောစပ်သို့ သွားမည်။ ဘယ်လောက် ပျော်စရာ ကောင်းမည်နည်း။ ဘယ်လောက် လှပသည့် စိတ်ကူးလဲ။ သည်စိတ်ကူးများ အကြားတွင် ကျွန်တော့်မှာ ယခုတိုင် မျှော်လင့်ချက်ကင်းစွာ အထီးကျန် ဖြစ်နေသည်။ ပြီးတော့ သည်စိတ်ကူးတွေက ကျွန်တော့်ရင်ထဲမှာ လှုံ့တက်နေသည်။

"ကြာကြာ နေပါလား၊ မိနစ် အနည်းငယ်လောက်ပေါ့"

ကျွန်တော် တောင်းပန်သည်။

ကျွန်တော့်ကုတ်အင်္ကျီကို ချွတ်ကာ အေးစက်နေသော သူ့ပခုံးပေါ် ခြုံပေးသည်။ ယောကျ်ားအင်္ကျီကို ဝတ်ထားရမှာ ရယ်စရာကောင်းပြီး အလှပျက်မှာ စိုးသဖြင့် သူ ရယ်သည်။ ထို့နောက် ချွတ်လိုက်သည်။ ကျွန်တော်သည် သူ့တကိုယ်လုံးကို သိမ်းကျုံးပွေ့ဖက်ပြီး မျက်နှာ၊ ပခုံးနှစ်ဖက်နှင့် လက်တို့ကို အငမ်းမရ နမ်းမိသည်။

"နက်ဖြန် တွေ့ကြဦးမယ်နော်"

ကျွန်တော့်ကို ညင်ညင်သာသာ ပွေ့ဖက်ရင်း တိုးတိုးပြောသည်။ ည၏ တိတ်ဆိတ်ခြင်းကို အနှောင့်အယှက်ဖြစ်မှာ သူ စိုးရိမ်ဟန် တူသည်။

"ကျွန်မတို့ နှစ်ယောက်အကြား ဘာမှ လျှို့ဝှက်တာတွေ မရှိဘူးနော်။ မေမေနဲ့ မမကို အားလုံး ပြန်ပြောရမယ်၊ မြန်မြန်ပဲ ပြောမယ်။ အချစ်ရယ် ကျွန်မဖြင့် သိပ်ကြောက်တာပဲ။ မေမေက ပြောလို့ရပါတယ်။ ပြီးတော့ မေမေက အစ်ကို့ကို ခင်တယ်။ ဒါပေမဲ့ လီဒါကတော့..."

ခြံဝဆီသို့ သူ အပြေးသွားသည်။ "ဂွတ်ဘိုင်" အော်၍ နှုတ်ဆက်သည်။ သူ့ခြေသံများကို နားထောင်ရင်း နှစ်မိနစ်ခန့် ရပ်နေမိသည်။ အိမ်သို့ ကျွန်တော် မပြန်ချင်။ အိမ်ပြန်ရန် အကြောင်းထူးလည်း မရှိ။ အတွေးနက်ရင်း ခဏမျှ ရပ်နေသည်။ ထို့နောက် ဖြည်းဆေးစွာ လျှောက်ရင်း အိမ်ကြီးဆီသို့ ပြန်သွားမိသည်။ အပြစ်မရှိသော အိမ်အိုကြီးကို နောက်တကြိမ် ကျွန်တော် ထပ်၍ ကြည့်ချင်သည်။ ထိုအိမ်ကြီးတွင် သူ နေသည်။ ခေါင်းခန်း ပြတင်းများသည် ကျွန်တော့်ကို စိုက်ကြည့်နေသည်။ ပြတင်းများမှာ မျက်လုံးများ ဖြစ်လာပြီး အရာရာကို သိနားလည်နေသည့်အလား ကျွန်တော့်ကို ကြည့်သည်။ ဝရန်တာကို ဖြတ်လျှောက်ပြီး တင်းနစ်ကွင်းနားက ခုံတန်းပေါ်တွင် ထိုင်သည်။ ခုံတန်းနေရာသည် မိုးမခပင်အောက်တွင် ရှိသဖြင့် မှောင်မိုက်နေသည်။ ထိုနေရာမှ အိမ်ကြီးဆီသို့ ကြည့်သည်။ မစ်ဆီနေသည့် ခေါင်းခန်းပြတင်းတွင် အလင်းရောင်ကို မြင်ရသည်။ ထို့နောက် အစိမ်းရောင်သို့ ပြောင်းသွားသည်။ တစုံတယောက်က မီးအိမ်ပေါ်သို့ အုပ်ဆောင်း အုပ်လိုက်ခြင်း ဖြစ်သည်။ အရိပ်များ လှုပ်ရှားနေသည်ကို မြင်ရသည်။ ကျွန်တော့်ရင်ထဲမှာ အကြင်နာစိတ်တွေ ပြည့်လျှမ်းလာသည်။ ရင်ထဲ အေးလာပြီး ကျေနပ်ခြင်း ဖြစ်မိသည်။ ကျွန်တော့်တွင် ချစ်တတ်သည့် နှလုံးသား ရှိသည်ကို ရှာဖွေတွေ့ရှိသဖြင့် ဝမ်းသာသည်။ ပြီးတော့ တချိန်တည်းမှာပင် စိုးရိမ်စိတ် ဖြစ်ပေါ်လာသည်။ မလှမ်းမကမ်းတွင် ဤအိမ်၏ အခန်းတခု၌ လီဒါ နေသည်။ သူသည် ကျွန်တော့်ကို မနှစ်သက်၊ မုန်းသည်။ ထို လီဒါသည် ကျွန်တော့်စိတ်ကူးထဲ ဝင်လာသည်။ ခုံတန်းမှာထိုင်ရင်း ဇင်ညာကို

မြင်ရလေမည်လား စောင့်ကြည့်နေမိသည်။ နားနှစ်ဖက်ကို စွင့်ထားသည်။ ခေါင်းခန်းထဲတွင် စကားပြောသံ ကြားရသည်ဟု ကျွန်တော် ထင်မိသည်။

တစ်နာရီခန့် ကြာသွားသည်။ အခန်းထဲတွင် အလင်းရောင်စိမ်း ကွယ်ပျောက်သွားပြီး လူရိပ်များကို မတွေ့ရတော့။ လမင်းသည် အိမ်ပေါ်တည့်တည့်တွင် ပြေးသွားပြီး အိပ်ပျော်နေသော ပန်းခြံနှင့် လူသူမရှိသော လမ်းများကို အလင်းရောင် ပက်ဖျန်းသည်။ အိမ်ရှေ့ ပန်းခြံထဲတွင် ဒေလီယာပန်းများနှင့် နှင်းဆီပန်းများကို ထင်ထင်ရှားရှား မြင်ရသည်။ သူတို့မှာ အရောင်တူ ဖြစ်သည်။ တဖြည်းဖြည်း အေးလာသည်။ ကျွန်တော်လည်း ပန်းခြံထဲမှ ထွက်လာပြီး လမ်းပေါ်မှ ကုတ်အင်္ကျီကို ကောက်ယူကာ အိမ်သို့ ပြန်လာခဲ့သည်။

နောက်တနေ့ ညနေခင်းတွင် ဇော်လချာနီနော့တို့အိမ်သို့ ကျွန်တော် သွားသည့်အခါ ပန်းခြံထဲသို့ ထွက်သည့် မှန်တံခါး ပွင့်နေသည်ကို တွေ့ရသည်။ ဝရန်တာတွင် ကျွန်တော် ထိုင်ရင်း တင်းနစ်ကွင်းဆီတွင် ဇင်ညာကို တွေ့ရလေမည်လား၊ သို့မဟုတ် ပန်းခြံထဲက လမ်းကလေးများပေါ်တွင် တွေ့ရလေမည်လား စောင့်မျှော်နေမိသည်။ အိမ်ထဲက သူ့အသံကိုလည်း နားစွင့်မိသည်။ ထို့နောက် ဧည့်ခန်းထဲသို့ ကျွန်တော် သွားသည်။ ထိုကမှ ထမင်းစားခန်းသို့ ဝင်သည်။ တယောက်မျှ မတွေ့ရ။ ထမင်းစားခန်းမှ တဆင့် ခန်းမဆီသို့ သွားသည့် အခန်းကူး စင်္ကြံရှည်ကို ကျွန်တော် ဖြတ်သည်။ ပြီးတော့ ပြန်လာသည်။ အခန်းကူး စင်္ကြံထဲသို့ ထွက်သည့် တံခါးပေါက် များစွာ ရှိသည်။ အခန်းတခုထဲမှ လီဒါ၏ အသံကို ကြားရသည်။

“ကျီးကန်းသည် တနေရာတွင် ဒိန်ခဲတတုံးကို တွေ့ရသည်”

လီဒါ၏ အသံမှာ ကျယ်သည်။ သီချင်းဆိုသံနှင့် တူသည်။ စာအံနေခြင်း ဖြစ်ရမည်။

“ကျီးကန်းသည်… ဘယ်သူလဲ”

ကျွန်တော့်ခြေသံ ကြားသဖြင့် ချက်ချင်း အော်မေးသည်။

“တို့ပါ…”

“အိုး… ခွင့်လွှတ်ပါ၊ ရှင့်ဆီ ကျွန်မ အခု မလာနိုင်သေးဘူး၊ ဒါရှာကို စာသင်နေတယ်”

“ယယ်ကေတာရီနာပက်ဗလေ့နာ ပန်းခြံထဲမှာလား”

“မဟုတ်ဘူး၊ သူနဲ့ ကျွန်မညီမလေး ဒီမနက်ကပဲ ပင်ဇာမှာနေတဲ့

ကျွန်မတို့အဒေါ်တယောက်ဆီ အလည်သွားကြတယ်။ ပြီးတော့ ဆောင်းရာသီရောက်ရင် သူတို့နှစ်ယောက် နိုင်ငံခြား သွားကြလိမ့်မည်”

ခဏ နားနေပြီး ဆက်၍ ပြောသည်။ ထို့နောက်...

“ကျိုးကန်းတကောင်သည် တနေရာတွင် ဒိန်ခဲတတုံးကို တွေ့ရသည်။ အဲဒါကို လိုက်ရေး”

ခန်းမထဲသို့ ကျွန်တော် သွားသည်။ ထိုနေရာတွင် ရပ်နေရင်း ရေကန်ဆီသို့လည်းကောင်း၊ ရေကန် ဟိုဘက်က ရွာဆီသို့လည်းကောင်း အဓိပ္ပာယ် ကင်းမဲ့စွာ ကြည့်မိသည်။ ကျွန်တော့်နားထဲတွင် စိတ်ချောက်ချားစရာ အသံများကို ကြားနေရသည်။

“ဒိန်ခဲတတုံး... ကျိုးကန်းသည် တနေရာတွင် ဒိန်ခဲတတုံးကို တွေ့ရသည်”

ခြံကြီးထဲမှ ကျွန်တော် ထွက်လာခဲ့သည်။ ခြံဆီသို့ ပထမဆုံးအကြိမ်လာသော လမ်းအတိုင်းပင် လျှောက်လာခဲ့သည်။ ယခုအကြိမ်တွင်မူ ပြောင်းပြန် ဖြစ်သည်။ ခြံဝင်းထဲမှ ပန်းခြံဆီသို့ သွားသည်။ အိမ်ကြီးကို ဖြတ်ပြီး လိုင်းပင် ရိပ်သာလမ်း ရောက်သည်အထိ လျှောက်သွားသည်။ ထိုစဉ် သူငယ်လေးတယောက် ပြေးလိုက်လာပြီး စာတစောင် ပေးသည်။

“မမကို ကျွန်မ အားလုံး ပြောပြလိုက်တယ်။ သူက ကျွန်မတို့ လမ်းခွဲရမယ်လို့ ပြောတယ်။ သူ့စကားကို နားမထောင်ဘဲ သူ့ကို စိတ်မညစ်စေချင်ဘူး။ အစ်ကို ပျော်ရွှင်အောင် ဘုရားသခင်က စောင်မ ပါလိမ့်မယ်။ ကျွန်မကို ခွင့်လွှတ်ပါ။ မေမေနဲ့ ကျွန်မတို့နှစ်ယောက် နာကြည်းစွာ ငိုကြွေးကြတယ်ဆိုတာ အစ်ကို သိစေချင်ပါတယ်။”

စာတွင် ဤသို့ ရေးထားသည်။

ထို့နောက် ဖားထင်းရှူးလမ်းကို ရောက်လာသည်။ ကာရံထားသော သံဆူးကြိုးတန်း အပြတ်များကို တွေ့ရသည်။ လယ်ကွင်းထဲတွင် နွားမများနှင့် ခြေနှစ်ချောင်း ချည်နှောင် ထားသော မြင်းများကို တွေ့ရသည်။ တခါက ထိုနေရာတွင် ရိုင်းဂျုံများ ဝေဝေဆာဆာ ဖူးပွင့်နေပြီး၊ ငုံးအော်သံများ ကြားခဲ့ရသည်။ တောင်ကုန်းထိပ် ဟိုတနေရာ၊ သည်တနေရာ တွင် ဆောင်းသီးနှံများကို စိမ်းစိမ်းစိုစို တွေ့ရသည်။ ခါတိုင်းလိုပင် စိတ်ဝင်စားစရာ မကောင်းသော၊ စိတ်ကူးမယဉ်သော စိတ်အမူအရာသည် ကျွန်တော့်ကို လွှမ်းခြုံထားသည်။ ဗော်လချာနီနော့တို့အိမ်တွင် ကျွန်တော် ပြောခဲ့သည့် စကားများအတွက် ရှက်နေမိသည်။ ယခုလည်း ဘဝသည် စိတ်ညစ်ညူးစရာပါတကားဟု ဆင်ခြင်မိသည်။ အိမ်ပြန်ရောက်လျှင် ပစ္စည်းများ

ထုပ်ပိုးပြီး ထိုညနေမှာပင် ပီတာစဗတ်မြို့သို့ ထွက်လာခဲ့သည်။

ဖော်လချာနီနော့ မိသားစုနှင့် နောက်ထပ် မတွေ့ရတော့ပေ။ မကြာသေးမီက ကရိုင်မီယာသို့ အသွား ရထားပေါ်တွင် ဗယ်လိုကူရော့နှင့် တွေ့ရသည်။ သူကား ယခုတိုင် လယ်သမား ကုတ်အင်္ကျီကို ဝတ်ထားပြီး ဇာပန်းထိုးထားသော ရှပ်အင်္ကျီကို ဝတ်ဆင်ထားသည်။ နေထိုင်ကောင်းရဲ့လားဟု မေးသည့်အခါ ကောင်းပါတယ်၊ ခင်ဗျား ဆုတောင်းတဲ့အတွက် ကျေးဇူးတင်ပါတယ်ဟု ဆိုသည်။ ကျွန်တော်တို့ စကားများ ပြောကြသည်။ သူ့ခြံကြီးကို ရောင်းလိုက်ပြီး လျှူဗော့ အိုင်ဗာနော့ဗနာ၏ နာမည်ဖြင့် ခြံငယ်ငယ်တခုကို သူ ဝယ်သည်။ ဖော်လချာနီနော့ မိသားစုအကြောင်းကား များများ မပြောနိုင်။ လီဒါသည် ရှယ်လကော့ကာ တွင် ခုတိုင် နေထိုင်လျက်ရှိပြီး ရွာကျောင်းတွင် စာသင်ပေးနေသည်။ သူနှင့် စိတ်ကူးချင်း တူသည့် အစုအဝေးလေးတခု ရလာအောင် တဖြည်းဖြည်း ကြံစည် စုစည်းသည်။ ဤသို့ဖြင့် အားကောင်းသော ပါတီတခု ဖြစ်လာသည်။ နောက်ဆုံး ကျေးရွာအုပ်ချုပ်ရေး အစည်းအဝေး များတွင် ဘာလာဂျင်ကို ကန့်ကွက်မဲ ပေးသည်။ သို့တိုင်အောင် ဘာလာဂျင်အဖို့ ခရိုင်တခုလုံးကို သူ့လက်ခုပ်ထဲတွင် ထည့်ထားနိုင်သေးသည်။ ဇင်ညာအကြောင်း သူ ပြောနိုင်သည်မှာ ယခု အိမ်တွင် မရှိတော့ကြောင်းနှင့် ဘယ်အရပ်မှာ ရှိနေသည်ကို သူ မသိကြောင်းတို့ပင် ဖြစ်သည်။

ခေါင်းခန်းနှင့် အိမ်ကြီးကို ကျွန်တော် မေ့လျော့စ ပြုလာသည်။ သို့သော်လည်း တခါတရံ ပန်းချီဆွဲနေစဉ်၊ သို့မဟုတ် စာဖတ်နေစဉ် အကြောင်း တစုံတရာ အဆက်အစပ် မရှိဘဲ ပြတင်းပေါက်တွင် ထင်လာသည့် အစိမ်းရောင်ကိုလည်းကောင်း၊ ညအခါ လယ်ကွင်းထဲတွင် လျှောက်ခဲ့သည့် ကျွန်တော့်ခြေသံများ၏ ပဲ့တင်သံကိုလည်းကောင်း မြင်ယောင် ကြားယောင်မိ သည်။ ထိုညက ချစ်မေတ္တာများစွာဖြင့် အိမ်သို့အပြန်တွင် အေးစက်နေသော လက်များကို ပူနွေးလာအောင် ပွတ်မိသည်ကိုလည်း အမှတ်ရလာသည်။ တကိုယ်တည်း အထီးကျန်ဘဝဖြင့် စိတ်ညှိုးငယ်နေသည့်အခါများတွင် စိတ်ထဲ၌ ထိုစဉ်က ဖြစ်ရပ်တို့သည် ယခုတိုင် ရေးရေးပြန်၍ ပေါ်လာပြန်သည်။ နောက်ဆုံးတွင် ကျွန်တော့်ကို အမှတ် ရနေသည်၊ ကျွန်တော့်ကို စောင့်မျှော်နေသည်၊ ကျွန်တော်တို့ ပြန်လည် တွေ့ဆုံကြမည် ဟူ၍ စိတ်တွင် ဖြစ်ပေါ်လာသည်အထိ အတွေးများတွင် နစ်မျောနေမိသည်။

မင်း ဘယ်မှာလဲ မစ်ဆီရယ်...။

စာပြီးနှစ် ၁၈၉၆။

■

မှော်ရုံပဟေဝန် တောမြိုင်စွန်း
The Lady With The Dog

[၁]

နောက်ဆုံး ရောက်လာသည့် လူသစ်သည် ခွေးကလေးတကောင်ကို ဆွဲကာ လမ်းလျှောက်နေကြောင်း သူတို့တတွေ အချင်းချင်း ပြောဆိုနေကြသည်။ ဒမီထရီ ဒမီထရစ် ဂုရော့သည် လွန်ခဲ့သည့် နှစ်ပတ်ကမှ ယော်လတာသို့ ရောက်လာသူ ဖြစ်ပြီး ထိုဒေသ အလေ့အထများကို ကျင့်သားရနေသူ ဖြစ်သည်။ သူသည်လည်း အသစ်ရောက်လာသူများကို စိတ်ဝင်စားရကောင်းမှန်း သိလာသည်။ ဗားနက် ကာဖေးတွင် သူ ထိုင်နေသည်။ ထိုစဉ် အမျိုးသမီးတယောက် ဦးထုပ်ဆောင်းကာ လမ်းလျှောက်သွားသည်ကို မြင်လိုက်ရသည်။ ရုပ်ရည် ရူပကာယ ချောမောလှပသည်။ အရပ် မရှည်လွန်း။ အသင့်အတင့်ပင် ဖြစ်သည်။ သူ့နောက်တွင် အမွေးရှည်ရှည် ခွေးဖြူလေးတကောင် တကောက်ကောက် လိုက်လာသည်။

အမျိုးသမီးကို မြူနီစီပယ် ပန်းခြံတွင်လည်းကောင်း၊ မြို့လယ် ရင်ပြင်တွင်လည်းကောင်း ကြိမ်ဖန်များစွာ ဂုရော့ တွေ့ရသည်။ တယောက်တည်းပင် ဖြစ်သည်။ မနေ့က ဦးထုပ်ကိုပင် သူ ဆောင်းထားသည်။ အမွေးရှည်ရှည် ခွေးဖြူကလေးသည် သူ့ဘေးက အမြဲတမ်း ပါလာသည်။ သူ ဘယ်သူ ဖြစ်သည်ကို ဘယ်သူမှ မမှန်းဆနိုင်။ "ခွေးကလေးနဲ့ အမျိုးသမီး" ဟူ၍သာ ညွှန်းဆိုကြသည်။

သူ့မှာ ယောကျ်ား ပါမလားဘူး ဆိုလျှင်၊ ပြီးတော့ မိတ်ဆွေတွေလည်း မရှိဘူးဆိုလျှင် အသိဖွဲ့လို့ ကောင်းမှာပဲဟု ဂုရော့ စိတ်ကူးမိသည်။

ဂုရော့မှာ အသက်လေးဆယ် မပြည့်တတ်သေး။ သို့ပေမယ့် ဆယ့်နှစ်နှစ်အရွယ် သမီးတယောက်နှင့် ကျောင်းသားအရွယ် သားနှစ်ယောက် သူ့မှာ ရှိသည်။ ကောလိပ်တွင် နေစဉ်က ဒုတိယနှစ်မှာပင် လက်ထပ်ဖို့ ပြောသဖြင့် လက်ထပ်ခဲ့ရသည်။ ယခုမူ သူ့မိန်းမသည် သူ့ထက် နှစ်ပြန်လောက် ကြီးနေပြီ ထင်ရသည်။ သူ့မိန်းမသည် အရပ်ရှည်ပြီး မျက်ခုံးမွေး မည်းမှောင်သည့် အမျိုးသမီး ဖြစ်သည်။ ကိုယ်ဟန် တောင့်တင်းကာ ခံ့ညားသည်။ ဂုဏ်ရှိပြီး သူ့ကိုယ်သူ "တွေးခေါ်ရှင်" တယောက်ဟု ဆိုသည်။ စာအလွန်ဖတ်သူ ဖြစ်ပြီး သူ ရေးသည့် စာများအရ ရှုရှားအက္ခရာ ပြုပြင်ရေးကို ထောက်ခံသူဖြစ်ကြောင်း သိသာ ထင်ရှားသည်။ သူ့ယောကျ်ားကို "ဒမီထရီ" ဟု မခေါ်ဘဲ "ဒီမီထရီ" ဟု ခေါ်သည်။ စိတ်ထဲကမူ သူ့မိန်းမကို မနက်နဲ၊ စိတ်သဘောထား ကျဉ်းမြောင်းသည်၊ အဝတ်အစား သပ်သပ်ရပ်ရပ် ဝတ်တတ်သူ မဟုတ်ဟု ယူဆသော်လည်း

ရှေ့တွင်ဆိုလျှင် ရိုသေကျိုးနွံဟန် ပြတတ်သည်။ ပြီးတော့ သူသည် အိမ်တွင် နေတတ်သူ မဟုတ်။ အိမ်က မိန်းမကို ပထမဆုံးအကြိမ် လှည့်ဖြားခဲ့သည်မှာ ကြာပြီ ဖြစ်သည်။ ယခုလည်း အမြဲလိုလို သစ္စာမရှိခဲ့ပေ။ သို့ဖြစ်ရာ မိန်းမတွေ အပေါ်တွင် ရှုတ်ချပြောဆိုလေ့ ရှိသည်မှာ မထူးဆန်း။ မိန်းမတွေကို အဆင့်နိမ့်သော သတ္တဝါများဟု သူ ပြောလေ့ရှိသည်။

မိန်းမနှင့်ပတ်သက်လျှင် သူ့မှာ ခါးသီးသော အတွေ့အကြုံများ၊ သင်ခန်းစာများ များစွာရှိသည်။ ထို့ကြောင့်ပင် မိန်းမများကို သူ ကြိုက်သလို ညွှန်းဆို ခေါ်ဝေါ်ခွင့် ရှိသည်မှာ မှန်သည်။ သို့သော်လည်း အဆင့်နိမ့်သော သတ္တဝါ မရှိဘဲ တနေ့မှ သူ အသက်ရှင်မနေနိုင်။ ယောကျ်ားတွေနှင့် သူ မပေါင်းသင်းတတ်။ ယောကျ်ားတွေနှင့် စကားပြောရမှာ ငြီးငွေ့သည်။ ယောကျ်ားတွေနှင့် တွေ့လျှင် အေးစက်စက်နှင့် တသီးတခြား နေတတ်သည်။ သို့သော်လည်း မိန်းမတွေအကြား ရောက်သွားလျှင် စကားသွက်လာသည်။ ပျော်လာသည်။ သူတို့နှင့် ဘယ်လိုပြောရမည်ကို သူ သိသည်။ ဘယ်လို အမူအရာ ထားရမည်ကို သူ နားလည်သည်။ မိန်းမတွေအကြား ကြောင်တောင်တောင် ဖြစ်မနေဘဲ၊ စကား တခွန်းမျှ မပြောဘဲ ငြိမ်နေရလည်း သူ နေတတ်သည်။ သူ့အမူအရာမှာ အသိရခက်သည်။ ယင်းကိုပင် မိန်းမများက စွဲလမ်းနှစ်သက်ကြပြီး သူ့အပေါ် ကြင်နာသက်ဝင်လေ့ ရှိသည်။ ယင်းကို သူ သိသည်။ မမြင်နိုင်သော စွမ်းအားတခုက သူ့အား မိန်းမများဆီသို့ ဆွဲဆောင်နေသည်။

သူ့တွင် အတွေ့အကြုံ များစွာရှိသည်။ ခါးသီးသည့် အတွေ့အကြုံများလည်း ရှိသည်။ ယင်းတို့က သူ့ကို သင်ကြားပေးသည်။ အသစ်အသစ်သော ရင်းနှီးမှုတို့သည် ချစ်စရာ ကောင်းသော စွန့်စားခန်းများအဖြစ် ဖွံ့ဖြိုးလာသည်ကို သူ သိသည်။ သဘောကောင်းသော သူများနှင့် ကြုံလျှင် အလွန်အကျွံ ရှုပ်ရှုပ်ထွေးထွေး အခြေအနေသို့ ဆိုက်ရောက်လာတတ်ပြီး၊ သည်းမခံနိုင်သော ငြီးငွေ့စရာ အခြေအနေသို့လည်း ဖွံ့ဖြိုးလာတတ်လေသည်။ အထူးသဖြင့် စိတ်ထား တွေဝေယိမ်းယိုင်တတ်သော၊ ဖြည်းဆေးစွာ လှုပ်ရှားတတ်သော လူများ နေထိုင်ရာ မော်စကိုမြို့ကြီးတွင် ယင်းအခြေအနေများ ဖွံ့ဖြိုးလာတတ်လေသည်။ သို့ငြားလည်း ချောမောလှပသည့် မိန်းမတယောက် တွေ့တိုင်း ထိုအတွေ့အကြုံများကို မေ့သွားတတ်ပြီး၊ ဘဝတွင် ယစ်မူးပျော်မြူးလိုစိတ်သည် ပြန်ပေါ်လာတတ်သည်။ ထိုအခါ အရာရာသည် ဖြစ်ရိုးဖြစ်စဉ်သာ ဖြစ်ပြီး၊ ပျော်မြူးစရာ ကောင်းသည်ဟု ခံယူလေသည်။

ထို့နောက် တနေ့တွင် ပန်းခြံတွင်းရှိ စားသောက်ဆိုင်၌ သူ စားသောက်နေစဉ် ဦးထုပ် ဆောင်းထားသော အမျိုးသမီးသည် ဆိုင်ထဲသို့ ဝင်လာပြီး သူနှင့် မလှမ်းမကမ်း စားပွဲတွင် နေရာယူသည်။ သူ၏အမူအရာ၊ ဟန်ပန်၊

အဝတ်အစား၊ ဆံပင် ဆင်ယင်ထုံးဖွဲ့မှုတို့ကို ကြည့်ရခြင်းအားဖြင့် အထက်တန်းစားဖြစ်ကြောင်း၊ လင်ရှိမိန်းမ ဖြစ်ကြောင်း၊ ယော်လတာသို့ ပထမဆုံးအကြိမ် ရောက်လာပြီး တယောက်တည်း ပျင်းရိနေသူ ဖြစ်ကြောင်း ဂုရော့နားလည်လိုက်သည်။ ယော်လတာသို့ လာရောက် လည်ပတ်သူများသည် ပေါ့ပေါ့နေ၊ ပေါ့ပေါ့စားတတ်သူများ ဖြစ်ကြောင်း အများသူငါတို့ ချဲ့ထွင် ပြောဆိုတတ်သည်။ ယင်းတို့ကို သူ အလေးမထား။ များသောအားဖြင့်ကား ပျော်ပျော်နေတတ်သူတို့၏ ထွင်လုံးများ ဖြစ်သည်ဟု သူ ခံယူထားသည်။ သို့သော် သူ့ဘေးက စားပွဲတွင် အမျိုးသမီး လာ၍ ထိုင်သည်ကို တွေ့ရလျှင် အလွယ်တကူ ချစ်ရေးဆိုသည့် ပုံပြင်များ၊ တောင်တန်းပြာသို့ လေ့လာရေးခရီး ထွက်ကြသည့် ပုံပြင်များကို သူ ပြန်လည် သတိရလာသည်။ ထိုအခါ အခိုက်အတန့်အားဖြင့် နာမည်ကိုပင် မသိသေးသော မိန်းမတယောက်နှင့် ချစ်ကျွမ်းဝင်ရလျှင် ကောင်းမည် ဟူသော အသိသည် သူ့စိတ်ထဲသို့ ရုတ်တရက် ဝင်လာလေသည်။

ခွေးကလေးကို သူ လက်ဖျောက်တီးကာ ခေါ်သည်။ သူ့အနား ရောက်လာလျှင် လက်ညှိုးဖြင့် လှုပ်ယမ်း ဆော့ကစားသည်။ ခွေးကလေးက ဟိန်းဟောက်သံ ပြုသည်။ ဂုရော့သည် လက်ညှိုးဖြင့် ထပ်မံ ဆော့ကစားသည်။

အမျိုးသမီးသည် သူ့ကို တချက် တွေကြည့်ပြီး ချက်ချင်းပင် မျက်လွှာ ချသွားသည်။

“သူ့ကို အရိုးကျွေးမယ်နော်”

သူ မေးသည်။ ခေါင်းညိတ်သည့် သဘောတူညီချက် ရသဖြင့် ရင်းနှီးသည့် လေသံဖြင့် “ယော်လတာ ရောက်တာ ကြာပြီလား” ဟု မေးလိုက်သည်။

“ငါးရက် ရှိပြီ”

“ကျွန်တော် ဆိုရင် အခု ဒီမှာ ဒုတိယအပတ်ပဲ”

နှစ်ယောက်စလုံး အတန်ကြာ စကားမပြောဘဲ နေကြသည်။

“ရက်တွေကလည်း မြန်မြန်ကုန်သွားတာပဲ၊ ဒါပေမဲ့ ဒီမှာနေရတာ ငြီးငွေ့စရာ ကောင်းတယ်”

သူ့ကို မကြည့်ဘဲ အမျိုးသမီးက ပြောသည်။

“ဟုတ်တယ်၊ ဒီမှာနေရတာ ငြီးငွေ့စရာ ကောင်းတယ်လို့ ပြောကြတာပဲ။ ဘုရားသခင်က စွန့်ပစ်ထားတဲ့ ဗယ်လယက် ဒါမှမဟုတ် ဇစ်ဒရာ ဆိုတဲ့ အရပ်တွေတော့ ငြီးငွေ့စရာ ကောင်းတယ်လို့ လူတွေ မပြောဘူး။ ဒါပေမဲ့

ဒီရောက်လာရင်ပဲ 'အိုး ပျင်းစရာကြီး၊ ဖုန်ကလည်း သိပ်ထူတာပဲ' လို့ ပြောကြပြီ။ သူတို့တတွေ ဒီစကားမျိုး ပြောရအောင် ဂရယ်နေဒါက ရောက်လာကြတယ်လို့ ထင်ရမလို ဖြစ်နေပြီ"

အမျိုးသမီး ရယ်သည်။ ထို့နောက် သူတို့နှစ်ယောက်သည် လုံးဝ မသိကျွမ်းသူများလို ငြိမ်ငြိမ်သက်သက် စားသောက်နေကြသည်။ သို့သော်လည်း ထမင်း စားပြီးလျှင် ဆိုင်ထဲမှ အတူထွက်သွားကြပြီး အားနေသူများ၊ ကျေနပ်ရောင့်ရဲနေကြသူများ ပြောဆိုကြသည့် ရယ်စရာ၊ မောစရာ စကားများကို ပြောကြသည်။ ဘယ်နေရာသွားသွား၊ ဘာအကြောင်းပဲ ပြောပြော စကားလက်ဆုံ ကျလို့ရသည့် စကားမျိုး ပြောကြသည်။ နှစ်ယောက်အတူ လျှောက်သွားကြပြီး ပင်လယ်ပြင်ပေါ်တွင် ပေါ်လာသည့် ထူးဆန်းသော အလင်းရောင် အကြောင်း ပြောကြသည်။ ပင်လယ်ရေမှာ နွေးထွေးသည်။ ခရမ်းရောင် လက်နေသည်။ လရောင်သည် ပင်လယ်ပြင်ပေါ်တနေရာသို့ ပက်ဖျန်းသည့်အခါ ရွှေရောင် လက်လာသည်။ တနေ့ခင်းလုံး ပူပြီးနောက် ညအခါ မွန်းကျပ်လာအောင် အနေရ အထိုင်ရ ခက်လာသည့် အကြောင်းလည်း ပြောကြသည်။ ဂုရော့က အမျိုးသမီးအား သူ့အကြောင်း ပြောပြသည်။ သူသည် မော်စကိုမြို့မှ ဖြစ်ပြီး ဘဏ်တခုတွင် အလုပ်လုပ်သည်။ တကယ်တော့ သူသည် ဘာသာဗေဒ ပညာရှင် ဖြစ်သည်။ တချိန်ကမူ အော်ပရာ တီးဝိုင်းတခုတွင် သီချင်းဆိုရန် လေ့ကျင့်ခဲ့ဖူးသည်။ သို့သော်လည်း ထိုအကြံအစည်ကို စွန့်လွှတ်လိုက်သည်။ မော်စကိုမြို့တွင် အိမ်နှစ်လုံး ပိုင်ဆိုင်သည့်အကြောင်းကိုလည်း သူ ပြောပြသည်။ အမျိုးသမီးထံမှလည်း အတ္ထုပ္ပတ္တိကို ဤသို့ သိရသည်။ ပီတာစဗက်မြို့တွင် သူ ကြီးပြင်းခဲ့သည်။ သို့သော်လည်း အလိ(စ်)မြို့လေးတွင် အိမ်ထောင်ကျသည်။ ထိုအရပ်၌ နှစ်နှစ်တာ နေထိုင်ခဲ့သည်။ ယော်လတာတွင် နောက်ထပ် တလ သူ နေမည်။ ပြီးတော့ အနားယူဖို့ လိုအပ်သော သူ့ယောကျ်ားသည်လည်း သူ့ဆီကို လိုက်ချင် လိုက်လာလိမ့်မည်။ သူ့ယောကျ်ားသည် ဘုရင်ခံကောင်စီ အဖွဲ့ဝင်လား၊ သို့မဟုတ် ခရိုင်အုပ်ချုပ်ရေး အဖွဲ့ဝင်လား ဆိုသည်ကိုမူ မပြောပြလိုက်။ ယင်းအတွက် အမျိုးသမီး ကြည်နူး နှစ်သိမ့်မှု ဖြစ်မိသည်။ ထို့နောက် အမျိုးသမီး၏နာမည်မှာ အင်နာဆာဂီယက်ဗနာ ဖြစ်သည်ဟူ၍လည်း ဂုရော့ သိရသည်။

အခန်းပြန်ရောက်လျှင် ဂုရော့သည် အင်နာအကြောင်း စဉ်းစားသည်။ နောက်တနေ့တွင် တွေ့ကြဦးမည်မှာ သေချာသည်။ ရှောင်လွှဲ၍ မရနိုင်။ အိပ်ရာထဲတွင်လည်း သူ့အကြောင်း ကိုသာ စဉ်းစားမိသည်။ အင်နာသည် မကြာသေးမီက သူ့သမီးလိုပင် ကျောင်းသူလေး တယောက် ဖြစ်ခဲ့သည်။ သူ ရယ်လျှင် ရှက်သွေးဖြန်းလာတတ်ပုံ၊ ချုပ်တည်း၍ ရယ်ပုံ၊ သူတစိမ်းနှင့် စကားပြောလျှင် ဘယ်လိုပုံ စသည်တို့ ရေးရေးပေါ်လာသည်။ ထို့ပြင်

ယခုအကြိမ်သည် အင်နာဘဝတွင် ပထမဆုံးအကြိမ် တယောက်တည်း လွတ်လပ်စွာ ခရီးထွက်ခဲ့ရမည် ဖြစ်သည်။ ထိုအခြေအနေမျိုးတွင် ယောကျ်ားသားတို့သည် သူ့နောက်လိုက်ကာ စောင့်ကြည့်ကြပြီး အခွင့်သာလျှင် စကားပြောကြသည်။ မည်မျှ လျှို့ဝှက်သည့် ရည်ရွယ်ချက် ရှိငြားလည်း သူ အကဲခတ်နိုင်မည်မှာ သေချာကြောင်းကိုလည်း တွေးမိသည်။ ထို့နောက် အင်နာ၏သေးသွယ်သော ခန္ဓာကိုယ်၊ ဖော့ဖယောင်းကဲ့သို့ ပျော့ပျောင်းသော လည်တိုင်နှင့် ကြည်လင်ဝင်းပသော မျက်ဝန်းညိုညိုသည် သူ့မျက်စိထဲမှ မထွက်နိုင်ဘဲ ရှိလေသည်။

သူတို့နှစ်ယောက် အသိအကျွမ်း ဖြစ်ပြီးနောက် တပတ်ခန့် ကုန်လွန်ခဲ့သည်။ ယနေ့ကား အားလပ်ရက် ဖြစ်သည်။ အခန်းထဲတွင် လှောင်ပိတ် မွန်းကျပ်သည်။ သို့သော်လည်း အပြင်ဘက်တွင် ဖုန်လုံးကြီးများ ထသည်။ ဦးထုပ်ဆောင်းထားလျှင် လွင့်စဉ်သွားအောင် လေက ပြင်းထန်သည်။ ပူသဖြင့် ရေငတ်သည်။ ဂုရော့သည် စားသောက်ဆိုင်သို့ သွားကာ သစ်သီးဖျော်ရည်နှင့် ရေခဲများ ယူလာသည်။ အင်နာအား တိုက်ကျွေးရန်ပင် ဖြစ်သည်။ အပူရှိန် ပြင်းထန်သည်။

ညနေပိုင်းတွင် လေငြိမ်သွားသည်။ သူတို့နှစ်ယောက် သင်္ဘောဆိပ်သို့ လျှောက်သွားကြပြီး သင်္ဘောဝင်လာသည်ကို စောင့်ကြည့်ကြသည်။ သင်္ဘောဆိပ်တွင် လူများ ဥဒဟို သွားလာနေကြသည်။ အချို့မှာ လက်ထဲတွင် ပန်းစည်းများ ကိုင်လျက် မိတ်ဆွေများနှင့် တွေ့ဆုံကြသည်။ ယော်လတာ လူအုပ်အကြားတွင် ထူးခြားချက် နှစ်ခုကို တွေ့ရသည်။ အသက်ကြီးပြီဖြစ်သော အမျိုးသမီးကြီးတို့သည် ငယ်ရွယ်နုပျိုလာအောင် အဆင်အသွေးနုနု အဝတ်အထည်များကို ဝတ်ဆင်ထားကြပြီး မရေမတွက်နိုင်အောင် များပြားခြင်းပင် ဖြစ်သည်။

ပင်လယ်ခရီးလမ်း ကြမ်းတမ်းသဖြင့် သင်္ဘောသည် နေဝင်ပြီးမှ နောက်ကျ ရောက်လာသည်။ ဆိပ်ကမ်းတွင် သင်္ဘောကပ်ရန် အတန်ကြာ ကြိုးစားရသည်။ အင်နာသည် သင်္ဘောနှင့် ခရီးသည်များအကြား သူ သိသည့် တစုံတယောက်ကို ရှာသည်။ သူ့လက်ထဲတွင် လက်ကိုင် မှန်ပြောင်းတခု ရှိသည်။ ဂုရော့ဘက်သို့ လှည့်ကြည့်လိုက်သည့်အခါတွင်မူ သူ့မျက်လုံးများမှာ စိုစွတ် တောက်ပြောင်နေသည်။ အင်နာ စကားများစွာ ပြောသည်။ မေးခွန်းတွေ မေးသည်။ မေးပြီး မေ့သွားကာ ထပ်၍ ထိုမေးခွန်းကိုပင် မေးသည်။

လူအုပ်မှာ ပြိုကွဲစ ပြုလာသည်။ ခဏကြာလျှင် လူသူဟူ၍ တယောက်မျှ မရှိတော့။ လေလည်း ငြိမ်သွားသည်။ ဂုရော့နှင့် အင်နာတို့သည် သင်္ဘောပေါ်မှ ဆင်းလာမည့် တစုံတယောက်ကို စောင့်ကြိုနေကြသည်နှင့် တူနေသည်။ အင်နာမှာ ငြိမ်ချက်သား ကောင်းလှသည်။ မကြာခဏ လက်ထဲက ပန်းများကို နမ်းသည်။ သို့သော်လည်း ဂုရော့ကိုမူ မကြည့်။

"ညနေခင်းက သိပ်သာယာတယ်နော်။ ကျွန်တော်တို့ ဘာလုပ်ကြမလဲ။ အပျင်းပြေ မြင်းလှည်း လျှောက်စီးကြမလား"

ဂုရော့က ဆိုသည်။

အင်နာ မည်သို့မျှ ပြန်၍ မပြော။

သူသည် အင်နာကို စူးစိုက်ကြည့်သည်။ ထို့နောက် ရုတ်တရက် ချက်ချင်း အင်နာကို သိမ်းကျုံးဖက်ကာ နမ်းသည်။ ထိုစဉ် သူ့ခေါင်းမှ ပန်းနံ့များ ရှူရှိုက်ရသည်။ သို့သော် ချက်ချင်းပင် နောက်ကို လှည့်ကြည့်သည်။ သူတို့ကို တစုံတယောက် မြင်သွားလေသလား။

"မင်းအခန်း သွားကြမယ်လေ"

ဂုရော့ တိုးတိုးပြောသည်။

နှစ်ယောက်အတူ အခန်းဆီသို့ ခပ်မြန်မြန် သွားကြသည်။

သူ့အခန်းမှာလည်း ပူလောင် မွန်းကျပ်သည်။ ဂျပန်ဆိုင်မှ ဝယ်ခဲ့သော ရေမွှေးနံ့ဖြင့် သင်းထုံနေသည်။ ဂုရော့သည် သူ့ကိုကြည့်ပြီး ဤသို့ တကိုယ်တည်း တွေးမိသည်။ "လူ့ဘဝမှာ ထူးဆန်းသည့် ဆုံတွေ့မှု အများကြီးရှိသည်။ မိန်းမ အချို့ကို သူ သတိရသည်။ မည်မျှပင် အချိန်တိုတောင်းသော်လည်း ချစ်ပင် စိုက်ပျိုးလိုက်ရသဖြင့် သူ့ကို ကျေးဇူးတင်ကာ ပျော်ရွှင်သွားကြသည့် သဘောကောင်းသော ကြောင့်ကြမဲ့ အမျိုးသမီးများနှင့်လည်း သူ တွေ့ဖူးသည်။ ထို့ပြင် တခြားမိန်းမများ ရှိသေးသည်။ ထိုအထဲတွင် သူ့မိန်းမလည်း ပါသည်။ သူတို့၏ ယုယပိုက်ထွေးမှုများမှာ မရိုးသား။ ဟန်ဆောင်မှုများ ဖြစ်သည်။ မချုပ်တည်းနိုင်အောင် စိတ်ခံစား ကြိုးကြိုးကြွကြွ ဖြစ်တတ်ကြသည်။ ပြီးတော့ မလိုအပ်သည့်စကားများ ပြောသည်။ သူတို့အမူအရာမှာ ယခု တွေ့ဆုံခြင်းသည် ချစ်ခင် ယုယခြင်း အမှုမဟုတ်။ ထူးခြားသည့် အပြုအမူ တခုခုသာ ဖြစ်သည်ဟု ယုံမှတ်ကြသူများ ဖြစ်သည်။ ထို့နောက် အေးစက်သော မိန်းမ နှစ်ယောက်၊ သုံးယောက်ကို သူ တွေ့ဖူးသည်။ သူတို့ မျက်နှာအမူအရာမှာ အတင်းလုယူ ကိုက်စားတော့မည့် အမူအရာမျိုး ဖြစ်သည်။ သူတို့က ပေးစရာရှိသည်ထက် ဘဝမှ အတင်းမရမက ယူလိုသည့် စိတ်ထားက ပို၍ များနေသည်။ ယင်းတို့မှာ ပျိုမျစ်သည့် ပထမအရွယ် အမျိုးသမီးများ မဟုတ်။ သူတို့သည် စိတ်အပြောင်းအလဲ မြန်သည်။ ဆင်ခြင်တုံတရား ကင်းမဲ့သည်။ နိုင်ထက်စီးနင်း ပြုတတ်သည်။ စဉ်းစားတတ်သည့် ဦးနှောက် မရှိ။ ဂုရော့အဖို့ ကြွကြွရွရွ မဖြစ်တော့ဘဲ အေးစက်စက် ဖြစ်လာသည့်အခါ သူတို့အလှသည် ပျက်ပြယ်သွားပြီး သူ့မှာ ထွက်ပြေးလိုစိတ် ပေါ်လာတတ်သည်။ သူတို့ အောက်ခံထည်များမှ ဇာနားကွပ်များသည် ငါးကြေးခွံများနှင့် တူသည်ဟု ထင်သည်။

ယခုမူ ငယ်ရွယ်သူ၊ အတွေ့အကြုံ မရှိသူတို့၏ ကြောက်ရွံ့ခြင်းနှင့် အနေအထား မကျခြင်း တို့မှာ ထင်ရှားပေါ်လွင်သည်။ ပတ်ဝန်းကျင်ကြောင့်လည်း အနေရ အထိုင်ရ ခက်သည်။ တစုံတယောက်က တံခါးလာခေါက်သလားဟု စိုးရိမ်ထိတ်လန့်နေရသည်။ ခွေးကလေးနှင့် မိန်းမပျိုဖြစ်သည့် အင်နာဆာဂီ

ယက်ဗနာအဖို့ကား ယခုကိစ္စကို အထူးကိစ္စ၊ အလေးအနက် ထားသော ကိစ္စတရပ်အဖြစ် သဘောထားဟန်တူသည်။ သူသည် ယခုမှ အပျိုရည်ပျက်ရသည့် မိန်းမလို သူ့ကိုယ်သူ သဘောထားဟန်တူသည်။ ယင်းကို ဂုရော့ မနှစ်သက်။ သူ၏ ခြေလက်များ ဖြေလျော့သွားသည်။ အားအင် ကုန်ခန်းသွားသည်။ ရှည်လျားသော ဆံပင်သည် မျက်နှာ တဖက်တချက်တွင် လျှောကျနေသည်။ ဂန္ထဝင် ပန်းချီကားထဲက နောင်တရသော မိန်းမလို မရွှင်မပျ ဖြစ်နေသည်။

"မှားယွင်းနေပြီ"

အင်နာ ပြောသည်။

"ကျွန်မကို ရှင် ဘယ်တော့မှ လေးစားတော့မှာ မဟုတ်ဘူး"

စားပွဲပေါ်တွင် ဖရဲသီးတလုံး ရှိသည်။ ဂုရော့သည် တစိတ်လှီးကာ ဖြည်းဖြည်းစားသည်။ နာရီဝက်ခန့် တိတ်ဆိတ်နေကြသည်။

အင်နာသည် ကြေကွဲလာသည်။ ဘဝကို အတွေ့အကြုံနည်းသည့် ရိုးသား သဘောကောင်းသော မိန်းမတယောက်၏ စင်ကြယ်ခြင်းကို သူ့တွင် တွေ့ရသည်။ စားပွဲပေါ်တွင် ထွန်းညှိထားသော ဖယောင်းတိုင်၏အလင်းရောင်သည် သူ့မျက်နှာဆီသို့ မရောက်။ သို့သော်လည်း သူ့နှလုံးသားမှာ လေးလံနေသည်ကား ထင်ရှားသည်။

"ဘာဖြစ်လို့ မင်းကို မလေးစားရမှာလဲ"

ဂုရော့က မေးသည်။

"မင်း ဘာပြောနေတယ် ဆိုတာ မင်းကိုယ်မင်း မသိဘူး"

"ဘုရားသခင်ကတော့ ကျွန်မကို ခွင့်လွှတ်ကောင်းပါရဲ့"

ပြောရင်း မျက်ရည်များ ပြည့်လျှမ်းလာသည်။

"ဆိုးတယ်.... ဆိုးတယ်၊ မကောင်းဘူး"

ရေရွတ်နေသည်။

"ဖြောင့်မှန်တယ်လို့ ကိုယ့်ကိုယ်ကိုယ် နှစ်သိမ့်နေစရာ မလိုပါဘူး"

"ဘယ့်နှယ်လုပ်ပြီး ကျွန်မကိုယ်ကျွန်မ ဖြောင့်မှန်တယ်လို့ နှစ်သိမ့်နေရမှာလဲ။ ကျွန်မဟာ ကောက်ကျစ်တဲ့ မိန်းမ၊ အပျိုရည်ပျက်တဲ့ မိန်းမ၊ ကျွန်မကိုယ်ကျွန်မ ရွံတယ်။ ကိုယ့်ကိုယ်ကိုယ် နှစ်သိမ့်ဖို့ဆိုတာ ဘယ်တော့မှ

စိတ်မကူးဘူး။ အခုဟာက ကျွန်မယောကျ်ားကို ကျွန်မ လှည့်စားတာ မဟုတ်ဘူး။ ကျွန်မကိုယ်ကျွန်မ လှည့်စားနေတာ။ အခုမှ ကျွန်မကိုယ်ကျွန်မ လှည့်စားတာ မဟုတ်ဘူး၊ လှည့်စားခဲ့တာ ကြာပြီ။ ကျွန်မ ယောကျ်ားဟာ ရိုးသားတယ်၊ တန်ဖိုးရှိတယ်။ ဒါပေမဲ့ သူဟာ စိတ်ဓာတ်အားဖြင့် ယုတ်ညံ့တယ်၊ အောက်တန်းစားထဲကပဲ။ ရုံးမှာ သူ ဘာလုပ်သလဲ ကျွန်မ မသိဘူး။ ဒါပေမဲ့ အောက်တန်းစားတော့ အမှန်ပဲ။ လက်ထပ်ကြတော့ ကျွန်မက အသက်နှစ်ဆယ်ပဲ ရှိသေးတယ်။ ကျွန်မကို အထူးအဆန်းအနေနဲ့ ဝါးမျို စားသုံးတာပဲ။ ကျွန်မကို သည့်ထက် အဆင့်အတန်းမြင့်မြင့် ဆက်ဆံစေချင်တယ်။ လောကမှာ တခြား ကွဲပြားခြားနားတဲ့ ဘဝတခု ရှိသေးတယ်လို့ ကိုယ့်ကိုယ်ကိုယ် ပြောမိတယ်။ ကျွန်မ အသက်ရှင်ပြီး အဲဒီဘဝမျိုးမှာ နေချင်ပါသေးတယ်။ ကျွန်မလည်း အဆန်းအပြားတွေ သိချင်တယ်။ လောကကို စူးစမ်းချင်စိတ်နဲ့ လောင်မြိုက်နေတယ်။ ရှင် နားလည်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ ကျွန်မကိုယ်ကျွန်မ မထိန်းသိမ်းနိုင်တော့ဘူးဆိုတာ ဘုရားသခင်ဆီမှာ ကျိန်တွယ်ပြီး ကျွန်မ ပြောရဲပါတယ်။ ဒါနဲ့ နေမကောင်းဘူးလို့ ကျွန်မယောကျ်ားကို ပြောပြီး ဒီကို ထွက်လာခဲ့တာပဲ။ အရူးလို၊ ပယောဂ စီးနေတဲ့လူလို သွားချင်ရာ လျှောက်သွားခဲ့တယ်။ ခုတော့ ကျွန်မမှာ တန်ဖိုးမရှိတဲ့ သာမန် မိန်းမတယောက် ဖြစ် သွားပြီ။ လူတိုင်းက ကျွန်မကို အထင်သေးပိုင်ခွင့် ရှိသလို ဖြစ်လာပြီ”

ဂုရော့သည် သူ ပြောသည်ကို နားထောင်ပြီး သေချင်အောင် စိတ်ပျက်လာသည်။ ကိုယ့်အပြစ် ကိုယ် မြင်ပြီး နောင်တ သံဝေဂ ရသည်မှာ မမျှော်လင့်သည့် ကိစ္စတခု ဖြစ်လာသည်။ သူ့မျက်လုံးများထဲမှာ မျက်ရည်များ ပြည့်လျှမ်းနေသည်။ ဟန်ဆောင်နေခြင်း သို့မဟုတ် ပြဇာတ်ထဲမှာလို သရုပ်ဆောင်နေခြင်းလည်း ဖြစ်နိုင်သည်။

“ငါ နားမလည်ဘူး”

ဖြည်းညင်းသာယာ သူ ပြောသည်။

“မင်း ဘာလိုချင်တာလဲ"

အင်နာသည် ဂုရော့ရင်ခွင်ထဲသို့ မျက်နှာအပ်ပြီး တင်းကျပ်စွာ ဖက်ထားသည်။

“ကျွန်မပြောတာ ယုံပါ၊ ကျွန်မ တောင်းပန်ပါတယ်၊ ယုံပါ။ လောကမှာ ရိုးသားတာ၊ သန့်ရှင်းတာကို ကျွန်မ ချစ်မြတ်နိုးတယ်။ ကျွန်မ ဒုစရိုက်ကောင် ဖြစ်လာပြီ။ ဘာလုပ်မိတယ် ဆိုတာ ကျွန်မကိုယ်ကျွန်မ မသိဘူး။ နတ်မိစ္ဆာဆိုး အပူးခံရတယ်လို့ လူတွေကတော့ ပြောကြတာပဲ။ အခုလည်း အဲဒီလို ဖြစ်နေပြီ”

ဂုရော့ တိုးတိုး ချော့သည်။

စိုးထိတ်နေသော မျက်လုံးအစုံကို စိုက်ကြည့်ပြီး နမ်းသည်။ ထို့နောက် ကြင်နာယုယစွာပင် ချော့မော့စကား ဆိုသည်။ သို့နှင့် အင်နာသည် တဖြည်းဖြည်း တည်ငြိမ်လာပြီး ရွှင်နိုင်၊ ပြုံးနိုင် ဖြစ်လာသည်။ ထို့နောက် နှစ်ယောက်သား ရယ်မောနေကြလေသည်။

ခဏကြာလျှင် သူတို့နှစ်ယောက် အပြင်ဘက်သို့ ထွက်လာခဲ့သည်။ လမ်းလျှောက်သည့် နေရာတွင် လူသူကင်းမဲ့နေသည်။ ဆိုက်ပရပ်ပင်များနှင့် မြို့ကလေးသည် တိတ်ဆိတ် ငြိမ်သက်နေသည်။ သို့သော်လည်း ပင်လယ်ကမ်းစပ်တွင် ကမ်းခြေကို လှိုင်းပုတ်သည့် အသံကို မှန်မှန်ကြားရသည်။ ငါးဖမ်းလှေ တစီးသည် လှိုင်းများအကြား လူးနေသည်။ မှိတ်တုတ် လက်နေသော မီးရောင်ကို မြင်ရသည်။

မြင်းလှည်းတစီး တွေ့သဖြင့် အိုရီအင်ဒါသို့ သူတို့ သွားကြသည်။

"အခုပဲ မင်းနာမည်ကို ညှော့ခန်းထဲက ပျဉ်ပြားပေါ်မှာ ရေးထားတာ တွေ့ခဲ့သေးတယ်၊ ဗွန်ဒိုင်ဒါးရစ် တဲ့၊ မင်းယောကျ်ားက ဂျာမန်လား"

"မဟုတ်ဘူး၊ သူ့အဘိုးက ဂျာမန်လို့ ကျွန်မ ထင်တာပဲ။ ဒါပေမဲ့ သူကတော့ အော်သိုဒေါ့ ဘုရားကျောင်းကပါ"

အိုရီအင်ဒါသို့ ရောက်လျှင် ဘုရားကျောင်းနှင့် မလှမ်းမကမ်းတွင်ရှိသည့် ခုံတန်းလျားပေါ်၌ သူတို့ ထိုင်ကြသည်။ ထို့နောက် ပင်လယ်ကို ကြည့်ကာ စကားမပြောဘဲ ငြိမ်သက်နေသည်။ မနက်ခင်း မြူနှင်းများအကြား ယော်လတာကို ရေးရေးမြင်ရသည်။ တောင်ထိပ်များပေါ်တွင် တိမ်လွှာဖြူဖြူများ မလှုပ်မယှက် နားခိုနေကြလေသည်။ သစ်ရွက် တရွက်မျှ မလှုပ်။ ခါးခုတ်ကောင်များ တစီစီ အော်သံ ကြားရသည်။ ပင်လယ်လှိုင်းများကလည်း တဝေါဝေါ အော်မြည်သည်။ ဤသို့ဖြင့် ငြိမ်းချမ်းခြင်းနှင့် အမြဲတမ်း အိပ်ပျော်သွားခြင်းတို့သည် ကျွန်တော်တို့ အားလုံးကို စောင့်မျှော်နေကြောင်း သတိပေးနေသကဲ့သို့ ရှိလေသည်။ ပင်လယ်လှိုင်းသည် ယော်လတာနှင့် အိုရီအင်ဒါတို့ မတည်ရှိခင် ရှေးကမ္ဘာကမ္ဘာကတည်းက ယခုလို အော်မြည်နေခဲ့သည်။ ကျွန်တော်တို့တတွေ ကွယ်လွန်သွားတော့လည်း အရေးမစိုက်ဘဲ ယခုလိုပင် ဆက်လက် အော်မြည်နေမည် ဖြစ်သည်။ ဤသို့ဖြင့် အဆက်မပြတ် တည်ရှိနေသော အသက်ရှင်ခြင်းနှင့် သေခြင်းကို အလျှင်းအမှတ်မထားသော သံသရာကြီးတွင် ကျွန်တော်တို့တတွေအား နောက်ဆုံး ကယ်တင်ခြင်းသည် တည်ရှိနေသည်။ ကျွန်တော်တို့ ကမ္ဘာဂြိုဟ်ပေါ်တွင် သက်ရှိတို့သည် ဆက်လက် တည်ရှိနေသည်။ လောကသည် ပြည့်စုံခြင်းသို့ ဘယ်သောအခါမှ မရောက်နိုင်ဟု သတိပေး

ညွှန်ပြနေလေသည်။

သူနှင့်အတူ ငယ်ရွယ်သော မိန်းမတယောက် ဘေးချင်းယှဉ်၍ ထိုင်နေသည်။ နံနက်ခင်း၏ နေရောင်ခြည်တွင် သူသည် လှပ ကြော့ရှင်းနေသည်။ ပင်လယ်၊ တောင်များ၊ တိမ်လွှာများနှင့် အပြောကျယ်သည့် ကောင်းကင်တို့က မိန်းမပျိုကို ဖမ်းစားထားသဖြင့် စိတ်ခံစားနူးညံ့ ပျော့ပျောင်းနေသည်။ ထိုအခါ ဂုရော့သည် ထိုအခြင်းအရာတို့၏ ငြိမ်းချမ်းခြင်းအဖြစ်ကို သတိထားမိပြီး ယခု အခိုက်အတန့်တွင် ကမ္ဘာကြီးသည် လှပနေသည်ဟု ထင်မိသည်။ ထိုအခါ မိမိတို့သည် လူ့အဖြစ်တွင် ခံ့ညား ထည်ဝါသူများ ဖြစ်သည်ကိုလည်းကောင်း၊ ဘဝ၏ မြင့်မားသော ရည်ရွယ်ချက်တို့ကိုလည်းကောင်း မေ့လျော့သွားလေသည်။ ထို့အတူ အတွေးအခေါ်များ၊ ကာယကံမြောက် လှုပ်ရှားမှုများကိုလည်း မေ့လျော့သွားလေသည်။ ဤသို့ ဂုရော့ သတိတရား ရလာသည်။

ထိုစဉ် တစုံတယောက်သည် သူတို့အနားသို့ ရောက်လာပြီး ပြန်လှည့်ထွက်သွားသည်။ အစောင့်တယောက် ဖြစ်ဟန်တူသည်။ ဤအဖြစ်သည် လှပသည်၊ နက်နဲ သိမ်မွေ့သည်ဟု ဂုရော့ ထင်သည်။ ဖီယိုဒိုဆီယာမှ လာသော သင်္ဘောသည် ဆိပ်ကမ်းဆီသို့ ခုတ်မောင်းလာသည်။ အရုဏ်လာနေပြီ ဖြစ်သဖြင့် သင်္ဘောမီးများကို ငြိမ်းထားသည်။

"မြက်ခင်းပေါ်မှာ နှင်းစက်တွေ ကျနေတယ်"

အင်နာက တိတ်ဆိတ်ခြင်းကို ဖောက်ထွင်းလိုက်သည်။

"ဟုတ်တယ်၊ အိမ်ပြန်ကြစို့... အချိန်တန်ပြီ"

သူတို့နှစ်ယောက် မြို့သို့ ပြန်သွားကြသည်။

ထိုအခါမှစ၍ သူတို့နှစ်ယောက်သည် နေ့စဉ်ပင် မွန်းတည့်ချိန်၌ လမ်းလျှောက်ရာတွင် ဆုံကြသည်။ နေ့လယ်စာ၊ ညနေစာ အတူစားကြသည်။ အတူ လမ်းလျှောက်ကြသည်။ ပင်လယ်ပြင်ကို ငေးမောကြည့်ရှုကာ ရင်သပ်ရှုမော ဖြစ်ကြသည်။ အင်နာက အိပ်မရကြောင်း၊ ရင်တွေ တုန်လာကြောင်း ပြောသည်။ မေးနေကျ မေးခွန်းများကို ထပ်ခါတလဲလဲ မေးသည်။ ပြီးတော့ သူ့ကို မနာလို ဝန်တို ဖြစ်သည်။ မလေးစားတော့မှာကို စိုးရိမ်သည်။ ရင်ပြင်တွင် လည်းကောင်း၊ ပန်းခြံထဲတွင် လည်းကောင်း လူသူ မတွေ့ရလျှင် သူသည် အင်နာကို ရင်ခွင်ထဲသို့ ဆွဲယူကာ အငမ်းမရ နမ်းသည်။ သူတို့မှာ အားလပ်နေသည်။ နေ့ခင်း မြင်မြင် ထင်ထင်ကြီးတွင် အနမ်းချင်း ဖလှယ်ကြသည်။ လူမြင်မှာစိုးသဖြင့် ပုန်းလျှိုးကွယ်လျှိုး ဘေးဘီကို မပြတ်မလပ် ကြည့်ရသည်။ နေက ပူသည်။ ပင်လယ်၏ အနံ့အသက်ကို ရှူရှိုက်ရသည်။ သူတို့ မြင်ကွင်းသို့ အားလပ်နေသော

လူများ ဖြတ်လျှောက်သည်ကို မြင်ရသည်။ ဤသို့ဖြင့် သူတို့မှာ ဘဝသစ်က ခွင့်ပြုထားသော ကာလတခုတွင် ပျင်းရိစွာ မျောပါနေကြလေသည်။ အင်နာသည် ချောမော လှပသည်၊ ချစ်ချင်စရာ ကောင်းသည်ဟု သူ ပြောသည်။ သူတို့နှစ်ယောက် အရှူးအမူး ချစ်ကြသည်။ ချစ်ဇော်ပြင်းထန်သည်။ နှစ်ယောက် တပူးတွဲတွဲနေသည်။ အင်နာသည် အမြဲ ငေးမှိုင် စဉ်းစားနေသည်။ သူ့ကို လေးစားရဲ့လားဟု ဂုရော့အား အတင်းမေးသည်။ နည်းနည်းလေးမှ ချစ်စိတ်ရှိရဲ့လား ဟူ၍လည်း ဆိုသည်။ တခြားသော သာမန် မိန်းမတယောက်လို သဘောထားသလား ဟူ၍လည်း မေးသည်။ ညစဉ် မြို့မှ မြင်းလှည်းဖြင့် ထွက်ခွာကြသည်။ အိုရီအင်ဒါသို့ သွားသည်။ ရေတံခွန်သို့ ရောက်သည်။ သို့မဟုတ် တခြား သာယာသော နေရာတခုသို့ သွားသည်။ ဤသို့ လှည့်လည်ရသဖြင့် အသစ်အဆန်းများကို တွေ့မြင်ကာ ပျော်ရွှင်ချမ်းမြေ့ ဖြစ်ကြရသည်။

တချိန်လုံးပင် သူ့ယောကျ်ား ရောက်လာမည်ကို စောင့်မျှော်နေကြသည်။ သို့သော်လည်း တနေ့တွင် သူ့ယောကျ်ားထံမှ စာတစောင် ရောက်လာသည်။ သူ့မှာ မျက်စိဒုက္ခပေးလာ ကြောင်း၊ ထို့ကြောင့် အမြန် ပြန်လာခဲ့ရန် တောင်းပန်သည့်စာ ဖြစ်သည်။ အင်နာသည် အမြန်ဆုံး ပြန်ရန် ပြင်ဆင်သည်။

“ပြန်ခွင့်ရတာပဲ ကောင်းတယ်” ဟု ဂုရော့ကို ပြောသည်။ “ကံကြမ္မာက ဝင်ပြီး စွက်ဖက်လိုက်တာပဲ”

သူသည် ယော်လတာမှ ရထားစီးကာ ပြန်မည်။ ဂုရော့က ဘူတာရုံသို့ လိုက်ပို့သည်။ တနေ့ခရီး ကြာသည်။ အမြန်ရထားတွဲပေါ်သို့ အင်နာ တက်ပြီး ဒုတိယခေါင်းလောင်းထိုးလျှင် ဤသို့ ပြောသည်။

“ရှင့်ကို တခါလောက် သေသေချာချာ ထပ်ပြီး ကြည့်ရဦးမယ်၊ နောက်ဆုံးကြည့်ခြင်းပဲ၊ ဟုတ်တယ် မဟုတ်လား"

အင်နာ မငို။ သို့သော် ဝမ်းနည်းပူဆွေးနေသည်။ နေထိုင်မကောင်း ဖြစ်လာသည်ဟု ထင်ရသည်။ ပါးနှစ်ဖက်စလုံးတွင် ကြွက်သားများ တဆတ်ဆတ် လှုပ်နေသည်။

“ရှင့်ကို အမှတ်ရနေမှာပဲ၊ တချိန်လုံး အမှတ်ရနေတော့မှာပဲ။ ဘုရားသခင် စောင်မပါစေ။ ကျွန်မအပေါ် ညှာညှာတာတာ သဘောထားပါ။ နောက်ထပ် တွေ့ကြရတော့မယ် မဟုတ်တော့ဘူး၊ ဒီလိုပဲ ဖြစ်ရမှာပဲ။ နောက်ထပ် တွေ့ကြဖို့ မသင့်ဘူးပေါ့၊ ဂွတ်ဘိုင်။ ဘုရားသခင် စောင်မပါစေ”

ရထားသည် ဘူတာမှ ဖြည်းညင်းစွာ ထွက်ခွာသည်။ မီးရောင်များ ပျောက်ကွယ်စပြုသည်။ နောက်တစ်မိနစ်ရှိလျှင် ရထားသံကိုပါ မကြားရတော့။

ယခုလို ချုံမြိန်သည့် မမှတ်မိခြင်း၊ သတိမရခြင်း၊ အရှူးထခြင်း ဖြစ်ရပ်အားလုံးကို မြန်မြန် စခန်းသိမ်းသွားအောင် အရာရာသည် အံထောက်အကူ ပြုနေကြသည် နှင့် တူလေသည်။ ဂုရော့သည် စကြံပေါ်တွင် ရပ်ရင်း အဝေးရှိ အမှောင်ထုထဲသို့ စိုက်ကြည့်နေသည်။ ခါးခုတ်ကောင်များ၏ တစီစီ အော်သံများကို ကြားနေရသည်။ ကြေးနန်းကြိုးများ ညည်းတွားသံကို ကြားနေရသည်။ သူ့စိတ်ထဲတွင် ယခုမှ အိပ်ရာက နိုးလာသည်ဟု ထင်မိသည်။ ယခု အဖြစ်အပျက်သည် သူ့ဘဝ၏ စွန့်စားခန်း များတွင် နောက်ထပ်တခု တိုးလာသည့် စွန့်စားခန်း တခုသာ ဖြစ်သည်ဟု သူ့ကိုယ်သူ ပြောမိသည်။ ယခုမူ ဤစွန့်စားခန်းသည်လည်း ပြီးဆုံးသွားပြီ။ မှတ်ဉာဏ်တွင် အရာထင်သည်က လွဲပြီး ဘာမျှ မကျန်ရစ်တော့ပေ။ သူ့စိတ်ထဲတွင် လှုပ်လှုပ်ရှားရှား ဖြစ်လာပြီး ဝမ်းနည်းလာသည်။ နောင်တ ရချင်သလိုပင် ခံစားရမိသည်။ တကယ်တော့ နောက်တခါ သူ တွေ့ရတော့မည် မဟုတ်သည့် ဤမိန်းမသည် သူနှင့် ဆက်ဆံသည့်အခါ ပျော်ရွှင်မှု အပြည့်အဝ ရခဲ့သည် မဟုတ်။ မိတ်ဆွေ အပေါင်းအသင်းလို ရင်းနှီးခဲ့သည်။ ချစ်ခင်စရာလည်း ကောင်းသည်။ အသက်နှစ်ပြန်ကြီးသော ကံကောင်းသည့် ယောက်ျား တယောက်နှင့် ကာမဂုဏ် လိုက်စားရသည်မှာ မဖြစ်တန်ဘဲနှင့် ဖြစ်ပျက်ခဲ့ရသည့် ကိစ္စ ဖြစ်သည်ဟု သူ့ဘက်က ယူဆသည်။ သူ့ကို အင်နာက ထူးခြားသည်၊ စိတ် သဘောထား မြင့်မြတ်သည်ဟု မှတ်ချက်ချခဲ့သည်။ တကယ်တော့ သူ၏ တကယ့်ဘဝနှင့် အင်နာ တွေ့ကြုံခဲ့ရခြင်း မဟုတ်။ တကယ်တမ်း ပြောရလျှင် သူသည် အင်နာအား စိတ်ထဲက တကယ်မပါဘဲ လှည့်စားမိခဲ့ခြင်း ဖြစ်လေသည်။

ရာသီဥတုမှာ ဆောင်းဦးပေါက်စ ပြုလာပြီ။ ညနေပိုင်းတွင် ချမ်းစိမ့်လာသည်။

မြောက်ဘက်သို့ သွားဖို့ အချိန်တန်ပြီဟု စကြံတွင် လျှောက်ရင်း ဂုရော့ စဉ်းစားမိသည်။

[၃]

မော်စကိုသို့ သူ ပြန်သည့်အခါ ဆောင်းဦးတုနှင့် တူစပြုသည့် ရာသီနှင့် ကြုံရသည်။ မီးဖိုများကို နေ့တိုင်း ထွန်းညှိရသည်။ ကလေးများ ကျောင်းသွားချိန်၊ သူတို့ လက်ဖက်ရည် သောက်ချိန်တို့တွင် မှောင်မည်းလျက် ရှိနေသေးသည်။ သို့ဖြစ်ရာ ကလေးထိန်း ဆရာမမှာ ခဏတာမျှ မီးအိမ်ကို ထွန်းညှိရသည်။ နှင်းခဲများ ကျလာသည်။ နှင်းများ ဖြူဖွေးအောင် ကျလာသည့်အခါ လျှောစီးထွက်ကြသည်။ မြေပြင်အလုံး ဆွတ်ဆွတ်ဖြူနေသည်ကို မြင်ရသည်မှာ ကြည်နူးစရာ ကောင်းသည်။ အိမ်ခေါင်မိုးများလည်း ဖြူဖွေးနေကြသည်။ ယခုမှ အသက်ကို လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါး ရှုနိုင်လာသည်။ ထိုအခါ ငယ်စဉ်က ပျော်ခဲ့ရသည့်ရက်များကို သတိရမိသည်။ အိုမင်းသော ကိုင်းပင်များ၊ မြက်ပင်များမှာ နှင်းခဲများဖြင့် ဖြူဖွေးနေပြီး သဘောကောင်းသည့်သွင်ပြင် ရှိသည်။ သူ့အဖို့ ယင်းတို့သည် ဆိုက်ပရပ်ပင်များ၊ အုန်းပင်များထက် ပို၍ ရင်းနှီးသည်။ ယင်းတို့၏ အကိုင်းအခက်များ အောက်တွင် ရောက်နေသည့်အခါ တောင်များနှင့် ပင်လယ်တို့ကို အမှတ်ရသည့် စိတ်ဖြင့် ချောက်ချားမနေတော့ပေ။

ဂုရော့သည် မော်စကိုမြို့တွင် အမြဲနေသူ ဖြစ်သည်။ မော်စကိုသို့ ပြန်ရောက်သည့်နေ့က နှင်းဖွဲဖွဲ ကျနေသည်။ သားမွေး အနားကွပ် ကုတ်အင်္ကျီကို သူ ဝတ်သည်။ ထူထဲသော လက်အိတ်များကို စွပ်သည်။ ထိုနောက် ပီထရော့ကာ လမ်းမကြီးအတိုင်း အေးအေးဆေးဆေး လျှောက်သွားသည်။ စနေနေ့ ညနေပိုင်းတွင် ဘုရားကျောင်းမှ ခေါင်းလောင်းထိုးသံများကို သူ ကြားရသည်။ ထိုအခါ မကြာသေးမီက လည်ပတ်ခဲ့သော ဒေသများသည် သူ့အဖို့ ပျော်မွေ့စရာ မကောင်းတော့ပြီ။ မော်စကို လူနေမှု ဘဝထဲတွင် တဖြည်းဖြည်း နစ်မြုပ်စ ပြုလာသည်။ တနေ့ သတင်းစာ သုံးစောင် သူ ဖတ်သည်။ သို့ပြောလည်း မော်စကို သတင်းစာများကို မဖတ်မနေရ သူ ဖတ်သည် မဟုတ်ဟု သူ ပြောသည်။ စားသောက်ဆိုင်များ၊ ကလပ်များ၊ ညစာ စားပွဲများ၊ အထိမ်းအမှတ်ပွဲများ အလယ်တွင် ပါဝင် ပတ်သက်စ ပြုလာရသည်။ လူသိများသော ရှေ့နေများ၊ ပြဇာတ်မင်းသား မင်းသမီးများ သူ့အိမ်သို့ လာရောက် လည်ပတ်သည့်အခါ ကျေနပ် နှစ်သိမ့်သည်။ ထို့အတူ ဆရာဝန်များ ကလပ်တွင် ပါမောက္ခများနှင့် ဖဲကစားရသည်ကိုလည်း သူ ကျေနပ် ဂုဏ်ယူသည်။

တလအတွင်း အင်နာ ဆာဂီယက်ဗနာသည် သူ့မှတ်ဉာဏ်တွင် ရေးရေးသာ ကျန်ရစ်တော့မည် ဟု သူ ယုံကြည်သည်။ သို့သော်လည်း အာသာငမ်းငမ်း ရှိသော အပြုံးနှင့်အတူ သူ့ကို တခါတရံ အိပ်မက်ထဲတွင် တွေ့ရသည်။ အလျင်က မိန်းမများကို တွေ့ရသည့် အတိုင်းပင် ဖြစ်သည်။ တလပြည့်ခဲ့ပြီး ဆောင်းတွင်းသို့ လုံးလုံးလျားလျား ရောက်လာခဲ့သော်လည်း အင်နာအား မနေ့တနေ့က

ခွဲခွာလာခဲ့ရလေသလား သူ အောက်မေ့မိသည်။ အင်နာနှင့်အတူ နေထိုင်ခဲ့ပုံများသည် သူ့စိတ်ကူးထဲတွင် အမြဲလိုလို ပေါ်လာသည်။ စာကြည့်ခန်းဆီမှ ကလေးများ၏ စာကျက်သံများ ကြားရလျှင်၊ သီချင်းဆိုသံ ကြားရလျှင်၊ စားသောက်ဆိုင် ထဲတွင် သီချင်းဖွင့်သံ ကြားရလျှင်၊ မီးခိုးခေါင်းတိုင်တွင် လေတိုးပြီး အသံများ မြည်လာလျှင် အင်နာနှင့် နေထိုင်ခဲ့ပုံတို့ကို ပြန်လည် အမှတ်ရလာသည်။ သဘော်ဆိပ်သို့ မနက်စောစော နှစ်ယောက်အတူ လမ်းလျှောက်သွားခဲ့သည်ကို လည်းကောင်း၊ နှင်းဖုံးနေသော တောင်များကို လည်းကောင်း၊ ဖီယိုဒို ဆီယာမှ သဘော် ဝင်လာသည်ကို လည်းကောင်း၊ အနမ်းမိုးများ ရွာခဲ့သည်ကို လည်းကောင်း ပြန်လည် သတိရမိသည်။ ထိုအခါ အခန်းထဲတွင် ခေါက်တုံ့ ခေါက်ပြန် လျှောက်ရင်း ပြုံးမိသည်။ ထို့နောက် ယင်းတို့သည် အိပ်မက်များ အဖြစ်သို့ ကူးပြောင်းသွားကြလေသည်။ ဖြစ်ပျက်ခဲ့သည့် ဖြစ်ရပ်တို့သည် အိပ်မက်ထဲတွင် ဖြစ်ပေါ်လာသည်တို့နှင့် ရောယှက်သွားကြလေသည်။ သူ့အိပ်မက်ထဲသို့ အင်နာကိုယ်တိုင်ကား ရောက်မလာ။ သူ သွားလေရာသို့ အင်နာသည် အရိပ်သဖွယ် လိုက်ပါလာသည်။ မျက်လုံးများကို စုံမှိတ်ထားလျှင် အင်နာသည် သူ့ရှေ့တွင် တကယ်ပင် လာ၍ ရပ်နေသည် ထင်မိသည်။ ထိုအခါ အင်နာသည် ပို၍ လှလာပြီး ပို၍ နုပျိုလာသည်။ ပို၍ နူးညံ့ပျော့ပျောင်းလာသည်။ သူကိုယ်တိုင်သည်လည်း ယော်လတာမှာ နေခဲ့စဉ်ကထက် ပို၍ နေရထိုင်ရ ကောင်းမွန်လာသည်ဟု ထင်ရသည်။ ညနေခင်းများတွင် အင်နာသည် စာအုပ်စင်ပေါ်မှလည်းကောင်း၊ မီးဖိုနားမှ လည်းကောင်း၊ အခန်းထောင့်မှ လည်းကောင်း သူ့အား ကြည့်နေသည်ကို တွေ့ရသည်။ အသက်ရှူသံကိုပင် ကြားရသည်။ ဂါဝန်စ ပွတ်တိုက်သံကို ကြားရသည်။ လမ်းထဲတွင် မိန်းမများ တွေ့လျှင် အင်နာနှင့်တူသူ တွေ့ရလေမည်လားဟု လိုက်၍ ကြည့်မိသည်။

ယခုလို စိတ်ထဲတွင် မပျောက်နိုင်ဘဲ မှတ်မိနေသည်ကို တစုံတယောက်အား သူ ပြောပြချင်သည်။ သို့သော်လည်း အိမ်တွင် အချစ်ကိစ္စကို ပြောမပြနိုင်။ အိမ်ပြင်တွင်လည်း သူ့စိတ်ကို ဖွင့်ဟပြစရာ ယုံကြည်စိတ်ချရသူ တယောက်မျှ မမြင်မိ။ အိမ်သားများကိုလည်း ပြောမပြနိုင်။ ဘဏ်တွင် လုပ်ဖော်ကိုင်ဖက်များကိုလည်း ပြောပြ၍ မဖြစ်။ သို့ဖြစ်လျှင် ဘယ်သူ့ကို ပြောပြရမည်လဲ။ သူ့မှာ အချစ်ဆိုသော ခံစားမှု ကျန်နေရစ်သလား၊ အင်နာနှင့် ဆက်ဆံခဲ့သည့်အခါများ သည် ချစ်စရာကောင်းသလား၊ ကဗျာဆန်သလား၊ တစုံတရာကို ထောက်ပြသလား၊ သို့မဟုတ် ပျော်မြူးစရာ ကောင်းသလား။ သူ့ကိုယ်သူ မေးမိသည်။ အချစ်အကြောင်း၊ မိန်းမများအကြောင်းနှင့် ပတ်သက်၍ သူ၏ ယေဘုယျ သဘောထားကို ပြောပြရခြင်းဖြင့်သာ ကျေနပ်နေရလေသည်။ သို့သော် ဘာကို ရည်ရွယ်ပြီး ပြောသည်ကို ဘယ်သူမျှ အကဲမခတ်တတ်။ သူ့မိန်းမကမူ မည်းမှောင်သော မျက်ခုံးကို ရှုံ့တွကာ -

"တော်စမ်းပါ၊ ရှင် လူပျိုလေး မဟုတ်ဘူး၊ သိရဲ့လား ဒီမီထရီ" ဟု ဆိုသည်။

တညနေခင်း ဆရာဝန်အသင်းမှ ဖဲကစားအပြန်တွင် ဖဲကစားဖက် အစိုးရအရာရှိတယောက်နှင့် တွေ့သည့်အခါ မအောင့်အည်းနိုင်ဘဲ ဤသို့ ပြောမိသည်။

"ယော်လတာမှာ အလွန် ချစ်စရာကောင်းတဲ့ မိန်းမတယောက်နဲ့ ကျွန်တော် တွေ့ခဲ့ရတာ ခင်ဗျား သိရင်"

"ဒမီထရီ ဒမီထရစ်"

"ဟုတ်ကဲ့"

"ခင်ဗျားပြောတာမှန်တယ်၊ ခင်ဗျားသိဖို့က စားကောင်းတဲ့ငါး လွတ်ထွက်သွားလောက်ပြီလေ"

ထိုစကားသည် သူတို့အဖို့ ပြောရိုးပြောစဉ်စကား ဖြစ်သော်လည်း အကြောင်းတခုခုကြောင့် ဂုရော့အဖို့ ဒေါသဖြစ်မိသည်။ သူ့အဖို့ ရှုတ်ချပြောဆိုခံရသည့် စကားမျိုး ဖြစ်သည်ဟု ထင်မိသည်။ ဒီလူတွေ သိပ်ရိုင်းတာပဲ။ လူမဆန်ဘူး။ ဘယ်လို ညနေခင်းတွေလဲ။ စိတ်ပျက်စရာပဲ။ ပျော်စရာ မကောင်းဘူး။ ဖဲကစားလို့လည်း မကောင်းဘူး။ နင်းကန် စားကြ။ နင်းကန် သောက်ကြ။ ပြီးတော့ ပြောပြီးသား အကြောင်းကိုပဲ ထပ်တလဲလဲ ပြောကြတယ်။ မည်သူ့ကိုမျှ အကျိုးမဖြစ်ထွန်းဘဲ များစွာသော အချိန်တို့သည် ကုန်လွန်ခဲ့သည်။ အကြောင်းတခုတည်းကိုပင် ထပ်ပြန်တလဲလဲ ဆွေးနွေးကြသည်။ ဘာမျှ အကျိုးမရှိ။ ဟန်ရေးပြနေကြခြင်းသာ ဖြစ်သည်။ အသေးအမွှားလေးများဖြင့်သာ အချိန် ကုန်လွန်ရသည်။ ထွက်ပြေးစရာ ဘယ်မှာမျှ မရှိ။ တနေရာမှာပဲ အချုပ်အနှောင် ခံနေရသလို ခွာမရဘဲ ဖြစ်နေရသည်။ လောကသည် အရူးထောင်နှင့် တူသည်။ အချုပ်ခန်းနှင့် တူသည်။

ဂုရော့မှာ တညလုံး အိပ်၍မပျော်။ နောက်နေ့တွင် တနေ့လုံး ခေါင်းကိုက်သည်။ အလျင်ညများ ကလည်း အိပ်၍မပျော်၊ အိပ်ရာပေါ်မှာ ထထိုင်ကာ စဉ်းစားသည်။ အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း စဉ်းစားသည်။ အိမ်မှာ ကလေးများနှင့် နေရတာ ငြီးငွေ့သည်။ ဘဏ်မှာလည်း အလုပ်လုပ်ရတာ ငြီးငွေ့သည်။ ဘယ်ကိုမျှ မသွားချင်၊ မလာချင်။ ဘာစကားကိုမျှလည်း မပြောချင်။

ခရစ္စမတ် အားလပ်ရက်များ ရောက်လျှင် အထုပ်အပိုးများ ပြင်ဆင်ပြီး လူငယ်တယောက် အတွက် ကိစ္စတခု ဆောင်ရွက်ပေးစရာရှိသဖြင့် ပီတာစဗတ်မြို့သို့ သွားမည်ဟု သူ့မိန်းမအား ပြောကာ အက်(စ်)မြို့လေးသို့ ထွက်လာခဲ့သည်။ ဘယ်အရပ်တွင် ခရီးဆုံးလေမည်လဲ။ သူ မသိ။ သူ သိသည်မှာ အင်နာဆာဂီယက်

ဗနာနှင့် တွေ့ရမည်။ ပြီးတော့ စကားပြောမည်။ ဖြစ်နိုင်လျှင် တနေရာရာတွင် တွေ့ဆုံရန် စီစဉ်မည်။

မနက်ခင်းတွင် အက်(စ်)မြို့သို့ သူ ရောက်သည်။ ဟိုတယ်တွင် အကောင်းဆုံးအခန်း၌ သူ နေရာရသည်။ အခန်းထဲတွင် စစ်စိမ်းရောင် ကော်ဇော် ခင်းထားပြီး စားပွဲပေါ်တွင် ဖုန်တက်နေသော မင်အိုးတခု ရှိသည်။ မင်အိုးပေါ်တွင် ဦးထုပ်ကို ဆောင်းမထားဘဲ လက်က ကိုင်ထားသော မြင်းစီးသူရဲကောင်း အရုပ်တခုသာ ရှိသည်။ ညှော်ခန်းစောင့် ဝန်ထမ်းက သူ သိချင်သည်တို့ကို ပြောပြသည်။ ဗွန် ဒိုင်ဒါးရစ်သည် စတာရို-ဂွန်ချာနာယာလမ်းတွင် ကိုယ်ပိုင်အိမ်တလုံးနှင့် နေသည်။ ဟိုတယ်နှင့် သိပ်မဝေးလှ။ စည်းစိမ်ရှိရှိ ခမ်းခမ်းနားနား နေထိုင်သည်။ ကိုယ်ပိုင် မြင်းလှည်းဆွဲမြင်းများ မွေးထားသည်။ တမြို့လုံးက သူ့ကို သိသည်။ ညှော်ကြိုဝန်ထမ်းက သူ့နာမည်ကို “ဒရိုင်ဒါးရစ်” ဟု အသံထွက်၍ ခေါ်သည်။

ဂုရော့သည် စထာရို-ဂွန်ချာနာယာလမ်းသို့ လျှောက်သွားပြီး အိမ်ကို ရှာရာ တွေ့ရသည်။ အိမ်ရှေ့တွင် ရှည်လျားသော ညိုမွဲမွဲ ဝင်းထရံတခု ရှိသည်။ ထိပ်တွင် သံချွန်များ စိုက်ထားသည်။

“ဒီလို ဝင်းထရံမျိုး မြင်တာနဲ့ ထွက်ပြေးချင်စိတ် ပေါ်လာနိုင်တယ်”

ဂုရော့ တွေးမိရင်း အိမ်ပြတင်းများကို လည်းကောင်း၊ ဝင်းထရံကို လည်းကောင်း ကြည့်သည်။

ယခုရက်သည် အားလပ်ရက် ဖြစ်သဖြင့် အင်နာ၏ ယောကျ်ားသည် အိမ်တွင် ရှိနေလိမ့်မည်ဟု သူ ထင်သည်။ သို့ဖြစ်ရာ အင်နာအား အိမ်မှာ သွားတွေ့လျှင် စိတ်အနှောင့်အယှက် ဖြစ်စရာ ရှိသည်။ စာရေး၍ ချိန်းလျှင်လည်း စာသည် သူ့ယောကျ်ားလက်ထဲ ရောက်သွားကာ ဒုက္ခရောက်နိုင်သည်။ အကောင်းဆုံးမှာ သူ့ကို မြင်ရလို မြင်ရငြား ခဏစောင့်ရန်ပင် ဖြစ်သည်။ ထို့ကြောင့် လမ်းကို အပြန်ပြန် အလှန်လှန် လျှောက်ရင်း ဝင်းထရံနား ကပ်၍ ကြည့်သည်။ အင်နာတယောက်ကို မြင်ရလို မြင်ရငြား အိမ်ဆီမှာ ရှာသည်။ ထိုစဉ် သူတောင်းစားတယောက် အိမ်ထဲသို့ဝင်ရန် ကြိုးစားရာ ခွေးဟောင်ခံရသည်ကို တွေ့ရသည်။ နောက်တစ်နာရီခန့်ကြာလျှင် စန္ဒရားသံ သဲ့သဲ့ကို ကြားရသည်။ အင်နာ တီးနေခြင်း ဖြစ်နိုင်သည်။ ရုတ်တရက်ပင် အိမ်ရှေ့တံခါး ပွင့်လာပြီး အဘွားကြီးတယောက် ထွက်လာသည်။ သူ့နောက်က ဂုရော့နှင့် ရင်းနှီးသော ခွေးဖြူကလေး လိုက်လာသည်။ ခွေးကို လက်ဖျောက်တီး ခေါ်ကြည့်သည်။ ရင်ခုန်လည်း မြန်လာသည်။ စိတ်လှုပ်ရှားနေသဖြင့် ခွေးကလေး၏ နာမည်ကို မေ့နေသည်။

လမ်းလျှောက်ရင်း ဝင်းထရံ ညိုမွဲမွဲကို ရှုံ့မှုန်းလာသည်။ အင်နာသည် သူ့ကို မေ့သွားလေပြီဟု စိတ်ဆိုးမာန်ဆိုးနှင့် သူ့ကိုယ်သူ ပြောမိသည်။ တစုံတရာကို စိတ်ပြောင်းသွားပြီ ထင်သည်။ ဝင်းထရံကို မနက်မိုးလင်းမှ ညအထိ မြင်နေရသည့် ငယ်ရွယ်သူ မိန်းမတယောက်သည် ထုံးစံအတိုင်း တခြား စိတ်ဝင်စားစရာ တခုကို ရှာကြံမည် ဖြစ်သည်။ ထို့နောက် ဟိုတယ်သို့ ပြန်လာခဲ့ပြီး သူ့အခန်းထဲက ဆိုဖာပေါ်တွင် အတန်ကြာ ထိုင်နေမိသည်။ ဘာဆက်လုပ်ရမည် သူ မသိ။ ထိုနောက် ထမင်းမှာစားသည်။ ထမင်းစားပြီးလျှင် အကြာကြီး အိပ်သည်။

အတော် စိတ်ပျက်စရာကောင်းတဲ့ အလုပ်ပဲ၊ စိတ် ကယောက်ကယက် ဖြစ်ရတဲ့ အလုပ်ပဲ။ အိပ်ရာမှ နိုးလာပြီး မှောင်မည်းနေသော ပြတင်းမှန်များကို ကြည့်ကာ တွေးမိသည်။ ညနေ ရောက်လာပြီ။ အိပ်ရေး ဝ သွားပြီ။ ညမှာ ငါ ဘာလုပ်နေရမလဲ။

အိပ်ရာပေါ် ထထိုင်ရင်း သူ စဉ်းစားသည်။ ခြုံထားသည့် စောင်မှာ အပေါစား ဆေးရုံစောင်မျိုး ဖြစ်သည်။ စိတ်ရှုပ်ရှုပ်နှင့် ကိုယ့်ကိုယ်ကိုယ် အထင်အမြင် သေးချင်သလို ဖြစ်လာသည်။

“မင်းနဲ့ ခွေးကလေးနဲ့ အမျိုးသမီးအဖြစ် ကြည့်ပါဦး၊ စွန့်စားခန်းပဲ တွေ့ရမှာပဲ၊ အနာခံလို့ အသာစံရမလား စောင့်ကြည့်ပါဦးလေ”

သူ့ကိုယ်သူ ပြောမိသည်။

မနက်တုန်းက ဘူတာအရောက်တွင် မြို့ဇာတ်ရုံ၌ ဂေရှာပြဇာတ် ပထမည ကပြမည် ဖြစ်ကြောင်း ကြော်ငြာကြီး တခုကို မြင်ခဲ့ရသည်။ ယင်းကို အမှတ်ရပြီး ဇာတ်ရုံသို့ သူ သွားရန် ပြင်ဆင်သည်။

“ပထမဆုံး ညတွေဆိုရင် ပြဇာတ်ကို မလွတ်တမ်း ကြည့်မှာပဲ” ဟူ၍လည်း တွေးမိသည်။

ဇာတ်ရုံတွင် လူပြည့်နေပြီ။ ယင်းမှာ တောမြို့လေးတခု၏ ဇာတ်ရုံ ဖြစ်သည်။ မီးဆိုင်းများပေါ်တွင် မြူများ ဆိုင်းနေသည်။ အပေါ်ထပ် အညံ့ဆုံးတန်းဆီမှ ကျွက်ကျွက်ဆူနေသော လူသံများကို ကြားရသည်။ ဇာတ်ခုံနှင့် အနီးဆုံး အတန်း ရှေ့ခုံများတွင် သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားသော မြို့ခံလူများ ထိုင်နေကြသည်။ ကန့်လန့်ကာအတင်ကို ခေါင်းနောက် လက်ယှက်ကာ စောင့်နေကြသည်။ ဘုရင်ခံ၏ ပွဲကြည့်ခန်းရှေ့ဆုံးတန်းတွင် ဘုရင်ခံ၏သမီး ထိုင်နေသည်။ လည်ပင်းတွင် လည်ပတ်ရှည်ကြီး ပတ်ထားသည်။ ဘုရင်ခံမှာ ခန်းဆီးနောက်တွင် ကွန္ဒြေရရ ထိုင်နေရာ သူ့လက်များကိုသာ မြင်ရသည်။ ကန့်လန့်ကာ လှုပ်လာပြီး တီးဝိုင်းက အသံညှိစ ပြုသည်။ ဂုရော့၏

မျက်လုံးများသည် ပွဲကြည့်ပရိသတ်ဆီသို့ ရောက်နေသည်။

အင်နာဆာဂီယက်ဗနာလည်း ပွဲကြည့်ရန် ရောက်လာသည်။ ဇာတ်ခုံနှင့် အနီးဆုံးအတန်း တတိယခုံတန်းတွင် ထိုင်သည်။ သူ့ဆီသို့ ဂုရော့၏မျက်လုံးများ ရောက်သွားပြီး နှလုံးခုန် ရပ်သွားသည်။ တကမ္ဘာလုံးတွင် အင်နာလောက် သူနှင့် ရင်းနှီးသူ၊ နီးစပ်သူ မရှိဟု ချက်ချင်း အသိစိတ် ဝင်လာသည်။ သူ၏ ပျော်ရွှင်မှုကို သည်တယောက်ကလွဲပြီး ဘယ်သူမှ မပေးနိုင်။ သည်မိန်းမပျို့သည် တောပွဲကြည့် ပရိသတ်၏အလယ်တွင် ပျောက်ကွယ်နေသည်။ ထူးခြားသည်ကား အမှန်။ လက်ထဲတွင် မှန်ပြောင်းကို ကိုင်ထားသည်။ ယခု အခိုက်အတန့်တွင်ကား သူ့ဘဝတခုလုံးကို စိုးမိုးထားသူမှာ ထိုမိန်းမပင် ဖြစ်ပြီး သူ့ကြေကွဲမှု၊ ဝမ်းသာမှုတို့ကို ပေးစွမ်းနိုင်သည်မှာလည်း ထိုမိန်းမပင် ဖြစ်သည်။ သံစုံတီးဝိုင်းမှ အသံများ ကြားရသည်။ အပျော်တမ်း တယောသမားများ၏ အသံများကို ကြားရသည်။ ထိုအခါ ကြည်နူးလာပြီး အင်နာသည် အလွန် လှလာသည်ဟု ထင်မိသည်။ ထို့ကြောင့် စိတ်ကူးတွင် ပျော်မြူးလာသည်။

အင်နာဆာဂီယက်ဗနာ နောက်မှ အရပ်ရှည်ရှည်၊ ပခုံးဝိုင်းဝိုင်း လူငယ်တယောက် လိုက်လာသည်။ ပါးမြိုင်းမွေး ရေးရေးလည်း ရှိသည်။ သူသည် ခုံတန်းကြားမှ လျှောက်လာရင်း ခြေလှမ်းတိုင်း၌ ခေါင်းတချက်စီ ညိတ်သည်။ ပြီးမှ အင်နာဘေးက ခုံတွင် ထိုင်သည်။ သူ့ကို ကြည့်ရသည်မှာ တစုံတယောက်ကို ဆက်တိုက် ခေါင်းညိတ်နေသည်နှင့် တူသည်။ ထိုပုဂ္ဂိုလ်မှာ သူ့ယောကျ်ားပင် ဖြစ်ဟန်တူသည်။ ယော်လတာတုန်းက ခါးသီး ရွံမုန်းကာ ရုတ်တရက် စိတ်ပေါက်လာပြီး လူညံ့ဟု အခေါ်ခံရသူ ဖြစ်သည်။ တကယ်ပင် ထိုပါးမြိုင်းမွေးနှင့် ပိန်ပိန်ပါးပါး ပုဂ္ဂိုလ်၏ ဟန်ပန်တွင် အောက်တန်းစားတို့၏ ခယဝပ်တွား လုပ်တတ်သည့် သွင်ပြင်သည် ပေါ်လွင်လာသည်။ ခေါင်းထက် တနေရာတွင် ကွက်ကာ ဆံပင်မွေး မရှိဘဲ ပြောင်နေသည်။ သူ၏အပြုံးမှာ ချိုသာသည်။ ကုတ်အင်္ကျီ ကြယ်သီးပေါက်တွင် တပ်ဆင်ထားသည့် ပြောင်လက်နေသော သိပ္ပံပညာ အသင်းတခု၏ တံဆိပ်မှာ အစေခံဝတ်စုံတွင် ချိတ်ထားသည့် နံပါတ်ပြားနှင့် တူသည်။

ပထမ အားလပ်ချိန်တွင် သူ့ယောကျ်ားသည် ဆေးလိပ်သောက်ရန် အပြင်သို့ ထွက်သွားသည်။ ထိုအချိန်တွင် အင်နာ တယောက်တည်းသာ ကျန်ရစ်သည်။ ဂုရော့သည်လည်း ဇာတ်ခုံနှင့် အနီးဆုံး အတန်းတွင် နေရာယူထားလေရာ အင်နာဆီသို့ ထသွားပြီး အသံ တုန်တုန်ယင်ယင် နှင့် အတင်းလုပ်ထားရသော အပြုံးတို့ဖြင့် “နေကောင်းရဲ့လား” ဟု နှုတ်ဆက်စကား ဆိုသည်။

သူ့ကို အင်နာ ရုတ်တရက် ကြည့်လိုက်ပြီး မျက်နှာပျက်သွားသည်။ ထိုနောက် သူ့ကို အလန့်တကြား စူးစိုက်ကြည့်ပြီး သူ့မျက်လုံးကိုပင် သူ

မယုံနိုင်လောက်အောင် ဖြစ်သွားဟန် တူသည်။ လက်တဖက်တွင် ယပ်တောင် ကိုင်ထားပြီး အခြားတဖက်တွင် မှန်ပြောင်းကို ကိုင်ထားရာမှ ခဏတာမျှ မေ့မြောသွားသည်ကို မနည်းပင် သတိပြန်လည်လာအောင် အားတင်း၍ ကြိုးစားရဟန် တူသည်။ သူ့နေရာမှာပဲ သူ ထိုင်နေသည်။ သူ့ဘေးတွင် ဂုရော့ ရပ်နေသည်။ အင်နာ အနေရ ခက်သွားသဖြင့် သူလည်း စိတ်မတည်မငြိမ်ဖြစ်ကာ ဘေးတွင် ဝင်၍ မထိုင်ရဲဘဲ ဖြစ်နေသည်။ တယောထိုးသံ၊ ပလွေမှုတ်သံများ ကြားရသည်။ အခြေအနေမှာ တင်းမာနေသည်။ သူတို့ကို ပွဲကြည့်ဆောင် အားလုံးမှ စောင့်ကြည့်နေသလားဟု ထင်မိလေသည်။ နောက်ဆုံးတွင် အင်နာလည်း ထိုင်ရာမှ ထကာ ထွက်ပေါက်တခုဆီသို့ ခပ်မြန်မြန် လျှောက်သွားသည်။ သူ့နောက်သို့ ဂုရော့ လိုက်သွားသည်။ သူတို့နှစ်ယောက် ရည်ရွယ်ချက်မရှိဘဲ စင်္ကြံတွင် လျှောက်နေကြသည်။ လှေကားထစ်များကို ဆင်းတက်နေကြ သည်။ သူတို့ဘေးမှ တရားရေးဌာန ဝတ်စုံဝတ် အရာရှိများ၊ အထက်တန်း ကျောင်းဆရာများ၊ ပြည်သူ့ဝန်ထမ်းများ အားလုံး တံဆိပ်များ တပ်ဆင်လျက် ဖြတ်သန်း လျှောက်သွားကြသည်။ အမျိုးသမီးများလည်း ဖြတ်လျှောက်သွားကြသည်။ စီးကရက်ငွေ့များ တချက် ဟပ်သည်။ ဂုရော့ ရင်ထဲတွင် တဒိန်းဒိန်း ခုန်လာသည်။ ပြီးတော့ "ဒီလူတွေ၊ ဒီသံစုံတီးဝိုင်းတွေ ဘာဖြစ်လို့ ဒီမှာ ရောက်နေကြတာလဲ" ဟု တွေးကြည့်မိသည်။

နောက်တခဏအတွင်း အင်နာ အပြန် ဘူတာရုံ လိုက်ပို့စဉ်က အဖြစ်တို့ ပေါ်လာသည်။ ဇာတ်လမ်းအားလုံး ပြည်ဖုံးကား ချသွားပြီ။ သူတို့ နောက်ထပ် မတွေ့နိုင်ကြတော့ဟူ၍ သူ့ကိုယ်သူ ပြောသည့်စကားကို ချက်ချင်း အမှတ်ရလာသည်။ ယခုမူ ခရီးလမ်းဆုံးဖို့ ဘယ်လောက် လိုသေးသလဲဟု သူ တွေးကြည့်သည်။ မှောင်မိုက်သော လှေကားထစ် တနေရာတွင် အင်နာ ရပ်နေသည်။

"ရှင် ကျွန်မကို လာပြီး ခြောက်လှန့်တာပေါ့လေ၊ ဟုတ်လား" ဟု အသက် ပြင်းပြင်းရှူကာ မေးသည်။ ယခုတိုင် အင်နာ၏ မျက်နှာမှာ သွေးရောင်မရှိဘဲ ဖြူဖပ်ဖြူရော် ဖြစ်နေသေးသည်။ ပြီးတော့ မျက်နှာတွင် ကြက်သေ သေသည့် အရိပ် မပြေသေး။

"ရှင် ကျွန်မကို လာပြီး ခြောက်လန့်တာပဲ။ ကျွန်မဖြင့် သေများ သွားမလား မသိဘူး၊ ရှင် ဘာလို့ လိုက်လာရတာလဲ။ အို ...ဘာဖြစ်လို့ လိုက်လာရတာလဲ"

"ဒါပေမဲ့ အင်နာရယ်.... ငါ ပြောပါဦးမယ်၊ တို့ကို နားလည်ပါကွယ်"

တိုးတိုးလေသံဖြင့် ဂုရော့ ခပ်မြန်မြန် ပြောသည်။

စိုးရွံ့စိတ်ဖြင့် အင်နာ တချက်ကြည့်သည်။ ထိုအကြည့်တွင်

အသနားခံခြင်းနှင့် ချစ်ခြင်းတို့ အားလုံးပါသည်။ ထိုနောက် တည်ငြိမ်စွာ စိုက်ကြည့်ပြီး ဂုရော့၏ မျက်နှာ အနေအထားကို စိတ်ထဲတွင် ကျက်မိအောင် မှတ်သားနေဟန် တူသည်။

"ကျွန်မ သိပ်ကို မပျော်ပိုက် ဖြစ်မိပါတယ်"

အင်နာ ဆက်၍ ပြောသည်။ ဂုရော့၏ စကားများကို အမှုထား မနေတော့ပေ။

"တချိန်လုံး ရှင့်ကို အမှတ်ရနေမိတယ်။ ရှင့်ကို စိတ်ကူးရင်း ကျွန်မ အသက်ရှင်နေမိတယ်။ မေ့ပျောက်ဖို့ ကြိုးစားပါတယ်။ ဒါပေမဲ့ အို… ဘာဖြစ်လို့… ရှင် ဘာဖြစ်လို့ လိုက်လာရတာလဲ"

သူတို့နှစ်ယောက်၏ အပေါ်ဘက် လှေကားထစ်တွင် ကျောင်းသားလေး နှစ်ယောက် ဆေးလိပ်သောက်ရင်း အောက်ဘက်သို့ ကြည့်နေကြသည်။ သို့ပေမဲ့ ဂုရော့သည် ဘယ်သူ့ကိုမျှ အရေးမစိုက်တော့ဘဲ အင်နာကို သူ့အပါးသို့ ဆွဲခေါ်ကာ မျက်နှာ၊ နှုတ်ခမ်းနှင့် လက်တို့ကို နမ်းသည်။

"ရှင် ဘာလုပ်တာ၊ အို ... ရှင် ဘာလုပ်တာလဲ"

ရုန်းရင်းကန်ရင်း အင်နာ ကြောက်ကြောက်လန့်လန့် ပြောသည်။

"ကျွန်မတို့ နှစ်ယောက်စလုံး ရူးနေကြပြီ။ ခုညပဲ ရှင် ဝေးရာကို သွားပါတော့၊ ခုပဲ ထွက်သွားပါတော့။ အခု လုပ်နေတာဟာ စက်ဆုပ်စရာ ကောင်းတယ်။ ကျွန်မ တောင်းပန်ပါတယ်ရှင်၊ တယောက်ယောက် လာနေပြီ"

လူတယောက်သည် လှေကားထစ်များအတိုင်း တက်လာသည်။

"ရှင် သွားတော့လေ"

အင်နာ တိုးတိုးပြောသည်။

"ကျွန်မပြောတာ ကြားရဲ့လား ဒမီထရီဒမီထရစ်၊ ရှင်ရှိတဲ့ မော်စကို ကို ကျွန်မ လာခဲ့ပါ့မယ်။ ကျွန်မ ဘယ်တုန်းကမှ မပျော်ပိုက်ခဲ့ပါဘူး၊ အခုလည်း မပျော်ပိုက်ပါဘူး၊ ဘယ်တော့မှလည်း ပျော်ပိုက်မှာ မဟုတ်ပါဘူး။ ကျွန်မကို ထပ်ပြီး မနှိပ်စက်ပါနဲ့တော့။ ကျွန်မ မော်စကိုကို လာခဲ့ပါ့မယ်၊ တကယ် လာခဲ့ပါ့မယ်။ ကျွန်မ ကျိန်တွယ်ပြီး ပြောတာပါ။ အခုတော့ ကျွန်မတို့ လူချင်း ခွဲကြပါစို့ အချစ်ရယ်၊ အသက်ရယ်၊ ဒါလင်ရယ်၊ ခွဲကြပါစို့…"

ဂုရော့လက်ကို ဖျစ်ညှစ်ဆုပ်ကိုင်ပြီး လှေကားအတိုင်း အောက်သို့ သူ

ပြေးဆင်းသွားသည်။ ဆင်းရင်း မကြာခဏ လှည့်ကြည့်သည်။ သူ တကယ် စိတ်မချမ်းမသာ ဖြစ်နေသည်မှာ သေချာသည်။ သူ့မျက်လုံးများက ပြောနေသည်။ သူပြောသည်ကို နားထောင်ရင်း ဂုရော့သည် လှေကားပေါ်တွင် အတန်ကြာ ရပ်နေသည်။ ထို့နောက် အားလုံး ပြီးဆုံး ငြိမ်သက်သွားသည့် အခါ ကုတ်အင်္ကျီကို ယူကာ ဇာတ်ရုံမှ ထွက်သွားလေသည်။

[၄]

ထို့နောက် အင်နာဆာဂီယက်ဗနာသည် သူ့ကိုတွေ့ရန် မော်စကိုမြို့သို့ လိုက်သွားသည်။ အင်နာသည် အက်(စ်)မြို့ကလေးမှ နှစ်လတခါ၊ သုံးလတခါ ထွက်ခွာသည်။ မော်စကိုတွင် မိန်းမရောဂါ ပြသရန် ဆရာဝန်ဆီသို့ သွားမည်ဟု သူ့ယောက်ျားအား အင်နာ အကြောင်းပြသည်။ သူ့ယောက်ျားက ယုံသည့်အခါ ယုံသည်၊ မယုံသည့်အခါ မယုံ။ မော်စကို ရောက်လျှင် သူသည် 'စလာဗီယင် စကီတဇား' ၌ အခြဲ တည်းခိုသည်။ ရောက်လျှင်ရောက်ချင်း ဦးထုပ်နီ ဆောင်းထားသည့် လူတယောက်အား ဂုရော့ထံ စေလွှတ်ကာ သူ ရောက်လာပြီ ဖြစ်ကြောင်း ကြားသိစေသည်။ သူ့ဆီသို့ ဂုရော့ သွားသည်။ ယင်းကို မော်စကိုတွင် မည်သူမျှ မသိကြပေ။

ဆောင်းရာသီ တမနက်ခင်းတွင် ဂုရော့သည် ယခင်ကလိုပင် အင်နာအား တွေ့ရန် သွားသည်။ (ယမန်နေ့ ညနေက အကြောင်းကြားသူသည် အိမ်သို့ ရောက်လာသည်။ သို့သော် အိမ်တွင် သူ မရှိ)။ သူ့သမီးသည် ကျောင်းသွားရန် သူနှင့်အတူ လိုက်လာသည်။ သမီး၏ကျောင်းမှာ လမ်းတွင် ဖြစ်သည်။ ကလေး ကျောင်းလိုက်ပို့သည့်အကြောင်း အင်နာကိုလည်း ပြောပြမည်ဟု စိတ်ကူးထားသည်။

"အပူချိန်က သုညအထက် သုံးဒီဂရီ ရှိတယ်၊ ဒါပေမဲ့ နှင်းကျနေတယ်။ မြေပြင်ပေါ်မှာသာ သုညနား ကပ်နေတာ၊ လေထု အထက်လွှာမှာတော့ အပူချိန်က တမျိုးပေါ့" ဟု သူ့သမီးအား ဂုရော့က ရှင်းပြသည်။

"ဆောင်းတွင်းမှာ ဘာဖြစ်လို့ မိုးမချုန်းတာလဲ ပါပါ"

ယင်းကိုလည်း သူ ရှင်းပြသည်။ ရှင်းပြနေစဉ် သူ့စိတ်ထဲတွင် အချိန်းအချက် ရှိရာကို ယခု သွားနေခြင်း ဖြစ်သည်။ ယင်းကို ဘယ်သူမှ မသိကြ။ ဘယ်တော့မှလည်း သိလိမ့်မည်မဟုတ် ဟူ၍ သတိရနေသည်။ သူသည် လောကတွင် နှစ်ဘဝနေသူ ဖြစ်သည်။ တစ်ဘဝမှာ လူသိရှင်ကြား လူတွေကြားထဲက ဘဝ ဖြစ်သည်။ သက်ဆိုင်သူတို့နှင့် တွေ့ရ ဆုံရသည်။ မိတ်ဆွေများ၊ အသိအကျွမ်းများ၏ဘဝများလိုပင် ဓလေ့ထုံးစံအရ မှန်ကန်တာတွေ၊ ဓလေ့ထုံးစံအရ လိမ်လည်ရတာတွေ ရှိသည်။ နောက် တစ်ဘဝမှာကား လျှို့ဝှက်မှုတွေအကြား စီးဆင်း ကျင်လည်ရသည့်ဘဝ ဖြစ်သည်။ ထိုပြင် ထူးဆန်းသော အခြေအနေအရ အရေးကြီးသော အရာအားလုံး၊ စိတ်ဝင်စားစရာ ကောင်းသော အရာအားလုံး၊ သူကိုယ်တိုင် သစ္စာရှိရှိ ယုံကြည်ပြီး သူ့ကိုယ်သူ မလှည့်စားသော အရာအားလုံး၊ ဘဝ၏ အနှစ်သာရများဖြင့် ဖွဲ့စည်းထားသော အရာအားလုံးသည် လျှို့ဝှက်သည့်ဘဝတွင် စီးဆင်းကျင်လည်နေလေသည်။ တဖန် အတုအယောင်ဟု ထင်ရသော အရာများသည် လည်းကောင်း၊ ဘဏ်ရှိ သူ၏ အလုပ်၊

ကလပ်တွင် ဆွေးနွေးခြင်းများ၊ သူ၏ အဆင့်နိမ့် သတ္တဝါများ၊ သူနှင့် သူ့မိန်းမတို့ တက်ရောက်သည့် နှစ်ပတ်လည် အခမ်းအနားများ စသည့် သူ့ရင်ထဲက ယုံကြည်သည့် အမှန်တရားကို ဖုံးကွယ်ရန် သူ ဝင်ရောက်ခိုလှုံသည့် အကာအကွယ်တည်းဟူသော အခွံတို့ သည် လည်းကောင်း သူ၏ အပေါ်ယံဘဝတွင် စီးဆင်းကျင်လည် နေကြလေသည်။ အခြားသူများကို သူကိုယ်တိုင် အကဲဖြတ်သည်။ အပေါ်ယံ မြင်ရသမျှနှင့် တော့ သူ မယုံကြည်။ လူတိုင်း ကျင်လည်နေသည့် စိတ်ဝင်စားစရာ တကယ့်ဘဝသည် ည၏ အမှောင်ထဲတွင် လျှို့ဝှက်စွာ တည်ရှိနေသည်ဟု သူ ယူဆသည်။ လူတဦးချင်း၏ တည်နေမှုသည် လျှို့ဝှက် နက်နဲသည့် ဘဝတခု ပတ်လည်တွင် လှည့်လည်နေသည်။ ထို့ကြောင့်ပင် ယဉ်ကျေး ရည်မွန်သော လူတိုင်းသည် သူတို့၏ လျှို့ဝှက်ဘဝအပေါ် မူတည်ကာ အလေးစား ခံရသည်။ အလေးပေး ခံရသည်။ ဤသည်မှာ လျှို့ဝှက်နက်နဲသည့်ဘဝတွင် လှည့်ပတ်နေကြသည့် အဓိက အကြောင်းကြောင့် ဖြစ်လေသည်။

သူ့သမီးအား ကျောင်းတံခါးဝတွင် ထားခဲ့ပြီးနောက် ဂုရော့သည် စလာဗီယင်စကီဘဇားသို့ လာခဲ့သည်။ ဧည့်ခန်းတွင် ကုတ်အင်္ကျီကို ချွတ်ထားခဲ့ပြီး အပေါ်ထပ်သို့ တက်ကာ အခန်းတံခါးကို ဖြည်းညင်းစွာ ခေါက်သည်။ အင်နာသည် သူ နှစ်သက်သည့် အညိုရောင် အဝတ်ကို ဝတ်ဆင်ထားသည်။ ခရီးပန်းသဖြင့် အားအင်ကုန်ခန်းလျက် ရှိသည်။ ပြီးတော့လည်း စိတ်ထဲမှာ ဝေခွဲမရနိုင် ဖြစ်နေသဖြင့် မောပန်း နွမ်းလျနေသည်။ သူ့ကို မနေ့ညနေကတည်းက အင်နာ မျှော်နေခဲ့သည်။ အင်နာသည် ဖျော့တော့ကာ ဖြူဖပ်ဖြူရော် ဖြစ်နေသည်။ မပြုံးဘဲ သူ့ကို ကြည့်သည်။ သို့ပြောလည်း အခန်းရောက်လျှင် ရောက်ချင်းပင် သူ့ရင်ခွင်ထဲသို့ ရောက်သွားသည်။ မတွေ့ရသည်မှာ နှစ်ပေါင်းများစွာ ကြာသည့်အလား အနမ်းသည် ရှည်ကြာသည်။

"ကဲ ဘယ်လိုလဲ၊ နေကောင်းရဲ့လား၊ ဘာများ ထူးသေးသလဲ"

သူက မေးသည်။

"နေဦး၊ ခဏနေတော့ ပြောမယ်၊ အခု မပြောနိုင်သေးဘူး"

အင်နာ စကားမပြောနိုင်။ ငိုနေသောကြောင့်ဖြစ်သည်။ တဖက်သို့ လှည့်ကာ လက်ကိုင်ပဝါဖြင့် မျက်ရည်များကို သုတ်သည်။

ငိုပြီးသည်အထိ စောင့်မည်ဟု အောက်မေ့ကာ ကုလားထိုင်တွင် သူ ထိုင်သည်။

လက်ဖက်ရည် မှာသည်။ ရောက်လာလျှင် သောက်ရင်း စောင့်နေသည်။ အင်နာသည် ပြတင်းဘက်သို့ လှည့်ကာ ငြိမ်သက်စွာ ရပ်နေသည်။ ဝမ်းနည်းသဖြင့်

ငိုသည်။ ဘဝအကြောင်း မလှသဖြင့် စိတ်မချမ်းသာ။ ထို့ကြောင့် ငိုသည်။ သူတို့မှာ သူခိုးသူဝှက်တွေလို လူအမြင် မခံဝံ့ဘဲ ပုန်းလျှိုးကွယ်လျှိုး တွေ့ရသည်၊ ဆုံရသည်။ သူတို့၏ဘဝသည် လင်မယားကွဲနေသော ဘဝနှင့် မတူပေဘူးလား။

"မငိုပါနဲ့ကွယ်"

သူ ချော့သည်။

သူတို့၏ အချစ်ခရီးသည် ဆုံးခန်းတိုင်သို့ ချောမောစွာ မရောက်နိုင်ဟု သူ သိသည်။ ဘယ်စခန်းတွင် သိမ်းမည်လဲဟု ဘယ်သူမျှ မပြောနိုင်။ အင်နာသည် ချစ်သူအား ချစ်ခင်မြတ်နိုးသည်။ ကိုးကွယ်သည်။ ဘယ်နေ့တွင် စခန်းသိမ်း အောင်ပွဲခံရမည်လဲဟု ထောက်ခံ ပြောဆိုနိုင်ရန် အကြောင်း တစုံတရာ မမြင်။ တကယ်စင်စစ် အင်နာသည် ချစ်သူကို မယုံကြည်နိုင်။

သူ ချော့သည်။ အင်နာအား ပခုံးက ကိုင်ကာ ဖြေသိမ့်သည့် စကားလုံးများဖြင့် ချော့သည်။ သို့ပေမဲ့ ရုတ်တရက်ပင် သူ့ကိုယ်သူ မှန်ထဲတွင် မြင်လိုက် သည်။

သူ၏ ဆံပင်များမှာ ဖြူစပြုနေပြီ။ နှစ်အနည်းငယ်အတွင်း ယခုလောက် အိုစာသွားသည်မှာ ထူးဆန်းသည်။ သူ ကိုင်ထားသော ပခုံးများမှာ ပူနွေးပြီး တဆတ်ဆတ် တုန်နေသည်။ ယခုဘဝမျိုးကို သူ သနားသည်။ အင်နာ၏အချစ်မှာ ယခုတိုင် နွေးထွေးနေဆဲ၊ လှပနေဆဲ ဖြစ်သည်။ သို့သော်လည်း သူ့လိုပင် မကြာခင် မှေးမှိန်ညှိုးနွမ်းသွားမည်။ သူ့ကို ဘာကြောင့် အင်နာ ယခုလို ချစ်ရသလဲ။ မိန်းမများသည် သူ၏ တကယ့်အဖြစ်ကို မယုံကြည်။ တမျိုး ယုံကြည်သည်။ သူ့ကို ချစ်ကြသည်မှာ သူတို့စိတ်ကူးထဲက ချစ်သူ၏ ရုပ်ပုံလွှာမျိုး ဖန်ဆင်းပြီး ချစ်ကြခြင်း ဖြစ်သည်။ သူတို့ တသက်လုံးရှာဖွေခဲ့ရသည့် ယောကျာ်းမျိုးဟု ယုံကြည်ကြသည်။ ထိုနောက် သူတို့အမှားကို သူတို့ သိသည့်အခါ သူတို့သည် ချစ်ခင်မြဲအတိုင်း ဆက်လက် ချစ်ခင်သွားကြသည်။ အချိန်တွေ ကုန်လွန်လာသည်။ သူသည် မိန်းမ တယောက်ပြီး တယောက် တွေ့ခဲ့သည်။ မိန်းမတိုင်းနှင့် ရင်းနှီးသည်။ ပြီးတော့ ခွဲခွာကြသည်။ သို့သော်လည်း သူတို့ကို သူ ချစ်မြတ်နိုးခြင်း မရှိခဲ့ပေ။ သူတို့အကြား အနှောင်အဖွဲ့တွေ အမျိုးမျိုး ရှိသည်။ သို့ငြားလည်း အချစ်နှောင်ကြိုးကား မဟုတ်ပေ။

ယခုမှသာ ဆံဖြူ သွားကြွေ ဖြစ်လာသည့် ဘဝတွင် သူ မှန်မှန်ကန်ကန် ချစ်တတ်လာခြင်း ဖြစ်သည်။ သူ့တသက်တွင် ပထမဆုံးအကြိမ် ချစ်မိခြင်း ဖြစ်သည်။

သူနှင့် အင်နာဆာဂီယက်ဗနာတို့သည် နီးစပ်ရင်းနှီးသူတို့

ချစ်ကြပုံမျိုးအတိုင်း ချစ်ကြသည်။ လင်နှင့်မယား ချစ်သလို ချစ်ကြသည်။ ရင်းနှီးသော သူငယ်ချင်းများ ချစ်သလို ချစ်ကြသည်။ သို့သော် ဇာတ်ဆရာက သူတို့အတွက် တမျိုးတဖုံ စီမံ ဖန်ဆင်းလိုက်သည်။ အင်နာတွင် လင်ယောကျ်ားတယောက် ဘာကြောင့် ရှိနေပြီး၊ ဂုရော့တွင် ဇနီး မိန်းမတယောက် ဘာကြောင့် ရှိနေသလဲ။ သူတို့ နားမလည်နိုင်။ သူတို့သည် နေရာပြောင်းသည့် ငှက်ထီးနှင့် ငှက်မ နှစ်ကောင်တို့နှင့် တူသည်။ သူတို့ကို ဖမ်းယူပြီး လှောင်အိမ်ထဲတွင် အထည့်ခံရသည်နှင့် တူနေသည်။ အတိတ်ကို လည်းကောင်း၊ ပစ္စုပ္ပန်ကို လည်းကောင်း ရှက်ရွံ့ကာ တယောက်ကိုတယောက် ခွင့်လွှတ်ကြသည်။ ပြီးတော့ ယခု သူတို့၏ ချစ်ခြင်း မေတ္တာသည် သူတို့ နှစ်ယောက်စလုံးကို ဘဝပြောင်းပစ်လိုက်သည်ဟု ခံစားရမိလေသည်။

အလျင်ကမူ စိတ်ဝမ်း ညှိုးငယ်နေသည့်အခါ ခေါင်းထဲတွင် ပထမဆုံး ဝင်လာသည့် ဆင်ခြေဖြင့် ဂုရော့ နှစ်သိမ့်သည်။ သို့သော် ယခုမူ ဆင်ခြေများမှာ သူ့အတွက် ဘာမျှ အကြောင်းမဟုတ်တော့ပေ။ သူ့တွင် သနားကြင်နာစိတ် ဝင်လာသည်။ ရိုးရိုးသားသား ချစ်ခင်လိုသည့် ဆန္ဒ၊ ကြင်နာပျော့ပျောင်းလိုသည့် ဆန္ဒ ဖြစ်ပေါ်လာသည်။

"မငိုပါနဲ့ အချစ်ရယ်၊ အားရအောင် ငိုပြီးပြီပဲ၊ တိတ်ပါတော့။ ကဲ အခု တို့နှစ်ယောက် စကားပြောကြမယ်၊ ဘယ်ပုံ ရှေ့ဆက် စခန်းသွားမယ် ဆိုတာ စဉ်းစားကြမယ်"

သူက ဆိုသည်။

ထိုနောက် သူတို့သည် အခြေအနေကို အကြာကြီး ဆွေးနွေးတိုင်ပင်ကြသည်။ ယခုလို ပုန်းလျှိုးကွယ်လျှိုး အဖြစ်မှ လွတ်အောင် ဘယ်လို ကြံစည်မည်လဲ၊ လှည့်ဖြားနေကြသည့် အဖြစ်မှ လွတ်အောင် ဘယ်လို ကြမည်လဲ၊ နှစ်ယောက် မတွေ့ဆုံနိုင်ဘဲ တမြို့စီ နေကြရသည့် အဖြစ်မှ လွတ်အောင် ဘယ်လို ကြံမည်လဲ၊ ယခုလို သည်းမခံနိုင်သည့် အချုပ်အတည်းကို ဘယ်လို ခါထုတ်မည်လဲ။

"ဘယ်လို လုပ်မလဲ၊ ဘယ်လို လုပ်မလဲ"

ထပ်ခါတလဲလဲ ပြောကာ သူ့ခေါင်းသူ ဆုပ်ကိုင်သည်။

ဆုံးဖြတ်ချက် တခုခု ရောက်ဖို့ လက်တကမ်းသာ လိုတော့သယောင် ထင်ရသည်။ လှပသော ဘဝသစ်တခုသည် အစပျိုးတော့မည်ဟု ထင်ရသည်။ ထိုမှတဖန် စခန်းသိမ်းဖို့ အဝေးကြီး လိုသေးပါလားဆိုသည်ကို နှစ်ယောက်စလုံး နားလည်မိကြသည်။ အခက်ခဲဆုံး၊ အရှုပ်ထွေးဆုံး အပိုင်းသည် ယခုမှ အစပျိုးစ

ဖြစ်သည်ဟု နားလည်မိကြလေသည်။

■

သတို့သမီး

The Bride

[၁]

ည ကိုးနာရီ ရှိနေပြီ။ လသည် ပန်းခြံထဲတွင် ထိန်ထိန်သာလျက် ရှိသည်။ ရှူးမင်း ဂေဟာတွင် အဘွား မာဖာမိခေးလော့ဗနာက ဦးဆောင်၍ ညနေ ဘုရားဝတ်ပြု နေကြသည်။ ယခုပင် ဝတ်ပြုပြီးသွားပြီ။ နာဒယာသည် ပန်းခြံထဲသို့ ခဏ ပြေးဆင်းလာသည်။ ထမင်းစားခန်း ထဲတွင် အေးစက်နေသော ညစာ ပြင်ဆင်နေသည်ကို မြင်ရသည်။ အဘွားသည် ပိုးဂါဝန်ကို ဝတ်ကာ စားပွဲတွင် အလုပ် ရှုပ်နေသည်။ ဘုရားကျောင်း ဘုန်းတော်ကြီး အင်ဒရေးသည် နာဒယာ၏အမေ နီနာအိုင်ဗင်နော့ဗနာနှင့် စကားပြောနေသည်။ ပြတင်းမှ သူ့အမေ နီနာ၏ ရုပ်သွင်ကို မြင်ရသည်။ အမေသည် ငယ်ရွယ်သူ တယောက်နှင့် တူသည်။ အမေ့ဘေးတွင် ဘုန်းတော်ကြီး အင်ဒရေး၏သား အင်ဒရေး အင်းဒရစ် ရပ်ပြီး သူ့အဖေတို့ စကားပြောနေသည်ကို စူးစိုက် နားထောင်နေသည်။

ပန်းခြံထဲတွင် အေးပြီး တိတ်ဆိတ်သည်။ အရိပ်မည်းမည်းများ မြေပြင်တွင် ထင်လာကြသည်။ အားလုံး ငြိမ်ငြိမ်သက်သက်ပင်။ အဝေးဆီမှ ဖားအော်သံများကို ကြားရသည်။ လေထဲတွင် မေလ၏ အနံ့အသက်များ ထုံမွှမ်းနေသည်။ ချစ်စရာ့မေလပေတည်း။ အသက်ကို ဝဝ မရှူဘဲ မြို့၏ပြင်ဘက် ကောင်းကင်အောက်က တနေရာ သို့မဟုတ် သစ်ပင်ထိပ်ဖျား တနေရာ သို့မဟုတ် လယ်ကွင်းထဲ သို့မဟုတ် တောအုပ်ထဲတွင် နွေဦးပေါက် ရာသီသည် သစ်လွင် လှပစွာ မွေးဖွားလာသည်ဟု မှန်းဆကြည့်နိုင်သည်။ ပြစ်မှုကျူးလွန်သော လူသားနှင့် ကင်းဝေးသည့်ဘဝတခုသည် အစပျိုးလာနေပြီဟု မှန်းဆနိုင်သည်။ ချစ်စရာ နွေဦးပေတကား။

နာဒယာမှာ နှစ်ဆယ့်သုံးနှစ် ရှိလာပြီ။ ဆယ့်ခုနစ်နှစ်သမီး အရွယ်ကတည်းက လက်ထပ်ဖို့ အရေးကို တွေးပြီး စိတ်ကူးယဉ်ခဲ့သည်။ ယခုမူ သူသည် ယခု ထမင်းစားခန်းထဲတွင် ရပ်နေသော လူငယ်လေး အင်ဒရေးအင်းဒရစ်နှင့် စေ့စပ်ပြီး ဖြစ်သည်။ သူ့ကို နာဒယာ နှစ်သက်ပါသည်။ ဇူလိုင် ခုနစ်ရက်နေ့တွင် သူတို့ လက်ထပ်ကြမည်။ သို့သော်လည်း သူ မပျော်ပါ။ ညအခါ အိပ်၍မပျော်၊ ရွှင်ရွှင်ပျပျ မရှိသည်မှာ ကြာပြီ။ အောက်ဆုံးထပ် မီးဖိုခန်းမှ အသံဗလံများကို ကြားနေရ သည်။ ကြက်ဆင် ကင်နေရာမှ မွှေးပျံ့သည့်အနံ့ ထွက်လာသည်။ ချယ်ရီသီးနံ့ကိုလည်း ရသည်။ ဤသို့ဖြင့် ဘဝသည် မပြောင်းလဲဘဲ ယခုလို ဆက်လက် ရှင်သန်နေပေဦးမည်ဟု တွေးထင်ရပေသည်။

အိမ်ထဲမှ တယောက် ထွက်လာပြီး ဆင်ဝင်တွင် ရပ်သည်။ ယင်းမှာ အလက်ဇင်းဒါးတီမိုဖစ် ဖြစ်သည်။ သူ့ကို ဆာရှာဟု လူတိုင်းက ခေါ်ကြသည်။ သူသည် လွန်ခဲ့သည့် ဆယ်ရက်က မော်စကိုမြို့မှ ရောက်လာသည့် ဧည့်သည် ဖြစ်သည်။ ကာလအတန်ကြာကပင် မာရီယာ ပီရော့ဗနာဟု ခေါ်သော သိမ်မွေ့ သားနားသည့် မုဆိုးမတယောက်သည် နာဒယာ၏ အဘွားထံသို့ လာရောက် လည်ပတ်သည်။ သူ့ကို ကျွေးမွေးရန် တောင်းဆိုသည်။ သူတို့သည် ဆွေမျိုးနီးစပ် တော်ကြသူများ ဖြစ်သည်။ သူ့တွင် ဆာရှာဟု ခေါ်သော သားတယောက် ရှိသည်။ ဆာရှာသည် ပန်းချီဆရာကောင်းတယောက် ဖြစ်သည်ဟု အများက ပြောသည်။ သူ့အမေ သေလျှင် အဘွားက သူ့ကို မွေးကျွေး စောင့်ရှောက်ခဲ့သည်။ မော်စကိုမြို့ရှိ ကိုမစ်ဆာရော့ ကျောင်းသို့ ပို့သည်။ တစ်နှစ်၊ နှစ်နှစ်ရှိလျှင် အနုပညာ ကျောင်းတခုသို့ ပြောင်းရွှေ့ ပညာသင်ကြားသည်။ ထိုကျောင်းတွင် ဆယ့်ငါးနှစ်ခန့် ပညာသင်ကြားသည်။ နောက်ဆုံးတွင် ဗိသုကာဌာနၶ် သူ အခြေချသည်။ ဗိသုကာအဖြစ်ကား သူ အလုပ်မလုပ်။ သို့သော် မော်စကို ပုံနှိပ်လုပ်ငန်း ဌာနတခုတွင် အလုပ် ရသည်။ နှစ်တိုင်းလိုလိုပင် ရှူးမင်းဂေဟာသို့ သူ ရောက်လာပြီး အနားယူ အပန်းဖြေလေ့ ရှိသည်။ များသောအားဖြင့်ကား သူ့မှာ နာမကျန်း ဖြစ်နေသည်။ အနာရောဂါ သက်သာအောင် သူ အနားယူသည်။

ဆာရှာသည် ကုတ်အင်္ကျီ အရှည်ကြီးကို ဝတ်ထားပြီး လည်ပင်းအထိ ကြယ်သီး တပ်ဆင်ထားသည်။ ဘောင်းဘီမှာ မီးအိုး မတိုက်ထား၊ ကြေမွနေသည်။ သူ့သွင်ပြင်မူရာ အားလုံးမှာ သပ်သပ်ရပ်ရပ် မရှိ။ ညစ်ပတ် ပေရေနေသည်။ မျက်လုံးအိမ်ကြီးများမှာ ကြီးမားသည်။ လက်ချောင်းများ သေးသွယ်သည်။ မုတ်ဆိတ်မွေး ရှိပြီး အသားညိုသည်။ မည်သို့ဖြစ်စေ ကြည့်ပျော်ရှုပျော် ရှိသူ ဖြစ်လေသည်။ ရှူးမင်ဂေဟာတွင်မူ သူသည် အိမ်သားတယောက်လို နေထိုင်သည်။ ဆူဆူပူပူ မရှိ။ အေးအေးသက်သာ အချိန်ကုန်လွယ်လေ့ ရှိသည်။ သူလာလျှင် နေထိုင်လေ့ရှိသည့်အခန်းကို ဆာရှာ၏အခန်းဟု အသိအမှတ် ပြုထားသည်။

ဆင်ဝင်တွင် ရပ်နေရာမှ နာဒယာကို ဆာရှာ လှမ်း၍ မြင်လိုက်သည်။ ပန်းခြံထဲသို့ သူ ဆင်းလာသည်။

"ဒီမှာ သိပ်သာယာတာပဲ"

သူ ပြောသည်။

"အမြဲလိုလို သာယာတာပါပဲ၊ ဆောင်းဦးပေါက်အထိ ရှင် နေဖို့ ကောင်းတယ်"

"ဟုတ်တယ်၊ ကောင်းမှန်း သိပါတယ်၊ မင်းနဲ့အတူ စက်တင်ဘာလအထိ နေဖြစ်ပါလိမ့်မယ် ထင်တယ်"

အခိပ္ပာယ်မရှိ သူ ရယ်ပြီး နာဒယာ၏ ဘေးတွင် ထိုင်သည်။

"ကျွန်မ ဒီမှာ ရပ်ပြီး မေမေ လုပ်ကိုင်နေတာကို ကြည့်နေတာ၊ ဒီကကြည့်တော့ မေမေက ငယ်ပြီး နုပျိုသွားတယ်။ မေမေ့မှာ အားနည်းချက်တွေ ရှိတယ်ဆိုတာ ကျွန်မ သိပါတယ်။ ဒါပေမဲ့ မေမေဟာ တကယ့်ကို အံ့သြစရာ ကောင်းတဲ့ မိန်းမတယောက်ပါပဲ"

နာဒယာ ပြောသည်။

"ဟုတ်တယ်၊ သူဟာ သိပ်သဘောကောင်းတာပဲ"

ဆာရှာ သဘောတူသည်။

"သူ့နည်းနဲ့သူတော့ မင်းမေမေဟာ သဘောကောင်းတယ်၊ ကြင်နာတတ်တယ်။ ဒါပေမဲ့ ငါ ဘယ်လိုပြောရမလဲ၊ ဒီနေ့မနက် မီးဖိုထဲဝင်သွားတော့ အစေခံ လေးယောက် မီးဖိုကြမ်းပြင် ပေါ်မှာ အိပ်နေကြတယ်။ အိပ်ရာ မရှိဘူး၊ စောင်က စုတ်နေတာပဲ၊ ကြမ်းပိုးတွေ ပိုးဟပ်တွေ ပြည့်နေတာပဲ။ လွန်ခဲ့တဲ့ အနှစ် နှစ်ဆယ်က အတိုင်းပဲ။ နည်းနည်းလေးမှ အပြောင်းအလဲ မရှိဘူး။ အဘွားကို အပြစ်တင်စရာ မရှိဘူး။ သူက အသက်ကြီးပြီ မဟုတ်လား။ မင်းမေမေပဲ သူ့ပြင်သစ်စာနဲ့၊ အဆို အတီး ဂီတတွေနဲ့ အလုပ်ရှုပ်နေတယ်။ သူ နားလည်မယ်လို့ မင်း ထင်သလား"

ဆာရှာသည် စကားပြောလျှင် အရိုးပြိုင်းပြိုင်း ထနေသော လက်ညှိုး နှစ်ချောင်းကို နားထောင်သူဘက်သို့ ထိုး၍ ပြောလေ့ရှိသည်။

"ဒီမှာ တွေ့ရတာ အကုန်လုံး ငါ့အဖို့ အထူးဆန်းချည်းပဲ၊ မြင်နေကျမဟုတ်လို့ ဖြစ်ပါလိမ့်မယ်။ ဘယ်သူမှ ဘာအလုပ်မှ မလုပ်ကြဘူး။ မင်းအမေကလည်း ဘာမှမလုပ်ဘူး။ မြို့စားကတော်လေးတယောက်လို ဟန်နဲ့ပန်နဲ့ လမ်းလျှောက်နေတာပဲ တွေ့ရတယ်။ အဘွားလည်း ဘာမှ မလုပ်ဘူး။ မင်းမှာလည်း အလုပ် မရှိဘူး။ ပြီးတော့ မင်းရည်းစား အင်ဒရေးအင်းဒရစ်လည်း ဘာမှ မလုပ်ဘူး"

သည်စကားများကို မနှစ်ကလည်း နာဒယာ ကြားရသည်။ သူ မှတ်မိနေသည်။ သည့်အလျင်နှစ်ကလည်း ဆာရှာ သည်စကားတွေကိုပဲ ပြောသည်။ အိမ်ရောက်လာလျှင် ဒါတွေကိုပဲ ဆာရှာ မြင်တတ်သည်ဟု နာဒယာ ထင်သည်။ တချိန်ကမူ ထိုစကားများကို နာဒယာ လက်ခံခဲ့သည်။ ယခုကား အကြောင်းတခုခုကြောင့် နားခါးသည်။

"ဒါပဲ ထပ်တလဲလဲ ပြောနေ၊ ကျွန်မတော့ ကြားရတာ နားငြီးလာပြီ၊ တခြား အသစ်အဆန်းတွေ မပြောတော့ဘူးလား"

နာဒယာ ထိုင်နေရာမှ ထသည်။

ဆာရှာလည်း ထိုင်ရာမှ ထကာ အိမ်ထဲသို့ အတူ ဝင်လာကြသည်။ နာဒယာနှင့် ဆာရှာတို့ အတူ ယှဉ်လျှောက်လာကြသည်။ နာဒယာမှာ ပိန်ပိန်ပါးပါး ဖြစ်ပြီး သပ်ရပ်စွာ ဝတ်ဆင်ထားသည်။ နာဒယာသည် သူ့အလှကို သူ သိသည်။ ဆာရှာအတွက် ဝမ်းနည်းမိသည်။ တောင်းပန်လုနီးပါး စိတ်မကောင်း ဖြစ်မိသည်။

"အဓိပ္ပာယ်မရှိတာတွေချည်း ပြောနေတာပဲ၊ ကျွန်မ အင်ဒရေးကိုလည်း ရှင် အခုပြောပုံ ကြည့်ပါဦး၊ သူ့အကြောင်း နည်းနည်းလေးမှ ရှင် မသိဘူး၊ တကယ်ပဲ"

နာဒယာ ပြောသည်။

"ကျွန်မ အင်ဒရေး... ဟုတ်လား၊ မင်း အင်ဒရေးလည်း ငါ ဂရုမစိုက်ပါဘူး၊ မင်းတို့ ပျိုမျစ်နုနယ်ခြင်းကို ငါ မနာလိုတာပါပဲ"

ထမင်းစားခန်းထဲသို့ သူတို့ ဝင်သွားလျှင် ညစာစားရန် ဝိုင်းဖွဲ့ထိုင်နေကြသည်ကို တွေ့ရသည်။ လူတိုင်းက အဘွားဟုခေါ်သည့် နာဒယာ၏အဘွားသည် အသံကျယ်ကျယ်နှင့် ပြောဆိုနေသည်။ သူ့အသံကို နားထောင်ရခြင်းအားဖြင့် သူသည် ဤအိမ်ထောင်စု၏ အကြီးအကဲ ဖြစ်သည်မှာ သိသာသည်။ အဘွားမှာ မျက်ခုံးထူပြီး နှုတ်ခမ်းမွေးရေးရေး ရှိသည်။ ခပ်ဝဝ ခပ်ရိုးရိုး မိန်းမကြီးတယောက် ဖြစ်သည်။ ဈေးထဲတွင် ဆိုင်ခန်းအချို့ကို သူ ပိုင်သည်။ တိုင်လုံးကြီးများဖြင့် ဆောက်ထားသည့် ဤအိမ်နှင့် ပန်းခြံတို့မှာလည်း သူပိုင်ပစ္စည်းများ ဖြစ်သည်။ မနက်တိုင်း ဘုရားရှိခိုးသည့်အခါ ဘုရားသခင်က သူ့ပစ္စည်းဥစ္စာ မပျောက်ပျက်အောင် သူ့အား ကြည့်ရှုစောင့်ရှောက်တော်မူပါဟု ဆုတောင်းလေ့ ရှိသည်။ ထမင်းစားစားပွဲတွင် အဘွားအပြင် လူသုံးယောက် ရှိနေသည်။ အဘွား၏ချွေးမ နာဒယာ၏အမေ နီနာအိုင်ဗင်နော့ဗနာသည် ရွှေရောင်ဆံပင်ပိုင်ရှင် ဖြစ်ပြီး ကိုယ်လုံးကိုယ်ထည် လှအောင် အောက်က ကိုယ်ကျပ်ခံ၍ ဝတ်ထားသည်။ နှာခေါင်းပေါ် တင်ထားရသည့် မျက်မှန် တပ်ဆင်ထားပြီး လက်တွင် လက်ချောင်းတိုင်း၌ စိန်လက်စွပ်များ ဝတ်ဆင်ထားလေသည်။ အမြဲတမ်းလိုလို ရယ်စရာပြောမည် ထင်ရသည့် ပုဂ္ဂိုလ်မှာ ဘုန်းတော်ကြီး အင်ဒရေး ဖြစ်သည်။ ပိန်သည်။ သွားတချောင်းမျှ မရှိ။ ပြီးတော့ သူ့သား အင်ဒရေးအင်းဒရစ်လည်း ရှိနေသည်။ အင်ဒရေးမှာ နာဒယာ၏ရည်းစား ဖြစ်သည်။ ကိုယ်လုံးကိုယ်ထည် တောင့်တင်းပြီး ပျိုမျစ်သော လူငယ်တယောက် ဖြစ်သည်။ ဆံပင် ကောက်ကောက်နှင့် ဖြစ်ရာ ဇာတ်လိုက်မင်းသားနှင့် တူသည်။ သို့မဟုတ် အနုပညာသည်နှင့် တူသည်။ သူတို့သုံးယောက် စိတ်ညို့ပညာအကြောင်း ပြောနေကြသည်။

"ဒီရောက်လာတဲ့ တပတ်အတွင်း မင်း ဝလာတယ်"

ဆာရှာကို အဘွားက ပြောသည်။

"ဒါပေမဲ့ များများစားပေး၊ မင်းကိုယ်မင်းလည်း ပြန်ကြည့်ဦး"

ဤသို့ ပြောကာ အဘွား သက်ပြင်းချသည်။

"မင်းဟာ အံ့သြစရာ ကောင်းတယ်၊ တကယ့်ကို အသုံးအဖြုန်းကြီးတဲ့ သားတယောက်ပဲ"

ဘုန်းတော်ကြီး အင်ဒရေးက ဤသို့ ဝင်၍ ပြောသည်။

"အသုံးအဖြုန်း ကြီးပြီး ပျော်ပျော်နေတတ်တဲ့ လူကလေးတယောက်ပဲ။ သူ့ကိုမှ လယ်ထဲ လွှတ်ပြီး ဝက်စာကျွေးခိုင်းတယ်"

မျက်တောင် တဖျတ်ဖျတ်ခတ်ကာ ဖြည်းဖြည်း ပြောသည်။

"ကျွန်တော် အဖေကို သိပ်ချစ်တယ်။ ချစ်စရာ အဖေကြီး၊ သဘောကောင်းတဲ့ အဘိုးကြီး"

အင်ဒရေးအင်းဒရစ်သည် သူ့အဖေ၏ ပခုံးကိုပုတ်ကာ ပြောသည်။ ဘယ်သူမျှ စကားဝင်၍ မပြော။ ချက်ချင်းပင် ဆာရှာသည် တဟားဟား ရယ်ကာ လက်သုတ်ပဝါဖြင့် နှုတ်ခမ်းကို သုတ်သည်။

"ဒီတော့ ခင်ဗျား စိတ်ညို့တာကို ယုံတယ်နော်"

ဘုန်းတော်ကြီး အင်ဒရေးက နီနာအိုင်ဗင်နော့ဗနာကို မေးသည်။

"ယုံတယ်လို့တော့ အတိအကျ မပြောနိုင်ဘူးလေ၊ ဒါပေမဲ့ လျှို့ဝှက်နက်နဲတာတော့ အမှန်ပဲ။ သဘာဝတရားနဲ့ကြည့်ရင် နားလည်သဘောပေါက်ဖို့ အတော် ခက်တယ်"

နီနာသည် အလေးအနက် စကားကို ဆိုသည်။ မျက်နှာမှာလည်း တင်းရင်းလာသည်။

"တို့လည်း သဘောတူပါတယ်၊ ဒါပေမဲ့ လျှို့ဝှက်ဆန်းကြယ်တဲ့ ကိစ္စတွေမှာ ယုံကြည်မှုဟာ တဖြည်းဖြည်း နည်းလာချင်ပြီလို့ ပြောရမလား မသိဘူး"

စားပွဲပေါ်သို့ အရည်တရွှမ်းရွှမ်းရှိသည့် ကြက်ဆင်ကင် တပန်းကန် လာ၍ ချသည်။ ဘုန်းတော်ကြီး အင်ဒရေးနှင့် နီနာတို့ စကား ဆက်၍ ပြောနေကြသည်။ နီနာ၏လက်မှ စိန်များမှာ အရောင်လက်နေသည်။ သူ့မျက်လုံးတွင် မျက်ရည်များ ပြည့်လျှမ်းလာသည်။ သူသည် အကြီးအကျယ် စိတ်လှုပ်ရှားနေဟန် တူသည်။

"ဘုန်းတော်ကြီးနဲ့ မဆွေးနွေးချင်ပါဘူး၊ ဒါပေမဲ့ ဘဝမှာ မဖြေရှင်းနိုင်တဲ့ ပြဿနာတွေ အများကြီးရှိတယ် ဆိုတာတော့ သဘောတူမှာပေါ့"

နီနာက ပြောသည်။

"တခုမှ မရှိပါဘူး၊ တကယ် ပြောတာပါ"

ညစာ စားပြီးလျှင် အင်ဒရေးအင်းဒရစ်သည် တယောထိုးသည်။ နီနာ အိုင်ဗင်နော့ဗနာက တွဲဖက်၍ စန္ဒရားတီးသည်။ အင်ဒရေးမှာ လွန်ခဲ့သည့် ဆယ်နှစ်က တက္ကသိုလ် ဘာသာဗေဒ ဌာနမှ ဘွဲ့ရလာသူ ဖြစ်သည်။ သို့သော် အလုပ်အကိုင် တိတိကျကျ မရှိသေး။ အလှူငွေပွဲများတွင် အပျော်တမ်း တယောထိုးလေ့ ရှိသည်။ တမြို့လုံးကမူ သူ့ကို ဂီတပညာရှင်ဟု အသိအမှတ် ပြုကြသည်။

အင်ဒရေး အင်းဒရစ် တယောထိုးနေသည်ကို အားလုံး ငြိမ်၍ နားထောင်နေကြသည်။ စားပွဲပေါ်တွင် ဆမိုဗာ လက်ဖက်ရည်အိုးကြီးသည် အငွေ့ တထောင်းထောင်း ထွက်နေသည်။ လက်ဖက်ရည် သောက်သူမှာ ဆာရှာတယောက်တည်းသာ ရှိသည်။ ဆယ့်နှစ်နာရီထိုးလျှင် တယောသံ ရုတ်တရက် ရပ်သွားသည်။ လူတိုင်း ရယ်မောကြသည်။ ထို့နောက် အိမ်သို့ပြန်ရန် ပြင်ဆင်ကြလေသည်။

သူ့ရည်းစားကို နှုတ်ဆက်ပြီးနောက် နာဒယာသည် အပေါ်ထပ်ရှိ အမေနှင့် အတူနေသည့် အခန်းသို့ တက်သွားသည်။ (အောက်ထပ်တွင် အဘွား နေသည်။) အောက်ထပ်တွင် မီးများ ငြိမ်းသွားသည်။ သို့သော် ထမင်းစားခန်းထဲတွင်မူ ဆာရှာတယောက် မလှုပ်မယှက်ထိုင်ကာ လက်ဖက်ရည် သောက်နေသည်။ သည်လိုပဲ လက်ဖက်ရည်ကို တခွက်ပြီးတခွက် သောက်တတ်သည်။ မော်စကို မြို့သားတို့ အကျင့်အတိုင်း လက်ဖက်ရည် ခြောက်ခွက်မှ ခုနစ်ခွက်အထိ တခွက်ပြီး တခွက် သောက်သည်။ နာဒယာမှာ အဝတ်အစားများ လဲပြီး အိပ်ရာထဲ ရောက်နေပြီ။ ထမင်းစား စားပွဲ သိမ်းနေသော အစေခံများအား အဘွား ဆူပူ ကြိမ်းမောင်းနေသည်ကို သူ ကြားရသည်။ နောက်ဆုံးတွင် တအိမ်လုံး ငြိမ်သက်သွားသည်။ တခါတရံ အောက်ထပ်ရှိ ဆာရှာ၏ အခန်းဆီမှ ချောင်းဆိုးသံကို ကြားရသည်။

နာဒယာ အိပ်ရာမှ နိုးသည့်အချိန်တွင် နှစ်နာရီ ထိုးနေပြီ။ အရုဏ်လာခ ပြုနေပြီ။ အဝေးဆီမှ ညစောင့်၏ တဒေါက်ဒေါက် လမ်းလျှောက်သံကို ကြားနေရသည်။ နာဒယာ အိပ်၍မပျော်။ အိပ်ရာမှာ ပျော့အိလွန်းသည်။ မေလ အလျင့်အလျင် ညများတွင် ပြုလုပ်လေ့ ရှိသည့်အတိုင်း သူသည် အိပ်ရာပေါ်တွင် ထထိုင်ကာ တွေးတောနေသည်။ အတွေးများမှာ ခါတိုင်းညများက အတိုင်းပင် ဖြစ်သည်။ အပ်ကြောင်း ထပ်နေပြီ။ အင်ဒရေးအင်းဒရစ် သူ့ကို ပိုးပန်းပုံ၊ ပြီးတော့ လက်ထပ်ဖို့ တောင်းဆိုပုံ၊ ဘယ်သို့ သူ လက်ခံလိုက်ပုံ၊ ပြီးတော့ အင်ဒရေးမှ လူကောင်း လူလိမ္မာတယောက် ဖြစ်သည်ကို တဖြည်းဖြည်း နားလည်လာပုံတို့ပင် ဖြစ်သည်။ သို့သော်လည်း ယခုမူ ဘယ်လိုပဲဖြစ်ဖြစ် လက်ထပ်ရန် တလသာ လိုတော့သည်။ ထိုအခါ နာဒယာသည် စိုးထိတ်စ ပြုလာသည်။ ရင်ထဲမှာ မသက်မသာ ဖြစ်လာသည်။ တစုံတခုသည် သူ့ကို ဝမ်းပန်းတနည်း စောင့်မျှော်နေသည်ဟု ဝိုးတဝါး ထင်မြင်မိလေသည်။

တတောက်... တတောက်... ညစောင့်၏ လမ်းလျှောက်သံကို မှန်မှန် ကြားနေရသည်။

ပြတင်းမှ ကြည့်လိုက်လျှင် ပန်းခြံကို မြင်ရသည်။ ပန်းခြံဘက်တွင် လေအေးထဲ၌ ငိုက်မျဉ်း ငြိမ်သက်နေသော လိလက်ပန်းရုံများရှိသည်။ မြူနှင်းတအုပ်က ပန်းရုံကို လွှမ်းခြုံလိုက်သည်။ အဝေးရှိ သစ်ပင်များဆီမှ ကျေးငှက်များ တေးဆိုသံကို ကြားရသည်။

ဘာဖြစ်လို့များ ငါ ဝမ်းနည်းနေရမှာလဲ၊ ဘုရားသခင် သိမှာပဲ။

လက်မထပ်မီ မိန်းကလေးတွေ ဒီလိုပဲ ခံစားကြရသလား။ ဘယ်သူ သိနိုင်မည်လဲ။ သို့မဟုတ် သူ့အပေါ် ဆာရှာ၏ ဩဇာ လွှမ်းမိုးနေ၍လား။ သို့ပေမဲ့ ဆာရှာသည် စောစောက ပြောခဲ့သည့် စကားများကို စကားလုံးချင်း ထပ်နေအောင် မနှစ်ကလည်း ပြောခဲ့သည်။ ဟိုအလျင်နှစ်ကလည်း ပြောခဲ့သည်။ သည်စကားများပဲ ထပ်ခါတလဲလဲ ပြောခဲ့သည် မဟုတ်လား။ သူက တဲ့တိုးကြီး ပြောခြင်း ဖြစ်သည်။ သို့သော် ပရိယာယ် ပါသည်ဟု ထင်ရသည်။ ပြီးတော့ ဘာကြောင့် ဆာရှာကို သူ အတွေးထဲက မဖျောက်နိုင်တာလဲ၊ ဘာကြောင့်လဲ။

ညစောင့်သည် တနေရာတွင် အကြာကြီး ရပ်နေသည်။ ပြတင်းအောက်ဘက်တွင် ငှက်ကလေးများ စိုးစိုးစီစီ စကားပြောနေကြသည်။ သစ်ပင်ထိပ်ဖျားမှာလည်း သူတို့အသံ ဆူညံစီနေသည်။ ယခုပင် ပန်းခြံထဲ၌ မြူနှင်းများ လွင့်ပါးသွားသည်။ ယခုမူ အရာရာသည် နွေဦးရောင်ခြည်အောက်တွင်

ဝင်းပနေသည်။ အရာရာသည် ပြုံးချိုနေသည်ဟု ထင်ရသည်။ ခဏကြာလျှင် ပန်းခြံတခုလုံး နေရောင်ခြည်၏ နွေးထွေးမှုကို ခံရပြီး အသက်ဝင် လှုပ်ရှားလာတော့မည်။ သစ်ရွက်များပေါ်တွင် တင်၍ ကျန်ရစ်ခဲ့သော နှင်းစက်ကလေးများ သည် နေခြည်တွင် စိန်ရောင်လက်နေကြသည်။ ထိုနေ့ မနက်ခင်းတွင် ကြည့်ရှုသူ မရှိသော ပန်းခြံဟောင်းကြီးသည် နုပျိုရွှင်လန်းလာပြီ ဖြစ်လေသည်။

အဘွား နိုးလာပြီ။ ဆာရှာမှာ ချောင်းတဟွပ်ဟွပ် ဆိုးနေသည်။ အောက်ထပ်တွင် အစေခံများ လက်ဖက်ရည်အိုး တည်နေကြသည်။ ကုလားထိုင်များ နေသားတကျ ရွှေ့ပြောင်းနေကြသည် ကို ကြားရသည်။

ဤသို့ဖြင့် နာရီသည် တရွေ့ရွေ့ တိုးနေသည်။ နာဒယာ အိပ်ရာမှ နိုးနေသည်မှာ ကြာလှပြီ။ ပန်းခြံထဲဆင်း၍ လမ်းလျှောက်နေသည်မှာလည်း ကြာလှပြီ။ မနက်ခင်းသည် လေးတွဲ့စွာ ရှေ့သို့ လှမ်းနေသည်။

ထိုနောက် နီနာအိုင်ဗင်နော့ဗနာသည် မျက်ရည်လေး စမ်းစမ်းဖြင့် ပန်းခြံထဲသို့ ရောက်လာသည်။ လက်ထဲတွင် ရေအပြည့်ပါသော ဖန်ခွက်တခွက်ကို ကိုင်ထားသည်။ သူသည် ဝိညာဉ်အကြောင်း လေ့လာသည်။ ဟိုမီပိုပက်သီ ဆေးပညာကိုလည်း လိုက်စားသည်။ ယင်းတို့နှင့်ပတ်သက်သည့် စာပေ အတော်များများကို ဖတ်သည်။ ဘာသာရေး ယုံကြည်မှု တို့ကို ပြောဆိုဆွေးနွေးချင်သည်။ နာဒယာ စိတ်ထဲ၌မူ ယင်းတို့တွင် လေးနက်သည့်အကြောင်း များ၊ လျှို့ဝှက် နက်နဲသည့် အကြောင်းများ ရှိမည်ဟု ထင်သည်။ နာဒယာက သူ့အမေကို နမ်းသည်။ ပြီးတော့ အမေနှင့် အတူယှဉ်၍ လျှောက်နေသည်။

“မေမေ ဘာဖြစ်လို့ ငိုနေတာလဲ"

နာဒယာက မေးသည်။

“ညက စာအုပ်တအုပ် မေမေ ဖတ်တယ်၊ အဘိုးအိုတယောက်နဲ့ သူ့သမီးအကြောင်း ရေးထားတယ်။ အဘိုးကြီးက ရုံးတရုံးမှာ အလုပ် လုပ်တယ်။ ဘယ်လိုဖြစ်တယ် ထင်သလဲ။ ရုံးက သူ့အကြီးအကဲနဲ့ သူ့သမီးတို့ ချစ်ကြိုက်ကြတယ်။ အဲဒါ ဖတ်လို့ မပြီးသေးဘူး၊ အဲဒီ နေရာအထိပဲ ရောက်သေးတယ်။ ဒါပေမဲ့ မျက်ရည်မကျလို့ မဖြစ်တဲ့ တနေရာ ရောက်လာတယ်”

ပြောရင်း ဖန်ခွက်ထဲမှ ရေတငုံကို သောက်လိုက်သည်။

“အဲဒီအကြောင်း ခုမနက် သတိရတာနဲ့ မေမေ မျက်ရည်ကျမိတာပဲ”

"သမီးလည်း ခုတလော သိပ်ပြီး စိတ်အားငယ်နေတာပဲ မေမေ၊ အိပ်လို့လည်း မပျော်ဘူး၊ ဘာဖြစ်လို့လဲ မသိဘူး"

နာဒယာက ဆိုသည်။

"မေမေ ဘယ်သိပ့်မလဲ သမီးလေးရယ်၊ မေမေကတော့ အိပ်လို့ မရရင် ဟောဒီလို မျက်လုံးစုံမှိတ်ပြီး စဉ်းစားတယ်။ အင်နာကရယ်ညီနာဆိုတာ ဘယ်လို ရုပ်မျိုးလဲ၊ ဘယ်လို စကားပြောသလဲ၊ ဒါမှမဟုတ် ရာဇဝင် အဖြစ်အပျက် တခုခုကို စဉ်းစားတယ်"

သူ့မေမေသည် သူ့ကို နားမလည်ဟု နာဒယာ ခံစားမိသည်။ သူ့ကို နားမလည်နိုင်ခြင်းဘဲ ဖြစ်မည်ထင်သည်။ ယခုလို စိတ်ညစ်ညူးခြင်းမျိုး ဘယ်အခါတွင်မျှ မဖြစ်မိ။ ယခုမူ ထိတ်လန့် တုန်လှုပ်လာသည်။ ကြောက်ရွံ့စိတ်ဖြစ်ပေါ်လာသည်။ ကြောက်စိတ်ကို သူ ဖုံးကွယ်ချင်သည်။ သို့နှင့် အခန်းထဲသို့ ပြန်လာခဲ့သည်။

နှစ်နာရီ ထိုးလျှင် အားလုံး ထမင်းစားပွဲသို့ စုံစုံညီညီ ရောက်လာကြသည်။ ယနေ့ကား ဥပုသ်စောင့်ရသည့် ဗုဒ္ဓဟူးနေ့ ဖြစ်သည်။ အဘွားသည် အမဲသား မပါသည့် ဂေါ်ဖီထုပ် စွပ်ပြုတ်ရည်၊ ပြီးတော့ ငါးနှင့် ပြုတ်ထားသည့် ဂျုံယာဂုကို သောက်သည်။

အဘွားကို စချင်သဖြင့် ဆာရှာသည် အမဲသား စွပ်ပြုတ်ရည်ကို သောက်ပြီး၊ ဂေါ်ဖီထုပ် စွပ်ပြုတ်ရည်ကို သောက်သည်။ စားသောက်နေစဉ် ရယ်စရာများ သူ ပြောသည်။ သူ့စကားများသည် လူ့ကျင့်ဝတ်နှင့် ပတ်သက်သည့် ကိစ္စများဆီသို့ ဦးတည်လိုဟန် ရှိသည်။ သို့ဖြစ်ရာ ရယ်စရာမကောင်း။ စကားပြောလျှင် သူ့ထုံးစံအတိုင်း လက်ညှိုးထိုးကာ ပြောတတ်သည်။ သူ့လက်ညှိုးများမှာ အသက်မဝင်။ သို့သော်လည်း သူသည် နေမကောင်း ဖြစ်နေသည်။ ကြာကြာ အသက်ရှင်နိုင်မည့်သူ မဟုတ်ဟူ၍ စဉ်းစားမိပြီဆိုလျှင် သူ့အတွက် ဝမ်းနည်းစိတ်ဖြစ်ပေါ်မိပြီး မျက်ရည်ကျသည်အထိ စိတ်ထိခိုက်ရလေသည်။

စားသောက်ပြီးလျှင် အဘွားသည် အနားယူရန် သူ့အခန်းသို့ သွားသည်။ နီနာအိုင်ဗင်နော့ဗနာ လည်း ခဏမျှ စန္ဒရားတီးကာ အခန်းထဲက ထွက်သွားသည်။

"ဪ… နာဒယာရယ်" ဆာရှာသည် ထုံးစံအတိုင်း ထမင်းစားအပြီး ပြောနေကျ စကားများကို ပြောရန် အစပျိုးသည်။ "တို့ပြောတာ နားထောင်မယ်ဆိုရင်ပေါ့လေ" ဟု စသည်။

နာဒယာသည် ပက်လက်ကုလားထိုင်တွင် ခွေခွေကလေး လဲလျောင်းရင်း

မျက်လုံးအစုံကို မှိတ်ထားသည်။ ဆာရှာသည် အခန်းထဲတွင် လူးလာလျှောက်နေသည်။

ဆာရှာက ဤသို့ ပြောသည်။

"အိမ်က ခွာပြီး ပညာသင်ကြားဖို့ သွားမယ်ဆိုရင် မင်း ကောင်းကောင်း နားလည်လာမယ်။ ဉာဏ်ပညာ အလင်းရောင်ရတဲ့ လူသူတော်စင်လို လူတွေဟာ စိတ်ဝင်စားစရာ ကောင်းတယ်။ အဲဒီလို လူမျိုးတွေ များများ ပေါ်ပေါက်လာဖို့ လိုတယ်။ အဲဒီလို လူမျိုးတွေ များလာရင် ဒီကမ္ဘာပေါ်မှာ ကောင်းကင်ဘုံတခု ပေါ်လာနိုင်တယ်။ အဲဒီအခါမှာ မင်းတို့မြို့ဟာ လုံးလုံးလျားလျား ပြောင်းလဲသွားမယ်။ အထက်အောက် ပြောင်းပြန် ဖြစ်သွားမယ်။ မျက်လှည့်ပြသလား အောက်မေ့ရမယ်။ ခံ့ညားထည်ဝါတဲ့ အဆောက်အအုံတွေ ပေါ်လာမယ်။ လှပတဲ့ ရင်ပြင်တွေ၊ လှပတဲ့ ရေပန်းတွေ၊ ယဉ်ကျေးသိမ်မွေ့တဲ့ ပြည်သူတွေ ပေါ်လာမယ်။ ဒါပေမဲ့ ဒါတွေဟာ အဓိက မဟုတ်ဘူး။ အရေးအကြီးဆုံးက အဲဒီအခါမှာ ခုလို ရုန်းကန် လှုပ်ရှားနေတဲ့ လူအုပ်ကြီး ရှိတော့မှာ မဟုတ်ဘူး။ မကောင်းဆိုးရွား မှန်သမျှ ပျောက်ကွယ်သွားမယ်။ လူတိုင်းဟာ ယုံကြည်မှုနဲ့ အသက်ရှင်လာမယ်။ သူ ဘာလို့ အသက်ရှင်နေရသလဲဆိုတာ နားလည်လာမယ်။ လူအုပ်ကြီးရဲ့အကူအညီကို ဘယ်သူမှ ရှာကြံတော့မှာ မဟုတ်ဘူး။ ဒါလင်ရယ်... ဒီက ထွက်သွားပါလား။ အလွန်ငြီးငွေ့စရာ ကောင်းတဲ့၊ အဓိပ္ပာယ်မရှိတဲ့ဘဝမှာ မင်း နေခဲ့ပြီးပြီ။ အခုတော့ ဆက်လက် မနေနိုင်တော့ဘူး၊ တော်လောက်ပြီဆိုတာ သူတို့ကို အကြောင်းပြလိုက်ပါလား။ မင်းမှာ ပင်ကိုရည် ဘယ်လောက် ရှိတယ်ဆိုတာ ပြလိုက်ပါလား"

"မဖြစ်ဘူး ဆာရှာ၊ ကျွန်မ လက်ထပ်ရတော့မယ်"

"ဘာဖြစ်လဲ၊ အဲဒါက အကြောင်းမဟုတ်ပါဘူး"

သူတို့သည် ပန်းခြံထဲသို့ သွားကာ လမ်းလျှောက်ကြသည်။

"အေးလေ... မင်း စဉ်းစားပေါ့၊ တို့ပြောတာ နားလည်ဖို့ ကောင်းတယ်။ အခုလို ငြီးငွေ့စရာ ကောင်းတဲ့ ဘဝဟာ ဘယ်လောက် စိတ်ပျက်စရာ ကောင်းသလဲ။ မင်းရယ်၊ မင်းမေမေရယ်၊ မင်းအဘွားရယ်၊ မင်းတို့တတွေ အေးချမ်း သက်သာ နေနိုင်ဖို့အတွက် တခြားလူတွေ အလုပ် လုပ်ကြရတယ်။ အဲဒါ တရားသလား၊ စက်ဆုပ်စရာ မကောင်းဘူးလား"

နာဒယာက သူ့အား "ရှင်ပြောတာ မှန်ပါတယ်" ဟု ပြောချင်သည်။ ဆာရှာ ပြောသမျှ သူ နားလည်ပါသည်ဟု ဝန်ခံချင်သည်။ သို့သော်လည်း မျက်ရည် တွေတွေကျကာ နှုတ်ဆိတ်နေမိသည်။ စိတ်ပျက်ကာ မကြည်မသာ ဖြစ်လာသည်။

သို့နှင့် သူ့အခန်းသို့ သူ ပြန်လာခဲ့သည်။

ညနေပိုင်းရောက်လျှင် ခါတိုင်းလိုပင် အင်ဒရေးအင်းဒရစ် ရောက်လာပြီး အကြာကြီး တယောထိုးနေသည်။ သူသည် ပင်ကိုကပင် စကားနည်းသည်။ သူ့တယောကို သူ ချစ်သည်။ အကြောင်းမှာ တယောထိုးနေလျှင် စကားပြောစရာ မလိုတော့သောကြောင့် ဖြစ်သည်။ ဆယ်နာရီကျော်လျှင် အိမ်ပြန်ရန် ကုတ်အင်္ကျီကို ဝတ်သည်။ နာဒယာကို လက်ဆွဲပြီး မျက်နှာ၊ ပခုံး၊ လက် အနှံ့ ချစ်မြတ်နိုးစွာ နမ်းရှုပ်သည်။

"အချစ်ဆုံးလေး၊ အလှပဂေးလေး၊ ငါ သိပ်ဝမ်းသာတာပဲ၊ ဝမ်းသာလွန်းလို့ ရူးများ သွားမလား မသိဘူး" ဟူ၍လည်း တိုးတိုး ရေရွတ်သည်။

ဤသည်မှာ နာဒယာ ကြားနေကျ စကားများ ဖြစ်သည်။ ရှေးကတည်းက သည်စကားမျိုး ကြားဖူးသည်။ ဟောင်းနွမ်း စုတ်ပြတ်နေသည့် စက္ကူများတွင် ဖတ်ဖူးသည်။ ထိုဝတ္ထုမျိုး ယခု လူ မဖတ်ကြတော့ပေ။

ထမင်းစားခန်းထဲတွင် ဆာရှာ ထိုင်နေသည်။ လက်ဖက်ရည် ပန်းကန်ပြားကို လက်ငါးချောင်းပေါ် တင်ကာ သောက်နေသည်။ အဘွားတယောက် ရသေ့စိတ်ဖြေ ဖဲကစားနေသည်။ နီနာအိုင်ဗင်နော့ဗနာ စာဖတ်နေသည်။ ဘုရားစင်မှ မီးအိမ်တွင် မီးလျှံ လွင့်ပါးနေသည်။ အရာရာသည် တိတ်ဆိတ်နေပြီး အေးချမ်း သာယာစွာ ရှိနေသည်။ နာဒယာလည်း အားလုံးကို နှုတ်ဆက်ကာ သူ့အခန်းသို့ တက်သွားသည်။ အိပ်ရာပေါ် လှဲလိုက်လျှင် အိပ်ပျော်သွားသည်။ သို့သော်လည်း အလျင်ညကလိုပင် အရုဏ်ဦး ရောင်ခြည်လာလျှင် အိပ်ရာမှ နိုးသည်။ အိပ်၍ မပျော်။ သူ့နှလုံးသားကို အလေးအလံတခုက ဖိစီးထားကာ စိတ်ထား မတည်မငြိမ် ယောက်ယက်ခတ်နေသည်။ အိပ်ရာမှ ထထိုင်ပြီး ဒူးနှစ်ဖက်ပေါ် ခေါင်းတင်ကာ သူ့ရည်းစားအကြောင်း စဉ်းစားသည်။ လက်ထပ်ရမည့် ကိစ္စကို စဉ်းစားသည်။ သူ့မေမေသည် သူ့ယောက်ျားကို အကြောင်းတခုခုကြောင့် ချစ်ခင် နှစ်သက်ခြင်း မရှိဟု သူ မှတ်မိသည်။ ယခုမူ သူ့ကိုယ်ပိုင်စိတ်ကူးဟူ၍ ဘာမျှ မရှိတော့ဘဲ ယောက္ခမ ဖြစ်သည့် အဘွားကိုသာ မှီခိုအားထား၍ နေထိုင်လျက် ရှိသည်။ ယခုမူ သူ့မေမေသည် ထူးခြားသည်။ မှတ်တမ်းတင်စရာ ကောင်းသည်။ ဘဝတွင် မပျော်ပိုက်သော သာမန် မိန်းမတယောက် မဟုတ်ဟု သူ နားလည်ရမလို ဖြစ်နေသည်။ မည်သို့ပင် မေမေ့ကို နားလည်ရန် ကြိုးစားသော်လည်း မရနိုင်ဘဲ ရှိနေသည်။

အောက်ထပ်တွင် ဆာရှာလည်း အိပ်ရာမှ နိုးနေသည်။ ချောင်းဆိုးသံကို နာဒယာ ကြားရသည်။ သူသည် ထူးဆန်းရိုးသားသည့် သတ္တဝါတယောက် ဖြစ်သည်။ သူ့စိတ်ကူးများသည် ဆန်းပြားသည်။ သာယာခမ်းနားသည့် ပန်းခြံများ၊

အံ့သြစရာကောင်းသည့် ရေပန်းများကို သူ အိပ်မက်မက်သည်။ သို့သော်လည်း သူ၏ ရိုးသာမှုမှာ ချစ်စရာကောင်းသည်။ ထိုခဏမှာပင် အကယ်၍ အိမ်မှထွက်သွားပြီး ပညာသင်ကြားမည်ဆိုလျှင် သူ့နှလုံးသားနှင့် သူ့တကိုယ်လုံးသည် လန်းဆန်းအေးမြသည့် ဘဝထဲတွင် နစ်မြုပ်နေမည်လား၊ ဖြစ်လေရာ ဘဝတွင် အေးချမ်းစွာ နေနိုင်မည်လား။ သူ စိတ်ကူးကြည့်သည်။

"မစဉ်းစားတာဘဲ ကောင်းပါတယ်လေ" သူ တီးတိုးပြောသည်။ "ဒီအကြောင်း မစဉ်းစားတာ အကောင်းဆုံးပဲ"

"တတောက် .. တတောက်" အဝေးဆီတွင် ညစောင့်၏ လမ်းလျှောက်သံကို ကြားကြရသည်။

ဇွန်လလယ် ရောက်လျှင် ဆာရှာသည် ရုတ်တရက်ချက်ချင်း သူ နေရသည့်ဘဝကို ငြီးငွေ့လာစိတ် ဖြစ်ပေါ်လာသည်။ မော်စကိုသို့ ပြန်တော့မည်ဟု ပြောသည်။

"ကျွန်တော် ဒီမြို့မှာ မနေနိုင်တော့ဘူး" စိတ်ပျက်လက်ပျက် သူ ပြောသည်။ "ရေပိုက်လည်း မရှိဘူး၊ ရေစီးမြောင်းလည်း မရှိဘူး၊ ထမင်း ကောင်းကောင်း စားလို့ မရဘူး၊ မီးဖိုက ညစ်ပတ်တယ်"

"ခဏလေး နေပါဦးလား သားရယ်၊ ခုနစ်ရက်နေ့မှာ လက်ထပ်ပွဲရှိတယ် မဟုတ်လား"

အဘွားက တိုးတိုးပြောသည်။

"မနေနိုင်ဘူး အဘွား"

"သား ပြောတော့ စက်တင်ဘာအထိ နေမယ်… ဆို"

"ဒါပေမဲ့ အခု မနေချင်တော့ဘူး၊ ကျွန်တော် အလုပ် လုပ်ရဦးမယ်"

နွေရာသီ ဖြစ်သော်လည်း မိုးရွာပြီး အေးလာသည်။ သစ်ပင်များမှာ မိုးရေဖြင့် အမြဲ စွတ်စိုနေသည်။ ပန်းခြံမှာ မှိုင်းညို့ကာ ပျော်စရာ မကောင်း။ နာဒယာအဖို့ မြို့မှထွက်သွားပြီး အလုပ်လုပ်ရန် စိတ်ကူးသည်မှာ သဘာဝကျသည်။ အပေါ်ထပ်၊ အောက်ထပ်ရှိ အခန်းတိုင်းတွင် မိန်းမများ စကားပြောသံကို ကြားနေရသည်။ အဘွား၏ အခန်းတွင် စက်ချုပ်သံ အဆက်မပြတ် ကြားရသည်။ သတို့သမီးဝတ်စုံ ချုပ်လုပ်နေခြင်း ဖြစ်သည်။ နာဒယာအတွက် ဆောင်းဝတ်အင်္ကျီ ခြောက်စုံ လိုသည်။ တန်ဖိုးအနည်းဆုံး ဝတ်စုံပင်လျှင် ရှူဗယ် သုံးရာ ကုန်ကျသည်ဟု အဘွားက ကြွားသည်။ သည်စကားများ ကြားရသဖြင့် ဆာရှာ စိတ်တိုလာသည်။ သူ့အခန်းထဲတွင် ထိုင်ကာ မကျေမနပ် ဖြစ်နေသည်။ သို့သော်လည်း သူတို့က မပြန်ပါနှင့်၊ နေပါဦးဟု တားကြသည်။ သို့ဖြစ်ရာ ဇူလိုင်တစ်ရက်အထိ သူ နေမည်ဟု ကတိပေးလိုက်သည်။

အချိန်မှာ မြန်မြန်ကုန်သွားသည်။ စိန့်ပီတာနေ့တွင် အင်ဒရေးအင်းဒရစ်သည် ထမင်းစားအပြီး နာဒယာအား မော်စကိုလမ်းသို့ ခေါ်သွားသည်။ ထိုလမ်းတွင် ခပ်စောစောက ငှားရမ်းထားသော အိမ်တလုံး ရှိသည်။ လက်ထပ်ပြီးနောက် သူတို့ နေထိုင်ရန် ဖြစ်သည်။ အကျအန ပြင်ဆင်မွမ်းမံထားသည်။ နှစ်ထပ်အိမ် ဖြစ်ပြီး ယခုအချိန်တွင် အပေါ်ထပ်သာ ပြင်ဆင်ရသေးသည်။ ကပွဲခန်းမတွင် ကြမ်းများကို အရောင်လက်အောင်

တိုက်ထားသည်။ ပါကေးကြမ်းပြင်နှင့် တူ အောင်လည်း ပြင်ဆင်ထားသည်။ ကောက်ကွေးသော သစ်သားဖြင့် ပြုလုပ်ထားသည့် ကုလားထိုင်များ ရှိသည်။ ပြီးတော့ စန္ဒရားတလုံးနှင့် တယောထိုးသည့် အခါ ဂီတမှတ်တမ်းတင်သည့် စင်တခုလည်း ရှိသည်။ နံရံတွင် ရွှေရောင် ပေါင်ခတ်ထားသော ဆီဆေး ပန်းချီကားကြီးတခု ချိတ်ဆွဲထားသည်။ လက်ကိုင် ကျိုးနေသော ခရမ်းရောင် ပန်းအိုးဘေးတွင် ကိုယ်ဟန်ပြမယ် မိန်းမတယောက် ရပ်နေသည့်ပုံ ဖြစ်သည်။

“ပန်းချီကားက သိပ်လှတယ်နော်”

အင်ဒရေးအင်းဒရစ်က တအံ့တဩ သက်ပြင်းချကာ ချီးမွမ်းသည်။

“အဲဒါ ရုစ်ရှမာချက်စကီ ဆွဲတဲ့ကားပဲ” ဟု ဆိုသည်။

ထို့နောက် ဧည့်ခန်းကို သူတို့နှစ်ယောက် ကြည့်ကြသည်။ စားပွဲဝိုင်း တလုံး၊ ဆိုဖာ တစုံ၊ တောက်ပသော အပြာရောင် အဝတ်စများဖြင့် ချုပ်လုပ်ထားသည့် လက်တင်ပါသော ကုလားထိုင်များကို တွေ့ရသည်။ ဆိုဖာအထက်က နံရံတွင် ဘုန်းတော်ကြီး အင်ဒရေး၏ ဓာတ်ပုံတခု ချိတ်ဆွဲထားသည်။ ဝတ်ပြု ဦးထုပ်ကို ဆောင်းထားပြီး ရင်ဘတ်တွင် တံဆိပ်များ ချိတ်ဆွဲထားသည်။ ထို့နောက် ထမင်းစားခန်း၊ ပြီးတော့ အိပ်ခန်းသို့ သူတို့ ဝင်ကြည့်ကြသည်။ အိပ်ခန်းတွင် အလင်းရောင်မှိန်မှိန်သာ ရှိသည်။ ခုတင်နှစ်ခု ဘေးချင်း ယှဉ်ထားသည်။ ဤအခန်းထဲတွင် ဘဝသည် အစဉ် ချမ်းမြေ့မည့်အသွင် ပေါ်လာအောင် ပြင်ဆင်ထားဟန် တူသည်။ သည်စိတ်ကူးအပြင် ဘာမျှ မဖြစ်နိုင်။ အင်ဒရေးအင်းဒရစ်က နာဒရာအား အခန်းများကို လှည့်လည်ပြသစဉ် ခါးကို လက်တဖက်က ပွေ့ဖက် ထားသည်။ ထိုလက်ကို ဘယ်တော့မှ မလွှတ်။ နာဒယာသည် စိတ်အားငယ်လာသည်။ လိပ်ပြာမသန့် ဖြစ်လာသည်။ အခန်းများ၊ ခုတင်များ၊ ကုလားထိုင်များ အားလုံးကို သူ မုန်းသည်။ ကိုယ်ဟန်ပြမယ် မိန်းမပုံကို မြင်လျှင် ဖျားချင်လာသည်။ ယခုမူ အင်ဒရေးအင်းဒရစ်ကို သူ မချစ်တော့။ ဘယ်တုန်းကမျှ ချစ်ကြိုက်ခြင်း မရှိခဲ့ဟု နာဒယာ နားလည်စ ပြုလာသည်။ နေ့စဉ်နှင့်အမျှ စဉ်းစားတွေးတောသည့်အခါ ဤသို့ ချစ်ခင်စိတ် မရှိခြင်းကို သိလာသည်။ သို့သော် ဘယ်လို ပြောရမည်လဲ၊ ဘယ်သူ့ကို ပြောရမည်လဲ၊ ဘာကြောင့် ပြောရမည်လဲ ဆိုသည်ကို သူ မသိ။ အင်ဒရေးသည် သူ့ခါးကို ဖက်ကာ သူ့အား ကြင်နာစွာ ပြောဆိုသည်။ ခယဝပ်တွား ပြောဆိုသည်။ အင်ဒရေး ပျော်နေသည်။ သူတို့နေမည့်အိမ်ကို လှည့်လည်ကြည့်ရှုသည်။ နာဒယာ စိတ်ထဲတွင်မူ အရာရာသည် ယုတ်ညံ့ သိမ်ဖျင်းသည်။ မိုက်မဲသည်။ ရိုးသားသည်။ သည်းခံ ခွင့်လွှတ်နိုင်ဖွယ် မရှိဟု ထင်မိသည်။ သူ့ခါးကို ဖက်ထားသော လက်သည် သံချိတ်တခုလို အေးစက် မာကျောသည်။ အချိန်မရွေး ထွက်ပြေးချင်စိတ် ပေါ်လာသည်။ မျက်ရည်ကျအောင် ငိုလိုက်ချင်သည်။ ပြတင်းက ခုန်ချ

ထွက်ပြေးချင်သည်။ အင်ဒရေးက ရေချိုးခန်းသို့ ခေါ်သွားသည်။ ဘုံဘိုင်ခေါင်းတခုကို လှည့်လိုက်လျှင် ရေများ ပန်းထွက်လာသည်။

"ဘယ်လိုလဲ" ဟု မေးကာ အင်ဒရေး ရယ်သည်။

"ရေပုံးတရာ ဆံ့တဲ့ စည်ပိုင်းတခု တင်ထားတယ်၊ ရေချိုးခန်းထဲ ရေ အမြဲ လာနေတယ်"

ခြံထဲ ခဏပတ်ကြည့်ကာ လမ်းထဲသို့ ထွက်လာပြီး မြင်းလှည်းပေါ် တက်ကြသည်။ ဖုန်လုံးများ တလိမ့်လိမ့် တက်လာသည်။ မိုးရွာမည်လား အောက်မေ့ရသည်။

"အေးသလား"

အင်ဒရေးက ဖုန်လုံးကို ရှုံ့မဲ့ကြည့်ရင်း မေးသည်။ နာဒယာ မဖြေ။

"မနေ့က ငါ ဘာအလုပ်မှ မလုပ်ဘူးဆိုပြီး ဆာရှာ အပြစ်တင်တာကို မှတ်မိတယ် မဟုတ်လား" အင်ဒရေးက မေးသည်။ ခဏအကြာတွင် "ဟုတ်တယ်၊ သူပြောတာ မှန်တယ်။ ငါ ဘာမှ မလုပ်ဘူး၊ ဘယ်လို အလုပ်လုပ်ရမယ် ဆိုတာလည်း ငါ မသိဘူး။ ဘာဖြစ်လို့ လုပ်ရမှာလဲ။ တနေ့ တနေ့ တံဆိပ် တပ်ထားတဲ့ ဦးထုပ်ဆောင်းပြီး ရုံးသွားရမှာကို ငါ စိတ်မပါဘူး။ ရှေ့နေတယောက်၊ ဒါမှမဟုတ် လက်တင်ဆရာ တယောက်၊ ဒါမှမဟုတ် မြို့နယ်ကောင်စီဝင် တယောက်ကို တွေ့ရတာ စိတ်မချမ်းသာဘူး။ အမိ ရုရှားပြည်၊ အမိ ရုရှားပြည်နဲ့ တချိန်လုံး ရေရွတ်နေကြတယ်။ ပျင်းရိနေတဲ့သူတွေ၊ ဘာမှ အသုံးမကျတဲ့ လူတွေကို ဝန်ထုပ်ဝန်ပိုးကြီး တခုလို ထမ်းထားရတယ်။ တိုင်းပြည်အတွက် စိတ်မချမ်းသာရတဲ့ တို့လိုလူမျိုး ဘယ်လောက်ရှိမလဲ မသိဘူး၊ စဉ်းစားကြည့်စမ်း"

အင်ဒရေးက သူ၏ ပျင်းရိခြင်းမှာ ခေတ်၏အလိုကျ ဖြစ်သည် ဟူသော သဘောထားတခုကို ထုတ်နုတ် တင်ပြသည်။

"ငါတို့ လက်ထပ်ပြီးရင် တောမှာ သွားနေကြမယ်။ ငါတို့ အလုပ် လုပ်ကြမယ်။ မြေကွက် တကွက် ဝယ်မယ်၊ ပန်းခြံလည်း ပါရမယ်၊ စမ်းချောင်းလေး တခု ဖြတ်ပြီး စီးဆင်းနေမယ်။ ပြီးတော့ တို့ အလုပ်လုပ်မယ်၊ ဘဝ ပတ်ဝန်းကျင်ကို လေ့လာမယ်။ ဘယ်လောက် ပျော်စရာ ကောင်းတဲ့ ဘဝလဲ၊ စဉ်းစားကြည့်စမ်း"

အင်ဒရေးသည် ဦးထုပ်ကို ချွတ်လိုက်သည်။ လေပြည်တွင် သူ့ဆံပင်များ လွင့်ပါးနေသည်။ သူ ပြောသမျှကို နာဒယာ နားထောင်ရင်း တချိန်လုံး ဤသို့ စဉ်းစားနေမိသည်။

"ဘုရားသခင် ကယ်တော်မူပါ၊ ကျွန်တော်မျိုးမ အိမ်ကို ပြန်ချင်ပြီ"

နာဒယာတို့ အိမ်သို့ ပြန်ရောက်သည့်အခါ ဘုန်းတော်ကြီး အင်ဒရေးက စောနေသည်ကို တွေ့ရသည်။

"ဟောဟိုမှာ အဖေ"

အင်ဒရေး ဝမ်းသာအားရ အော်ပြောကာ ဦးထုပ်ကို ချွတ်ပြီး ဝှေ့ယမ်းနှုတ်ဆက်သည်။

"အဖေ့ကို ငါ သိပ်ချစ်တယ်၊ တကယ်ချစ်တာပါ၊ ချစ်စရာကောင်းတဲ့ အဖေကြီးလေ"

သူ ရေရွတ်နေသည်။

နာဒယာသည် စိတ်လက် မသက်မသာနှင့် အိမ်ထဲသို့ ဝင်လာခဲ့သည်။ မကြည်မသာလည်း ဖြစ်မိသည်။ တညနေလုံး အိမ်မှာ ဧည့်သည်များ ရောက်လာကြလိမ့်မည်။ သူတို့ကို နာဒယာ ဧည့်ခံရမည်။ ပြီးတော့ ပြုံးပြရမည်။ တယောထိုးသံကို နားထောင်ရမည်။ လက်ထပ်ပွဲ အကြောင်း တချိန်လုံး အဓိပ္ပာယ်မရှိ ပြောဆိုကြသည်ကို ကြားနေရမည်။ အဘွားသည် ပိုးအင်္ကျီကို ဝတ်ကာ လက်ဖက်ရည်အိုးဘေးတွင် ထိုင်နေသည်။ ဧည့်သည်များ လာလျှင် သူသည် ခပ်ပြုံးပြုံး မျက်နှာပေးဖြင့် ကြွားဝါ ပလွှားနေတတ်သည်။ ဘုန်းတော်ကြီး အင်ဒရေးသည် ပြုံးတဝက်နှင့် အခန်းထဲသို့ ဝင်လာသည်။

"အဘွားကို ကျန်းကျန်းမာမာ တွေ့ရတာ အလွန် ဝမ်းသာပါတယ်" ဟု ပဋိသန္ဓာရစကား ဆိုသည်။ စိတ်ထဲက ပါ၍ ပြောတာလား၊ ဝတ္တရားအရ ပြောတာလား မခွဲခြားနိုင်ပေ။

လေသည် မှန်ပြတင်းများကို ဝင်ဆောင့်တိုက်ခတ်သည်။ အမိုးကိုလည်း တအားတိုက်သည်။ လေချွန်သံများ ကြားရသည်။ ခေါင်းတိုင်စောင့်နတ်ကလေး သီချင်းဆိုနေသည်။ အိမ်တွင် လူတိုင်း အိပ်ရာထဲ ရောက်နေကြသည်။ သို့သော်လည်း ဘယ်သူမှ အိပ်၍မပျော်။ အောက်ထပ်မှ တယောထိုးသံ ကြားနေရသည်ဟု နာဒယာ အမြဲ ထင်နေသည်။ အပြင်ဘက်တွင် လေပြင်းတချက် တိုက်သည်။ ပြတင်း တရုတ်ကတ်တခု ပြုတ်ထွက်သွားသည် ထင်သည်။ ခဏကြာလျှင် နီနာအိုင်ဗာနော့ဗနာသည် အောက်ခံအင်္ကျီ ဝတ်ကာ ဖယောင်းတိုင်တခု ကိုင်ရင်း အခန်းထဲသို့ ဝင်လာသည်။

"ဘာသံလဲ နာဒယာ"

မေမေက မေးသည်။

နာဒယာ၏ မေမေသည် ခေါင်းတွင် ဆံပင်ကို ကျစ်ဆံမြီးတချောင်းတည်း ကျစ်ထားသည်။ ခပ်ရွှံ့ရွှံ့ ပြုံးနေသည်။ ယခုလို လေပြင်းထန်သည့်ညတွင် ပို၍ အိုစာလာသည် ထင်ရသည်။ ပြီးတော့ ခါတိုင်းထက် ပို၍ အရပ်နိမ့်လာသည် ထင်ရသည်။ သူ့အမေသည် ထူးခြားသည့် မိန်းမတယောက် ဖြစ်သည်။ သူ သုံးနှုန်းသည့် စကားများမှာ ခံ့ညားသဖြင့် ဂုဏ်ယူစရာ ကောင်းသည်ဟု မကြာသေးမီက အမေ့အကြောင်း တွေးထင်ခဲ့သည်တို့ကို နာဒယာ ပြန်လည် အမှတ်ရလာသည်။ ယခုမူ ထိုစကားလုံးတို့ကို သူ မမှတ်မိတော့ပြီ။ မှတ်ဉာဏ်တွင် ရေးရေးသာ တင်၍ ကျန်ရစ်ခဲ့သည်။

ခေါင်းတိုင်ဆီက သီချင်းဆိုသံသည် ကျယ်လောင်လာသည်။ "အို .. ဘုရားသခင်" ဟူ၍လည်း တိုင်တည်သည်ဟု ထင်မိသည်။ နာဒယာသည် အိပ်ရာထဲတွင် ထ၍ ထိုင်သည်။ သူ့ဆံပင်ကို သူ ဆောင့်၍ ဆွဲပြီး ငိုရှိုက်နေသည်။

"မေမေ...မေမေ၊ ကျွန်မ ဘယ်လို ခံစားနေရတယ်ဆိုတာ မေမေ သိစေချင်တယ်၊ သမီး ဒီက ထွက်သွားပါရစေလို့ တောင်းပန်ချင်ပါတယ် မေမေ"

နာဒယာ ငိုရှိုက်ရင်း ပြောသည်။

"ဘယ်ကို သွားမှာလဲ"

နီနာအိုင်ဗင်နော့ဗနာသည် စိတ်ရှုပ်ထွေးသွားကာ မေးရင်း နာဒယာ၏ အိပ်ရာဘေးတွင် ထိုင်သည်။

"သမီး ဘယ်ကို သွားချင်တာလဲ"

နာဒယာသည် ငို၍သာ နေသည်။ နောက်ထပ် စကားမပြောနိုင်။

"ဒီမြို့က ထွက်သွားချင်တယ် မေမေ။ လက်ထပ်ပွဲ မလုပ်ရဘူး၊ မဖြစ်စေရဘူး။ သမီး ပြောတာ ယုံပါ၊ ကျွန်မ အဲဒီလူကို မချစ်ဘူး၊ သူ့အကြောင်း ကျွန်မ မပြောချင်တော့ဘူး"

"မဟုတ်သေးဘူး သမီးရယ်"

အထိတ်တလန့်ဖြစ်ကာ နီနာ ခပ်မြန်မြန် ပြန်ပြောသည်။

"စိတ်အေးအေး ထားစမ်းပါ၊ သမီး အခု စိတ်မထိန်းနိုင် ဖြစ်နေတယ်။ ဖြည်းဖြည်းတော့ ပြေလည်သွားမှာပါ။ ဒီလို ဖြစ်တတ်တာပဲ။ အင်ဒရေးနဲ့ သမီး နောက်ဆုံးမှာ အနမ်းနဲ့ ပြေလည်သွားကြမှာပဲ"

“မေမေ... သွားပါ မေမေ”

"ဒီမယ် သမီး၊ မနေ့တနေ့က သမီးဟာ ငယ်ငယ်လေး ရှိပေမယ့် ခုဆိုရင် သတို့သမီး ဖြစ်နေပြီ။ သဘာ၀ဟာ ဖြစ်ပျက် ပြောင်းလဲနေတာပဲ။ ကိုယ့်ဘ၀ ဘာဖြစ်နေမှန်း မသိခင် ကိုယ်ဟာ မိခင်တယောက် ဖြစ်လာတော့မယ်။ နောက် အမေ့လို ဒုက္ခပေးတဲ့ သမီးတယောက်ရဲ့ အမေအိုတယောက် ဖြစ်လာတော့မယ်”

"မေမေရယ်... မေမေဟာ ကြင်နာတတ်သူပါ။ ပြီးတော့ ပါးပါးနပ်နပ်လည်း ရှိပါတယ်။ ပြီးတော့ မေမေ မပျော်ဘူးဆိုတာ သမီး သိပါတယ်။ ဘယ်တုန်းကမှ ပျော်ရွှင်ခြင်း မရှိခဲ့ပါဘူး။ ဒါနဲ့တောင် စိတ်ဝင်စားစရာ မရှိတဲ့ အကြောင်းကိစ္စတွေကို မေမေ ဘာဖြစ်လို့ ပြောတာလဲ၊ ဘာဖြစ်လို့လဲ၊ ဘုရားသခင်ကြောင့်လား”

နီနာအိုင်ဗင်နော့ဗနာသည် သမီးကို ပြန်ပြောရန် ကြိုးစားသည်။ သို့သော် တခွန်းမျှ မပြောနိုင်။ ငိုရှိုက်၍သာ နေသည်။ ထိုနောက် သူ့အခန်းသို့ ပြန်သွားလေသည်။ မီးခိုးခေါင်းတိုင်မှ အသံများ ထပ်၍ ကြားရသည်။ သည်တခါ ညည်းသံ ဖြစ်သည်။ ရုတ်တရက် ကြားလိုက်ရသည်တွင် နာဒယာ တုန်တုန်လှုပ်လှုပ် ဖြစ်သွားသည်။ အိပ်ရာထဲမှ ထကာ သူ့အမေအခန်းသို့ ပြေးသည်။ နီနာအိုင်ဗင်နော့ဗနာသည် အိပ်ရာထက်တွင် စောင်ပြာပြာ တထည် ခြုံရင်း လဲလျောင်းနေသည်။ ငိုထားသဖြင့် မျက်ခွံများမှာ မို့တက်နေသည်။ လက်ထဲတွင် စာအုပ်တအုပ် ကိုင်ထားသည်။

“ကျွန်မပြောတာ နားထောင်ပါ မေမေ၊ ကျွန်မကို နားလည်ပါ မေမေ၊ တောင်းပန်ပါတယ်။ ကျွန်မတို့ ဘ၀ဟာ ဘယ်လောက် အောက်ကျနောက်ကျ ရှိသလဲ၊ ဘ၀ဟာ မနက်နဲ့ဘူး။ ကျွန်မ အခု မျက်စိပွင့်လာပြီ၊ ဘ၀ကို ကျွန်မ နားလည်လာပြီ။ မေမေ့ အင်ဒရေးအင်းဒရစ်ဟာ ဘယ်လိုလူလဲ၊ နည်းနည်းမှ ပါးရည်နပ်ရည် မရှိဘူး။ ဘုရားသခင် သိပါတယ်၊ စဉ်းစားကြည့်ပါ မေမေ၊ သူဟာ သိပ်မိုက်မဲတာပဲ”

နီနာအိုင်ဗင်နော့ဗနာ ဝုန်းခနဲ ထထိုင်သည်။

“နင်နဲ့ နင့်အဘွားတို့ဟာ ငါ့ကို နှိပ်စက်နေကြတာ”

ပြောရင်း တချက် ရှိုက်လိုက်သည်။

“ငါ မသေချင်သေးဘူး၊ ဆက်ပြီး အသက်ရှည်ရှည် နေချင်သေးတယ်”

ထပ်တလဲလဲ ပြောကာ ရင်ဘတ်ကို တဖုန်းဖုန်း ထုသည်။

“ငါ့လွတ်လပ်ခွင့်ကို မနှောင့်ယှက်ပါနဲ့ကွယ်... ငါဟာ ငယ်ပါသေးတယ်၊

မသေချင်သေးပါဘူး။ နင့်ကြောင့် ငါ အဘွားကြီး ဖြစ်ရတော့မယ်”

နီနာသည် အားရပါးရ ငိုသည်။ စောင်ခြုံကာ လူးလှိမ့်သည်။ သနားစရာ အမိုက်မလေး တယောက်နှင့် တူလာသည်။ နာဒယာသည် အခန်းသို့ ပြန်ကာ အဝတ်များ ဝတ်ဆင်ပြီး နံနက်လင်းသည်အထိ ပြတင်းတွင် ထိုင်စောင့်နေသည်။ တညလုံး ထိုင်ကာ စဉ်းစား တွေးတောသည်။ အပြင်ဘက်တွင် တရုတ်ကတ်များကို တစုံတယောက်က ထုရိုက်နေသည် ထင်ရသည်။ လေချွန်သံများ ကြားရသည်။

[၄]

နောက်တနေ့ မနက်တွင် ညက လေတိုက်သဖြင့် ပန်းသီးများ ကြွေကျကြောင်း၊ ဆီးပင်အိုကြီး၏ ပင်စည်မှ အကိုင်းများ ပြတ်ထွက်သွားကြောင်း အဘွားက ပြောပြသည်။ မှိုင်းမှုန်ရီဝေသော ပျော်စရာမကောင်းသည့် နံနက်ခင်း ဖြစ်သည်။ မနက်ကတည်းက မီးအိမ် ထွန်းထားရသည့်နေ့မျိုး ဖြစ်သည်။ လူတိုင်းက အေးသည်ဟု ညည်းညူသည်။ ပြတင်းမှန် များသို့ မိုးရေစက်များ ပက်ဖျန်းသည်။ မနက်စာ စားပြီးလျှင် နာဒယာသည် ဆရာ၏ အခန်းသို့ သွားသည်။ စကား တခွန်းမျှ မပြောဘဲ အခန်းထောင့်ရှိ ကုလားထိုင်တခု ရှေ့တွင် ဒူးထောက်ထိုင်ကာ မျက်နှာကို လက်ဝါးဖြင့် အုပ်ထားသည်။

"ဘာဖြစ်လာတာလဲ"

ဆရာက မေးသည်။

"ကျွန်မ ဒီအတိုင်း ဆက်ပြီး နေလို့ မရတော့ဘူး၊ မရတော့ဘူး"

အော်၍ ပြောသည်။

"အရင်တုန်းက ဒီမှာ ဘယ်လို နေနိုင်ခဲ့သလဲဆိုတာ ကျွန်မ စဉ်းစားလို့ မရဘူး၊ နားမလည်နိုင်အောင်ပါပဲ။ ကျွန်မ ရည်းစားကို အထင်သေးလာပြီ။ ကိုယ့်ကိုယ်ကိုယ်လည်း အထင်သေးမိတယ်။ အနှစ်မဲ့တဲ့ ဒီဘဝကို ကျွန်မ မနှစ်မြို့ ဖြစ်လာပြီ"

"ပြောပါလေ ပြောပါ"

ဆရာက ကြားဖြတ် ပြောသည်။ နာဒယာ ဘာပြောနေသည်ကို သူ နားမလည်။

"ကိစ္စမရှိပါဘူး... အားလုံး အဆင်ပြေသွားမှာပါ"

"ဘဝကို ကျွန်မ မုန်းတယ်၊ ဒီမှာ နောက်တနေ့ ဆက်ပြီး နေဖို့ မလွယ်ဘူး။ မနက်ဖြန်မှာ ကျွန်မ ထွက်သွားတော့မယ်။ ဘုရားသခင်ကိုယ်စား ကျွန်မကို ရှင်နဲ့အတူ ခေါ်သွားပါ"

ဆရာသည် ခဏတာမျှ သူ့ကို ငေးကြည့်ပြီး အံ့သြနေမိသည်။ နောက်ဆုံးတွင် အဖြစ်မှန်ကို သူ သိလာသည့်အခါ ကလေးငယ်တယောက်လို ဝမ်းသာသွားသည်။ လက်များကို လှုပ်ယမ်းကာ ခြေညှပ်ဖိနပ်ကို စမ်း၍ စီးသည်။ သူသည် ဝမ်းသာလွန်းပြီး ကခုန်နေသူနှင့် တူလေသည်။

“ကောင်းတယ်၊ သိပ်ကောင်းတယ်”

လက်ဝါးနှစ်ဖက်ကို ပွတ်ကာ သူ ပြောသည်။ နာဒယာ၏ မျက်လုံးများ ပြူးကျယ်နေသည်။ ရင်ထဲမှာ ချစ်စိတ်၊ စွဲလမ်းစိတ် အပြည့်ဖြင့် ဆာရှာကို ကြည့်သည်။ သူ့ဆီက တစုံတရာ ထူးထူးခြားခြား စိတ်ကူးစိတ်သန်းများ ပေါ်လာလေမည်လားဟု မျှော်လင့်နေမိသည်။ ယခုအထိ ဆာရှာဆီက စကားသစ် စကားဆန်းများ ကြားရလေမည်လားဟု နာဒယာ မှန်းဆကြည့်သည်။ ယနေ့မူ သူက သေဆို သေမည်။ နာဒယာ ပိုင်းဖြတ်ထားသည်။

“ငါ နက်ဖြန် သွားတော့မယ်”

ခဏကြာမှ ဆာရှာက ပြောသည်။

“ဘူတာရုံကို လိုက်ပြီး ပို့နိုင်တယ်။ မင်းပစ္စည်းတွေကို ငါ့သေတ္တာထဲထည့်ပြီး ယူသွားမယ်။ မင်းအတွက် လက်မှတ်တစောင် ငါ ဝယ်ထားမယ်။ တတိယ ခေါင်းလောင်း ထိုးတာနဲ့ ရထားတွဲပေါ် တက်ခဲ့၊ တို့ သွားကြပြီပေါ့။ မော်စကိုအထိ ငါနဲ့ လိုက်ခဲ့။ ပြီးတော့ ပီတာစဗတ်ကို ကိုယ့်ဘာသာ ကိုယ်သွား၊ ခရီးသွားလက်မှတ် ပါတယ်နော်”

“ပါပါတယ်”

“အခုထွက်လာတာ ဘယ်တော့မှ ဝမ်းမနည်းဘူး နောင်တမရဘူး၊ ဟုတ်လား၊ သေချာတယ်နော်”

ဆာရှာက စိတ်အားထက်သန်စွာ ပြောသည်။

“တနေရာ ထွက်သွားပြီး ပညာသင်ကြား၊ နောက်ပိုင်းတော့ အရာရာဟာ အလိုလို အဆင်ပြေသွားလိမ့်မယ်။ မင်းဘဝကို ပြောင်းပြန်လှန်ပစ်လိုက်ပြီးတဲ့ နောက်ပိုင်းမှာ အားလုံး ပြောင်းလဲသွားမှာပဲ။ အရေးကြီးတာက ကိုယ့်ဘဝကို ပြောင်းပြန် လှန်ပစ်လိုက်ဖို့ပဲ။ တခြား ဘာမှ အရေးမကြီးဘူး။ ဒီတော့ နက်ဖြန် တို့ သွားကြမယ်နော်”

“အိုး… သေချာတယ်”

နာဒယာမှာ ယခုမှ လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။ ဘယ်တုန်းကမျှ ယခုလောက် ရင်လေးခြင်း မဖြစ်ခဲ့ပေ။ ထွက်ခါနီးတွင် စိတ်ဆင်းရဲမည် အမှန်။ ပူပင်စရာတွေ ခေါင်းထဲ ပေါ်လာမည် အမှန်။ သို့သော် အပေါ်ထပ် သူ့အခန်းသို့ ပြန်ရောက်ပြီး အိပ်ရာပေါ် လဲလျောင်းလိုက် သည်တွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသည်။ မျက်နှာတွင် မျက်ရည်စများ ရှိပြီး၊ နှုတ်ခမ်းတွင် အပြုံးရိပ်များ

သမ်းလာသည်။ ဤသို့ဖြင့် နံနက် မိုးလင်းသည်အထိ အိပ်ပျော်သွားလေသည်။

[၅]

အိမ်ရှေ့တွင် မြင်းလှည်း ရောက်လာသည်။ နာဒယာသည် ဦးထုပ်ဆောင်း၊ ကုတ်အင်္ကျီဝတ်ကာ အပေါ်ထပ်သို့ တက်ပြီး မေမေ့ကို နောက်ဆုံးအကြိမ် ကြည့်သည်။ ကာလရှည်ကြာစွာကပင် သူ့မေမေ ဖြစ်လာခဲ့သူကို သူ ကြည့်ရန် ဖြစ်သည်။ ပထမ သူ့အခန်းထဲတွင် အိပ်ရာဘေး၌ ခဏ ရပ်သည်။ အိပ်ရာမှာ နွေးထွေးဆဲ ဖြစ်သည်။ ထိုနောက် မေမေ့အခန်းထဲသို့ ဖြည်းညင်းစွာ ဝင်သည်။ နီနာအိုင်ဗင်နော့ဗနာသည် အိပ်ပျော်နေသည်။ အခန်းထဲမှာ ငြိမ်သက်နေသည်။ မေမေ့ကိုနမ်းကာ ဆံပင်ကို တဖြည်းဖြည်းသပ်ပြီး တစ်မိနစ်၊ နှစ်မိနစ်ခန့် ရပ်နေသည်။ ထို့နောက် အောက်ထပ်သို့ ခပ်ဖြည်းဖြည်း ဆင်းသွားသည်။

မိုးသည်းထန်စွာ ရွာချသည်။ ဆင်ဝင်အောက် ရပ်ထားသော မြင်းလှည်းမှာ ရေထဲတွင် စိုရွှဲနေသည်။

"မင်းအတွက် နေရာရှိမှာ မဟုတ်ဘူး နာဒယာ"

အစေခံများက ပစ္စည်းများကို မြင်းလှည်းပေါ်သို့ တင်ပို့နေစဉ် အဘွားက ပြောသည်။

"ခုလို မိုးသည်းနေတုန်း မင်း လိုက်ပို့ချင်တာ တို့ အံ့သြတယ်၊ အိမ်မှာ နေပါလား၊ မိုးကို ကြည့်ပါဦး"

နာဒယာက တစုံတရာ ပြန်ပြောရန် ကြိုးစားသည်။ သို့သော် မပြောနိုင်။ မြင်းလှည်းပေါ်သို့ တက်ရန် ဆာရှာက လှမ်း၍ခေါ်သည်။ နာဒယာသည် ဒူးကို စောင်ဖြင့် အုပ်ထားသည်။ ယခုမူ နာဒယာသည် ဆာရှာဘေးတွင် ထိုင်လျက် နေရာယူပြီးပြီ။

"ဂွတ်ဘိုင်၊ ဘုရားသခင် ကြည့်ရှုပါလိမ့်မယ်၊ မော်စကိုရောက်ရင် စာရေးဖို့ မမေ့နဲ့နော် ဆာရှာ"

ဆင်ဝင်အဝမှ အဘွားက လှမ်းမှာသည်။

"ရေးမှာပါ၊ ဂွတ်ဘိုင် အဘွား"

"ကောင်းကင်ဘုံက မိဖုရားက မင်းကို စောင့်ရှောက်ပါလိမ့်မယ်"

"ဘယ်လိုရာသီ ဖြစ်ပါလိမ့်"

ဆာရှာက ပြောသည်။

ထိုအခါတွင်မှ နာဒယာ ငိုစပြုလာသည်။ ယခုမူ သူ အဝေးသို့ သွားနေပြီကို သဘောပေါက်စ ပြုလာသည်။ ယုံနိုင်စရာပင် မရှိ။ အဘွားကို သူ့စိတ်ထဲက နှုတ်ဆက်သည်။ အမေ့အိပ်ရာဘေးမှာ သူ ရပ်ပြီး နှုတ်ဆက်ခဲ့သည်။ ပြီးတော့ မြို့ကလေးကိုလည်း သူ နှုတ်ဆက်သည်။ အရာရာသည် သူ့ဆီသို့ ခပ်မြန်မြန် ရောက်လာခဲ့သည်။ အင်ဒရေး၊ သူ့အဖေ၊ အိမ်သစ်နှင့် ပန်းအိုးဘေးက ကိုယ်လုံးတီး အမျိုးသမီးတို့ ဖြစ်သည်။ သို့သော်လည်း ယခု အခိုက်အတန့်တွင်မူ သူတို့အားလုံးသည် သူ့ကို မခြောက်လှန့်နိုင်တော့ပြီ။ အသေးအမွှား လေးများ ဖြစ်သွားကြပြီ။ သူတို့အားလုံးသည် အတိတ်တွင် တဖြည်းဖြည်း ဝေး၍ ကျန်ရစ်ခဲ့လေပြီ။ ရထားတွဲတွင်းသို့ သူတို့ ရောက်သွားကြသည်။ ရထားထွက်စ ပြုပြီ။ အတိတ်က အရာအားလုံးသည် ယခင်က ကြီးမားခဲ့သော်လည်း၊ အရေးကြီးခဲ့သော်လည်း ယခုမူ သေးသေးမွှားမွှားကလေးအဖြစ် ရှုံ့တွသွားသည်။ ပြီးတော့ ယခုအထိ ဝိုးတဝါးသာ မြင်နိုင်သော အနာဂတ်သည် သူ့ရှေ့တွင် အပြောကျယ်စွာ ဆီးကြိုနေလေသည်။ မိုးစက်များ ပြတင်းသို့ လာ၍ ပက်ဖျန်းသည်။ အပြင်ဘက်တွင် စိမ်းစိုသော လယ်ကွင်းများကို မြင်ရသည်။ သံကြိုးတိုင်များကို ရိပ်ခနဲ ဖြတ်သွားသည်။ သံကြိုးပေါ်တွင် ငှက်ကလေးများ ယီးလေးခိုနေကြသည်။ ပျော်ရွှင်မှုကြားတွင် သူ နစ်မြုပ်သွားလေသည်။ ယခုမူ လွတ်လပ်ခွင့် အပြည့် ရှိလာပြီကို သတိထားမိသည်။ ပညာသင်ကြားမည်။ ပြီးတော့ အလျင်က စကားအတိုင်းဆိုလျှင် “ကော့ဆက်တွေဆီသို့ ထွက်ပြေး” သည့်အလုပ်ကို သူ လုပ်ခဲ့ပြီ။ နာဒယာ ရယ်သည်။ ငိုသည်။ ထို့နောက် ဆုတောင်းသည်။

ဆာရှာက မျက်နှာပြည့် ပြုံးရင်း အားပေးစကား ဆိုသည်။

ဆောင်းဦးပေါက်လွန်လျှင် ဆောင်းရာသီသို့ ရောက်လာသည်။ ယခုအခါ နာဒယာသည် အိမ်ကို လွမ်းသည်။ နေ့စဉ်ပင် အမေနှင့် အဘွားကို သတိရသည်။ ဆာရှာ ကိုလည်း သူ သတိရသည်။ အိမ်မှလာသော စာများမှာ လေသံပျော့လာပြီး ကြင်နာသံများ ပါလာသည်။ အရာရာက သူ့ကို ခွင့်လွှတ်သည်။ ပြီးတော့ မေ့လျော့သွားကြသည်။ မေလ စာမေးပွဲများ ဖြေဆိုအောင်မြင်ပြီး နောက် ပျော်ရွှင်စွာပင် အိမ်သို့ ပြန်လာခဲ့သည်။ အိမ်မရောက်မီ ဆာရှာနှင့် တွေ့ရန် မော်စကိုသို့ ဝင်သည်။ ဆာရှာကား ရှေးအတိုင်းပင်။ မုတ်ဆိတ်မွေးတွေ ရှည်လာသည်။ ဆံပင်များ ကြမ်းတမ်းလာသည်။ အလျှင်ကလိုပင် ခေတ်မဆန်သော ကုတ်အင်္ကျီကြီးကို လည်းကောင်း၊ ရွက်ဖျင်စ ဘောင်းဘီကိုလည်းကောင်း ဝတ်ဆင်ထားသည်။ သူ့မျက်လုံး များမှာ ဘယ်တော့ကြည့်ကြည့် ဝိုင်းစက်လှပနေကြလေသည်။ သို့သော်လည်း သူ့ကြည့်ရသည်မှာ နေမကောင်းနေဟန်၊ ပူပန်စိုးရိမ်နေဟန် တူသည်။ တဖြည်းဖြည်း အိုစာလာပြီး ပိန်ချုံးလာသည်။ မရပ်မနား ချောင်းဆိုးသည်။ နာဒယာ မျက်စိထဲတွင် ဆာရှာသည် ညစ်ပတ်ပေရေကာ တောရုပ်ပေါက်လာသည်။

"ဟာ... နာဒယာ ပါလား၊ ငါ့... ဒါလင်လေး၊ ငါ့... အချစ်ကလေး"

သူ ဝမ်းသာအားရ အော်၍ ပြောသည်။

သူတို့သည် ပုံနှိပ်တိုက် အလုပ်ခန်းထဲတွင် အတူထိုင်ကြသည်။ ဆေးလိပ် မီးခိုးနံ့များ၊ မင်နံ့များကို ရှူရှိုက်ရသည်။ ထို့နောက် ဆာရှာ၏အခန်းသို့ သွားသည်။ ထိုနေရာမှာလည်း ဆေးလိပ်မီးခိုးနံ့ ရသည်။ ညစ်ပတ်ပေရေသည်။ စားပွဲပေါ်ရှိ လက်ဖက်ရည်အိုးဘေးတွင် ပန်းကန်တချပ် ကွဲနေသည်။ ယင်းအပေါ်တွင် စက္ကူနက်အချို့ အုပ်ထားသည်။ ကြမ်းပြင်နှင့် စားပွဲပေါ်တွင် ယင်ကောင်သေများ ပြန့်ကျဲနေသည်။ ဤမြင်ကွင်းကြောင့် ဆာရှာသည် ဖြစ်သလို နေသည်။ ရှုပ်ရှုပ်ထွေးထွေး နေသည်။ သက်သောင့်သက်သာ မနေမှန်း သိသာသည်။ ပျော်ပျော်ရွှင်ရွှင် အေးအေးချမ်းချမ်းနေဖို့ ပြောလျှင်၊ သူ့မှာ ချစ်သူရှိသလားဟု မေးလျှင် ဘာဆိုလိုသလဲဟု အဓိပ္ပာယ် နားမလည်။ ပြီးတော့ ရယ်သည်။

"အားလုံး ချောချောမောမောပဲ"

နာဒယာက ခပ်မြန်မြန် ပြောသည်။

"ဆောင်းဦးပေါက်မှာ ပီတာစဗတ်ကို မေမေ လိုက်လာတယ်။ အဘွားက စိတ်မဆိုးဘူးလို့ သူပြောတယ်။ ဒါပေမဲ့ ကျွန်မအခန်းထဲ ခဏခဏဝင်ပြီး နံရံမှာ လက်ဝါးကပ်တိုင်ပုံတွေ လက်ဟန်နဲ့ လုပ်တယ် တဲ့"

ဆာရှာလည်း ဝမ်းသာနေဟန် တူသည်။ သို့သော် ချောင်းဆိုးပြီး အသံအက်အက်နှင့် စကားပြောသည်။ နာဒယာက သူ့ကို ဂရုစိုက်ကြည့်သည်။ တကယ်ပဲ ဆိုးဆိုးရွားရွား နေမကောင်း ဖြစ်နေသလား၊ သူ့စိတ်ထဲက ထင်နေတာပဲလားဟု ဝေခွဲမရနိုင် ဖြစ်နေသည်။

"ဆာရှာ… ရှင် နေမကောင်းဘူး ဟုတ်လား"

နာဒယာ ပြောသည်။

"ငါ နေကောင်းပါတယ်၊ နည်းနည်း မအီမသာ ဖြစ်တာပါ၊ စိုးရိမ်စရာ မရှိပါဘူး"

"ဘာဖြစ်လို့ ဆရာဝန်ဆီ မသွားတာလဲ"

နာဒယာက အလေးအနက် ပြောသည်။

"ကိုယ့်ကျန်းမာရေးကို ဂရုစိုက်မှပေါ့ ဆာရှာရယ်"

သူ တီးတိုးဆိုသည်။ မျက်ရည်ပေါက်များ ကျလာသည်။ ပြီးတော့ သူ့စိတ်ထဲတွင် အင်ဒရေး အင်းဒရစ်၊ ပန်းအိုးဘေးက ကိုယ်ဟန်ပြမယ် အမျိုးသမီး၊ ကလေးဘဝလို ဝေးသော အတိတ် တခုလုံး ပေါ်လာသည်။ ပြီးတော့ ဆာရှာသည် အလျှင်နှစ်ကလို မဟုတ်တော့။ ဖျတ်လတ်မှုလည်း မရှိတော့။ စိတ်ဝင်စားစရာလည်း မကောင်းတော့ဟု ထင်ကာ နာဒယာ ငိုသည်။

"ဆာရှာ …. ရှင် သိပ်နေမကောင်း ဖြစ်နေပြီ၊ ရှင့်ကို မြင်စက သည်လောက် ဖျော့တော့မယ်၊ ပိန်မယ် မမှတ်ဘူး။ ရှင့်ကျေးဇူး ကျွန်မအပေါ် အများကြီး ရှိပါတယ်။ ရှင်ကတော့ စိတ်ထဲမှာ ဘယ်လိုမှ အောက်မေ့မှာ မဟုတ်ဘူး။ အခုတော့ ရှင်ဟာ ကျွန်မဘဝမှာ အရင်းနှီးဆုံး၊ အချစ်ဆုံးပုဂ္ဂိုလ် ဖြစ်နေပြီလေ"

သူတို့နှစ်ယောက် ထိုင်ရင်း စကားတွေ မကုန်နိုင်လောက်အောင် ပြောဆိုနေကြသည်။ ပီတာစဗတ်မြို့တွင် တဆောင်းတွင်း နေခဲ့ပြီးနောက် ဆာရှာနှင့် ပြန်တွေ့သည့်အခါ သူ့အမူအရာမှာ ပြောင်းနေသည်ကို နာဒယာ တွေ့ရသည်။ ခေတ်နောက်ကျနေပြီဖြစ်သော၊ ရှေးဆန်သော၊ သင်္ချိုင်းသို့ ခြေတဖက် လှမ်းနေသော အမူအရာတို့ကို ဆာရှာထံမှာ တွေ့ရသည်ဟု နာဒယာ ထင်မိသည်။

"သန်ဘက်ခါမှာ ငါ ခရီးထွက်မယ်၊ ဗော်လဂါမြစ်အတိုင်း စုန်ဆင်းမယ်။ ပြီးတော့ တနေရာမှာ မြင်းမနို့က ချက်တဲ့ ကူမစ်အရက် သောက်မယ်။ မသောက်ဖူးလို့ စမ်းသောက်ကြည့်မလို့။ တို့အဖော်အဖြစ် မိတ်ဆွေတယောက်နဲ့ သူ့မိန်းမ ပါမယ်။ သူ့မိန်းမက သိပ်အံ့ဩစရာ ကောင်းတဲ့မိန်းမ။ သူ့ကို ပညာသင်ဖို့ ငါ

တိုက်တွန်းရမယ်။ သူ့ဘဝကို ပြောင်းပြန် ဖြစ်သွားအောင် ငါ လုပ်မယ်”

စကားပြောပြီးနောက် သူတို့ ဘူတာရုံသို့ သွားကြသည်။ ဆာရှာက သူ့အား လက်ဖက်ရည် တိုက်သည်။ ပန်းသီးများ ဝယ်၍ ပေးသည်။ ရထားထွက်လျှင် ဆာရှာသည် ပြုံးရယ်ကာ လက်ကိုင်ပဝါကို ဝှေ့ယမ်းနှုတ်ဆက်သည်။ သူ့ခြေထောက်များကို ကြည့်ရခြင်းအားဖြင့် ဘယ်မျှ နေမကောင်း ဖြစ်နေသည်မှာ ထင်ရှားသိသာသည်။ သူသည် အသက်တိုမည့် သူတယောက် ဖြစ်သည်ဟု နာဒယာ ထင်သည်။

ဇာတိမြို့သို့ နေ့လယ် မွန်းတည့်တွင် ရောက်သည်။ ဘူတာမှ အိမ်သို့အလာတွင် လမ်းများမှာ အချုိးအစား မကျဘဲ ကျယ်လွန်းနေသည်ဟု ထင်သည်။ အိမ်များမှာ သေးငယ်ပြီး မြေတွင် ဝပ်နေသည် ထင်မိသည်။ အိမ်များတွင် ဖုန်များ အလိပ်လိုက် တက်နေသည်။ အိမ်တွင် လူသူမရှိ။ စန္ဒရား ကြိုးညှိသည့် ဂျာမန်တယောက်ကိုသာ သူတစိမ်းအဖြစ် နာဒယာ တွေ့ရသည်။ အဘွားမှာ အသက်ကြီးလာပြီ။ သို့သော် တုတ်ခိုင်သန်မာဆဲ။ နာဒယာ၏ ပခုံးပေါ် မျက်နှာအပ်ကာ အကြာကြီး ငိုသည်။ အကြာကြီး ပွေ့ဖက်ထားသည်။ လက်လွတ် ထွက်ပြေးမှာ စိုးရိမ်နေဟန် တူသည်။ နီနာအိုင်ဗင်နော့ဗနာမှာ အိုစာသွားသည်။ သို့သော် ဇာနားတပ်အင်္ကျီကို ဝတ်လျက်၊ လက်မှ စိန်များမှာလည်း တောက်ပလျက် ရှိနေသည်ကို တွေ့ရသည်။

“ဒါလင်ရယ်”

သူ့အမေသည် တုန်တုန်ယင်ယင် ဖြစ်နေသည်။

ထို့နောက် သူတို့နှစ်ယောက် ထိုင်ကာ ငြိမ်သက်စွာ ငိုကြသည်။ အဘွားနှင့် မေမေတို့ စိတ်ထဲတွင် အတိတ်ကို ပြန်၍ တောင်းဆိုမရနိုင်ကြောင်း သဘောပေါက် နားလည်စ ပြုပြီဟု နာဒယာ အလွယ်တကူ တွေ့မြင်ရသည်။ သူတို့၏ အလျင်က လူနေမှု အဆင့်အတန်း သည်လည်း လွင့်စဉ် ကွယ်ပျောက်သွားသည်။ ထို့အတူ အလျင်က ကြီးကျယ်ခဲ့တာတွေ မရှိတော့ပြီ။ ရှေးကလို ဧည့်သည်များကို အိမ်သို့ ဖိတ်ကြားကာ ဧည့်ခံ ကျွေးမွေးခြင်း မလုပ်နိုင်ကြတော့ပြီ။ ပုလိပ်က ညအချိန် အိမ်ထဲဝင်လာပြီး ရှာဖွေသည်တွင် အိမ်ရှင်သည် လိမ်လည် လှည့်ဖြားသည့် ပြစ်မှုတခု၏ ခေါင်းဆောင် ဖြစ်သည်ဟု သိရပြီးနောက် အိမ်သားတို့သည် ရှေးကလို ပေါ့ပေါ့နေ ပေါ့ပေါ့စားခဲ့သည့် ဘဝကို စွန့်လွှတ်လိုက်ကြပုံ မျိုးနှင့် ယခု အဘွားတို့ဘဝသည် တူသည်ဟု နာဒယာ ဆင်ခြင်မိသည်။

အိမ်အပေါ်ထပ်သို့ နာဒယာ တက်သည်။ အိပ်ရာမှာ အလျင်က အတိုင်းပင်။ အလျင်က ပြတင်းပေါက်ကိုလည်း ခန်းဆီးအဖြူနှင့် တွေ့ရသည်။ ပြတင်းမှ ကြည့်လိုက်လျှင် အရင်က မြင်ရသော ပန်းခြံကို နေခြည်အောက်တွင် ပျော်ရွှင်

ဆူညံသည့် လှုပ်ရှားမှုများနှင့်အတူ တွေ့ရသည်။ စားပွဲကို သူ ထိုင်ကြည့်သည်။ ကုလားထိုင်တွင် ထိုင်ကာ နေ့လယ်အိပ်မက်ကို သူ မက်မိသည်။ ထိုနောက် ထမင်း ကောင်းကောင်း စားသည်။ ပြီးလျှင် လက်ဖက်ရည် သောက်သည်။ လက်ဖက်ရည်မှာ နို့ပျစ်ပျစ်နှင့် ဖြစ်သည်။ တစုံတခု လိုနေသလို ထင်မိသည်။ အခန်းတွေထဲတွင် လူသူမရှိ။ ဟာလာဟင်းလင်း ဖြစ်နေသည်။ မျက်နှာကြက်များမှာ နိမ့်လာသည် ထင်မိသည်။ ညနေခင်းတွင် အိပ်ရာသို့ သူ ဝင်သည်။ အိပ်ရာခင်း အသစ်ကို သူကိုယ်တိုင် ခင်းသည်။ နွေးထွေးနူးညံ့သော ဤအိပ်ရာထက်တွင် လဲလျောင်းရင်း တစုံတရာ ထူးဆန်းနေသလို ထင်ရသည်။ နီနာအိုင်ဗင်နော့ဗနာ ဝင်လာပြီး ခဏထိုင်သည်။ အပြစ်ရှိသူ တယောက်လို ကြောက်ရွံ့စွာ ဟိုသည် ကြည့်သည်။

"ဘယ်လိုလဲ နာဒယာ၊ ပျော်တယ် မဟုတ်လား၊ တကယ်နော်"

"ပျော်ပါတယ် မေမေ"

နီနာသည် ထိုင်ရာမှထပြီး နာဒယာ ကိုယ်နှင့် ပြတင်းကို လက်ဝါးကပ်တိုင် သင်္ကေတန် လက်ဖြင့် လုပ်သည်။

"မေမေတော့ အခု ဘုရား တရား အလုပ်ကို လုပ်နေတယ်။ ဒဿနိကဗေဒကိုလည်း မေမေ လေ့လာနေတယ်။ မေမေတော့ တွေးတော ဆင်ခြင်လို့ချည်း နေတာပဲ။ အခုတော့ အရာရာကို အလင်းရောင်လိုပဲ ကြည်ကြည်လင်လင် မြင်လာပြီ။ အရေးကြီးတာက ဘဝကို ပရစ်ဇမ် (သုံးမြှောင့်ဖန်တုံး) ခံပြီး ကြည့်တတ်၊ မြင်တတ်ဖို့ လိုတယ်"

"မေမေ... အဘွား နေကောင်းရဲ့လား"

"ကောင်းပါတယ်၊ သမီး ဆာရှာနဲ့ လိုက်သွားပြီး သမီး သံကြိုးစာကို ဖတ်လိုက်ရတော့ အဘွား နေရာမှာ ပုံလျက် လဲကျသွားတယ်။ အဲဒီနောက် အိပ်ရာထဲမှာ သုံးရက်လုံးလုံး ငြိမ်နေတယ်။ ပြီးတော့ ဘုရားမှာ ဆုတောင်းတယ်၊ ငိုတယ်။ ဒါပေမဲ့ အခု ကောင်းသွားပါပြီ"

နီနာသည် အိပ်ရာပေါ်မှ ထကာ အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်သည်။

"တ တောက်၊ တ တောက်"

ညစောင့်၏ လမ်းလျှောက်သံကို ကြားရသည်။

"အရေးအကြီးဆုံးက ဘဝကို ပရစ်ဇမ်ခံပြီး ကြည့်တတ်ဖို့ပဲ"

နီနာ ပြောသည်။

"တနည်းပြောရရင် ဘဝကို တို့အသိထဲမှာ ရိုးရိုး ဖြစ်ရပ်တွေအဖြစ် ခွဲခြမ်း မြင်နိုင်ရမယ်။ အခြေခံ အရောင်ခုနစ်ခု ခွဲခြားထားသလိုပဲပေါ့။ ဖြစ်ရပ်တခုစီကို သီးခြား လေ့လာရမယ်"

နောက်ထပ် နီနာအိုင်ဗင်နော့ဗနာ ဘာပြောသည်ကို သူ မသိ။ နီနာ ထွက်သွားတော့ နာဒယာ အိပ်ပျော်သွားသည်။

မေ ကုန်ပြီး ဇွန်လထဲ ရောက်လာသည်။ နာဒယာမှာ အိမ်တွင် နေသားကျလာပြီ ဖြစ်သည်။ အဘွားသည် လက်ဖက်ရည်ကရားဘေးတွင် ထိုင်ကာ လက်ဖက်ရည်များကို ငှဲ့ရင်း သက်ပြင်းများ ချသည်။ နီနာသည် ညနေချမ်းများတွင် သူ၏ဒဿနကို ပြောသည်။ မေမေသည် ယခုတိုင် မှီခိုသူတယောက်လို နေသည်။ အဘွားထံမှ လက်ဝါးဖြန့်ပြီး ပိုက်ဆံတောင်းတတ် သည်။ တအိမ်လုံး ယင်ကောင်တွေ များလာသည်။ မျက်နှာကြက်သည်လည်း နိမ့်သည်ထက် နိမ့်လာသည် ထင်ရသည်။ အဘွားနှင့် နီနာတို့သည် အိမ်ထဲမှ အိမ်ပြင်သို့ မထွက်ကြ။ လမ်းတွင် ဘုန်းတော်ကြီး အင်ဒရေးနှင့် သူ့သား အင်ဒရေး အင်းဒရစ်တို့ကို တွေ့မှာ ကြောက်သည်။ နာဒယာသည် ပန်းခြံထဲတွင် လမ်းလျှောက်သည်။ လမ်းများသို့ ထွက်ကာ လျှောက်သည်။ အိမ်များကိုလည်းကောင်း၊ မှုန်မှိုင်းမှိုင်း ဝင်းထရံများကိုလည်းကောင်း ကြည့်ကာ မြို့သည် တဖြည်းဖြည်း အိုမင်းလာသည်ဟု ထင်မိသည်။ ယခုမူ မြို့ကြီး ကောချင် ကောသွားမည်။ သို့မဟုတ်လျှင် ဆန်းသစ်သည့် ပျိုမျစ်နုနယ်ခြင်းတို့ဖြင့် သစ်လွင်လာဖို့သာ မျှော်လင့်ရတော့မည်။ ဘဝသစ် စဖို့ ဆိုသည်မှာ ရှေ့သို့ ရဲရဲ လှမ်းနိုင်ရမည်။ ကိုယ့်ကြမ္မာကိုယ် ရဲရဲ ကြည့်ရဲရမည်။ လမ်းမှန်ရောက်သူသည် ပျော်ရွှင်လွတ်လပ်မှုနှင့် တွေ့ရမည် အမှန်ပင်တည်း။ ဤဘဝမျိုး အနေးနှင့်အမြန် ဆိုသလို ရောက်လာရမည်မှာ မြေကြီး လက်ခတ်မလွဲ ဖြစ်သည်။ အဘွား၏အိမ်ကြီးသည်လည်း အပြောင်းလဲကြီး ပြောင်းလဲမည့် အချိန် ရောက်လာလိမ့်မည်။ အဘွား၏အိမ်တွင် အစေခံ လေးယောက် တခန်းတည်း နေရသည့်အဖြစ်၊ ယင်ကောင်များ ဝဲကာ ညစ်ပတ်ပေရေသည့် အဖြစ်တို့သည်လည်း ပြောင်းလဲ သွားလိမ့်မည်။ ဟုတ်သည်၊ ယင်းတို့ ပျောက်ကွယ် ပြောင်းလဲသွားသည့်တချိန် ရောက်လာလိမ့်မည်။ ထိုအခါ ရှေးကအဖြစ်ကို လူတိုင်း မေ့လျော့သွားကြလိမ့်မည်။ မှတ်မိသူ တဦးတယောက်မျှ ရှိတော့မည် မဟုတ်။ နာဒယာအား စိတ်ပြေလက်ပျောက် ဖြစ်စေသည့် အကြောင်းတခုမှာ အိမ်နီးနားချင်းအိမ်မှ ကလေးငယ်များပင် ဖြစ်သည်။ ပန်းခြံထဲ သူ ဆင်းလမ်းလျှောက်လျှင် သူတို့သည် ဝင်းထရံကို ပုတ်ပြီး သူ့အား "ဟိုမှာ သတို့သမီး လာနေပြီဟေ့" ဟု ရယ်မောပြောင်လှောင်လေ့ ရှိသည်။

ဆာရာတော့မြို့ရှိ ဆာရှာထံမှ စာတစောင် ရောက်လာသည်။

သူ့လက်ရေးမှာ မလှ၊ အသေ့ရေးထားခြင်း ဖြစ်သည်။ ဖော်လက်ဂါမြစ်ကို စုန်ဆင်းသည့် ခရီးသည် ပျော်စရာ ကောင်းပြီး အောင်မြင်သည်ဟု ဖော်ပြထားသည်။ သို့သော်လည်း ဆာရာတော့မြို့တွင် သူ နေမကောင်းဖြစ်ပြီး အသံဝင်သွားသည်။ ဆေးရုံတွင် နှစ်ပတ်ခန့် နေရသည်ဟု ဆိုသည်။ ဘာဆိုလိုသည်ကို နာဒယာ နားလည်သည်။ ပြီးတော့ စိတ်ထဲမှာ တခုထင့်သွားသည်။ စိတ်မကောင်းစရာတခု ဖြစ်လာလိမ့်မည်ဟု သူ ယုံကြည်လာသည်။ ဆာရှာအကြောင်း တွေးလျှင် အရင်ကလို ရွှင်ရွှင်ပျပျ မရှိ။ စိတ်ထင့်ရသည့် အကြောင်းက ရှိနေသည်။ သူသည် ပီတာစဗတ်တွင် ဆက်၍ နေချင်သည်။ သူနှင့် ဆာရှာတို့ မိတ်ဆွေဖြစ်ခဲ့ကြသည်မှာ ရေးအတိတ်က ဖြစ်ရပ်တခုသာ ဖြစ်ပြီး၊ ယခု မှုန်ဝါးသွားပြီဟု ထင်မိသည်။ ညက တညလုံး အိပ်မပျော်။ မနက်ခင်းတွင် ပြတင်းမှာ ထိုင်နေရင်း တစုံတခုကို နားစွင့်နေသလို နားစွင့်နေမိသည်။ တကယ်ပင် အောက်ထပ်မှ အသံများ ကြားရသည်။ အဘွားသည် တစုံတရာကို မြန်မြန်ရေရွတ်နေသည်ဟု ထင်လိုက်သည်။ ထို့နောက် ငိုသံကြားရသည်။ အောက်ထပ်သို့ နာဒယာ ပြေးဆင်းလာသည့်အခါ အခန်းထောင့်တွင် ဆုတောင်းရင်း ရပ်နေသော အဘွားကို တွေ့ရသည်။ သူ့မျက်နှာတွင် မျက်ရည်စများ ရှိနေသည်။ စားပွဲပေါ်တွင် သံကြိုးစာတစောင် ရှိနေသည်။

နာဒယာသည် အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် အကြာကြီး လျှောက်ရင်း အဘွား၏ ငိုသံကို နားထောင်နေမိသည်။ သံကြိုးစာကို နောက်မှ ယူဖတ်သည်။ မနေ့မနက်က ဆာရာတော့မြို့တွင် အလက်ဇင်းဒါးတီမိုဖစ် ခေါ် ဆာရှာ ချောင်းဆိုးသွေးပါ ရောဂါဖြင့် ကွယ်လွန်သွားပြီဖြစ်ကြောင်း ဖော်ပြထားသည်။

အဘွားနှင့် နီနာအိုင်ဗင်နော့ဗနာတို့သည် ဘုရားကျောင်းသို့ သွားကာ ကွယ်လွန်သူအတွက် ဝတ်ပြုဆုတောင်းပွဲတခု စီစဉ်ကြသည်။ နာဒယာကား အခန်းများတွင် အကြာကြီး လျှောက်ရင်း စဉ်းစားတွေးတောနေသည်။ ဆာရှာ ဖြစ်စေချင်သလိုပင် သူ့ဘဝသည် ယခုမှ ထက်အောက်ပြောင်းပြန် ဖြစ်သွားသည်ကို ရှင်းရှင်းလင်းလင်း နားလည်မိသည်။ ယခုမူ သူသည် အထီးကျန် ဖြစ်လာပြီ။ သူများတွေနှင့် ဘဝခြားနေပြီ။ သူ့ကို သည်အရပ်မှာ ဘယ်သူကမျှ အလိုရှိတော့မည် မဟုတ်။ ယခုအရပ်တွင်လည်း သူ လိုချင်တာ ဘာတခုမျှ မရှိတော့ပေ။ အတိတ်သည် တစစီ လွင့်စဉ်သွားကာ ပျောက်ကွယ်သွားသည်။ မီးတင်ရှို့လိုက်သလို လုံးဝ ပျောက်ကွယ်သွားသည်။ လေနှင့်အတူ ပြာများ လွင့်စဉ်သွားသည်။ ဆာရှာ၏ အခန်းထဲသို့ ဝင်ပြီး ရပ်နေမိသည်။

"ဂွတ်ဘိုင် ချစ်သော ဆာရှာရေ"

သူ နှုတ်ဆက်သည်။ သူ့ရှေ့တွင် ဘဝသည် ကျယ်ပြန့်စွာ တည်ရှိနေသည်။ ထိုဘဝသည် သစ်သည်။ အပြောကျယ်သည်။ ပြန့်ပြူးသည်။ ဤဘဝသစ်သည်

မှုန်ဝါးကာ လျှို့ဝှက် နက်နဲသည်။ ဤ ဘဝသစ်က သူ့ကို ရှေ့သို့ ချီတက်ရန် ဖိတ်ခေါ်နေသည်။

နာဒယာသည် အပေါ်ထပ်သို့ တက်လာခဲ့ပြီး ပစ္စည်းများကို ထုပ်ပိုးသည်။ ပြီးတော့ နောက်တနေ့မနက်တွင် သူ့မိသားစုအား နှုတ်ဆက်ပြီး မြို့မှ ခွာသည်။ ယခုမူ သူသည် ရွှင်ပျ တက်ကြွနေသည်။ တခုကား သေချာသည်။ ယင်းမှာ ဘယ်တော့မျှ ပြန်လာတော့မည် မဟုတ်သည့် အဖြစ်ပေတည်း။

စာပြီးနှစ် ၁၉၀၃။

■

ကျေးတောသား

The Male factor

လယ်သမားမှာ ပိန်လှီလှသည်။ အသား မရှိ။ အရိုးပြိုင်းပြိုင်း ထနေသည်။

သူသည် တရားရုံးတော်တွင် တရားသူကြီးနှင့် မျက်နှာချင်းဆိုင် ရပ်လျက်ရှိသည်။

ဘောင်းဘီမှာ အဖာအထေးနှင့်ဖြစ်ပြီး အကျႌအစင်းကျား ခပ်နွမ်းနွမ်းကို ဝတ်ထားသည်။ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး ထိုးထိုးထောင်ထောင်နှင့် ဖြစ်ပြီး မျက်နှာတွင် ကျောက်ပေါက်မာများ ရှိသည်။ မျက်ခုံးထူထူအောက်က မျက်လုံးတစုံမှာ မှေးလျက်ရှိရာ ကောင်းကောင်း မမြင်နိုင်။ မျက်နှာထားမှာ မကျေမနပ် ဖြစ်ကာ သုန်မှုန်နေသည်။ ခေါင်းမှာ ဖြီးသင်မထား။ ရှုပ်ပွနေသည်။ သုန်မှုန်သည့် မျက်နှာထားနှင့် လိုက်ဖက်သည်။ ခြေထောက်တွင် ဖိနပ် မပါ။

တရားသူကြီးက စ၍ ပြောသည်။

“ဒင်းနစ်ဂရီဂေါ်ယက်၊ အနားလာစမ်း၊ ငါ မေးတာကို ဖြေ။ ဇူလိုင် ၇ ရက်က သံလမ်းစောင့် အိုင်ဗင်ဆေမျိုနော့ အကင်ဖော့က သူ့တာဝန်ဝတ္တရားအရ မီးရထားသံလမ်းကို စစ်ဆေးတဲ့အခါ မိုင်တိုင် ၁၄၁ နားမှာ မောင်မင်းကို တွေ့တယ်။ မောင်မင်း သံလမ်းနဲ့ ဇလီဖားတုံးကို ထိန်းထားတဲ့ ဇာဝီတွေကို ဖြုတ်နေတာ တွေ့ရတယ်။ ဟောဒီမှာ မောင်မင်း ဖြုတ်တဲ့ ဇာဝီတွေ။ မောင်မင်းလက်ထဲမှာ ဇာဝီတွေနဲ့ လက်ပူးလက်ကြပ်မိလို့ မောင်မင်းကို ဖမ်းတယ်။ အဲဒါ အမှန်ပဲလား”

“ဘာ ဘာပြောတယ်”

“အကင်ဖော့ အစီရင်ခံတဲ့အတိုင်း ဟုတ်သလား”

“သေချာတာပေါ့၊ ဟုတ်တယ်”

“အေ ကောင်းပေါ့ကွာ၊ ကဲ မောင်မင်း ဘာဖြစ်လို့ ဇာဝီတွေကို ဖြုတ်ရတာလဲ”

“ဘာ ဘာပြောတယ်”

“ဘာပြောတယ်လို့ ပြန်မေးမနေနဲ့၊ မေးတာ ဖြေစမ်း။ ဘာဖြစ်လို့ ဇာဝီတွေကို မောင်မင်း ဖြုတ်ရတာလဲ”

“အဲဒါတွေ လိုချင်လို့ ဖြုတ်တာပေါ့ တရားသူကြီးမင်းရယ်။ မလိုချင်ရင် ဖြုတ်ပါ့မလား”

ဒင်းနစ်သည် ခပ်ကျယ်ကျယ် ပြန်ပြောသည်။ မျက်လုံးတစုံကလည်း မျက်နှာကြက်ကို စွေပြီး ကြည့်သည်။

“ဟေး ဇာဝီတွေက မောင်မင်းအတွက် ဘာအသုံးကျလို့လဲကွ”

“ဇာဝီ… ဟုတ်လား၊ ကျွန်တော်မျိုးတို့ ခဲထုပ် လုပ်တာပေါ့ဗျ”

“ကျွန်တော်မျိုးတို့ဆိုတာ ဘယ်သူတွေလဲ”

“ကျွန်တော်မျိုးတို့ဆိုတာ ရွာထဲကလူတွေ ပြောတာပေါ့ ခင်ဗျာ။ ကလီမိုဗိုရွာက လယ်သမားတွေလေဗျာ”

“ငါပြောတာ နားထောင်စမ်း မောင်မင်း၊ ငါ့ကို အရူးလုပ်မနေနဲ့။ ကောင်းကောင်း ပြော။ ခဲထုပ် လုပ်တယ် ဘာညာနဲ့ လိမ်ပြောမယ် မကြံနဲ့”

“ကျွန်တော်မျိုး လိမ်ပြောတယ် ဟုတ်လား၊ တသက်လုံး လိမ်မပြောခဲ့ဘူး”

ဒင်းနစ်သည် မျက်တောင်ခတ်ရင်း ပြောသည်။

“တရားသူကြီးမင်း ခင်ဗျား၊ ကျွန်တော်မျိုး တခု အစီရင်ခံပါရစေ။ ခဲထုပ် မရှိဘဲ ကျွန်တော်မျိုးတို့ ဘာမှ အလုပ်မဖြစ်ပါဘူး။ ခဲထုပ် မပါဘဲ တီကောင် အရှင်ကို ငါးမျှားချိတ်မှာ တပ်လိုက်လို့ကတော့ ရေအောက်ကို မမြုပ်တော့ဘူး။ ကဲ ကျွန်တော်မျိုး လိမ်မပြောဘူးနော်၊ ဟုတ်လား”

သူ့မျက်နှာမှာ ပြုံးစပ်စပ် ဖြစ်လာသည်။

“အဲသလို ရေပေါ်မှာ တီကောင် ပေါလောပေါ်နေလို့ ဘာမှ အလုပ်မဖြစ်ဘူး။ ခဲထုပ်ပါမှ ရေအောက်မြုပ်တာ ခင်ဗျ။ ငါးပြေမတို့၊ ငါးရှဉ့်တို့၊ ငါးမြွေထိုးတို့က ရေနက်ထဲမှာ နေတာ။ ငါးစာ ရေပေါ် ပေါလောပေါ်နေတော့ ရေပေါ်ငါးတွေပဲ စားမှာပေါ့။ ဒီအရပ်မှာတော့ ရေပေါ်ငါးတွေ သိပ်မရှိလှပါဘူး။ ကျွန်တော်မျိုးတို့ဆီမှာက ငါးတွေက ကျယ်ကျယ်ဝန်းဝန်း ရေပြင်မှာမှ နေတာ ခင်ဗျ”

“ရေပေါ်ငါးတွေအကြောင်း ဘာဖြစ်လို့ ပြောနေရတာလဲ”

“ဘာ ဘာပြောတယ်၊ တရားသူကြီးမင်းပဲ ကျွန်တော့်ကိုမေးလို့ ပြောပြရတာပဲ ခင်ဗျာ။ ကျွန်တော်တို့ တောသား လယ်သမားတွေ ဘယ်လို ငါးမျှားတယ်ဆိုတာ ပြောပြတာ ခင်ဗျ။ ခဲထုပ် မပါဘဲ ငါးမျှားလို့ မရဘူးဆိုတာ

ကလေးတွေတောင် သိတယ်။ ဦးနှောက်မရှိတဲ့လူ ဆိုရင်တော့ ခဲထုပ်မပါဘဲ ငါးမျှားမှာပဲ”

“အေး အခု မောင်မင်းပြောနေတာက ဇာဝီကို ခဲထုပ်လုပ်ရအောင် ဖြုတ်တယ်လို့ ပြောတာနော်။ အဲဒါ ဟုတ်သလား”

“ဟုတ်တာပေါ့ ခင်ဗျာ။ တခြား ဘာအသုံးတည့်မှာလဲ။ လက်ခေါက်ဆစ်မှာ စွပ်ဖို့ ဇာဝီကို ဖြုတ်တာ မဟုတ်ပါဘူး ခင်ဗျာ”

“ဇာဝီအစား ခဲသေးသေး ဖြစ်ဖြစ်၊ ကျည်ဆန်ခွံ ဖြစ်ဖြစ် သုံးလို့ မရဘူးလား။ သံချောင်းဆိုရင်လည်း သုံးနိုင်တာပဲ”

“တရားသူကြီးမင်း ခင်ဗျာ၊ ကျွန်တော်မျိုး အစီရင်ခံပါရစေ။ လမ်းထဲမှာ ခဲကို ရှာလို့မရဘူး ခင်ဗျ၊ ဝယ်လို့လည်း မရဘူး ခင်ဗျ။ သံချောင်းဆိုတာကတော့ အလကားပဲ၊ သုံးလို့ မရဘူး။ ခဲထုပ်လုပ်ဖို့ ဇာဝီဟာ အကောင်းဆုံးပဲ။ လေးတယ်၊ ပြီးတော့ အပေါက်ပါတယ်”

“ဒီသက်သေ ဘာတွေ လျှောက်ပြောနေတယ် မသိဘူး။ ခေါင်းမှ ကောင်းသေးရဲ့လား မသိဘူး။ တကယ်ပဲပေါ့။ မောင်မင်း ငါပြောတာ နားလည်ရဲ့လား။ သံလမ်းက ဇာဝီတွေ ဖြုတ်ရင် ဘာဖြစ်သွားမယ်ဆိုတာ မောင်မင်း သိလား။ ဇာဝီ ဖြုတ်တာကို သံလမ်းစောင့်က မမြင်ဘူး ဆိုရင် ရထားဟာ လမ်းချော်ပြီး မှောက်နိုင်တယ်။ ခရီးသည်တွေ သေကုန်မယ်။ ခရီးသည်တွေ သေရင် မောင်မင်း တာဝန်ပဲ”

“အိုး ဘုရားသခင် မကြိုက်ပါဘူး ခင်ဗျာ။ တရားသူကြီးမင်းရယ်၊ မဟုတ်ပါဘူး။ ဘာကြောင့် လူတွေကို ကျွန်တော်မျိုး သတ်ရမှာလဲ။ ကျွန်တော်မျိုးတို့ကို ရာဇဝတ်ကောင်တွေ၊ ဘုရား တရားမရှိတဲ့ လူတွေလို့ ထင်နေသလား။ လူကြီးမင်း ခင်ဗျာ၊ လူတွေ သတ်ဖို့ဆိုတာ ကျွန်တော်မျိုးတို့ စိတ်ကူးမရှိပါဘူး၊ ယုံပါ။ အခုလို အသက်ရှင်နေရတာကိုပဲ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့်ဆိုတာ သိပါတယ်။ ကျွန်တော်မျိုးတို့ကို စောင်မ ကြည့်ရှုတော်မူပါ ကောင်းကင်ဘုံက အရှင်သခင်မကြီး ခင်ဗျား။ တရားသူကြီးမင်း ဘာတွေ ပြောနေတာလဲ ခင်ဗျာ၊ ကျွန်တော်မျိုး နားမလည်ပါဘူး”

“ရထားတွဲတွေ လမ်းချော်ပြီး မှောက်သွားနိုင်တယ်။ မောင်မင်း အဲဒါ သိရဲ့လား။ ဇာဝီတချို့ ပြုတ်သွားရင် ရထားမှောက်နိုင်တယ်ဆိုတာ မသိဘူးလား”

ဒင်းနစ် စပ်ဖြဲဖြဲ ပြုံးလိုက်သည်။ ထို့နောက် မျက်လုံးကိုမှေးကာ တရားသူကြီးအား သံသယမျက်စိဖြင့် ကြည့်သည်။

“ဘယ်လိုလဲ တရားသူကြီးမင်းရယ်၊ ကျွန်တော်မျိုးတို့ တောသူတောင်သားတွေ မီးရထားလမ်းက ဇာဝီတွေ ဖြုတ်လာတာ ကြာပါပြီ။ ဘုရားသခင်က ကျွန်တော်တို့ကို စောင့်ရှောက်တော်မူပါတယ်။ ရထားမှောက်ပြီး လူတွေ သေကြတယ်ဆိုတာ မရှိခဲ့ပါဘူး။ မကြားဖူးခဲ့ပါဘူး။ ရထားသံလမ်း တခုလုံး ဖြုတ်ထားရင် ဒါမှမဟုတ် ရထားသံလမ်းပေါ် သစ်လုံးကြီးတခု ကန့်လန့်ဖြတ် တင်ထားရင် ရထားမှောက်သွားနိုင်ပါတယ်။ မှောက်စေချင်ရင် အဲဒီလို ကျွန်တော်မျိုး လုပ်မှာပေါ့။ ဒါပေမဲ့ ဇာဝီလေး တခု၊ နှစ်ခုနဲ့တော့ ….ဖွီး”

“ဇလီဖားတုံးပေါ်မှာ သံလမ်းကို ဇာဝီနဲ့ ထိန်းထားတယ် ဆိုတာ မောင်မင်း သိရဲ့လား”

“သိပါတယ် တရားသူကြီးမင်းရယ်၊ ကျွန်တော်မျိုးတို့ နားလည်ပါတယ်။ အဲဒါကြောင့် ဇာဝီတွေ အကုန်လုံး မဖြုတ်တာပေါ့။ တချို့ ချန်ထားခဲ့ပါတယ်။ ကျွန်တော်မျိုးတို့မှာ ခေါင်း ရှိပါတယ်။ မ အ သေးပါဘူး။ ဘာလုပ်ရင် ဘာဖြစ်မယ်ဆိုတာ ကျွန်တော်မျိုးတို့ သိပါတယ်”

ဒင်းနစ်သည် တချက်သမ်းဝေလိုက်ပြီး လက်ဖြင့် ပါးစပ်ပေါ် လက်ဝါးကပ်တိုင်ပုံ လုပ်ကာ ဘုရားသခင်ကို တိုင်တည်လိုက်သည်။

“မနှစ်က အဲဒီနေရာမှာ ရထားလမ်းချော်သွားခဲ့တယ်။ အေး ဘာကြောင့် ဖြစ်ရတယ်ဆိုတာ အခုတော့ သိရပြီ”

တရားသူကြီးမင်းက ဆိုသည်။

“ဘယ်လိုပါလဲ ခင်ဗျာ၊ ပြန်ပြောပါဦး”

“မနှစ်က ရထားလမ်းချော်တာ ဘာကြောင့်လဲလို့ ငါသိပြီလို့ ပြောတာကွ။ အခု အဲဒီကိစ္စ ရှင်းသွားပြီ”

“ကြင်နာတတ်တဲ့ လူကြီးမင်း ခင်ဗျား။ ဘုရားသခင်က လူကြီးမင်း နားလည် သဘောပေါက် သွားအောင် ပြောပြတာပါ။ သူ ကျေနပ်နှစ်သက်တဲ့သူကိုသာ ဘုရားသခင်က ပြောပြတာပါပဲ။ လူကြီးမင်း အားလုံးကို သိပါတယ်။ ဘယ်လိုဖြစ်တယ် ဆိုတာလည်း သိပါတယ်၊ ဘာဖြစ်တယ် ဆိုတာလည်း သိပါတယ်။ ဒါပေမဲ့ သံလမ်းစောင့် ဆိုတာက လယ်သမား တောသားပါ။ ပညာလည်း မတတ်ပါဘူး။ ကျွန်တော်မျိုးကို ကုပ်က ဆွဲခေါ်လာခဲ့တာပါပဲ။ လူတွေကို မဖမ်းဆီးခင် ဘာတွေ ဖြစ်ပျက်သလဲဆိုတာ သူ သိဖို့ လိုတာပေါ့ခင်ဗျာ။ လယ်သမားဆိုတာ လယ်သမား ဦးနှောက်ပဲ ရှိတာပဲ။ အဲသလို သူတို့ ပြောကြတာပဲ။ တရားသူကြီးမင်း ရေးမှတ်ထားပါ ခင်ဗျာ။ အခု ကျွန်တော်မျိုး တိုင်ကြားချက်

ဖွင့်တာပါပဲ။ သူ ကျွန်တော့်ကို နှစ်ချက် ရိုက်ပါတယ်။ မေးရိုးကို တချက်ထိုးပါတယ်။ ရင်ဘတ်ကို တချက် ထိုးပါတယ်"

"နားထောင်၊ မောင်မင်းအိမ်မှာ သူတို့ ရှာကြတော့ ဇာဝီတခု တွေ့တယ်။ အဲဒီ ဇာဝီကို ဘယ်တုံးက၊ ဘယ်နားက ဖြုတ်တာလဲ"

"သေတ္တာနီလေးထဲ တွေ့တဲ့ ဇာဝီကို ပြောတာလား ခင်ဗျာ"

"ဘယ်မှာ တွေ့တယ်ဆိုတာ ငါ မသိဘူး။ မောင်မင်း အိမ်မှာ သူတို့ တွေ့ရတယ်လို့ပဲ သိတယ်။ အဲဒီ ဇာဝီကို ဘယ်တုံးက ဖြုတ်တာလဲ"

"ကျွန်တော်မျိုး မဖြုတ်ပါဘူး။ မျက်စိတဖက်ပျက်နဲ့ ဆေမှုန်ရဲ့သား အစ်ဂနတ်ရှခါက ပေးတာပါ။ အဲဒါက သေတ္တာအောက်က တွေ့တဲ့ ဇာဝီပါ။ ခြံထဲက စွတ်ဖားပေါ်မှာ တွေ့တဲ့ ဇာဝီက မီထရိုဖန်နဲ့ ကျွန်တော်မျိုးတို့ ဖြုတ်ကြတာပါ"

"ဘယ်က မီထရိုဖန်လဲ"

"မီထရိုဖန် ပီထရော့ပါ။ တရားသူကြီးမင်း သူ့အကြောင်း မကြားဖူးဘူးနဲ့ တူတယ်။ သူက ကျွန်တော်မျိုးတို့ ရွာထဲမှာ ငါးဖမ်းပိုက်ထိုးပြီး လယ်သမားတွေကို ရောင်းပါတယ်။ သူ့အဖို့ ဇာဝီတွေ အများကြီး လိုတယ်။ ပိုက်တခုမှာ ခဲထုပ်အဖြစ် ဇာဝီ ဆယ်ခုလောက် တပ်ရပါတယ်"

"နားထောင် မောင်မင်း၊ ရထားလမ်း ပျက်စီးစေမယ့် အလုပ်မျိုးကို ကိုယ်ထိလက်ရောက် လုပ်တဲ့သူ၊ ရထားသွားလို့ မဖြစ်အောင် ရည်ရွယ်ချက်နဲ့ လုပ်တဲ့သူ၊ ပြီးတော့ အဲဒီအမှုမှာ ကျူးလွန်တဲ့အတွက် ရထားတိမ်းမှောက်နိုင်တယ်ဆိုတာ သိလျက်နဲ့၊ မောင်မင်း နားလည်ဖို့က ပြီးတော့ ဇာဝီ ဖြုတ်တဲ့အတွက် ဘေးဖြစ်တဲ့အခါ ဘာမှ ကူညီလို့မရမှန်း သိလျက်နဲ့ ကျူးလွန်တဲ့အတွက် ရာဇသတ်ကြီးပုဒ်မ ၁၀၈၁ အရ နယ်နှင်ဒဏ် ခံရမယ် ဆိုတာ..."

"အိုး တရားသူကြီးမင်း ပိုပြီး သိတာပေါ့ ခင်ဗျာ။ ကျွန်တော်မျိုးတို့က နကန်းတလုံးမှ သိတဲ့လူတွေ မဟုတ်ပါဘူး။ ကျွန်တော်မျိုးတို့ ဘာမှ မသိပါဘူး"

"မောင်မင်းတို့ သိပါတယ်။ လိမ်တာ၊ မသိနားမလည်ချင်ဟန် ဆောင်နေကြတာ"

"ကျွန်တော်မျိုး ဘာကြောင့် လိမ်ရမှာလဲ ခင်ဗျာ။ မယုံရင် ရွာထဲမှာ မေးကြည့်ပါ။ ရေပေါ်ပြေးနေတဲ့ ငါးလေးတွေကိုပဲ ခဲထုပ် မပါဘဲ ဖမ်းလို့ ရနိုင်ပါတယ်။ အဲဒါ အမှန်ပါ။ ငါးကြင်းတွေက အဆိုးဆုံးပဲ။ ခဲထုပ် မပါရင်

ဘယ်တော့မှ မဟာပ်ပါဘူး"

"အေး၊ ပြီးတော့ ရေပေါ်ပြေးနေတဲ့ ငါးတွေအကြောင်းကို မောင်မင်း ဆက်ပြောဦးမယ်"

တရားသူကြီးက ပြုံးသည်။

"ကျွန်တော်မျိုးတို့အရပ်မှာ ရေပေါ်ပြေးနေတဲ့ ငါးမျိုးတွေ မရှိကြောင်း ပြောပြီးပါပြီ။ ခဲထုပ် မပါဘဲ တီကောင်နဲ့ဖြစ်ဖြစ်၊ လိပ်ပြာနဲ့ဖြစ်ဖြစ် ငါးစာတပ်ပြီး ရေပေါ်မှာ ငါးမျှားကြိုးကို ပစ်ချလိုက်ရင် ကပ်ဘီလူးလို ငါးမျိုးတော့ ဖမ်းနိုင်ပါတယ်။ ဒါကလည်း တခါတလေမှ ကြုံရတာပါ"

"တော်တော့"

ရုံးတော်တွင် ငြိမ်သက်သွားသည်။ ဒင်းနစ်သည် ခြေတဖက်ကို မှီရပ်နေရာမှ အခြားတဖက်ပေါ် မှီ၍ ရပ်သည်။ စားပွဲခင်းစိမ်း ခင်းထားသော ရုံးမင်းစားပွဲဆီသို့ လှမ်းကြည့်ပြီး တဖျတ်ဖျတ် မျက်တောင်ခတ်နေမိသည်။ စားပွဲခင်းစိမ်းကြီးကို မကြည့်ဘဲ နေလုံးကြီးကို ကြည့်သူနှင့် တူနေသည်။ တရားသူကြီးက စီရင်ချက်ကို မြန်မြန် ရေးနေသည်။

ခဏကြာလျှင် ဒင်းနစ်က "ကျွန်တော်မျိုး သွားရတော့မလား ခင်ဗျ" ဟု မေးသည်။

"မသွားရဘူး၊ မောင်မင်းကို ချုပ်ထားပြီး ထောင်ကို ပို့ရမယ်"

ဒင်းနစ်သည် မျက်တောင်ခတ်နေရာမှ ရပ်လိုက်သည်။ မျက်ခုံးထူကြီးကို ပင့်တင်ရင်း တရားသူကြီးဆီသို့ စူးစမ်းလိုသောအကြည့်ဖြင့် ကြည့်သည်။

"ထောင်ပို့ရမယ်ဆိုတာ ဘာလဲ ခင်ဗျ။ ထောင်ကိုသွားဖို့ ကျွန်တော်မျိုးမှာ အချိန်မရှိဘူး ခင်ဗျ။ ဈေးကို သွားရဦးမယ်၊ ဝက်ဆီဖိုး သုံးရူဗယ် ယေဂေါ်ဆီက ရစရာရှိတယ် ခင်ဗျ"

"မောင်မင်း ပါးစပ် ပိတ်ထား၊ ငါ့ကို မနှောင့်ယှက်နဲ့"

"ထောင် ဟုတ်လား၊ နားဆင်ပါ တရားသူကြီးမင်း ခင်ဗျား။ ကျွန်တော်မျိုး အမှားအယွင်း တခုခု လုပ်ခဲ့မိရင် ထောင်ကို သွားရမှာပေါ့။ ဒါပေမဲ့ ကျွန်တော့်ကို ထောင်ထဲပို့ဖို့ ဘာအကြောင်းများ ရှိလို့လဲ ခင်ဗျာ။ ဘယ်သူ့ပစ္စည်း ကျွန်တော်မျိုး ခိုးသလဲ၊ ဘယ်သူ့ကိုမှလည်း ထိုးကြိတ်သတ်ပုတ် မလုပ်ခဲ့ပါဘူး၊ အခွန်အတုတ် ကြွေးကျန်လည်း မရှိခဲ့ပါဘူး။ ရွာသူကြီးကိုတော့ မယုံနဲ့ ခင်ဗျ။ သူက နှစ်ခြင်း မင်္ဂလာ လုပ်ရသေးတာ မဟုတ်ဘူး။ ရွာလူကြီးတယောက်ကို မေးကြည့်ပါ ခင်ဗျာ"

"တိတ်စမ်း"

"ကောင်းပါပြီ ခင်ဗျာ၊ ကျွန်တော်မျိုး ဘာမှ မပြောတော့ပါဘူး"

ဒင်းနှစ် တိုးတိုး ပြောသည်။

"ဒါပေမဲ့ အခွန်မဆောင်ဘူးဆိုရင်တော့ ရွာသူကြီး လိမ်တာကို ကျမ်းကျိန်ပြီး ကျွန်တော်မျိုး ပြောရပါတယ်။ ကျွန်တော်မျိုးတို့မှာ ညီအစ်ကို သုံးယောက် ရှိပါတယ်။ ကုဇမာဂရီ ဂေါ်ယက်ရယ်၊ ပြီးတော့ ယေဂေါ်ဂရီဂေါ်ယက်ရယ်၊ နောက် ဒင်းနှစ်ဂရီဂေါ်ယက်ရယ်"

"မောင်မင်း ရုံးတော်ကို အနှောင့်အယှက် အတော်ပေးတယ်။ ဒီမှာ ဆေမျွန်၊ သူ့ကို ခေါ်သွားစမ်း"

တရားသူကြီးက အော်ပြောသည်။

"ကျွန်တော်မျိုးတို့မှာ ညီအစ်ကိုသုံးယောက် ရှိပါတယ်"

လုံခြုံရေးဝန်ထမ်း နှစ်ယောက်က သူ့ကို ရုံးခန်းထဲမှ ဆွဲထုတ်သွားစဉ် ဒင်းနှစ်သည် ပါးစပ်မှ တတွတ်တွတ် ရေရွတ်ရင်း လိုက်ပါသွားသည်။

"တယောက်ရဲ့အပြစ်ကို တယောက်က ကိုယ်စားဝင်ပြီး ခံလို့မရဘူး ခင်ဗျ။ ကုဇမာက အခွန်မပေးဘူး၊ ဒါနဲ့ ဒင်းနှစ် မင်း ခံပေတော့လို့ တရားသူကြီးတွေက စီရင်တော့မှာလား။ တကယ်ပါ၊ ကျွန်တော်မျိုးတို့ အရှင်သခင်ဟောင်းကလည်း သေသွားပြီ ခင်ဗျ။ ဘုရားသခင်ဆီမှာ အိပ်ပျော်သွားပါပြီ။ သူသာရှိရင် တရားသူကြီးမင်းကို အကျိုးအကြောင်း ရှင်းပြနိုင်ပါလိမ့်မယ်။ မှုမှုတတလည်း စီရင်မှပေါ့ ခင်ဗျာ။ မမှန်မကန်တော့ မစီရင်သင့်ပါဘူး။ လူတယောက်ကို အပြစ်ရှိရင် ရိုက်ပါ၊ ဆုံးမပါ။ နားလည်တယ်နော်..."

စာပြီးနှစ် ၁၈၈၅။

[ချက်ကော့သည် လိုရင်းကို စကားလုံး ချွေတာကာ ရေးတတ်သူ ဖြစ်သည်။ သူ့ဝတ္ထုတိုများတွင် အပိုစကား မပါ။ ယခု ဝတ္ထုတို ဖြစ်သည့် ကျေးတောသား တယောက်တွင်လည်း ရိုးရိုးရှင်းရှင်း ဖော်ပြထားသည်။ ဤဝတ္ထုတွင် ဘက်မလိုက်ဘဲ ချက်ကော့ သရုပ်ဖော်သည်။ ရိုးသားသော နားယောင်ပက်ကား ကျေးတောသား လယ်သမား တယောက်နှင့် ဥပဒေတို့ ရင်ဆိုင်ကြပုံကို ခပ်မြူးမြူး သရုပ်ဖော်ထားသည်။ သူ့ဝတ္ထုတိုင်းတွင် နိုင်ငံရေးအမြင် ကင်းနိုင်သမျှ ကင်းအောင် ရေးသားတတ်သည်ကို ဤဝတ္ထုက ထင်ရှားစေသည်။]

[မိုးဂျာနယ်၊ စက်တင်ဘာ ၁၉၉၃]

■

ရာဇဝတ်ကောင်

The Male factor

မိုးဂျာနယ်၊ စက်တင်ဘာ ၁၉၉၃ တွင် 'ကျေးတောသား' အမည်နှင့် ဘာသာပြန်ဆို ထားပြီးသည်ကို ထပ်မံ ဘာသာပြန်ထားသည့် မူကွဲ၊ အမည်ကွဲ လက်ရာပင်ဖြစ်သည်။ ယခုမူတွင် မူရင်းအင်္ဂလိပ်စာနှင့် နှစ်ဘာသာတွဲ ဖော်ပြထားရာ တိတိကျကျ ပြန်ဆိုထားသည်ကို တွေ့နိုင်ပါသည်။ ဘာသာပြန်ဆိုခြင်း အတတ်ပညာကို လေ့လာသူများ အတွက် အထောက်အပံ့ ဖြစ်နိုင်သည်ဟု ယူမှတ်ကာ ထည့်သွင်း ဖော်ပြလိုက်ပါသည်။ မသင့်ဟုယူသော် ရာပြည့်စာအုပ်တိုက်တွင်သာ တာဝန်ရှိပါကြောင်း တင်ပြအပ်ပါသည်။

(ရာပြည့်)

အမှုစစ်နေသည့် တရားသူကြီး၏ရှေ့တွင် ပိန်ခြောက်ခြောက် လယ်သမားတယောက် ရပ်နေသည်။ အဖာအထေးနှင့် အောက်ခံဘောင်းဘီ၊ ရှပ်အင်္ကျီ အစင်းကျားတို့ကို ဝတ်ထားသည်။ သူသည် တရားသူကြီးကို စိုက်ကြည့်နေသည်။ မျက်နှာတွင် အမွေးအမှင်များ ရှိပြီး ကျောက်ပေါက်မာသက်သက် ရှိသည်။ မျက်တောင်ရှည်များအောက်က မျက်လုံးတစုံကို မှုန်ဝါးဝါးသာ မြင်ရသည်။ သုန်သုန်မှုန်မှုန်နှင့် မကျေမနပ် ဖြစ်နေသည်။ ခေါင်းထက်တွင် ရှုပ်ရှုပ်ထွေးထွေး သက်ငယ် ခေါင်းဆောင်းတခု ဆောင်းထားသည်။ ခြေဆံလက်ဆံ သေးသေးဖြစ်ရာ ပင့်ကူတကောင်နှင့် တူသည်။ ခြေထောက်မှာ ဗလာ။ ဖိနပ် မပါ။

တရားသူကြီးက ဤသို့ ပြောသည်။

"ဒင်းနစ်ဂရီဂေါ်ယက်... အနားတိုးလေ၊ ငါမေးတာ ဖြေစမ်း။ ဇူလိုင် ၇ ရက် မနက်ခင်းမှာ ရထားလမ်းစောင့် အိုင်ဗင်ဆေမျိုနော့ အကင်ဖော့က ရထားလမ်းကို လိုက်ပြီး စစ်တဲ့အခါ မိုင်တိုင် တစ်ရာ့လေးဆယ့်တစ် အနားမှာ မောင်းမင်းကို သံလမ်း ဝက်အူတခု ဖြုတ်နေတာ တွေ့တယ်တဲ့။ ဝက်အူကို ဒီမှာ သက်သေခံပစ္စည်းအဖြစ် ပြထားတယ်။ မောင်မင်းကို ဝက်အူ လက်ဝယ်ရှိတုန်း ဖမ်းလိုက်တယ်။ အဲဒီစွဲချက် မှန်သလား"

"ဘာ... ဘာ... ဘာရယ်"

“အကောင်ဖော့၊ ရုံးတော်ကို တင်ပြတာတွေ တကယ်ဖြစ်ပျက်တာတွေနော်”

“မှန်ပါတယ်၊ တကယ် ဖြစ်တာပါ”

“ကောင်းပြီ၊ ကဲ ဒါဖြင့် ဘာဖြစ်လို့ ဝက်အူကို မောင်မင်း ဖြုတ်တာလဲ”

“ဘာ... ဘာ... ဘာရယ်”

“ဘာရယ်တွေ ပြန်မေးမနေနဲ့၊ ငါမေးတာဖြေ။ ဘာကြောင့် ရထားသံလမ်း ဝက်အူကို မောင်မင်း ဖြုတ်သလဲ”

“လိုချင်လို့ ဖြုတ်တာပေါ့ဗျ၊ မလိုချင်ရင် အလကား ဖြုတ်ပါ့မလား”

ဒင်းနစ်က အော်ပြီး ဖြေသည်။ ပြီးတော့ မျက်နှာကြက်ကို စွေပြီး ကြည့်နေသည်။

“ဝက်အူက မောင်မင်းအတွက် ဘာအသုံးကျသလဲ”

“ဝက်အူ... ဟုတ်လား၊ ခဲအဖြစ် ကျွန်တော်မျိုး သုံးတာပေါ့ဗျ”

“ကျွန်တော်မျိုး ဆိုတာ ဘယ်သူတွေလဲ”

“ကျွန်တော်မျိုးတို့ ဆိုတာ ရွာထဲက လူတွေကို ပြောတာ။ ကလီမိုဗို ရွာသားတွေပေါ့”

“ငါပြောတာ နားထောင်။ ငါ့ကို အရူးလုပ်မနေနဲ့။ ကောင်းကောင်း ပြော။ ခဲအဖြစ် သုံးတယ်တွေ၊ ဘာတွေ လိမ်ပြောမနေနဲ့”

“ကျွန်တော်မျိုးလား လိမ်ပြောရမှာ။ တသက်လုံး ဘယ်တော့မှ လိမ်မပြောခဲ့ဘူး။ အခုလည်း”

ဒင်းနစ်သည် မျက်တောင် ပုတ်ခတ်ပုတ်ခတ် လုပ်ကာ ရုံးမင်းကို ဆက်၍ ပြောသည်။

“တရားသူကြီးမင်း ခင်ဗျား၊ ကျွန်တော်မျိုး တခု မေးစမ်းပါရစေ။ ‘ခဲ’ မရှိရင် ကျွန်တော်မျိုးတို့ ဘာလုပ်နိုင်မှာလဲ။ ကဲ... ငါးမျှားချိတ်မှာ တီကောင်ချည်း တပ်လိုက်ရင် အောက်ကို ဘယ်မှာမြုပ်မှာလဲ။ ဝက်အူ ပါမှ မြုပ်တာပေါ့ ခင်ဗျ။ အဲဒါ ကျွန်တော်မျိုး လိမ်ပြောရမှာတဲ့လား”

ဒင်းနစ်က ပြုံးဖြဲဖြဲ ကြည့်နေသည်။

“ငါးမျှားကြိုး ရေထဲမမြုပ်ဘဲ ရေပေါ်မှာ ငါးစာနဲ့ ပေါလော ပေါ်နေတော့

ဘာဖြစ်သလဲ။ ကပ်ကတစ်တို့၊ ငါးရှဥ့်တို့ဆိုတဲ့ ရေချိုငါးတွေက ရေအောက်မှာ အစာရှာကြတာ။ ငါးစာက ရေအောက် မမြုပ်တော့ ရေပေါ်ငါးတွေပဲ သုတ်သွားမှာပေါ့။ ဒါကလည်း ဖြစ်ခဲပါတယ်။ ကျွန်တော်မျိုးတို့ ဒေသမှာ အဲဒီလိုငါးမျိုး မရှိပါဘူး။ ကျွန်တော်မျိုးတို့ ငါးတွေက နေရာ ကျယ်ကျယ်ပြန့်ပြန့်မှာ ကျက်စားကြတာဗျ"

"ဘာကြောင့် သည်ငါးတွေအကြောင်း မောင်မင်း လျှောက်လဲနေရတာလဲ"

"ဘာ... ဘာ... ရယ်၊ ဘာဖြစ်လို့ ဒီလိုမေးရတာလဲ ခင်ဗျာ။ ကျွန်တော်မျိုးတို့ တောသူတောင်သားတွေ ဘယ်လို ငါးဖမ်းတယ်ဆိုတာ ပြောပြနေတာ ခင်ဗျ။ ဒါပေမဲ့ လေးအောင်ဆွဲတဲ့ခဲ မပါဘဲ ဘယ်ကလေးမှ ငါးမမျှားဘူး ခင်ဗျ။ ဦးနှောက်မရှိတဲ့လူမှ ခဲမဆွဲဘဲ ငါးဖမ်းတာ။ ဒီလို လူမျိုးတွေအကြောင်း ပြောနေလို့ အပိုပါပဲ ခင်ဗျာ"

"မောင်မင်းပြောတာက ငါးမျှားတဲ့အခါ ငါးမျှားတံကို လေးအောင် ခဲဆွဲဖို့ ဝက်အူကို ဖြုတ်ရတယ် ဆိုချင်တာပေါ့၊ ဟုတ်ရဲ့လား"

"ဟုတ်တာပေါ့ခင်ဗျ၊ လေးအောင်ဆွဲဖို့ ခဲအဖြစ်ကလွဲရင် ဘာသုံးလို့ရတာ မှတ်လို့။ ဝက်အူနဲ့တော့ ကျွန်တော် မကစားပါဘူး ခင်ဗျ၊ ဟုတ်တယ်နော်"

"ဝက်အူအစား ခဲနည်းနည်း၊ ဒါမှမဟုတ် ကျည်ဆန်ကို သုံးလို့ မရဘူးလား။ ရိုက်တဲ့သံ ဆိုရင်လည်း သုံးလို့ ရတာပဲ"

"ဒီလိုပါ တရားသူကြီးမင်း ခင်ဗျာ။ အခုပြောတဲ့ သတ္တုဆိုတဲ့ ခဲကို လမ်းထဲမှာ အလကားရှာလို့ မရနိုင်ပါဘူး။ ပိုက်ဆံပေးဝယ်မှ ရတာပါ။ ရိုက်သံ ဆိုတာလည်း ပိုက်ဆံပေးရတာ။ ရိုက်သံကတော့ အသုံးမတည့်ပါဘူး။ မီးရထားသံလမ်းက ဝက်အူလောက်တော့ ဘာမှ မကောင်းပါဘူး။ ဝက်အူက လေးလည်း လေးတယ်၊ ပြီးတော့ အပေါက်ပါတယ်"

"အခု လျှောက်လဲနေတဲ့ ပုဂ္ဂိုလ်ဟာ နည်းနည်းလေးမှ ဉာဏ်မရှိပါဘူး။ မောင်မင်းဟာ အတော် သနားစရာကောင်းတယ်။ ဝက်အူတွေ ဖြုတ်ယူလိုက်လို့ သံလမ်းမှာ ဝက်အူ မရှိတော့ဘူးဆိုရင် ဘာဖြစ်မှာလဲ၊ မောင်မင်း သိသလား။ ရထားလမ်းစောင့် မမြင်ဘူးဆိုရင် ရထားလာတဲ့အခါ လမ်းချော်မယ်။ လူတွေ သေမယ်။ သူတို့ သေရင် မောင်မင်းမှာ တာဝန်ရှိတယ်၊ သိရဲ့လား"

"အိုး... ဘုရားသခင် မကြိုက်ပါဘူး တရားသူကြီးမင်း ခင်ဗျာ။ မဟုတ်သေးပါဘူး။ ဘာဖြစ်လို့ လူတွေကို ကျွန်တော်မျိုး သတ်ရမှာလဲ။ ကျွန်တော်မျိုးကို ရာဇဝတ်ကောင်လို့ ထင်နေသလား။ မိစ္ဆာဒိဋ္ဌိ ထင်နေသလား။ လူကြီးမင်းခင်ဗျား၊ လူတွေ သတ်ဖို့ဆိုတဲ့ စိတ်ကူးမျိုး ကျွန်တော်မျိုးတို့ ခေါင်းထဲမှာ

မရှိပါဘူး။ ဒီလိုနဲ့ ကြီးပြင်းလာတာပါ။ ဘုရားသခင်ရဲ့ ကျေးဇူးပါပဲ။ ကျွန်တော်မျိုးတို့ကို ကယ်တင်ပါ၊ သနားပါ။ ကောင်းကင်ဘုံက မယ်တော် ခင်ဗျား။ တရားသူကြီးမင်း ဘာကို ဆိုလိုတာလဲ"

"ရထားဟာ ဘာကြောင့် လမ်းချော်ပြီး ပျက်စီး တိမ်းပါးသွားနိုင်တယ်ဆိုတာ မောင်မင်း သိရဲ့လား။ ဝက်အူ နည်းနည်း ဖြုတ်ယူလိုက်ရင် ရထား လမ်းချော်နိုင်တယ်၊ အဲဒါ သိရဲ့လား"

ဒင်းနစ်သည် ပြုံးဖြဲဖြဲ မျက်နှာဖြင့် တရားသူကြီးကို မယုံမကြည်ဖြစ်ကာ စိန်းစိန်းကြည့်သည်။

"ကျွန်တော်မျိုးတို့လို တောက လယ်သမားတွေအဖို့ ရထားလမ်းက ဝက်အူတွေဖြုတ်တာ ကြာလှပြီ။ ဘုရားသခင်က ကျွန်တော်တို့ကို အကာအကွယ် ပေးပါတယ်။ ရထားပျက်တာတို့၊ လူတွေသေတာတို့ ဆိုတာ မကြုံဖူး မကြားဖူးပေါင် ခင်ဗျာ။ အခုဟာက သံလမ်းကြီးတခုလုံး ကျွန်တော်မျိုး ဖြုတ်တယ်၊ သံလမ်းခင်း ဇလီဖားတုံးတွေ ကျွန်တော်မျိုး ဖြုတ်တယ် ဆိုရင်တော့ ရထား လမ်းချော်နိုင်တယ်။ ဒါပေမဲ့ အခုဟာက ဝက်အူလေး တခုပါ ခင်ဗျာ... ဖွီး"

"ဝက်အူက သံလမ်းကို သံလမ်းခင်း ဇလီဖားတုံးနဲ့ မြဲနေအောင် တုပ်နှောင်ထားတယ်ဆိုတာ မောင်မင်း မသိဘူးလား"

"ဟုတ်ပါတယ် တရားသူကြီးမင်း၊ ကျွန်တော်မျိုးတို့ နားလည်ပါတယ်။ အဲဒါကြောင့် ဝက်အူတွေ အားလုံးကို ကျွန်တော်မျိုးတို့ မဖြုတ်တာပေါ့။ တချို့ကို ချန်ခဲ့ပါတယ်။ ကျွန်တော်မျိုးတို့ဟာလည်း ပခုံးနှစ်ဖက်ကြားက ခေါင်းပေါက်လာတဲ့လူတွေပါ။ ဘာလုပ်ရင် ဘာဖြစ်မယ် ဆိုတာ သိပါတယ် အရှင်"

ဒင်းနစ်သည် တချက် သမ်းဝေပြီး ပါးစပ်တွင် လက်ဝါးကပ်ပုံသဏ္ဌာန် လုပ်လိုက်သည်။

"မနှစ်က ဒီအရပ်မှာ ရထားတစီး လမ်းချော်ဖူးတယ်။ ကဲ ကြားဖူးပြီ မဟုတ်လား"

"မကြားလိုက်လို့ ပြန်ပြောပါဦး ခင်ဗျာ"

"မနှစ်က ဒီအရပ်မှာ ရထားတစီး လမ်းချော်တယ်လို့ ငါပြောတာ။ အခုတော့ ရှင်းရှင်းလင်းလင်း ဖြစ်သွားပြီလေ"

"အလွန် ကြင်နာတတ်တဲ့ လူကြီးမင်းပါပဲ။ ဘုရားသခင်က လူကြီးမင်းကို နားလည်အောင် ပြောထားပြီ မဟုတ်လား။ ဘုရားသခင်ဟာ သူ နှစ်သက်တဲ့သူကို

နားလည်မှုပေးတာပဲ။ ဘာတွေဖြစ်တယ်ဆိုတာ လူကြီးမင်း သိပါတယ်၊ ဘယ်လိုဖြစ်တယ် ဆိုတာလည်း သိပါတယ်။ ဒါပေမဲ့ ရထားလမ်းစောင့်ဆိုတာကလည်း တောသားပဲ။ ပညာတတ်တာ မဟုတ်ဘူး။ ကျွန်တော်မျိုးကို အကျႌ ကော်လာကဆွဲပြီး လှည်းပေါ် တင်ခေါ်လာတာ။ လူတွေကို အဲဒီလို ဆွဲမခေါ်ခင် ဘာတွေဖြစ်တယ်ဆိုတာ သူ သိဖို့ ကောင်းတယ်။ တောသားဆိုတာ တောသား ဦးနှောက်ပဲ ရှိတယ်။ အဲဒီလို ပြောကြတာပဲ။ မှတ်ထားပါ တရားသူကြီးမင်း ခင်ဗျာ။ ကျွန်တော်မျိုးကို သူ နှစ်ချက် ထိုးပါတယ်။ တချက်က မေးရိုးမှာပါ၊ နောက်တချက်က ရင်ဘတ်မှာပါ"

"ငါပြောတာ နားထောင်။ မောင်မင်း အိမ်မှာ ရှာတယ်။ နောက်ထပ် ဝက်အူတခု ထပ်ပြီး တွေ့ပါတယ်။ ကဲ... အဲဒီဝက်အူကို ဘယ်တုံးက ဘယ်နေရာမှာ ဖြုတ်တာလဲ"

"သေတ္တာနီလေး အောက်က တွေ့တဲ့ ဝက်အူကို ပြောတာလား ခင်ဗျ"

"ဘယ်နေရာမှာ တွေ့တယ်ဆိုတာ ငါ မသိဘူး။ တွေ့တယ် ဆိုတာပဲ ငါ သိတယ်။ အဲဒီဝက်အူကို ဘယ်တုံးက ဖြုတ်တာလဲ"

"ကျွန်တော်မျိုး မဖြုတ်ပါဘူး။ မျက်စိတလုံးနဲ့ ဆေမျွန်ရဲ့သား အစ်ဂနတ် ရှခါက ကျွန်တော်မျိုးကို ပေးတာပါ။ ကျွန်တော်မျိုး ပြောတာက သေတ္တာအောက်က ဝက်အူပါ။ ခြံထဲက စွတ်ဖားပေါ်မှာ ဂက်အူတခု သူတို့ တွေ့သွားပါတယ်။ အဲဒီဝက်အူက မီထရိုဖန်နဲ့ ကျွန်တော်မျိုးတို့ ဖြုတ်တာပါ"

"ဘယ်က မီထရိုဖန်လဲ"

"မီထရိုဖန် ပီထရော့ပါ။ သူ့အကြောင်း လူကြီးမင်း မကြားဖူးဘူးနဲ့ တူတယ်။ ကျွန်တော်မျိုးတို့ ရွာမှာ ငါးဖမ်းပိုက်ထိုးပြီး ရောင်းတာ သူတယောက်တည်း ရှိတယ်။ သူဆိုရင် ဝက်အူတွေ အများကြီး လိုတာပေါ့။ ပိုက်တခုဆိုရင် ဝက်အူ ဆယ်ခုလောက် ဆွဲရတယ်"

"နားထောင်၊ ရာဇသတ်ကြီးပုဒ်မ ၁၀၈၁ အရ ရထားလမ်း ပျက်စီးအောင် လုပ်သူ၊ ရထား အသွားအလာ အန္တရာယ်ဖြစ်အောင် ကြံရွယ်ပြီး လုပ်တဲ့သူ၊ ပြီးတော့ ဒီလိုလုပ်ရင် ဘာဖြစ်မယ် ဆိုတာ သိလျက်သားနဲ့ ကျူးလွန်တဲ့သူ၊ အန္တရာယ်ကို သိလျက်သားနဲ့နော်... မောင်မင်း နားလည်ရမယ် သိလား။ ပြီးတော့ ဝက်အူတွေဖြုတ်ရင် ဘယ်လိုမှ ဘေးအန္တရာယ်ကို တားဆီးလို့ မရနိုင်မှန်းသိလျက်နဲ့ ကျူးလွန်ရင် အဲဒီသူကို အလုပ်ကြမ်းနဲ့ နယ်နှင်ဒဏ် ပေးနိုင်တယ် မောင်မင်း"

"အိုး... တရားသူကြီး ကောင်းကောင်းသိပါတယ် ခင်ဗျာ။

ကျွန်တော်မျိုးတို့လို တောသား လူအတွေဆိုတာ ဘာတွေ လုပ်ရင် ဘယ်လိုဖြစ်မယ်ဆိုတာ မသိပါဘူး”

“မောင်မင်း သိတယ်၊ မောင်မင်း လိမ်နေတာ။ တောသားဆိုပြီး ဘာမှ မသိပါဘူးလို့ မသိချင်ယောင် ဆောင်နေတာ”

“ကျွန်တော်မျိုး ဘာလို့ လိမ်ရမှာလဲ ခင်ဗျာ။ မယုံရင် ရွာထဲမှာ မေးကြည့်ပါ။ ရေချိုငါးတွေပဲ ခဲတုံးမပါဘဲ ဖမ်းလို့ရမယ်။ ဒါ အမှန်ပါ။ ငါးကြင်းဆိုတာ အောက်မှာ အနေ များတာ။ ခဲမဆွဲဘဲ ဖမ်းလို့ မရဘူး ခင်ဗျ”

“ပြီးရင် အသားစား ငါးတွေအကြောင်း မောင်မင်း ပြောဦးမယ်” ဟု ဆိုကာ တရားသူကြီးက ပြုံး၍ ကြည့်သည်။

“ကျွန်တော်မျိုးတို့ အရပ်မှာ အဲဒီလို ငါးမျိုးတွေ မရှိပါဘူး ခင်ဗျာ။ ခဲဆွဲမပါဘဲ လိပ်ပြာတပ်ပြီး ရေပေါ်ကို ငါးမျှားတံ ပစ်လိုက်မယ်ဆိုရင် အသေးစား ငါးလေးတွေပဲ မိမယ်။ ဒါတောင် အခါခပ်သိမ်း မဟုတ်ဘူး ခင်ဗျ”

“တော်... မပြောနဲ့တော့”

ရုံးခန်းတခုလုံး ငြိမ်သက်သွားသည်။ ဒင်းနစ်သည် ခြေစုံရပ်နေရာမှ ဘယ်ညာပြောင်း၍ လှုပ်ရှားသည်။ အစိမ်းရောင် စားပွဲခင်း လွှမ်းထားသည့် စားပွဲကို စိုက်ကြည့်ရင်း မျက်တောင်နှစ်ဖက် ပုတ်ခတ်ပုတ်ခတ် လုပ်နေသည်။ အဝတ်စိမ်းကို ကြည့်သူနှင့် မတူ။ နေကို ကြည့်သူနှင့် တူနေသည်။ တရားသူကြီးသည် စီရင်ချက်ကို ခပ်မြန်မြန် ရေးနေသည်။

“ကျွန်တော်မျိုး ပြန်ရတော့မှာလား ခင်ဗျ”

ခဏကြာလျှင် ဒင်းနစ်က မေးသည်။

“ဟင့်အင်း မပြန်ရဘူး။ အချုပ်မှာ နေရမယ်၊ ပြီးတော့ ထောင်ကို ပို့မယ်”

ဒင်းနစ်သည် မျက်တောင် မခတ်တော့ပေ။ မျက်ခုံးနက်နက်ကို ပင့်ချီကာ တရားသူကြီးအား စူးစမ်းသော မျက်စိဖြင့် ကြည့်နေသည်။

“ထောင်ပို့မယ်ဆိုတာ ဘာလဲ ခင်ဗျာ။ ကျွန်တော်မျိုးမှာ အချိန်မရှိပါဘူး။ ဈေးပွဲတော်ကို သွားရဦးမယ် ခင်ဗျ။ အဲဟိုမှာ ယေဂေါ် စောင့်နေတယ်။ သူ့ဆီက ဝက်ဆီဖိုး သုံးရူဗယ် ရစရာရှိတယ် ခင်ဗျ”

“မောင်မင်း ပါးစပ် ပိတ်ထားစမ်း၊ ငါ့ကို မနှောင့်ယှက်နဲ့”

"ထောင်ကို ဟုတ်လား၊ ကျွန်တော်မျိုး ပြောတာ နားထောင်ပါ ခင်ဗျာ။ ဘာတခုမှ အမှားအယွင်း မလုပ်ခဲ့ပါဘူး။ ထောင်ကို ပို့ဖို့အကြောင်း ဘာမှ မရှိပါဘူး။ ဘာဖြစ်လို့ ထောင်ကို သွားရမှာလဲ။ ဘယ်သူ့ပစ္စည်းမှ မခိုးခဲ့ဘူး။ ဘယ်သူနဲ့မှလည်း ရန်မဖြစ်ခဲ့ပါဘူး။ ပြီးတော့ အခွန်တော် အပြေမပေးဘူးထင်ရင် ရွာလူကြီးကို မေးကြည့်ပါ ခင်ဗျာ၊ ကျေးရွာအဖွဲ့ ခေါင်းဆောင်တယောက်ကို မေးကြည့်ပါ ခင်ဗျာ။ ရွာလူကြီး ဆိုတာကတော့ အခုအထိ ရေနှစ်မင်္ဂလာ မလုပ်သေးဘူး ခင်ဗျ"

"ငြိမ်စမ်း..."

"ကောင်းပါပြီ ခင်ဗျာ၊ ငြိမ်ငြိမ်နေပါ့မယ်"

ဒင်းနစ် တိုးတိုး ပြောသည်။

"ဒါပေမဲ့ ရွာလူကြီးက အခွန်တော် လိမ်ကောက်တယ်ဆိုတာ ကျမ်းကိုင်ပြီး အစစ်ခံပါမယ် ခင်ဗျာ။ ကျွန်တော်တို့မှာ ညီအစ်ကို သုံးယောက် ရှိပါတယ်။ ကုဇမာဂရီ ဂေါ်ယက်၊ ပြီးတော့ ယေဂေါ်ဂရီဂေါ်ယက်နဲ့ ဒင်းနစ်ဂရီဂေါ်ယက်တို့ပါ"

"မောင်မင်း တယ်နှောင့်ယှက်တာကိုး။ ဟေ့ ဆေမျွန်၊ သူ့ကို ခေါ်သွားစမ်း"

တရားသူကြီးက အော်ပြောသည်။

"ကျွန်တော်တို့မှာ ညီအစ်ကို သုံးယောက်ပါ"

စစ်သားနှစ်ယောက်က သူ့ကို ရုံးအပြင်ဘက် ဆွဲထုတ်သွားစဉ် ဒင်းနစ်သည် ပါးစပ်မှ တဖျစ်တောက်တောက် ပြောရင်း လိုက်ပါသွားသည်။

"တယောက် ပြစ်မှုရှိတာနဲ့ နောက်တယောက်ကို အပြစ်မပေးသင့်ပါဘူး။ ကုဇမာက အခွန်တော် ပြေအောင် မပေးတာ။ ဒါနဲ့ပဲ မင်းခံတော့ ဒင်းနစ်ရေလို့ မစီရင်သင့်ပါဘူး။ ကျွန်တော်တို့ အားကိုးရာ ဗိုလ်ချုပ်ကလည်း သေသွားပြီ။ သူ့ကို ဘုရားသခင်က အေးရိပ်သာတခု ပေးကောင်းပါရဲ့။ သူရှိရင်တော့ ဘယ်လိုက ဘယ်ပုံဆိုတာ ပြောနိုင်မှာပါ။ လူကြီးမင်းက မှန်မှန်ကန်ကန် စီရင်ဖို့ ကောင်းပါတယ်။ မမျှမတတော့ မစီရင်သင့်ပါဘူး။ တကယ်အပြစ်ရှိရင် ရိုက်နိုင်ပါတယ်၊ နှက်နိုင်ပါတယ်။ နားလည်ပါတယ်နော်..."

စာပြီးနှစ် ၁၈၈၅၊ ဇူလိုင်။

[ရာဇဝတ်ကောင်မှာ ချက်ကော့၏ The Male factor ကို ပြန်ဆိုထားသည့် ဝတ္ထုတို ဖြစ်သည်။ ချက်ကော့ (၁၈၆၀-၁၉၀၄) သည် ရုရှား ဝတ္ထုတိုဆရာ အကျော်အမော် ဖြစ်သည်။ ဝတ္ထုတို ရေးသည့်အခါ အတတ်နိုင်ဆုံး စကားလုံးကို ချွေတာသည်။ အပို မပါ။ ရာဇဝတ်ကောင်တွင် ချက်ကော့သည် ဘက်မလိုက်ဘဲ

ရေးထားသည်။ တဖက်တွင် ဘာမျှ မသိနားမလည်သော တောသားတယောက်၏စရိုက်ကို ခပ်မြူးမြူး ဖော်ပြသည်။ တဖက်တွင် တရားမျှတမှု ချိန်ခွင်ကို တည့်မတ်အောင် ဆောင်ရွက်သည့် တရားသူကြီး၏စရိုက်ကို ဖော်ပြထားသည်။ သူ့ဝတ္ထုတိုများတွင် နိုင်ငံရေး လုံးဝ မပါ။ ဤဝတ္ထုနှင့် ပတ်သက်၍ ရုရှား စာရေးဆရာ ဂေါ်ကီက ဤသို့ မှတ်သားရဖူးကြောင်း ရေးသားခဲ့သည်။ တနေ့တွင် ရှေ့နေတယောက် ချက်ကော့ဆီသို့ ရောက်လာပြီး သူ သိချင်သည်ကို မေးမြန်း စူးစမ်းသည်။ ချက်ကော့ ဖန်တီးသည့် ဇာတ်ဆောင် ဒင်းနစ် ဂရီဂေါ်ယက်သည် စာရေးသူအမြင်တွင် အပြစ်ရှိသလား၊ သို့မဟုတ် ရိုးသားပြီး အပြစ်မရှိဘူးလားဟု ရှေ့နေက ချက်ကော့ကို မေးသည်။ ရှေ့နေက နိုင်ငံပိုင်ပစ္စည်းများကို ဖျက်ဆီးနေကြသူများအား အပြစ်ပေး ဆုံးမသင့်ကြောင်း ခပ်ရှည်ရှည် ပြောသည်။ ထို့နောက် ချက်ကော့သာ တရားသူကြီး ဖြစ်ခဲ့လျှင် ထိုတောသားကို ဘယ်လို စီရင်မည်လဲဟု မေးသည်။

ချက်ကော့က ဤသို့ ပြန်ပြောသည်။

"ကျွန်တော်သာ တရားသူကြီးဆိုရင် သူ့ကို လွှတ်လိုက်မှာပဲ။ ပြီးတော့ သူ့ကို 'ဟေး ဒင်းနစ်၊ မင်းဟာ တကယ့် ရာဇဝတ်ကောင် မဖြစ်လာသေးဘူး။ မရင့်သေးဘူး။ ဒီတော့ ပြန်သွားပြီး ရာဇဝတ်ကောင် အရင့်အမာကြီး ဖြစ်အောင် လုပ်ဦး' လို့ ပြောလိုက်မှာပဲ"

ဤသည်မှာ ချက်ကော့၏အဖြေ ဖြစ်သည်။

[အင်တာနေရှင်နယ် ဘာသာပြန်မဂ္ဂဇင်း၊ အမှတ် (၁)၊ ဇန်နဝါရီ ၁၉၉၇]

■

ဥယျာဉ်မှူး၏ ပုံပြင်
Head Gardener's Tale

ထိုနေ့က မြို့စားလေး အင်၏ ပန်းခြံထဲတွင် ပန်းများ ရောင်းနေသည်။ လာရောက်၍ ဝယ်ယူသူ အနည်းငယ်သာ ရှိသည်။ ကျွန်တော် မှတ်မိသူများမှာ ကျွန်တော်နှင့် ခြံနီးချင်း ပုဂ္ဂိုလ်တယောက်နှင့် သစ်ကုန်သည် တယောက်တို့ ဖြစ်သည်။ ကျွန်တော်တို့ ဝယ်ထားသည့် ပန်းများကို လှည်းဆီသို့ အလုပ်သမားများက ပို့ပေးသည်။ ထိုစဉ် ဖန်လုံအိမ် တံခါးဝ၌ ထိုင်ကာ ကျွန်တော်တို့ စပ်မိစပ်ရာ ပြောဆိုနေကြသည်။ အချိန်မှာ ဧပြီလ၏ နွေးထွေးသော နံနက်ခင်းတခု ဖြစ်သည်။ ပန်းခြံတွင်း ပန်းများ ဖူးပွင့်နေသည်။ ငှက်ကလေးများ ကျူကျူကျာကျာ သီချင်းဆိုနေကြသည်။ ပန်းများ လန်းဆန်းနေသည်။ ပတ်ဝန်းကျင်မှာ သာယာသည်။

ပန်းများ စည်းနှောင်နေသည်ကို ဥယျာဉ်မှူး 'မိခေးကာလိုဗစ်' လာရောက်ကြည့်ရှုသည်။ ကာလိုဗစ်မှာ အသက်ကြီးပြီ။ မျက်နှာမှာ ပြည့်ဖြိုးပြီး အမွေးအမှင်များ ပြောင်အောင် ရိတ်ထားသည်။ ကိုယ်တွင် သားမွေး ကိုယ်ကျပ်အင်္ကျီ ဝတ်ထားသည်။ ကျွန်တော်တို့ ပြောဆိုနေသည်ကို အာရုံစိုက် နားထောင်နေသည်။ စကားတခွန်းမျှ ဝင်၍ မပြော။ သူ့ကို ဂျာမန်တယောက်ဟု ကျွန်တော်တို့ ထင်သည်။ အမှန်စင်စစ် သူသည် ဆွီဒစ် အဖေနှင့် ရုရှား အမေတို့မှ ပေါက်ဖွားလာသူ ဖြစ်သည်။ ရုရှားစကားကို ပြောတတ်ပြီး ဆွီဒစ်နှင့် ဂျာမန်စာကို ဖတ်တတ်သည်။ စာအုပ်အသစ်များ ငှားရမ်း ဖတ်ရှုလေ့ရှိသည်။ စာဖတ်ခြင်းတွင် ပျော်မွေ့သည်။ ပြီးတော့ ပြဇာတ်ဆရာ အစ်ပဆင် အကြောင်းကိုလည်း စိတ်ဝင်တစား ပြောပြတတ်သည်။

သူသည် ပကတိ ရိုးသားသူတယောက် ဖြစ်သည်။ သူ့ကိုယ်သူ 'ဥယျာဉ်မှူးကြီး' ဟု ပြောသည်။ သို့ပြားလည်း သူ့လက်အောက်တွင် ဥယျာဉ်မှူးလေးများ မရှိ။ သူတယောက်တည်းသာ။ ရှင်ရှင်ပျပျ ရှိသော်လည်း ဣန္ဒြေ ရင့်ကျက်သည်။ သူ့ကို ဆန့်ကျင်ပြောဆိုလျှင် မကြိုက်။ သူ ပြောသမျှကိုသာ ဂရုတစိုက် နားထောင်မှ ကြိုက်သည်။ လေးလေးစားစားလည်း နားထောင်စေချင်သည်။

ထိုစဉ် ကျွန်တော်တို့ရှေ့၌ ရေစည်လှည်း တစီး ဖြတ်မောင်းသွားသည်။ လှည်းမောင်းသူမှာ အသားညိုသည်။ ဂျစ်ပဆီ အလုပ်သမားတယောက်နှင့် တူသည်။ ကျွန်တော့် ခြံနီးချင်းက လှည်းမောင်းသူကို ညွှန်ပြကာ "အဲဒီ လူငယ်လေးဟာ

လူဆိုးလေးကွ” ဟု ဆိုသည်။

“အလျင်တပတ်က သူ့ကို ခေါးပြမှုနဲ့ ရုံးတင် အစစ်ဆေးခံရတယ်။ ဒါပေမဲ့ လွှတ်လာတယ်။ ဂျူရီလူကြီးတွေက သူ့ကို စိတ်မနှံ့ဘူးဆိုပြီး လွှတ်လိုက်တယ်။ တကယ်က နွားတကောင်လို သန်မာ ထွားကျိုင်းတယ်။ အခု နောက်ပိုင်းမှာ ရုရှား တရားရုံးတွေက လူဆိုး၊ ခေါးပြတွေကို ခဏခဏ လွှတ်ပစ်လေ့ ရှိတယ်။ အကြောင်းပြချက်က ရာဇဝတ်သားဟာ စိတ်မနှံ့လို့၊ ရူးသွပ်လို့ ရာဇဝတ်မှု ကျူးလွန်တယ်လို့ ဆိုတယ်။ အဲဒီလို လွှတ်ပစ်တာတွေ၊ မှားယွင်းမှုကို အရေးမယူဘဲ ခွင့်လွှတ်ကြတာတွေဟာ နောင်အခါ ဆိုးကျိုးတွေ ဖြစ်ပေါ်လာမှာပဲ။ အများပြည်သူတွေ စိတ်ဓာတ် ပျက်ပြားလာကြတယ်။ တရားမျှတမှုဆိုတာ ဘာလဲလို့ နားမလည်နိုင်ကြတော့ဘူး။ ရာဇဝတ်မှု ကျူးလွန်သူတွေကို အပြစ်မပေးဘဲ လွှတ်ပစ်တာ ခဏခဏ တွေ့နေရလို့ပဲ။ အလွဲသုံးစား လုပ်မိတဲ့အခါ သုစရိုက်ဟာ ဒုစရိုက် ဖြစ်သွားတယ်လို့ ရှိတ်စပီးယား ရေးခဲ့တာ သိပ်သင့်လျော်တာပဲ”

“ဟုတ်တယ်၊ ခင်ဗျားပြောတာ မှန်တယ်”

သစ်ကုန်သည်က သဘောတူ ထောက်ခံသည်။

“အဲဒီလို ရာဇဝတ်သားတွေ လွှတ်ပစ်ပြီးကတည်းက လူသတ်မှုတွေ၊ အိမ်ရာ မီးရှို့မှုတွေ တနေ့တခြား တိုးပွားလာတယ်။ လယ်သမားတွေ မေးကြည့်ရင် သိနိုင်တယ်”

ထိုအခါ ဥယျာဉ်မှူး ‘မိခေးကာလိုဗစ်’ သည် ကျွန်တော့်ဘက်သို့ လှည့်ကာ ဤသို့ ပြောသည်။

“ကျွန်တော်တော့ အဲဒီလို ရုံးတော်က လွှတ်ပစ်တာ သဘောကျတယ်၊ ကြိုဆိုတယ်ဗျာ။ အပြစ်မရှိ လွှတ်လိုက်သည်ဆိုတဲ့ စီရင်ချက် ကြားရတဲ့အခါ အကျင့်စာရိတ္တ ပျက်မှာတို့၊ တရားဥပဒေ မစိုးမိုးမှာတို့ ကျွန်တော် မစိုးရိမ်ဘူး။ ဝမ်းတောင် သာသေးတယ်။ ဂျူရီလူကြီးတွေ မှားယွင်းသွားပြီဆိုရင် ကျွန်တော် ဝမ်းသာတယ်။ ကျွန်တော့်သဘောထား ရှင်းပြပါမယ်။ တရားသူကြီးတွေ၊ ဂျူရီ လူကြီးတွေအဖို့ သက်သေ အထောက်အထားတွေ၊ စီရင်ချက်တွေ၊ မိန့်ခွန်းတွေ၊ ပုဒ်မတွေထက် လူတွေအပေါ် ယုံကြည်မှုရှိရင် ပိုပြီး ကောင်းမယ်။ အဲဒီလို လူတွေအပေါ် ယုံကြည်မှုဟာ တခြား စိတ်ထားတွေထက် ပိုပြီး အဆင့်တန်း မြင့်ပါတယ်။ အဲဒီလို ယုံကြည်မှုမျိုးကို အချို့မှာသာ တွေ့နိုင်မယ်။ ခရစ်တော်ကို နားလည်နိုင်တဲ့၊ ခရစ်တော်ရဲ့အဆုံးအမကို ခံယူနိုင်တဲ့သူတွေမှာသာ ရရှိနိုင်တဲ့ စိတ်ဓာတ်မျိုးပါ”

"အင်း ဒီအတွေးအခေါ်ကတော့ ကောင်းတဲ့ အတွေးတမျိုးပဲဗျ"

ကျွန်တော် ပြောမိသည်။

"နောက် အတွေးအခေါ်တမျိုး ကျွန်တော် တင်ပြမယ်။ အဲဒါနဲ့ ပတ်သက်ပြီး သမိုင်းပုံပြင် တခုကို အတော်ကြာကပဲ ကျွန်တော် ကြားဖူးတယ်။ သိပ်ကောင်းတဲ့ သမိုင်းပုံပြင် ခင်ဗျ"

ဥယျာဉ်မှူးက ပြုံးရင်း ပြောပြသည်။

"ကျွန်တော်တို့အဘွားက ပြောပြတာ။ အဖေ့ဘက်က အဘွား ခင်ဗျာ။ အခုတော့ သေပါပြီ။ အဘွားဟာ အလွန်အံ့သြစရာကောင်းတဲ့ အမျိုးသမီးကြီးပဲ။ သူက ပြောတော့ ဆီွဒစ်လို ပြောတယ်။ ရုရှားလို ပြောရင် မထိရောက်ဘူး။ ဂန္တဝင် မမြောက်ဘူး ပြောရမလား မသိဘူး"

ကျွန်တော်တို့အားလုံးက နားထောင်ချင်ပါသည်၊ ပြောပြပါဟု ဆိုသည်။ ထိုခဏတွင် ရုရှား ဘာသာစကား၏ ကြမ်းတမ်းပုံကို ကျွန်တော်တို့ မေ့လျော့သွားကြသည်။ ကျွန်တော်တို့ နားထောင်ချင်သည်ဟု ဆိုသဖြင့် သူ ဝမ်းသာ ကျေနပ်သွားဟန် တူသည်။ ထို့နောက် စီးကရက်တလိပ်ကို မီးညှိသည်။ အလုပ်သမားများဆီသို့ စိတ်ဆိုးမာန်ဆိုး ကြည့်သည်။ ထို့နောက် ပုံပြင်ကို စ၍ ပြောသည်။

"တနေရာက မြို့ကလေး တမြို့ဆီကို တကိုယ်ရေ တကာယသမား အဘိုးအိုတယောက် ရောက်လာတယ်။ သူက အရုပ်ဆိုးတယ်။ နာမည်က သွမ်ပဆင် ဒါမှမဟုတ် ဝီလဆင် တခုခုပဲ။ နာမည်က အရေးမကြီးပါဘူး။ သူ့အသက်မွေးဝမ်းကျောင်းက ကောင်းတယ်။ လူနာတွေ ဆေးကုပေးတဲ့ သမားတော်ပေါ့။ မျက်နှာထားက သုန်သုန်မှုန်မှုန်နဲ့ စကားနည်းတယ်။ အလုပ်နဲ့ ပတ်သက်လာမှ၊ လိုအပ်မှ စကားပြောတယ်။ ဘယ်မှ အပြင်ထွက်မလည်ဘူး။ ရသေ့ ရဟန်းလို လူတွေနဲ့ မတွေ့ဘဲ နေတယ်။ သူဟာ စာတတ် ကျမ်းတတ် ပုဂ္ဂိုလ်တဲ့။ အဲဒီအချိန်က စာတတ် ပေတတ်တွေဟာ ရိုးရိုး သာမန်လူတွေနဲ့ မတူဘူး။ တရားကျင့်ပြီး နေကြတယ်။ တရားနဲ့ ပျော်မွေ့နေကြတယ်။ စာပေ ဖတ်ရှုလေ့လာတယ်။ နေမကောင်းတဲ့သူတွေကို ဆေးကုပေးတယ်။ ကျန်တဲ့ လူမှုကိစ္စတွေကို သူတို့ တန်ဖိုးမထားဘူး။ မလိုအပ်တဲ့ စကား မပြောဘူး။ မြို့သူမြို့သားတွေက အဲဒါကို နားလည်တယ်။ သူ့ဆီ သွားတဲ့အခါ သူ့ရဲ့ အဖိုးတန်အချိန်ကို မဖြုန်းကြဘူး။ အကျိုးမရှိတဲ့ အတင်းအဖျင်း စကားတွေ မပြောကြဘူး။ လူတွေ နာဖျားမကျန်း ရှိလို့ ပျောက်ကင်းအောင် ကုသပေးဖို့ ဘုရားသခင်က လွှတ်လိုက်တဲ့ သမားတော်တယောက်လို့ပဲ သူ့ကို သဘောထားကြတယ်။ ပြီးတော့ သူတို့မြို့လေးမှာ ဒီလို ပုဂ္ဂိုလ်တယောက်

ရောက်လာတဲ့ အတွက်လည်း ဂုဏ်ယူတယ်။

“သူဟာ အရာရာကို သိတယ်တဲ့”

မြို့သားတွေက အဲဒီလို ပြောကြတယ်။

“ဒီစကားနဲ့ အားမရသေးဘူး။ သူဟာ လူတိုင်းကို ချစ်တယ်တဲ့။ အဲဒီပုဂ္ဂိုလ်ရဲ့ ရင်ထဲမှာ စိတ်ထားကောင်းမြတ်ခြင်း ရှိတယ်တဲ့။ ကောင်းကင်တမန်ရဲ့နှလုံးသား ရှိတယ်တဲ့။ မြို့သူမြို့သားတွေဟာ သူနဲ့ ဆွေမျိုး မတော်စပ်ဘူးဆိုတာ သူ မေ့နေတယ်။ အားလုံးကို သူ့ရဲ့သားသမီးတွေလိုပဲ ချစ်တယ်။ သူတို့အတွက်ဆိုရင် အသက်ပေးပြီး ဆောင်ရွက်ဖို့ သူ ဝန်မလေးဘူး။ သူကိုယ်တိုင်မှာ ချောင်းဆိုး ရင်ကျပ်ရောဂါ ရှိတယ်။ ဒါပေမဲ့ ဖျားနာသူ ရှိလို့ လာခေါ်ရင် သူ့ရောဂါကို သူ မေ့ထားပြီး လိုက်သွားတယ်။ တောတောင်ကို ဖြတ်တယ်၊ အပူအအေး ဂရုမစိုက်ဘူး၊ အဆာခံနိုင်တယ်၊ ရေငတ် ခံနိုင်တယ်။ ဆေးကုတဲ့အခါ ဆေးဖိုး ဝါးခ မယူဘူး။ ထူးဆန်းတာတခု ရှိသေးတယ်။ သူ့လူနာ သေသွားရင် သူကိုယ်တိုင် အသုဘလိုက်ပို့ပြီး သင်္ချိုင်းမှာ သေသူရဲ့ဆွေမျိုးသားချင်းတွေနဲ့အတူ ငိုကြွေးတယ်။

“သူဟာ မြို့ကလေးမှာ မရှိမဖြစ်တဲ့ ပုဂ္ဂိုလ် ဖြစ်လာတယ်။ သူ မရှိခင်တုန်းက ဘယ်လိုနေခဲ့ကြသလဲ ဆိုတာတောင် မေ့နေကြတယ်။ သူ့ကျေးဇူးဟာ အလွန်ကြီးတယ်။ ကျေးဇူးတရားကို ဖော်ပြစရာ စကားတောင် ရှာလို့ မတွေ့နိုင်ကြဘူး။ လူကြီး၊ လူငယ်၊ လူကောင်း၊ လူဆိုး၊ ရိုးသားသူရော သူခိုးပါမကျန် သူ့ကို လေးစားတယ်။ သူ့တန်ဖိုးကို သိတယ်။ သူလိုလူကို မတော်မတရား လုပ်ဖို့ ဘယ်သူမှ မစဉ်းစားကြဘူး။ သူကလည်း အားလုံးကို ယုံကြည်တယ်။ သူ အိမ်က ထွက်လာတဲ့အခါ အိမ်တံခါး ဖွင့်ထားခဲ့တယ်။ ဘယ်သူခိုးမှ သူ့ပစ္စည်း မယူဘူးဆိုတာ သူ သိတယ်။ တခါတရံ တောတောင်တွေ ဖြတ်ကျော်ပြီးသွားတဲ့အခါ ငတ်ပြတ်နေတဲ့ ခြေသလုံးအိမ်တိုင်တွေ သူ တွေ့တယ်။ သူ မကြောက်ဘူး။ တခါက ညတညမှာ အိပ်ရာမှာလဲနေတဲ့ လူနာတယောက်ကို ဆေးကုဖို့ သွားတယ်။ အပြန်မှာ တောထဲက ဓားပြတွေက သူ့ကို တိုက်ခိုက် လုယက်တယ်။ ဒါပေမဲ့ သူ့မျက်နှာကို ဓားပြတွေ မြင်တဲ့အခါ အရိုအသေပေးကြတယ်၊ အစားအစာ ကျွေးမွေးကြတယ်။ မဆာဘူးလို့ ပြောတဲ့အခါ နွေးထွေးတဲ့ အဝတ်ကို ပေးပြီး မြို့အရောက် လိုက်ပို့ပေးတယ်။ သူတို့ ကျေးဇူးရှင်ကို အခုလို ပြုစုရတာ အလွန်ထူးတဲ့ ကုသိုလ်ပဲလို့ ယုံမှတ်ကြတယ်။ ကျွန်တော့်အဘွားက နောက်ဆုံး ဘယ်လိုပြောတယ် မှတ်သလဲ။ မြင်းတွေ၊ နွားတွေ၊ ခွေးတွေတောင် သူ့ကို သိတယ်။ သူ့ကိုမြင်ရင် ဝမ်းသာရွှင်လန်း ဖြစ်ကြတယ်လို့ ဆိုတယ်။

“ဒါပေမဲ့ အဲဒီ လူသူတော်ကောင်းဟာ အလွန်သာယာတဲ့ တနေ့မှာ အသတ်ခံရပြီး သေဆုံးနေတာ တွေ့ကြရတယ်။ ခေါင်းမှာ ဒဏ်ရာဒဏ်ချက်တွေနဲ့

သွေးအလိမ်းလိမ်း ပေကျံပြီး လှျိုမြောင်တခုထဲမှာ သေဆုံးနေတာ တွေ့ရတယ်။ သူ့မျက်နှာမှာ အံ့ဩတဲ့ အမူအရာ တွေ့ရတယ်။ ကြောက်တဲ့ အမူအရာ မဟုတ်ဘူး၊ သူ့ကိုသတ်မယ့် လူသတ်သမားကို မြင်ရတော့ အံ့အားသင့်တဲ့ အမူအရာပဲ။ အဲဒီအခါမှာ တမြို့လုံး ကြေကွဲဝမ်းနည်း ဖြစ်ကြရတယ်။ ဘယ်လိုလူမျိုးကများ တို့ကျေးဇူးရှင်ကို သတ်ဖို့ စိတ်ကူးမိသလဲ။ သူတို့ အံ့ဩကြတယ်။ သူ သေတာကို ကြည့်ရှုစစ်ဆေးတဲ့ တရားသူကြီးက လူသတ်ခံရတဲ့ လက္ခဏာ မတွေ့ရဘူး။ ဒီကမ္ဘာပေါ်မှာ သူ့လို လူသူတော်ကောင်း သမားတော်ကြီးကို သတ်မယ့်လူ မရှိနိုင်ဘူး။ သူ့ကိုယ်မှာတွေ့ရတဲ့ ဒဏ်ရာတွေဟာ မတော်တဆဖြစ်လို့ ရတဲ့ ဒဏ်ရာမျိုးတွေပဲ။ သမားတော်ကြီးဟာ ညမှောင်မှောင်မှာ လှျိုမြောင်ထဲ လိမ့်ကျပြီး သေတာဖြစ်ရမယ်လို့ ဆိုတယ်။

“တရားသူကြီးရဲ့အယူအဆကို တမြို့လုံးက လက်ခံကြတယ်။ အဲဒါနဲ့ သမားတော်ကြီးကို ကောင်းကောင်း သင်္ဂြိုဟ်လိုက်ကြတယ်။ သူ သေတာဟာ လူသတ်လို့ သေတာလို့ ဘယ်သူမှ မပြောကြတော့ဘူး။ သူ့လို လူသူတော်ကောင်းကို သတ်တဲ့လူ မရှိဘူးလို့ သူတို့ ယုံကြည်ကြတယ်။ ဒါပေမဲ့ အသရေပျက်ရတဲ့ ကိစ္စဟာ တစုံတခုသော အကန့်အသတ်တော့ ရှိတယ်။ မကြာပါဘူး၊ လူသတ်သမားဟာ ပေါ်လာတယ်။ အလွန်ဆိုးတယ်လို့ နာမည်ပျက်ရှိတဲ့ လူတယောက်၊ ဘယ်တုန်းကမှ ကောင်းတဲ့အမှု မပြုခဲ့တဲ့ လူတယောက်၊ အကြိမ်ကြိမ် ထောင်ကျဖူးတဲ့ လူတယောက်၊ အဲဒီ လူတယောက်ကို အရက်ဆိုင်ထဲမှာ ပစ္စည်းတွေ ရောင်းနေတာကို တွေ့ရတယ်။

“အရက်သောက်စရာ မရှိလို့ သမားတော်ကြီးရဲ့နာရီဘူးနဲ့ နာရီကို ရောင်းနေတာပဲ။ သူ့ကို စစ်ဆေး မေးမြန်းတဲ့အခါ ဝန်မခံဘူး။ မဟုတ်တာတွေ ပြောတယ်၊ ငြင်းတယ်။ သူ့အိမ်ကို ရှာတော့ သွေးစွန်းနေတဲ့ အင်္ကျီတထည်နဲ့ သမားတော်ကြီးရဲ့အနာခွဲတဲ့ ဓားကို တွေ့ရတယ်။ ရွှေနဲ့ လုပ်ထားတဲ့ဓား ဖြစ်နေတယ်။ အခြား အထောက်အထား ရှာစရာ မလိုတော့ဘူး။ သူ့ကိုဖမ်းပြီး ထောင်ချထားလိုက်တယ်။ မြို့သူမြို့သားတွေဟာ အထိတ်တလန့် ဖြစ်သွားကြတယ်။ သူတို့က မဖြစ်နိုင်ဘူးလို့ ပြောကြတယ်။ မှားယွင်းတာပဲ ဖြစ်မယ်။ ဒီလို သွယ်ဝိုက်ပြီး ပေါ်လာတဲ့ အထောက်အထားတွေကြောင့် တရားမျှတမှု ချိန်ခွင်ဟာ တဖက်စောင်းနင်း ဖြစ်ကြရတာပဲလို့ ဆိုတယ်။

“အမှုကို ရုံးတော်မှာ စစ်တဲ့အခါ လူသတ်သမားက ငြင်းတယ်။ သူ့မှာ အပြစ်မရှိပါဘူးလို့ ဆိုတယ်။ သူ ငြင်းပေမယ့် ထင်ရှားနေတယ်။ သူဟာ လူသတ်တရားခံပဲ။ ဒါပေမဲ့ တရားသူကြီးတွေ အတွေးချော်သွားဟန် တူတယ်။ သက်သေ အထောက်အထားတွေ စစ်ဆေးတယ်။ သူတို့ ခေါင်းခြောက်ရတယ်။ ချွေးပြန်တယ်။ မျက်နှာ နီရဲလာတယ်။ ခဏခဏ ရေသောက်တယ်။ အမှုကို

မနက်စောစောက စစ်တာ ညကျမှ ပြီးတယ်။ နောက်ဆုံးမှာ တရားသူကြီးက စီရင်ချက်ကို ဖတ်တယ်။ လူသတ်သမားကို…

“နားထောင် တရားခံ” လို့ သူ စပြောတယ်။

“ဤရုံးတော်က ဒေါက်တာ ဆင်အား သတ်သည့် ပြစ်မှုဖြင့် သင့်အား…”

“သူ့စီရင်ချက်က သင့်အား လည်ပင်း ကြိုးတပ်၍ မသေမချင်း သတ်စေလို့ ဖတ်ဖို့ပဲ။ ဒါပေမဲ့ တရားသူကြီးဖတ်နေတဲ့ စီရင်ချက်ဟာ သူ့လက်ထဲက လွတ်ကျသွားတယ်။ တရားသူကြီးလည်း နဖူးမှာ ချွေးပြန်လာတာကို သုတ်ချတယ်။ ပြီးတော့ ဆက်ပြီး…

“ဒါပေမဲ့ မတရားစီရင်ချက် ချရင် ဘုရားသခင်က ငါ့ကို လာတွေ့တော့မှာပဲလို့ ငါ ယုံတယ်။ ဒီတော့ ငါ ကျိန်တွယ်ပြောရပါတယ်။ ဒီတရားခံ အပြစ်မရှိပါဘူး။ ဒီကမ္ဘာပေါ်မှာ တို့မြို့က လူသူတော်ကောင်း သမားတော်ကြီးကို သတ်ရဲတဲ့လူ မရှိပါဘူးလို့ တို့ ယုံကြည်တယ်။ ဒီလောက် အောက်တန်းကျတဲ့ အလုပ်ကို လုပ်မယ့်သူ မရှိဘူးလို့ တို့ ယုံကြည်တယ်”

“ဟုတ်တယ်၊ ဒီလို ယုတ်ညံ့တဲ့လူမျိုး မရှိနိုင်ဘူး” လို့ တခြား တရားသူကြီးတွေက ကြွေးကြော်ကြတယ်။

“မရှိနိုင်ပါဘူး၊ သူ့ကို လွှတ်လိုက်ပါ” လို့ ပရိသတ်က အော်ပြောကြတယ်။

“အဲဒါနဲ့ တရားခံကို အပြစ်မရှိ လွှတ်လိုက်ကြတယ်။ တရားသူကြီးတွေ စီရင်တာ တရားမျှတမှု မရှိဘူးလို့ ဘယ်သူမှ စောဒက မတက်ကြဘူး။ ပြီးတော့ ဘုရားသခင်ကလည်း မြို့သူမြို့သား အားလုံးကို အပြစ်ဟူသမျှ ခွင့်လွှတ်ပြီးသား ဖြစ်တယ်လို့ ကျွန်တော့်အဘွားက ပြောတယ်။ အကြောင်းရှိတယ်။ ဘုရားသခင်က လူသားဆိုတာဟာ သူ့ရဲ့ပုံရိပ်ပဲလို့ ယုံကြည်တယ်။ လူတွေဟာ အချင်းချင်း လူလို မဆက်ဆံကြဘူး၊ အချင်းချင်း ခွေးလို သဘောထား ဆက်ဆံတဲ့ အခါ သူ စိတ်နှလုံး မချမ်းမမြေ့ ဖြစ်ရတယ်လို့ အဘွားက ဆိုတယ်။ လူသတ်သမားကို အပြစ်က လွှတ်လိုက်လို့ တမြို့လုံး ဒုက္ခတွေ့နိုင်တာ မှန်တယ်။ ဒါပေမဲ့ ဘုရားသခင်က လူတွေကို ယုံကြည်တယ်။

“လူတွေဟာ အချင်းချင်း ချစ်ခင်ကြပြီး တဦးကိုတဦး လေးစားစွာ ဆက်ဆံကြလိမ့်မယ်လို့ ဘုရားသခင်က ယုံကြည်တယ်။ အဲဒါဟာ အနှစ်သာရပဲ။ အဲဒါ ကြီးမြတ်ခြင်းပဲ”

မိခေးကာလိုဗစ်သည် ပုံပြင်ကို အဆုံးသတ်လိုက်သည်။ နောက်ထပ် ဆက်ပြောရန် မရှိတော့သည်မှာ သေချာသည်။ ကျွန်တော့်အိမ်နီးချင်း ခြံပိုင်ရှင်က

ဆွေးနွေးချင်ဟန် တူသည်။ သို့သော်ငြားလည်း ဥယျာဉ်မှူး၏ အမူအရာမှာ သူ့သဘောထား၊ သူ့အယူအဆအား ဆန့်ကျင်ဘက် ဆွေးနွေးခြင်းကို မလိုလား၊ မနှစ်သက်သည်ကို သိနေသဖြင့် ဘာမျှ မပြောတော့ပါ။ ဥယျာဉ်မှူးသည် မြင်းလှည်းသမားများဘက်သို့ လှည့်ကာ ပြောဆို ညွှန်ကြားရင်း သူ့တာဝန် ဝတ္တရားများကို ဆက်လက် ဆောင်ရွက်နေလေသည်။

[မြတ်ပုလဲ၊ အတွဲ (၂)၊ အမှတ် (၆)၊ အောက်တိုဘာ ၁၉၉၃]

■

မဟာအမှား

A Blunder

“မှားချက်ကဖြင့်” (အင်တာနေရှင်နယ် ဘာသာပြန်မဂ္ဂဇင်း၊ ဖေဖော်ဝါရီ ၁၉၉၇) အမည်ဖြင့် အင်္ဂလိပ်-မြန်မာ နှစ်ဘာသာ ပူးတွဲ ဖော်ပြ ပြန်ဆိုထားသည့် မူကွဲလက်ရာ ရှိပါသည်။

(ရာပြည့်)

အီလျာဆာ ဂီပက်ဂလေဘ့နှင့် သူ့မိန်းမ ကလီယိုပက်ထရော့နာတို့သည် တံခါးဝတွင် ရပ်ကာ တံခါးကို ကပ်ပြီး နားထောင်နေကြသည်။ တံခါးတဖက်က အခန်းငယ်လေးထဲတွင် တစုံတယောက်က ချစ်စကား ကြိုက်စကား ပြောနေဟန်တူသည်။ သူတို့၏သမီး နာတာရှာကို ခရိုင်ကျောင်းဆရာ ရှုပကင်က ချစ်ကြောင်း ကြိုက်ကြောင်း ပြောနေခြင်းပင် ဖြစ်သည်။

“နားထောင်စမ်း၊ သူ ဘာတွေ ပြောနေသလဲ။ ဟော သွေးဆောင်နေပြီ”

ပက်ဂလေဘ့ တုန်တုန်လှုပ်လှုပ် ဖြစ်လာသည်။ စိတ်မရှည်နိုင်ဘဲ လက်ဝါးနှစ်ဖက်ကို ပွတ်ကာ တိုးတိုးပြောသည်။

“ငါပြောတာ နားထောင် ပက်ထရော့နာ၊ သူတို့နှစ်ယောက် ချစ်ပါပြီ၊ ကြိုက်ပါပြီ ပြောရင် နံရံမှာချိတ်ထားတဲ့ ယေရှုသခင်ရဲ့ပုံတော်ကို ယူပြီး အခန်းထဲ ဝင်သွားကြမယ်။ ပြီးတော့ ကောင်းချီးမင်္ဂလာ ပေးမယ်။ ယေရှုပုံတော်နဲ့ ကောင်းချီးမင်္ဂလာ ပေးတာ မွန်မြတ်ပါတယ်။ ပြီးတော့ မကျိုးပျက်နိုင်ဘူး။ ပြီးတော့လည်း ရှောင်ပြေးလို့ မရဘူး။ ရုံးတက် ဖြေရှင်းဦး၊ ရှောင်လို့ မလွတ်ဘူး၊ သိလား”

တံခါးတဖက်က အခန်းထဲတွင် ယခုလို ပြောဆိုနေကြသည်။

“တကယ်ပြောတာပါ၊ သဘောထား တမျိုးပြောင်းရတော့မယ်နော်”

ရှုပကင်သည် မီးခြစ် ခြစ်ရင်း ပြောသည်။

“တသက်နဲ့ တကိုယ် ခုလိုစာမျိုး ရေးခဲ့ဖူးတာ မဟုတ်ဘူး”

“ဘာတွေ ပြောနေတာလဲ၊ ရှင့်လက်ရေးကို မသိတဲ့ အတိုင်းပဲ”

အမျိုးသမီးသည် သူ့ကိုယ်သူ မှန်ထဲကြည့်ရင်း ချစ်စဖွယ် ရယ်မောကာ ပြောသည်။

"ရှင့်လက်ရေးကို ချက်ချင်း မှတ်မိတယ် သိလား၊ သိပ်ရယ်စရာ ကောင်းတာပဲ။ ကျောင်းဆရာ လက်ရေးတဲ့၊ သော့လိုက်တာ အလွန်ပဲ။ ကိုယ့်လက်ရေး မလှရင် တပည့်တွေကို လက်ရေးလှဖို့ ဘယ်လိုသင်မလဲ ပြောပါဦး"

"ဟင်း၊ အဲဒါက အရေးမကြီးပါဘူး။ လက်ရေးလှဖို့ သင်နေရင်း ကလေးတွေ ငိုက်ပြီး အိပ်မသွားဖို့ အရေးကြီးတယ်။ သူတို့ခေါင်းကို ပေတံနဲ့ ခေါက်လို့ ရတာ မဟုတ်ဘူး။ ဒူးကိုလည်း ခေါက်လို့ရတာ မဟုတ်ဘူး။ အဲဒါ လက်ရေးလှ သင်တာပဲ။ ရိုးရိုးလေးပါ။ နီကရာဆော့ဆိုတဲ့ စာရေးဆရာ တယောက်ဟာ လက်ရေး သိပ်ဆိုးတာပဲ။ သူ့စုပေါင်းကျမ်းတွေမှာ သူ့လက်ရေး နမူနာတွေ ပါတယ်"

"နီကရာဆော့က တခြား၊ ရှင်က တခြားပဲ"

ထိုသို့ပြောကာ အမျိုးသမီးက သက်ပြင်းချသည်။

"စာရေးဆရာဆိုရင် ကျွန်မ သိပ်သဘောကျတာ။ တခါတည်း လက်ထပ်လိုက်မှာပဲ။ ကျွန်မကို ချစ်တဲ့အကြောင်း၊ ကျွန်မလှတဲ့အကြောင်း သူက ကဗျာတွေ စပ်မယ်လေ"

"မင်း ဖတ်ချင်တယ်ဆိုရင်လည်း မင်းအတွက် ကဗျာတွေ ဖွဲ့မှာပေါ့"

"ဘာအကြောင်း ရှင် ရေးမလဲ"

"အချစ်အကြောင်းပေါ့။ မင်းကို ကိုယ် ဘယ်လောက်ချစ်တယ် ဆိုတဲ့အကြောင်းရယ်၊ မင်းမျက်လုံးတွေက ဘယ်လောက်လှတယ် ဆိုတဲ့အကြောင်းရယ် ဖွဲ့မယ်လေ။ မင်း ဖတ်ရရင် သိပ်ကြည်နူးသွားမှာပဲ။ မင်း မျက်ရည်တောင် ကျမယ် သိလား။ မင်းအကြောင်း ကဗျာဖွဲ့၊ စာဖွဲ့မယ်ဆိုရင် မင်းလက်ကလေးကိုနမ်းခွင့်ပြုမလား"

"ဘာတွေ လျှောက်ပြောနေတာလဲ။ ရော့လေ... နမ်းချင် နမ်းပေါ့"

ရှပကင်သည် ထိုင်ရာမှ ထသည်။ သူ့မျက်လုံးများ ပြူးကျယ်လာသည်။ ထို့ကြောင့် ဆပ်ပြာမွှေးနံ့ သင်းသော လက်ကလေးကို အသာ ဆုပ်ကိုင်သည်။

"ယေရှုပုံတော် ယူတော့ဟေ့"

ပက်ဂလော့ တိုးတိုးပြောသည်။ သူ့မျက်နှာမှာ သွေးတစက်မှ မရှိ။ သူ့မိန်းမကို တံတောင်ဖြင့် တို့ကာ ကုတ်အင်္ကျီ ကြယ်သီးများကို တပ်သည်။

"ကဲ..လာ၊ တို့ သွားမယ်"

စောင့်ဆိုင်းမနေဘဲ အခန်းတံခါး ဖွင့်သည်။

"သားသမီးများ..."

လက်နှစ်ဖက် မြှောက်ကာ သူ နှုတ်ဆက်သည်။ မျက်ရည်များ ကျလာသည်။

"ငါ့သားသမီးတွေကို ဘုရားသခင် စောင်မ ကြည့်ရှုပါစေ။ အကျိုးရှိရှိ နေသွားကြ၊ တိုးပွားအောင် လုပ်ကြ"

"သားသမီးတို့ကို အမေလည်း ကောင်းချီးပေး ဆုတောင်းပါတယ်ကွယ်"

ကလေးမ အမေက ဝမ်းသာလွန်းသဖြင့် ငိုသည်။

"ပျော်ရွှင်ကြပါစေကွယ်" ထို့နောက် ရှုပကင်ဘက်သို့ လှည့်ကာ -

"မင်းက တို့ရဲ့တဦးတည်းသော ရတနာကလေးကို ခေါ်သွားတော့မယ်ပေါ့။ သမီးကို ချစ်ပါကွယ်၊ သူ့အပေါ် ကောင်းပါကွယ်" ဟု ဆိုသည်။

ရှုပကင်မှာ ပါးစပ် အဟောင်းသားနှင့် အံ့အားသင့်နေသည်။ ကြောက်ကြောက်ရွံ့ရွံ့နှင့်လည်း ဖြစ်လာသည်။ ချစ်သူ မိဘနှစ်ယောက်ကို သူ မျှော်လင့်မထားဘဲ ယခုလို တွေ့လိုက်ရသည့် အခါ စကားတလုံးမျှ မပြောနိုင်တော့ပေ။

"ငါတော့ မိပြီ၊ ထောင်ချောက်မိပြီ"

မေ့သွားမတတ် သူ ခံစားရသည်။ အမိုးကြီး ပြိုကျလာပြီ။ ထွက်ပြေးလို့ မဖြစ်နိုင်တော့ဘူး။ သူ ဆင်ခြင်မိသည်။

သူ ခေါင်းငုံ့ထားသည်။ အရှုံးပေးပြီ ဆိုသည့်သဘောနှင့် စကားဆိုသည်။

"ကျွန်တော့်ကို သားလို သဘောထားပါ ခင်ဗျား။ ကျွန်တော်ဟာ တိုက်ပွဲမှာ ရှုံးတဲ့သူပါ"

"ကောင်းချီးပေးပါတယ်ကွယ်"

အဖေက ပြောသည်။ မျက်ရည်များ လည်လာသည်။

"သမီး နာတာရှာ၊ အဖေ့အနားမှာ ရပ်လှည့်။ ဟဲ့ ပက်ထရော့နာ၊ ယေရှု သခင်ပုံတော်ကို ပေးစမ်း"

ချက်ချင်းပင် သူ့မျက်ရည်များ ခန်းခြောက်သွားသည်။ ဒေါသဖြင့် မျက်နှာမှာ ရှုံ့မဲ့လာသည်။

"အရူးမ"

ဒေါသဖြင့် မိန်းမကို အော်သည်။

"နင် ဘာမှ အသုံးမကျဘူး၊ နင် သိပ်မိုက်တာပဲ၊ ဒါဟာ သခင်ယေရှုရဲ့ပုံတော်လား.... ကြည့်စမ်းပါဦး"

"အိုး... ဘုရားသခင် ကယ်တော်မူပါ"

ဘာတွေ ဖြစ်ပျက်နေပြီလဲ။ ကျောင်းဆရာ ခေါင်းမော့ကြည့်သည်။ ထိုခဏတွင် သူ လွတ်မြောက်သွားပြီကို သိလိုက်သည်။ အမေသည် ရုတ်တရက် မှွန်ထူကာ ယေရှုပုံတော်အစား နံရံတွင် ချိတ်ထားသော စာရေးဆရာ လာဇက် ခနီကော့၏ ဓာတ်ပုံကို ယူလာမိလျက်သား ဖြစ်နေသည်။ ကလီယိုပက်ထရော့နာသည် ဓာတ်ပုံကို ကိုင်ကာ ရပ်နေသည်။ သူနှင့် ပက်ဂလော့တို့မှာ ဘာပြောရမှန်း မသိဘဲ စိတ်ရှုပ်နေသည်။ ဘာဆက်လုပ်ရမည်လဲ၊ သူတို့ မသိကြ။ သူတို့ ကြက်သေ သေနေစဉ် ကျောင်းဆရာသည် ဖနောင့်နှင့်တင်ပါး တသားတည်း ကျအောင် ထွက်ပြေးလေတော့သည်။

စာပြီးနှစ် ၁၈၈၆။

[မြတ်ပုလဲ၊ အမှတ် (၇)၊ ဒီဇင်ဘာ ၁၉၉၃]

■

လူသေအလောင်း

A Dead Body

တိတ်ဆိတ်သော ဩဂုတ်လ၏ ညတည…။ လယ်ကွင်းပြင်များစွာထက်တွင် နှင်းများ ဝေနေသည်။ ကောက်ကွေး မှိုင်းမှုန်သော အလွှာကြီးတခု ဖုံးကွယ်နေသဖြင့် မြင်ကွင်းမှာ မသဲကွဲ။ ဘာဆို ဘာမှ မမြင်ရ။ နှင်းမြူလွှာသည် လရောင်အောက်တွင် အပြောကျယ်သည့် သမုဒ္ဒရာကြီးနှင့် တူကာ ငြိမ်သက်နေသည်။ တခါတရံတွင်မူ ဧရာမ နံရံဖြူကြီးနှင့် တူသည်။ လေမှာ ထိုင်းမှိုင်းသိပ်သည်းပြီး အေးစိမ့်နေသည်။ မိုးလင်းဖို့ အတော်ကြာကြာစောင့်ရဦးမည်။ တောစပ်ဘေးက လမ်းကလေးအလွန် ခြေတလှမ်း၊ နှစ်လှမ်း အကွာလောက်တွင် မီးလျှံတခု တောက်လောင်နေသည်။ မီးဖိုဘေးက ဝက်သစ်ချပင်ငယ်လေး တခုအောက်တွင် လူသေ အလောင်းတခု ရှိသည်။ ခြေဆုံးခေါင်းဆုံး အဝတ်ဖြူတခုဖြင့် လွှမ်းထားသည်။ အလောင်း၏ ရင်ဘတ်ပေါ်တွင် သစ်သားရုပ်တု တခု ရှိသည်။ အလောင်းဘေးက လမ်းကလေးပေါ်တွင် အစောင့်နှစ်ယောက် ထိုင်နေသည်။ အလောင်းစောင့် အလုပ်မျိုး မလုပ်ချင်ဘဲ လုပ်ကြရသည့် လယ်သမားများ ဖြစ်သည်။ တယောက်မှာ အရုပ်ရှည်ရှည် လူငယ်တယောက် ဖြစ်သည်။ နှုတ်ခမ်းမွေး ရေးရေးရှိပြီး မျက်ခုံးမွေးထူထူ တစုံ ရှိသည်။ ခြေထောက်တွင် သစ်ခေါက်ဖိနပ် စီးထားပြီး စုတ်ပြတ်နေသော သားရေအင်္ကျီကို ဝတ်ထားသည်။ စိုစွတ်နေသော မြက်ခင်းတွင် ခြေဆင်းပြီး ထိုင်ကာ အချိန် မြန်မြန်ကုန်အောင် လုပ်စရာရှိသည်ကို လုပ်နေသည်။ ခေါင်းငုံ့ကာ တရှီးရှီး အသက်ရှုရင်း သစ်သားတုံး တခုကို ဇွန်းတခု ဖြစ်အောင် လှီးနေသည်။ နောက်တယောက်မှာ မျက်နှာတွင် ကျောက်ပေါက်မာရှိသော ခပ်ရိုးရိုး လယ်သမားတယောက် ဖြစ်သည်။ နှုတ်ခမ်းမွေး ရေးရေးရှိပြီး မုတ်ဆိတ်ချွန်ချွန်လေး တခု ရှိသည်။ လက်နှစ်ဖက်ကို ဒူးပေါ်တင်ကာ မီးတောက်များကို စိုက်ကြည့်နေသည်။

သူတို့နှစ်ယောက် အကြားတွင် သစ်ကိုင်းခြောက်များ မီးရှို့ထားသည့် မီးဖိုတခု ရှိပြီး နီရဲရဲ အလင်းရောင်များ မျက်နှာများသို့ လာ၍ ဟပ်နေသည်။ အလွန်တိတ်ဆိတ်သည့်ည ဖြစ်သည်။ သစ်ကိုင်းကို ဓားဖြင့်လှီးခြစ်သည့်အသံနှင့် သစ်ကိုင်းခြောက် မီးလောင်သည့်အသံများကိုသာ ကြားရသည်။

“မအိပ်နဲ့နော် ဆယ်ယိုမာ”

လူငယ်တယောက်က ပြောသည်။

"ငါလား... မအိပ်ပါဘူး" ဟု မုတ်ဆိတ်ချွန်ချွန်နှင့် လူက ထစ်အ ထစ်အ ပြောသည်။

"ကောင်းတယ်၊ ဒီနားမှာ တယောက်တည်း နေရတာ မဟန်ဘူး၊ ကျွန်တော် ကြောက်လာပြီ၊ စကားပြောပါလား ဆယိုမာ"

"ဘာပြောရမှာလဲ... မသိဘူး"

"အိုး... ခင်ဗျားက တမျိုးပဲ။ တချို့က ရယ်ရယ်မောမော နေတယ်။ ပုံတွေ ဇာတ်လမ်းတွေ ဖန်တီးပြောပြတယ်။ သီချင်းဆိုတယ်။ ဒါပေမဲ့ ခင်ဗျားကတော့... ခင်ဗျား ဘယ်လိုလူလဲ။ ဘုရားသခင်မှ သိမှာပဲ။ အာလူးခင်းထဲက စာခြောက်ရုပ်လို ဒီမှာ ထိုင်နေပြီး မီးတောက်တွေကိုသာ စိုက်ကြည့်နေတယ်။ ခင်ဗျား စကားမပြောတတ်ဘူးလား။ စကားပြောရမှာ ကြောက်တယ် ထင်တယ်။ ခင်ဗျား အသက်က ၅၀ နား နီးနေပြီ။ ဒါပေမဲ့ ကလေးလိုပဲ။ ခင်ဗျား... ဝမ်းမနည်းဘူးလား"

"ဆိုပါတော့...."

"ကျွန်တော်ကတော့ ဝမ်းနည်းတယ်။ ခင်ဗျား ဒီလိုပဲ ပြောတတ်သလား။ အရက် သိပ်မသောက်နဲ့နော်။ ဦးနှောက်ထဲ ဘာမှ ရှိဟန် မတူဘူး။ အဲဒါ ဒုက္ခပဲ။ ဘုရားသခင်က ခင်ဗျားဦးနှောက်ထဲ ဉာဏ်ထည့်မပေးလိုက်ဘူး ဆိုရင်တော့ ဘာမှ မတတ်နိုင်ဘူးပေါ့။ ဒါပေမဲ့ နည်းနည်းတော့ ပြောဖို့ အားထုတ်မှပေါ့။ တယောက်ယောက်က စကားကောင်း ပြောရင် ခင်ဗျားဘက်က ဉာဏ်ထုတ်ပြီး နားလည်အောင် ကြိုးစားရမယ်လေ။ ဘာအဓိပ္ပာယ်လဲဆိုတာ စဉ်းစားကြည့်ပေါ့ ဗျာ။ စဉ်းစားကြည့်ရမယ်၊ နားမလည်ရင် ဘာဆိုလိုတာလဲဆိုတာ တခါထပ်ပြီး စဉ်းစား။ ကျွန်တော်ပြောတာ နားလည်ရဲ့လား။ နည်းနည်းလေး အားထုတ်ရမယ်။ ခေါင်းထဲမှာ ဘာမှမရှိရင် ခင်ဗျားဟာ ဒီလိုပဲ ထုံထုံထိုင်းထိုင်းနဲ့ သေသွားမှာပဲ။ အဲဒီအခါ ခင်ဗျားဟာ ကမ္ဘာပေါ်မှာ အရေးမကြီးဆုံး လူတယောက် ဖြစ်သွားမှာပဲ"

ထိုအခိုက် သစ်တောအုပ်ဆီမှ ခပ်ရှည်ရှည် ငိုညည်းသံတခု ကြားရသည်။ သစ်ပင်ထိပ်ဆီမှ ပြုတ်ကျလာပြီး သစ်ကိုင်း၊ သစ်ရွက်တွေအကြား လျှောကျကာ အုန်းခနဲ မြေသို့ ကျသံမျိုး ဖြစ်သည်။ လူငယ်သည် ရုတ်တရက် ထိတ်လန့်ပြီး သူ့အဖော် မျက်နှာကို ဘာဖြစ်တာလဲဟု မေးလိုသောအားဖြင့် ကြည့်သည်။

"ငှက်ငယ်လေးတွေနောက် ဇီးကွက်တကောင် လိုက်ဖမ်းတဲ့အသံပါ" ဟု ဆယိုမာက မျက်နှာမသာမယာနှင့် ပြောသည်။

"ဒီအချိန်ဆို နွေးတဲ့ တိုင်းပြည်တွေဆီ ငှက်တွေ ပျံသွားကြပြီ ထင်နေတာ"

"ဟုတ်တယ်၊ အဲဒါ မှန်တယ်"

"ပြီးတော့ အရဏ်တက်ချိန်တွေမှာ အခု ပိုအေးလာတယ်။ လေထဲမှာ အအေးဓာတ် ပါလာတယ်။ ငှက်တွေကလည်း အေးတာ သိတာပဲ။ ကြိုးကြာတွေက ပိုပြီး နုနယ်တော့ ပိုပြီး သိတယ်။ ဒီလို အအေးဓာတ်မျိုးနဲ့ဆိုရင် သူတို့ သေတာပဲ။ ကျွန်တော်တော့ ကြိုးကြာ မဟုတ်ဘဲ ရေခဲလို ဖြစ်လာပြီ။ ထင်း ထပ်ထည့်ဗျာ..."

ဆယ်ပိုမာသည် ထိုင်ရာမှ ထပြီး မှောင်မည်းနေသော ချုံတွေထဲ တိုးဝင်ပျောက်ကွယ်သွား သည်။ ထိုစဉ် သူ့အဖော်သည် မျက်လုံးအထက် လက်ဝါးကြီးအုပ်ပြီး ကြည့်သည်။ ချွတ်ချွတ်မြည်သံ ကြားတိုင်း ရင်ထဲမှာ တုန်လာသည်။ ခဏကြာလျှင် ဆယ်ပိုမာသည် ထင်းခြောက်တပွေ့ သယ်လာပြီး မီးပုံထဲသို့ ထည့်သည်။ ချက်ချင်း မီးမစွဲသေး။ ထို့နောက် ရုတ်တရက် မီးလျှံများ တက်လာပြီး ပြာလဲ့ရောင် မီးတောက်များက ထင်းခြောက်များကို လောင်မြိုက်သည်။ သူတို့မျက်နှာများမှာ မီးရောင်ဖြင့် ထိန်လင်းလာသည်။ ထို့အတူ လူသေအလောင်းတွင် အဝတ်ဖြူ လွှတ်နေသည့် ခြေဖျား၊ လက်ဖျားများနှင့် ရုပ်တုတို့ အားလုံး ပြာလဲ့လဲ့အရောင် ထိန်လင်းလာသည်။ အစောင့်နှစ်ယောက် ငြိမ်သွားသည်။ လူငယ်သည် ခေါင်းငုံ့ကာ သူ့အလုပ်ကို ပြီးအောင် လုပ်နေသည်။ သူ့မှာ ပို၍ စိတ်လှုပ်ရှားလာသည်။ ထိုအချိန်တွင် မုတ်ဆိတ်မွေးနှင့် အဘိုးကြီး၏မျက်လုံးများသည် မီးတောက်မီးလျှံမှ မခွာတော့ပေ။

"အို... ကောင်းကင်ဘုံကို မချစ်သူသည် ဘုရားသခင် ရှေ့မှောက်တွင် အရှက်ကွဲလိမ့်မည်"

တိတ်ဆိတ်သောညကို သီချင်းသံ တခုက ဖြိုခွဲလိုက်သည်။ ပြီးတော့ ခြေသံဖွဖွ ကြားရသည်။

မီးဖို၍ ပြာလဲ့လဲ့ မီးရောင်တွင် အနားကျယ် ဦးထုပ်ကို ဆောင်းထားပြီး ဘုန်းကြီးဝတ်ရုံတိုတို ဝတ်ထားသည့် မည်းမည်းရိပ်ရိပ် လူတယောက်ကို မြင်လိုက်ရသည်။ ပခုံးပေါ်တွင် ဘိပင်၏ အခေါက်ဖြင့် ပြုလုပ်ထားသည့် အိတ်တခု သယ်ဆောင်လာသည်။

"သင်၏ အလိုတော် ပြီးမြောက်လိမ့်မည်။ အို... ဘုရားသခင်၊ အို... မယ်တော်မာရီ"

အောင်မြင်သော အသံဖြင့် ထပ်မံ သီဆိုသည်။

"ညမှောင်မှောင်ထဲမှာ မီးရောင် ငါ မြင်တယ်။ ဝမ်းသာသွားတယ်။ ပထမတော့ မြင်းတွေကို စောင့်တဲ့ သူတွေလို့ ငါ ထင်တယ်။ ဒါပေမဲ့ မြင်းတွေ မရှိတော့ မဟုတ်နိုင်ဘူးလို့ ထင်တယ်။ ဒီတော့ သူတို့ဟာ လာဇာရပ် လူချမ်းသာတွေကို လုယက်မယ့် သူခိုးတွေပဲလို့ ငါ ထင်တယ်။ ဒါမှမဟုတ်ရင်

ယဇ်ပူဇော်ဖို့ ပြင်ဆင်နေတဲ့ ဂျစ်ပဆီတွေပဲ ဖြစ်ရမယ်။ ငါ ပျော်သွားတယ်။ ဒါနဲ့ သီယိုဒိုဆီ သွားမှာသာ သွား။ မင်းဟာ ဘုရားသခင်ရဲ့တပည့်သားမြေး မဟုတ်လား။ သူတော်စင်အဖြစ်နဲ့ မင်း အကြိုဆိုခံရမှာပဲလို့ ငါ့ကိုယ်ငါ ပြောမိတယ်။ ကဲ... မင်းတို့ရှေ့ ငါ ရောက်လာပြီ။ မီးဆီကို ပျံ့သန်းလာတဲ့ငါ... မင်းတို့ မျက်နှာသွင်ပြင်ကို စူးစမ်းမယ်။ မင်းတို့ ဝိညာဉ်ကို ဝေဖန် ဆုံးဖြတ်မယ်။ ဟုတ်ပြီ၊ မင်းတို့ဟာ သူခိုးတွေ မဟုတ်သလို မိစ္ဆာဒိဋ္ဌိတွေလည်း မဟုတ်ဘူး။ မင်းတို့ရဲ့နှလုံးစိတ်ဝမ်း အေးချမ်းပါစေ”

“မင်္ဂလာ ညနေခင်းပါ”

“ညီအစ်ကိုများ... မာကွတ်ကင်စကီရဲ့အုတ်ဖို ဘယ်အရပ်မှာ ရှိပါသလဲ”

“သိပ်မဝေးပါဘူး။ ဒီလမ်းအတိုင်း သွားပြီး တစ်မိုင်ခွဲလောက် ရောက်ရင် ကျွန်တော်တို့ရဲ့ အင်နာနိုဗာရွာကို တွေ့မယ်။ ရွာရောက်ရင် ညာဘက်လမ်း ချိုးပြီး မြစ်ကမ်းအတိုင်း ဆက်သွားရင် အုတ်ဖိုကို ရောက်ပါမယ် ဘုန်းတော်ကြီး ခင်ဗျာ။ အုတ်ဖိုဟာ အင်နာနိုဗာရွာနဲ့ နှစ်မိုင် ဝေးပါတယ်”

“ခင်ဗျားတို့ ဘုရားသခင်ရဲ့အလိုတော်အတိုင်း ကျန်းမာကြပါစေ။ ဒီအရပ်မှာ ဘာဖြစ်လို့ ထိုင်နေကြတာပါလဲ၊ ပြောပါဦး”

“ကျွန်တော်တို့ စောင့်နေကြတာပါ။ ဟိုမှာ လူသေအလောင်း တခု ရှိတယ် ခင်ဗျ”

“ဘယ်မှာလဲ... လူသေအလောင်း ဟုတ်လား၊ မယ်တော်မာရီ ကယ်တော်မူပါ”

အဝတ်ဖြူနှင့် ရုပ်တုကို မြင်လျှင် လူစိမ်းသည် တုန်တုန်လှုပ်လှုပ် ဖြစ်သွားပြီး ခြေထောက်နှစ်ဖက် ခုန်ဆွ ခုန်ဆွ ဖြစ်လာသည်။ မမျှော်လင့်ဘဲ လူသေအလောင်းတခုကို မြင်ရသဖြင့် ငွားငွားကြွားကြွား ဖြစ်လာသည်။ ပြီးတော့ ကိုယ်ကို ကျုံ့ကာ အလောင်းကို ကြည့်သည်။ မျက်လုံးများ အရောင်လက်လာပြီး ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ သုံးမိနစ်ခန့် စကားမပြောနိုင်ဘဲ ရပ်ကြည့်နေသည်။ သူ့မျက်လုံးများကိုပင် သူ ယုံဟန်မတူ။ ပြီးတော့... “အို... ဘုရားသခင်၊ အို....မယ်တော်မာရီ၊ ကျွန်တော် နိုင်ငံတကာလှည့်ပြီး ဘယ်သူ့အပေါ်မှ မကောင်း မကြံခဲ့ပါဘူး။ အခု ကျွန်တော်မျိုးကို ပြစ်ဒဏ်ခတ်တော့မှာလား အရှင်...” ဟု ဆိုညည်းသည်။

“ခင်ဗျား ဘာလုပ်သလဲ၊ ဘုန်းတော်ကြီးလား”

လူငယ်က မေးသည်။

“မဟုတ်ပါဘူး၊ မဟုတ်ပါဘူး။ ကျွန်တော်ဟာ ဘုန်းကြီးကျောင်း တခုက တခုကို ကူးသန်း သွားလာနေသူပါ။ ဒါနဲ့ မစ်ခေးပိုလီကာပစ် ဆိုသူ တယောက်ကိုများ သိကြသလား။ အုတ်ဖို ထောင်ပါတယ်။ ကျွန်တော်ဟာ သူ့တူပါ။ သင်၏ အလိုတော် ပြည့်ပါလိမ့်မည် ဘုရားသခင်။ ခင်ဗျားတို့ ဒီမှာ ဘာလုပ်နေကြသလဲ”

“ကျွန်တော်တို့ အလောင်းစောင့်နေကြတာပါ။ သူတို့က စောင့်နေပါ ပြောလို့”

“ဟုတ်ကဲ့ … ဟုတ်ကဲ့ နေပါဦး၊ သေတဲ့လူက ဘယ်သူလဲ၊ ဘယ်က လာတာလဲ”

“ဖြတ်သွားတဲ့ ခရီးသွားပါ”

“ဪ… ဟုတ်ပါပြီ။ လူ့ဘဝဆိုတာ ဒီလိုပါပဲလေ။ ကဲ… ကျွန်တော်လည်း ကိုယ့်လမ်း ကိုယ်သွားမယ်။ အခု စိတ်ထဲမှာ ရှုပ်လာပြီ။ ဒီမယ်ဗျာ… လူသေဆိုရင် ကျွန်တော် ပိုပြီး ကြောက်တယ်။ သူ အသက်ရှင်နေတုန်းကတော့ ဘယ်သူမှ သူ့ကို ဂရုစိုက်ရကောင်းမှန်း မသိကြဘူး။ သေပြီဆိုတော့ သူ့ကို မြင်ရင်ပဲ တုန်တုန်လှုပ်လှုပ် ဖြစ်ကြတယ်။ သူဟာ အောင်နိုင်သူကြီး တယောက်၊ ဒါမှမဟုတ် ဘုရားကျောင်း အကြီးအကဲတယောက်နဲ့ တူသလိုပဲ။ အဲဒါ လူ့ဘဝပဲဗျာ၊ နေပါဦး… ဒီလူက အသတ်ခံရတာလား”

“ဘုရားမှ သိမှာပဲ။ အသတ်ခံရတာလည်း ဖြစ်နိုင်တယ်၊ သူ့ဘာသာသူ အခုလေးပဲ သေသွားတာ ဖြစ်နိုင်တယ်”

“ဟုတ်မှာပဲ၊ အခုဆို သူ့ဝိညာဉ်ဟာ သုခဘုံရဲ့အမြိုက်အရသာတွေ ခံစားစ ပြုနေမှာ”

“မဟုတ်ဘူးဗျ၊ သူ့ဝိညာဉ်က သူ့ကိုယ်မှာ ကပ်နေတုန်းပဲ။ သုံးရက်လောက်ရှိပြီ၊ မခွာဘဲ နေတာ”

လူငယ်က ပြောသည်။

“ဟုတ်ပြီလေ၊ အား… အေးလာလိုက်တာ။ သွားတွေတောင် ခိုက်ခိုက် တုန်လာပြီ။ ကျွန်တော် ဘယ်ကိုသွားရမှာလဲ။ တည့်တည့်သွားရမယ်၊ ဟုတ်လား”

“ရွာရောက်တဲ့အထိ တည့်တည့်သွား။ ပြီးတော့ ညာဘက်ချိုးပြီး မြစ်ကမ်းအတိုင်း ဆက်လျှောက်”

"မြစ်ကမ်းဘေးကနော်။ နေပါဦး၊ ဘာဖြစ်လို့ ငါ ဒီမှာ ရပ်နေရတာလဲ။

သွားတော့မယ်။ သွားမယ်... ဂွတ်ဘိုင်”

ဝတ်ရုံနက်နှင့် လူသည် လေး,ငါးလှမ်း စ၍ လျှောက်သည်။ ထို့နောက် ရပ်သည်။

“အသုဘအတွက် ပိုက်ဆံထည့်ဖို့ မေ့သွားတယ်။ ခင်ဗျားတို့ဟာ သူတော်ကောင်းတွေပါနော်။ ကျွန်တော် ပိုက်ဆံထည့်ခဲ့မယ်လေ”

“ခင်ဗျား ပိုပြီး သိမှာပေါ့။ ဘုန်းကြီးကျောင်း တခုပြီးတခု လျှောက်သွားနေတဲ့သူပဲ။ သူ့ဘာသာသူ သေတယ်ဆိုရင် သူ့အတွက် ကောင်းတာပေါ့။ အသတ်ခံရတယ် ဆိုရင်တော့ မကောင်းဘူး”

“အဲဒါ မှန်တယ်၊ သူ့ကိုယ်သူ သတ်သေတဲ့လူ ဆိုရင်တော့ ပိုက်ဆံ မထည့်ခဲ့တော့ဘူး။ အို... ဒီလောကကြီးမှာ မကောင်းမှုတွေ အများကြီးပါလား။ ဒီမှာ မနေတော့ဘူး။ သွားမယ်နော်... နှုတ်ဆက်တာပဲ”

ဝတ်ရုံနက်နှင့် လူသည် ဖြည်းဖြည်းချင်း လျှောက်သည်။ ထို့နောက် ဆက်မသွားတော့ဘဲ ရပ်နားသည်။

“ငါ ဘာလုပ်ရမလဲ မသိဘူး။ မီးပုံဘေးမှာနေပြီး မိုးလင်းအောင် စောင့်ရမှာကလည်း ကြောက်စရာ ကောင်းတယ်။ ခရီးဆက်ရမှာကလည်း ကြောက်စရာ ကောင်းတာပဲ။ ဒီလူက ငါ့ကို ခြောက်နေတယ်။ လမ်းမှာ အရိပ်ထဲက ထွက်လာပြီး...။ ဘုရားသခင်က ငါ့ကို ပြစ်ဒဏ်ခတ်နေပြီ။ မိုင် ၄၀၀ ခရီး လျှောက်လာခဲ့တာ ဘာမှ မဖြစ်ဘူး။ အခု အိမ်ရောက်ခါနီးမှ ဒုက္ခတွေ့တော့တာပဲ။ ဆက်မသွားနိုင်တော့ဘူး”

“ဟုတ်တယ်၊ ကြောက်စရာ ကောင်းတယ်”

"ဝံပုလွေလည်း ငါ မကြောက်ဘူး၊ ဓားပြလည်း မကြောက်ဘူး၊ အမှောင်လည်း မကြောက်ဘူး။ ဒါပေမဲ့ လူသေကောင်တော့ ငါ ကြောက်တယ်။ ငါ ကြောက်တယ်။ မှန်တာပြောတာပါ၊ သူတော်ကောင်းတွေရယ်... ငါ့ကို ရွာအထိ လိုက်ပို့ပါလား။ ဒူးထောက်ပြီး တောင်းပန်ပါတယ် ကွယ်”

“ကျွန်တော်တို့က အလောင်းကို စောင့်နေရမှာ”

“မိတ်ဆွေတို့ရယ်၊ ဘယ်သူမှ မသိပါဘူး။ ငါနဲ့ လိုက်လာတာ ဘယ်သူမှ သိမှာ မဟုတ်ပါဘူး။ ဘုရားသခင်က ခင်ဗျားတို့ကို ဆုလာဘ် ပေးသနားပါလိမ့်မယ်။ အဲ... မုတ်ဆိတ်နဲ့လူ ငါနဲ့ လိုက်ခဲ့ပါလား။ နေပါဦး၊ သူ ဘာဖြစ်လို့ စကားမပြောတာလဲ”

"သူက ခေါင်းမကောင်းဘူးဗျ"

လူငယ်က ပြောသည်။

"ငါနဲ့ လိုက်ခဲ့ပါလား၊ မင်းကို ငါးကိုပက် ပေးမယ်လေ"

"ငါးကိုပက် ဆိုရင်တော့ လိုက်ချင်သားပဲ။ ဒါပေမဲ့ သူတို့အမိန့်နဲ့ ဆန့်ကျင်ပြီး လိုက်ရမှာဗျ။ ဆယိုမာသာ ဒီမှာ နေခဲ့မယ်ဆိုရင် ကျွန်တော် ခင်ဗျားနဲ့အတူ လိုက်ပါမယ်။ ဘယ်လိုလဲ ဆယိုမာ... နေခဲ့မယ် မဟုတ်လား"

"လိုက်သွားလေ"

"ကောင်းပြီ... သွားကြမယ်"

သို့နှင့် လူငယ်သည် ထိုင်ရာမှ ထပြီး ဝတ်ရုံနက်နှင့် လူနောက်သို့ လိုက်သွားသည်။ သူတို့ခြေသံများသည် ညအမှောင်တွင် ပျောက်ကွယ်သွားသည်။

ဆယိုမာသည် မျက်လုံးစုံမှိတ်ပြီး မေးစက်ရာမှ အိပ်ပျော်သွားသည်။ မီးလည်း တဖြည်းဖြည်း သေသွားသည်။ ချက်ချင်းပင် လူသေအလောင်းသည် အရိပ်မည်းမည်းထဲတွင် ပျောက်ကွယ်သွားလေသည်။

စာပြီးနှစ် ၁၈၈၅။

[ချက်ကော့သည် ဆရာဝန် ဖြစ်သည်။ ၁၈၈၄ တွင် ဇော့ ကရက်ဆင့်မြို့အနီး လယ်ကွင်းတခု၌ လူသေအလောင်းတခု တွေ့သဖြင့် သေသူကို စစ်ဆေးရန် ချက်ကော့ ရောက်သွားသည်။ ဒေသခံ ဆရာဝန်တဦး အကူအညီဖြင့် စစ်ဆေးရသည်။ တရားသူကြီး၊ လယ်သမားများ၊ ရွာခံပုလိပ်တို့ ပါဝင်စစ်ဆေးကြသည်။ အသက်ရှူ မွန်းကျပ်ပြီး သေခြင်း ဖြစ်သည်။ ရင်ဘတ်ကို တစုံတခုနှင့် ဆောင့်မိသည်။ ထိုအကြောင်း မှတ်စုစာအုပ်တွင် အပြည့်အစုံ မှတ်တမ်းတင်ထားသည်။ ယခု ဝတ္ထုတိုကို တကယ် ရေးချလိုက်သည့်အခါ တရားသူကြီး၊ ရွာခံဆရာဝန်၊ ရွာခံပုလိပ်၊ လယ်သမားတို့ အားလုံး မပါ။ ချက်ကော့က ဖြစ်ရပ်ကို ညမှောင်မှောင်သို့ ပြောင်းယူပြီး ထိတ်လန့်စရာ၊ ကြောက်စရာ နောက်ခံကို ဖန်တီးသည်။ သေသူနှင့် အစောင့်နှစ်ယောက်သာ ဇာတ်လမ်းတွင် ပါသည်။ ညမှောင်မှောင်တွင် ထိုနေရာသို့ ဖိုးသူတော်တယောက် ရောက်လာပြီး ကြောက်လန့်ပုံတို့ကို ချဲ့ထွင်သည်။ ဖိုးသူတော်မှာ ချက်ကော့ကိုယ်တိုင်ကို ကိုယ်စားပြုသည့် ဇာတ်ဆောင်တယောက် ဖြစ်နိုင်သည်။ တယောက်တည်း ခရီးမဆက်နိုင်သည့် ဖိုးသူတော်အဖြစ်မှာ ရယ်စရာကောင်းသည်။ ထိုအခြင်းအရာကို ချက်ကော့ ပေါ်လွင်အောင် ဖွဲ့ဆိုသည်။ တကယ့်ဖြစ်ရပ်မှ မလိုသည်တို့ကို ဖြတ်တောက်နုတ်ပယ်ပြီး လိုရင်းကိုသာ အနှစ်ချုပ်

ဖော်ပြထားသည်။ ဤသည်မှာ ချက်ကော့၏ ဝတ္ထုတို ရေးဟန်တခု ဖြစ်သည်ဟု ဆိုသင့်သည်။]

[အင်တာနေရှင်နယ် ဘာသာပြန်မဂ္ဂဇင်း၊ အမှတ် (၄)၊ ဧပြီ ၁၉၉၇]

■

တို့ ပျော်တယ်

Joy

ည ဆယ့်နှစ်နာရီ ထိုးနေပြီ။ မစ်တယာကူလာဒါရော့ ဆိုသော လူငယ်လေးသည် စိတ်လှုပ်လှုပ်ရှားရှား အမူအရာဖြင့် အဖေ၊ အမေ၏ အခန်းထဲသို့ ပြေးဝင်သွားသည်။ ဆံပင်မှာ ပွရောင်းရောင်းနှင့် ဖရိုဖရဲ ဖြစ်နေသည်။ ထို့နောက် အိမ်ထဲရှိ အခန်းတိုင်းသို့ ပြေးဝင်သည်။ အဖေနှင့် အမေတို့မှာ အိပ်ရာထဲ ရောက်နေကြပြီ။ နှမငယ်သည် အိပ်ရာထဲမှာ ဝတ္ထုစာအုပ် နောက်ဆုံးစာမျက်နှာများကို ဖတ်နေခိုက် ဖြစ်သည်။ ညီငယ် ကျောင်းသားများအားလုံး အိပ်ပျော်နေကြသည်။

"ဟဲ့ ဘာဖြစ်လာတာလဲ"

မိဘများက တအံ့တသြ မေးသည်။

ဘာဖြစ်လာတာလဲ။ တကယ် သူတို့ မသိ။

"ဘာတွေများ ဖြစ်လာတာလဲဟယ်"

"အို… ကျွန်တော့်ကို မေးမနေနဲ့။ အဲသည်လို ဖြစ်လာလိမ့်မယ်လို့ မထင်ခဲ့ဘူး၊ ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ဘူး။ နည်းနည်းလေးမှ ယုံနိုင်စရာ မရှိဘူးဗျာ"

မစ်တယာသည် တဟားဟား ရယ်ပြီး ကုလားထိုင်ပေါ်မှာ လှဲချလိုက်သည်။ ပျော်လွန်းသဖြင့် ခြေနှစ်ဖက် မခိုင်ချင်သလို ဖြစ်လာသည်။ သူ့နှမငယ်သည် စောင်ခြုံကို ဖယ်ပြီး အိပ်ရာမှ ဝုန်းခနဲ ထလာသည်။ ပခုံးပေါ် စောင်ခြုံကာ သူ့အစ်ကိုဆီသို့ ရောက်လာသည်။

"ယုံနိုင်စရာ မရှိဘူးဗျာ။ ခင်ဗျားတို့ စဉ်းစားကြည့်ကြလေ၊ ဟောဒီမှာ ကြည့်"

"ဟဲ့… နင် ဘာဖြစ်နေတာလဲ၊ စိတ်မှ ကောင်းသေးရဲ့လား"

နှမငယ်က မေးသည်။

"ကျွန်တော် သိပ်ပျော်တာပဲ မေမေ၊ ဒီနေ့ ဆိုရင် ရုရှားတနိုင်ငံလုံး ကျွန်တော့်ကို သိသွားပြီဗျ။ လူတိုင်း သိသွားပြီ။ ဒီနေ့အထိတော့ ကောလိပ်

မော်ကွန်းထိန်း ဒမီထရီ ကူလာဒါရော့ ဆိုတဲ့ ပုဂ္ဂိုလ်တယောက် ရှိနေတာ မေမေတို့ပဲ သိတယ်။ အခုတော့ လူတိုင်းက သိသွားပြီ။ အို မေမေရယ်... အိုး ဘုရားသခင်။

"ဟုတ်တယ်ဗျ၊ တကယ်ပဲ။ ကျွန်တော့်အကြောင်း သတင်းစာထဲမှာ ရေးထားတယ်။ အခုဆိုရင် ရုရှ တနိုင်ငံလုံး ကျွန်တော့်ကို သိသွားပြီ... မေမေရေ ဟောဒီ သတင်းစာကို အမှတ်တရ သိမ်းထားပါဗျာ။ နောက်တော့ ခဏခဏ ပြန်ကြည့်နိုင်တာပေါ့။ ကဲ ဒီမှာ ဖတ်ကြည့်"

မစ်တယာသည် အကျႌအိတ်ထဲမှ သတင်းစာတစောင် ဆွဲထုတ်ကာ အဖေကြီးလက်သို့ ပေးလိုက်သည်။ ခဲတံပြာဖြင့် မှတ်သားထားသည့် တနေရာကို ညွှန်ပြီး ဖတ်ကြည့်စေသည်။

မစ်တယာသည် အငြိမ် မနေနိုင်။ ကုလားထိုင်မှ ထကာ အခန်းစေ့ ပြေးဝင်သွားပြီးတော့ ကုလားထိုင်မှာ ပြန်ထိုင်သည်။

"ကဲ... ပြောစမ်းပါဦး တို့ကို၊ ဘာတွေဖြစ်နေတာလဲဟယ်။ နည်းနည်း စိတ်ကို ထိန်းထားမှပေါ့"

"ဟင်း... ခင်ဗျားတို့တတွေဟာ တိရစ္ဆာန်အရိုင်းတွေ အတိုင်းပဲ။ သတင်းစာလည်း မဖတ်ဘူး။ လူသိများတာ၊ ကျော်ကြားတာ ဆိုတာတွေ ခင်ဗျားတို့ ဘာမှ မသိဘူး။ သတင်းစာတွေထဲမှာ ထူးခြားတာတွေ မှတ်တမ်းတင်တယ် ဗျ။ အရေးကြီးတာ တခုခုဖြစ်တိုင်း လူတွေအားလုံး သိတာပဲ။ ဘာအကြောင်းကိစ္စမှ ချန်ထားခဲ့လို့ မရဘူး။ ကျွန်တော် သိပ်ပျော်တာပဲ။ အိုး .... ဘုရားသခင်၊ ဒီမှာ သတင်းစာဆိုတာ ထင်ပေါ်ကျော်ကြားသူတွေရဲ့သတင်းကိုသာ ဖော်ပြတာ ဗျ။ ဟော အခု ကျွန်တော့်အကြောင်း သူတို့ ရေးထားကြပြီ"

"ဘယ်လိုလဲ ဟ၊ ဘယ်မှာလဲ"

အဖေကြီး၏ မျက်နှာမှာ ညှိုးကျသွားသည်။ အမေသည် ဘုရားသခင် ရုပ်တုကို လှမ်းကြည့်ကာ နဖူးနှင့် ရင်နှစ်ခြမ်းမှာ လက်ဖြင့် ကြက်ခြေခတ်ပြီး ဘုရားသခင်ကို အာရုံပြုသည်။ ညီငယ်များအားလုံး ညဝတ်ရုံများဖြင့် အိပ်ရာပေါ်မှ ထလာကြပြီး သူတို့အစ်ကိုဆီ ပြေးသွားကြသည်။

"အဲဒီမှာ ဖတ်ကြည့်လေ"

အဖေကြီးသည် မျက်မှန်တပ်လိုက်သည်။

"ဖတ်လေ၊ ခု ဖတ်ကြည့်လေဗျာ"

အမေကြီးသည် ရုပ်တုကို လှမ်းကြည့်ပြီး ရင်မှာ ကြက်ခြေခတ်ကာ

ဘုရားသခင်ကို အာရုံပြုပြန်သည်။ အဖေကြီးသည် လည်ချောင်းရှင်းပြီးမှ ဖတ်သည်။

"ဒီဇင်ဘာ ၂၉ ရက်နေ့ည ဆယ့်တစ်နာရီတွင် ကောလိပ်မော်ကွန်းထိန်း ဒမီထရီ ကူလာဒါရော့သည်..."

"တွေ့တယ် မဟုတ်လား၊ ဆက် ဖတ်လေ"

"... ကောလိပ်မော်ကွန်းထိန်း ဒမီထရီ ကူလာဒါရော့သည် အာမီရာ လမ်းသွယ်လေးရှိ ဘိုဗီခင် ထမင်းဆိုင်ထဲမှ ထွက်လာပြီး ရီဝေဝေ ရှိနေစဉ်..."

"ဟုတ်တယ်၊ ဆေချွန်ပီထရိုဗစ်နဲ့အတူ ကျွန်တော်တို့ အဲဒီဆိုင်မှာ... ဖတ်လေဗျ၊ နောက်တော်ကြောင်း ဆက်ဖတ်ပါဦး။ ကဲ အားလုံး နားထောင်ကြစမ်း"

"အနည်းငယ် ရီဝေဝေရှိနေစဉ် ယွတ်ခနော့စကီခရိုင် ဒူရိုကီနာရွာမှ စွတ်ဖား မြင်းလှည်းသမား အိုင်ဗင်ဒရိုဘော့၏ မြင်းအောက်သို့ ချော်လဲကျသွားသည်။ မြင်းသည် ထိတ်လန့်ပြီး ကူလာဒါရော့ကိုယ်ပေါ်မှ ကျော်လွှားကာ ဆွဲပြေးတော့သည်။ စွတ်ဖားထဲတွင် မော်စကို ကုန်သည်ကြီးအသင်းမှ စတီဖင်လုကော့ ထိုင်နေသည်။ မြင်းသည် စွတ်ဖားကို လမ်းတလျှောက် ဆွဲပြေးသွားရာ အိမ်စောင့်များက ဖမ်း၍ တားဆီးတော့မှ ရပ်သွားသည်။ ကူလာဒါရော့မှာ ခဏမျှ သတိမေ့သွားပြီး ပုလိပ်ဂတ်တဲသို့ ခေါ်သွားကာ ဆရာဝန်များက စစ်ဆေးကြည့်ရှုကြသည်။ သူ့ကုပ်ဆက်တွင် အနည်းငယ် ထိခိုက်သွားသည်။

"အဲဒါ စွတ်ဖားအတံနဲ့ ရိုက်မိတာ၊ အဖေ ဆက်ဖတ်ပါဦး..."

"ကုပ်ဆက်တွင် ထိခိုက်မိသည့် ဒဏ်ရာမှာ အနည်းငယ်မျှသာ ဖြစ်သည်။ သူ့ကို ဆေးဝါး ကုသပေးလိုက်သည်။"

"ရေအေးထဲမှာ စိမ်ထားတဲ့ ပတ်တီးတွေနဲ့ လည်ပင်းပတ်လည်မှာ စည်းပေးတယ်။ ဖတ်ကြည့်ကြလေ။ အဲဒါ ရုရှတနိုင်ငံလုံး ဒီအကြောင်း သိသွားပြီ။ ကျွန်တော့်ကို သတင်းစာ ပေးစမ်းပါဦး..."

မစ်တယာသည် သတင်းစာကို သေချာစွာ ခေါက်ပြီး အကျႌအိတ်ထဲသို့ ထည့်သည်။

"မာကာရော့တို့ဆီ သွားပြီး ပြရဦးမယ်။ ပြီးတော့ အိုင်ဗင်နစ်စကီးတို့ကိုလည်း ပြရမယ်။ နာတာလျာ အိုင်ဗင်နော့ဗနာနဲ့ အင်နီဆင်ဗာဆီလစ်တို့ကိုလည်း ပေးဖတ်ရမယ်။ အခု သွားမှ ဖြစ်မယ်၊ ဂွတ်ဘိုင်"

ထိုနောက် ဦးထုပ်ကို ခေါင်းမှာစွပ်ပြီး လမ်းအတိုင်း ပျော်ရွှင်စွာ

ဟစ်အော်ပြေးသွားလေသည်။

[အင်တာနေရှင်နယ်၊ မေ ၁၉၉၇]

■

သဉ္ဇာညောင်ဖွေ

After the Theater

နာဒီယာဇယ်လီနီနာသည် မေမေနှင့်အတူ အော်ပရာဇာတ်ပွဲမှ ပြန်လာသည်။ ထိုညက ငပူချင်းအွန်ဂျင် ဆိုသူနှင့် ကြည့်သည်။ အိမ်ရောက်လျှင် နာဒီယာသည် သူ့အခန်းသို့ သွားကာ ပွဲသွားဝတ်စုံကို ချွတ်ပြီး အတွင်းခံ ဂါဝန်နှင့် ဘော်လီ အဖြူကို ဝတ်သည်။ ထို့နောက် စားပွဲတွင် ထိုင်ကာ တာတီယာနာ အမူအရာဖြင့် စာတစောင် ခပ်မြန်မြန် ရေးသည်။ “ ‘ကို့’ ကို ချစ်ပါတယ်။ ဒါပေမဲ့ ‘ကို’ က ‘ဒီက’ ကို ချစ်မှ မချစ်တာ... နည်းနည်းလေးမှ မချစ်ပါဘူး။ သိပါတယ်” ခဏကြာလျှင် သူ တဟားဟား ရယ်သည်။

သူကား ဆယ့်ခြောက်နှစ်သာ ရှိသေးသည်။ သည်အရွယ်အထိ ဘယ်သူ့ကိုမှ မချစ်ဖူးခဲ့ပေ။ အရာရှိကလေး ဂေါ်ရနီနှင့် ကျောင်းသားလေး ဂရုဇဒေတ်တို့က သူ့ကို ချစ်နေမှန်း နာဒီယာ သိသည်။ ယခု အော်ပရာကို ကြည့်ပြီးသည့်အခါတွင်မူ သူတို့နှစ်ယောက်စလုံး သူ့ကို ချစ်မှ ချစ်ကြရဲ့လားဟု သံသယ ဝင်ချင်လာသည်။ အချစ်မခံရတာတို့၊ စိတ်မချမ်းမမြေ့ ဖြစ်ရတာတို့ ဆိုတာ ဘယ်လောက်များ စိတ်ဝင်စားစရာ ကောင်းသလဲ။ မိမိကို နည်းနည်းလေးမျှ မကြင်နာသူတယောက်၏ အချစ်ကို မျှော်လင့်ခြင်းကင်းစွာ ငံ့လင့်နေရသည်မှာ ဘယ်လောက် သာယာလှပသလဲ။ ဘယ်လောက် ကဗျာဆန်သလဲ။ ဘယ်လောက် သနားစရာ ကောင်းသလဲ။ အွန်ချင်သည် မချစ်တတ်သူ ဖြစ်နေပြီး တာတီယာနာမှာ မျှော်လင့်ချက် ကင်းစွာ ချစ်နေသူ ဖြစ်သည်။ ဘယ်လောက် စိတ်ဝင်စားစရာကောင်းပြီး ဘယ်လောက် စွဲမက်စရာ ကောင်းသလဲ။ သူတို့နှစ်ယောက် ချစ်ရည်တူ ချစ်ရည်မျှကာ ပျော်ရွှင်ကြည်နူးနေလျှင် ငြီးငွေ့စရာကောင်းမည် အမှန်။

ဂေါ်ရနီအကြောင်း နာဒီယာ တွေးရင်း “ရှင် ကျွန်မကို ချစ်တယ်လို့ ဘယ်တော့မှ ဝန်မခံပါနဲ့။ ရှင့်စကားတွေ ကျွန်မ မယုံနိုင်ဘူး။ ရှင်ဟာလေ... သိပ်လိမ္မာတယ်။ ပညာတတ် တယောက်လည်း ဖြစ်တယ်။ ပြီးတော့ လေးလေးနက်နက် ရှိတယ်။ အစွမ်းအစလည်း ရှိတယ်။ ကောင်းစားမှာ သေချာတယ်။ ကျွန်မတို့ ဆိုတာကတော့ စိတ်ဝင်စားစရာ မကောင်းတဲ့ မထင်မရှား မိန်းကလေးတယောက်ပါ။ ရှင့်ဘဝမှာ ကျွန်မဟာ အနှောင့်အယှက်တခု ဖြစ်လိမ့်မယ်လို့ ရှင် ကောင်းကောင်း သိနေပါတယ်။ ရှင် ကျွန်မကို စွဲမက်တယ်။ စိတ်ထဲမှာ ကျွန်မဟာ ချစ်စရာ အကောင်းဆုံးလို့ ထင်နေတယ်။ ဒါပေမဲ့ အဲဒီစိတ်ကူးတွေဟာ အမှားမှား အယွင်းယွင်း စိတ်ကူးတွေလို့ ရှင် ထင်နေတယ်

မဟုတ်လား။ "ဒီ ကောင်မလေးနဲ့ ဘာဖြစ်လို့များ တွေ့ခဲ့ပါလိမ့်" လို့ ရှင် စိတ်မသက်မသာ ဖြစ်နေတယ် မဟုတ်လား။ ရှင့်မှာ စိတ်ရင်းကောင်း ရှိလို့သာ ဒီအတွေးတွေ ဝန်မခံနိုင်တာပါ"

ထိုခဏတွင် နာဒီယာ ဝမ်းနည်းလာပြီး မျက်ရည်ဖြိုင်ဖြိုင် ကျလာသည်။ သို့သော်လည်း ရေးလက်စ စာကိုကား သူ ဆက်၍ ရေးသည်။

"မေမေနဲ့ မောင်လေးတို့နဲ့ ခွဲရမှာ မခက်ဘူးဆိုရင် မျက်နှာဖုံးလေး ခြုံပြီး ခြေဦးတည့်ရာ ထွက်သွားချင်ပါရဲ့။ အဲဒီကျတော့ ရှင်လည်း နောက်တယောက်ကို လွတ်လွတ်လပ်လပ် ချစ်ခွင့်ရနိုင်မယ် မဟုတ်လား။ အို... ကျွန်မ သေသွားရင် ကောင်းမှာပဲ"

မျက်ရည်လည်နေသဖြင့် သူရေးသည့် စာကြောင်းများကို သူ ဖတ်၍မရ။ ဘာတွေ ရေးမိသလဲ မသိ။ မျက်ရည်အကြားမှ သက်တံရောင်စုံကို ကြမ်းပြင်ပေါ်၊ စားပွဲပေါ်၊ မျက်နှာကြက် ပေါ်တို့တွင် မြင်နေရသည်။ ပရစ်ဇမ်တုံး (သုံးမြှောင့်ဖန်တုံး) မှ တဆင့် ကြည့်နေပါသလား ထင်ရသည်။ နာဒီယာ ဆက်၍ စာမရေးနိုင်တော့။ လက်တင် ကုလားထိုင်တွင် ကျောမှီရင်း ဂေါ်ရနီ အကြောင်းကို သူ စဉ်းစားစ ပြုသည်။

ယောက်ျားလေးတွေ သည့်လောက် စွဲမက်စရာကောင်းတာ ဘုရား အသိပါပဲလေ။ ဂီတအကြောင်း ဆွေးနွေးပွဲတခုတွင် ဂေါ်ရနီ၏ ပြေပြစ်ချောမွေ့သည့် မျက်နှာသွင်ပြင်ကို မြင်ယောင်လာသည်။ သူ့အမူအရာမှာ နှစ်လိုဖွယ် ကောင်းသည်။ ပျို့မျစ်နုနယ်သည်။ ခံ့ညားသည်။ စိတ်အားထက်သန်သဖြင့် အသံကို မနည်းနှိမ့်ပြီး သူ ပြောရသည်။ ဆွေကြီးမျိုးကြီး ပညာတတ် အသိုင်းအဝိုင်းတို့၏ အလေ့အထမှာ မည်သူကိုမျှ လူမထင်ဘဲ မျက်နှာထား တင်းတင်း ထားတတ်သည်။ ပတ်ဝန်းကျင်ကို လုံးလုံးလျားလျား လျစ်လျူရှုတတ်သည်။ ဤအမူအရာသည် ပညာတတ်တို့၏ စရိုက်လက္ခဏာ ဖြစ်သည်ဆိုလျှင် ဂေါ်ရနီသည် သူ့ စိတ်နေစိတ်ထားကို မပေါ်လွင်အောင် ကြိုးစား၍ ထိန်းထိန်းသိမ်းသိမ်း နေသည်။ သို့သော်လည်း မအောင်မြင်။ ဂီတကို သူ အလွန်မြတ်နိုးသည်ကို လူတိုင်း သိသည်။ သူ့ဂီတနှင့် ပတ်သက်၍ နကန်းတလုံးမျှ မသိသူများက ကျယ်ကျယ်လောင်လောင် ဝေဖန်ကြသည်။ ဝေဖန်ရေးကား မဆုံးတော့။ တယောက်ပြီး တ ယောက် ပြောကြဆိုကြသည်။ သူ့မှာ အမြဲလိုလို အာရုံစိုက်နေရသဖြင့် စိတ် မသက်မသာ ဖြစ်လာသည်။ အံ့သြမိသည်။ ကြောက်ရွံ့လာသည်။ ထို့နောက် ဘာမျှ ပြန်မပြောတော့ဘဲ ငြိမ်ငြိမ်နေသည်။ စန္ဒရားကိုမူ ဆရာကြီးများလို ကျွမ်းကျွမ်းကျင်ကျင် သူ တီးသည်။ အရာရှိသာ မဖြစ်ခဲ့လျှင် သူသည် ကျော်ကြားသော ဂီတသမားတယောက် ဖြစ်လာမည်။

ပါးနှစ်ဖက်မှ မျက်ရည်စများကို နာဒီယာ သုတ်သည်။ သံစုံတီးဝိုင်းပွဲ တခုတုန်းက ဂေါ်ရနီက သူ့ကိုချစ်သည်ဟု ပြောသည်ကို နာဒီယာ အမှတ်ရလာသည်။ တဖန် ဇာတ်ရုံအောက်ထပ် ကုတ်အင်္ကျီများ၊ ဦးထုပ်များ ထားသည့် အခန်းနားတွင် လေစိမ်းတချက် ခပ်ပြင်းပြင်းတိုက်၍ တုန်ခိုက်နေစဉ် သူ့အား ချစ်သည့်အကြောင်း ပြောသည်ကိုလည်း သူ အမှတ်ရသည်။

"ရှင်နဲ့ ကျောင်းတော်သားကြီး ဂရုဇဒက်တို့ မိတ်ဆွေဖြစ်သွားကြတယ်လို့ ကြားရလို့ ကျွန်မ သိပ်ဝမ်းသာတယ်" ပြီးတော့ ယခုလို ဆက်၍ ရေးသည်။ "သူကလည်း လိမ္မာရေးခြားရှိတဲ့ လူတယောက်ပဲ။ ရှင်တို့ သူငယ်ချင်းဖြစ်မှာ သေချာတယ်။ မနေ့က ကျွန်မတို့ကို သူ လာတွေ့တယ်။ နှစ်နာရီအထိ နေသွားတယ်။ ကျွန်မတို့အားလုံး ဝမ်းသာကြတယ်။ ရှင် မပါတာ ဝမ်းနည်းစရာပဲ။ သူ့ဆီက မှတ်သားစရာ စကားတချို့ ကြားရတယ်။"

နာဒီယာသည် လက်နှစ်ဖက်ကို စားပွဲပေါ်တင်ပြီး ယင်းအပေါ် ခေါင်းချကာ အနားယူသည်။ ရေးလက်စ စာရွက်ပေါ်သို့ ဆံပင်မှာ ဖွာဆန်ကြဲ ကျနေသည်။ ကျောင်းတော်သားကြီး ဂရုဇဒက်သည်လည်း သူ့ကို ချစ်နေသည်။ သို့ဖြစ်ရာ သူ့ဆီသို့လည်း ဂေါ်ရနီဆီ ရေးသည့် စာမျိုး တစောင်လောက် ရေးရဦးမည်။ ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် ဂရုဇဒက်ဆီကို သူ စာရေးမည်လား။ အံ့သြမိသည်။ ထိုအခါ သူ့ရင်ထဲမှာ အဓိပ္ပာယ်မရှိ ပျော်ရွှင်ခြင်းတို့ လှုပ်ခါလာသည်။ ဘာကြောင့်ဟူ၍ကား မသိ။ ပထမတော့ နည်းနည်းလေး ဝမ်းသာသည်။ နှလုံးသားထဲမှာ ရာဘာဘောလုံးလေးလို ဝမ်းသာခြင်းသည် လျှောက်ပြေးနေသည်။ သို့သော်လည်း တဖြည်းဖြည်း အားကောင်းလာပြီး အကျယ်အပြန့် နေရာယူလာသည်။ ထို့နောက် သူ့ရင်ထဲမှ ရေပန်းလို ပန်းထွက်လာသည်။ ဂေါ်ရနီနှင့် ဂရုဇဒက်ကို သူ မေ့သွားသည်။ သူ့စိတ်ထဲမှာ ရှုပ်ရှုပ်ထွေးထွေး ဖြစ်လာသည်။ သို့သော်လည်း ပျော်ရွှင်မှုသည် အားကောင်းလာပြီး နှလုံးသားမှတဆင့် လက်များ၊ ခြေများဆီသို့ ပျံ့နှံ့သည်။ ထို့နောက် လန်းဆန်းမှုကိုပေးသည့် လေပြည်ညင်းကလေးသည် မျက်နှာကို ပက်ဖျန်းသည်။ ဆံစများ ထောင်တက်လာသည်။ အသံမထွက်ဘဲ သူ ရယ်သဖြင့် သူ့ပခုံးနှစ်ဖက် တုန်တုန်လှုပ်လှုပ် ဖြစ်လာသည်။ စားပွဲသည်လည်း လှုပ်ခါသွားသည်။ မီးအိမ်ပြောင်း တဆတ်ဆတ် တုန်သွားသည်။ သူ့မျက်ရည်စများသည် ရေးလက်စ စာပေါ်သို့ ကျသည်။ နာဒီယာသည် မထိန်းနိုင်၊ မသိမ်းနိုင် ရယ်သည်။ အဓိပ္ပာယ်မရှိ ရယ်သည် ဟူ၍ မထင်မှတ်စေရန် ရယ်စရာတခုကို ချက်ချင်း စဉ်းစားကြည့်သည်။

"ခွေးစုတ်ဖွားကလေးက သိပ်ရယ်စရာကောင်းတာပဲ" အော်၍ ပြောသည်။ ရယ်လွန်းသဖြင့် သတိမေ့ချင်သလိုပင် ဖြစ်လာသည်။ "ခွေးစုတ်ဖွားကလေးက သိပ်ရယ်စရာ ကောင်းတာပဲ"

တနေ့က ဂရုဇဒက်သည် အိမ်မှာမွေးထားသည့် ခွေးစုတ်ဖွားကလေး မက်ဆင်နှင့် မြူးထူး ခုန်ပေါက် ဆော့ကစားသည်။ ထို့နောက် သူတို့ လက်ဖက်ရည် သောက်ကြသည်။ ပြီးလျှင် ပန်းခြံထဲတွင် ကျီးနက်နောက်သို့ ပြေးလိုက်သော ခွေးလိမ္မာလေးအကြောင်းကို ဂရုဇဒက်က နာဒီယာအား ပြောပြသည်။ ပြေးလိုက်ရင်း ခွေးကလေးသည် ရုတ်တရက် ရပ်သွားပြီး "သိပ်ရှိစရာ ကောင်းတာပဲ" ဟု အော်ပြောသည်။ ခွေးကလေးသည် ကျီးမှာ သင်ကြားထားသည့် ကျီးလိမ္မာ ဖြစ်ကြောင်းကို မသိ။ စိတ်ရှုပ်သွားပြီး ကြောက်အားလန့်အား ထွက်ပြေးသည်။ ခဏကြာလျှင် တဝုတ်ဝုတ် ဟောင်သည်။

နာဒီယာသည် ရေးထားသည့်စာကို ဆုတ်ဖြဲလိုက်သည်။ ပြီးတော့ စိတ်ဆုံးဖြတ်လိုက်သည်။ "မဖြစ်ဘူး... ဂရုဇဒက်ကို ချစ်တာပဲ ကောင်းတယ်"

သူ့အတွေးသည် ကျောင်းတော်သားကြီးဆီသို့လည်းကောင်း၊ သူက သူ့ကို ချစ်သည့်အကြောင်း၊ သူ့ကို သူက ချစ်သည့်အကြောင်းသို့လည်းကောင်း ရောက်သွားသည်။ အတွေးမျှင်များ မပြတ်။ တစပြီး တစ ပေါ်လာသည်။ တွေးစရာတွေ အများကြီး ဖြစ်လာသည်။ အမေကို အမှတ်ရသည်။ ပြီးတော့ အိမ်ရှေ့လမ်း... ပြီးတော့... စန္ဒရား။ ဤသို့ဖြင့် အတွေးများ ကျယ်လာသည်။ တွေးရင်း ပျော်လာသည်။ အရာရာသည် လှပခမ်းနားနေသည် ထင်သည်။ စိတ်ထဲမှာ ပျော်လာပြီး ပျော်စရာတွေ ထပ်ကာ ထပ်ကာ ရောက်လာလိမ့်မည်။ ထို့နောက် နွေဦး ရောက်လာမည်။ ပြီးလျှင် နွေ ရောက်လာမည်။ ထိုအခါ နာဒီယာသည် အမေနှင့်အတူ ဂေါ်ရနီဆီသို့ သွားလည်မည်။ ထို့နောက် အားလပ်ရက်များတွင် သူ့ဆီသို့ ဂေါ်ရနီ ရောက်လာလိမ့်မည်။ သူ့ကို ပန်းခြံထဲသို့ လမ်းလျှောက်ခေါ်သွားမည်။ သူတို့ ပရောပရည် လုပ်ကြမည်။ ချစ်တမ်း ကစားကြမည်။ ထို့နောက် ကျောင်းတော်သားကြီး ဂရုဇဒက် ရောက်လာမည်။ သူတို့နှစ်ယောက် ကရိုကက် ကစားကြမည်။ တိုင်ထောင်ပစ်လိုမ့် ကစားကြမည်။ ထို့နောက် ရယ်စရာ ပုံပြင်များ ဂရုဇဒက်က ပြောပြမည်။ ထိုပုံပြင်များ နားထောင်ပြီး အကြီးအကျယ် အံ့သြကာ စကားမပြောနိုင်ဖြစ် ကျန်ရစ်မည်။ နာဒီယာသည် ပန်းခြံကို အမှတ်ရလာသည်။ ပြီးတော့ အမှောင်ထု၊ ကြည်လင်သည့် မိုးကောင်းကင်၊ ကြယ်ပွင့်လေးများ... အားလုံးကို သူ လွမ်းမောတသမိသည်။ သည်တခါတွင်လည်း ပခုံးတွေ လှုပ်ခါသည်အထိ ရယ်မောမိသည်။ အခန်းထဲတွင် မွှေးပျံ့ပျံ့ ရနံ့တွေ သင်းလာသည် ထင်သည်။ ပြတင်းတံခါးပေါင်သို့ သစ်ခက်နွယ်တခု လေနှင့် အတူ ရိုက်ခတ်သည်။

ထို့နောက် သူ့အိပ်ရာဆီသို့ သွားသည်။ အိပ်ရာပေါ်မှာ ထိုင်သည်။ ရင်ထဲမှာ အပျော်လုံး ဆို့လာသဖြင့် ဘာလုပ်ရမှန်း၊ ဘာကိုင်ရမှန်းမသိ ဖြစ်လာသည်။ ခေါင်းရင်းဘက် အိပ်ရာထက်က ဘုရားသခင် ပုံတော်ကြီးကို ငေးမောကြည့်ရှုပြီး "အို... ချစ်လှစွာသော ဘုရားသခင်... ချစ်သော ဘုရားသခင်... ချစ်သော

ဘုရားသခင်” ဟု တိုးတိုး ညည်းမိလေသည်။

[အင်တာနေ့ရှင်နယ် ဘာသာပြန်မဂ္ဂဇင်း၊ အမှတ် (၉)၊ စက်တင်ဘာ ၁၉၉၇]

■

အင်ညုတာ

Anyuta

ဈေးချိုသော လစ္စဗွန် အိမ်ခန်းတခုတွင် တတိယနှစ် ဆေးကျောင်းသား စတီဖင် ကလောက်ကော့သည် ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း ဆေးစာအုပ်ထဲက စာများကို စိတ်ပါလက်ပါ အလွတ်ပြန်ဆိုနေသည်။ ကြာသော် အာခေါင်ခြောက်လာသည်။ နဖူးက ချွေးကို သပ်ချသည်။

သူနှင့် တခန်းတည်းနေသူ အင်ညုတာသည် ပြတင်းအနီး ခွေးခြေတခုပေါ်တွင် ထိုင်နေသည်။ ထိုင်ခုံမှာ အနားများ ဖြူဖွေးကာ အစင်းကြောင်းများ ထင်နေသည်။ သူကား နှစ်ဆယ့်ငါးနှစ် အရွယ်ရှိ ပိန်ပိန်ပါးပါး၊ ခပ်ညိုညို မိန်းကလေးတယောက်ဖြစ်သည်။ မျက်နှာမှာ ဖျော့တော့ပြီး သူငယ်အိမ်ညိုညို တစုံ ပိုင်ရှင် ဖြစ်သည်။ အင်ညုတာသည် ခေါင်းငုံ့ကာ ယောက်ျားအင်္ကျီ၏ ကော်လာကို အပ်ချည်အနီဖြင့် ပန်းထိုး ချုပ်လုပ်နေသည်။ အချိန်မီရန် ခပ်မြန်မြန် ချုပ်နေခြင်း ဖြစ်သည်။ နေ့လယ်ခင်းဖြစ်ပြီး လူသွားစင်္ကြံက နာရီသည် လေးလေးတွဲ့တွဲ့ နှစ်ချက် မြည်သံပေးသည်။ အခန်းထဲတွင်မူ ပစ္စည်းတွေ ရှုပ်ပွနေသည်။ အိပ်ရာခင်းများ တွန့်ကြေနေသည်။ ခေါင်းအုံးများ ဟိုတနေရာ၊ သည်တနေရာ ပြန့်ကျဲနေသည်။ စာအုပ်တွေ၊ အဝတ်တွေ နေသားတကျ မရှိ။ အဝတ်လျှော်ခွက်တွင် စီးကရက်တိုများ ပေါလောမျောနေ သည်။ ကြမ်းပြင်မှာ ပေကျံညစ်ပတ်သည်။ အရာရာကို စွန့်ပစ် စုပုံထားသည့်အတိုင်း ရှိနေသည်။

"လက်ယာဘက် အဆုတ်တွင် အမြွာသုံးခု ရှိသည်..."

ကလောက်ကော့ ရွတ်ဖတ်သည်။

"အနားများ၊ အပေါ်မြွာသည် ရင်ခေါင်းပေါ် ရှေ့နံရံတွင် စတုတ္ထ သို့မဟုတ် ပဉ္စမနံရိုးအထိရှိပြီး ဘေးမျက်နှာပြင်တွင် စတုတ္ထနံရိုး၊ နောက်ဘက်တွင် လက်ပြင်ရိုးဆူးအထိ..."

ကလောက်ကော့သည် သူ ဖတ်နေသည်ကို မျက်စိထဲတွင် မြင်အောင် စူးစိုက်ကြည့်သည်။ မျက်လုံးကို မျက်နှာကြက်ဆီသို့ စိုက်ကြည့်သည်။ သို့သော်လည်း မျက်စိထဲတွင် မမြင်။ သို့ဖြစ်ရာ ကိုယ်ကျပ်အင်္ကျီပေါ်မှနေ၍ အပေါ်ပိုင်း နံရိုးများကို လက်ဖြင့် စမ်းသည်။

"အဲဒီနံရိုးနေရာက စန္ဒရား ခလုတ်တွေနဲ့ တူတယ်။ ရှုပ်ရှုပ်ထွေးထွေး

ဖြစ်နေရင် စိတ်ထဲက မြင်လာအောင် အာရုံစိုက်ပြီး စဉ်းစား။ ခန္ဓာအရိုးအိမ်မှာ၊ ပြီးတော့ သက်ရှိလူတယောက် ကိုယ်မှာ ကြည့်ပြီး လေ့လာရင် ပိုပြီး ရှင်းမယ်။ အင်ညတာရေ... ဒီကို လာစမ်းကွယ်၊ ဒီ မရှင်းတာလေးတွေ ပြေလည်သွားအောင် လုပ်ရမယ်”

အင်ညတာသည် ချုပ်လက်စ အင်္ကျီကို ချပြီး အပေါ်ဝတ်ကို ချွတ်ကာ ပခုံးနှစ်ဖက်ကို ဆန့်လိုက်သည်။ ကလောက်ကော့သည် သူ့ရှေ့မှာ ထိုင်ပြီး မျက်မှောင်ကုတ်လျက် သူ၏ နံရိုးများကို စ၍ ရေသည်။

“ဟင်း... ပထမနံရိုးကို စမ်းလို့ မရဘူး။ အဲဒါက ညှပ်ရိုးနောက်မှာ ရှိတယ်။ ဒါကတော့ ဒုတိယနံရိုး ဖြစ်မှာပဲ။ ဟုတ်ပြီ၊ ဟောဒီမှာ တတိယ၊ ပြီးတော့ စတုတ္ထ... ဟင်..မင်း ဘာဖြစ်လို့ တုန်နေတာလဲ အင်ညတာ”

“ရှင့်လက်တွေက အေးစက်နေတာပဲ”

“အဓိပ္ပာယ်မရှိကွာ။ မင်း သေမသွားပါဘူး။ ဒီတော့ တွန့်လိမ်မနေပါနဲ့။ ဟောဒီမှာ ဒုတိယ... ဒါက တတိယ... မဟုတ်သေးဘူး၊ ရောထွေးနေပြီ။ ကောင်းကောင်းကို စမ်းလို့ မရသေးဘူး။ ပုံဆွဲရမယ်။ ဟို... ငါ့မီးသွေးခဲ ဘယ်မှာလဲ”

ကလောက်ကော့သည် ပုံဆွဲဆေးတောင့်ဖြင့် နံရိုးများနှင့် ယှဉ်ပြိုင်နေအောင် မျဉ်းများကို အင်ညတာ ရင်ဘတ်ပေါ်မှာ ဆွဲသည်။

“ဟုတ်ပြီ ဟော့၊ အခုမှ ရှင်းရှင်းလင်းလင်း မြင်ရတော့တယ်။ ကဲ အခု မင်းရင်ဘတ်ကို ပုတ်ကြည့်မယ်၊ ထ စမ်း”

အင်ညတာသည် မေးကိုမော့ပြီး မတ်တတ်ရပ်သည်။ သူ့ရင်ဘတ်ကို ကလောက်ကော့က လက်ဖြင့် စမ်းသည်။ စိတ်ပါလက်ပါ စမ်းသပ်နေသဖြင့် အင်ညတာ၏နှုတ်ခမ်းများ၊ နှာခေါင်းနှင့် လက်ချောင်းများ အေးစက် ပြာနှမ်းလာသည်ကို သတိမထားပါ။ အင်ညတာ တုန်တုန်ယင်ယင် ဖြစ်လာသည်။ သို့သော် ဆေးကျောင်းသားကြီးကို ကြောက်သည်။ သူ တွန့်နေသည်ကို မြင်သွားမှာ စိုးသည်။ ထိုအခါ သူ့ရင်ဘတ်ကို ဆက်ပြီး စမ်းတော့မည် မဟုတ်။ မျဉ်းကြောင်းတွေလည်း ဆွဲတော့မည် မဟုတ်။ လက်ဖြင့်လည်း ခေါက်၍ ကြည့်တော့မည် မဟုတ်။ သည်သို့ဆိုလျှင် ဆေးကျောင်းသားကြီး စာမေးပွဲ ကျတော့မည်။

“ဟုတ်ပြီ၊ အခုတော့ ရှင်းသွားပြီ”

ထိုသို့ပြောကာ ရင်ဘတ်ကို ဆက်၍ မခေါက်တော့။

“ဒီမှာထိုင်၊ ပုံဆွဲထားတဲ့ မီးသွေးရာတွေကို ဖျက်မပစ်နဲ့။ ငါ ထပ်ပြီး လေ့လာရဦးမယ်”

ဆေးကျောင်းသားကြီးသည် အခန်းတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်ကာ စိတ်က ရွတ်ပြီး မှတ်သားနေသည်။ အင်ညာတာ၏ ရင်ဘတ်မှာ ဆေးမင်ကြောင် ထိုးထားသလို အနက်စင်းများ ထင်နေသည်။ တကိုယ်လုံး အေးစက်ပြီး တုန်တုန်ယင်ယင် ဖြစ်ကာ ကိုယ်ကို ကွေးရင်း စဉ်းစားနေသည်။ အင်ညာတာသည် ဘယ်တော့မှ စကားများများ မပြော။ အမြဲ တိတ်ဆိတ် ငြိမ်သက်နေပြီး စဉ်းစားပြီးရင်း စဉ်းစားရင်း နေလေ့ရှိသည်။

အင်ညာတာသည် ခြောက်နှစ်၊ ခုနစ်နှစ်အတွင်း အိမ်ခန်း တခန်းပြီး တခန်း ပြောင်းရွှေ့ နေထိုင်ခဲ့သည်။ “ကလောက်ကော့” လို ကျောင်းသားများ ငါးယောက်နှင့် သူ သိကျွမ်းခဲ့သည်။ ယခုမူ သူတို့သည် ပညာများ ပြီးဆုံးကာ အလုပ်စခန်းများသို့ ဝင်သွားကြပြီ။ လေးစားထိုက်သူများ ဖြစ်လာကြသည်။ အင်ညာတာကိုမူ သူတို့ သတိမရကြတော့ပေ။ တယောက်မှာ ယခု ပဲရစ်တွင် နေသည်။ နှစ်ယောက်မှာ ဆရာဝန်များ ဖြစ်သွားကြသည်။ စတုတ္ထကျောင်းသားမှာ ပန်းချီဆရာ ဖြစ်သွားပြီး၊ ပဥ္စမတယောက်မှာ ပါမောက္ခ ဖြစ်သွားပြီဟု ပြောသံကြားရသည်။ “ကလောက်ကော့” မှာ ဆဋ္ဌမကျောင်းသား ဖြစ်သည်။ သူလည်း မကြာမီ ဆေးကျောင်းမှ ပြီးဆုံးကာ အလုပ်စခန်းသို့ ဝင်တော့မည်။ လှပသော အနာဂတ်က သူ့ကို စောင့်ကြိုနေသည်။ သူသည် တကယ့်ပုဂ္ဂိုလ်ကြီး ဖြစ်မည်မှာ သေချာသည်။ ယခုမူ သူ့လက်ရှိ အခြေအနေမှာ မကောင်း။ သူ့မှာ ဆေးလိပ်သောက်စရာ မရှိ။ လက်ဖက်ရည်လည်း မသောက်နိုင်။ သကြားလေးတုံးသာ ကျန်တော့သည်။ ယခုပင် ပန်းထိုးသည့်အလုပ်ကို မြန်မြန်ပြီးအောင် လုပ်ရမည်။ လာရောက်အပ်နှံသည့် မိန်းမကြီးဆီမှာ သွားပြီး ပေးရမည်။ ထိုအခါ ရူဗယ် တစိတ်လောက်တော့ ရမည်။ ထိုငွေဖြင့် လက်ဖက်ခြောက်နှင့် ဆေးလိပ် ဝယ်ရမည်။

"ငါ ဝင်လာမယ်နော်”

တံခါးဆီက အသံကြားရသည်။

အင်ညာတာသည် ပခုံးထက်မှာ သိုးမွေးရှောစောင်ကို ခပ်မြန်မြန် ခြုံလိုက်သည်။

ပန်းချီဆရာ ဖက်တစ်ဆော့ ဝင်လာသည်။

“ကျွန်တော့်ကို တခု ကူညီပါ”

ကလောက်ကော့အား သားရိုင်းတကောင်လို မျက်လုံးပြူးပြီး စိုက်ကြည့်ကာ

ပြောသည်။ သူ့ခေါင်းထက်က ဆံပင်စုတ်ဖွားသည် နဖူးရှေ့မှာ ဝဲကျနေသည်။

“ဒီက ခင်ဗျားရဲ့ မိန်းမချောလေးကို တစ်နာရီ၊ နှစ်နာရီလောက် ခဏ ငှားလိုက်ပါ ခင်ဗျာ။ ကျွန်တော် တောင်းပန်ပါတယ်။ ကျွန်တော် အခု ပုံတပုံ ဆွဲနေတယ်။ ကိုယ်ဟန်ပြ မရှိဘဲ ဘာမှ လုပ်လို့ မရပါဘူး”

“ကျေကျေနပ်နပ် ငှားပါတယ်ဗျာ၊ အင်ညတာရေ… သူနဲ့ လိုက်သွား ဟေ့”

ကျောင်းသားကြီးက ပြောသည်။

“ကျွန်မ ဘာဝတ်ခဲ့ရမလဲ”

အင်ညတာက မေးသည်။

“ဒီအတိုင်း ဖြစ်ပါတယ်။ ပန်းချီဆွဲချင်လို့ ခေါ်တာပါ။ တခြား ဘာအကြောင်းမှ မရှိပါဘူး။ အဓိပ္ပာယ်မရှိ ခေါ်တာ မဟုတ်ပါဘူး၊ ကူညီနိုင်တုန်း ကူညီလိုက်ပေါ့”

အင်ညတာ အဝတ် ဝတ်သည်။

“ခင်ဗျား ဘာပုံ ဆွဲနေတာလဲ”

ကလောက်ကော့က မေးသည်။

“အလှဘုရားမရဲ့ဝိညာဉ်ကို ဆွဲမလို့ပါ။ အလွန် အံ့သြစရာကောင်းတဲ့ ပုံဗျ။ ဒါပေမဲ့ ချောချောမောမောကို မရှိပါဘူးဗျာ။ ကိုယ်ဟန်ပြမယ် အမျိုးမျိုးနဲ့ ဆွဲတာပဲ။ မနေ့က ခြေထောက်ပြာပြာနဲ့ ကောင်မလေးကို ဆွဲရတယ်။ ခြေထောက်တွေ ဘယ်လိုပြာသွားတာလဲ မေးတော့ ခြေအိတ်ပြာကစွန်းတဲ့ ဆေးကြောင့်တဲ့။ အခုအထိ စာတွေ ကျက်နေရတုန်းပဲလား။ သည်းခံစိတ် ရှိတယ်ဆိုတော့ ပျော်နေတာပေါ့ ဟုတ်လား”

"ဆေးပညာ ဆိုတာက ကြိုးစားပမ်းစားလုပ်မှ ဖြစ်တာဗျ”

“အဟင်း … ခွင့်လွှတ်နော် ကလောက်ကော့၊ ဒါပေမဲ့ ခင်ဗျား နေတာကတော့ တကယ့် ဝက်ခြံထဲမှာပဲ။ ဘယ်လိုများ နေနိုင်တယ်ဆိုတာ အံ့သြစရာပဲ”

“ဘာကို ဆိုလိုတာလဲ။ တခြား ဘယ်ပုံမျိုးနဲ့မှ ကျွန်တော် မနေနိုင်ဘူးဗျ။ အမေ့ဆီက တလမှ ဆယ့်နှစ်ရူဗယ် ရတာ။ အဲဒီငွေနဲ့ စတိုင်ကျကျ နေဖို့ဆိုတာ ဘယ်ဖြစ်နိုင်ပါ့မလဲ”

“ဩော် .. ဒီလိုကိုး”

ပန်းချီဆရာသည် မျက်ခုံးပင့်ကာ မနှစ်မြို့သည့်အသွင်ဖြင့် ပြောသည်။

“ဒါနဲ့တောင် ခပ်စန့်စန့်နေနိုင်သားပဲ။ ယဉ်ကျေးသိမ်မွေ့တဲ့လူဆိုတာ အနုပညာ အရသာတော့ ခံစားနိုင်တယ်ဗျ။ တကယ် ပြောတာပါ။ ခင်ဗျားအခန်းက ဘာနဲ့တူသလဲဆိုတော့... ဘယ်လိုပြောရမယ် မသိဘူး။ အိပ်ရာခင်းက တွန့်ကြေနေတဲ့။ ဖိတ်စဉ်ထားတာတွေ တပုံတခေါင်း။ အညစ်အကြေးတွေနဲ့ဗျာ။ မနေ့က စားလို့ကျန်တဲ့ ယာဂုက ပန်းကန်ထဲမှာ အခုအထိ ရှိသေးတယ်။ ဖွီး”

ကျောင်းသားကြီး စိတ်အနှောင့်အယှက် ဖြစ်သွားသည်။

“ဟုတ်ပါရဲ့ဗျာ၊ ဒီနေ့ အင်ညုတာ ဘာမှ မဆေးကြောရသေးဘူး။ သူ့ကို တချိန်လုံး ခိုင်းနေရတာဗျ”

အင်ညုတာနှင့် ပန်းချီဆရာတို့ ထွက်သွားသည့်အခါ ကလောက်ကော့သည် ဆိုဖာပေါ် ပစ်လှဲလိုက်ပြီး စာများကို တတွတ်တွတ် ရွတ်နေသည်။ စာကျက်ရင်း မမျှော်လင့်ဘဲ သူ အိပ်ပျော်သွားသည်။ နောက်တစ်နာရီလောက်ရှိမှ အိပ်ရာမှ နိုးလာသည်။ ခေါင်းကို လက်သီးဆုပ်နှင့် ညှပ်ပြီး ထောင်မတ်လာအောင် ဖေးကူရသည်။ အတွေးများမှာ ခဏကြာ နစ်မျောနေမိသည်။ ပန်းချီဆရာက ယဉ်ကျေး သိမ်မွေ့သူများသည် အနုပညာ အရသာ ခံစားတတ်ကြသည်ဟု ပြောသွားသည်ကို ကြားယောင်လာသည်။ ယခုမူ သူ့အခန်းမှာ ရှုပ်ပွနေသည်။ ရှုံစရာပင် ကောင်းသည်။ စိတ်ကူးထဲတွင် သူ့အနာဂတ်ကို မှန်းဆကြည့်သည်။ သူ ဘယ်လိုနေမည်လဲ၊ ဘယ်လို ဖြစ်လာမည်လဲ။ စမ်းသပ်ခန်းမှာ လူနာများကို လက်ခံကြည့်ရှုမည်။ အလွန် လှပတင့်တယ်သည့် ဇနီးလေး တယောက်နှင့်အတူ ဧည့်ခန်းဆောင်မှာ လက်ဖက်ရည် အတူသောက်နေမည်။ ဘယ်လောက် ဟန်ကျသလဲ။ ယခုမူ အခန်းမှာ ညစ်ပတ် ပေကျံနေသည်။ စီးကရက်တိုတွေ လက်ဆေးကန်ထဲမှာ ပေါလော မျောနေသည်။ ရှုံစရာ၊ အော့နှလုံးနာစရာ ကောင်းသည်။ အင်ညုတာ ဆိုသည့် ကောင်မလေးကို မြင်ယောင်လာသည်။ အရုပ်က ဆိုးဆိုး၊ နှစ်လိုဖွယ် မရှိ။ သနားစရာတော့ ကောင်းသည်။ ဘယ်လိုပဲဖြစ်ဖြစ် သည်ကောင်မလေးကိုတော့ မောင်းထုတ်ရတော့မည်။

ပန်းချီဆရာဆီက ပြန်လာသည့်အခါ အင်ညုတာ အပေါ်အင်္ကျီကို ချွတ်သည်။ ထိုစဉ် ကလောက်ကော့ ထိုင်ရာမှ ထသွားပြီး အတည်ပေါက် ပြောသည်။

“ကဲ ... ချစ်မိတ်ဆွေလေး ထိုင်ဦး၊ ပြီးတော့ ငါပြောတာ နားထောင်။ တို့ အတူနေလို့ မဖြစ်တော့ဘူး။ မင်းနဲ့အတူ ကြာကြာ မနေနိုင်တော့ဘူး”

အင်ညုတာမှာ ပန်းချီဆရာဆီက ပြန်အလာတွင် ပင်ပန်းသဖြင့် မူးနောက်နောက် ဖြစ်လာပြီး မေ့သွားမတတ် ခံစားရသည်။ ပန်းချီဆရာ စိတ်ကြိုက်အနေအထားမှာ အကြာကြီး ရပ်ပြီး နေရသည်။ သူ့မျက်နှာမှာ ဖြူဖပ်ဖြူရော် ဖြစ်လာသည်။ မေးစေ့မှာ ပို၍ ချွန်းလာသည်။ ကျောင်းတော်သားကြီးကို အင်ညုတာ တခွန်းမျှ ပြန်၍မပြော။ နှုတ်ခမ်းအစုံ တဆတ်ဆတ် တုန်ရင်း နားထောင်နေသည်။

"တနေ့ အနေးနဲ့အမြန် ဒီအခြေအနေ ရောက်လာမယ်ဆိုတာ မင်း သိပါတယ်။ မင်းဟာ သဘောကောင်းပါတယ်၊ လူကောင်းပါ။ ပြီးတော့ မင်းဟာ ဘယ်သူ့ရဲ့အစေအပါးမှလည်း မဟုတ်ဘူး။ ငါပြောတာ နားလည်တယ်နော်"

ကျောင်းတော်သားကြီး ဆက်၍ ပြောသည်။

အင်ညုတာသည် အပေါ်အင်္ကျီကို တဖန် ပြန်၍ဝတ်သည်။ ပန်းထိုး ချုပ်လုပ်နေသော အင်္ကျီကို စက္ကူတခုဖြင့် ပတ်သည်။ အပ်နှင့် အပ်ချည်တို့ကို သိမ်းသည်။ ပြီးတော့ ပြတင်းနားမှာ ထားခဲ့သော သကြားခဲ လေးခုကို ကောက်၍ ယူသည်။ ယင်းတို့ကို ကျောင်းသားကြီး၏ စားပွဲပေါ်တွင် စာအုပ်များ တဖက်မှာ ထားလိုက်သည်။

"ဟောဟိုမှာ ရှင့် သကြားခဲ"

အင်ညုတာ တိုးတိုးပြောသည်။ ထို့နောက် မျက်ရည်ကျသည်ကို မမြင်နိုင်ရန် တဖက်သို့ လှည့်သည်။

"ဘာဖြစ်လို့ ငိုနေရတာလဲ"

'ကလောက်ကော့' သည် စိတ်ရှုပ်လာပြီး အခန်းထဲမှာ ပတ်၍ လျှောက်သည်။ ပြီးတော့ "မင်းဟာ အတော် ထူးဆန်းတဲ့ မိန်းကလေးပဲ။ တို့ တနေ့ ခွဲကြရမယ်ဆိုတာ မင်း သိပါတယ်။ ဒီလို တသက်လုံး အတူ နေသွားလို့ မဖြစ်ဘူးကွယ့်"

အင်ညုတာသည် သူ ပိုင်ဆိုင်သမျှ ပစ္စည်းများကို ထုပ်ပိုးသည်။ ပြီးတော့ စိတ်မကောင်း ဖြစ်နေသော ကျောင်းတော်သားကြီးကို နှုတ်ဆက်ရန်ပြင်သည်။ အင်း.. နောက်တပတ်လောက် တော့ ဒီအတိုင်းနေလို့ ဖြစ်ပါသေးတယ်လေ။ ကလောက်ကော့ စဉ်းစားမိသည်။ နောက်ဆုံးမှာတော့ သူလည်း နေမှာပါပဲ။ နောက်တပတ်ကျမှ ကောင်မလေးကို ငါ မောင်းထုတ်တော့မယ်။ ဤသို့ စဉ်းစားမိသည်။

သူသည် ပျော့ညံ့သူတယောက် ဖြစ်သည်ကို သိသည်။ သူ့ကိုယ်သူ

စိတ်ပျက်မိသည်။ သို့နှင့် ခပ်ကျယ်ကျယ် အော်၍ ပြောသည်။

"ဟေ့ အဲဒီမှာ ဘာလို့ ရပ်နေတာလဲ။ သွားမယ်ဆိုရင်လည်းသွား၊ မသွားချင်ရင် အင်္ကျီပြန်ချွတ်ပြီး နေပေါ့။ နေချင်သေးရင် နေလေ"

အင်ညှုတာသည် အင်္ကျီကို အသံမကြားရအောင် ဖြည်းဖြည်းချွတ်သည်။

ပြီးတော့ နှာခေါင်းထဲက လေကို ပျော့ပျော့လေး မှုတ်ထုတ်သည်။ ထို့နောက် သူ နေနေကျ ပြတင်းနားက ခွေးခြေဆီသို့ သွားသည်။ ကျောင်းသားကြီးသည် ဖတ်စာအုပ်ကို ကောက်၍ ကိုင်သည်။ ထို့နောက် ခန်းလုံးပြည့် ခေါက်တုံ့ခေါက်ပြန် လျှောက်သည်။

"ညာဘက် အဆုတ်တွင် အမြွှာသုံးခု ရှိသည်"

ဖြည်းဖြည်း သူ ဖတ်သည်။

"အပေါ်အမြွှာသည် ရှေ့ဘက် ရင်ခေါင်းနံရံတွင် စတုတ္ထနံရိုး သို့မဟုတ် ပဉ္စမနံရိုး အထိ နေရာယူထားသည်"

ပြင်ဘက်က စကြံလမ်းတွင် တစုံတယောက် ဖြတ်သွားရင်း ခပ်ကျယ်ကျယ် အသံဖြင့် အော်ပြောသည်။

"ဂရီဂေါ်ရီ၊ လက်ဖက်ရည်အိုး ဆူနေပြီ…"

စာပြီးနှစ် ၁၈၈၆။

[အင်တာနေရှင်နယ် ဘာသာပြန်မဂ္ဂဇင်း၊ အမှတ် (၁၁)၊ နိုဝင်ဘာ ၁၉၉၇]

■

ဗင်ကာ

Van Ka

ဖိနပ်ချုပ်သမား အလျာခင်ထံတွင် လွန်ခဲ့သည့် သုံးလက အလုပ်သင်ဝင်၍လုပ်သူ ကိုးနှစ်သား ဗင်ကာဇူးကော့သည် ခရစ္စမတ်အကြိုညတွင် အိပ်ရာသို့ မဝင်သေးဘဲ စောင့်နေသည်။ သူ့ဆရာနှင့် အိမ်ရှင်မတို့ပြင် အခြား အလုပ်သမားကြီးများ ဘုရားရှိခိုးသွားသည်ကို သူ စောင့်နေခြင်း ဖြစ်သည်။ သူတို့တတွေ ထွက်သွားတော့မှ ဗင်ကာသည် သူ့ဆရာ၏ ဗီရိုထဲမှ မင်အိုးနှင့် သံချေးတက်နေသော ကလောင်တံတချောင်း ယူကာ တွန့်ကြေနေသော စာရွက်တခုကို ရှေ့မှာ ဖြန့်ပြီး စာတစောင် ရေးလေသည်။ ပထမစာလုံး ရေးပြီးနောက် တံခါးနှင့် ပြတင်းဆီသို့ ကြောက်ရွံ့စွာ ပြန်စောင်းလှည့်၍ အကြိမ်ကြိမ် ကြည့်သည်။ သူများတွေ ဝင်လာမှာ စိုးရိမ်သည်။ ထို့နောက် မှောင်မည်းထဲမှာ ရှိနေသော ရုပ်တုကို လှမ်း၍ ကြည့်သည်။ ပြီးတော့ သက်ပြင်းတခု ချသည်။ ရုပ်တုသည် သစ်သား ဖိနပ်ပုံစံ နှစ်ခုအလယ်တွင် ရှိနေသည်။ စာရွက်ကို ခုံတန်းများပေါ်၌ ဖြန့်ကာ ဗင်ကာသည် ဒူးထောက်ထိုင်ရင်း ရေးနေသည်။

“ချစ်သော အဘိုး ကွန်စတန်တင်မာကာရစ် ခင်ဗျား၊ အဘိုးဆီ ကျွန်တော် စာရေးလိုက်ပါတယ်။ ဘုရားသခင်က ကောင်းချီးပေးပါစေလို့ ဆုတောင်းလိုက်ပါတယ်။ ကျွန်တော့်မှာ အဖေ၊ အမေ မရှိပါဘူး။ အဘိုး တယောက်ပဲ ရှိပါတယ်။”

ဗင်ကာသည် မှောင်မိုက်ထဲက ပြတင်းမှန်ဆီသို့ စိုက်၍ ကြည့်ရင်း ဖယောင်းတိုင် မီးရောင်တွင် အဘိုး ကွန်စတန်တင်မာကာရစ် ရပ်နေသည်ဟု စိတ်ထဲမှာ ထင်လာသည်။ အဘိုးသည် မြေပိုင်ရှင် ဇီဗာယော့၏ ခြံစောင့် ဖြစ်သည်။ အဘိုးမှာ ပိန်ပိန်ပါးပါးဖြစ်ပြီး ပျော်ပျော် နေတတ်သည်။ ဖျတ်လတ်သည်။ ယခု အသက် ခြောက်ဆယ့်ငါးနှစ် ရှိနေပြီ။ သူ့မျက်နှာသည် ရယ်မောသည့်အခါ တွန့်လိမ်သွားသည်။ မျက်လုံးတစုံမှာ အရက်ခိုးဖြင့် ရီဝေနေသည်။ နေ့လယ်နေ့ခင်းများတွင် အဘိုးသည် အစေခံများ ချက်ပြုတ်သည့် မီးဖိုထဲတွင် တရေးတမော အိပ်တတ်ပြီး၊ စားဖိုမှူးများနှင့် ရယ်စရာ မောစရာ ပြောလေ့ရှိသည်။ ညတွင်မူ သိုးရေကုတ်အင်္ကျီကို ပတ်ကာ ခြံထဲမှာ လှည့်လည် စောင့်ကြည့်သည်။ လက်ထဲက ဝါးလက်ခုပ်ကို မြည်အောင် တဖျပ်ဖျပ် ရိုက်သည်။ ခွေးနှစ်ကောင်သည် ခေါင်းငိုက်စိုက်ချကာ သူ့နောက်မှ တကောက်ကောက် လိုက်သည်။ တကောင်မှာ ခွေးအိုကြီး ‘ဘရောင်နီ’ ဖြစ်ပြီး၊ နောက်တကောင်ကိုမူ အမွေးနက်ပြီး ခါးလျားရှည်သဖြင့် ‘ငရှဉ့်နက်’ ဟု အဘိုး နာမည်ပေးထားသည်။ ‘ငရှဉ့်နက်’ မှာ

ချစ်စရာကောင်းသည်။ သခင်ကိုရိုသေသည်။ မိတ်ဆွေ၊ သူတစိမ်း မခွဲခြားဘဲ ချစ်ခင်သည့် မျက်လုံးများဖြင့် စိုက်ကြည့်နေတတ်သည်။ သို့တိုင်အောင် မည်သူမျှ သူ့ကို မယုံ။ သခင်ကို သူ လေးစားရိုသေသဖြင့် သူ့စိတ်ထားမှန်ကို မည်သူမျှ မသိရ။ စိတ်မထင်လျှင် လူစိမ်းနောက်နားကနေ၍ ခြေသလုံးကို ဆတ်ခနဲ ကိုက်တတ်သည်။ ရေခဲလှောင်သည့် အခန်းထဲသို့ ခိုးဝင်တတ်သည်။ လယ်တဲက ကြွက်ကလေးများကို အလစ်ဝင်၍ ဆွဲတတ်သည်။ လယ်သမားက ရိုက်သဖြင့် နောက် ခြေနှစ်ချောင်း ကျိုးလုနီးပါး ခံခဲ့ရသည်။ သို့ဖြစ်ရာ သူ့နှာခေါင်းကို ကွင်းလျှော ချည်၍ ထားရသည်။ အပတ်တိုင်း နှစ်ကြိမ်လောက် နာနာကြည်းကြည်း အရိုက် ခံရသည်။ သို့သော်လည်း သူ မသေ။

ထိုအချိန်တွင် အဘိုးသည် ခြံဝတွင် ရပ်နေပြီး ရွာဘုရားကျောင်း ပြတင်းများဆီမှ လင်းလက်သော မီးရောင်များကို ကြည့်နေလိမ့်မည်။ ပြီးတော့ သက္ကလတ် ဖိနပ် စီးကာ အစေခံများနှင့် နောက်ပြောင်ပြောဆိုနေလိမ့်မည်။ သူ့ဝါးလက်ခုပ်သည် ခါးမှာ တွဲကျနေသည်။ အဘိုးသည် လက်နှစ်ဖက်ကို ဆန့်တန်းပြီး အအေးထဲမှာ အသက်ကြီးသူတွေ ထုံးစံအတိုင်း ချောင်းတဟွပ်ဟွပ် ဆိုးနေသည်။ အစေခံ မိန်းကလေးတွေ သို့မဟုတ် ထမင်းချက်တွေကို လိမ်ဆွဲနေတတ်သည်။

“နှာရှူဦးမလားဟေ့” ဟု အဘိုးပြောကာ နှာဘူးကို အမျိုးသမီးများအား ထုတ်ပေးသည်။

ထိုအခါ အမျိုးသမီးများက နှာဘူးကို ယူပြီး ရှူသည်။ ဟပ်ချိုးချင်း ဆက်နေအောင် နှာချေသည်။ ထိုအခါ အဘိုး သဘောကျသည်။ တဟားဟား ရယ်ကာ “အေးခဲနေတဲ့ နှာခေါင်းတွေ ပွင့်ထွက်သွားပြီဟေ့” ဟု ဟစ်ကြွေးသည်။

ခွေးများကိုပင် နာဘူး ထိုးပေးသည်။ ‘ဘရောင်နီ’ သည် နှာချေပြီး ခေါင်းကို နာနာယမ်းသည်။ ပြီးတော့ မလှုပ်တလှုပ်ထွက်သွားသည်။ ‘ငရှဉ့်နှက်’ ကမူ အမြီးတလှုပ်လှုပ် နှန့်ကာ ခစားသည်။ ရာသီဥတုမှာ အလွန်ကောင်းသည်။ လေငြိမ်ပြီး ကောင်းကင်တခုလုံး ကြည်လင် လန်းဆန်းနေသည်။ ညသည် အလွန် မှောင်သည်။ သို့သော်လည်း ရွာလေးမှာ နှင်းဆောင်းကာ အိမ်မိုးများ ဖြူဖွေးနေသည်။ သစ်ပင်များတွင် နှင်းခဲအဖြူများ ဖုံးအုပ်နေသည်။ ခေါင်းတိုင်ထိပ်များဆီမှ ထွက်လာသည့် မီးခိုးတန်းများကို ကြည်ကြည်လင်လင် မြင်နေရသည်။ ကောင်းကင်ပြင်တွင် ကြယ်လေးများ မှိတ်တုတ် မှိတ်တုတ် လက်နေသည်။ နဂါးငွေ့တန်းကြီးမှာ ခရစ္စမတ်ပွဲတော်အတွက် ရေမိုးချိုးပြီး ပြူထွက်လာသည်။ သူ့ကို ထင်းခနဲ မြင်သာအောင် ဆီးနှင်းမြူတိမ်များကို သူ ဖယ်ရှားထားဟန် တူသည်။

ဗင်ကာ သက်ပြင်းတချက် ချသည်။ ထို့နောက် ကလောင်တံကို မင်အိုးထဲ နှစ်ပြီး ရေးလက်စ စာကို ဆက်၍ ရေးနေသည်။

"မနေ့က ကျွန်တော် အရိုက်ခံရတယ် အဘိုး။ သခင်ကြီးက ကျွန်တော့်ကို ဆံပင်က ဆွဲပြီး ခြံထဲ ခေါ်သွားတယ်။ ပြီးတော့ ဖိနပ် သားရေကြိုးနဲ့ ရိုက်ပါတယ်။ ကလေးကို ပုခက်လွှဲနေရင်းက ကျွန်တော် အိပ်ပျော်သွားလို့ပဲ။ ပြီးတော့ အလျင်အပတ်ကလည်း သခင်မက ဟဲရင်း ငါးရဲ့ဗိုက်ကို အခွဲခိုင်းတယ်။ အမြီးက စပြီး ကျွန်တော် ခွဲတယ်။ ဒါနဲ့ သူက ခွဲလက်စ ငါးကို ယူလာပြီး ကျွန်တော့်မျက်နှာကို ပွတ်တယ်။ သူများတွေ တွေ့တော့ ကျွန်တော့်ကိုကြည့်ပြီး ရယ်ကြတာပေါ့။ ပြီးတော့ အရက်ဆိုင် လွှတ်ပြီး ဗော့ဒကါ အဝယ်ခိုင်းတယ်။ သခင်ကြီးစားတဲ့ သခွားသီး အခိုးခိုင်းတယ်။ အဲဒီအခါ သခင်ကြီးက တွေ့ရာနဲ့ ကောက်ပြီး ကျွန်တော့်ကို ရိုက်တယ်။ ပြီးတော့ ဘာမှ စားစရာ မရှိဘူး။ မနက်မှာ ပေါင်မုန့် ကျွေးတယ်။ ညနေကျတော့ ဆန်ပြုတ် စားရတယ်။ ညမှာ ပေါင်မုန့်ပဲ စားရတယ်။ လက်ဖက်ရည် မတိုက်ဘူး။ ဂေါ်ဖီထုပ်စွပ်ပြုတ်လည်း မစားရဘူး။ သူတို့ အကုန် စားပစ်ကြတယ်။ စင်္ကြံမှာ ကျွန်တော် အိပ်ရတယ်။ ကလေးနိုးလို့ အော်ငိုတဲ့အခါ အိပ်ရာက ထပြီး ပုခက်ကို လွှဲရတယ်။ တညလုံး မအိပ်ရတော့ဘူး။ အဘိုးရယ်၊ ကျွန်တော့်ကို လာခေါ်ပါတော့။ ရွာကို ပြန်ခေါ်ပါ။ ကျွန်တော် သည်းမခံနိုင်တော့ဘူး။ အဘိုးကို တောင်းပန်ပါတယ် ခင်ဗျာ။ ဘုရားသခင်ဆီမှာလည်း အဘိုးအတွက် ဆုတောင်းပေးပါမယ်။ ဒါပေမဲ့ ဒီအိမ်ကတော့ ကျွန်တော့်ကို ပြန်ခေါ်ပါ။ ဒါမှမဟုတ်ရင် ကျွန်တော် သေမှာပဲ။"

ဗင်ကာ မျက်နှာမှာ ရှုံ့မဲ့နေသည်။ ပြီးတော့ မျက်လုံးများကို မည်းကြုတ်နေသော လက်သီးဖြင့် ပွတ်သည်။ ထို့နောက် ရှိုက်၍ ငိုသည်။

သူ ဆက်၍ ရေးသည်။

"အဘိုးအတွက် နှာရှူဆေး ထောင်းပေးပါ့မယ်။ ဘုရားသခင်ဆီမှာလည်း ဆုတောင်းပေး ပါ့မယ်။ ကျွန်တော် အမှားအယွင်း တခုခု လုပ်ခဲ့ရင် အဘိုး ကြိုက်သလို ရိုက်နိုင်ပါတယ်။ ကျွန်တော့်အတွက် ထားစရာနေရာ မရှိဘူးဆိုရင် မန်နေဂျာကို ပြောပြီး ဖိနပ်တွေ တိုက်ပေးပါ့မယ်။ ဒါမှမဟုတ် ဖတ်ဒယာ နေရာမှာ အစားဝင်ပြီး သိုးကျောင်း ပေးပါ့မယ်။ အဘိုးရယ် ဒီမှာတော့ မနေနိုင်တော့ဘူး။ ကြာရင် သေမှာပဲ။ ရွာကို ထွက်ပြေးလာချင်တယ်။ ဒါပေမဲ့ ရေခဲပြင်ကို ဒီအတိုင်း မဖြတ်ရဲဘူး။ ကျွန်တော့်မှာ ဖိနပ်မရှိဘူးလေ။ ကျွန်တော့်ကို ပြန်ခေါ်မယ် ဆိုရင်တော့ ကျွန်တော် ကြီးလာတဲ့အခါ အဘိုးကို ရှာကြံပြီး ကျွေးမွေးပါမယ်။ အဘိုးကို စောင့်ရှောက်ပြုစုပါမယ်။ အဘိုး သေတဲ့အခါ အေးချမ်းစွာနဲ့ နားနေနိုင်ဖို့ ကျွန်တော် ဆုတောင်းပေးပါမယ်။ အမေ ပေလဂေယ သေတုန်းက ဆုတောင်းပေးသလိုပေါ့ အဘိုးရယ်။

"မော်စကိုက သိပ်ကြီးတဲ့မြို့ကြီး အဘိုး။ မြေရှင်ကြီးတွေပိုင်တဲ့ အိမ်ကြီးတွေ အများကြီး ရှိတယ်။ မြင်းတွေလည်း အများကြီး ရှိတယ်။ ဒါပေမဲ့ သိုးကိုတော့ ဘယ်နေရာမှ မတွေ့ရဘူး။ ပြီးတော့ ခွေးတွေကလည်း မဆိုးဘူး။ ကောင်လေးတွေလည်း ခရစ္စမတ်မှာ သီချင်းဆို မထွက်ကြဘူး။ ပြီးတော့ ဘယ်သူ့ကိုမှလည်း သူတို့ ဝတ်ရွတ်အဖွဲ့မှာ ပါဝင်သီဆိုခွင့် မပြုဘူး။ တခါက ဆိုင်တခုအထဲမှာ ငါးမျှားကြိုး ကောင်းကောင်းတွေ ပြတင်းက မြင်ရတယ် အဘိုး။ ကြိုးတချောင်းမှာဆိုရင် ပေါင်လေးဆယ်လောက် လေးတဲ့ စကိတ်ငါးကြီး ချိတ်လျက်သား တွေ့ရတယ်။ ပြီးတော့ အိမ်က သခင်ကြီးကိုင်တဲ့ သေနတ်မျိုး ရောင်းတဲ့ဆိုင်တွေလည်း မော်စကိုမှာ ရှိတယ်။ တခုကို ရူဗယ် တရာလောက် ပေးရလိမ့်မယ် ထင်တယ်။ အမဲသားဆိုင်မှာတော့ ငုံးတွေ၊ ခါတွေ၊ ယုန်သားတွေ ပြထားတယ်။ ဒါပေမဲ့ ဘယ်က ပစ်လာတဲ့ ငှက်တွေလို့တော့ သူတို့က မပြောဘူး။

"အဘိုးရ၊ အိမ်ကြီးမှာ ခရစ္စမတ်သစ်ပင် စိုက်တဲ့အခါ ကျွန်တော့်ဖို့ ရွှေရောင် သစ်ကြားသီး ယူထားပြီး သေတ္တာစိမ်းကြီးထဲမှာ သိမ်းထားပါ။ အဘိုး သခင်မလေး အော်လဂါ အစ်ဂနာတယ်ဗနာ ဒါဗင်ကာဖို့လို့ ပြောထားပေါ့။"

ဗင်ကာသည် သက်ပြင်းတချက် သိမ့်သိမ့်တုန်အောင် ချလိုက်သည်။ တဖန် ပြတင်းဆီသို့ သူ စိုက်ကြည့်ပြီး ပြန်ပြောင်း စဉ်းစားသည်။ ခရစ္စမတ်ချိန် ရောက်ပြီဆိုလျှင် အိမ်ကြီးရှင်တို့ အတွက် ခရစ္စမတ်ပင် ခုတ်ရန် အဘိုးသည် သစ်တောသို့ သွားလေ့ရှိသည်။ ထိုအခါ မြေးငယ် ဗင်ကာကို သူနှင့်အတူ ခေါ် သွားသည်။ ထိုအချိန်မှာ ပျော်စရာကောင်းသည်။ အဘိုးသည် တခစ်ခစ်ရယ်ရင်း ရှေ့က သွားသည်။ နှင်းခဲတွေက တဖျတ်ဖျတ် ကွဲသံနှင့်အတူ ဗင်ကာလည်း နောက်ကျ မကျန်ရစ်အောင် အမီလိုက်ရင်း တခစ်ခစ်ရယ်သည်။ ထင်းရှူးပင် တခု တွေ့ပြီး မခုတ်မီ အဘိုးသည် ဆေးတံတအိုး ရှူသည်။ ထို့နောက် နှာ တချက်ရှူကာ ခပ်ဆွဲဆွဲ နှာချေသည်။ ဗင်ကာမှာ အေးလွန်းသဖြင့် တဆတ်ဆတ် တုန်နေသည်။ အဘိုးက သဘောကျပြီး နှာချေကာ ဗင်ကာအား စသည်။ နှင်းခဲဖြူ ပန်းကုံးစွပ်တွေနှင့် ထင်းရှူးပင်များသည် ခပ်မဆိတ် ကြည့်နေကြသည်။ သူတို့အထဲမှာ ဘယ်အပင် အလျင်ဆုံး ခုတ်လှဲခံရမည်လဲဟု တထိတ်ထိတ် စောင့်ကြည့်နေကြသည်။ ထိုအခိုက် ဘယ်ဆီးနှင်းပုံ အကြိုအကြားက ပြေးထွက်လာသည် မသိရသည့် ယုန်ကလေးတကောင်သည် မြားတစင်း၏ လျင်မြန်သည့်အဟုန်ဖြင့် ခုန်ထွက်လာသည်။ အဘိုး သူ့ကို မဖမ်းလိုက်နိုင်။ သို့ဖြစ်ရာ "ဟေး... အဲဒီ အမြီးတို သေနာလေးကို ဖမ်းလိုက်ဟေ့၊ ဖမ်းလိုက်" ဟု အော်၍ ပြောသည်။

ခရစ္စမတ် သစ်ပင်ကို ခုတ်လှဲပြီးသည့်အခါ အဘိုးက အိမ်ကြီးသို့ ဆွဲယူလာသည်။ ထိုနောက် အိမ်သားများက အလှဆင်ကြသည်။ အိမ်ရှင်မလေး

အော်လင်္ဂါအဖို့ အလုပ်အရှုပ်ဆုံးအချိန် ဖြစ်သည်။ သူ့ကို ဗင်ကာ ချစ်သည်။ ဗင်ကာ၏အမေ ပေလဂေယ ရှိစဉ်ကမူ အိမ်တွင်းမှု စီမံခန့်ခွဲရေးတာဝန် ယူရသည်။ ထိုစဉ်က အော်လင်္ဂါသည် ဗင်ကာအား သကြားလုံးများ အမြဲကျွေးသည်။ ပြီးတော့ စာသင်ပေးသည်။ အရေး၊ အဖတ် သင်သည်။ ဗင်ကာကို စာသင်ရတာ အော်လင်္ဂါ ပျော်သည်။ ဂဏန်းကို တစ်မှ တစ်ရာအထိ အရေးခိုင်းသည်။ တဖန် သူနှင့် တွဲကာ လေးစုံတွဲ အကလည်း က သည်။ ပေလဂေယ ကွယ်လွန်ပြီးနောက် ဗင်ကာကို သူတို့က အဘိုးရှိရာ မီးဖိုချောင်သို့ ပို့လိုက်သည်။ ထိုကမှ ဖိနပ်ချုပ်သမား အလျာခင် ရှိသည့် မော်စကိုမြို့သို့ သူ ရောက်လာခဲ့ခြင်း ဖြစ်လေသည်။

"ကျွန်တော့်ကို လာခေါ်ပါ အဘိုး။"

ဗင်ကာသည် ရေးလက်စ စာကို ဆက်၍ ရေးသည်။

"ကျွန်တော် ခရစ်တော်ကို တိုင်တည်ပြီး တောင်းပန်ပါတယ် အဘိုး။ ဒီက လွတ်အောင် ကျွန်တော့်ကို လာခေါ်ပါ။ ကျွန်တော့်ကို သနားပါ။ ကျွန်တော်ဟာ မိတဆိုး၊ ဖတဆိုးလေးပါ။ သူတို့ ရိုက်တာ အမြဲ ခံရပါတယ်။ အစား ကောင်းကောင်း မစားရဘူး။ သိပ် ဆာတယ်။ စိတ်လည်း ညစ်တယ်။ ဘယ်လို ပြောရမှန်းတောင် မသိပါဘူး အဘိုးရယ်။ ငိုနေရတာချည်း ပါပဲ။ တနေ့က သခင်ကြီးက ကျွန်တော့်ကို သစ်သားဖိနပ် ပုံစံနဲ့ ရိုက်တယ်။ လဲကျသွားပြီး ပြန်ထနိုင်ပါတော့မလား ထင်မိတယ်။ ကျွန်တော့်ဘဝက ခွေးတကောင် ဘဝလောက်တောင် မကောင်းပါဘူး အဘိုးရယ်။ စိတ်ညစ်စရာ သိပ်ကောင်းတာပဲ။ အလျူိနာနဲ့ မျက်စိတလုံး ယေဂေါ်ကိုလည်း သတိရတယ် ပြောပြပါ အဘိုး။ ပြီးတော့ မြင်းလှည်းမောင်းသမားကြီး ကိုလည်း သတိရပါတယ်။ ကျွန်တော့်ဘာဂျာလေးကိုတော့ ဘယ်သူ့ကိုမှ မပေးလိုက်နဲ့နော် အဘိုး။ ကျွန်တော်ဟာ အဘိုးရဲ့မြေးကလေး အိုင်ဗင်ဇူးကော့ပါ။ မြန်မြန် လာခေါ်ပါ အဘိုးရယ်။"

ဗင်ကာသည် စာကို နှစ်ထပ်ခေါက်ကာ တနေ့က ကိုပက်တပြားနှင့် ဝယ်လာခဲ့သည့် စာအိတ်ထဲ ထည့်သည်။ ထို့နောက် ခဏမျှ ေးမောစဉ်းစားရင်း ကလောင်တံကို မင်အိုးထဲ ထည့်ကာ စာအိတ်တွင် အောက်ပါအတိုင်း လိပ်စာကို ရေးသည်။

"ရွာမှာ နေတဲ့ အဘိုးထံသို့"

ထို့နောက် ခေါင်းကို ကုတ်ပြီး ခဏမျှ စဉ်းစားသည်။ ပြီးမှ "ကွန်စတန် တင် မာကာရစ်" ဆိုသော အဘိုးနာမည်ကို ရေးလိုက်သည်။ သူ စာရေးနေစဉ် ဘယ်သူမှ အနှောင့်အယှက် မပေးသဖြင့် ဝမ်းသာနေသည်။ ထို့နောက် ဦးထုပ်ဆောင်းကာ ရှပ်အင်္ကျီလက်တိုဖြင့် လမ်းထဲသို့ ပြေးထွက်သွားသည်။ ကုတ်အင်္ကျီ ဝတ်ရန်ပင် စိတ်မကူးတော့ပေ။

တနေ့က အမဲသားဆိုင်တွင် အရောင်းစာရေးများနှင့် တွေ့သည့်အခါ သူတို့က စာဆိုလျှင် စာတိုက်ပုံးတွေထဲ ထည့်ရသည်။ ထိုစာများကို အရက်မူးနေသော မြင်းလှည်းသမားများ မောင်းသည့် ချူသံ တလွင်လွင်မြည်သော မြင်းသုံးကောင်တပ် စာပို့မြင်းလှည်းများက ကမ္ဘာအရပ်ရပ်သို့ ပို့ပေးသည်ဟု သူ့ကို ပြောလိုက်သည်။ ဗင်ကာသည် အနီးဆုံး စာတိုက်ပုံးထဲသို့ သူ၏ အဖိုးတန်စာကို ထည့်လိုက်သည်။

နောက်တစ်နာရီရှိလျှင် မျှော်လင့်ချက်တွေ ဝေဝေဆာလျက် သူ အိပ်ပျော်သွားသည်။ အိပ်မက်ထဲတွင် မီးဖိုခန်းကို မြင်မက်သည်။ အဘိုးသည် မီးဖိုတွင် ခြေနှစ်ဖက် တွဲလဲချကာ ထိုင်ရင်း သူ့စာကို ထမင်းချက်များအား ခပ်ကျယ်ကျယ် ဖတ်ပြနေသည်။ ငရှဥ့်နက်သည် မီးဖိုထဲတွင် အမြီးတနှန့်နှန့်နှင့် လျှောက်သွားနေလေသည်ဟု မြင်မက်နေလေသည်။

စာပြီးနှစ် ဒီဇင်ဘာ၊ ၁၈၈၆။

[အင်တာနေရှင်နယ် ဘာသာပြန်မဂ္ဂဇင်း၊ ဖေဖော်ဝါရီ ၁၉၉၈]

■

စာတိုက်ဗိုလ်ရဲ့ပွဲ

At the Post Office

ရက်အနည်းငယ်က ကျွန်တော်တို့ မိတ်ဆွေ စာတိုက်ဗိုလ် စလက်ကိုပါစတော့၏ ဇနီးချောလေး ကွယ်လွန်သဖြင့် အသုဘ အခမ်းအနားသို့ တက်ရောက်ကြသည်။ ဘိုးစဉ်ဘောင်ဆက်က လက်ဆင့်ကမ်းခဲ့သည့် ဓလေ့ထုံးစံအတိုင်း စာတိုက်တွင် အထိမ်းအမှတ်ပွဲတခု ကျင်းပသည်။

မုန့်များ ဝေငှစဉ် မုဆိုးဖိုကြီးသည် သောကဖိစီးပြီး အတော်လေး ငိုပါသည်။

“အဲဒီမုန့်ကလေးတွေက ကံဆိုးရှာတဲ့ ကျုပ်အချစ်ကလေးလိုပဲ နီရဲနေပါတယ်။ သူဟာ သိပ်ချော၊ သိပ်လှတယ်ဗျာ။ တကယ်ပါပဲ…”

“ဟုတ်ပါတယ်၊ လှတာ ချောတာကတော့ အမှန်ပါပဲ။ ယုံမှားစရာ မရှိပါဘူး”

ကျွန်တော်တို့အားလုံး တညီတညွတ်တည်း ထောက်ခံကြသည်။

“ဟုတ်ပါတယ်၊ မှန်ပါတယ်။ သူ့ကို မြင်တဲ့သူတိုင်း အံ့အားသင့်သွားကြပါတယ်။ ဒါပေမဲ့ မိတ်ဆွေ လူကြီးမင်းများ ခင်ဗျာ၊ သူ့ကို ကျုပ်ချစ်တာဟာ ချောတာ လှတာ၊ ဒါမှမဟုတ် သဘောကောင်းတာ တခုတည်းကြောင့် မဟုတ်ပါဘူး။ မိန်းမတွေအဖို့ အဲဒီအရည်အချင်း ကောင်းတွေ ပိုင်ဆိုင်တာဟာ သဘာဝ ကျပါတယ်။ ဒါပေမဲ့ ဒီအရည်အချင်းကိုတောင်မှ မပိုင်ဆိုင်တဲ့ မိန်းမတွေ ဒီကမ္ဘာမှာ အများကြီး ရှိပါတယ်။ သူ့ကို ချစ်တာကတော့ တခြားအရည်အချင်း တခုကြောင့်ပါပဲ။ သူဟာ ရွှင်ရွှင်ပျပျ နေတတ်ပြီး ယောကျ်ားကို ကျီစယ်တတ်ပါတယ်။ ဒါပေမဲ့ သူဟာ လင်ယောကျ်ားအပေါ် သစ္စာစောင့်ပါတယ်။ ဘုရားသခင်က သူ့ကို ကောင်းကင်ဘုံ ခေါ်မှာပါ။ သူ့အသက်ဟာ နှစ်ဆယ်ပဲ ရှိပါတယ်။ ကျုပ်က ခြောက်ဆယ် ကျော်ပါပြီ။ ဒါပေမဲ့ ကျုပ်ကို သစ္စာရှိလျက်ပါပဲ”

ကျွန်တော်တို့နှင့်အတူ စားသောက်နေသော ဝတ်ပြုဆရာက စာတိုက်ဗိုလ်၏ စကားကို ယုံကြည်မှုရှိဟန် မတူပါ။ တခွိခွိ ချောင်းဆိုးပြပါသည်။ ဤသည်မှာ သူ့စကား မယုံကြောင်း ပြခြင်း ဖြစ်ပါသည်။

“ဘာလဲ၊ ခင်ဗျား ကျုပ်ပြောတာကို မယုံဘူးလား”

မုဆိုးဖိုက ဝတ်ပြုဆရာဘက် လှည့်ကာ မေးသည်။

“ခင်ဗျားကို မယုံလို့ မဟုတ်ပါဘူး”

ဝတ်ပြုဆရာသည် ဗလုံးဗထွေး ပြောသည်။

“ဒါပေမဲ့ ခင်ဗျားသိတဲ့အတိုင်းပဲ... ခုခေတ် ဇနီးငယ်လေးတွေက တောသူလို ဝတ်ပြီး တနေရာမှာ ချိန်းတွေ့တတ်ကြတယ် မဟုတ်လား”

“ဒါဖြင့် ခင်ဗျား မယုံဘူးပေါ့။ ကဲ... သက်သေထူမယ်ဗျာ။ ကျုပ်အပေါ် သစ္စာရှိတယ်ဆိုတာ ပရိယာယ်တမျိုးနဲ့ ကျုပ် ဉာဏ်ဆင်ထားတယ်။ ကိုယ့်ပစ္စည်း လုံအောင် အကာအကွယ်တွေ လုပ်ထားတယ်ဆိုတဲ့ သဘောပဲ။ ကျုပ် ဉာဏ်ဆင်ထားတဲ့အတွက်၊ ပြီးတော့ ကျုပ်ဟာ အလွန် အကောက်ဉာဏ်ရှိတဲ့သူ ဖြစ်တဲ့အတွက် ကျုပ်မိန်းမအဖို့ ကျုပ်အပေါ် သစ္စာမရှိဘဲကို မနေနိုင်တော့ဘူး။ အကာအကွယ်တွေ လုပ်ထားတယ်ဗျာ။ ဒီစကားတွေကို ကျုပ် ပြောလိုက်တယ်...။ အဲဒါဆို လုံလောက်သွားပြီ။ အိပ်ကောင်းခြင်း အိပ်လို့ ရပြီ။ သစ္စာမရှိမှာ မပူရတော့ဘူး”

“ဘာစကားတွေလဲ”

“ရိုးရိုးလေးပါ၊ ရှင်းပါတယ်။ မြို့ပေါ်မှာ အတော်ဆိုးတဲ့ ကောလာဟလ သတင်းတခု ဖြန့်လိုက်တယ်။ လူတိုင်းကို ဒီလိုပြောတယ်။ ‘ကျုပ်မိန်းမ အလျှိုနာဟာ ပုလိပ်မင်းကြီး အိုင်ဗင်အလက်ဆီယေဗစ် ဇာလစ်ဗတ်စကီနဲ့ ညားနေတယ်’ ဒါပါပဲ။ ဒီစကားနဲ့ပဲ လုံလောက်သွားပြီ။ ဘယ်သူမှ၊ ဘယ်ငနဲသား တယောက်မှ အလျှိုနာနား မကပ်ရဲတော့ဘူး။ မချစ်ရဲတော့ဘူး။ သူတို့က ပုလိပ်မင်းကြီး ဇာလစ် ဗတ်စကီကို ကြောက်တယ်လေဗျာ။ အလျှိုနာနဲ့ တွေ့ပြီဆိုရင် မျက်စောင်းထိုးလို့တောင် မကြည့်တော့ဘဲ အဝေးက ရှောင်ကြတယ်။ ကြောက်လို့ ထွက်ပြေးကြတာဗျ။ ဇာလစ်ဗတ်စကီက ဘယ်လို ထင်မလဲ။ အသက်ထွက်သွားမယ် မဟုတ်လား။ ဟီး ဟီး ဟီး... အဲဒီ နှုတ်ခမ်းမွေးကားကား ပုလိပ်ကြီးနဲ့ ဘယ်သူ ပတ်သက်ရဲမှာလဲ။ အပြုံအငြင်ခံရဖို့ သေချာတယ်။ အဲဒီလူနဲ့ ပတ်သက်ပြီး တရားဝင် အစီရင်ခံစာ ငါးစောင် ရေးပြီး ဒီလူ့အိမ် ကျန်းမာရေးနဲ့ မညီညွတ်ဘူးလို့ တိုင်မယ်။ သူ့ကြောင် လမ်းထဲ လျှောက်ပြေးနေတာ တွေ့ရင် နွားတအုပ် မြို့ထဲက လမ်းပေါ် လျှောက်သွားနေ ကြတယ် ရေးမယ်”

“ဒီလိုဆိုရင် ခင်ဗျားမိန်းမ အိုင်ဗင်နဲ့ မအိပ်ဘူးပေါ့”

သူ့စိတ်ကူးကို သိကြပြီးနောက် အံ့အားသင့်ကာ ပြောမိကြသည်။

“မအိပ်ပါဘူး၊ ကဲ ကျုပ် ဘယ်လောက် ပိရိသလဲ။ ဟီးဟီး... ခင်ဗျားတို့တောင် အရူးလုပ်နိုင်တယ် သိလား။ ကျုပ် ဘယ်လောက် တော်သလဲ”

သုံးမိနစ်လောက် ငြိမ်သွားသည်။ စကားတခွန်းမျှ သူ့ကို ပြန်မပြောနိုင်။ ကျွန်တော်တို့ ခေါင်းတုံးပေါ်ထိပ်ကွက် အလုပ်ခံလိုက်ရသည်။ ရှက်စရာ မကောင်းဘူးလား။ သူ့ကို ဝဝဖိုင့်ဖိုင့်၊ နာခေါင်းနီနီ လူကြီးတယောက်က ပိုင်ပိုင်နိုင်နိုင် လှည့်စားတာကို ခံလိုက်ရပြီ မဟုတ်လား။

"ခင်ဗျား နောက်ထပ် မိန်းမယူဖို့ ဘုရားသခင် ခွင့်ပြုပါစေ"

ဝတ်ပြုဆရာက ဆုတောင်းလေသည်။

စာပြီးနှစ် ၁၈၈၃၊ အောက်တိုဘာ။

[အင်တာနေရှင်နယ် ဘာသာပြန်မဂ္ဂဇင်း၊ ဇွန် ၁၉၉၇]

■

မုဆိုးကျော်
The Huntsman

မှွန်းတည့်ချိန်။ ပူလောင်အိုက်စပ်စပ်နှင့် အနေရခက်သည်။ ကောင်းကင်တွင် တိမ် မရှိ။ နေလောင်ထားသည့် မြက်ခြောက်များကို ကြည့်ရသည်မှာ မျှော်လင့်ချက် ဘာမျှမရှိ။ မိုးရွာလျှင်တောင် မြက်ခင်းကို အမြဲစိမ်းစိုလာမည်လား၊ တပ်အပ် သေချာ မပြောနိုင်။ သစ်တောအုပ်မှာ ငြိမ်နေသည်။ လှုပ်ရှားမှု ဘာတခုမျှ မရှိ။ သစ်ပင်ထိပ်ဖျားမှနေ၍ တစုံတခုကို စောင့်မျှော်နေသယောင်၊ သို့မဟုတ် တစုံတခု ဖြစ်လာတော့မည်ကို စောင့်ကြည့်နေသယောင် ထင်ရသည်။

တောစပ်တွင် ပြောင်းရှင်းနေသော မြေကွက်လပ်တခု၌ အသက် လေးဆယ်ခန့်၊ အရပ်ရှည်ပြီး ပခုံးကျဉ်းသော လူတယောက် ပျင်းရိပျင်းတွဲ ခြေတရွတ်ဆွဲကာ လျှောက်လာသည်။။ သူသည် ရှပ်အင်္ကျီနီနှင့်၊ အဖာအထေး ဗရပွနှင့် ဘောင်းဘီရှည်တို့ကို ဝတ်ထားသည်။ တချိန်က လူကြီးလူကောင်း တယောက် ဖြစ်ခဲ့ဟန် တူသည်။ ခြေတွင် ခပ်မြင့်မြင့် သားရေဖိနပ်ကြီးကို စီးကာ လမ်းကလေးအတိုင်း ခပ်လေးလေး လျှောက်လာသည်။ သူ့ညာဘက်တွင် မြေကွက်လပ်၏ မြက်ခင်းစိမ်းစိမ်းရှိပြီး ဘယ်ဘက်တွင် မိုးကုပ်စက်ဝိုင်းအထိ အပြောကျယ်သည့် ရွှေဝါရောင် ရိုင်းဂျုံခင်းကြီး တခု တည်ရှိသည်။ သူ့မျက်နှာမှာ နီမြန်းနေပြီး ချွေးစို့နေသည်။ ခေါင်းတွင် ဂျော်ကီများ ဆောင်းလေ့ရှိသည့် ဦးထုပ်ဖြူတခု ဆောင်းထားသည်။ ထိုဦးထုပ်မှာ ရက်ရောသည့် သတိုးနွှယ် လူငယ်တယောက်က ပေးသည့်လက်ဆောင် ဖြစ်ဟန်တူသည်။ ပခုံးတွင် မုဆိုးတွေ ကိုင်ဆောင်လေ့ရှိသည် အိတ်တခု လွယ်ထားသည်။ အထဲတွင် ဇက်ကျိုးနေသော စနိုက်ကြီး တကောင် ရှိသည်။ သူ့လက်ထဲတွင် နှစ်လုံးပြူး သေနတ်တလက် ကိုင်ဆောင်ထားသည်။ ပြောင်းဝနှစ်ခုစလုံးကို ဖော့ဆို့ဖြင့် ပိတ်ထားသည်။ သူ့ရှေ့က အမဲလိုက် ခွေးလေးတကောင် ပြေးသွားပြီး ချုံပုတ်များတွင် နှာခေါင်းထိုးကာ အနံ့ခံနေသည်ကို စူးစူးစိုက်စိုက် ကြည့်နေသည်။ ခွေးကလေးမှာ ပိန်ကပ်ကပ် ဖြစ်သည်။ ပတ်ဝန်းကျင်တခုလုံး တိတ်ဆိတ်နေသည်။ အသံဗလံဟူ၍ ဘာသံကိုမျှ မကြားရ။ သက်ရှိဟူသမျှသည် အပူကိုရှောင်ကာ အပြင်သို့ မထွက်ဘဲ အိမ်ထဲမှာ ခိုအောင်းနေကြသည်။

"ယေဂေါ် ဗလတ်ဆစ်"

တိုးတိုးညင်သာ ခေါ်လိုက်သည့် အသံတခုကို တောလိုက်မုဆိုး

ကြားရသည်။

ရုတ်တရက် အံ့အားသင့်သွားပြီး နောက်သို့လှည့်ကာ မျက်မှောင်ကုတ်ပြီး သူ ကြည့်သည်။ သူ့ဘေးတွင် မြေကြီးထဲက ပြူထွက်လာသည် ထင်ရသည့် အသက် သုံးဆယ်အရွယ် ဖြူဖပ်ဖြူရော် လယ်သူမတယောက် ရပ်နေသည်ကို တွေ့ရသည်။ လယ်သူမ လက်ထဲတွင် တံစဉ်တခု ကိုင်ထားပြီး ခပ်ရှက်ရှက် ပြုံးနေသည်။

"အိုး... မင်းကို၊ ဟုတ်လား ပေလဂေယ၊ ဒီနေရာကို ဘယ်လို ရောက်လာရတာလဲ"

မုဆိုးလေးက သေနတ်ပြောင်းဝမှ ဖော့ဆို့ကို ဖြုတ်ရင်း မေးသည်။

"ကျွန်မတို့ရွာက လယ်တောသူတွေ ဒီကိုလာပြီး အလုပ်လုပ်ကြတယ်။ ကျွန်မ သူတို့နဲ့အတူ အလုပ်လုပ်နေတယ် ယေဂေါ်ဗလတ်ဆစ်"

"ဪ ဟုတ်လား"

ယေဂေါ်က မပွင့်တပွင့် ပြောကာ ခပ်ဖြည်းဖြည်း ဆက်၍ လျှောက်သည်။

သူ့နောက်သို့ ပေလဂေယ လိုက်သွားသည်။ ခြေလှမ်းနှစ်ဆယ်လောက် လျှောက်မိသည်အထိ စကားဆက်၍ မပြောကြသေး။

"ရှင့်ကို ကျွန်မ တခါက တွေ့လိုက်တယ်။ ကြာလှပြီ ယေဂေါ်"

ပေလဂေယသည် ယေဂေါ်အား ကြင်နာစွာ ကြည့်နေသည်။

"ကျွန်မတို့တဲကို အီစတာ ပွဲတော်ရက်တုန်း ရှင် ဝင်လာတယ်။ ရေသောက်ချင်လို့ ရှင် ဝင်လာတာပါ။ အဲဒီနောက် ရှင့်ကို မတွေ့ရတော့ဘူး။ အီစတာပွဲတော်ရက်မှာ ခဏလေးပဲ ရှင့်ကို တွေ့လိုက်ရတယ်။ ပြီးတော့ ဘာတွေဖြစ်သလဲ ဘုရားသခင် သိပါတယ်။ ရှင် သိပ်မူးနေတယ်။ ကျွန်မကို ကျိန်ဆဲတယ်။ ကျွန်မကို ရိုက်တယ်။ ပြီးတော့ ရှင် ထွက်သွားတာပဲ။ ကျွန်မမှာ စောင့်လိုက်ရတာ။ ရှင့်ကို စောင့်နေပါတယ် ယေဂေါ်။ မျှော်ရတာ မောတောင်လာပါပြီ။ အိုး... ယေဂေါ်... ယေဂေါ်ဗလတ်ဆစ်ရယ်၊ မျှော်ရတာ ကြာပေမယ့် တကြိမ်ပဲ ရှင် ရောက်လာတယ်နော်"

"မင်းတို့ရွာမှာ ငါ ဘာလုပ်ရမှာလဲ"

"ဘာမှလုပ်စရာမရှိဘူး၊ ဟုတ်လား၊ ရှင့်မှာ ကြည့်ရှုဖို့ အိမ်တလုံး ရှိတယ်လေ။ လုပ်စရာတွေ အများကြီးပါ။ အဲဒီအိမ်မှာ ရှင်ဟာ အိမ်ကြီးရှင်ပဲ မဟုတ်လား။ အခု စနိုက်ကြီးတကောင် ပစ်လာတယ် မဟုတ်လား။ ခဏတဖြုတ်

မထိုင်တော့ဘူးလား၊ နားပါဦးလား”

ထိုသို့ပြောပြီး ပေလဂေယသည် အူတူတူ အတတ ပြုံးကာ ယေဂေါ်၏မျက်နှာကို စိုက်၍ ကြည့်သည်။ ဝမ်းသာလွန်းသဖြင့် သူ့မျက်လုံးများ ဝင်းလက်နေသည်။

“ထိုင်ရမယ် ဟုတ်လား၊ မင်းက ထိုင်စေချင်ရင် ထိုင်ပါ့မယ်လေ”

ဘာမျှ မထူးခြားသလို ယေဂေါ် ပြောသည်။ ထင်းရှူးပင်နှစ်ခုအကြား အရိပ်ရမည့် နေရာတခုတွင် သူ ထိုင်သည်။

“မင်းရော ထိုင်လေ၊ ဘာဖြစ်လို့ ရပ်နေတာလဲ”

ပေလဂေယသည် ခပ်လှမ်းလှမ်း နေရောင်ရသည့် နေရာမှာ ထိုင်သည်။ ပျော်လွန်းသည်ကို သိသွားမှာစိုးပြီး ရှက်နေသည်။ အပြုံးကို မမြင်နိုင်ရန် လက်ဖြင့် ဖုံးကွယ်ထားသည်။ နှစ်မိနစ်ခန့် ငြိမ်သက်နေသည်။

“တခါလောက်တော့ ကျွန်မဆီ ရှင် ပြန်လာဖို့ ကောင်းတယ်နော်”

ပေလဂေယ ညင်သာစွာ ပြောသည်။

“ဘာဖြစ်လို့လဲ”

ယေဂေါ် သက်ပြင်းချသည်။ ဦးထုပ်ကို ချွတ်ပြီး နဖူးကို အင်္ကျီလက်ဖြင့် သုတ်သည်။

“ပြန်လာဖို့ မလိုဘူးထင်တယ်။ အိမ်ကို တစ်နာရီ နှစ်နာရီလောက် ပြန်လာရင်လည်း မင်း စိတ်ချမ်းသာမှာ မဟုတ်ဘူး။ ပြီးတော့ မင်းတို့ရွာမှာ တချိန်လုံး နေဖို့ဆိုတာ ပိုပြီး မဖြစ်နိုင်ဘူး။ ငါ ဒီလောက် အဆင်းရဲ မခံနိုင်ဘူး။ ငါ ဘယ်လောက် အကောင်းကြိုက်တယ် ဆိုတာ မင်းအသိပဲ။ အိပ်စရာ အိပ်ရာတခု ရှိရမယ်။ လက်ဖက်ရည် ကောင်းကောင်း သောက်ချင်တယ်။ စကားပြောမယ့် အဖော်လိုတယ်။ ဘဝ အမြိုက်အရသာတွေ ငါ တတ်နိုင်သမျှ ခံစားချင်တယ်။ မင်းအဖို့ကတော့ ဆင်းရဲခံနိုင်တယ်။ မင်းတို့ရွာလို မီးခိုးတွေ မွန်းကျပ်နေတဲ့ အရပ်မှာ မင်း နေနိုင်တယ်။ တစ်ရက်ကလေးမှ ငါ မနေနိုင်ဘူး။ မင်းနဲ့ တသက်လုံး နေဖို့ဆိုတာက သာမဖြစ်နိုင်သေးတာ။ မင်းတို့တဲလေး မီးရှို့ပစ်မိမှာပဲ။ ငယ်ငယ်ကတည်းက ငါက ပျက်စီးလာတာ။ ကောင်းကောင်း နေရမှ ဖြစ်မှာ”

“အခု ရှင် ဘယ်မှာ နေသလဲ”

“ဒမီထရီ အီဗာနစ်နဲ့ နေတယ်။ အလွန် သဘောကောင်းတဲ့

လူကြီးလူကောင်း တယောက်ပါ။ သူ့ရဲ့မုဆိုးအဖြစ် လုပ်ကိုင်ပေးနေတာပေါ့။ သူ့ထမင်းစားပွဲမှာ ငါ ပစ်ပေးတဲ့ အမဲဟင်းလျာတွေ အပြည့်ပဲ။ အဲဒါပဲ... ငါ့ကို လက်ခံထားတာကလည်း သူ့အတွက် အသုံးကျလို့ပဲ။ သူက ဟင်းလျာမင်တယ် မဟုတ်လား၊ ဒါပဲ"

"ရှင့်အလုပ်က အလုပ်ကောင်း မဟုတ်ပါဘူး ယေဂေါ်။ ရှင့်အလုပ်မျိုးကို အလုပ်ကောင်းလို့ မခေါ်ကြဘူး။ တေပေပြီး မိုက်ကန်းတဲ့အလုပ်ပဲ။ ရှင်သာ အဲဒီ မုဆိုးအလုပ်ကို တကယ့်အလုပ်လို့ ထင်နေတာ"

"မင်း နားမလည်ပါဘူး"

ယေဂေါ်သည် စိတ်ကူးယဉ်ကာ မိုးပေါ် မော့ကြည့်ရင်း ပြောသည်။

"ငါ့ကို ဘယ်တော့မှ မင်း နားမလည်ခဲ့ဘူး။ နောင်လည်း နားလည်မှာ မဟုတ်ဘူး။ မင်းထင်နေတာက ငါဟာ မိုက်ကန်းကန်းကောင်။ ဒါပေမဲ့ ငါ့အကြောင်းသိတဲ့ လူတွေကတော့ ဒီခရိုင်တခုလုံးမှာ ငါဟာ သေနတ်ပစ် လက်အတည့်ဆုံးလူ။ မြေပိုင်ရှင်တွေ အားလုံး သိတယ်။ ငါ့အကြောင်း မဂ္ဂဇင်းတခုမှာတောင် သူတို့ ရေးဖူးတယ်။ လက်တည့်တဲ့ မုဆိုးအဖြစ် ငါနဲ့ ယှဉ်နိုင်တဲ့သူ မရှိဘူး။ ဒါကြောင့်ပဲ ဘဝင်မြင့်နေတာ။ မင်းတို့ရွာကအလုပ်တွေ ငါ မလုပ်ချင်တာ။ မွေးလာကတည်းက သေနတ်နဲ့၊ အမဲလိုက်ခွေးနဲ့ ကြီးပြင်းလာတာကွ။ ငါ့လက်ထဲက သေနတ်ကို ယူသွားရင် ငါးမျှားတံကိုင်ပြီး ငါးမျှားထွက်တယ်။ ငါးမျှားတံ ယူသွားရင် တခြား အလုပ်တခုခု ငါ လုပ်တယ်။ မြင်းကုန်သည် လုပ်တယ်။ ပိုက်ဆံရှိရင် ပွဲဈေးတွေ လျှောက်သွားတယ်။ အေး... လယ်သမားတယောက် မုဆိုး လုပ်ပြီ၊ မြင်းကုန်သည် လုပ်ပြီ ဆိုရင်တော့ ထွန်တုံးကို လှည့်မကြည့်တော့ဘူး။ မင်း သိပါတယ်လေ၊ လူဆိုတာ လွတ်လွတ်လပ်လပ် နေချင်တယ်။ မင်းတို့အလုပ် လုပ်ပြီဆိုရင် မလွတ်လပ်တော့ဘူး။ ဒီလိုပဲ ဇာတ်ထဲ ဝင်ပြီ၊ ဒါမှမဟုတ် အနုပညာ တခုခုထဲ ဝင်လုပ်ပြီဆိုရင် အစိုးရအလုပ် မလုပ်ချင်တော့ဘူး။ မြေရှင်လယ်ရှင် အလုပ် စွန့်သွားတော့တာပဲ။ မင်းက လယ်တောသူ။ ဒါတွေ ဘယ်တော့မှ နားလည်မှာ မဟုတ်ဘူး။ ဒါပေမဲ့ ဒါတွေဟာ မင်း သိသင့်တဲ့ ကိစ္စတွေ"

"ကျွန်မ နားလည်ပါတယ် ယေဂေါ်ရယ်"

"မင်း တကယ် နားမလည်ပါဘူးကွာ။ ခုပဲ ကြည့်၊ ငိုတော့မယ်"

"ကျွန်မလား... ကျွန်မ မငိုပါဘူး"

ပေလဂေယသည် ခေါင်းကို တဖက်သို့ ဆတ်ခနဲ လှည့်လိုက်သည်။

"အဲဒီအလုပ်တွေက အကုသိုလ် အလုပ်တွေ ယေဂေါ်။ ကျွန်မဆီလာပြီး တလှည့်တခါများ အတူနေဖို့ ကောင်းပါတယ်။ ကျွန်မ အလွန် စိတ်ဆင်းရဲရပါတယ် ယေဂေါ်။ စိတ်မချမ်းသာပါဘူး။ ကျွန်မတို့ လက်ထပ်ခဲ့တာ ဆယ့်နှစ်နှစ်ရှိပြီ။ ချစ်တယ်၊ ကြင်နာတယ် ဆိုတာများ ရှိခဲ့ဖူးလို့လား။ ကျွန်မလေ... ကျွန်မ... မငိုပါဘူး.."

"ချစ်တယ်၊ ကြင်နာတယ် ဟုတ်လား"

ယေဂေါ်သည် လက်ကို ဆန့်တန်းကာ ပြောသည်။

"မင်းနဲ့ ငါ့အကြားမှာ အချစ်ဆိုတာ မရှိနိုင်ဘူး။ စာရွက်ပေါ်မှာသာ တို့ဟာ လင်မယား။ တကယ်က ဘာမှ မဟုတ်တော့ဘူး။ ငါ့ကို လူရိုင်းလို့ မင်းက ထင်တယ်။ မင်းကိုလည်း ဘာတခုမှ နားမလည်တဲ့ လယ်တောသူလေးလို့ ငါ ထင်တယ်။ တို့နှစ်ယောက်ဟာ ဘက်မညီဘူး။ ငါက လွတ်လပ်ရေးကို ကြိုက်တဲ့လူ။ ငါ ပျက်စီးခဲ့တာ ကြာပြီလေ။ ငါ သွားချင်ရာ သွားမယ်၊ ကြိုက်တာ လုပ်မယ်။ မင်းက လျှော်ဖိနပ်ကို စီးနေတဲ့ လယ်သူမ။ ညစ်ညစ်ပေပေ နေရတာ ကြိုက်တယ်။ မင်းမှာ လယ်ထဲ လုပ်ရလွန်းလို့ ခါးကိုင်းနေပြီ။ ငါ့ကိုယ်ငါ သိပါတယ်ကွာ၊ ဒီဒေသတဝိုက်မှာတော့ ငါဟာ အတော်ဆုံး မုဆိုး။ မင်းက ငါ့ကို သနားတဲ့ အမူအရာနဲ့ ကြည့်တယ်"

"ကျွန်မတို့ ဘုရားကျောင်းမှာ လက်ထပ်ခဲ့ကြတာပါ ယေဂေါ်"

ပေလဂေယသည် ပြောရင်း ရှိုက်လာသည်။

"တို့ လက်ထပ်တာမှာ ငါ့အပြစ် မရှိပါဘူး။ မင်း မေ့နေပြီလား၊ ငါ ပြန်ပြောပြမယ်။ ကောင့်ဆာဂေး ပက်ဗလစ်ကို မင်း ကျေးဇူးတင်ရမယ်။ ပြီးတော့ မင်းမှာလည်း တာဝန်ရှိတယ်။ ဆာဂေးက ငါ့ကို မနာလိုဘူး။ သူ့ထက် သေနတ် ပစ်ကောင်းလို့ပေါ့။ ဒါနဲ့ ငါ့ကို တလလုံး အရက်တိုက်တယ်။ လူတယောက် မူးနေပြီဆိုရင် ဘာမဆို လုပ်ရဲတာပဲ မဟုတ်လား။ မူးနေတုန်း လက်ထပ်ပေးလို့လည်း ရတယ်၊ ဘာသာပြောင်းလို့လည်း ရတယ်၊ ဘာမဆို လုပ်ရဲတယ်။ ငါ့ကို သူ လက်စားချေချင်တာနဲ့ မူးနေတုန်း မင်းနဲ့ ပေးစားလိုက်တာပဲ။ မုဆိုးကျော် တယောက်က လယ်သူမ တယောက်ကို လက်ထပ်သတဲ့။ ငါ မူးနေတာ သိတယ် မဟုတ်လား။ မင်း ဘာဖြစ်လို့ ငါ့ကို လက်ထပ်သလဲ။ မင်းဟာ မြေကျွန်မှ မဟုတ်တာ။ လက်မထပ်ဘူးလို့ ငြင်းနိုင်တာပဲ။ အေး... နွားနို့ညှစ်တဲ့ လယ်သူမလေး တယောက် မုဆိုးကျော်နဲ့ ရတယ်ဆိုတော့ ကံကောင်းတာပေါ့။ မင်းလည်း စဉ်းစားဉာဏ် ရှိတာပဲ။ ဦးနှောက်ကို အသုံးချရမှာပေါ့။ အခုမှ စိတ်မချမ်းသာဘူး၊ ဘာညာနဲ့ ငိုနေတယ်။ ဘာဖြစ်လို့ စိတ်ဆင်းရဲရမှာလဲ။ ကောင့်ဆာဂေးကတော့ ရယ်စရာ မောစရာ လုပ်တာ သဘောထားတာပဲ။ ဒါပေမဲ့ မင်းမှာသာ တရှုံ့ရှုံ့

ငိုနေတယ်၊ ဒုက္ခရောက်နေရတယ်”

တိတ်ဆိတ်သွားသည်။ ငန်းရိုင်း သုံးကောင် တောစပ်ကိုဖြတ်၍ ပျံသွားသည်။ ယေဂေါ်သည် ငန်းများကို မျက်စိတဆုံး လိုက်၍ ကြည့်သည်။ တောအုပ် ဟိုဘက် ပျောက်ကွယ်သွားပြီး အမည်းစက်ကလေး သုံးခုအထိသာ မြင်ရတော့သည်အထိ သူ ကြည့်နေသည်။

“အခု မင်း ဘယ်လိုနေသလဲ”

ငန်းရိုင်းများဆီမှ မျက်လုံးခွာပြီး ပေလဂေယကို ကြည့်ကာ မေးသည်။

“အခုလိုအချိန်မှာတော့ အပြင်ထွက်ပြီး အလုပ်လုပ်တယ်။ ဆောင်းရောက်တဲ့အခါ မိဘမဲ့ ကလေးတယောက်ကို ဆေးရုံမှ တောင်းပြီး နို့ဘူးတိုက်တယ်။ အဲဒီအတွက် တလ တစ်ရူဗယ်နဲ့ တဝက် ရတယ်”

“ဒီတော့…”

တိတ်ဆိတ်သွားသည်။ ကောက်ရိတ်သိမ်းပြီးစ လယ်ထဲမှ သီချင်းသံသဲ့သဲ့ ကြားရသည်။ ချက်ချင်းပင် သီချင်းသံ ပျောက်သွားသည်။ နေပူရှိန် ပြင်းလွန်းသဖြင့် သီချင်း မဆိုညည်းနိုင်ကြ။

“အကူလီနာအတွက် တဲတခု ရှင်ဆောက်ပေးတယ်လို့ သူတို့ ပြောကြတယ်”

ပေလဂေယက ပြောသည်။

ယေဂေါ် ဘာမျှ ပြန်မပြော။

“ရှင် သူ့ကို ကြိုက်နေလို့လား”

“မင်း ကံကြမ္မာပေါ့ကွာ”

မုဆိုးကျော်က ပြောသည်။

“မင်း စိတ်ဆင်းရဲ ရဦးမှာပဲ၊ သွားမယ်ကွာ၊ ဂွတ်ဘိုင်။ ငါ စကားတွေ သိပ်ပြောမိတယ်။ ညနေမှာ ဘိုတိုဗိုကို အရောက် သွားရမယ်”

ယေဂေါ်သည် ထိုင်ရာမှ ထပြီး ခြေလက် လှုပ်ရှားသည်။ သေနတ်ကို ပခုံးမှာ ထမ်းသည်။ ပေလဂေယလည်း ထိုင်ရာမှ ထသည်။

“ရွာကို ဘယ်တော့ လာဦးမှာလဲ”

ပေလဂေယက တိုးတိုးမေးသည်။

"လာစရာ အကြောင်းမရှိဘူး။ လာရင်လည်း ကောင်းကောင်းမွန်မွန် လာမှာ မဟုတ်ဘူး။ မူးပြီး ပြန်လာရင် ဘာအလုပ် ဖြစ်မှာလဲ။ ငါ မူးနေရင် ပြောတာပါ။ ဂွတ်ဘိုင်"

"ဂွတ်ဘိုင် ယေဂေါ်"

ယေဂေါ်သည် ဦးထုပ်ကို ဆောင်းပြီး ပါးစပ်မှ စုတ်သပ်ကာ ခွေးကို ခေါ်သည်။ ထို့နောက် သူ့လမ်းအတိုင်း ဆက်၍သွားသည်။ ပေလဂေယသည် သူ ထွက်သွားသည်ကို ရပ်ရင်း ကြည့်နေသည်။ သူ့လှုပ်ရှားမှု မှန်သမျှ လိုက်၍ ကြည့်သည်။ ပခုံးနှစ်ဖက်နှင့် လည်တိုင်၊ ပြီးတော့ ပျင်းတွဲတွဲ အမူအရာတို့ကို အာရုံမှ မပျောက်။ ပလဂေယ မျက်လုံးအစုံတွင် ဝမ်းနည်းရိပ်၊ ကြင်နာရိပ်များ ယှက်သန်းနေသည်။ သူ့အကြည့်ကို မခံနိုင်တော့ဘဲ ယေဂေါ်သည် ခြေလှမ်း တုံ့ကာ ရပ်သည်။ နောက်ပြန် လှည့်ကြည့်သည်။ ဘာစကားမှ မပြော။ သူ့ အမူအရာကို ကြည့်ရခြင်းအားဖြင့် သူ့အား တစုံတခုတော့ ပြောချင်ဟန် တူသည်ဟု ပေလဂေယ ထင်သည်။ သို့ဖြစ်ရာ ယေဂေါ်ဆီသို့ ခပ်ရှုံ့ရှုံ့ ပြေးသွားပြီး ဘာပြောချင်သလဲ မေးလိုဟန်ဖြင့် ကြည့်သည်။

"ဒါကို ယူထား"

ထိုသို့ ပြောကာ ယေဂေါ် လှည့်ထွက်သွားသည်။

ပေလဂေယသို့ နွမ်းကြေနေသော ရူဗယ်စက္ကူတရွက် ပေးကာ ခပ်မြန်မြန် လျှောက်သွားသည်။

"ဂွတ်ဘိုင် ယေဂေါ်" ဟု နှုတ်ဆက်ရင်း သူပေးသော ငွေစက္ကူကို လှမ်း၍ ယူသည်။

လမ်းရှည်တခုအတိုင်း သူ ဆင်းသွားသည်။ လမ်းသည် တင်းနေသောကြိုးလို ဖြောင့်စင်းနေသည်။ ပေလဂေယသည် ကျောက်ရုပ်လို မတုန်မလှုပ်ရပ်ရင်း ယေဂေါ်၏ ခြေသံကို နားစွင့်သည်။ ချက်ချင်းပင် သူ၏ အင်္ကျီအနီရောင်သည် ဘောင်းဘီအမည်းရောင်ထဲ ပျော်ဝင်သွားသည်။ ခြေသံများကို မကြားရတော့။ ခွေးကလေးကိုလည်း သူ့ဖိနပ်နှင့် မသဲမကွဲ မြင်ရသည်။ နောက်ဆုံးတွင် ဦးထုပ်ကိုသာ မြင်ရတော့သည်။ ထို့နောက် ချက်ချင်းပင် ယေဂေါ်သည် ညာဘက်သို့ ဆတ်ခနဲ ချိုးဝင်ပြီး ပျောက်ကွယ်သွားသည်။ ဦးထုပ်သည် အစိမ်းရောင်နှင့် ရောထွေးသွားသည်။

"ဂွတ်ဘိုင် ယေဂေါ်"

ပေလဂေယ တိုးတိုး နှုတ်ဆက်သည်။ ပြီးတော့ ခြေဖျားထောက်ကာ

အဖြူရောင် ဦးထုပ်ကို မြင်ရလို မြင်ရငြား ကြည့်နေလေသည်။

စာပြီးနှစ် ၁၈၈၅။

[၁၈၈၅ တွင် လက်ရာမွန် ဝတ္ထုတိုလေးပုဒ်ကို ချက်ကော့ ရေးသားခဲ့သည်။ မုဆိုးကျော်၊ ရာဇဝတ်ကောင်၊ လူသေအလောင်းနှင့် စာသင်ပရိရှိဘောယက်တို့ ဖြစ်သည်။

မုဆိုးကျော်မှာ တောအုပ်ဘေးက တောလမ်းတခုတွင် ယောကျ်ားတယောက်နှင့် သူ့မယားတို့ တွေ့ကြသည်။ ယောကျ်ားက စွန့်ပစ်ခဲ့သည်မှာ ကြာလေပြီ ဖြစ်သည့် မိန်းမတယောက် ဖြစ်သည်။ ထိုယောကျ်ား၏ ရုပ်ပုံလွှာကို ခပ်ဖော့ဖော့ ခပ်ရေးရေး ဖော်ပြသည်။ သူ့ပခုံး ကျပုံ၊ အင်္ကျီနီ၊ အဖာအထေးနှင့် ဘောင်းဘီ၊ ပြီးတော့ ခေါင်းပေါ်မှာ နားခိုနေသည့် ဦးထုပ်။ သည်မျှဆိုလျှင် လုံလောက်ပြီ။ သည်မျှပဲ ပြောသည်။ မိန်းမကိုမူ ပို၍ပင် ရေးရေးမျှသာ ပုံဖော်သွားသည်။ ထိုမိန်းမသည် အသက်သုံးဆယ်အရွယ်၊ ဖြူဖပ်ဖြူရော် လယ်တောသူ တယောက် ဖြစ်ပြီး တံစဉ်တခု လက်မှာ ကိုင်ထားသည်။ စာမျက်နှာ လေးငါးမျက်နှာအတွင်း ရယ်စရာ ကောင်းသော လင်မယားနှစ်ယောက်၏ ဖြစ်ပျက်ပုံကို အနည်းငယ် ပြောပြသည်။ လင်ယောကျ်ားက အရေးမစိုက်၊ မိန်းမကမူ လင်ကို မျှော်ကိုးသည်။ နှစ်ယောက်ယှဉ်ကာ ရပ်နေကြသော်လည်း ကြားက ကွက်လပ်သည် သူတို့ကို အတိုင်းအဆမရှိ ခြားထားသည်။ မိန်းမသည် လင်ကို မြင်လိုက်ရသဖြင့် ပျော်ရွှင်မှုဖြင့် ယစ်မူးနေသည်။ သူ ပျော်ပုံ ဖော်ပြရာတွင် ချက်ကော့က "ပျော်လွန်းသည်ကို သိသွားမှာ စိုးပြီး ရှက်နေသည်။ အပြုံးကို မမြင်နိုင်ရန် လက်ဖြင့် ဖုံးကွယ်ထားသည်။" ဟူ၍သာ ဝါကျ တကြောင်းတည်း ဖော်ပြသည်။ ဤစရိုက် ဖော်ပုံမှာ အလွန် ရိုးလွန်းပြီး မိန်းမ၏စရိုက်ကို စာတကြောင်းဖြင့် သူ ကျွမ်းကျင်စွာ ရေးခြယ်ထားသည်မှာ အောင်မြင်သည်။ ထိုမိန်းမ ဘယ်လို အသွင်အပြင်ရှိသည်၊ ဘာအဝတ် ဝတ်ထားသည်၊ ဘယ်သူနှင့် တူသည်ဟူ၍ ဘာမျှမပြော။ အရိပ်အမြွက်မျှ မဖော်ပြ။ သူ့မျက်လုံး အရောင်၊ ဆံပင်အရောင်တို့ကိုပင် ပြောပြခြင်းမရှိ။ သူ၏ရုပ်သွင်ကို ချက်ကော့ လုံးဝ စိတ်မဝင်စား။ အသေးစိတ် မခြယ်မှုန်း။ သို့သော်လည်း ရင်တွင်းမှာ အချစ်မီး လောင်ကျွမ်းနေသည်ကို လည်းကောင်း၊ ချစ်တတ် ခင်တတ်သော နှလုံးသား၏ လူပီသပုံကို လည်းကောင်း အရိပ်ထင်အောင် ရေးဖွဲ့ထားသည်။ နောက်ဆုံးတွင် လင်က မိန်းမလက်ထဲ ကြေမွနေသော ငွေစက္ကူတရွက် ထည့်ပေးပြီး သစ်တောအုပ်အကြား ပျောက်ကွယ်သွားသည့် ဦးထုပ်ဖြူကို ရေးဖွဲ့ပြသည်။ ချက်ကော့သည် အချစ်မြား အစူးခံရသော မိန်းမတယောက်၏ ရုပ်ပုံလွှာကို စကားလုံး နည်းနည်းဖြင့် ဖော်နိုင်စွမ်း ရှိသည်။ ဤသည်မှာ သူ၏ ဝတ္ထုတို အတတ်ပညာပင် ဖြစ်လေသည်။]

[အင်တာနေရှင်နယ် ဘာသာပြန်မဂ္ဂဇင်း၊ အောက်တိုဘာ ၁၉၉၇]

■

ပန်းသီးလေးတွေ

The Little Apples

ပင်လယ်နက်နှင့် ဆိုလိုဗက်စကီကျွန်းစု အကြား လတ္တီတွဒ် မည်မျှနှင့် လောင်ဂျီတွဒ် မည်မျှအလယ် မည်းနက်သည့် မြေတွင် မြေပိုင်ရှင် ထရီဖွန်ဆီမျိုနိုဗစ်သည် ကာလကြာမြင့်စွာ ကပင် နေထိုင်ခဲ့သည်။ သူ၏ ကိုယ်ပိုင်နာမည်မှာ ဖောင်ထိုးဝါးလို အလွန်ပင် ရှည်လျားသည်။ ဝေးနီး ကျော်ကြားသည့် နာမည်ဖြစ်သည်။ မရေတွက် မဖော်ပြနိုင်သော လူ့အကျင့်သီလစရိုက် စသည်တို့ကို ထင်လင်းအောင် ဖော်ကျူးပေးသည့် လက်တင်စကားသံ ပဲ့တင်ထပ်လာသည့် နာမည်မျိုး ဖြစ်သည်။ သူတွင် ဧက ၈,၀၀၀ ကျယ်ဝန်းသည့် မြေနက်အမျိုးအစားတခု ပိုင်ဆိုင်သည်။ သူပိုင်မြေ ဖြစ်သဖြင့် ဘဏ်တွင် ပေါင်နှံထားပြီး ရောင်းရန် ကြေညာထားသည်မှာ ကြာမြင့်လှပြီ။ "ရောင်းရန်" ဆိုသည့် ဆိုင်းဘုတ်ကို ခြံဝမှာ ချိတ်ဆွဲထားသည်မှာ သူ ခေါင်းမပြောင်ခင်ကတည်းက ဖြစ်သည်။ သို့သော်လည်း မရောင်းရ။ ဘဏ်မန်နေဂျာသည် စကားဖန် ထိုးတတ်သည်။ ယုံကြည်အောင် ပြောတတ်သည်။ တဖန် ထရီဖွန်ဆီမျိုနိုဗစ်၏ အစွမ်းအစကြောင့်လည်း ဝယ်မည့်သူ မရှိခြင်းဖြစ်သည်။ ထို့ကြောင့်ကား သူအဖို့ အခြေအနေ ယိမ်းယိမ်းယိုင်ယိုင် မဖြစ်။ သို့သော်လည်း တနေ့တွင်မူ ဘဏ်ပင် ပျက်သွားနိုင်သည်။ အကြောင်းမှာ ထရီဖွန်နှင့် အခြား နာမည်ဆိုး ရှိသူတို့သည် ဘဏ်မှ ငွေများကို ချေးယူပြီး အတိုး မှန်မှန် မပေးကြသောကြောင့် ဖြစ်သည်။ ဘဏ်တိုး မဖြစ်စလောက် ပေးသည့်အခါတွင်မူ ထရီဖွန်သည် ကြီးကြီးကျယ်ကျယ် ပြောတတ်သည်။ အလှူကြီး ပေးသကဲ့သို့ ဂုဏ်တင်၍ ပြောတတ်သည်။ အသုဘတရား နာသည့်အခါ သေသူ့ဝိညာဉ် ကောင်းစွာ နားနေနိုင်ရန် တပြားတချပ် အလှူငွေ ထည့်ဝင်သည့်နည်းတူ၊ သို့မဟုတ် ဘုရားကျောင်း ဆောက်သည့်အခါ အလှူငွေ အနည်းငယ် ထည့်ဝင်သည့်နည်းတူ ပင်တည်း။ အကယ်၍သာ သည်ကမ္ဘာကြီးသည် ယခုလို ကမ္ဘာကြီးမျိုး မဟုတ်ခဲ့လျှင်၊ အရာဝတ္ထုများကို ပုဂ္ဂလိက နာမည်များဖြင့် ခေါ်ဝေါ်ကြမည်ဆိုလျှင်၊ ထရီဖွန်ဆီမျိုနိုဗစ်ကို တခြား နာမည်တခုခုဖြင့် ခေါ်မည်ဆိုလျှင် သူ့ကို မြင်းများ၊ နွားများ မှည့်ခေါ်သည့် နာမည်မျိုး ပေးဖို့ ကောင်းသည်။ ပွင့်လင်းစွာ ပြောရလျှင် ထရီဖွန်ဆီမျိုနိုဗစ်သည် အဟိတ် တိရစ္ဆာန် တကောင်ထက် ဘာမျှ မပို။ မည်သို့မျှ တန်ဖိုးမရှိ။ ကျွန်တော့်အဆိုကို သူ သဘောတူလိမ့်မည် ထင်ပါသည်။ သည်အကြောင်း သူ ကြားလျှင် သွေးကြော ပြတ်စရာ အကြောင်းမရှိ။ အကြောင်းကို ဆိုပါမည်။ သူသည် ဉာဏ်ရှိသူ ဖြစ်လေရာ ကျွန်တော့်အဆိုကို လုံးဝ သဘောတူမည် ဖြစ်သည်။ ပြီးတော့ ကျွန်တော့်ကို ကျေးဇူးတင်သောအားဖြင့် သည်ဆောင်းဦးတွင်

အင်တွန်နေ့ဇကာ ပန်းသီး တစ်ဒါဇင်လောက် ပို့ချင် ပို့လိမ့်မည်။ သူ၏ ကိုယ်ပိုင်နာမည်ကို မထုတ်ဖော် သဖြင့်လည်း ကျေးဇူးတင်မည် အမှန်။ ယခုကိစ္စနှင့် ပတ်သက်၍ကား သူ၏ ခရစ်ယာန် နာမည်နှင့် မျိုးရိုးနာမည်တို့ကိုသာ ကျွန်တော် ဖော်ထုတ် သုံးစွဲထားသည်။ သူ၏ အကျင့်စရိုက်မျိုးစုံကို မဖော်ပြတော့ပြီ။ နားထောင်ရသူ အလွန့် အလွန် ပျင်းရိသွားမည် စိုးသောကြောင့် ဖြစ်သည်။ သူ့အကြောင်း ပြည့်ပြည့်စုံစုံ ပြောရလျှင် ယူဂျင်းဆူး ရေးသည့် ခြေသလုံးအိမ်တိုင်ဂျူးလောက် ထူပြီး လေးလံသည့် စာအုပ် ဖြစ်လာလိမ့်မည်။ သူ ဖဲလိမ်ရိုက်သည့်အကြောင်းကိုလည်း မပြောတော့ပါ။ ထို အမှားကိစ္စတို့တွင် ကျွမ်းကျင်ပါးနပ်သဖြင့် ပေးရန် အကြွေးများကို သူ ရှောင်နိုင်ခဲ့သည်။ ဘဏ်တိုးကို ရှောင်နိုင်ခဲ့သည်။ အသက်ကြီးသည့် ဘုန်းကြီးနှင့် သင်းအုပ်များကို လှည့်ဖြားခဲ့ပုံ၊ သို့မဟုတ် ကိန်းနှင့် အေဘယ်တို့ လက်ထက်က ဝတ်ဆင်ကြသည့် ဝတ်စုံဖြင့် ရွာထဲက ကင်းများပေါ် မြင်းစီးသွားလာခဲ့ပုံတို့ကိုလည်း ကျွန်တော် ပြောမပြတော့ပါ။ နှစ်ပေါင်း ၇၅ နှစ်ကျော် ပေါင်းသင်းဆက်ဆံခဲ့သည့် သူ့မိတ်ဆွေများအပေါ် ထားရှိသည့် သူ၏ သဘောထားကို သူ ရေးဖွဲ့ခဲ့သည့် ကဗျာနှစ်ကြောင်းဖြင့် သိသာသည်။ ကဗျာမှာ ဤသို့ ဖြစ်သည်။

အူတူတူ အတတ လူရိုးလူမိုက်တွေ

ဒန့် ဖဲဝိုင်းမှာ ကိုယ့်ကိုယ်ကိုယ် ဖျက်ဆီးသွားကြတာပဲ။

(dance - အင်္ဂလိပ်လို ပြန်ဆိုရခက်သည့် အနက်နှစ်ခွ စကားလုံး။ ဖဲကစားနည်း ဟူ၍လည်း အဓိပ္ပာယ်ရသည်။)

အလွန် သာယာလှပသည့် နွေနှောင်း တနံနက်ခင်းတွင် ထရီဖွန်ဆီမျို နိုဇစ်သည် သူပိုင် သစ်သီးခြံထဲ၌ လမ်းကျဉ်းလေးတခုအတိုင်း လမ်းလျှောက်နေသည်။ ကဗျာဆရာများအဖို့ ကဗျာရေးဖွဲ့ရန် စိတ်ကူးစိတ်သန်းများ ဖူးပွင့်နိုင်စရာ ပတ်ဝန်းကျင် အခြေအနေကို တွေ့ရသည်။ “ခူးလှည့်ပါ၊ ဆွတ်လှည့်ပါ။ အားရစွာ ခံစားကြပါ။ ဆောင်းဦး ရောက်လာတော့မည် မဟုတ်လား” ဟု ဖိတ်ခေါ်နေသယောင် ထင်ရသည်။ သို့သော်လည်း ထိုနေ့မနက်တွင် ထရီဖွန်ဆီမျိုနိုဇစ်မှာ မခံစားနိုင်။ သူသည် ကဗျာဆရာ မဟုတ်။ ပြီးတော့ မနေ့ညက စိတ်ညစ်စရာနှင့် ကြုံခဲ့ရသည်။ ခါတိုင်းလိုပင် သူ့မှာ အမျိုးကြီး ဖဲရှုံးထားသည်။ သူ့နောက်တွင် သစ္စာရှိသော တပည့်ကျော် ကာပွတ်ရုကာ လိုက်ပါလာသည်။ ကာပွတ်ရုကာမှာ အသက်ခြောက်ဆယ် နီးနေပြီ။ သူသည် ဘေးဘီကို မသက်သာသည့် မျက်လုံးများဖြင့် စူးစမ်းကြည့်ရှုသည်။ ကာပွတ်ရုကာတွင် သူ့ဆရာထက် သာသည့်အချက် ရှိသည်။ သူ့ဖိနပ်များမှာ ပြောင်လက်နေသည်။ မလိုလားသည့် ခွေးများကို သတ်ပစ်လေ့ရှိသည်။ ရနိုင်သည့် ပစ္စည်းများကို အလစ်သုတ်သည်။ တဖန် သူလျှို အထောက်တော်အဖြစ် သူမတူအောင် ကျွမ်းကျင်သူ ဖြစ်သည်။

ရွာထဲမှ စာရေးတော်ကြီးများက သူ့ကို "သွေးစွန်းနေသော မြင်းစီးသူရဲ" ဟု ခေါ်ကြသည်။ လယ်သမားအချို့နှင့် အနီးဝန်းကျင်မှ မြေပိုင်ရှင်များက သူ့ဆရာ ထရီဖွန်ဆီမျိုနိုဗစ်အား သူ့တပည့် ကာပွတ်ရှကာအကြောင်း နေ့တိုင်းလိုလို တိုင်တန်းသည်။ ကာပွတ်ရှကာ ရက်စက်ယုတ်မာကြောင်း ပြောဆိုကြသည်။ သို့သော်လည်း မည်သို့မျှ အပြစ်မယူ။ ကာပွတ်ရှကာလို တပည့်ကောင်း ရှာမရနိုင်သော ကြောင့် ဖြစ်သည်။ ထရီဖွန်ဆီမျိုနိုဗစ် လမ်းလျှောက်လျှင် ကာပွတ်ရှကာသည် နောက်တော်ပါးက အမြဲပါသည်။ သို့မှသာ သူ့အဖို့ လုံခြုံစိတ်ချရပြီး ကျေနပ်နှစ်သက်စရာ ကောင်းသည်။ ကာပွတ်ရှကာတွင် ပြောစရာ စကားတွေ များစွာရှိသည်။ အထူးထူး အထွေထွေသော ပုံတိုပတ်စများ၊ တစိတ်ကို တအိတ် လုပ်၍ ပြောစရာ စကားများ၊ ရေးစကားများ၊ ဒဏ္ဍာရီ ပုံပြင်များကို သူ ပြောနိုင်သည်။ ပြီးတော့ ယင်းတို့ကို မရပ်မနား သူ ပြောသည်။ သူ၏ စကားအစသည် အမျှင်တန်းနေသည်။ နားထောင်၍ မငြီးငွေ့နိုင်။ တခြား စိတ်ဝင်စားစရာ တခုခုနှင့် တွေ့တော့မှ စကားပြော ရပ်သည်။

ထိုနေ့ မနက်ခင်းတွင် ကာပွတ်ရှကာသည် သခင်၏ နောက်မှလိုက်ရင်း ကျောင်းသားလေး နှစ်ယောက် အကြောင်းကို ခပ်ရှည်ရှည် ပြောလာသည်။ ဦးထုပ်ဖြူ ဆောင်းထားသည့် ကျောင်းသားလေး နှစ်ယောက်သည် လက်ထဲတွင် လက်နက် အပြည့်အစုံနှင့် သစ်သီးခြံထဲသို့ ဝင်လာပြီး ကာပွတ်ရှကာအား အမဲလိုက်သွားမည်ကို ခွင့်ပြုပါရန် တောင်းပန်သည်။ ပြီးတော့ ကိုပက် ငါးဆယ် လာဘ်ထိုးသည်။ သို့သော်လည်း အရှင့်ကျေးဇူးကိုသိသော တပည့်ကောင်း ပီပီ လာဘ်ထိုးသည်ကို ငြင်းပယ်လိုက်သည်။ သူ အသရေ အပျက်မခံနိုင်။ ထိုအပြုအမူကို လည်း စက်ဆုပ်ရွံရှာသည်။ သို့ဖြစ်ရာ "ချက်စနတ်" နှင့် "ဂရေး" ဆိုသော ခွေးနှစ်ကောင်ကို သူတို့နောက် လွှတ်ပေးလိုက်သည်။ ထိုအကြောင်း ပြီးဆုံးလျှင် ရွာတရွာက ဆေးဝန်ထမ်း တယောက် မာကျောခက်ထန်ပုံကို ဆက်၍ ပြောပြသည်။ စကားလုံးတွေ ဝေဝေဆာဆာ သိုင်းဝိုင်းနေသဖြင့် ထိုအကြောင်းမှာ မပြီးဆုံးနိုင်။ ပြောနေစဉ် ပန်းသီးရုံနှင့် သစ်တော်သီးရုံ နားမှ ချွတ်ခနဲ အသံတသံ ကြားသဖြင့် စကားပြော ရပ်ကာ နားစွင့်သည်။ မသင်္ကာဖွယ်ရာ အသံများကို သူ ကြားရသည်။ အသေအချာ နားစွင့်၍ ထောင်သည်။ မသင်္ကာစရာ သေချာသဖြင့် သူ့သခင်၏ အင်္ကျီစကို ဆတ်ခနဲဆွဲကာ အသံကြားရာဘက်သို့ လျှင်မြန်သော အဟုန်ဖြင့် အမြန်ပြေးသွားသည်။ ထရီဖွန်ဆီမျိုနိုဗစ်သည် တစုံတရာကို စိတ်ဝင်စားဖွယ် တွေ့ရတော့မည် မှန်းဆပြီး ကာပွတ်ရှကာ နောက်သို့ အဘိုးအိုတယောက်၏ ခြေလှမ်းဖြင့် တလှမ်းချင်း သွက်သွက်လှမ်းကာ လိုက်သွားသည်။ သစ်သီးခြံ၏ တဖက်အစပ် ပန်းသီးပင် အုပ်အုပ်အောက်တွင် တောသူမလေး တယောက် ပန်းသီးတလုံးကို ကိုက်စားနေသည်။ သူနှင့် မလှမ်းမကမ်းတွင် ပခုံးကားကားနှင့် တောသားလေး တယောက်သည် လေးဖက်ထောက်ကာ အပင်ပေါ်မှ ကြွေကျသည့် ပန်းသီးများကို လိုက်၍ ကောက်နေသည်။ ကောင်လေးသည် မမှည့်သော

ပန်းသီးများကို ချုံထဲသို့ လွှင့်ပစ်ပြီး၊ ပန်းသီးမှည့်များကို သူ့ "ဒူလစီနီး" အား ပေကျံသောလက်ဖြင့် ကမ်းလင့်သည်။ "ဒူလစီနီး" သည် မိုက်ပြည့်သည်၊ မပြည့်သည် စဉ်းစားမနေတော့ဘဲ ပန်းသီးမှည့် တလုံးပြီး တလုံး မြိန်ရေရှက်ရေ ကိုက်စားနေသည်။ ကောင်လေးကလည်း တလုံးပြီး တလုံး ကောက်ကာ သူ့ "ဒူလစီနီး" ကို ပစ်ပေးသည်။ ဒူလစီနီးကလွဲလျှင် ဘယ်သူ့ကိုမျှ သူ ဂရုမစိုက်။

"အပင်ပေါ်က တလုံး ခူးပေးဦး"

ကောင်မလေးက တိုးတိုး ပြောသည်။ တမင်သက်သက် စ နေခြင်း ဖြစ်သည်။

"ငါ မခူးရဲဘူး ဟ"

"ဘယ်သူ့များ ကြောက်စရာရှိလို့လဲ။ သွေးစွန်းနေတဲ့ မြင်းစီးသူရဲကြီးကိုလား။ ဒီလူကြီး ဘုံဆိုင်မှာ အရက်သောက်နေမှာပေါ့"

ကောင်လေးသည် လေထဲခုန်ပျံပြီး အပင်ပေါ်မှ ပန်းသီးတလုံးကို ခူးကာ ကောင်မလေးအား ပေးသည်။ သို့သော်လည်း အာဒမ်နှင့် ဧဝတို့ခေတ်ကလိုပင် သူတို့မှာ အရသာ ပျက်သွားသည်။ ကောင်မလေးက တကိုက် ကိုက်ပြီး ကောင်လေးကို ပေးသည်။ ကောင်လေးက မြည်းကြည့်ရာ ချဉ်စူးစူး အရသာ ရပြီး သူတို့မျက်နှာများ ရှုံ့မဲ့သွားကာ မျက်နှာများ ညိုးနွမ်းသွားသည်။ ပန်းသီး ချဉ်သောကြောင့်ကား မဟုတ်။ ထရီဖွန်၏ တင်းမာသော မျက်နှာထားနှင့် ကာပွတ် ရှကာ၏ မနာလိုဝန်တိုသော မျက်နှာတို့ကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

"မင်္ဂလာနေ့ပါ ချစ်မိတ်ဆွေလေးများ ခင်ဗျား"

ထရီဖွန်ဆီမျိုနိုဗစ်သည် သူတို့ဆီသို့ လျှောက်သွားရင်း ပြောသည်။

"အင်း မင်းတို့နှစ်ယောက် ပန်းသီးလေးတွေ စားလို့ ကောင်းနေတယ်ပေါ့လေ၊ ဟုတ်လား။ မင်းတို့ကို နှောင့်ယှက်တာ မဟုတ်ပါဘူးနော်"

ကောင်လေးသည် ဦးထုပ်ကို ချွတ်လိုက်ပြီး ခေါင်းငုံ့နေသည်။ ကောင်မလေးက သူ့ဂါဝန်နားကို သူ စိုက်ကြည့်နေသည်။

"ဘယ်လိုလဲ ဂရီဂေါ်ရီ၊ အခုရက်တွေမှာ ဘယ်လိုလဲ"

ထရီဖွန်ဆီမျိုနိုဗစ်သည် ကောင်လေးကို စ၍ စကားပြောသည်။

"ကဲ လူကလေး... ဘယ်လိုလဲဟေ့၊ အဆင်ပြေတယ်နော်"

"တလုံးတည်း ကျွန်တော် စားတာပါ။ မြေကြီးထဲက ကောက်စားတာ"

ကောင်လေးက မပွင့်တပွင့် ပြောသည်။

ထရီဖွန်ဆီမျိုနိုဗစ်သည် ကောင်မလေးဘက်သို့ လှည့်သည်။

"ဘယ်လိုလဲဟေ့ ကလေးမလေး"

ကောင်မလေးသည် ဂါဝန်နားဆီသို့ အာရုံစူးစိုက်ထားသည်။

"အခုဟာက မင်းတို့ လက်ထပ်ပွဲကို တို့ ချီးမြှင့်နေတာ မဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူး ခင်ဗျား... ကျွန်တော်တို့ လက်ထပ်ပွဲ မဟုတ်သေးပါဘူး။ ဘုရားသခင်ကို တိုင်တည်ပြီး ကျွန်တော် ပြောရပါတယ်။ ပန်းသီးတလုံးတည်း ကျွန်တော် ပေးတာပါ။ အဲဒါကလဲ..."

ကောင်လေးဘက်သို့ ထရီဖွန် လှည့်သည်။

"ကောင်းတယ်၊ ကောင်းတယ်။ လူတော်လေးပဲကွ။ မင်း စာရော ဖတ်တတ်ပြီလား"

"မဟုတ်ပါဘူး ခင်ဗျား။ ကျွန်တော်တို့ ပန်းသီးတလုံးတည်း စားတာပါ။ အဲဒါကလည်း မြေကြီးပေါ်မှာ ကြွေကျတဲ့ အသီးပါ"

"စာတော့ မဖတ်တတ်သေးဘူး၊ ခိုးတော့ ခိုးတတ်တယ်ပေါ့။ ဟုတ်လားကွ၊ အေး ကောင်းတယ်။ စာဖတ်ဖို့ မလိုတော့ဘူးပေါ့ကွာ။ ဘယ်တုန်းက စပြီး ခိုးတတ်သလဲ"

"ကျွန်တော် မခိုးပါဘူး ခင်ဗျာ"

"ဒါဖြင့် မင်းရဲ့အချစ်တော်လေးကရော"

ကာပွတ်ရှကာက ဖြတ်၍ မေးသည်။

"သူက ဘာဖြစ်လို့ အောက်ငုံ့နေရတာလဲ။ မင်းက ချစ်တဲ့အကြောင်း မပြောလိုက်လို့လား"

"တိတ်စမ်း ကာပွတ်ရှကာ"

ထရီဖွန်က အော်ပြောသည်။

"ဒီမှာ ဂရီဂေါ်ရီ... မင်း ငါ့ကို ပုံတပုံ ပြောပြရမယ်"

ဂရိဂေါ်ရီသည် ချောင်းတချက်ဟန့်ပြီး ခပ်ကြောင်ကြောင် တချက် ပြုံးလိုက်သည်။

"ပုံတွေ ကျွန်တော် ဘာမှ မသိဘူး ခင်ဗျ။ ခင်ဗျား ပန်းသီးကို ကျွန်တော် မစားချင်ပါဘူး။ ပန်းသီး စားချင်ရင် ဝယ်စားပါတယ်"

"အေး... မင်း ပိုက်ဆံရှိတာ သိရလို့ ဝမ်းသာပါတယ်ကွာ။ ဒါပေမဲ့ တို့ကိုတော့ ပုံတပုံ ပြောပြရမယ်။ ငါ နားထောင်မယ်၊ ကာပွတ်ရှကာလည်း နားထောင်မယ်၊ မင်းအချစ်တော်လေး လည်း နားထောင်မယ်။ ရှက်မနေပါနဲ့ကွာ၊ သတ္တိ ရှိစမ်းပါ။ သတ္တိဆိုတာ သူခိုးတယောက်ရဲ့ အသည်းနှလုံးပဲကွ။ ဟုတ်တယ် မဟုတ်လား"

ထရီဖွန်ဆီမျိုနိုဗစ်သည် အာဃာတ မျက်လုံးများဖြင့် ကောင်လေးဆီ စိုက်ကြည့်သည်။ ယခု သူ့ထောင်ချောက်ထဲ ကောင်လေး ရောက်လာပြီ။ လူငယ်လေး၏ နဖူးမှ ချွေးပေါက်များ စီးကျနေသည်။

"လူကြီးမင်း ခင်ဗျား..."

ကာပွတ်ရှကာသည် သံသေးသံကြောင်ဖြင့် စကားစသည်။

"သူ့ကို သီချင်းတပုဒ် ဆိုခိုင်းပါလား ခင်ဗျ။ ဒီရှုံးရှုံးမိုက်မိုက် ကောင်လေးက ကျွန်တော်တို့ကို ဘယ်လို ပုံပြင်တွေ ပြောနိုင်မှာလဲ ခင်ဗျာ"

"တိတ်စမ်း ကာပွတ်ရှကာ၊ သူ ပုံတပုံ ပထမ ပြောရမယ်။ ကဲ... လူကလေး၊ ငါခိုင်းတဲ့အတိုင်း ပြောလေကွာ"

"ပုံမပြောတတ်ဘူး ခင်ဗျ"

"ဒါက ဘာသဘောလဲ။ မင်း ပုံတခုမှ မသိဘူး ဟုတ်လား။ ခိုးဖို့တော့ မင်း တတ်တယ်။ အဋ္ဌမ ပညတ်တော်က ဘာပြောသလဲ"

"ဘာမေးနေတာလဲ ခင်ဗျာ။ ကျွန်တော် ဘယ်သိမှာလဲ။ ဘုရားသခင် သိပါတယ်။ ပန်းသီးတလုံးပဲ ကျွန်တော်တို့ စားတာပါ။ ဒါကလည်း မြေကြီးက ကောက်စားတာပါ"

"ပုံတပုံ ပြောရမယ်"

ကာပွတ်ရှကာသည် ခွေးလှေးယားပင်များ လိုက်၍ ရှာနေသည်။ ဘာကြောင့် ခွေးလှေးယားပင် ရှာသည်ကို လူငယ်လေး သိသည်။ ထရီဖွန်ဆီမျိုနိုဗစ်သည် လှလှပပ တရားစီရင်တတ်သည်။ ယင်းမှာ သူတို့လို

မြေရှင်များ တတ်ပွန်သည့် အတတ်ပညာ ဖြစ်သည်။ သူခိုးများ မိလျှင် မြေတိုက်ထဲ နှစ်ဆယ့်လေးနာရီ ထည့်ထားသည်။ ထို့နောက် ခွေးလှေးယားပင်များဖြင့် ခပ်စပ်စပ် ရိုက်သည်။ သို့မဟုတ် အဝတ်အစားများ ချွတ်ကာ ကိုယ်တုံးလုံး လွှတ်လိုက်သည်။ ဤသည်မှာ အထူးအဆန်း မဟုတ်။ ထိုနည်းအတိုင်း ဆုံးမသူတွေ ရှိခဲ့သည်။ ဤသည်မှာ ရိုးနေပြီ။ ခွေးလှေးယားပင်များ စုနေသည်ကို ဂရိဂေါ်ရီ စိုက်ကြည့်ပြီး ချီတုံချတုံ ဖြစ်နေသည်။ ချောင်းတချက် ဟန့်ကာ ပုံပြောရမည့်အစား အဓိပ္ပာယ်မရှိသော အကြောင်းတွေ လျှောက်၍ပြောသည်။ ထို့နောက် ညည်းသည်။ အသက်ရှူကျပ်ပြီး ဆို့နစ်လာသည်။ ချွေးပြန်သည်။ မကြာခဏ နှာရည် ညှစ်ထုတ်သည်။ ပြီးမှ ရုရှား မြင်းစီးသူရဲကောင်းများ၏ ပုံပြင်များကို ပြောပြသည်။ သူရဲကောင်းတို့သည် နတ်ဆိုးတို့ကို သတ်ဖြတ်ပြီး လှပသည့် မိန်းမပျိုလေးများနှင့် လက်ထပ်သည့်အကြောင်းတို့ ပြောပြသည်။ ထရီဖွန်ဆီမျိုနိုဗစ်သည် မျက်တောင်တချက် မခတ်ဘဲ နားထောင်သည်။ ပုံပြောသူကို သူ စူးစိုက်ကြည့်နေသည်။

“တော်ပြီ”

ကောင်ကလေးသည် တောင်ရောက် မြောက်ရောက် လျှောက်ပြောကာ ဇာတ်မသိမ်းနိုင်ဘဲ ရှိလာပြီး တွေ့ကရာ လျှောက်ပြောသဖြင့် ရပ်ခိုင်းသည်။

“မင်း ပုံပြောကောင်းတယ်။ ဒါပေမဲ့ ခိုးတဲ့နေရာမှာ ပိုပြီး တော်တယ်။ ကဲ... ဟောဒီက အလှပဂေးလေး အလှည့်ပဲ။ ဘုရားသခင်ဆီ ဆုတောင်းစမ်း”

ချစ်စရာ ကောင်မလေးသည် ရှက်သွေးဖြန်းသွားသည်။ ထို့နောက် အသက်ပင် မရှူနိုင်ဘဲ ဘုရားရှိခိုးစာကို မသဲမကွဲ ရွတ်ဖတ်သည်။

“ကဲ... အဋ္ဌမ ပညတ်တော် ရွတ်စမ်း”

“ကျွန်တော်တို့ ပန်းသီးတွေ အများကြီး ယူတယ်လို့ ခင်ဗျား ထင်နေတယ်ပေါ့လေ၊ ဟုတ်လား”

ကောင်လေးသည် စိတ်ပျက်လက်ပျက်နှင့် လက်ကို ဆန့်ထုတ်ကာ ပြောသည်။

“ကျွန်တော့်ကို မယုံရင် လက်ဝါးကပ်တိုင်ရှေ့မှာ ကျိန်ပြီး ပြောပါမယ်”

“အဋ္ဌမ ပညတ်တော်ကို မင်းတို့ မသိဘူးဆိုတာ ဝမ်းနည်းစရာပဲ။ မင်းတို့ကို သင်ခန်းစာတခု ပေးရမယ်။ သူက မင်းကို ခိုးခိုင်းသလား အလှလေးရဲ့၊ ဘာဖြစ်လို့ စကားမပြောဘဲ နေရတာလဲ၊ ချစ်စရာ ကလေးမလေးရယ်။ မင်း ပြောရမှာပေါ့၊ မေးတာ ဖြေရမှာပေါ့။ နှုတ်ပိတ်နေရင်တော့ ငါပြောတာ သဘော တူတယ်

ယူဆရမှာပဲ။ ကဲ... အလှမယ်လေးရေ၊ မင်း အချစ်တုံးလေးကို ရိုက်လိုက်စမ်း။ မင်းကို ခိုးတတ်အောင် သင်ပေးတဲ့အတွက် ရိုက်ရမယ်"

"ကျွန်မ မရိုက်နိုင်ဘူး"

ကောင်မလေးက တိုးတိုး ပြောသည်။

"နည်းနည်းလေးတော့ ရိုက်ပါကွယ်။ ဒီကောင်က လူမိုက်ပဲ။ သူ့ကို သင်ခန်းစာ ပေးရမယ်။ ရိုက်လေ၊ မရိုက်နိုင်ဘူးပေါ့ ဟုတ်လား။ ဒါဖြင့် ကာပွတ်ရှကာနဲ့ မက်တဗေတို့က မင်းကို ခွေးလှေးယားပင်နဲ့ နည်းနည်း ရိုက်မယ်၊ ဘယ်လိုလဲ ... မလုပ်ချင်ဘူးလား"

"ဟင့်အင်း၊ မရိုက်ချင်ဘူး"

"ဒီကိုလာစမ်း ကာပွတ်ရှကာ"

ထိုခဏမှာပင် ကောင်မလေးသည် ကောင်လေးဆီသို့ ဝုန်းခနဲ ပြေးသွားပြီး နားအုံကို လက်သီးနှင့် ထိုးသည်။ ကောင်လေးက မိုက်ကန်းကန်း ရယ်သည်။ ပြီးတော့ မျက်လုံးထဲတွင် မျက်ရည်တွေ လည်လာသည်။

"ကောင်းတယ် မိတ်ဆွေလေး။ ကဲ အခု သူ့ဆံပင်ကို ဆွဲနုတ်။ လုပ်လေကွယ်၊ မလုပ်ချင်ဘူးလား။ ဒီကိုလာစမ်း ကာပွတ်ရှကာ"

ကောင်မလေးသည် ချစ်သူ၏ ဆံပင်ကို ဆုပ်ကိုင်သည်။

"ရပ်ကြည့်မနေနဲ့လေ၊ နာနာ ဆွဲ၊ ခပ်နာနာ ဆွဲ"

ကောင်မလေးသည် ကောင်လေး၏ ဆံပင်ကို ခပ်နာနာဆွဲသည်။ ကာပွတ်ရှကာ ပီတိဖြစ်မိသည်။ ဟက်ဟက်ပက်ပက် ရယ်သည်။

"တော်လောက်ပြီ"

ထရီဖွန်ဆီမျိုနိုဗစ်က ပြောသည်။

"ကျေးဇူးတင်တယ်ကွယ်၊ ဒီကောင် ညစ်ပတ်တာ ကျေသွားပြီ။ ကဲ အခု..."

ကောင်လေးဘက်သို့ လှည့်ပြီး -

"မင်းက ကောင်မလေးကို သင်ခန်းစာ ပေးရမယ်။ သူက မင်းကို စ ပေးတယ်၊ အခု မင်းအလှည့်" ဟု ပြောသည်။

"အိုး ဘုရားကယ်ပါ။ ခင်ဗျား ဘယ်လို စိတ်ကူးရတာလဲ၊ ဘာဖြစ်လို့ သူ့ကို

ကျွန်တော် ရိုက်ရမှာလဲ”

“ဘာဖြစ်လို့ ဟုတ်လား၊ သူက မင်းကို ရိုက်တယ်လေ။ မရိုက်ဘူးလား။ ကဲ အခု မင်းက ပြန်ရိုက်ပေါ့။ သူ နောင်တရသွားမယ်ကွာ။ ဘာလဲ၊ မင်း မလုပ်ချင်ဘူးလား။ ကဲ ကာပွတ်ရှကာရေ… ဒီလိုတော့ မဖြစ်ဘူးဟေ့။ မက်တဖေကို ခေါ်လိုက်”

ကောင်ကလေးသည် တံတွေးတချက် ထွေးလိုက်ပြီး ချောင်းတချက်ဟန့်ကာ ချစ်သူ၏ ဆံပင်ကို ဆွဲသည်။ ထို့နောက် ကလဲ့စား ပြန်၍ချေသည်။ ချစ်သူကို ဒဏ်ခတ်နေစဉ် သူ ဘာလုပ်မိသည်ကို သတိမထားမိဘဲ ပျော်လာကာ ချစ်သူကို ရိုက်သည်။ သူ့စိတ်ထဲတွင် ထရီဖွန်ဆီမျိုနိုဗစ်ကို ရိုက်နေသည် ထင်မိသည်။ ကောင်မလေးမှာ ငယ်သံပါအောင် အော်သည်။ သို့သော်လည်း အကြာကြီး ရိုက်သည်။ ထရီဖန်ဆီမျိုနိုဗစ်၏ ချစ်စရာသမီး ဆာရှင်ကာသာ ရောက်မလာလျှင် ယခုဝတ္ထုကို ဘယ်ပုံ ဇာတ်သိမ်းရမည် ကျွန်တော် မသိ။ ဆာရှင်ကာသည် နောက်နားက ချုံထဲမှ ပြေးထွက်လာသည်။

“ပါပါ လက်ဖက်ရည်သောက်ရအောင် လာတော့လေ” ဟု ဆာရှင်ကာက ခေါ်သည်။ ထိုစဉ် ရိုက်ပုတ်နေသည်ကို မြင်လျှင် ဆာရှင်ကာ အသံထွက်ကာ ရယ်သည်။

“တော်လောက်ပြီလေ”

ထရီမွန်ဆီမျိုနိုဗစ်က အော်၍ ပြောသည်။

“ကဲ… မင်းတို့ သွားကြတော့။ ဂွတ်ဘိုင်၊ လက်ထပ်ပွဲမှာ စားဖို့ ပန်းသီးနည်းနည်း ပို့လိုက်မယ်”

ထရီဖွန်သည် ပြစ်မှုကျူးလွန်သူတို့အား ခေါင်းညိတ်ကာ နှုတ်ဆက်သည်။

ကောင်လေးနှင့် ကောင်မလေးတို့သည် နဂိုနေ ပြန်ရောက်လာကြပြီး ထွက်သွားကြသည်။ ကောင်လေးက ညာဘက်သို့ သွားသည်။ ကောင်မလေးက ဘယ်ဘက်သို့ သွားသည်။ ထိုအခါမှစ၍ ယနေ့ထက်တိုင် သူတို့နှစ်ယောက် ပြန်၍ မတွေ့ကြတော့ပေ။ ဆာရှင်ကာသာ ချုံထဲမှ ထွက်မလာခဲ့လျှင် သူတို့မှာ ခွေးလှေးယားပင်နှင့် အရိုက်ခံရလိမ့်မည်။ ထရီဖွန်ဆီမျိုနိုဗစ်သည် အသက်ကြီးလာသည့်အခါ ဤနည်းဖြင့် ပျော်စရာ ရှာတတ်သည်။ သူ့မိသားစုမှာလည်း သူ့နောက် မကျန်ရစ်ခဲ့ပေ။ သူ့သမီးများသည် အိမ်သို့ လာလည်သည့် အောက်တန်းစား ဧည့်သည်များ၏ ဦးထုပ်ထဲတွင် ကြက်သွန်ဥများ ထည့်ချုပ်တတ်ကြသည်။ အောက်တန်းစား အရက်မူးသမားများ၏ ကျောတွင်

မြေဖြူဖြင့် “မြည်း” နှင့် “လူမိုက်” ဆိုသော စကားလုံးများ ရေးတတ်ကြသည်။ သူ့သား မတေယာသည် အငြိမ်းစား ဗိုလ်လေး ဖြစ်သည်။ လွန်ခဲ့သည့် ဆောင်းရာသီက အဖေကို ကျောသွားအောင် တစုံတခု ပြုလုပ်ခဲ့သည်။ စစ်သားလေးတယောက်က သူ့အား ဝံပုလွေငယ်လေးတကောင် မပေးသဖြင့် ကာပွတ်ရုကာ အကူအညီဖြင့် စစ်သားလေး အိမ်ဝင်းတံခါးကို ကတ္တရာစေးဖြင့် သုတ်ခဲ့သည်။ တဖန် စစ်သားလေးသည် သူသမီးများအား အငြိမ်းစားစစ်ဗိုလ်က ပေးသည့် သကြားလုံးနှင့် ပေါင်မုန့်ကို မယူရန် တားမြစ်သဖြင့်လည်း ထိုသို့ ဒဏ်ခတ်ခဲ့ခြင်း ဖြစ်လေသည်။

ထို့နောက်တွင်ကား ထရီဖွန်ဆီမျိုနိုဗစ်ကို အရပ်က ထရီဖွန်ဆီမျိုနိုဗစ် ဟု ခေါ်ကြလေသည်။

စာပြီးနှစ် ၁၈၈၀။

[အင်တာနေရှင်နယ် ဘာသာပြန်မဂ္ဂဇင်း ဧပြီ၊ ၁၉၉၈]

■

စာတိုပေစ

A Fragment

နိုင်ငံတော်ကောင်စီရာထူးမှ အနားယူသည့်အခါ ကိုဇေရိုင်ဝေါ့သည် တောရပ်တွင် အိမ်ကလေး တလုံး ဝယ်ကာ ပြောင်းရွှေ့နေထိုင်သည်။ ထိုအရပ်တွင် နေထိုင်ရင်း ရောမဗိုလ်ချုပ်ကြီး ဆင်ဆင်နေးတတ်ဂ် အတုကို တစိတ်တပိုင်း ခိုး၍ လည်းကောင်း၊ ပါမောက္ခ ကိုင်ဂိုရိုဒေါ့၏ အတုကို တစိတ်တပိုင်း ခိုး၍ လည်းကောင်း နဖူးကချွေး ခြေမ ကျအောင် လုပ်ရှားလုပ်ကိုင် နေထိုင်သည်။ တဖန် သဘာဝဖြစ်ရပ်များကို မှတ်တမ်းတင်ကာ ရေးသားပြုစု၍ နေထိုင်သည်။ သူ ကွယ်လွန်သည့်အခါ သူ ပိုင်ဆိုင်သည့် ပစ္စည်းများ၊ မှတ်တမ်းမှတ်ရာများကို သေတမ်းစာ တခုရေးကာ အိမ်စေအကြီးအကဲ မာဖာယက်လမ့်ပျေယက်ဖနာအား ပေးအပ်ခဲ့သည်။ အဘွားကြီး မာဖာ၏ စိတ်နေစိတ်ထားမှာ ခန့်မှန်းရ အလွန်ခက်သည်။ ထင်မိထင်ရာ လုပ်တတ်သည်။ ကိုဇေရိုင်ဝေါ့၏အိမ်ကို သူဖြိုချပြီး ယင်း နေရာတွင် ထမင်းဆိုင်ကြီးတခု ဆောက်လုပ်ကာ အရက်လိုင်စင် ရအောင်ယူပြီး အရက်ပြင်းပြင်းများ ရောင်းသည်။ နယ်လှည့်ရင်း အပန်းဖြေကြသော မြေရှင်ကြီးများနှင့် အစိုးရ အရာရှိများအတွက် ထမင်းဆိုင်တွင် အထူး စပယ်ရှယ် အခန်းတခုကို ဆောက်လုပ်ထားသည်။ ထိုအခန်းထဲက စားပွဲပေါ်တွင် တည်းခိုသည့် ဧည့်သည်များအတွက် ရေးစရာစာရွက်များ အသင့် ထားပေးသည်။ ယင်းတို့တွင် ကွယ်လွန်သူ ကောင်စီဝင်ကြီး၏ ရေးသား မှတ်တမ်းတင် ထားသော စာရွက်စာတမ်းများလည်း ပါရှိလေသည်။ စာရွက်တခုကို ကျွန်တော် ဖတ်ခွင့် ကြုံရသည်။ ယင်းတွင် ကွယ်လွန်သူသည် စောစောပိုင်းက သူကိုယ်တိုင် လုပ်ခဲ့သည့် စိုက်ပျိုးရေးအလုပ်များကို မှတ်တမ်းတင်ထားသည်။ ပြီးတော့ ယခုလို အကြောင်းအရာများ လည်း ဖတ်ရှုရသည်။

မတ် ၃။ ။ နွေဦးပေါက်လာပြီဖြစ်ရာ ကျေးငှက်များ အရပ်တပါးမှ ပြောင်းရွှေ့လာကြသည်။ မနေ့က စာကလေးများကို ကျွန်တော် မြင်ရသည်။ တောင်အရပ်က ငှက်ငယ်လေးများရေ... မင်းတို့ကို ကြိုဆိုနှုတ်ဆက်ပါတယ်။ မင်းတို့၏ စိုးစိုးစီစီ အော်မြည်သံမှာ သာယာသည်။ “ပျော်ပျော်နေပါ ကောင်စီလာကြီး ခင်ဗျား” သည်လိုများ ငါ့ကို နှုတ်ဆက်လေသလား။

မတ်လ ၁၄။ ။ ယနေ့ မာဖာကို ခုလို မေးကြည့်သည်။ (ကြက်ဖကြီးက ဘာဖြစ်လို့ သည်လောက် အသံအောကြီးနဲ့ တွန်ရတာလဲ) မာဖာက “သူ့မှာ လည်ပင်းရှိလို့ပေါ့” ဟု ဖြေသည်။ ထိုအခါ ကျွန်တော်က “ငါ့မှာလည်း လည်ပင်း ရှိတာပဲ၊ ဒါပေမဲ့ ငါ မတွန်ပါဘူး” ဟု ပြောပါသည်။ သဘာဝသည် အလွန်ပင်

ဆန်းကြယ်ထွေပြားလှပါတကား။ စိန့်ပီတာစဘတ် တွင် ကျွန်တော် အလုပ်လုပ်နေစဉ် ကြက်ဆင်သား မကြာခဏ စားရသည်။ သို့ပေမဲ့ မနေ့ကမှ ကြက်ဆင်အရှင်တကောင်ကို ကျွန်တော် ပထမဆုံးအကြိမ် မြင်ဖူးသည်။ တကယ် ထူးခြားသည့် ငှက်ပေပဲ။

မတ် ၂၂။ ။ ကျေးလက် အရာရှိတယောက် ရောက်လာသည်။ ကျွန်တော်တို့နှစ်ယောက် အကျင့်သီလအကြောင်း အကြာကြီး ဆွေးနွေးကြသည်။ သူက ထလျှက်၊ ကျွန်တော်က ထိုင်လျှက်။ သူ အများကြီး ပြောသည်။ ထိုအထဲတွင် "ဝန်မင်းခင်ဗျား၊ ငယ်ငယ်တုန်းကလို ပျိုရွယ်တဲ့ဘဝကိုများ ပြန်ပြီး တောင့်တတဲ့စိတ် မဖြစ်ပေါ်မိဖူးလား" ဟူသော စကားတခွန်း ပါသည်။ သူ့စကားကို ကျွန်တော်က ယခုလို အဖြေပေးလိုက်သည်။ "ဟင့်အင်း၊ မတောင့်တမိပါဘူး။ ပြန်ငယ်သွားရင် ယခုလို ရာထူးရာခံမျိုးနဲ့ ဘယ်မှာ စံစားနိုင်မှာလဲ" ကျွန်တော့်သဘောထားကို သူ သဘောတူသည်။ ထို့နောက် ပြန်သွားသည်။ သူ စိတ်ထိခိုက်သွားဟန် တူသည်။

ဧပြီ ၁၆။ ။ ကျွန်တော်ကိုယ်တိုင် မီးဖိုဘေး ပန်းခြံထဲတွင် အတန်း နှစ်ခုကို တူးဆွသည်။ ပြီးတော့ ဂျုံပင်များ စိုက်သည်။ သည်အကြောင်း မည်သူ့ကိုမျှ မပြော။ မာဖာကိုလည်း မဖွင့်ဟ။ အံ့အားသင့်သွားစေချင်၍ ဖြစ်သည်။ ကျွန်တော်၏ ဘဝပျော်ရွှင် ချမ်းမြေ့အောင် ဖြည့်ဆည်းပေးသဖြင့် မာဖာအပေါ်မှာ ပေးဆပ်စရာ ကြွေးတွေ တင်နေသည်။ မနေ့က လက်ဖက်ရည် သောက်ချိန်တွင် သူ့အခြေအနေ မကောင်းကြောင်း ညည်းညူပြောဆိုသည်။ ခန္ဓာကိုယ်ကြီး တနေ့တခြား ဝဖီးလာသဖြင့် စတိုခန်းတံခါးကျဉ်းကျဉ်းမှာ အဝင်ရ ခက်နေသည်ဟု ဆိုသည်။ ကျွန်တော်က ယခုလို ပြန်ပြောလိုက်သည်။ "ဒီမှာ ချစ်တဲ့မာဖာ၊ တကယ်တော့ မင်းခန္ဓာကိုယ် ပြည့်ဖြိုးလာတာဟာ တမျိုးလှပတင့်တယ် လာတာပေါ့။ ငါတော့ မင်းအပေါ် အရင်ကထက်ပိုပြီး တိမ်းညွတ်လာပြီဟေ့" ထိုအခါ သူ ရှက်သွေးဖြန်းသွားသည်။ ကျွန်တော်လည်း ထိုင်ရာမှ ထကာ သူ့ကို လက်နှစ်ဖက်ဖြင့် ဖက်လိုက်မိသည်။ လက်တဖက်တည်းဖြင့်ကား ပွေ့ဖက်ဖို့ကား မလွယ်။

မေ ၂၈။ ။ မိန်းမများ ရေချိုးသည့်နေရာ အနီးတွင် ကျွန်တော် ထိုင်နေသည်ကိုမြင်သည့် အဘိုးကြီးတယောက်က ဘာဖြစ်လို့ အဲဒီနေရာမှာ ထိုင်နေတာလဲဟု မေးသည်။ ကျွန်တော့် ထင်မြင်ချက်ကို ဤသို့ ဖွင့်ဟလိုက်သည်။ "အဲဒီနေရာမှာ ထိုင်တာကတော့ လူငယ်လေးတွေ အဲဒီမှာလာပြီး မထိုင်စေချင်လို့ပဲ" "ဒါဖြင့် ကျွန်တော်တို့နှစ်ယောက် အတူထိုင်ပြီး စောင့်နေရအောင်" ဟု အဘိုးကြီးက ပြောသည်။ ထို့နောက် ကျွန်တော့်ဘေးတွင် လာ၍ ထိုင်ကာ နှစ်ယောက်သား ကောင်းမြတ်သည့် အကျင့်သီလဂုဏ်နှင့် သမာဓိဂုဏ်တို့အကြောင်း ပြောဆိုဆွေးနွေးကြသည်။

စာပြီးနှစ် ဧပြီ ၁၈၉၂။

[အင်တာနေရှင်နယ်၊ ဒီဇင်ဘာ ၁၉၉၇]

■

ချစ်ခွင့်ပန်လွှာ

[မိန်းမပျိုလေးများအတွက် ပုံပြင်]

The Proposal

ရုပ်ရည် ကြည့်ပျော် ရှုပျော်ရှိသည့် လူငယ်လေး ဗယ်လင်တင် ပီထရိုဗစ် ပယ်ရီ ဒယော်ကင်သည် ကုတ်အင်္ကျီပွကြီးကို ဝတ်လိုက်ပြီးနောက် ပြောင်လက်နေသည့် ဦးချွန်သားရေဖိနပ်ကို ကြိုးချည်နေသည်။ ထို့နောက် ခေါင်းတွင် အော်ပရာဦးထုပ်ကို ဆောင်းလိုက်သည်။ ပြီးလျှင် စိတ်လှုပ်ရှားမှုကို မထိန်းနိုင်တော့ဘဲ မင်းသမီး ဗီရာဇာပီစကီနာ၏ အိမ်သို့ မြင်းလှည်းဖြင့် အမြန်သွားသည်။

ချစ်စွာသော စာဖတ်သူ...။ မင်းသမီးကို သင် မတွေ့ဖူးဘူး ထင်သည်။ အဲဒါ အလွန် ဝမ်းနည်းစရာ ကောင်းသည်။ မင်းသမီးသည် အလွန်သိမ်မွေ့ပြီး ညို့ယူဖမ်းစားနိုင်သည့် ရုပ်ရည်ရှိသည်။ ကောင်းကင်ပြာလို မျက်လုံးတစုံနှင့် ပိုးချည်လို ပျော့ပျောင်းနူးညံ့သည့် ဆံပင်ကောက်ကောက်လေးများ ပိုင်ရှင်ဖြစ်သည်။ သူ့ဆံကေသာမှာ လှိုင်းထနေသည်။

ပင်လယ်ပြင်က လှိုင်းများသည် ကျောက်ဆောင်များပေါ် ဝပ်စင်းကွဲကျသွားသော်လည်း မင်းသမီး၏ ဆံကေသာ လှိုင်းတွန့်များသည် မာကျောသည့် ကျောက်တုံးပေါ်သို့ ပြိုကွဲဖြာကျသွားသည်။ အကင်းမပါးသည့် ခပ်ထုံထုံတွေသာ သူ့အပြုံး၊ သို့မဟုတ် နူးညံ့ အိစက်ပြီး သေးငယ်သည့် ရင်အုံနှစ်မွှာတို့၏ အညို့ဓာတ်နှင့် အထိအတွေ့ကို ခံနိုင်စွမ်း ရှိမည်။ သူနှင့် စကားပြောရသည့် အရသာ၊ သို့မဟုတ် သူ့အပြုံး၊ သို့မဟုတ် ဖြူဖွေးနေသော သွားလေးများ၏ အလှကို အသိအမှတ် မပြုနိုင်သူမှာ ခပ်တုံးတုံးများသာ ဖြစ်သည်။

ပယ်ရီဒယော်ကင်ကို မင်းသမီးလေးက လက်ခံ တွေ့ဆုံသည်။

မင်းသမီးနှင့် မျက်နှာချင်းဆိုင် သူထိုင်သည်။ သူ့စိတ်သူ မထိန်းနိုင်တော့ဘဲ “ကျွန်တော်ပြောမယ့်စကားကို နားထောင်မယ်နော် မင်းသမီး” ဟု ပြောသည်။

“အိုး... နားထောင်မှာပေါ့”

“ခွင့်လွှတ်ပါ မင်းသမီး၊ ဘယ်ကစပြီး ပြောရမယ်တောင် မသိတော့ပါဘူး၊ မင်းသမီး စိတ်ထဲမှာ ရုတ်တရက်ကြီးဆိုသလို ဖြစ်သွားနိုင်ပါတယ်၊ စကားပလ္လင် မခံတော့ဘဲ ပြောရတာ ခွင့်လွှတ်ပါ၊ ကျွန်တော့်ကို စိတ်မဆိုးဘူးလို့

ကတိပေးပါလား”

သူသည် လက်တဖက်ကို အိတ်ထဲသို့ထည့်ပြီး လက်ကိုင်ပဝါကို ထုတ်ယူကာ မျက်နှာကို သုတ်သည်။ တချိန်လုံးပင် မင်းသမီးသည် အသာအယာ ပြုံးရင်း သူ့ကို စူးစိုက်၍ ကြည့်နေသည်။

“မင်းသမီး ခင်ဗျား” သူ ဆက်၍ ပြောသည်။ “မင်းသမီးကို မြင်ရင်မြင်ချင်း ကျွန်တော့်မှာ စိတ်မထိန်းနိုင်ဘဲ ဖြစ်ရပါတယ်၊ အလိုဆန္ဒတွေ ပြင်းထန်လာပါတယ်၊ အဲဒီစိတ်က ကျွန်တော့်ကို နေ့ရောညပါ ဖိစီးနှိပ်စက်နေပါတယ်။ အဲဒီ အလိုဆန္ဒ မပြည့်ဘူး ဆိုရင်တော့ ကျွန်တော် များစွာ စိတ်မချမ်းမသာ ဖြစ်ရပါလိမ့်မယ်”

မင်းသမီးသည် စိုက်ကြည့်နေရာမှ မျက်လွှာကို ချပြီး စဉ်းစားသုံးသပ်နေသည်။

ပယ်ရီဒယော်ကင်သည် ခဏမျှ ငြိမ်နေပြီးမှ ဆက်၍ပြောသည်။

“အချစ်ကလေးရယ်.... မင်းကတော့ အံ့အားသင့်သွားမှာပဲနော်၊ မင်းသမီးဟာ သူများတွေနဲ့ မတူပါဘူး၊ အထက်လွှာကပါ၊ ဒါပေမဲ့ ကျွန်တော်ဖြင့် မင်းသမီးဟာ ကျွန်တော့်ရဲ့ အသင့်လျော်ဆုံး...”

တိတ်ဆိတ် ငြိမ်သက်သွားသည်။

“အထူး ပြောချင်တာကတော့...”

ပယ်ရီဒယော်ကင် သက်ပြင်းချလိုက်သည်။

“ကျွန်တော်တို့ပိုင် အိမ်ရာ လယ်မြေတွေဟာ ဆက်စပ်နေလေတော့.... ကျွန်တော် ချမ်းသာပါတယ်”

“ဟုတ်ပါပြီ၊ ဒါပေမဲ့ အဲဒါ ဘာဖြစ်သလဲ”

မင်းသမီးက ညင်းပျောင်းစွာ မေးသည်။

“အဲဒါ ဘာဖြစ်သလဲ၊ ဟုတ်လား... မင်းသမီး ခင်ဗျား”

ပယ်ရီဒယော်ကင်သည် ဖုန်းခနဲ မတ်တတ်ရပ်ကာ ခပ်ကျယ်ကျယ် အော်၍ပြောသည်။

“ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော့်ကို မငြင်းလိုက်ပါနဲ့၊ ငြင်းလိုက်ပြီး ကျွန်တော့် အကြံအစည်တွေကို မဖျက်ဆီးလိုက်ပါနဲ့၊ ချစ်တဲ့ မင်းသမီး ခင်ဗျား... ကျွန်တော့်ကို ချစ်ရေးဆိုခွင့် ပြုပါ...”

ဗယ်လင်တင် ပီထရိုဗစ်သည် ချက်ချင်းထိုင်ချလိုက်ပြီး မင်းသမီးဆီသို့ ကိုင်းညွတ်ကာ တိုးတိုး စကားဆိုသည်။

"ကျွန်တော်လေ... အကျိုးအရှိဆုံး အဆိုကို တင်ပြတာပါ ခင်ဗျာ... ဒီနည်းနဲ့ ကျွန်တော်တို့ နှစ်ဦးစပ် တစ်နှစ် အမဲဆီခဲ 'ပု' အချိန်တသန်း ရောင်းနိုင်ဖို့ အလားအလာ ရှိပါတယ်၊ နယ်မြေချင်း ဆက်စပ်နေတဲ့ ကျွန်တော်တို့နှစ်ဦးရဲ့အိမ်ရာမြေတွေကို ပေါင်းစပ်ပြီး အမဲဆီခဲ ထုတ်လုပ်တဲ့ ကုမ္ပဏီလီမိတက်တခု ထောင်ဖို့ အစ ပျိုးကြမယ်"

မင်းသမီးသည် ခဏမျှ စဉ်းစားဆင်ခြင်သည်။ ထို့နောက် "သဘောတော် အတိုင်းပါပဲ" ဟု ပြောသည်။

သူတို့ ပျော်ရွှင်စွာ ပေါင်းသင်းကြလေသတည်း ဟူသော ဓာတ်သိမ်းမျိုး မျှော်လင့်ထားသည့် အမျိုးသမီး စာဖတ်သူအဖို့ စိတ်ချမ်းသာနိုင်ပြီ ဖြစ်ပါသည်။

စာပြီးနှစ် ၁၈၈၆။

[အင်တာနေရှင်နယ်၊ ဇူလိုင် ၁၉၉၇]

■

WHISPER of WORDS
Subscribe Telegram Channel

https://t.me/TheBookR

A.P. Chekhov in L.N. Tolstoy's house in Crimea (1901)
Photo by S.A. Tolstaya.

A.P. Chekhov и A.M. Gorky walking down the Autskaya street in Yalta (1900)

A. P. Chekhov and G. I. Rossolimo. (1903)

A.P. Chekhov and L.N. Tolstoy. Photo by P.A. Sergeenko, 12 of september 1901.

A.P. Chekhov and actors of Moscow's Artistic Theatre

A.P. Chekhov - The last photo (1904)

W H I S P E R of W O R D S
Subscribe Telegram Channel
https://t.me/TheBookR